

ခင်း ရဲ တပ် ဖွဲ့ (စီအိုင်ဒီ) မှ
www.burmeseclassic.com
ဖြစ်ရပ်မှန်
မဂ္ဂဇင်း
No.129
JULY
2013
BURMESE CLASSIC .com
ဖြစ်ရပ်မှန်
ယုံကြည်မှုကို အလွဲသုံး၍
ပစ္စည်းယူ၊ အိမ်မီးရှို့
သုံးလောင်ပြိုင်လူသတ်မှုကြီးအား
ဖော်ထုတ်ခဲ့သော
စုံထောက်စံထူး
နှင့်
မိစ္ဆာဘုံက လူယုံများ (ဇာတ်သိမ်း)
Cover Story
www.burmeseclassic.com

www.burmeseclassic.com

No 129 JULY 2013

တာဝန်ခံအယ်ဒီတာ
**မောင်သစ်နွယ်**
အယ်ဒီတာ
**စုံထောက်မောင်ရေခဲ**
**ဝေးနေ**
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
**မင်းထောက်နိုင်**
**ဝင်းထွဋ်**

BURMESE CLASSIC .com

**စုံထောက်ကဗျာ**

နန္ဒာမိုးကြယ်၊ အဖျောက်မြေမောင်ဆွေမွန်၊
မောင်မိုးလှိုင်(သစ္စာမြေ)၊ ရဲမြင့်နောင်

**စုံထောက်ရင်ခုန်သံ**

ရဲရင့်သွေး၊ ဗဟိုမောင်မိုးဆွေ၊ မြစိုးလွင်၊ မောင်သိန်းနိုင်၊
သက်ဝေနှင်း(အောင်လံ)၊ ညီမိုးဆွေ၊ လဝင်း၊ ကြယ်လင်းအိမ်

**စုံထောက်ပွင့်သစ်**

မင်းသစ်နိုင်(ကျောက်မဲ)၊ အံ့မင်းညို(တောင်တွင်း)၊
ကိုစွာ(ဖန်ခါးမြေ)၊ ချစ်လူ(တက္ကသိုလ်)

**ကာတွန်း**

မောင်မောင်ညွှက်၊ သိန်းထွန်း၊ သူရိန်၊ အောင်အောင်ထွေး၊
ရွှေကိုဦး၊ ဒစ်ဂျစ်တယ်၊ သားအောင်ရှိန်၊
မောင်တင်ယု၊ လင်းရှူးဇော်၊ ထိန်သာ၊

**အတိုဆုံးစုံထောက်ဝတ္ထု**

ငယ်လေးမောင်(သပြေရုံ)၊ ခင်မောင်မြင့်(ရွှေဆယ်မြေ)၊
ရွှေကျွန်းခိုင်သစ်၊ လမင်းသစ္စာ၊
မောင်သင်(ထောက်ရှာပင်ရေနံ)၊ ပါဝါ(ဥက္ကလာ)

**နိုင်ငံတကာစုံထောက်**

၁၁။ မောင်ကောင်းယဉ်
နိုင်ငံတကာစုံထောက်

**စုံထောက်သုတ**

၂၅။ လှမိုး(ပညာရေး)
ဂန္ထဝင်မှုခင်းများ
၃၀။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)
ဥပဒေစုံထောက်
၃၂။ မောင်ဉာဏ်စိန်
ကျေးလက်လယ်စောင့်တဲနှင့်
မူးယစ်ဆေးဝါးအန္တရာယ်
၅၃။ စုံထောက်မောင်ရေခဲ
စုံထောက်အရာရှိသင်တန်းဖွင့်လှစ်ခြင်း
၁၁၁။ ထွန်းအောင်လှိုင်
ဥပဒေဗဟုသုတပျိုးခင်း

**စုံထောက်ဒိုင်ယာရီ**

၁၆၁။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ







www.burmeseclassic.com

www.burmeseclassic.com

ကာ မှုခင်းရဲတပ်ဖွဲ့မှူး ကြီးကြပ်သူ ဒုတိယမှုခင်းရဲတပ်ဖွဲ့မှူး အကြံပေးဒါရိုက်တာမောင်ယဉ်ကျော်

## Cover Story


၃၅။ **စုံထောက်မောင်ရေဲ**
စုံထောက်စံထူးနှင့် မိစ္ဆာဘုံက လူယုံများ


## ရသဝတ္ထု


၆၁။ **ဓမ္မစရိယသန်းထွန်း**
သွေးစွန်းသော ကောင်းကင်၌တောက်ပသောကြယ်စင်

၆၈။ **လူရိန်အောင်**
ဆက်လက်လူဖြစ်ခွင့်ပေးပါ

၇၆။ **မြသိန်း**
တစ်ကိုယ်တော်လူသတ်သမား

၈၁။ **ညာဏ်ဦးစံ**
အကြိုက်နှင့်စရိုက်

၁၀၆။ **ဘသက်ဆွေ**
အိုင်အိုချစ်ကောင်းနှင့် အတိတ်ဟောင်း

၁၁၄။ **ဇေယျမင်းသျှင်**
ဝိဇ္ဇာတောလား

၁၂၇။ **လေးမောင်**
ကျစ်တွင်းမာယာ

၁၄၂။ **နေစိုးသော်**
ရွှေနေမလေး မေစံရှားနှင့် ပန်းကလဲ့စား

၁၅၁။ **စိုးဝေ**
သံယောဇဉ်ကြိုးသမား

၁၇၅။ **မြမြလှိုင်**
လောင်မီးထက်ပြင်းသော


## စုံထောက်ဝတ္ထုရှည်


၉၄။ **မင်းမဟာကျော်ခေါင်**
ချစ်သောပန်ထွာ



## စုံထောက်ဘာသာပြန်


၅၇။ **ဘနှင်း**
အမှုဖော်ထုတ်ပေးသော
တံဆိပ်အမှတ်အသား

၅၇။ **ညီညီနိုင်**
တီဟီရန်မှစွန့်စားခန်း


BURMESE CLASSIC .com






www.burmeseclassic.com

www.burmeseclassic.com


# 2013 JULY



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်

အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊ ရဲရင့်နိုင်၊ လင်းခန့်


ထုတ်ဝေသူ
ရဲအုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြဲ-၀၃၈၃၂)





အုပ်ချုပ်ရေးမှူး
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မဂ္ဂဇင်းတိုက်တည်နေရာ
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

ဖြန့်ချိရေး
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



ပုံနှိပ်သူ
ဦးညွန့်ဝေ(မြဲ-၈၅၄၂၅)၊
ပြုံးပန်းတစ်ရာအော့ဖ်ဆက်


အုပ်ရေ - ၅၀၀၊
တန်ဖိုး - ၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



## ရွက်ကြွေတော

ငါလုပ်ဆောင် ငါကြံဆ
မှန်သပ စွဲမှတ်ချင်။

သူ ... လုပ်တာကျပြန်တော့
ဘယ်ခါမှ ဆီငေါ်မတည့်ပြီဘု
စောင်းရွဲ့ကာ အတော်ခက်
ယွင်းပျက်သည်ထင်။

အထင်တလွဲ
အမြင်တလွဲရယ်နဲ့
ငင်စွဲခဲ့ ငါ့လမ်းစဉ်
ပုထုဇဉ် ဥမ္မတကော။

တစ်ဖက်မြင် တစ်ဖက်ကန်းပါကလား
လမ်းမမှန် နည်းမကျလေတော့
သဘာဝ အခြေပျက်တယ်
ငါ့ ... ရွက်ကြွေတော။

နန္ဒာမိုးကြယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## လက်တစ်ကမ်းမှာ

မြား အစင်းစင်း
ပစ်ခွင်းပါစေ
ငါ စိုးစဉ်းမျှ မကြောက်ပေ။

ဓား အလက်လက်
ခုတ်ရက်ပါစေ
ငါ နည်းနည်းမျှ မရွံ့ပေ။



အပေါ်စားတွေ
လေမြားနဲ့ခြောက်။

အညံ့စားတွေ ..
လေဓားနဲ့ခြောက်၊ ရွံ့ကြောက်မလား
ဘယ်မြားဖြစ်ဖြစ် ဘယ်ဓားဖြစ်ဖြစ်
ပစ်စမ်းခုတ်စမ်း လက်တစ်ကမ်းမှာ
ရယ်သွမ်းသွေးနေရုံပဲပေါ့။ ။



www.burmeseclassic.com


www.burmeseclassic.com

# မေတ္တာအစဥ္အလာ

ဘဝတစ်ခုရဲ့
တတိယမြောက်အခမ်းအနား
ဖဲကြိုးဖြတ်သလိုမျိုး
(၁၉၅၃)ခုနှစ်မှာ
ငါ့ကို ချက်ကြိုးဖြတ်ခဲ့ကြ။

ဒီအခွင့်အလမ်းရဲ့ နိဒါန်းမှာ
(အဖေနဲ့အမေက)ငါ့ဘဝရဲ့
သီတာရေစင်ကုမ္ပဏီပိုင်ရှင်ပေါ့။

ခြေလက်အင်္ဂါအစုံအလင်နဲ့
ရုံတင်ပြခဲ့ကြတဲ့ ရုပ်ရှင်ကားသစ်
(ရှုံးချင်ရှုံးပလေ့စေ)
လူဖြစ်မရှုံးဖို့ အရေးကြီးတယ်တဲ့။




(အဲဒီလို)ဆုံးမမှုစကားရပ်တွေနဲ့
လက်ဆင့်ကမ်းမေတ္တာစာချုပ်များ
ဒီအစဥ်အလာလမ်းကြောင်းအတိုင်းပဲ
ကိုယ်သာ ရင်အကြွေခံမယ်
ကိုယ့်သားကိုယ့်သမီးလေးတွေ
(ဘဝအနေအလှဝေဖို့ရာ)
အခြေလည်းပြောင်းကြပါစေ
နေလည်းကောင်းကြပါစေဆိုပြီး
(အသေအလဲ)ဆုတောင်းပေးနေရတုန်း။ ။

မောင်မိုးလှိုင်(သစ္စာမြေ)

www.burmeseclassic.com

www.burmeseclassic.com



## သရက်ကြွေး ခိုင်ချွန်

သင်းကွဲခဲ့တာဖြင့် ကြာမြင့်လှပေါ့ ..။

ကျိုးတိုးကျဲတဲ ဆံပင်တွေ ထိုးထိုးထောင်ထောင်နဲ့
တောင်ပူစာ ပုပုကလေးဟာ
ငါ့ကို ငေးမောလှမ်းကြည့်မျှော်ရင်း
သက်ပြင်းရှည်ကြီးတွေ ခဏခဏချနေတတ်တယ် ..။

ဒဏ်ရာဒဏ်ချက်များ ဗလပွဖြစ်ခဲ့လေရော့လား
တအားအားနဲ့ ဟစ်ကြွေးအော်မြည်တမ်းရင်း
အနောက်ဘက်ဆီ ထိုးဆင်းသွားကြတဲ့ ကျိုးအပေါင်းဟာ
ဒေါင်းယောင်ဆောင်လိုက်ဖို့ သတိမရမိခဲ့ကြဘူး ..။

အုန်းမောင်းသံအမီ
ဟန်ချက်ညီ ကကြိုးငင်နေတဲ့
သစ်တစ်ပင် သက်ကြားအိုတော့ဖြင့်
ကာရာအိုကေပွဲ ဝင်နွှဲတော့မလို ..။

ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ကောင်းကင်အိမ်ကြီးထဲက
တိမ်စိုင် တိမ်ထွတ်တွေကို လျှော်ဖွပ်ဖို့
မဲနယ် ဆွတ်လိုက်တဲ့အခါမှာ
ငါ ..ကပျာကရာလှမ်း
ဿာရာလမ်းပြန်ချိန် တစ်ခေါက်တော့ဖြင့်
ရောက်ရှိလို့လာခဲ့ပြန်ပြီကောလေ။ ။

ရဲမြင့် နောင်

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက် စာအုပ်စင်






## ကမ္ဘာကျော်ပုဂ္ဂိုလ် ၁၀၀ ၏ နိုင်ငံရေးအဆိုအမိန့်များ

### ဦးသိန်းအောင် (နိုင်ငံခြားငွေ)

ဆရာဦးသိန်းအောင်(နိုင်ငံခြားငွေ) ပြုစုသည့် ကမ္ဘာကျော်ပုဂ္ဂိုလ် ၁၀၀ ၏ နိုင်ငံရေးအဆိုအမိန့်များစာအုပ်သည် ကမ္ဘာကျော်ခေါင်းဆောင်ကြီး ၁၀၀ တိတိ၏ မှတ်သားဖွယ်ရာ အဖိုးတန်အဆိုအမိန့်များဖြစ်သည်။

ခေါင်းဆောင်ကြီးများထဲတွင် ကမ္ဘာကို ကိုင်လှုပ်ခဲ့သည့် စစ်ဗိုလ်ချုပ်ကြီးများ၊ အတွေးအခေါ်ပညာရှင်ကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများ ပါဝင်သည်။ လေ့လာမှတ်သားလိုသူများအတွက် တန်ဖိုးမဖြတ်နိုင်သော မှတ်တမ်းစာအုပ်ကောင်းဖြစ်သည်။ ရန်အောင်စာပေမှ ဖြန့်ချိသည်။

---

## ရမ္မာဝတီ မောင်လှိုင်ရီ ( စု ဆောင်း ပြု စု သည် )

### ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းနဲ့ ခေါင်းဆောင်စွမ်းရည်စာပန်းချီများ




ဆရာရမ္မာဝတီမောင်လှိုင်ရီ ပြုစုသည့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းနဲ့ ခေါင်းဆောင်စွမ်းရည်စာပန်းချီများစာအုပ်ထဲတွင် ဆရာစုဆောင်းထားသည့် မြန်မာကို လေးစားမြတ်နိုးသည့် ခေါင်းဆောင်ကြီးများဖြစ်ကြသော ဆရာစံ၊ သခင်ကိုယ်တော်မှိုင်း၊ ကျပင်းဆရာဖိုး၊ ပီမိုးနင်း၊ မောင်နေဝင်း၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မြန်မာ့ဦးသန့်၊ သခင်အောင်ဖေ၊ ဂျူးလိယက်ဖူးချစ်၊ လူထုစိန်ဝင်း၊ ဆရာတော်ကြီး ဦးအဂ္ဂဖေ၊ အရေးပိုင်မြထွန်းအောင်၊ ဆရာတော် ဦးစက္ကိန္ဒ၊ ရခိုင်ဗားမဲ့ဆရာတော်၊ သခင်ဖိုးလှကြီး၊ ဒဂုန်တာရာ စသော စာပေအနုပညာရှင်ကြီးများနှင့် ခေါင်းဆောင်ကြီးများအကြောင်းနှင့် သူတို့၏အဆိုအမိန့်များ စုစုပေါင်းဆောင်းပါး ၁၉ ပုဒ်ပါဝင်သည်။ ရန်အောင်စာပေမှ ဖြန့်ချိသည်။



www.burmeseclassic.com

## ဝင်းဇော် (သုံးဆယ်)

### လိုတရမင်းသားနှင့် အခြားပုံပြင်များ





ဆရာဝင်းဇော်(သုံးဆယ်)၏ လိုတရမင်းသားလေးနှင့် အခြားပုံပြင်များ စာအုပ်ကလေးသည် ကလေးစာပေအမျိုးအစားဖြစ်သည်။ ပုံပြင်ပေါင်း ၁၁ ပုဒ်ပါဝင်သည်။ ကလေးများ၏ စွန့်စားလိုစိတ်၊ ကြိုးစားလိုစိတ်၊ အကျင့်စာရိတ္တကောင်းမွန်ရေးတို့ကို ဦးတည်သည့် ပုံပြင်ကလေးဖြစ်သည်။

ကလေးများအတွက် လိုအပ်သည့် စာပေအမျိုးအစားဖြစ်၍ ကလေးမိဘတိုင်းက သားသမီးလေးများကို ဝယ်ယူဖတ်ကြားစေသင့်သည့် ပုံပြင်စာအုပ်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---

## နန်းရွှေလီကြိုင် (မိုင်းပန်)

### ကန္တာရပန်းတစ်ပွင့် (သို့မဟုတ်) တေးသံရှင် စိုင်းဆိုင်မော(စ်)





စာရေးဆရာမ နန်းရွှေလီကြိုင်(မိုင်းပန်)၏ ကန္တာရပန်းတစ်ပွင့် (သို့မဟုတ်)တေးသံရှင် စိုင်းဆိုင်မော(စ်)စာအုပ်တွင် ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၏ အမှာစာနှင့်အတူ မြန်မာဂီတလောက၏ အသည်းစွဲတေးသံရှင်စိုင်းဆိုင်မော(စ်) မွေးဖွားသည်မှ အောင်မြင်ကျော်ကြားသော အနုပညာရှင်အဖြစ်ရောက်သည်ထိ ဖြတ်သန်းခဲ့သော ကန္တာရခရီးပမာခက်ခဲကြမ်းတမ်းသည့် ဘဝခရီးလမ်းကို ခြယ်မှုန်းတင်ပြထားသည့် အထုပ္ပတ္တိမှတ်တမ်းဖြစ်သည်။ တေးသံရှင်စိုင်းဆိုင်မော(စ်)၏ မျိုးရိုးစဉ်ဆက်နှင့် သူ၏မိသားစုအကြောင်းများပြည့်စုံစွာပါဝင်သည်။ ရန်အောင်စာပေမှထုတ်ဝေဖြန့်ချိသည်။

---

## ငြိမ်းချမ်းသူ

### မလေးငြိမ်သို့ ပို့ပေးပါ (သို့မဟုတ်) သောတပန်ဖြစ်ဖို့ဆိုတာက••




ငြိမ်းချမ်းသူ၏ မလေးငြိမ်သို့ ပို့ပေးပါ (သို့မဟုတ်)သောတပန်ဖြစ်ဖို့ဆိုတာစာအုပ်တွင် "လူဖြစ်လာခြင်းသည် ပါရမီရှိသောကြောင့်သာတည်း" ဟူသော စာပိုဒ်ဖြင့် အစပြုထားသည်။ ဆရာက ဗုဒ္ဓဘာသာဖြစ်လျက် ဝိပဿနာအားမထုတ်သူနှင့် နိုင်ငံခြားဘာသာဝင်တို့သည် ပါရမီရှိလျက် လက်တွေ့အသုံးမချသူများအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း တင်ပြထားသည်။ ဤစာအုပ်သည် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝိပဿနာအားမထုတ်သူများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။ မျိုးဆက်သစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းယဉ်

# နိုင်ငံတကာစုံထောက်


## ပါဆယ်ဗုံးပေါက်ကွဲမှု ရဲတပ်ဖွဲ့က ရှာဖွေစစ်ဆေး




မလေးရှားနိုင်ငံ၊ ဆီလင်ဂါမြို့တွင် နေရာနှစ်ခု၌ သီးခြားစီပေါက်ကွဲမှုဖြစ်ခဲ့သည်။ ဗုံးကို ခေတ်မီပုံစံဖြင့် ပါဆယ်ဖြင့် သပ်ရပ်စွာထည့်ကာ ပေါက်ကွဲစေခြင်းဖြစ်သည်။ ကံကောင်းစွာတစ်ဦးတစ်ယောက်မျှမထိခိုက်ဘဲ အန္တရာယ်ကင်းခဲ့ပေသည်။

အလားတူ ပါဆယ်အထုပ်များကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိကြောင်း။ ဖြစ်စဉ်နှစ်ခုမှာ တူညီပြီး မရှေးမနှောင်းဖြစ်ကြောင်း၊ ကြိုးကိုင်လှုပ်ရှားမှုမှာ တစ်ဦးတစ်ဖွဲ့တည်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

Ref: T.S.T 5-5-13









www.burmeseclassic.com

www.burmeseclassic.com





## ပရာဂ်မြို့က အဆောက်အအုံပြိုကျ သေကြေဒဏ်ရာရ

ချက်နိုင်ငံ၏မြို့တော်၊ ပရာဂ်မြို့ အချက်အချာကျပြီး သမိုင်းဝင်အ သားပြဇာတ်ရုံအနီး ကမ္ဘာလှည့်ခ သည်များ ဆွဲဆောင်ရာနေရာတစ် တွင် အဆောက်အအုံများပြိုကျပျက်စ ခဲ့သည်။ သို့ဖြင့် လူလေးဦးသေဆုံးပြ ၄၀ ခန့် ဒဏ်ရာရခဲ့သည်။ ဖြစ်ပွား မှာ ဓာတ်ငွေ့များ ယိုစိမ့်ကာ ပြတ ပေါက်များမှတစ်ဆင့် လမ်းမပေါ်သ ကျခဲ့ခြင်းဖြစ်သည်။ ဓာတ်ငွေ့ပေါက်က မှုပြင်းထန်ကာ တုန်လှုပ်စရာဖြစ် သည်။

အဆောက်အအုံများ၊ အပျ အစီးများကြားမှ သေကြေဒဏ်ရာရ များကို ရှာဖွေရသည်။ ထို့ပြင် ပတ်ဝ ကျင်မှ လူ ၂၂၀ ခန့်ကို ဘေးကင်း သို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သည်။ အရေးပေါ်ဆောင်ရွက်မှုများ လျက်ရှိပြီး ရဲတပ်ဖွဲ့က စစ်ဆေးလျ ရှိပေသည်။

Ref: B.P 3-5-1

## စင်ကာပူသိုလှောင်ရုံမီး ဆုံးရှုံးမှုများ

စင်ကာပူနိုင်ငံ၊ ဂျူရွန်းရပ်ကွက်တွင် မေလ ၁ ရက်က မီးလောင်မှုဖြစ်ပွားသည်။ မနက်စောစောပိုင်းဖြစ်ပြီး သိုလှောင်ရုံ သုံးလုံး ပျက်စီးဆုံးရှုံးရသည်ဟု သိရပေသည်။ အဖိုးတန်ပစ္စည်းများစွာနှင့် အရေအတွက်အများအပြား မီးလောင်ဆုံးရှုံးခြင်း ခံရကြောင်း သိရှိရပေသည်။

မြို့ပြကာကွယ်ရေးနှင့် မီးသတ်လုပ်ငန်းက ဖြစ်ပွားမှုအခြေအနေကို စစ်ဆေးလျက်ရှိသည်။

Ref: T.S.T 2-5-13





www.burmeseclassic.com

www.burmeseclassic.com



# ဆယ်နှစ်ကြာ ပြန်ပေးဆွဲခံခဲ့ရသောမိန်းကလေးများ ပြန်လည်ကယ်ဆယ်



အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်းယိုးပြည်နယ်တွင် လွန်ခဲ့သော ဆယ်နှစ်က ပျောက်ဆုံးခဲ့သော မိန်းကလေးသုံးဦးအနက် နှစ်ဦးကို ပြန်လည် တွေ့ရှိခဲ့ရပြီး ရဲတပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ မိန်းကလေးတစ်ဦးမှာ ကလေးတစ်ဦးပင်မွေးဖွားခဲ့ကြောင်း၊ ပျောက်ဆုံးစဉ်က အသက် ၁၆ နှစ် အရွယ်များဖြစ်ကြပြီး အသက် ၅၀ အရွယ်ခန့်လူသုံးဦးက ခေါ်ဆောင်ခဲ့ပြီး အိမ်တစ်လုံးအတွင်း နှစ်ပေါင်းများစွာ နေထိုင်ရကြောင်း၊ ကလီးနယ်မြေတွင် ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် ခြံဝမှ အော်ဟစ်အကူအညီတောင်းခဲ့ကြောင်း သိရသည်။ အမှောင်ထုထဲတွင် ကြာရှည်စွာနေထိုင်ခဲ့ရာမှ ရဲတပ်ဖွဲ့၏ ကူညီမှုကြောင့် ဘဝအလင်းရကြောင်း သတင်းတွင် ဖော်ပြသည်။

သူတို့သည် ပိတ်လှောင်ထားသည့်အိမ်အတွင်းမှ အခွင့်အရေးစောင့်မျှော်ပြီး အခွင့်အရေးရသည်နှင့် စွန့်စွန့်စားစားအကူအညီတောင်းခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦးမှာ အိပ်မက်ဆန်သည့်ဖြစ်ရပ်ဟုဆိုပြီး မှတ်တမ်းတိပ်ခွေများဖြင့် ရှင်းလင်းခဲ့သည်။

အမှုနှင့်ပတ်သက်သည့် တရားခံသုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပေသည်။ ယခု လွတ်မြောက်လာသော ကလေးအပါအဝင် မိန်းကလေးသုံးဦးမှာ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း သိရသည်။ ကယ်ဆယ်ခြင်းခံရသူများကို တွေ့ရပြီး ရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပေသည်။

Ref: The Star 8-5-13

# ယာဉ်မတော်တဆမှုကြောင့် စီးပွားရေးလုပ်ငန်းရှင်သေဆုံး



မလေးရှားနိုင်ငံ၊ ကွမ်တမ်မြို့တွင် ခြံဝင်းစည်းရိုးတံတိုင်းကို ကားတိုက်မှုဖြစ်ပွားရာ စီးပွားရေးလုပ်ငန်းသမား အသက်(၂၅)နှစ်အရွယ်ရှိသူ သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်။ အဆိုပါကားသည် အရှိန်မထိန်းနိုင်ဘဲ ခြံစည်းရိုးဝင်တိုက်ကြောင်း၊ သုံးဦးစလုံး ကားထဲပိတ်မိလျက်ရှိကြောင်း သိရကာ ကူညီမှုပြုလျက်ရှိသည်။

အိမ်ရှင်၏ အပြောအရ သူမအိပ်ခန်းဘက်သို့သွားစဉ် ခြံစည်းရိုးတံတိုင်းကို ကားတိုက်သံကြားရသဖြင့် အော်ဟစ်အကူအညီတောင်းခဲ့သည်ဟုဆို၏။ ထူးခြားသည်မှာ အဆိုပါခြံစည်းရိုးကို အနှစ် ၂၀ အတွင်း မော်တော်ကား ၆ ကြိမ်တိုက်မိမှုခံရခြင်းဖြစ်သည်။

• Ref: The Star 8-5-13

မောင်ကောင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## အတွင်းတိမ်

လတ်တလောချိုမြ
လျှာကပြုံးပျော်ကျေနပ်နေပေမယ့်
တစ်နေ့ကျ
တွေ့ရမယ့်ဒုက္ခ
နှုတ်ရမယ့်သွားတွေကိုမြင်လား ..။

လတ်တလောထင်းဆိုက်
နှစ်မြိုက်စရာကာလ ဘယ်လောက်လဲ
ရှေ့လျှောက်
တစ်သက်လုံးအရိပ်ပျောက်သွားမှာကိုသိလား ..။

လတ်တလော အကောင်းဆုံးတွေစုဝေးနေခိုက်
မာနတွေက ရိုက်ချ မကျဘူး
ဒါပေမဲ့ ...
သူ့အလိုလို ပြိုဆင်းသွားမယ့် တစ်နေ့
တွေ့ရဲ့လား ..။ ။

**ရဲရင့်သွေး**



www.burmeseclassic.com

www.burmeseclassic.com



## အခမဲ့ကျောင်း

အရုဏ်ကျင်း . . . အမှောင်ရုပ်
ပုဆိုးစုတ် . . . ခေါင်းခုလုပ်
ပဲပြုတ် . . . ဝယ်ကြဦးမလား . . ။

ကကြီး ခခွေး
နွားမဝေး
ကျောင်းနံဘေးက ဈေးတန်းကလေး . . ။

ဇိမ်ခံကား . . . မီးပွိုင့်ကြား
အပြေးအလွှား . . . ဂျာနယ်များ
နေ့တွက်မကိုက်တဲ့ . . . သချၤာဖယား
တာလမ်းပေါ်က စံပယ်ပွင့်များ။ ။

**ဗဟို မောင်မိုးဆွေ**





www.burmeseclassic.com

www.burmeseclassic.com





## မလာပါနဲ့တော့

ရေမိုင်က ၅၀ ကျော်
မဟာဇနက္ကကိန်းကလည်း ဆိုက်ဆိုပဲ
ဘယ်လိုပင် ရှောင်လွှဲရှောင်လွှဲ
ပျက်ကိန်းအတိုင်းပဲတဲ့။

ရာဇဘွားသာဆိုရဲ့
ပလ္လင်ပျောက်နေတာလည်း
ကြာပေါ့။

သို့ပေမယ့် မစိုးရိမ်နဲ့
အိုက်ကံကောင်းပြန်ဆိုပဲ
မလိုပါဘူးလေ အိုမှတော့။

ကျိန်းသေမယ့်ဆုက
သေခြင်းတရားဖြစ်လေတော့
ငါ့ကို လာမကြည့်ပါနဲ့
အဲဒီအချိန်မှာ
မင်းကို ..
ပြုံးမပြနိုင်တော့လို့ပါ။ ။

**မောင်သိန်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com



## အဌာရသ



ဘဝကို
မာနနဲ့ဖြတ်ကျော်ရင်း
မသိမသာ
မျောပါခဲ့တဲ့ ရက်လတွေ
ငါသိတာရော
ငါမသိတာတွေနဲ့
လုံးထွေးရစ်ပတ်ရင်း
လူ့စရိုက်တွေကို
လေအလိုက် မသိသလိုဖြစ်ခဲ့
ခုတော့ ... ငါမပြုံးချင်လည်းပြုံးရ
ငါ မရယ်ချင်လည်း ရယ်ရ
မကောင်းချင်လည်း ကောင်းရ
အဟောင်းက အသစ်
အစစ်က အတု
အနှစ်က အကာ
ဘဝမှာ ကံဇာတာရွေးချယ်ထားသလိုပ။

ကံတရားတွေ
ခံစားခွင့်မဲ့ပြီ
အရာရာကို တန်ဖိုးဖြတ်
စိတ်ဓာတ်ကို အရောင်ဆိုး
တန်ဖိုးချင်း ချင့်တွက်
ပင့်သက်က တစ်လှေကြီး
ဟော .. ကြည့်စမ်း
တောမကျွမ်းလို့
မောပမ်းခဲ့တဲ့ မုဆိုးလို
ငါ့ဘဝမှာ အရောင်ဆိုးနေတဲ့မြင်ကွင်း
ငါကြည့်ရင်း ကြည့်ရင်းမော။

မြစိုးလွင်



www.burmeseclassic.com

www.burmeseclassic.com



## ပုဂ္ဂလိက ဝိရောဓိ

စီးပွားရေးဈေးကွက်ဆန်လွန်းတဲ့
ရှင့်အချစ်နဲ့
ပရဟိတဆန်တဲ့
ကျွန်မအချစ်
ဘယ်လိုမှ သဟဇာတမဖြစ်တာ
သိသိကြီးနဲ့
တစ်လှေတည်းစီးခဲ့ကြတယ်။

ရှင်က လေစီးကြောင်းထဲရွက်လွှင့်နေတုန်း
ကျွန်မက လေဆန်မှာတောင်ပံတွေ တဖျပ်ဖျပ်ခပ်လို့။

ဘဝကို လှလှပပတည်ဆောက်ချင်တဲ့
ရှင့်အသိုက်အမြုံ ပရဝုဏ်ထဲ
ကျွန်မအချစ်က ဆောက်တည်ရာမဲ့။

ရှင့်အချစ်က
ဂူသွင်းမြှုပ်နှံထားတဲ့ မံမီရုပ်တု။

ကျွန်မအချစ်က
အသက်သွင်းထားတဲ့ (Vampire) ဗဲ့(မ်)ပိုင်းယားတစ်ကောင်
ရှင်က လမင်းနောက်ပုန်းကွယ်
ကြယ်ကြွေတာကိုစောင့် နံနက်ခင်းပျောက်သူ။

ကျွန်မက လမင်းပေါ်ခုန်တက်
ကိုယ်ပိုင်လက်နဲ့ကြယ်တွေကိုခူး
အမှောင်ထုမှာစီးမျောရင်း နံနက်ခင်းနဲ့ လက်ဆွဲနှုတ်ဆက်သူ
အလင်းနဲ့အမှောင်
ရှင်နဲ့ကျွန်မ
အရင်ဘဝ အခုဘဝ နောက်ဘဝ။ ။

**သက်ဝေနှင်း(အောင်လံ)**





www.burmeseclassic.com

www.burmeseclassic.com



# တိုက်တိုက်ဆိုင်ဆိုင် လွဲတာများ

ဖြူလွန်းလို့ သိုးရေခြုံလိုက်တဲ့အခါ
ကျားဖြစ်သွားတယ်
အလိုလိုနေရင်း အားငယ်လာလိုက်တာ
ပိုးစိုးပက်စက်။

ငြိမ်လွန်းလို့ သစ်ရွက်တွေ ဖုံးလိုက်တဲ့အခါ
ကန္တာရဖြစ်သွားတယ်
များပြားနေတာ မလုံလောက်သေးဘူး
လျှော့တိလျှော့ရဲ။

နာလွန်းလို့ ခရုခွံစွတ်မိကာမှ
ဝေလငါးဖြစ်သွားတယ်
ကျိန်စာဆိုးနဲ့ နင်နေတဲ့
အစာရေမျို။

နေရထိုင်ရတာ အနံ့အသက်မကောင်းတော့ဘဲ
မယုံနိုင်စရာ လွင်ပြင်ကြီးမှာ အိုင်းအနာစွဲနေတော့
ပူလွန်းလို့ အရေခွံချွတ်တာ
ကဗျာဆရာဖြစ်လာတယ်။

**ညီမိုးဆွေ**





www.burmeseclassic.com

www.burmeseclassic.com



## ကဗျာလာတယ် လမ်းဖယ်ပေးကြပါ



ကဗျာဟာ အဖြူရောင်
ကဗျာဟာ အပေါ်စားပစ္စည်းမဟုတ်ဘူး
ကဗျာဟာ အကြမ်းထည်မဟုတ်ဘူး
ကဗျာနဲ့ပေါင်းမှ
လောကမြင်ကွင်းဟာ ပိုမိုပီသလာတယ်
ကဗျာအကြောင်းပြောရတာ
ငယ်ချစ်ဦးကို ငေးရသလို
ကဗျာအကြောင်းကြားရတာ
ပျားရည်မိုးရွာချသလို
ကဗျာရွတ်ရတာ နတ်စည်းစိမ်
ကဗျာဖတ်နေချိန် နားထဲ သံရည်ပူမလောင်းနဲ့
ကဗျာတစ်ပုဒ်စပ်ပြီး
ထွက်လာတဲ့ ပီတိဟာ အသက်ရှည်ဆေး
ကဗျာလာတယ် လမ်းဖယ်ပေးကြပါ
ကဗျာလာတယ် လမ်းဖယ်ပေးကြပါ
ကဗျာလာတယ် လေးစားကြပါ
ကဗျာဟာ လူကြီးလူကောင်း
ကျေးဇူးရှင်တစ်ယောက်ပါ။ ။

လဝင်း



www.burmeseclassic.com

www.burmeseclassic.com



## ဘဝကို အဲဒီလို တိုးတိုးတိတ်တိတ် ဖြတ်သန်းခဲ့ဖူးပါရဲ့

နာကျင်ခဲ့ရသော ဒိုင်ယာရီထဲမပါခဲ့သော အိပ်မက်များ
အကျယ်ကြီး ဆုတောင်းခဲ့တယ်
လောကကြီးက နှုတ်ဆိတ်တော်မူနေရဲ့
ဘောင်ကွပ်ထားတဲ့ ပန်းချီကားတစ်ချပ်ကိုကြည့်မိတိုင်း
အလိုလိုဝမ်းနည်းတတ်ခဲ့
(ငါလေ ဘဝကို ဖွဖွလေးနာကျင်ခဲ့)
ဒုတိယပိုင်းမကောင်းတတ်တဲ့ကောင်ပါ
ဒီလိုနဲ့ပဲ
တစ်နေ့တစ်ခြား မျှော်လင့်ချက်တွေဟာ
လူတစ်လုံး သူတစ်လုံးနဲ့ ဝေးလို့နေခဲ့
အိပ်မက်တွေချည်းပဲ မက်မက်မနေနဲ့
ညတွေကို သူတို့ခိုးသွားကြလိမ့်မယ်
ဆိုက်ကပ်လာမယ့် ရထားတစ်စင်းကို
ဘူတာရုံက စောင့်ရသလိုမျိုး
ညနေခင်းက နေဝင်ချိန်ကို စောင့်ရသလိုမျိုး
စောင့်လို့နေမယ် ဟိုအဝေးမှာ ငါတစ်ယောက်တည်း။



ကြယ်လင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com




လှမိုး(ပညာရေး)

# နိုင်ငံတကာ ဂန္ထဝင်မှုခင်းများ

ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း
အလောင်းကို ဦးခေါင်း၊ ကိုယ်၊ ခြေလက်များကို အစိတ်စိတ်အပိုင်းပိုင်း ဖြတ်တောက်၍
ထန်းခေါက်ဖာနှစ်လုံးအတွင်းထည့်ကာ လန်ချားနှင့်သယ်ယူ၍
ဘီအေအေဘောလုံးကွင်း(အောင်ဆန်းအားကစားကွင်း)အနီး
သွားရောက်ပစ်ခဲ့သည်ဟု ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဤ'စုံထောက်' မဂ္ဂဇင်းကြီးတွင် လွန်ခဲ့သော ၇ နှစ်ခန့်က ပြင်သစ်နိုင်ငံမှ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေကြီးဟု နိုင်ငံတကာမှ စုံထောက်အဖွဲ့များက တညီတညွတ်တည်း အသိအမှတ်ပြုထားသော အမျိုးသားဆူရီတေး Surete စုံထောက်အဖွဲ့ကြီး၏သမိုင်းနှင့် ယင်းစုံထောက်အဖွဲ့ကြီးမှ စုံထောက်ကျော်ကြီးများ ခဲခဲယဉ်းယဉ်း ဖော်ထုတ်ခဲ့သော အမှုတွဲများကို ''ဆူရီတေးအဖွဲ့''၏ စွန့်စားခန်းများအမည်ဖြင့်အခန်းဆက်ဆောင်းပါးရှည်ကြီးတစ်စောင်ကို တစ်နှစ်နီးပါး ရေးသားဖော်ပြခဲ့ပါသည်။

''စုံထောက်''မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ကလည်း ကျွန်တော်ရေးသားဖော်ပြခဲ့သော အခန်းဆက်ဆောင်းပါးများကို စိတ်ရှည်ရှည်ထား၍ ထည့်သွင်းဖော်ပြပေးခဲ့ကြပါသည်။ ဤဆောင်းပါးများအနက် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ပါရီမြို့တော်မှ နာမည်ကျော်ဘဏ်ဘီလစ်စာရေးကြီး မွန်ဆီယာဂဖေးဆိုသူအား ပါရီမြေအောက်လောကမှ ဒုစရိုက်ဇနီးမောင်နှံသည် ပါရီမြို့တော်တစ်နေရာသို့ ဖြားယောင်းသွေးဆောင်ခေါ်ယူသွားခဲ့ကြပြီး သတ်ဖြတ်၍ သူ့ပိုင်ငွေများကို ယူဆောင်ခဲ့ကြ၏။ မွန်ဆီရာဂူဖေး၏အလောင်းအား အသင့်ဝယ်ယူထားသော သေတ္တာကြီးတစ်လုံးတွင် ထည့်၍ ပါရီမှ လီှုင်မြို့သို့ ထွက်ခွာသွားသော မီးရထားဖြင့် သယ်ဆောင်ကာ လီှုင်မြို့ဆင်ခြေဖုံးတွင် စွန့်ပစ်ထားခဲ့သော အမှုကြီးဖြစ်သည်။

ရာဇဝတ်ကျူးလွန်သူများအဖို့ သက်သေခံအလောင်းအား နည်းလမ်းအမျိုးမျိုးဖြင့် ဖျောက်ဖျက်ရန် ကြံရွယ်ခဲ့ကြလေ့ရှိပါသည်။ ဤကမ္ဘာကျော်မှုခင်းကြီးတွင် အလောင်းအား သေတ္တာဖြင့်ထည့်ကာ မီးရထားဖြင့်သယ်ဆောင်၍စွန့်ပစ်သော အမှုများတွင် အထူးခြားဆုံး စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး ရင်သိမ့်တုန်ဖွယ်ရာအကောင်းဆုံးမှုခင်းဖြစ်သည်ဟု မှုခင်းသုတေသီများက ဆိုကြသည်။

သို့သော် ထိုစဉ်က အမျိုးသားဆူ
ရီတေးစုံထောက်အဖွဲ့မှ စုံထောက်အ
ကြီးအကဲ မွန်ဆီယာဂိုရင်သည် ဥပဒေ
ဘက်တော်သားပီသစွာ ခဲခဲယဉ်းယဉ်း
ဖော်ထုတ်ခဲ့ရ၏။ အမှန်အားဖြင့် လူ
သတ်ဒုစရိုက်မောင်နှံတို့ စွန့်ပစ်ထား
သောအလောင်းထည့်ထားသည့်သေတ္တာ
အား ပြည်သူတစ်ယောက်က မတော်
တဆတွေ့ရှိခဲ့ရာမှ ဆူရီတေးစုံထောက်
ကျော်အဖို့ သဲလွန်စရခဲ့ပြီး ရုပ်ပျက်
ဆင်းပျက်ဖြစ်နေသော အလောင်းကို
လည်း လီှုင်မြို့ရဲအဖွဲ့ခါတ်ခွဲခန်းမှ
ခင်းဆေးပညာပါရဂူက ပျောက်ဆုံးနေ
သော မွန်ဆီယာဂူဖေး၏အလောင်းဖြစ်
သည်ကို အထောက်အထား စုံစုံလင်
လင်၊ ခိုင်ခိုင်မာမာ တင်ပြနိုင်ခဲ့သဖြင့်
ဒုစရိုက်ဇနီးမောင်နှံမှာ ဥပဒေအရ အ
ရေးယူနိုင်ခဲ့ပါသည်။

ဤမှုခင်းအကြောင်းကိုပြန်လည်
ရေးသားဖော်ပြရခြင်းမှာ အကြောင်း
ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ
လွတ်လပ်ရေးရပြီးစ နှစ်အနည်းငယ်
အတွင်း ဤဆောင်းပါးအစတွင် ဖြ
သစ်နိုင်ငံ ပါရီမြို့တွင် ဖြစ်ပွားခဲ့သော
လူသတ်မှုကြီးကဲ့သို့ အမှုတစ်မှုဖြစ်ပေ
ခဲ့သည်။ ရာဇဝတ်ကျူးလွန်သူများအ
ယခင်ဖြစ်ပွားပြီးစီးခဲ့သော အမှုများအ
တိုင်း ကျူးလွန်လေ့ရှိကြ၏။ ယခု ဖေ
သားမည့်မှုခင်းကြီးမှာ လွတ်လပ်ရေး
ပြီးစ မြန်မာနိုင်ငံ ရန်ကုန်မြို့လယ်တွ
လူသတ်၍ အလောင်းဖျောက်ခဲ့သည်
သည်းထိတ်ရင်ဖိုမှုခင်းကြီးဖြစ်ပါသည်
ယင်းမှုခင်းကြီးမှာ ကံအားလျော်စွ
ပြည်သူအများ၏ သတင်းပေးကူည
ကြောင့် တရားခံများအားလုံးကို တ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအရ အရေးယူနိုင်ခဲ့ပါသည်။ ကျူးလွန်သူတရားခံများနှင့် အသတ်ခံသူမှ ကျွန်တော်တို့အိမ်နီးနားချင်းနိုင်ငံတစ်နိုင်ငံမှ တိုင်းရင်းသားများသာ ဖြစ်ကြပါသည်။

ဤအမှုအခင်းကြီးကို ထိုစဉ်က ထုတ်ဝေခဲ့ကြသော မြန်မာ့အလင်းသတင်းစာ၊ ဟံသာဝတီသတင်းစာ၊ ရန်ကုန်သတင်းစာ၊ သံတော်ဆင့်သတင်းစာ၊ ဗမာ့ခေတ်သတင်းစာတို့၏ မှုခင်းသတင်းထောက်များ ရေးသားဖော်ပြသည့်သတင်းများကို ပြန်လည်ရေးသားဖော်ပြခြင်းဖြစ်သဖြင့် တရားဥပဒေရှုထောင့်မှကြည့်လျှင် ဟာကွက် လိုအပ်ချက်များ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် အမှု၏ဖြစ်စဉ်နှင့် ဥပဒေဘက်တော်သားများ၏ ကြိုးကြိုးစားစား စနစ်တကျ စုံစမ်းဖော်ထုတ်ကြပုံများမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ဤမှုခင်းကြီး၏ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၁၉၅၁ ခုနှစ်၊ မေလ ၁၂ ရက်နေ့ထုတ်ဝေသော မြန်မာ့အလင်းသတင်းမျက်နှာဖုံးတွင် ခေါက်လိုင်းစာလုံးမဲကြီးများနှင့် ဖော်ပြထားသော သတင်းဆန်းနဲ့တစ်ပုဒ်ကြောင့် ရန်ကုန်လူထုမှာ အုပ်အော်သောင်းတင်း ဖြစ်သွားခဲ့ရသည်။ ယင်းသတင်းမှာ ဦးခေါင်းမပါ။ လူတစ်ယောက်၏ခန္ဓာကိုယ်အား အပိုင်းပိုင်းခုတ်ထစ်၍ ထန်းခေါက်ဖာနှစ်လုံးအတွင်း ကိုယ်၊လက်၊ ခြေ ခွဲခြားထည့်ထားပြီး ရန်ကုန်မြို့ ဘီအေအေ ဘောလုံးကွင်း (ယနေ့-အောင်ဆန်းကွင်း)အနီး ကူးစက်တတ်သည့် ရောဂါကာကွယ်သည့် ဆေးရုံမြောင်းဘေး မော်တော်ကားလမ်းပေါ်တွင် လမ်းသွားလမ်းလာများက တွေ့ရှိရသဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့အား သတင်းပေးခဲ့သဖြင့် ရဲနှင့်စုံထောက်များက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည်ဟုဆိုသည်။

ယင်းသတင်းကိုပင် ဟံသာဝတီသတင်းစာ၊ ဗမာ့ခေတ်သတင်းစာ၊ ရန်ကုန်သတင်းစာ၊ တိုးတက်ရေးသတင်းစာများနှင့် ထိုစဉ်က အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော Nation နေရှင်သတင်းစာနှင့် တရုတ်ဘာသာဖြင့် ထုတ်ဝေသောသတင်းစာများတွင်လည်း သတင်းစာဖတ်ပရိသတ် စိတ်ဝင်ခေါင်းစဉ်များဖြင့် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသည်။ ထိုစဉ်ကာလကမူ မြန်မာအစိုးရအား ရန်ကုန်အစိုးရဟု နိုင်ငံခြား သတင်းမီဒီယာများက ပြောင်လှောင်ကင်ပွန်းတပ်ခံနေရသော အချိန်ဖြစ်သည်။ ရန်ကုန်မြို့တွင်းမှာပင် လုယက်မှု၊ ပြန်ပေးဆွဲမှု၊ ဓားပြတိုက်မှုများ ဖြစ်ပွားနေသည်သာမက ရန်ကုန်မြို့ ဆင်ခြေဖုံးများတွင် လူဆိုး၊ ဓားပြဂိုဏ်းများ ဝင်ရောက်တိုက်ခိုက်မှုများ မကြာခဏ ကြုံနေရသည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ကွဲအက်ရေးနှင့် ခွဲထွက်ရေးသမားများကြောင့် မုန်တိုင်းထန်နေရာ အထက်ဖော်ပြပါသတင်းမှာ ထူးလျက်နှင့် မဆန်း ဖြစ်နေတော့၏။

သို့သော် နောက်တစ်နေ့ (၁၃-၅-၁၉၅၁) ထုတ်ဝေသော သတင်းစာကြီးများအားလုံးတွင်မူ အထက်ဖော်ပြပါ ထန်းခေါက်ဖာနှစ်လုံးအတွင်း တွေ့ရသော လူသေအလောင်းတွေ့ရှိမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ တောင်လုံးပြန်ရဲဌာနမှ ရဲအရာရှိများနှင့် တာဝန်ရှိသူစုံထောက်များ၏ ပတ်ဝန်းကျင် စုံစမ်းထောက်လှမ်းမှု ထန်းခေါက်ဖာနှစ်လုံးအတွင်းမှ တွေ့ရှိရသော သဲလွန်စများအရ ထိုအမှုကြီးကို ကျူးလွန်ခဲ့ကြသော ဒုစရိုက်သမားများအား ဖမ်းဆီးရမိပြီဟု ရေးသားဖော်ပြကြရာ သတင်းစာဖတ်ပရိသတ်အဖို့ တအံ့တဩဖြစ်သွားကြသည်။

ထိုအမှုကို ခြေရာခံရရှိပုံမှာ သည်းထိတ်ရင်ဖိုဝတ္ထုတစ်ပုဒ်ကဲ့သို့ ဖြစ်ခဲ့ရပြီး ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင် ခရစ်နှစ် ၁၈၉၉ ခုနှစ်က ဖြစ်ပွားခဲ့သော မွန်ဆီယာဂူဖေးအသတ်ခံရမှုနှင့် ဆင်တူလှသည်။ ဖမ်းဆီးရမိရပုံမှာ ဆန်းသည်။ အထက်ဖော်ပြပါ ထန်းခေါက်ဖာနှစ်လုံးအား တောင်လုံးပြန်ရဲစခန်းမှ ရဲအင်စပက်တော် ဦးကိုကိုကြီးနှင့် ဌာနအုပ်(စခန်းမှူး) ဦးသာအေးတို့သည် စနစ်တကျ ရှာဖွေကြသောအခါ ၉ စောင်တွဲသင်ပုန်းကြီး စာအုပ်အဖုံးနှင့် အပ်ချည်ထုပ်အချို့ပေါ်တွင် ပတ်စ်ထရေဒင်ကုမ္ပဏီ ရန်ကုန်မြို့ဟူ၍ ရိုက်နှိပ်ထားသော ရာဘာတံဆိပ်သဲလွန်စကို တွေ့ရှိကြသည်ဟု သိရ၏။ ထိုသဲလွန်စအရ ရဲအရာရှိများနှင့် စုံထောက်များသည် ပတ်စ်ထရေဒင်ကုမ္ပဏီကို ကွင်းဆင်း၍ စုံစမ်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြရာ ရန်ကုန်မြို့၊ မဂိုလမ်း(ရွှေဘုံသာလမ်း) အမှတ် ၁၈၉ တွင် အထက်ဖော်ပြပါ ကုမ္ပဏီ တွေ့ကြရတော့သည်ဟု သတင်းများက ဖော်ပြခဲ့၏။

သို့ဖြစ်၍ ရဲနှင့် စုံထောက်များ



www.burmeseclassic.com

www.burmeseclassic.com



သည် ပတ်စ်ထရေဒင်ကုမ္ပဏီအတွင်း ဝင်ရောက်ရှာဖွေရာ စိတ်လှုပ်ရှား၍ မျက်စိမျက်နှာပျက်လျက် ကြွေ့မရဖြစ်နေကြသော အိန္ဒိယအမျိုးသား မာမက်ဆလေဆိုသူနှင့် အာမက်ဆိုသူနှစ်ဦးကို တွေ့ကြရတော့၏။ ဤတွင် ရဲနှင့် စုံထောက်များသည် တွေ့ရသောကုလားနှစ်ဦးအား သင်္ကာမကင်းဖြစ်လာသည်နှင့် ၎င်းတို့အား ဖမ်းဆီး၍ အိပ်ခန်းအတွင်း ပိုက်စိတ်တိုက်ရှာဖွေခြင်းများ ပြုလုပ်ခဲ့ရာ ကြမ်းပြင်ပေါ်တွင် သင်ဖြူးများဖုံးအုပ်ထားသော သွေးကွက်ကြီးကို တွေ့ရတော့၏။ ဤတွင် ရဲနှင့်စုံထောက်တို့သည် မာမက်ဆလေနှင့် အာမက်တို့အားဖမ်းဆီးလျက် ရဲဌာန(ရဲစခန်း)သို့ ခေါ်ယူစစ်ဆေးခဲ့သည်ဟု သိရ၏။

ဤတွင် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ မှုခင်းသမိုင်းတွင် ဟိုးဟိုးကျော်၍ သည်းထိတ်ရင်ဖိုဖွယ်ရာ ရက်စက်ကြမ်းကြုတ်သည့် လူသတ်၍ အလောင်းဖျောက်ရန် ကြံစည်မှုကြီး ပေါ်ပေါက်လာခဲ့တော့၏။

အထက်ဖော်ပြပါ တရားခံနှစ်ဦး၏ထွက်ဆိုချက်အရ ဤလူသတ်မှုကြီးတွင် ပါဝင်သူများဖြစ်သော ရန်ကုန်မြို့ ၃၁ လမ်းနေ ကာစင်အလာပီချေးဆိုသူနှင့် အဗ္ဗဒူလာတို့သုံးဦးအား သွားရောက်ဖမ်းဆီးပြီး ဆက်လက်စစ်ဆေးသည်ဟု သိရ၏။

အသတ်ခံရသူမှာ ရန်ကုန်မြို့၊ မဂိုလမ်း၊ အမှတ် ၁၈၉(ယခု-ရွှေဘုံသာလမ်း)တွင် နေထိုင်သူပတ်စ်ထရေဒင်ကုမ္ပဏီပိုင်ရှင်၊ အိန္ဒိယနိုင်ငံသား၊ မီယာဆိုသူဖြစ်သည်ဟု သတင်းရရှိ၏။ သေဆုံးသူ မီယာနှင့်အတူ မာမက်ဆလေနှင့် အာမက်တို့ အတူနေထိုင်ကြသည်။ မာမက်ဆလေမှာ ပတ်စ်ထရေဒင်ကုမ္ပဏီ၌ အစုရှယ်ယာဝင်ထားသူဖြစ်ပြီး အာမက်ဆိုသူမှာမူ ထမင်းချက်တစ်ဦးသာဖြစ်၏။

မာမက်ဆလေသည် ပတ်စ်ထရေဒင်ကုမ္ပဏီကို တစ်ဦးတည်းအပိုင်စီးလိုသောကြောင့် ကာစင်အလာပီချေးနှင့် အဗ္ဗဒူလာဆိုသူသုံးဦးအား ငွေ ၂၀၀၀/ နှင့် ငှားရမ်း၍ သေဆုံးသူ မီရာအား မေလ ၁၀ ရက်နေ့ည သန်းခေါင်အချိန် အိပ်ပျော်နေခိုက် ရက်ရက်စက်စက် အသတ်ခိုင်းခဲ့သည်။ လူသတ်သမားသုံးဦးအနက် အိပ်ပျော်နေသော မီယာအား ဓားဖြင့်ထိုးသူမှာ အလာပီချေးဆိုသူဖြစ်သည်ဟု သိရ၏။ မီယာမှာ သွေးရူးသွေးတန်းဖြင့် အလာပီချေး၏ဓားကို ဆွဲယူ၍ ခုခံရန်ကြံစည်ခဲ့သည်ဟု ဆိုသည်။ ဤတွင် ကာစင်နှင့်အဗ္ဗဒူလာတို့က အလာပီချေးဘက်မှ ဝိုင်းဝန်းကူညီကြလျက် မီရာအား ဖမ်းဆီးပြီးလျှင် အသက်မသေမချင်း သတ်ဖြတ်ခဲ့ကြသည်။ နောက်ဆုံးတွင် မီရာမှာ အားချင်းမမျှသဖြင့် သေဆုံးသွားခဲ့တော့၏။ အလောင်းကို ဖျောက်ဖျက်ပစ်ရန် ကြံစည်ကြပြီးလျှင် ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အလောင်းကို ဦးခေါင်း၊ ကိုယ်၊ ခြေလက်များကို အစိတ်စိတ်အပိုင်းပိုင်း ဖြတ်တောက်၍ ထန်းခေါက်ဖာနှစ်လုံးအတွင်းထည့်ကာ လန်ချားနှင့်သယ်ယူ၍ ဘီအေအေဘောလုံးကွင်း(အောင်ဆန်းအားကစားကွင်း)အနီးသွားရောက်ပစ်ခဲ့သည်ဟု တရားခံများက ဖြောင့်ချက်ပေးခဲ့ကြ၏။

သေသူ မီရာ၏ ဦးခေါင်းကိုမူ ဖြတ်လျက် အဝတ်နှင့် သီးသန့်ထုပ်ယူခဲ့ကြပြီး အထက်ဖော်ပြပါဘောလုံးကွင်းထဲသို့ ပစ်ချခဲ့ကြရာ ဦးခေါင်းမှာ ဘောလုံးကွင်းအပြင် အုတ်တိုင်အနီးချုံတောထဲသို့ကျသွားပါသည်ဟု ဆိုသည်။

ဤတွင် ရဲနှင့်စုံထောက်တို့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ရှာဖွေခဲ့ကြရာ သေဆုံးသူ မီယာ၏ဦးခေါင်းကို မေလ ၁၂ ရက်နေ့က ရှာဖွေတွေ့ရှိရသည်ဟု သတင်းစာများက ဖော်ပြခဲ့ကြသည်။ ရဲနှင့်စုံထောက်တို့ကမူ သက်သေအထောက်အထားသာဓက ခိုင်ခိုင်မာမာနှင့် အမှုကိုတည်ဆောက်၍ ရာဇဝတ်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့ခဲ့သည်ဟု သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်ဟု သိရှိရပါကြောင်း။

လှမိုး(ပညာရေး)

**ကျမ်းကိုး**

(၁) Murder 'What Dunit!'
(၂) မြန်မာ့အလင်းသတင်းစာ (၁၃-၅-၁၉၅၁)



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်

ဦးအာကာ
၊ တရားလွှတ်တော်ရှေ့နေ ၊

ဆရာခင်ဗျား

ကျွန်တော်တို့ ကျေးလက်ဒေသ၊ တောရွာတွေမှာ လူသတ်မှုတွေ ဖြစ်တတ်ပါတယ်။ မကြာခဏ ရန်ဖြစ်ကြ၊ လူသတ်မှုနဲ့ တရားစွဲခံရတာမျိုးကို ကြားဖူးပါတယ်။ အချို့ကျတော့လည်း တရားရုံးရောက်ပြီး နစ်ဖက်သက်သေများကို စစ်ဆေးပြီးတဲ့အခါ လူသတ်မှုကနေပြီး လူသေမှုကို ပြောင်းသွားတာမျိုး၊ ပြစ်ဒဏ်မှလည်း သက်သာသွားတာမျိုးကို ကြုံတွေ့ရ ကြားရတတ်ပါတယ်။ ဘယ်အခါမျိုးမှာ လူသတ်မှုကနေပြီး လူသေမှုသို့ ပြောင်းသွားနိုင်သလဲဆိုတာ ဥပဒေဗဟုသုတအဖြစ် သိချင်လို့ပါ ဆရာ။ ဥပဒေ စာတိုက်အခန်းကပဲ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ကျေးရွာသားတစ်ဦး
သုံးခွမြို့နယ်။

ကျေးရွာသားတစ်ဦးသို့

တူမောင်ကြားဖူးတာလည်း မှန်ပါတယ် ..။

ရန်ဖြစ်ကြ၊ ဓားနဲ့ခုတ်ကြ၊ တုတ်နဲ့ရိုက်ကြ၊ လုံဖြင့်ထိုး၊ ဓားမြှောင်ဖြင့်ထိုးကြနဲ့ လူသတ်မှုတွေ ဖြစ်တတ်ကြပါတယ်။

အချို့လည်း အုပ်စုလိုက်ဖြစ်ကြနဲ့ နောက်ဆုံး လူတစ်ယောက်(သို့မဟုတ်) တစ်ယောက်ထက်ပိုပြီး သေသွားရင် လူသတ်မှုနဲ့ တရားရုံးကို စွဲဆိုတင်ပို့လေ့ရှိပါတယ်။ တရားရုံး



www.burmeseclassic.com

www.burmeseclassic.com


**အထက်ပါ**
**အချက်(၅)ချက်ထဲက**
**တစ်ချက်ချက်နဲ့**
**အကျုံးဝင်ရင် လူသေမှုအဖြစ်**
**ပြောင်းလဲသွားနိုင်ပါတယ်။**
**ပုဒ်မ ၃၀၄ နဲ့**
**အပြစ်ဒဏ်ပေးလေ့ရှိတယ်။**
**ပြစ်ဒဏ်ကတော့**
**မသေးပါဘူး …**

ရှေ့ကျမှ တရားလိုနဲ့ တရားလိုပြသက်သေတွေကို စစ်ရတယ်။ တရားခံနဲ့ တရားခံပြသက်သေတွေကို စစ်ရတယ်။ အဲဒီလို စစ်ပြီးမှ လူသတ်မှုနဲ့ အပြစ်ဒဏ်ပေးတာမျိုးလည်း ရှိနိုင်တယ်။ လူသေမှုကို ပြောင်းလဲပြီး ပြစ်ဒဏ်ပေးတာမျိုးလည်း ရှိနိုင်တယ်။ ဘယ်အခါမှာ လူသေမှု(ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄)ကို ပြောင်းသွားသလဲဆိုတာ ရှင်းပြပါ့မယ်။

လူသေမှုနဲ့ စပ်လျဉ်းတဲ့ ပြစ်မှုများကတော့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၉(၁)နှင့် ၂၉၉(၂)ပါ ပြစ်မှုများဖြစ်ပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)ပုဒ်မ ၂၉၉(၂)ရဲ့ အောက်မှာ လူသေမှုကို မြောက်စေနိုင်တဲ့ အချက်(၅)ချက်ကို ဖော်ပြထားပါတယ်။

(က) ပြစ်မှုကျူးလွန်သူသည် ရုတ်တရက် အကြီးအကျယ် ဒေါသထွက်အောင်ပြုခြင်းခံရသဖြင့် မိမိကိုယ်ကို မိမိ မချုပ်တည်းနိုင်သည့်အတွက် ဒေါသထွက်အောင်ပြုသူကို ဖြစ်စေ မှားယွင်း၍သော်လည်းကောင်း၊ မှတော်တဆသော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေခြင်း။

(ခ) ပြစ်မှုကျူးလွန်သူသည် ကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ ကာကွယ်ခုခံပိုင်ခွင့်ကို သဘောရိုးဖြင့် သုံးစွဲရာတွင် ဥပဒေက ပေးအပ်သည့် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍သုံးစွဲ၍ တင်ကူးကြံရွယ်ခြင်းမရှိဘဲနှင့်လည်းကောင်း၊ ဤသို့ ကာကွယ်ခုခံရန်အလို့ငှာ လိုသည်ထက်ပို၍ အန္တရာယ်ပြုရန် ကြံရွယ်ခြင်းမရှိဘဲနှင့်လည်းကောင်း၊ ကာကွယ်ခုခံပိုင်ခွင့်သုံးစွဲရခြင်း၏ အကြောင်းရင်းဖြစ်သော လူကိုသေစေခြင်း။

(ဂ) ပြည်သူ့ဝန်ထမ်းဖြစ်သော သို့တည်းမဟုတ် ဖြောင့်မှန်စွာ တရားစီရင်ရေးအတွက် ပြည်သူ့ဝန်ထမ်းကို ကူညီသော ပြစ်မှုကျူးလွန်သူသည် ဥပဒေက ပေးအပ်သော အာဏာကို လိုသည်ထက်ပိုမိုသုံးစွဲ၍ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားကို ကျေနစွာဆောင်ရွက်ရေးအတွက် ဥပဒေနှင့်အညီဖြစ်သည့်အပြင် လိုလည်းလိုအပ်သည်ဟု သဘောရိုးဖြင့် မိမိယုံကြည်သော ပြုလုပ်မှုတစ်ခုကို ပြုခြင်းဖြင့်လည်းကောင်း၊ သေသူအပေါ်၌ ရန်ငြိုးထားခြင်းမရှိဘဲနှင့်လည်းကောင်း၊ လူကိုသေစေခြင်း။

(ဃ) ပြစ်မှုကျူးလွန်သူသည် ရုတ်တရက် ခိုက်ရန်ဖြစ်ပွားသဖြင့် ဒေါသအမျက် ပြင်းပြ၍ ရုတ်တရက်သတ်ပုတ်ကြရာတွင် တက်ကူးကြံရွယ်ခြင်းမရှိဘဲနှင့်လည်းကောင်း၊ မလျော်သော အခွင့်အရေးယူခြင်း၊ သို့တည်းမဟုတ် ရက်ရက်စက်စက် ထူးထူးခြားခြားပြုမူခြင်းမရှိဘဲနှင့်လည်းကောင်း ပြုလုပ်ခြင်း။

(င) အသက်တစ်ဆယ့်ရှစ်နှစ်ကျော်လွန်သည်လည်းဖြစ်၍ သဘောတူအသေခံသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့သေဘေးကို ခံယူစွန့်စားသည်လည်းဖြစ်သော လူကို ပြစ်မှုကျူးလွန်သူက သေစေခြင်း။


အထက်ပါ အချက်(၅)ချက်ထဲက တစ်ချက်ချက်နဲ့ အကျုံးဝင်ရင် လူသေမှုအဖြစ် ပြောင်းလဲသွားနိုင်ပါတယ်။ ပုဒ်မ ၃၀၄ နဲ့ အပြစ်ဒဏ်ပေးလေ့ရှိတယ်။ ပြစ်ဒဏ်ကတော့ မသေးပါဘူး။

တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်။ “ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ” လို့ ပြဋ္ဌာန်းထားတော့ ဆယ်နှစ်အောက်လည်း ပြစ်ဒဏ်ချမှတ်လို့ရတယ်ပေါ့။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)


www.burmeseclassic.com

www.burmeseclassic.com

# မောင်ဉာဏ်စိန်

## ကျေးလက်လယ်တောင့်တဲများ နှင့် မူးယစ်ဆေးဝါးအန္တရာယ်


www.burmeseclassic.com

အကာအရံမဲ့
လယ်စောင့်တဲသည်
အများသူငှာဝင်
ထွက်သွားလာနိုင်သော
နေရာဖြစ်၍ ထိုတဲ၏
သက်ကယ်မိုးကြားမှ
တွေ့ရှိသော
ဘိန်းမည်းကပ်နေသည့်
အဝတ်စသည် ထိုတဲ၏
ပိုင်ရှင်ဖြစ်သူ
အယူခံတရားခံမောင်ညို
ဝှက်သိမ်းထားသည့်
ပစ္စည်းဖြစ်သည်ဟု
မယူဆနိုင်ချေ
...

တောရွာများတွင် ရွာအပြင်ဖက် လယ်ကွက်များ၏အလယ် သို့မဟုတ် အနီးဝန်းကျင်ကုန်းများပေါ်တွင် လယ်တဲများ ဆောက်ထားလေ့ရှိသည်။ ရံဖန်ရံခါ ၎င်းတဲငယ်များသည် တောသူတောင်သားများ ဖြတ်သွားဖြတ်လာ လူသွားလမ်းဘေးတွင်လည်း ဖြစ်တတ်သည်။ ထို့ပြင် အချို့တောရွာများ၌ အိမ်နှင့် မီးဖိုဆောင်မှာ သီးသန့်ဖြစ်တတ်သည်။ အိမ်မကြီး၏ အနောက်ဖက်တွင် အဖီထုတ်လျက် မီးဖိုချောင်ကို အိမ်မကြီးနှင့်တွဲလျက် (သို့မဟုတ်) သီးခြားထားလျက် ဆောက်လုပ်ထားတတ်ကြသည်။ သန့်ရှင်းမှု၊ ကျယ်ဝန်းမှုတို့ကို အထောက်အပံ့ဖြစ်စေသောကြောင့် ဖြစ်သည်။

ဤတွင် ပြဿနာတစ်ခု ပေါ်တတ်သည်။ တောသူတောင်သားတို့သည်း ပုထုဇဉ်လူသားများပင်ဖြစ်သည်။ အချင်းချင်း မသင့်မြတ်မှုရှိတတ်သည်။ မိမိနှင့် မသင့်မြတ်သူ ဒုက္ခဖြစ်စေရန် မကောင်းသောစိတ်ဓာတ်ဖြင့် တဲခေါင်မိုးအကြား၊ တဲအနီးအမှိုက်ပုံအကြား၊ မီးဖိုချောင်ခေါင်မိုးအကြား၊ ဆေးခြောက်များ၊ ဘိန်းမည်းများကို အဆောက်အဦပိုင်ရှင်မသိအောင် လျှို့ဝှက်ထားပြီး ရဲအား၊ အရပ်လူကြီးအား သတင်းပေးခြင်းမျိုးဖြစ်တတ်သည်။ သက်သေလူကြီးများနှင့်အတူ သွားရောက်ဖမ်းဆီးသောအခါ ရထားသည့် သတင်းအတိုင်း မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို ဖမ်းဆီးရမိတော့သည်။ ဤတွင် အဆောက်အဦပိုင်ရှင်မှာ လက်ဝယ်တွေ့ရှိမှုဖြင့် အရေးယူဖမ်းဆီးခြင်းခံရတော့သည်။ ''အမှန်တရားကို ဘုရားသိသည်'' ဟု ဆိုရိုးရှိသော်လည်း လောလောဆယ်တွင်မူ အဆောက်အဦပိုင်ရှင်မှာ တရားခံအဖြစ် ဖြေရှင်းရတော့သည်။

မော်လိုက်မြို့နယ်တရားရုံး၊ ပြစ်မှုကြီးမှုအမှတ် ၇၅/၉၃ တွင် တရားခံမောင်ညိုအား ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ) အရ စွဲဆိုသော်လည်း မြို့နယ်တရားရုံးက အပြီးအပြတ်လွှတ်ခဲ့သည်။ ယင်းကဲ့သို့ လွှတ်ခဲ့ခြင်းကို မကျေနပ်၍ ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့သည်။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ ၂၂-၉-၉၃ နေ့တွင် မော်လိုက်ရဲစခန်းမှ ဒုရဲအုပ်သန်းအောင်နှင့်အဖွဲ့သည် ၂၂-၉-၉၃ နေ့တွင် သက်သေများနှင့်အတူ မော်လိုက်ကလေးရွာအရှေ့ဖက်ရှိ မောင်ညို၏ လယ်တောထဲသို့ ရှာဖွေရာ တဲ၏ သက်ကယ်ကြားမှ (BABY DUCK) စာတန်းပါ အဝတ်စအနီတွင် ဘိန်းမည်းဟုထင်ရသော အရာများကပ်လျက် ၅ ပေ ပတ်လည်ရှိ အဝတ်စတစ်စအား တွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ထို့နောက် မောင်ညိုအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၆(ဂ) တို့အရ ဒုရဲအုပ်သန်းအောင်က တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

စာမျက်နှာ (၉၃)တွင်
ဆက်လက်ဖတ်ရှုပါရန် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

''ကျွန်တော် တာဝန်ယူစောင့်ကြည့်ရတဲ့ ရန်ကင်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်ထဲမှာ ဆိုးသွမ်းရမ်းကားတဲ့ သူတစ်ဦးရှိပါတယ်၊ သူ့နာမည်က ဇင်နောင်ဝင်း(ခေါ်) ဇော်ရိုးပါ''

အပတ်စဉ် ညှိနှိုင်းအစည်းအဝေးတွင် ဖြစ်သည်။ ရွှေပြည်သာ သုံးလောင်းပြိုင်အမှုနှင့်ပတ်သက်၍ စောင့်ကြည့်တာဝန်ကျစုံထောက်များက စုံစမ်းတွေ့ရှိချက်ကို တင်ပြကြသည်။ ယခုလည်း ရန်ကင်းမြို့နယ်အတွင်း စောင့်ကြည့်တာဝန်ကျ စုံထောက်တစ်ယောက်က သူ၏တွေ့ရှိချက်ကို အထက်ပါအတိုင်း ဖွင့်ဆိုပြသည်။ ဒီတော့ အမှုစစ်အရာရှိစုံထောက်စံထူးက ...


''သူက ... ဘယ်မှာနေတယ်ဆိုတာ အတိအကျသိလား''

''သူ့လိပ်စာတော့ . အတိအကျ မသိပါဘူး၊ သူ .. ဝင်ထွက်သွားလာနေတဲ့ သူ့မိဘရဲ့လိပ်စာတော့ သိပါတယ်''

''သူ့မိဘတွေရဲ့လိပ်စာပြောကွာ''

စောင့်ကြည့်တာဝန်ကျစုံထောက်က ဇင်နောင်ဝင်း(ခ)ဇော်ရိုး၏ မိဘများလိပ်စာကို စုံထောက်စံထူးသို့ ရွတ်ဆို ပြသည်။ စုံထောက်စံထူးကိုယ်တိုင် ဇင်နောင်ဝင်း(ခ)ဇော်ရိုး၏ မိဘများလိပ်စာကို ရေးမှတ်ထားသည်။ မှတ်တမ်းကို ဇာတ်လမ်းဖြစ်ဖို့ စုံထောက်စံထူးကိုယ်တိုင် ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်ဆီသို့ ...။

+++



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်

# မောင်ရေခဲ

## စုံထောက်စံထူး

# မစ္စတာဘိုက နှင့် လူယုံများ



www.burmeseclassic.com

www.burmeseclassic.com



''ဒီကောင်က ..့.မိဘအိမ်မှာ မနေဘူးဗျ၊ တစ်ခါတစ်ရံသာ ...အလည်အပတ်လာတာ ...ပထမအိမ်ထောင်နဲ့ကွဲပြီး နောက်အိမ်ထောင်နဲ့ ဘယ်မှာနေမှန်းမသိဘူး''

ခင်မင်ရင်းနှီးသူတစ်ဦး၏အတွင်းစကားက အဲဒီလိုသတင်းကြားရသည်။ တိတိပပသိဖို့ သူ့မိဘထံချဉ်းကပ်ကြည့်လျှင် သိနိုင် မသိနိုင်ကို စုံထောက်စံထူးက တီးခေါက်ကြည့်သည်။ ဒီတော့ ခင်မင်သူမိတ်ဆွေက–

''သိလည်း..ခင်ဗျားကို လိပ်စာအမှန်ဘယ်ပြောမှာလဲ၊ ဒီကောင်က ဆိုးသွမ်းရမ်းကားတတ်တော့ မိဘကလည်း ...သူ့အတွက်စိုးရိမ်ပြီး အမှန်ဘယ်ပြောပါ့မလဲ''

မှန်ပါသည်။ သားသမီးမကောင်းတော့ မိဘခေါင်းခဲရသလို သားဆိုးသမီးဆိုးအတွက် ရတက်မအေးရသည်က မိဘများရဲ့ခံစားချက်ပင်ဖြစ်သည်။ သို့သော် တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိသော်လည်း သားဆိုးသမီးဆိုးကို အဘယ်သို့သော မိဘက ပစ်ပယ်အံ့မည်နည်း။ သို့ကြောင့် စုံထောက်စံထူးက ဇင်နောင်ဝင်း(ခ)ဇော်ရိုး၏မိဘများထံမချဉ်းကပ်ဘဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဇင်နောင်ဝင်း၏အတွင်းရေးကို သတင်းမေးကြည့်သည်။

ဇင်နောင်ဝင်း (ခ) ဇော်ရိုးသည် ၂၀၀၅ ခုနှစ်တွင် လှိုင်မြို့နယ်က•မဖြူ(ခ)မအေးသဇင်ဖြူအား မြဝတီဘက်သို့ နိုးပြေးပြီးလက်ထပ်ပေါင်းသင်းခဲ့သည်။ အလုပ်အကိုင် အတိအကျမရှိ၍ စားဝတ်နေရေးအတွက် ဒီကေဘီအေတပ်ရင်းသို့ တပ်သားအဆင့်ဖြင့် ဝင်ရောက်ခဲ့သည်။ ဒီကေဘီအေတွင် ၁၀ လခန့် လုပ်ကိုင်ခဲ့ပြီး ထွက်ပြေးလာသည်။ မဖြူနှင့် ပေါင်းသင်းနေထိုင်စဉ် သားတစ်ယောက် ထွန်းကားခဲ့သည်။ မဖြူနှင့် အိမ်ထောင်သက် ၄ နှစ်ခန့် ပေါင်းသင်းခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ဇင်နောင်ဝင်းနှင့် မဖြူတို့ အိမ်ထောင်ကွဲခဲ့ကြသည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဇင်နောင်ဝင်းသည် မခင်ရတနာမော်ဆိုသူ မိန်းကလေးနှင့် လက်ထပ်၍ ယခုလက်ရှိပေါင်းသင်းနေထိုင်လျက်ရှိသည်။ နောက်အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ ပထမအိမ်ထောင်ဖြစ်သူ မဖြူက ဇင်နောင်ဝင်းအပေါ် ကျေနပ်မှုမရှိကြောင်း သိရသည်။ မှန်ပါသည်။ မုန့်သာမျှဝေစားမည်။ အချစ်ကို အဘယ်သို့သော မိန်းကလေးက မျှဝေပေးအံ့နည်း။

လူ့သဘာဝအများစုတွင် တစ်ဦးတစ်ယောက်အကြောင်းကို သိလိုပါက ထိုသူနှင့်အဆင်မပြေသူ ထိုသူ့အပေါ် ကျေနပ်နှစ်သိမ့်ခြင်းမရှိသူထံ ချဉ်းကပ်မေးမြန်းပါက ကောင်းသတင်းထက် မကောင်းသတင်းကို ထုတ်လွှင့်မှာ သေချာပါသည်။ ဒါကြောင့် ဇင်နောင်ဝင်း၏ မကောင်းသတင်းကို မုချပြောမည့်သူက ဇနီးမယားကြီးမဖြူ။

''မဖြူ ရှိနိုင်မယ့်အရပ်ဒေသကို သိလား''

စုံထောက်စံထူး၏အမေးကို ခင်မင်ရင်းနှီးသူက–

''အတိအကျတော့ မသိဘူးဗျ၊ လှိုင်မြို့နယ်ထဲမှာနေတယ်လို့..ကြားတယ်''

ရန်ကုန်မြို့ အမေ့ထံပေးပါဟု လူကြုံပါးလိုက်သောစာတစ်စောင်လို ဖြစ်နေခြေပြီ။ လိပ်စာမေးကြည့်ပြန်တော့လည်း မြေနီလမ်းနှင့် အိမ်ရှေ့တွင် သရက်ပင်ရှိကြောင်းဆိုသည်။ ယခုလည်း မဖြူလိပ်စာက လှိုင်မြို့နယ်ဟုဆိုသည်။ လှိုင်မြို့နယ်ဆို ည်း သေးသေးကွေးကွေးမဟုတ်၊ ကျယ်ပြန့်သော လူနေရပ်ကွက်တစ်ခု။ သို့သော်လည်း ရန်ကုန်မြို့ အမေ့ထံပေးပါဆိုသော စာကြုံလွှာလောက်မဆိုးသေး။ ဒါကြောင့် အမှုစစ်အရာရှိ စုံထောက်စံထူးတစ်ယောက် လှိုင်မြို့နယ်အတွင်း ကွင်းဆင်း၍ မဖြူကို ရှာပုံတော်ဖွင့်ရလေတော့သည်။

+++

ရရှိထားသော သတင်းစကားကို ကွင်းဆက်မပြတ်လိုက်ရသလို၊ အခင်းဖြစ်နေအိမ်သို့ ဝင်ထွက်သွားလာတတ်သူတို့၏နေအိမ်များတွင်လည်း လျှို့ဝှက်စောင့်ကြည့်ရသောတာဝန်ကိုလည်း စဉ်ဆက်မပြတ်ချထားရသည်။ ထို့အတူ လက်စလက်နရှိသူတို့၏အသွားအလာ၊ အနေအထိုင်၊ အရောင်အသွေးပြောင်းလွဲမှုစသည်တို့ကိုလည်း မျက်လုံးဒေါက်ထောက်၍ နောက်ယောင်ခံလျက်–

ဤသို့ဖြင့် အခင်းဖြစ်နေအိမ်သို့ အချိန်ပြည့်ဝင်ထွက်ခွင့်ရှိသော သေဆုံးသူဦးအုန်းမောင်နှင့် ငယ်သူငယ်ချင်းလည်းဖြစ်သူ ရွှေပြည်သာမြို့နယ်နေ ဦးလုရွှေ၏သမက် ကျော်မင်းသည် အခင်းမဖြစ်မီနှင့် အခင်းဖြစ်ပြီးနောက်တွင် လက်စလက်နရှိသူ ဇင်နောင်ဝင်းနှင့် သွားလာလှုပ်ရှားခဲ့ကြောင်း သတင်းစကားတက်လာသည်။ သို့သော် ... နောက်ပိုင်းတွင် ကျော်မင်းသည် ဇင်နောင်ဝင်းနှင့် အသွား... အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်မရှိတော့ကြောင်း သိရသည်။ ဤသတင်းစကားကြောင့် ကျော်မင်း၏ နေအိမ်ကိုလည်း နေ့ညမပြတ်စောင့်ကြည့်ခဲ့ကြသည်။ ထို့အတူ ပျောက်နေသော ဇင်နောင်ဝင်း(ခ)ဇော်ရီးနှင့် မဖြူ(ခ)မအေးသဇင်ဖြူတို့အား အသည်းအသန် စုံစမ်းရှာဖွေလျက်။ အမှုစစ်အရာရှိ စုံထောက်စံထူး၏ အိုင်အိုအတွေ့အကြုံ ရင့်ကျက်မှု၊ စုံထောက်ပညာကြွယ်မှုတို့ကြောင့် ပျောက်သောသူ မဖြူအား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့လေတော့သည်။

## အခန်း(၁၂)

"ညီမလေးနဲ့ ဇင်နောင်ဝင်းဟာ တစ်ချိန်တုန်းကတော့ အကြင်နာရှိခဲ့ကြတဲ့ လင်မယားဆိုတာ အစ်ကိုတို့သိထားပါတယ်၊ ဒါကြောင့်မို့လည်းချစ်သူရည်းစားခိုးပြေးရာကို ကောက်ကောက်ပါသွားခဲ့တာပေါ့၊ အခုအချိန်မှာတော့ ညီမလေးနဲ့ဇင်နောင်ဝင်းဟာ ... နာကျင်သူတွေဖြစ်နေကြပြီဆိုတာကိုလည်း အစ်ကိုတို့ ... ကြားသိထားပါတယ်၊ ပြီးတော့ ... ဇင်နောင်ဝင်းဟာ ဘယ်လိုလူစားဆိုတာကို အစ်ကိုတို့ .. သိသင့်သလောက် သိထားပါတယ်၊ ညီမလေးအနေနဲ့ လုံးဝပတ်သက်ခြင်းမရှိတော့လို့ ဇင်နောင်ဝင်း ပြုကျင့်ခဲ့တဲ့ မတရားမှုတွေကို ညီမလေး သိသလောက် ပြောပြစေချင်ပါတယ်"

လေချိုသွေး၍ ရှည်လျားသော စုံထောက်စံထူးစကားသံက ပညာသားပါသည်။ မဖြူလို အသည်းနုသော၊ အားနွဲ့သော မိန်းမသားမဆိုလေနှင့်၊ ယောက်ျားအရင့်အမာကြီးတစ်ယောက် ပင် ကြေသွားနိုင်ပါသည်။ ဒါကလည်း အထက်တွင် ဖွင့်ဆိုခဲ့သလို မဟုတ်တာလုပ်သူ၏ မကောင်းသောအကျင့်စရိုက်ကို ထိုသူနှင့် အငြိုးအတေးရှိသူအား မေးမြန်းခြင်းဖြင့် လွယ်လွယ်ပင်သိရှိနိုင်သော သာဓကသဘောပင်ဖြစ်ပါ၏။

အမှုစစ်အရာရှိ စုံထောက်စံထူး၏စကားကြောင့် မဖြူ(ခ)မအေးသဇင်ဖြူတစ်ယောက် တွေဝေငေးမောသွားသည်။ ဒါတွင်မက မဖြူကလည်းချောင်းအတွင်းတစ်ဆို့နေသောတံတွေးများကို မျိုချနေသည်။ ဤအသွင်သဏ္ဌာန်က စုံထောက်စံထူးအတွက် အားဆေးတစ်ခွက်။ ဒါကြောင့်–

"သိပ်လည်း .. စဉ်းစားမနေပါနဲ့ ညီမလေးရယ် ... မှန်တဲ့သူနဲ့ မှားတဲ့သူ၊ လူဆိုးနဲ့လူကောင်း၊ ညီမလေး .. ဘယ်သူနဲ့ပေါင်းမှာလဲ"

စုံထောက်စံထူး၏စကားအဆုံးတွင် မဖြူက–

"ကျွန်မ ... ဘယ်သူ့ကိုမှ သာစေ .. နာစေလိုသော စိတ်မရှိပါဘူး၊ ကျွန်မနဲ့သူဟာ ရန်သူလည်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ... ကိုယ်တိုင်ကြုံတွေ့ခဲ့တာကိုတော့ ကျွန်မ .. အမှန်အတိုင်း ပြောပြပါ့မယ်"

ဟု အစချီ၍ ဇင်နောင်ဝင်း(ခ) ဇော်ရီး၏ဖြစ်စဉ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြသည်။

၂၀၀၆ ခုနှစ်၊ ဇူလိုင်လဆန်းခန့်က ဖြစ်သည်။ ထိုအချိန်က ဇင်နောင်ဝင်းနှင့်မဖြူတို့မှာ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လျက်ရှိသည်။ တစ်နေ့မနက်ပိုင်းတွင် ဇင်နောင်ဝင်းသည် ဇနီးဖြစ်သူမဖြူအား ရွှေပြည်သာမြို့တွင် ၎င်းနှင့်ကျော်မင်းတို့ ကျူးလွန်ခဲ့သောပြစ်မှုကို ပြောပြသည်။ ထိုနေ့ညနေက ဇင်နောင်ဝင်းသည် မိတ်ဆွေဖြစ်သူကျော်မင်းနှင့်အတူ ရွှေပြည်သာမြို့ရှိ အိမ်ကြီးအိမ်ကောင်းတစ်ခုသို့ ရောက်ရှိခဲ့သည်။ ထိုအိမ်မှ အိမ်ရှင်အဖိုးကြီးအဖွားကြီးနှင့် အိမ်ဖော်ကောင်မလေးတို့ ၃ ဦးကို ကျော်မင်းနှင့်အတူ သတ်ဖြတ်၍ ထိုအိမ်ရှိလက်ဝတ်ပစ္စည်းနှင့်ငွေကြေးများကို ရယူခဲ့ကြသည်။ ထို့နောက် ထိုအိမ်ကို မီးရှို့ခဲ့ကြောင်း ပြောပြခဲ့သည်။ ထိုသို့ ပြောဆိုပြီးနောက် ၄၊ ၅ ရက်ခန့်အကြာ–

"မဖြူရေ ... ဒီအထုပ်ကလေးကို ခဏသိမ်းထားကွာ၊ ဖွင့်တော့ မကြည့်နဲ့ကွ"

ဇင်နောင်ဝင်းက အဲဒီလိုဆိုပြီး ဇနီးမယားမဖြူကို အထုပ်တစ်ထုပ်ပေးသည်။ ခင်ပွန်းသည်က ဖွင့်မကြည့်ပါနှင့်ဟုဆိုသော်လည်း မဖြူကမနေနိုင်။ ဒါက လူ့သဘာဝ၊ သိချင်စပ်စုချင်သော မိန်းမတို့စရိုက်အတိုင်း မဖြူက အထုပ်ကို ဖွင့်ကြည့်သည်။ ဇင်နောင်ဝင်းအပ်နှံထားသောအထုပ်အတွင်း၌ ငွေနှင့်ရွှေထည်ပစ္စည်းများ၊ နိုင်ငံခြားငွေ(ဒေါ်လာ)များကို တွေ့မြင်ခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် ခင်ပွန်းသည် ဇင်နောင်ဝင်းသည် မဖြူထံတွင်အပ်ထားသော အထုပ်ကို ပြန်ယူသွားသည်။ အထုပ်လာပြန်ယူစဉ် ဇင်နောင်ဝင်းက–

"တို့အမှုကို ဘယ်သူ့ကိုမှ မပြောပါနဲ့၊ ... ပြောခဲ့ရင်တော့ မင်းလည်း အသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိဇနီးမယားကိုပင် အဲဒီလို ခြိမ်းခြောက်ခဲ့သည်။ ဇင်နောင်ဝင်းအကြောင်းကို ကောင်းစွာသဘောပေါက်သော မဖြူကလည်း ထိုအချိန်က ရေငုံနှုတ်ပိတ်စွာဖြင့် ဆိတ်ဆိတ်နေခဲ့သည်။ ဇင်နောင်ဝင်းရရှိခဲ့သော လက်ဝတ်ရတနာပစ္စည်းများကို ကျော်မင်းမှ ထုခွဲရောင်းချပေးသည်။ ရရှိသောငွေဖြင့် ဇင်နောင်ဝင်းနှင့်မဖြူတို့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် အိမ်ငှား၍ အတူနေထိုင်ခဲ့ကြသည်။ ကျန်ရှိသောငွေပိုငွေလျှံများကို ဇင်နောင်ဝင်း၏မိခင်မှ တစ်ဆင့် အစ်မဖြစ်သူသို့ အတိုးအလ ယူကာ ဇင်နောင်ဝင်းက ပေးချေးထားကြောင်း၊ မဖြူ(ခ)မအေးသဇင်ဖြူက ဖွင့်ဆိုပြခဲ့သည်။

"ညီမလေးနဲ့ ဇင်နောင်ဝင်းက ဘယ်လိုအကြောင်းကြောင့် ... အိမ်ထောင်ကွဲသွားကြတာလဲ"

လူဆိုတာ ဆင်းရဲသောဒဏ်ကို ခံနိုင်သော်လည်း ချမ်းသာသောဒဏ်ကို မခံနိုင်ကြပါ။ ထိုအထဲတွင် ဇင်နောင်ဝင်းလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ လက်ဖျားတွင်ငွေသီးလာ၍ ဇင်နောင်ဝင်းတစ်ယောက် ခြေလှမ်းပျက်လာသည်။ အသောက်အစားက အကြောင်းမလှ၍ ဇနီးမယားမှသည်းခံနိုင်သော်လည်း အိမ်ထောင်ရေးဖောက်ပြားမှုက ဘယ်ဇနီးမယားမှ သည်းခံနိုင်စွမ်းရှိမည်မဟုတ်ပါ။ ဤသို့ဖြင့် ဇင်နောင်ဝင်းနှင့် မဖြူတို့ အကြင်လင်မယားသည် မျက်နှာချင်းအပ်ထားသော လေးနှင့်သုံးကိန်းဂဏန်းဘဝမှ ကျောပေးထားသော သုံးနှင့်လေးအဖြစ်သို့ ရောက်ရှိသွားခဲ့ကြလေတော့သည်။

## အခန်း(၁၃)

မဖြူထံမှ သတင်းစကားက အမှုစစ်အရာရှိစုံထောက်စံထူးအတွက် အမှောင်တွင်းထဲသို့ အလင်းရောင်သန်းလာသလို၊ လမ်းပျောက်ဝက်ပါထဲမှ လမ်းစမြင်တွေ့သကဲ့သို့ ရှိနေပါ၏။ တစ်နည်းဆိုရလျှင် ပြစ်မှုကြိုးဝိုင်းအတွင်း စုံထောက်စံထူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်သူနှစ်ဦးက ပေါ်ထွက်လာခြေပြီ။ ထိုနှစ်ဦးအနက် ကျော်မင်းက နေအိမ်တွင် အသွားအလာမပျက်ရှိနေသည်။ ဇင်နောင်ဝင်းက ပျောက်ခြင်းမလှပျောက်နေဆဲ။ လွယ်လွယ်တွေး၍ လောလောပြုရလျှင် ကျော်မင်းကိုဆွဲစေလိုက်လျှင် ပွဲပြီးသွားပြီဟု ထင်ရပါမည်။ ကျော်မင်းက ဘူးကွယ်၍ ဇင်နောင်ဝင်းက သိသွားလျှင် ဝေးသည်ထက်ဝေးသွားပြီး မြင်တွေ့ထားသော လမ်းစပင်ပျောက်ကွယ်၍ အမှောင်အတိ ဖြစ်ခြေမည်။ သို့ကြောင့် မိမိနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်သူနှစ်ဦးတွ[illegible] မည်သူက လက်ရည်ကျသနည်း။ ဒါ[illegible] အဓိက သုံးသပ်ချက်၊ လက်ရည်ကျ[illegible] ဖြင့် ဦးစွာယှဉ်ပြိုင်မှ နောက်တစ်ဆ[illegible] တက်နိုင်မည်။ ကျော်မင်းနှင့် ဇင်နော[illegible] ဝင်းတွင် ဇင်နောင်ဝင်းက လက်ရည်[illegible] သည်။

"အဲဒါဆိုလည်း ဇင်နောင်ဝင်း[illegible] တွေ့အောင်ရှာပေါ့၊ လူဆိုးလူမိုက်ဆို[illegible] က ... အမှုအခင်းနဲ့ကင်းတာမဟု[illegible] ဘဲ၊ သူကိုယ်တိုင် .. ကျူးလွန်တာရှိ[illegible] လို ... သူခံခဲ့ရတာကလည်း ရှိချ[illegible] မှာပေါ့၊ ပြီးတော့ ... ဒီကောင်[illegible] နောက်အိမ်ထောင်ပြုတာ ဘာကြာ[illegible] လို့လဲ"


ဤသို့တွေးဆမိသော စုံထော[illegible] စံထူးသည် ဇင်နောင်ဝင်းသွားလာ[illegible] ရှားတတ်သော ရန်ကင်းမြို့နယ်အတ[illegible] သို့ အပြေးတက်လေသည်။ မိဘ[illegible] နေထိုင်ရာနေအိမ်သို့ ချဉ်းကပ်ကြည့်[illegible] ဇင်နောင်ဝင်းက နေအိမ်တွင်မရှိ[illegible] တော့ မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ သ[illegible] သည်။ ရန်ကင်းရဲစခန်းတွင် ဇင်နေ[illegible] ဝင်းအကြောင်း သတင်းထောက်ကြ[illegible] သည်။ ဇင်နောင်ဝင်းသည် ရန်က[illegible] ရဲစခန်း(ပ)၂၀၇/၂၀၁၁၊ ပြစ်မှုဆိုင်[illegible] ဥပဒေပုဒ်မ ၂၉၄/၃၅၂/၁၁၄ ဖြင့် [illegible] နွေးနွေး အမှုဖွင့် အရေးယူခံထား[illegible]

ဒီလို လူစားမျိုးအတွက် လေးဘုံသောအပါယ်တံခါးက အမြဲဖွင့်ထားသည်။
အတိတ်ဘဝကုသိုလ်ကံကြောင့် ပစ္စုပ္ပန်တွင် လူဖြစ်ရသည်ကိုသတိမမူ၊ ရခဲဘိသောလူ့ဘဝတွင်
ကောင်းမှုကိုမစုံ၊ မကောင်းမှုကိုပြု၍ နောင်အနာဂတ်သံသရာတွင်
အဝီစိတွင်း ဆင်းကြရပေဦးမည် ...



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော် . . . ဇင်နောင်ဝင်းနဲ့တွေ့ချင်လို့ပါ''

ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်ရှိ ဇင်နောင်ဝင်း၏မိဘများ နေထိုင်ရာနေအိမ်သို့ ယူနီဖောင်းဝတ်ဖြင့် ရဲအရာရှိတစ်ယောက်ရောက်လာသည်။ ထိုရဲအရာရှိက နေအိမ်တွင်တွေ့ရှိသော ဇင်နောင်ဝင်း၏ မိခင်ကို အထက်ပါစကားဖြင့် ခွင့်ပန်ပြသည်။ ဒီတော့ မိခင်ဖြစ်သူက–

''ဇင်နောင်ဝင်းမရှိဘူး သားရဲ့၊ အပြင်ခဏသွားတယ်၊ အမေ . . . ဘာပြောပေးရမလဲ''

ပြစ်မှုကျူးလွန်သူ တရားခံဇင်နောင်ဝင်း(ခ)ဇောရိုးမှ ပြစ်မှုကျူးလွန်ခဲ့ပုံအား ပြန်လည်သရုပ်ပြစဉ်



ဖြစ်ပြီး ရဲစခန်းမှအာမခံပေးထားသူဖြစ်ကြောင်း သိရသည်။ ဒီသတင်းစကားလည်း စုံထောက်စံထူးအတွက် တိမ်ကင်းစင်သည့်လပြည့်ညသန်းခေါင်ယံလို၊

အမှောင်တွင်းမှအလင်းသို့ရောက်သော ရာဇဝတ်ပြစ်မှုကြီးတစ်ခုမှ ပြစ်မှုကျူးလွန်သူ ဇင်နောင်ဝင်း(ခ)ဇောရိုးကို အမှုစစ်အရာရှိ စုံထောက်စံထူးမှ ညင်သာစွာ ဖမ်းဆီးလိုက်ပုံက–

''ကျွန်တော် . . . ရန်ကင်းရဲစခန်းက ဒုရဲအုပ်သူရပါ၊ ဇင်နောင်ဝင်းရဲ့ အမှုကို စစ်ဆေးတဲ့ အမှုစစ်အရာရှိပါ၊

''ဒီလိုပါ အန်တီ . . . သူ့အမှုကို ဒဏ်ငွေလောက်နဲ့ပြီးပြတ်ဖို့ သူက . . ကျွန်တော့်ကို အကူအညီတောင်းထားပါတယ်၊ အဲဒီကိစ္စကို ကျွန်တော် . . သူနဲ့ ဆွေးနွေးတိုင်ပင်ချင်လို့ပါ''

''အေး . . အေး . . . ကောင်းပါ



www.burmeseclassic.com

တယ်ကွယ်၊ ဒဏ်ငွေလောက်နဲ့ ပြတ်သွားရင် အမေတို့လည်း စိတ်အေးချမ်းသာရသွားတာပေါ့''

''မှန်ပါတယ် . . . အန်တီ၊ ဇင်နောင်ဝင်းလာရင် ကျွန်တော်နဲ့လာတွေ့ဖို့ ပြောပေးပါလား''

''စိတ်ချ . . သား . . . စိတ်ချ၊ ဇင်နောင်ဝင်းရောက်လာရင် အမေ သားဆီကို လွှတ်ပေးလိုက်မယ်''

ပြစ်မှုကျူးလွန်သူ ဇင်နောင်ဝင်းသာ အမှန်တကယ် ရန်ကင်းရဲစခန်းသို့ ရောက်ရှိလာခဲ့ပါလျှင် စာဖတ်ပရိသတ်သည် ကျွန်ုပ်၏ဇာတ်ဆောင် စုံထောက်စံထူး၏ပရိယာယ်ကို ထောပမာပြုကြပါလိမ့်မည်။

မကြာလိုက်ပါ။ ပြစ်မှုကျူးလွန်သူ ဇင်နောင်ဝင်းတစ်ယောက် ရန်ကင်းရဲစခန်းသို့ ရောက်ချလာသည်။ ကျားရှေ့မှောက်လျက်လဲဆိုသလို ကျော့ကွင်းထဲ ဝင်လာသော ဇင်နောင်ဝင်း(ခ)ဇော်ရိုးကို စုံထောက်စံထူးက အသာတကြည်ပင် ဖမ်းမိခဲ့သည်။

''စံထူးမှ စိန်ထွား . . စံထူးမှ စိန်ထွား အသံကြားလျှင်အကြောင်းပြန်''

ဇင်နောင်ဝင်းကို ရမိပြီးနောက် စုံထောက်စံထူးက ခါးကြားမှလက်ကိုင်စကားပြောစက်ကိုဖြုတ်၍ စုံထောက်စိန်ထွားထံသို့ ဆက်သွယ်သည်။ စုံထောက်စိန်ထွားနှင့်အဖွဲ့က ပြစ်မှုကျူးလွန်သူကျော်မင်း၏အနီးပတ်ဝန်းကျင်တွင် ရှိနေကြသည်။ စုံထောက်စံထူး၏ဆက်သွယ်မှုကို–

''စိန်ထွားမှစံထူး . . . စိန်ထွားမှ စံထူး . . အသံငါးရထား''

စုံထောက်စိန်ထွားမှ ရကြောင်း ပြန်သည်။ ဒီတော့ စုံထောက်စံထူးက စုံထောက်စိန်ထွားကို ဆက်သွယ်ရေးလျှို့ဝှက်သင်္ကေတစကားဖြင့် ကျော်မင်းကိုဖမ်းဆီးရန် အကြောင်းကြားသည်။ စုံထောက်စိန်ထွားကလည်း နေအိမ်တွင်အသင့်ရှိနေသော ပြစ်မှုကျူးလွန်သူ ကျော်မင်း(ခ)မင်းဇော်အား လွယ်ကူစွာပင် ဖမ်းဆီးရမိခဲ့လေတော့သည်။

## အခန်း(၁၄)

အခင်း ဖြစ်ပွားသည့်နေ့က ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့ည။ တစ်နှစ်နီးပါးခန့်အကြာ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် စုံထောက်စံထူးမှ လွှဲပြောင်း လက်ခံ စစ်ဆေးခဲ့ရသည်။ ယခု ပြစ်မှုကျူးလွန်သူ ကျော်မင်း(ခ) မင်းဇော်နှင့် ဇင်နောင်ဝင်း(ခ)ဇော်ရိုးတို့ကို ဖမ်းဆီးရမိခဲ့သည်က ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်။ ဖြစ်စဉ်ကို ခြားနားကြည့်လျှင် ၅ နှစ်၊ ၁ လနှင့် ၇ ရက် အကြာမှ ပြစ်မှုကျူးလွန်သူကို ရှာတွေ့ခဲ့သည်။ ၅ နှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူဘက်က အခွင့်အလမ်းသာသည်။ ဒါကို ကြိုသိထားသူ စုံထောက်စံထူးကလည်း ခေသူမဟုတ်။ ပြစ်မှုကျူးလွန်သူ၏အခွင့်အလမ်းကို အမှုစစ်ပညာအစွမ်းဖြင့် နိုင်လုံအောင် တည်ဆောက်ပုံက–

''မေစံထားရေ . . . သက်သေ မဖြူကို မြို့နယ်တရားရုံးကို လိုက်ပို့ပေးလိုက်ပါကွာ၊ သူက . . . အမှုအတွက် ကြိုတင်ထွက်ဆိုချက်ပေးချင်တယ်လို့ ပြောတယ်ကွ၊ တရားရုံးမှာအပ်ထားပြီးရင် မင်းပြန်လာခဲ့တော့၊ သူ့သဘောဆန္ဒနဲ့အညီ တရားသူကြီးဆီမှာ ကြိုက်နှစ်သက်သလို ပြောဆိုပါစေ''

အမှုမှ အဓိကသက်သေဖြစ်သူ မဖြူ(ခ)မအေးသဇင်ဖြူက တရားရုံးတွင် ကြိုတင် ထွက်ဆိုချက်ပေးလိုကြောင်း တင်ပြလာသည်။ ဒါကြောင့် အမှုစစ်ဖြစ်သူ စုံထောက်စံထူးမှသွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိကဝတ်ထားခြင်းစသည့် အဂတိတရားကင်းရှင်း၍ စစ်မှန်သော ကြိုတင်ထွက်ဆိုရရှိဖို့အတွက် တပည့်ဖြစ်သူ စုံထောက်မ မေစံထားကို အထက်ပါစကားဖြင့် အမှာပါးသည်။ မေစံထားကလည်း သက်သေမဖြူကို သိမ်မွေ့ညင်သာစွာ ဖေးကူ၍ အင်းစိန်မြို့နယ်တရားရုံးသို့ လမ်းညွှန်ပြသပို့ဆောင်ပေးခဲ့သည်။ အမေမှာသည့် ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲဆိုသလို မဖြူကို တရားရုံးသို့ အပ်ပေးပြီးနောက် မေစံထားလည်း ရုံးသို့ပြန်လာခဲ့သည်။ သက်သေမဖြူ၏ ကြိုတင်ထွက်ဆိုမှုက အင်းစိန်မြို့နယ်တရားရုံး၏ ပြစ်မှုသေး အထွေထွေအမှုအမှတ် ၂၆၁/၂၀၁၁ တွင် အထင်အရှားရှိသည်။

''ကျွန်တော် . . . မသိလို့မေးပါရစေဗျာ၊ ကျွန်တော့်ကို ဘာကိစ္စနဲ့ ဖမ်းတာလဲ''

စုံထောက်စံထူးသည် လက်ဗွေပညာရှင် စုံထောက်မေစံထားနှင့်အတူ ကျော်မင်း၏လက်ပုံစံကို နှိပ်ယူဖို့အတွက် ကျော်မင်းရှိရာ စစ်ကြောရေးခန်းသို့ ဝင်ရောက်လာသည်။ စစ်ကြောရေးခန်းအတွင်း ထိန်းသိမ်းထားသော ကျော်မင်းက စုံထောက်စံထူး၏ အထက်ပါစကားဖြင့် အမေးပွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမှားသော ရှေ့နေဆိုသော ဆောင်ပုဒ်လို
ကျွမ်းကျင်သောပညာရှင်တစ်ဦး၏
စမ်းသပ်စစ်ဆေးတွေ့ရှိချက်သည်
အမှားအယွင်းမရှိစေရန်အတွက်
ပေါ်ထွက်လာသောအဖြေကို
တစ်ဦးချင်း၊ တစ်ယောက်ချင်း၊
အဖွဲ့လိုက် စစ်ဆေးခြင်း၊ ထပ်မံစစ်ဆေးခြင်းနှင့်
နောက်ထပ်စစ်ဆေးခြင်းများ ပြုရပါသည်။
ဒါမှသာ စစ်မှန်သောအဖြေကို
ရရှိကြမှာဖြစ်သည်...

တော့ စုံထောက်စံထူးက–

"အဲဒီအမေးကို ...ငါဖြေတာ က်..မင်းနဲ့ ...တစ်လှေတည်းစီး၊ စ်ခရီးတည်းသွားခဲ့ကြတဲ့ ဖင်နောင် င်းကိုယ်တိုင်ဖြေတာက..ပိုပြီး တိကျ လိမ့်မယ်"

ကျော်မင်းဆီက နောက်ထပ်ဘာ ားသံမှထွက်မလာ။ ဒီတော့ မိမိလုပ် ာရှိသည့် ပြစ်မှုကျူးလွန်သူ ကျော် င်း၏လက်ပုံစံများကို ကျွမ်းကျင်သူ စံထားဖြင့် ထင်ရှားစွာ လိမ့်နှိပ်ယူ သည်။ ကျော်မင်း၏ ဝဲ/ယာ လက် ချောင်းပုံစံကို ရယူပြီးနောက် ဖင် င်ဝင်းရှိရာ စစ်ကြောရေးခန်းသို့ ကြသည်။ ဖင်နောင်ဝင်း၏ လက် ချောင်းပုံစံကိုရယူနေစဉ် စုံထောက် းက–

"မင်းနဲ့..ရန်ကင်း ၅ ရပ်ကွက် တစ်ရပ်ကွက်တည်းနေတဲ့ ကျော် ကို သိသလား"

"မသိပါဘူး ခင်ဗျ"

"မင်းကသာ မသိဘူးပြောနေ၊ ကျော်မင်းက မင်းကို ကောင်းကောင်း သိတယ်၊ ရင်းနှီးတယ်လို့ ဆိုပါလား"

"ဒါဆိုလည်း ...သူနဲ့ကျွန်တော့်ကို ပေးတွေ့ပေးလေ ...မြင်ရင်တော့ ကျွန်တော် မှတ်မိချင် မှတ်မိနိုင်မှာပါ"

အထက်တွင်ဖွင့်ဆိုခဲ့သည့်အတိုင်း အမှုဖြစ်ပွားခဲ့သော အချိန်အတိုင်းအ တာကြာမြင့်ခဲ့ပြီဖြစ်၍ ပြစ်မှုကျူးလွန် သူက သူ၏အခွင့်အလမ်းဖြင့် သွေးတိုး စမ်းသပ်နေခြင်း ဖြစ်ပါ၏။ ဒါကို ကြို တင်သိရှိထားပြီးဖြစ်သော စုံထောက် စံထူးက–

"ကောင်းပြီလေ ...ကျော်မင်း ရောက်လာတဲ့အခါ..မင်းနဲ့..ဆုံပေး တာပေါ့"

ဖင်နောင်ဝင်း၏လက်ပုံစံများကို ရယူပြီးဖြစ်၍ စုံထောက်စံထူးနှင့် စုံ ထောက်မေစံထားတို့လည်း စစ်ကြော ရေးခန်းမှ ပြန်ထွက်ခဲ့ကြသည်။ စစ် ဆင်ရေးဌာနခွဲအရောက်မေစံထားက–

"ဆရာ..ကျွန်မ လက်ပုံစံဌာန ဘက်ကို ပြေးလိုက်ဦးမယ်"

"အေး ...အေး ...အဲဒီ လက်ပုံစံနှစ်ခုကိုတော့ တို့ဘက်က အမှားမရှိအောင် သေချာစစ်ကြကွာ၊ Check, Re-Check, Counter-Check ဆိုတာကို မမေ့နဲ့"

မမှားသော ရှေ့နေဆိုသော ဆောင်ပုဒ်လို ကျွမ်းကျင်သောပညာရှင် တစ်ဦး၏ စမ်းသပ်စစ်ဆေးတွေ့ရှိချက် သည် အမှားအယွင်းမရှိစေရန်အတွက် ပေါ်ထွက်လာသောအဖြေကို တစ်ဦး ချင်း၊ တစ်ယောက်ချင်း၊ အဖွဲ့လိုက် စစ်ဆေးခြင်း၊ ထပ်မံစစ်ဆေးခြင်းနှင့် နောက်ထပ်စစ်ဆေးခြင်းများ ပြုရပါ သည်။ ဒါမှသာ စစ်မှန်သောအဖြေကို ရရှိကြမှာဖြစ်သည်။ ဒါကြောင့် အမှုစစ် အရာရှိဖြစ်သူ စုံထောက်စံထူးက အ ထက်ပါစကားဖြင့် အသိပေးခြင်း ဖြစ် သည်။

အထက်တွင် ဖွင့်ဆိုထားပြီးဖြစ်ပါ သည်။ အခင်းဖြစ်စဉ်က နေအိမ် အောက်ထပ်ဧည့်ခန်းရှိ စားပွဲပေါ်တွင် အအေးထည့်ထားသော ဖန်ခွက် ၂ ခွက်က ကျန်ရှိနေသည်။ ထိုဖန်ခွက် ၂ ခွက်ပေါ်တွင် ထင်ရှားပြတ်သား သော လက်ပုံစံတစ်ခုနှင့် မထင်ရှား သော လက်ပုံစံတစ်ခုတို့ ထင်ဟပ်ကျန် ရှိနေသည်။ အဆိုပါ လက်ပုံစံနှစ်ခုကို မြို့နယ်ရဲတပ်ဖွဲ့မှပေးပို့သော မသင်္ကာ သူ ၃၇ ဦးနှင့် မှုခင်းတပ်ဖွဲ့(စီအိုင်ဒီ) မှ လွှဲပြောင်း လက်ခံစစ်ဆေးနေစဉ် သင်္ကာမကင်းသူ ၁၇ ဦး စုစုပေါင်း



www.burmeseclassic.com

သက်ာမကင်းသူ ၅၄ ဦးတို့၏ လက်ပုံစံများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့သော်လည်း တူညီမှုမရှိကြောင်းကို ဖွင့်ဆိုပြခဲ့ပြီးဖြစ်သည်။

ယခုမူ သက်သေခံအဖြစ် ဖန်ခွက်ပေါ်၌ ထင်ဟတ်ကျန်ရှိနေသော လက်ပုံစံ ၂ ခုတွင် နမူနာရယူခဲ့သော ပြစ်မှုကျူးလွန်သူ ကျော်မင်းနှင့် ဖင်နောင်ဝင်းတို့နှစ်ဦးထဲမှ မည်သူ၏လက်ပုံစံ၊ တစ်နည်းလက်ဗွေဖြစ်မည်၊ ဒါမှမဟုတ် တူညီမှုမရှိကြောင်း၊ တိုက်ဆိုင်စစ်ဆေးပြန်ကြားချက်ကို စောင့်မျှော်လျက်။ သိပ္ပံနည်းကျ စုံစမ်းစစ်ဆေးမည်၊ မှုခင်းဟူဘိ ဆိတ်ကွယ်ရာမရှိစေရဆိုသလို၊ ခေတ်မီ၊ စနစ်မီနည်းပညာများ၊ ကျွမ်းကျင်သူပညာရှင်များက တိုက်ဆိုင်စစ်ဆေးအဖြေပေးသည်။ ထိုအဖြေကား ဖန်ခွက်ပေါ်မှရရှိထားသော ကောင်းမွန်သည့်လက်ပုံစံ ၁ ခုသည် ပြစ်မှုကျူးလွန်သူကျော်မင်း(ခ)မင်းဇော်၏ လက်ယာလက်မလက်ပုံစံနှင့် တူညီမှုရှိကြောင်း အဖြေထွက်လာသည်။ ဤသည်မှာ အမှုအတွက်သက်မဲ့သက်သေခံချက်၊ တစ်နည်း စကားမပြောတတ်သောသက်သေ mute Evidence က တရားခံကို မီးမောင်းထိုး၍ ဆွဲထုတ်ပြနေခြင်းပင် ဖြစ်ပါတော့သည်။

အခန်း(၁၅)

မြင်တွေ့ ကြားသိခဲ့သော မဖြူ၏ နှုတ်သက်သေခံချက် Oral Evidence နှင့် ဖန်ခွက်ပေါ်မှ လက်ပုံစံ(လက်ဗွေ)၏ သက်မဲ့သက်သေခံချက် Mute Evidence တို့သည် အမှုစစ်အရာရှိ စုံထောက်စံထူး၏စွမ်းပကားပင် ဖြစ်သည်။ ဒါကြောင့် စစ်မေးသူနှင့် အစစ်ခံသူတို့၏ ဉာဏ်ရည်ပြိုင်ပွဲ Game of wit တွင် စုံထောက်စံထူး၏စကားစစ်ထိုးပုံက–

''ဒီမှာ . . ဖင်နောင်ဝင်း၊ မင်းကသာ ကျော်မင်းကို မသိသလို . . . မမှတ်မိသလို ဆိုနေပေမယ့် ကျော်မင်းက မင်းကို ကောင်းကောင်းသိပါတယ်၊ မင်းနဲ့အတူတကွ ကျူးလွန်ခဲ့တဲ့ လူသုံးဦးကို သတ်၊ ရွှေငွေရတနာပစ္စည်းတွေယူပြီး အိမ်ကိုပါ . . . မီးလောင်အောင် ဖန်တီးခဲ့တဲ့အမှုကိုတောင် ဖော်ကောင်လုပ်နေပြီ၊ မင်း . . . မယုံကြည်ဘူးဆိုရင် ဟောဒီ တီဗွီဖန်သားပြင်ကို ကြည့်လိုက်''

ဟုဆိုကာ ဖင်နောင်ဝင်း၏စစ်ကြောရေးခန်းအတွင်းမှ တီဗွီကိုဖွင့်ပြသည်။ တရားခံကျော်မင်းရှိနေသော စစ်ကြောရေးခန်းအတွင်းရှိ စီစီတီဗွီကင်မရာမှ ကျော်မင်း၏ပုံရိပ်က ဖင်နောင်ဝင်း ကြည့်ရှုနေသော တီဗွီဖန်သားပြင်ပေါ်သို့–

''အဲဒီလောက်ဆိုရင် ကျော်မင်းဘယ်မှာရှိနေတယ်ဆိုတာ မင်း . . . သဘောပေါက်လောက်ပြီပေါ့ကွာ၊ ကာယကံရှင်ကတောင် ဖွင့်ပြောရဲသေးတာပဲကွာ၊ မင်းက . . . သူ့ထက်စာရင် ပိုလို့တောင် ပြောရဲရမှာပေါ့၊ မင်းက အငှားလိုက်တဲ့လူမိုက် . . . ကျော်မင်းက သတ်ရဲဖြတ်ရဲတဲ့ လူသတ်သမား၊ မင်းက . . . မိုက်ရုံတင်မိုက်တာပါ၊ မသတ်ရဲပါဘူး''

လူမိုက်နှင့်လူသတ် အဓိပ္ပါဒ်ချင်းအတူတူဖြစ်သော်လည်း မိုက်သူ၏ အကျိုးသက်ရောက်မှုနှင့် သတ်သူ၏ အကျိုးသက်ရောက်မှုတို့ကို စုံထောက်စံထူးက ဓမ္မဓိဋ္ဌာန်ကျကျ ခင်းကျင်းပြသည်။ စုံထောက်စံထူး၏စကားအဆုံးတွင် ဖင်နောင်ဝင်းက–

''ကျွန်တော်က . . . လူမိုက်ပီပီ ရိုက်ရုံတင် ရိုက်တာပါ၊ မသတ်ပါဘူး''

ဟု အစချီ၍ အမှုဖြစ်စဉ်ကို ဖွင့်ဆိုခဲ့ပုံက–

\+ + + + +

၂၀၀၆ ခုနှစ်၊ ဧပြီလဆန်းခန့်က ဖြစ်သည်။ ဖင်နောင်ဝင်းသည် အစ်ကိုဝမ်းကွဲတော်သူခင်မောင်စိုးဖြင့် ကျော်မင်းနေအိမ်သို့ ဦးစွာပထမရောက်ရှိခဲ့ဖူးသည်။ နေအိမ်တွင် ကျော်မင်းကို အသင့်တွေ့သည်။ ဒီတော့ ခင်မောင်စိုးက ကျော်မင်းပိုင်ဂျစ်ကားကို သကြံန်လည်ဖို့အတွက် ငှားရမ်းလိုကြောင်း ပြောသည်၊ ကားပိုင်ရှင်ကျော်မင်းကလည်း ကြိုက်ဈေးရ၍ ဂျစ်ကားကို ငှားရန် သဘောတူလိုက်သည်။ ထို့နောက် ခင်မောင်စိုးက ညီဝမ်းကွဲတော်သူ ဖင်နောင်ဝင်းကို ကျော်မင်းနှင့်မိတ်ဆက်ပေးသည်။

''နာမည်ရင်းကတော့ . . . ဖင်နောင်ဝင်းပါ၊ ဒါပေမဲ့ . . . ကျွန်တော့်ညီက လက်ရဲဇက်ရဲနိုင်လို့ ရပ်ကွက်ထဲမှာ ဇောရိုးလို့ဆိုရင် . . . မသိတဲ့သူ မရှိသလောက်ပါပဲ''

''အဲဒီလိုလည်း . . . မဟုတ်ပါဘူး အစ်ကိုရယ်၊ ကျွန်တော်က မဟုတ်မခံဆိုတော့ ကျွန်တော့်သတင်းက ကြီးနေတာပါ''

ဖင်နောင်ဝင်း၏စကားအဆုံးတွင် ကျော်မင်းက–

''မှန်တာပေါ့ ငါ့ညီရာ . . အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မဟုတ်မခံဆိုတော့ ငါ့ညီနဲ့ အစ်ကိုက ပေါင်းလို့ရသွားပြီ”

စရိုက်တူသူချင်း ပေါင်းသင်းမိကြတာက အကြောင်းမဟုတ်။ မဟုတ်တာကိုမခံလိုသော်လည်း ဟုတ်တာ၊ မှန်တာကိုတော့ ခံနိုင်ဖို့လိုသည်။ ထိုစဉ်ကစ၍ ကျော်မင်းနှင့်ဇင်နောင်ဝင်းတို့မှာ စရိုက်တူချင်း အသိမိတ်ဆွေ ဖြစ်ခဲ့ကြသည်။ တစ်ရပ်ကွက်သားချင်းလည်း ဖြစ်၊ အသောက်အစားကလည်း မကင်းကြသူများဖြစ်၍ စားသောက်ဝိုင်းများတွင် အတူစားသောက်ခဲ့ကြရင်းမှ ကျော်မင်းနှင့်ဇော်ရိုး(ဇင်နောင်ဝင်း)တို့မှာ တစ်ဦးနှင့်တစ်ယောက် တိုင်ပင်ဖော်တိုင်ပင်ဖက်များအဆင့်သို့။ တစ်နေ့ ဘီယာဆိုင်တွင် အတူသောက်စားနေရာမှ ကျော်မင်းက–

“ငါ့မိတ်ဆွေတစ်ယောက်ရှိတယ်၊ ငါ့ဆီက ငွေတွေချေးထားပြီး ပြန်မဆပ်ဘူးကွ၊ သွားတောင်းတော့လည်း ဟိုနေ့ရွှေ့ ... ဒီနေ့ရွှေ့ လုပ်တယ်၊ ဒီတစ်ခါကြွေးသွားတောင်းရင် .. မင်းနဲ့အတူသွားမယ်ကွာ၊ မပေးရင်တော့ ... အနာတရဖြစ်အောင် ရိုက်ပစ်မယ်ကွာ၊ မင်းလိုက်မှာမဟုတ်လား”

“လိုက်မှာပေါ့ဗျာ ... အဲဒီလို မဟုတ်တာလုပ်တဲ့သူတွေကို မခံချင်လွန်းလို့ ဇော်ရိုးလို့ နာမည်တစ်လုံးရထားတဲ့သူပဲ ... လိုက်မှာပေါ့”

ကောင်းမွန်မြင့်မြတ်သော သူတစ်ပါးမလုပ်ချင်သည့် အနိမ့်ကျဆုံးသော ကုသိုလ်အလုပ်မျိုးတွင် ဇော်ရိုးလုပ်ရသည်က အကြောင်းမဟုတ်။ မဟုတ်မမှန်သောအလုပ်မျိုးတွင် ဇော်ရိုးလုပ်ရသည်က အကုသိုလ်ကိုရင်ဝယ်ပိုက်ထားရသကဲ့သို့ ရှိလှပါ၏။ ဤသို့ဖြင့် ကျော်မင်းသည် အကုသိုလ်အမှုကို ပြုဖို့အတွက် ဇင်နောင်ဝင်းကို နောက်တစ်နေ့ညနေတွင် ၎င်းနေအိမ်သို့ ချိန်းဆိုလိုက်သည်။

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက် နေ့ညနေ ၄ နာရီအချိန်။ ဇင်နောင်ဝင်းသည် ကျော်မင်းနေအိမ်ရှေ့တွင် အသင့်စောင့်နေသည်။ ခဏအကြာ ကျော်မင်းက သူပိုင်ဂျစ်ကားကိုမောင်း၍ ဇင်နောင်ဝင်းရှိရာသို့ရောက်ရှိလာသည်။ ကြိုတင်ညှိနှိုင်းထားပြီးဖြစ်၍ ဇင်နောင်ဝင်းကလည်း ကျော်မင်းမောင်းနှင်လာသော ကား၏ရှေ့ခန်းထိုင်ခုံတွင် အလိုက်သင့်အလျားသင့် ဝင်ထိုင်သည်။ ကားမောင်းထွက်ပြီးမကြာမီ ကျော်မင်းက–

“ရော့ ... ဟောဒီသံတုတ်ကို ဒီကျောပိုးအိတ်ထဲထည့်ပြီး လွယ်လာခဲ့ကွာ၊ လိုအပ်ရင် ရိုက်ဖို့ ပြုဖို့ပေါ့”

ထိုင်ခုံအောက်ရှိ လုံးပတ် ငါးမူးလုံးခန့် အရှည် ၁ ပေခွဲခန့်ရှိ သံတုတ်တစ်ချောင်းကိုထုတ်၍ နံဘေးရှိ ကျောပိုးအိတ်ကိုပါ ညွှန်ပြပြောဆိုသည်။ ဇင်နောင်ဝင်းကလည်း သံတုတ်ကိုရယူ၍ ကျောပိုးအိတ်ကိုဖွင့်သည်။ ထို့နောက် သံတုတ်ကို ကျောပိုးအိတ်ထဲသို့ထည့်သည်။ ထိုသို့ထည့်စဉ် ကျောပိုးအိတ်အတွင်း၌ ရုပ်အင်္ကျီတစ်ထည်ရှိနေသည်ကိုလည်း တွေ့မြင်လိုက်သည်။ ဤသို့ မောင်းနှင်ထွက်လာကြစဉ် ရွှေပြည်သာမြို့အဝင် လမ်းနံဘေးရှိစားသောက်ဆိုင်တစ်ခုရှေ့၌ ကားကိုရပ်သည်။ အချိန်က ညနေ ၅ နာရီခန့်၊ ငမိုက်သားနှစ်ယောက်က အကုသိုလ်အမှုပြုဖို့အတွက် စားသောက်ဆိုင်ထဲဝင်ကြသည်။ နေအကျ လေအထတွင် အကုသိုလ်မီးကြီးတောက်စေဖို့အတွက် လောင်စာအရက်ကို မှီဝဲကြသည်။ စားရင်းသောက်ရင်း အရှိန်တက်လာသော ကျော်မင်းက–

“ငါအချက်ပြလိုက်တာနဲ့ .. မင်းက အိတ်ထဲကသံတုတ်နဲ့ အပြတ်နှက်ပေတော့”

ပြစ်မှုကျူးလွန်သူ တရားခံကျော်မင်းမှ သက်သေခံပစ္စည်းများ စွန့်ပစ်ထားသည့်နေရာအား ပြသနေစဉ်





www.burmeseclassic.com

အခန်း(၁၆)

''အန်တီ . . . အန်တီရေ''

နေအိမ်ခြံဝင်းရှေ့ တံခါးဝင်ပေါက်မှ အော်ခေါ်သံကြောင့် နေအိမ်တွင်းရှိ ဒေါ်ခင်အေးသွယ်မှ နေအိမ်အဝင် သစ်သားတံခါးမကြီးကိုဖွင့်သည်။ နေအိမ်အဝင် သံပန်းတံခါးအတွင်းမှ ခြံဝသို့ မျှော်ကြည့်သည်။ ခြံအဝင်တံခါးဝတွင်ရပ်နေသော ကျော်မင်းနှင့် လူစိမ်းတစ်ဦးကိုတွေ့သည်။ ကျော်မင်းက အိမ်သို့ ၄/၅ ကြိမ် လာရောက်ဖူးသူ လူရင်း၊ အတူပါလာသူက တစ်ကြိမ်တစ်ခါမှမလာဖူးသူ၊ လူရင်းပါလာသည်ဆိုတော့ ဒေါ်ခင်အေးသွယ်ကလည်း သံသယဖြစ်ဖွယ်မရှိ၊ ဒီတော့ နေအိမ်တွင်းရှိ သော့တွဲကိုသွားယူသည်။ သော့ခတ်ထားသောနေအိမ်အဝင် သံပန်းတံခါးကိုဖွင့်သည်။ ထို့နောက် ဒေါ်ခင်အေးသွယ်က ခြံဝင်းတံခါးကို ဖွင့်ပေးဖို့ ဝင်ပေါက်သို့လျှောက်သွားသည်။ ခြံဝင်းတံခါးအရောက် ဒေါ်ခင်အေးသွယ်က-

''ဟဲ့ . . . ကျော်မင်း၊ ဒီအချိန်ကျမှ ဘာလာလုပ်တာလဲ''

''အန်တီက ကက်ဆက်ရောင်းမယ်ဆိုလို့ ဝယ်သူတွေ့တာနဲ့ ခေါ်လာပေးတာပါ''

''အော် . . . အေး . . အေး . . လာ အိမ်ထဲဝင်ကြ''

ဤသို့ဖြင့် အကုသိုလ်အမှုပြုကြမည့် ဒုစရိုက်သမားနှစ်ယောက်လည်း နေအိမ်အောက်ထပ်ဧည့်ခန်းသို့ ရောက်ရှိခဲ့ကြသည်။ ဧည့်ခန်းတွင် နေရာယူကြပြီးနောက် ဒေါ်ခင်အေးသွယ်က-

''မေဆွိရေ . . . သမီး ဧည့်သည်တွေအတွက် အအေးနှစ်ခွက်လောက်ယူခဲ့ကွယ်''

ဧည့်ခန်းနှင့်ကပ်လျက် မီးဖိုခန်းတွင်ရှိနေသော အိမ်ဖော်ကို အော်ပြောလိုက်သည်။ ခဏအကြာ အိမ်ဖော်မေဆွိက ဖန်ခွက်ဖြင့်ထည့်ထားသော လိမ္မော်ရည်နှစ်ခွက်ကို ဧည့်ခန်းရှိဧည့်သည်နှစ်ယောက်ရှေ့ စားပွဲပေါ်သို့ လာချပေးသည်။ ကျော်မင်းနှင့် ဇင်နောင်ဝင်းလည်း ဖန်ခွက်များကို ကိုယ်စီကိုင်၍ အအေးသောက်ကြသည်။ ခဏအကြာ ကျော်မင်းက-

''အန်တီ . . . ကြုံကြိုက်တုန်း အန်တီ့စန္ဒယားလက်သံလေး . . . နားထောင်ချင်ပါတယ်''

ဒေါ်ခင်အေးသွယ်က စန္ဒယားတီးတတ်သည်။ နေအိမ်သို့ရောက်ရှိလာသော မိတ်ဆွေအပေါင်းအသင်းများကို ဧည့်ခံကျွေးမွေးရင်း စန္ဒယားတီးခတ်၍ ဖျော်ဖြေလေ့ရှိသည်။ ဒီအထာကို သိထားပြီးဖြစ်သော လူရင်းကျော်မင်းက ခွင့်ပန်တောင်းဆိုခြင်း ဖြစ်သည်။ ဒေါ်ခင်အေးသွယ်က ဧည့်ခန်းရှိ စန္ဒယားခုံသို့အသွား၊ အလိုက်သိသော ဦးအုန်းမောင်က[illegible]ည်း မီးပျက်နေ၍ မီးစက်နှိုးရန်အထွက်တွင် အိမ်ဖော်မေဆွိကလည်း မီးဖိုခန်းတွင်ရှိနေခဲ့သည်။ စန္ဒယားတီးရန် ဟန်ပြင်နေသော ဒေါ်ခင်အေးသွယ်၏အနီးတွင် ကျော်မင်းမှ စကားစမြည် ပြောနေသည်။ ဦးအုန်းမောင်လည်း မီးစက်နှိုး၍ မီးများလင်းလာချိန်တွင် ကျော်မင်းက ကိုယ်အမူအရာဖြင့် အဘိုးကြီးအားရိုက်နှက်ရန် လက်ဟန်ပြသည်။ ဒါကြောင့် ဇင်နောင်ဝင်းက ကျောပိုးအိတ်အတွင်းမှ အသ[illegible] ယူလာသော သံတုတ်ကိုထုတ်၍ ဦ[illegible] အုန်းမောင်၏ ဘယ်ဘက်ပုခုံးကိုရိုက်[illegible] သည်။ ထိုစဉ် ကျော်မင်းကလည်[illegible] စန္ဒယား တီးနေသော ဒေါ်ခင်အေ[illegible] သွယ်အား ကြမ်းပြင်သို့လှဲကာ အဘွာ[illegible] ကြီး၏လည်ပင်းကို လက်နှစ်ဖက်ဖြင့်[illegible] ဖျစ်ညှစ်နေသည်။ ကျော်မင်းက အဘိုး[illegible] ကြီးကို ဆက်ရိုက်ရန်ပြောရာ ဇင်နော[illegible] ဝင်းက ဦးအုန်းမောင်၏ ဦးခေါင်းယာ[illegible] ဘက်အား သံတုတ်ဖြင့် ဆက်ရိုက်[illegible] သည်။ ကြမ်းပြင်သို့ လဲကျသွားသော[illegible] ဦးအုန်းမောင်က-

''ဟောကောင်တွေ . . . မလုပ်ကြ[illegible] ပါနဲ့ကွာ၊ မလုပ်ပါနဲ့ . . . ငါတို့က အဘိုး[illegible] ကြီး . . . အဘွားကြီးတွေပါ''

ဧည့်ခန်း၏လှုပ်ရှားမှုပုံရိပ်နှင့် သံ[illegible] စဉ်များကြောင့် မီးဖိုခန်းအတွင်းရှိ အိမ်[illegible] ဖော်မေဆွိက အပြေးကလေးထွက်လာ[illegible] သည်။ ဒါကို မြင်တွေ့သူ ဇင်နောင်ဝင်[illegible] က အိမ်ဖော်ကိုလည်း အလစ်မပေး[illegible] ကျော်မင်းခိုင်းသည့်အတိုင်း သံတုတ်[illegible] ဖြင့် အပြေးရိုက်သည်။ သတ္တဝါနှင့်[illegible] လက်နက် မမျှတသည့်အတွက် မေဆွိ[illegible] လည်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုး[illegible] ပြတ် ပြုတ်ကျ၍ ဘာသံမှထွက်မလာ[illegible] ထွက်လာသော အသံက . . .

''မလုပ်ကြပါနဲ့ကွာ . . . မလုပ်ကြ[illegible] ပါနဲ့''

ကြမ်းပြင်တွင် ဒဏ်ရာဖြင့်လဲကျ[illegible] နေသော ဦးအုန်းမောင်၏အသံ။ [illegible] တော့ ကျော်မင်းက မလှုပ်မယှက်နိုင်[illegible] တော့သည့်အဖွားကြီးကိုထားရှိ၍ အ[illegible] လာရာ အဖိုးကြီးဆီသို့ အ[illegible]တက်[illegible] လာသည်။ ထို့နောက် [illegible]ကျနေသော[illegible]



www.burmeseclassic.com

www.burmeseclassic.com


ဦးအုန်းမောင်၏လည်ပင်းကို ကျော်မင်းက လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်၍ ကြမ်းပြင်ဖြင့်ဆောင့်ချလိုက်သည်။ ကျော်မင်း၏ပြုမူမှုကြောင့် ဦးအုန်းမောင်လည်း အသံပျောက်ကာ ငြိမ်ကျသွားသည်။ လူသတ်သမားသူ ကျော်မင်းနှင့်ဖင်နောင်ဝင်းတို့၏ ရက်စက်ယုတ်မာမှုကြောင့် အိမ်ရှင်ဦးအုန်းမောင်၊ ဒေါ်ခင်အေးသွယ်နှင့် သမီးဖော်မေဆွိတို့ ၃ ဦးမှာ နေအိမ်အောက်ထပ်ဧည့်ခန်းနှင့် အပေါ်ထပ်တက်သည့်လှေကားခြေရင်း ကြမ်းပြင်ပေါ်တွင် ဆိတ်ငြိမ်စွာဖြင့် မဟုန်မလှုပ်ဖြစ်နေခဲ့သည်။ ထိုစဉ်-

"ဟေ့ကောင် .. ဇော်ရိုး၊ အပေါ်ထပ်မှာ လူရှိမရှိ တက်ကြည့်ကွာ"

ကျော်မင်း၏အမိန့်သံကြောင့် ဖင်နောင်ဝင်းက သံတုတ်ကိုင်၍ နေအိမ်အပေါ်ထပ်သို့တက်သည်။ နေအိမ်အပေါ်ထပ်တွင် ကျိုးကန်းတောင်းမှောက်နေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့။ ဒီတော့ ဖင်နောင်ဝင်းက အိမ်အောက်ထပ်သို့ ဆင်းလာသည်။ ဒီတော့ ကျော်မင်းက နေအိမ်အပေါ်ထပ်တွင် ငွေနှင့် လက်ဝတ်ရတနာများရှိကြောင်း အပေါ်ထပ်သို့တက်၍ ရှာဖွေရန်ပြောသည်။ ဖင်နောင်ဝင်းလည်း နေအိမ်အပေါ်ထပ်သို့ နောက်တစ်ကြိမ်ထပ်တက်သွားသည်။ နေအိမ်အပေါ်ထပ်ရှိ ဗီဒိုများကိုဖွင့်၍ မွှေနှောက်ရှာဖွေသည်။ မည်သည့်ပစ္စည်းပစ္စယကိုမျှ ရှာမတွေ့။ ဒါကြောင့် ဖင်နောင်ဝင်းက အောက်ထပ်သို့ပြန်ဆင်းလာသည်။ နေအိမ်အောက်ထပ်ရှိ ကျော်မင်းသည် ဘီလစ်လဲလျောင်းနေသော အဖွားကြီး၏ခန္ဓာကိုယ်မှ လက်ဝတ်ရတနာပစ္စည်းများကို ပလာယာဖြင့် ဖြတ်တောက်ဖြုတ်ယူနေသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့သူက တရားခံဖင်နောင်ဝင်း။ ဒီတော့-

"အပေါ်ထပ်မှာတော့ ...ဘာပစ္စည်းမှမတွေ့ဘူးဗျ"

"ရှိပါဘယ်ကွာ .. မင်း .. သေချာမရှာလို့ပါ၊ လာ ... ငါနဲ့လိုက်ခဲ့"

ငမိုက်သားနှစ်ကောင်က နေအိမ်အပေါ်ထပ်သို့အတူတက်သွားကြသည်။ လှေခါးထိပ်ခြေရင်းဘက်ခန်းရှိ အဝတ်အထည်များထည့်ထားသော ဘီဒိုကိုဖွင့်သည်။ အဝတ်အထည်များကို ဖယ်ရှားကြည့်ရာ ပိုက်ဆံအထုပ်လိုက် ၃ ပုံကို တွေ့သည်။ ဘီဒိုအတွင်းရှိ အံဆွဲများကို ဆွဲဖွင့်ကြည့်သည်။ အံဆွဲအတွင်း၌ ဘူးအချို့ကိုတွေ့၍ ဖွင့်ကြည့်ရာ ဘူးအတွင်း၌ ကျောက်သံပတ္တမြားမျိုးစုံပါဝင်သော ရွှေထည်လက်ဝတ်ပစ္စည်းများကို တွေ့သည်။ ဘူးအတွင်းရှိရွှေထည် လက်ဝတ်ရတနာပစ္စည်းများကို ကျော်မင်းက သူဝတ်ဆင်လာသော လုံချည်၏ခါးပုံစထဲသို့ သွန်ချထည့်ယူသည်။ ငွေစက္ကူများကိုမူ အခန်းထဲတွင် အသင့်တွေ့ရှိရသော အရှည်တစ်တောင်၊ အနက်တစ်တောင်ခန့်ရှိ လက်ကိုင်ပါအိတ်အတွင်းသို့ ထည့်သွင်းကြသည်။ ထို့နောက် ကျန်ရှိနေသေးသော အိပ်ခန်းတစ်ခန်းအား ဝင်ရောက်ကြသည်။ ထိုအခန်းအတွင်းရှိ အဝတ်ဘီဒိုအား မွှေနှောက်ကြသည်။ ဘီဒိုအတွင်းမှ ထပ်မံတွေ့ရှိသော ငွေစက္ကူများကိုမူလက ငွေများထည့်ထားသော အိတ်အတွင်းသို့ ထပ်မံထိုးထည့်၍ ရယူခဲ့ကြောင်း တရားခံဖင်နောင်ဝင်းက ဝန်ခံထွက်ဆိုပြသည်။ ဖင်နောင်ဝင်း(ခ)ဇော်ရိုး၏ ဝန်ခံချက်အဆုံးတွင် အမှုစစ်အရာရှိစုံထောက်စံထူးက-

"ဒီလောက်နဲ့တော့ ...မင်းတို့နှစ်ယောက်ရဲ့ဇာတ်လမ်းက .. မပြတ်သေးဘူးကွ၊ ကျန်သေးတယ်"

အခန်း(၁၇)

"ခြေရာလက်ရာမကျန်အောင် အပြတ်ရှင်းဖို့လိုတယ်ကွ"

တရားခံကျော်မင်း၏ စကားက ရက်စက်မှုအပေါင်း သရဖူဆောင်းမည့်အလား။ ဒါကို နားမလည်ရှာသော လူမိုက်ဇော်ရိုးက-

"ဘယ်လိုရှင်းမှာလဲ"

"မင်း ...ဒီမှာခဏစောင့်၊ ငါ ကားဂိုထောင်ဘက် ခဏသွားလိုက်ဦးမယ်"

ပြောပြောဆိုဆိုဖြင့် ကျော်မင်းသည် နေအိမ်အပေါ်ထပ်မှ အောက်ထပ်ရှိ ကားဂိုထောင်သို့ဆင်းသွားသည်။ ခဏအကြာ ကျော်မင်းကိုယ်တိုင် ၅ ဂါလံဆန့်ဓာတ်ဆီပုံးကို သယ်ယူလာ၍ နေအိမ်အပေါ်ထပ်သို့ တက်လာသည်။ ကျော်မင်းသည် ဓာတ်ဆီပုံးကိုဖွင့်၍ အိမ်အပေါ်ထပ်အိပ်ခန်းရှိ ခုတင်ခြေရင်းမှ စတင်ပြီး ဓာတ်ဆီများလောင်းချသည်။ ထိုမှတစ်ဆင့် ဆက်တိုက်ဆိုသလို နေအိမ်အပေါ်ထပ်မှ လှေခါးအတိုင်း ဓာတ်ဆီများကို လောင်းချ၍ အောက်ထပ်သို့ဆင်းသွားသည်။ အဲဒီနောက် ကျော်မင်းက ဖယောင်းတိုင်တစ်တိုင်ကို ကိုင်လို့ အိမ်ပေါ်ထပ်သို့ ပြန်တက်လာသည်။ ဒါကို မြင်တွေ့နေသော ဇော်ရိုးက-


www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ ဘာလုပ်မှာလဲ''

''မီးရှို့မလို့ပေါ့ကွ''

''ဟာ . . . မီးလောင်ရင် ပိုပြီး ရှုပ်ကုန်မှာပေါ့''

''မရှုပ်ပါဘူးကွာ . . . ဖယောင်းတိုင်မီးကုန်မှ မီးလောင်မှာပါ၊ အိမ်လည်းမီးလောင် . . . လူလည်း ပြာကျဖြစ်သွားရင် ဓာတ်လမ်းက ပြတ်သွားပြီပေါ့''

ဘုရား ဘုရား ကျော်မင်းရဲ့မိုက်တွင်းနက်မှုက အဝီစိအိုးဂျိုးကပ်သလို ရှိနေချေပြီ။ ပစ္စုပ္ပန်တစ်ဘဝ ကောင်းစားရေးအတွက် နောင်သံသရာအပါယ်ဘုံကိုပင် မေ့လျော့နေပြီလား။ အနာဂတ်ဘဝကို အသာထား၊ လက်ရှိဘဝတွင် မိမိတို့မိသားစုသည် ဤသို့သော အဖြစ်ဆိုးဖြင့် ကြုံဆုံရပါလျှင် ကာယကံရှင်အနေဖြင့် မည်သို့ခံစားရမည်နည်း။ ကံ ကံ၏အကျိုးကို ယုံကြည်သော ဘာသာဝင်တစ်ဦးအတွက် ဝဋ်ဆိုတာ လည်တတ်သလို၊ တူသော အကျိုးကိုလည်း ပေးဆပ်ပါသည်။ ရှေ့ဆက်၍ တရားခံကျော်မင်း၏မိုက်တွင်းနက်ပုံကို ဆက်လိုပါသည်။

ကျော်မင်းကယူလာသောဖယောင်းတိုင်ကို ဓာတ်ဆီလောင်းထားသောနေရာအနီး အိပ်ခန်းအတွင်း ကုတင်ပေါ်ရှိ မွေ့ယာဘေးကပ်လျက်တွင် မီးထွန်း၍ စိုက်ထူထားရှိခဲ့သည်။ ဒါကိုကြည့်လျှင် ဖယောင်းတိုင်မီးကုန်ပါက လောင်စာဖြစ်သောမွေ့ယာကို လောင်မည်။ မွေ့ယာ၏မီးလောင်အားအရှိန်က ဓာတ်ဆီလောင်းထားသောကြမ်းခင်းလောင်စာများကို အရှိန်အဟုန်ဖြင့် ကူးဆက်မှာဖြစ်သည်။ ဒါကြောင့်ပင် နောက်တစ်နေ့နံနက်စောစော၌ နိဒါန်းတွင်အစပျိုးထားသလို အခင်းဖြစ်နေအိမ်မီးလောင်မှုက ငမိုက်သားကျော်မင်း၏အကွက်ကျကျ စီမံထားရှိမှုပင်ဖြစ်သည်။

နေအိမ်အပေါ်ထပ်တွင် မီးသင့်လောင်အောင် ဖန်တီးခဲ့ပြီးနောက် တရားခံကျော်မင်းနှင့် ဇင်နောင်ဝင်းတို့ နေအိမ်အပေါ်ထပ်မှ ဆင်းသက်လာကြသည်။ ငွေများထည့်ထားသောအထုပ်ကို ဇင်နောင်ဝင်းက ထမ်းပိုး၍ ရှေ့မှဆင်းပြီး ကျော်မင်းက ခါးပုံစအတွင်းရှိ ရွှေထည် လက်ဝတ်ရတနာပစ္စည်းများကိုထိန်းယူကာ နောက်မှလိုက်ပါခဲ့သည်။ အိမ်အောက်ထပ်အရောက်တွင် မူလက အသင့်ပါလာခဲ့သော သံတုတ်နှင့်ကျောပိုးအိတ်ကို ကျော်မင်းက ကောက်ယူခဲ့သည်။ ထို့နောက် သော့ခတ်၍ပိတ်ထားသော နေအိမ်အဝင်တံခါးမကြီးနှင့် ခြံစည်းရိုးတံခါးတို့ကို ဓာတ်သိဖြစ်သော လူရင်းကျော်မင်းက ဖွင့်လှစ်ပေးသည်။ ထိုနေ့ည ၈ နာရီခွဲခန့်တွင် ကျော်မင်းနှင့် ဇင်နောင်ဝင်းတို့သည် လက်ဝတ်ရတနာပစ္စည်းများနှင့် ငွေထုပ်များကို ကိုယ်စီထမ်းပိုး၍ ကျော်မင်း၏ကားရှိရာဆီသို့။

ကျော်မင်းက ကားမောင်း၍ ဇင်နောင်ဝင်းမှနံဘေးမှလိုက်ပါလျက်။ ရွှေပြည်သာမြို့အထွက်တွင် ကျော်မင်းက သက်သေခံသံတုတ်ကို ကားပေါ်မှ လင်းနံဘေးသို့ စွန့်ပစ်လိုက်သည်။ ထိုမှဘစ်ဆင့် ရာဇဝတ်သားနှစ်ယောက်၏အကုသိုလ်ယာဉ်သည် ကမ္ဘာအေးဘုရားလမ်းအတိုင်းမောင်းထွက်လာသည်။ တစ်နေရာအရောက်တွင် ကျော်မင်းက ကားကိုရပ်၍ ကားပေါ်မှ ဆင်းသွား[...]သည်။ လမ်းဘေးအရက်ဆိုင်မှ ဘီယာ[...]တစ်လုံးကိုဆင်းဝယ်ပြီး ကားဆီသို့ ပြန်[...]လာသည်။ ကားပေါ်အရောက်တွင်-

''ရော့ . . . ဇော်ရိုး၊ အမောပြေ[...]လေး အားပေးလိုက်ပါဦး''

ဘီယာပုလင်းကို ဇင်နောင်ဝင်းသို့ လှမ်းပေးသည်။ ဇင်နောင်ဝင်းက ကား[...]ပေါ်တွင် ဘီယာမော့သောက်ရင်း လိုက်[...]ပါလာသလို ကျော်မင်းက ကားကို[...] ကမ္ဘာအေးဘုရားလမ်းအတိုင်း မြောက်[...]မှတောင်သို့။ ချော်တွင်းကုန်းလမ်းဆုံ[...] မီးပွိုင့်အလွန်တွင် ကားကိုရပ်သည်[...] ကျော်မင်းက ကားပေါ်မှဆင်း၍ လမ်[...]နံဘေးစတိုးဆိုင်တစ်ခုထဲသို့ ဝင်သွား[...]သည်။ ခဏအကြာ ကျော်မင်း၏လက်[...]ထဲ၌ အကျီ၊ ပုဆိုးနှင့် ဖိနပ်အသစ်များ[...] ပါလာသည်။ ရပ်ထားသောကားပေါ်သို့[...] အတက်၊ လက်ထဲမှပါလာသော အဝတ်[...] အထည်များကို ဇင်နောင်ဝင်းသို့ ပေး[...] ပေးရင်း-

''မင်းဝတ်ထားတဲ့ . . . အကျီ[...] ဘောင်းဘီနဲ့ဖိနပ်တွေမှာ သွေးတွေ [...] ကျံနေတယ်၊ အဲဒါကိုလဲဝတ်လိုက်''

ဇင်နောင်ဝင်းကလည်း ကျော်[...] မင်းပေးသော အဝတ်အထည်အသစ်[...] များကို ကားပေါ်တွင် လဲလှယ်ဝတ်ဆင်[...] သည်။ သွေးများစွန်းထင်းနေသော အ[...] ဝတ်အထည်ဟောင်းနှင့်ဖိနပ်တို့ကို မူ[...] ကပါလာသော ကျောပိုးအိတ်ထဲသို့[...] ကျော်မင်းက ထည့်ထားလိုက်သည်[...] ချော်တွင်းကုန်းလမ်းဆုံမှ ဆက်ထွက်[...] ကြရာ ကမ္ဘာအေးဘုရားလမ်း၊ [...] နားဟိုတယ်၊ လမ်းဆုံ(မီးပွိုင့်[...])[...]နားတွ[...] ကျော်မင်းက ကားကို [...]

ပ်သည်။ ကားပေါ်တွင်ရှိနေသော ဇင်နောင်ဝင်း၏အဝတ်အထည်ဟောင်းများထည့်သည့်အိတ်ကို ဆွဲယူ၍ ကားပေါ်မှဆင်းသွားသည်။ ကျော်မင်းက အင်းလျားကန်ဘောင်ပေါ်သို့ တက်သွားပြီး လက်ထဲမှ ကျောပိုးအိတ်ကိုရှိသမျှအင်အားဖြင့် အင်းလျားကန်ထဲသို့ လွှင့်ပစ်လိုက်သည်။ ကျော်မင်းသည် ကားရှိရာသို့ပြန်လာခဲ့ပြီး–

"ကဲ ... လက်စလက်န ဘာကျန်သေးလဲ"

ကျော်မင်း၏ပြောဆိုလုပ်ဆောင်ပုံကို တွေဝေစွာ ငေးကြည့်နေသူက ဇင်နောင်ဝင်း။ လူမိုက်ဇော်ရှီးဟုအမည်တွင်ခဲ့သော်လည်း သူ့ထက်မိုက်မဲသော ကျော်မင်းကိုကြည့်ရင်း–

"အေးပေါ့ဗျာ ... မကောင်းမှုဆိုတာကို တစ်သက်လုံး ဖုံးထားနိုင်ရင်တော့ ... ဟုတ်တာပေါ့၊ တစ်နေ့ .. ကောင်းမှုက .. မကောင်းမှုကို ဖော်လို့ အမှန်တရားပေါ်လာခဲ့ရင် .. ခင်ဗျားနဲ့ကျုပ်အတွက်"

ဇင်နောင်ဝင်း၏ အသံမပါသောအတွေးက အဲဒီလိုရှိနေခဲ့သည်။ လူမိုက်နှင့်အကုသိုလ်သမားတို့သည် တစ်ခါတစ်ရံတွင် ပြုခဲ့သမျှသောဒုစရိုက်ကို သတိသံဝေဂရှိကြသည်။ သို့သော် သူတို့၏အမှားကိုကား ပြုပြင်လေ့မရှိကြ။ သစ်လျှင်လစ်သလို အခွင့်သာလျှင်သာသလိုအကုသိုလ်အမှုကို ပြုတတ်ကြသည်။ ဤကဲ့သို့သော ဒုစရိုက်သမားများအတွက် ဘဝကူးပြောင်းချိန်တွင် သွားရာဂတိက အပါယ်ဘုံမှထွက်နိုင်သည်မဟုတ်ပါ။

ကျော်မင်းသည် ကားကိုဆက်မောင်း၍ ဇင်နောင်ဝင်းက အတွေးစဖြင့် နံဘေးမှပါလာသည်။ ရန်ကုန်မြို့သမ္မတဟိုတယ်အနီးရှိ အမည်မမှတ်မိသော ဟိုတယ်တစ်ခုတွင် ကားကိုရပ်သည်။ အဆိုပါ ဟိုတယ်တွင် တစ်ယောက်တစ်ခန်းစီအခန်းရယူ၍ ခေတ္တတည်းခိုကြသည်။ ည ၁၁ နာရီခွဲအချိန်ခန့်တွင် ဇင်နောင်ဝင်းတည်းခိုရာ အခန်းသို့ ကျော်မင်းရောက်ရှိလာပြီး–

"ရော့ ... လောလောဆယ် မင်းသုံးဖို့ ငွေနှစ်သိန်းယူထားလိုက်၊ ကျန်တာကိုတော့ နောက်မှ ငါခွဲပေးမယ်၊ မနက်လင်းရင် ... မင်း ... ငါ့အိမ်ကိုလာခဲ့"

## အခန်း(၁၈)

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ .. လာခဲ့ပါမယ်"

မနက်မိုးလင်း ၆ နာရီခန့်တွင် ဇင်နောင်ဝင်းသည် တည်းခိုရာဟိုတယ်မှ ဇနီးသည်နေထိုင်ရာ လှိုင်မြို့နယ်သို့ထွက်လာသည်။ ဘူတာရုံလမ်းထိပ်အရောက် ဇနီးဖြစ်သူမအေးသဇင်ဖြူအားဖုန်းဆက်၍ ဘူတာရုံလမ်းအတွင်းရှိထိုင်နေကျလက်ဖက်ရည်ဆိုင်သို့ ချိန်းဆိုသည်။ ခင်ပွန်းသည်၏ချိန်းဆိုမှုကို ဇနီးဖြစ်သူမှ အထက်ပါစကားဖြင့် အကြောင်းပြန်သည်။ ခဏအကြာ လက်ဖက်ရည်ဆိုင်တွင်စောင့်နေသော ဇင်နောင်ဝင်းနှင့် ဇနီး အေးသဇင်ဖြူတို့ လက်ဖက်ရည်ဆိုင်တွင် ဆုံတွေ့ကြသည်။ ထိုစဉ် ဇင်နောင်ဝင်းက–

"မနေ့ညက .. ငါနဲ့ကိုကျော်မင်း ရွှေပြည်သာကို ရောက်သွားတယ်၊ အဲဒီ ရွှေပြည်သာအိမ်မှာနေတဲ့ ကိုကျော်မင်းနဲ့ရင်းနှီးတဲ့ အဖိုးကြီး၊ အဖွားကြီးနဲ့ အိမ်ဖော်ကို သံတုတ်နဲ့ရိုက်ပြီး အိမ်ကိုလည်း မီးရှို့လိုက်တယ်"

ဟု ဇနီးမယားကို ဖွင့်ဟပြသည်။ ဇင်နောင်ဝင်းစကားကို ကြားသိလိုက်ရသော ဇနီးသည်အေးသဇင်ဖြူက–

"အဲ ... အစ်ကို၊ အဲဒီလောက်ကြီး ရက်ရက်စက်စက်လုပ်ရသလား"

"အဲဒါ ... မင်းအလုပ် မဟုတ်ပါဘူးကွာ၊ ငါ့အလုပ်ပါ၊ ငါနဲ့ ... ငါ့မိသားစု စားဝတ်နေရေးအတွက် မြက်မြက်ကလေးရမယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမှာပဲကွ"

လူမိုက်များ၏ စားဝတ်နေရေးက အလုပ်မရွေးပါ။ ငွေရမည်ဆိုလျှင် ဘနပူးကိုပင် သိုက်တူးမည့်လူစားမျိုး၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့်လူစားမျိုးပင်ဖြစ်သည်။ ဒီလို လူစားမျိုးအတွက် လေးဘုံသောအပါယ်တံခါးက အမြဲဖွင့်ထားသည်။ အတိတ်ဘဝကုသိုလ်ကံကြောင့် ပစ္စုပ္ပန်တွင် လူဖြစ်ရသည်ကိုသတိမမူ၊ ရခဲဘိသောလူ့ဘဝတွင် ကောင်းမှုကိုမစု၊ မကောင်းမှုကိုပြု၍ နောင်အနာဂတ်သံသရာတွင် အဝီစိတွင်း ဆင်းကြရပေဦးမည်။ အကုသိုလ်အမှုပြုသူများ၏ အဝမ္ဗကဏ္ဍကို ရှေ့ဆက်ချင်ပါသေးသည်။

ထိုမှတစ်ဆင့် ဇင်နောင်ဝင်းသည် ကျော်မင်းနေထိုင်ရာ ရန်ကင်းသို့ထွက်လာခဲ့သည်။ မနက် ၁၀ နာရီခန့်တွင် ကျော်မင်း၏အိမ်ရှေ့လမ်းမပေါ်တွင် ဇင်နောင်ဝင်းက အရိပ်အယောင်ပြသည်။ ဇင်နောင်ဝင်းကို မြင်တွေ့သွားသော ကျော်မင်းက နေအိမ်အတွင်းမှ ဇင်နောင်ဝင်းရှိရာသို့ ထွက်လာ၏။ ဇင်



www.burmeseclassic.com

နောင်ဝင်းအနီးသို့အရောက်တွင် ကျော်မင်းက–

"ငွေနဲ့ပစ္စည်းတွေက ... ဒီမှာ မရှိဘူးကွ၊ မြောက်ဒဂုံက ငါ့တည်းခိုခန်းမှာ"

ဟုဆိုပြီး ကျော်မင်း မောင်းနှင်သောကားဖြင့်ဖင်နောင်ဝင်းက မြောက်ဒဂုံသို့ လိုက်ပါခဲ့သည်။ ဘေလီတံတားအားဖြတ်ကျော်ပြီး မြောက်ဒဂုံသို့အဝင်လမ်းဘေး၌ ကျော်မင်းက ကားကို ရပ်သည်။

"မင်း ... ကားပေါ်မှာပဲစောင့်နေလေ၊ ငါ .. ပစ္စည်းသွားယူလိုက်ဦးမယ်"

ဟု ကျော်မင်းမှပြောဆို၍ အမည်မမှတ်မိသောတည်းခိုခန်းသို့ ဝင်သွားသည်။ ခဏအကြာ ကျော်မင်းသည် ကားရှိရာသို့ပြန်လာ၏။ ကျော်မင်း၏လက်ထဲတွင် အခင်းဖြစ်ညက ယူဆောင်လာသောငွေများထည့်ထားသည့်အိတ်နှင့် လက်ကိုင်ပုဝါဖြင့်ထုပ်ထားသော ရွှေထုပ်ကိုတွေ့သည်၊ ငွေထည့်ထားသာအိတ်မှာ အခင်းဖြစ်ညက ယူဆောင်လာခဲ့သောအနေအထားအတိုင်းမဟုတ်ဘဲ ထက်ဝက်ခန့်လျော့နည်းနေသည်ကို ဖင်နောင်ဝင်းက ရိပ်စားမိသည်။ ဒါကလည်း ခေါင်းဆောင်သူနှင့်နောက်လိုက် ဤကဲ့သို့ရှိတတ်ပါသည်။

"ရော့ ... ဒါမင်းအတွက် ခွဲတမ်းပဲ"

ဟု ကျော်မင်းက ပြောဆိုပြီး ယူလာသောငွေအိတ်ထဲမှ ငွေကျပ်သိန်း ၅၀ နှင့် ရွှေထုပ်ထဲမှ လက်ဝတ်ရတနာပစ္စည်း လက်တစ်ဆုပ်စာခန့်ကိုထုတ်ပေးသည်။ ငွေအိတ်အတွင်း ကျန်ရှိသောငွေများနှင့် လက်ဝတ်ရတနာထုပ်ကို ကျော်မင်းမှရယူသွားသည်။ ကျော်မင်း၏ခွဲဝေပုံက ခေါင်းဆောင်တစ်ကျပ်၊ လူမိုက်တစ်မတ်ဆိုသလို ဖြစ်နေပါ၏။ စံစရာအတွက် အသာမက်သော်လည်း ခံစရာအလှည့်ကျလာလျှင် အတူတူပင်ခံစားရပေဦးမည်။ ဤသို့ဖြင့် မိစ္ဆာဘုံသားနှစ်ကောင်သည် သူတို့၏အသိုက်အမြုံရှိရာ ရန်ကင်းမြို့နယ်သို့ ပြန်လာခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဖင်နောင်ဝင်း(ခ)ဇောရီးမှ ဖွင့်ဆိုပြသည်။

"မင်း ... ခွဲတမ်းရတဲ့လက်ဝတ်ရတနာပစ္စည်းတွေကော အခု ... ရှိသေးလား"

အမှုစစ်အရာရှိစုံထောက်စံထူး၏ အမေးကို ဖင်နောင်ဝင်းမှ–

"ဘယ်ရှိတော့မှာလဲ ဆရာရယ်၊ အမှုဖြစ်တာပဲ ငါးနှစ်ရှိခဲ့ပြီဆိုတော့ သုံးရင်းဖြုန်းရင်းနဲ့ ကုန်သွားခဲ့ပြီပေါ့"

လူမိုက်နှင့်ငွေအတူမနေပါ။ ထို့အတူ ကိုယ့်ကိုဒုက္ခပေးမည့်အထောက်အထားပစ္စည်းကိုလည်း ဘယ်ငမိုက်သားကမှ ပိုက်တွယ်မထားကြပါ။ ဖြစ်နိုင်လျှင် မြန်မြန်ဖြုတ်၊ မြန်မြန်ထုတ်ပစ်ကြမည်ဖြစ်ပါ၏။ ဒါကို အမှုစစ်အရာရှိတိုင်း သိသားကြသလို၊ စုံထောက်စံထူးကလည်း ကောင်းစွာ သဘောပေါက်ပါသည်။ သို့သော် ပြစ်မှုကျူးလွန်သူ၏ပြုလုပ်မှုနှင့်လှုပ်ရှားမှုကို မြင်တွေ့သိရှိသူများ၏ထွက်ဆိုချက်ဖြင့် စပ်ဆိုင်သောအကြောင်းချင်းရာတစ်ရပ် ဖော်ထုတ်လို၍ အထက်ပါစကားကို ပုစ္ဆာထုတ်ရခြင်းဖြစ်ပါ၏။

"အဲဒါဆိုလည်းကွာ ... မင်း ခွဲတမ်းရခဲ့တဲ့ လက်ဝတ်ပစ္စည်းနဲ့ငွေတွေကို ဘယ်လို .. ထုခွဲရောင်းချခဲ့တယ် ဘယ်သူ့ကို ဘယ်လောက်ပေးတယ် ဆိုတာတော့ .. မင်း .. မှတ်မိမှာပေါ့"

"ဟုတ်ကဲ့ ... မှတ်မိပါတယ်"

ဖင်နောင်ဝင်းသည် ကျော်မင်းထံမှရရှိခဲ့သော ရွှေထည်ပစ္စည်းများကို ရန်ကင်းနေအိမ်ရှိ ခေါင်းရင်းလှေကား အနီး မြေကွက်လပ်တွင် ကျင်းတူး၍ မြှုပ်နှံထားသည်။ ရရှိသောငွေစက္ကူများကို နေအိမ်ဘီဒိုအတွင်းထည့်သွင်း၍ သော့ခတ် သိမ်းဆည်းထားသည်။ နောက်တစ်နေ့တွင် ရရှိထားသောငွေဖြင့် ရန်ကုန်မြို့ ဆူးလေဘုရားအနီး ဒေါ်လာငွေရောင်းသူထံမှ အမေရိကန် ဒေါ်လာ ၁၀၀ တန် ၅ ရွက်ကို မြန်မာငွေ ၅၄၀,၀၀၀/-ဖြင့် ဝယ်ယူခဲ့သည်။

"မင်းက ... နိုင်ငံခြားငွေ ဘာပြုလို့ဝယ်တာတုန်း"

"ကျွန်တော် ... မလေးမှာ အလုပ်သွားလုပ်ဖို့ ရည်ရွယ်ချက်ရှိလို့ပါ"

"အေး ... ဟုတ်ပါပြီကွာ၊ ဆက်စမ်းပါဦး"

အခင်းဖြစ်ပြီး ၅ ရက်အကြာ ဖင်နောင်ဝင်းသည် မြှုပ်ထားသောရွှေထုပ်ကို တူးဖော်၍ ဘီဒိုအတွင်းမှ ငွေထုပ်ကို ထုတ်ယူကာ အိတ်တစ်ခုအတွင်းထည့်၍ ဇနီးသည်မအေးသဇင်ဖြူ ရှိရာ လှိုင်မြို့နယ်သို့သွားသည်။ ဇနီးသည် မဖြူနှင့်တွေ့၍ ဖင်နောင်ဝင်းက အတူပါလာသောအထုပ်ကို ဇနီးမယား မဖြူထံသို့ ခေတ္တအပ်ထားသည်။ ထို့နေ့ ညနေပိုင်းတွင် မဖြူထံအပ်ထားသော အထုပ်ကို ဖင်နောင်ဝင်းမှပြန်ယူသွားသည်။

ဤအမှုကို စတင်ဖော်ဆောင်ခဲ့


www.burmeseclassic.com

www.burmeseclassic.com



သော မအေးသဇင်ဖြူ(ခ)မဖြူ၏ တိကျမှန်ကန်သောအစစ်ခံမှုကို အထက်တွင် ဖွင့်ဆိုထားပြီးဖြစ်သည်။ ဇင်နောင်ဝင်း ပေးအပ်ထားသော အိတ်အတွင်းပါ သက်သေခံပစ္စည်းများနှင့် မဖြူကိုယ်တိုင်မြင်တွေ့သိရှိချက်တို့မှာ ကွက်တိဖြစ်နေသည်။ ဒါကိုကြည့်လျှင် ပြစ်မှုကျူးလွန်သူ ဇင်နောင်ဝင်းအတွက် သက်သေမဖြူ၏ပြောဆိုချက်သည် ပြစ်မှုအတွက် စပ်ဆိုင်သောအကြောင်း အချင်းရာတစ်ရပ်ပင် ဖြစ်ပါ၏။

ထို့နောက် ဇင်နောင်ဝင်းသည် ခွဲတမ်းရရှိထားသောငွေများဖြင့် ဂျီအက်စ်အမ်ဖုန်းကတ်တစ်ခုကို ၂၃ သိန်းဖြင့် ပွဲစားခ ၂ သိန်းပေးကာ စုစုပေါင်း ငွေ ၂၅ သိန်းဖြင့် ဝယ်ယူခဲ့သည်။ ထို့ပြင် လက်ကိုင်ဖုန်း (ဟမ်းဆက်)တစ်လုံးကိုလည်း တစ်သိန်းကိုးသောင်းကျပ်ဖြင့် ဝယ်ယူခဲ့သည်။ ကျန်ငွေနှင့်လက်ဝတ်ပစ္စည်းများကို မူလကထားရှိခဲ့သော နေရာများတွင် ပြန်လည်ထည့်သွင်းထားရှိခဲ့ကြောင်း တရားခံဇင်နောင်ဝင်းက ထွက်ဆိုပြသည်။ ဇင်နောင်ဝင်း၏စကားအဆုံးတွင် အမှုစစ်အရာရှိစုံထောက်စံထူးက–

''လက်ဝတ်ရတနာပစ္စည်းတွေကကော . . . မင်း . . . ဘယ်လိုထုခွဲလိုက်သလဲ''

### အခန်း(၁၉)

''ကျွန်တော် . . . မရောင်းရသေးဘူးဗျ''

အခင်းဖြစ်ပြီး တစ်ပတ်ခန့်အကြာ ဇင်နောင်ဝင်းနေအိမ်သို့ကျော်မင်းရောက်လာသည်။ ကျော်မင်းမှဇင်နောင်ဝင်းကို လက်ဝတ်ရတနာပစ္စည်းများထုခွဲရောင်းချပြီးခြင်းရှိ/မရှိ မေးမြန်းရာ ဇင်နောင်ဝင်းက ကျော်မင်းကို အထက်ပါစကားဖြင့် အဖြေပေးသည်။ ဒီတော့ ကျော်မင်းက–

''စမ်းချောင်းမှာ ရွှေထည်ပစ္စည်းလုပ်ကဲ့ . . . ငါ့သူငယ်ချင်းတစ်ယောက်ရှိတယ်၊ မင်း . . ရောင်းချင်တယ်ဆိုရင်တော့ ငါ့ကိုပေးလိုက်လေ၊ ငါရောင်းပေးမယ်''

ဟုဖိတ်ခေါ်သဖြင့် ဇင်နောင်ဝင်းက သူ့ထံတွင်ရှိနေသော သက်သေခံရွှေထည်ပစ္စည်းများကို ကျော်မင်းသို့ ထုတ်ပေး၏။ ဤသို့ထုတ်ပေးစဉ် ဇင်နောင်ဝင်းမှ အခင်းဖြစ်နေအိမ်၏အခြေအနေကို ကျော်မင်းအားမေးစမ်းကြည့်၏။ ဒီတော့ကျော်မင်းက–

''အဲဒီနေ့က . . . အဖိုးကြီး၊ အဖွားကြီးလင်မယားနဲ့ အိမ်ဖော်တို့ သုံးယောက်စလုံး သေသွားတယ်၊ အိမ်ပါမီးလောင်သွားတယ်လို့ ကြားရတယ်''

''ဟုတ်လား''

''ဒါတောင် . . . အိမ်ပေါ်မှာ ငွေတွေအများကြီး ကျန်ခဲ့သေးတယ်လို့ ပြောသံကြားတယ်''

''ခင်ဗျားက . . . ဘယ်လိုလုပ်သိတာတုန်း''

''သေသွားတဲ့အဖိုးကြီးနဲ့ ငါ့ . . ယောက္ခမတို့က ငယ်သူငယ်ချင်းတွေလေ၊ သူ ပြောလို့ ငါသိရတာ၊ သူနဲ့ပတ်သက်ပြီး အဲဒီအိမ်ကို ငါ . . . လေးငါးခေါက်လောက်ရောက်ဖူးတယ်၊ ဒါကြောင့် . . . ငါနဲ့ရင်းနှီးခင် မင်မှုရှိလို့ အိမ်ထဲဝင်လို့ရတာပေါ့''

မြန်မာ့စကားပုံတွင် လူယုံသတ်သေတတ်ဟု ဆိုရိုးရှိပါသည်။ အဘယ်မျှပင်လုံခြုံမှုရှိ၍ပါးနပ်မှုရှိပါသော်လည်း မိမိ၏လူယုံ(အတွင်းလူ)က ဖောက်ပြန်လုပ်ကြံလျှင် လူယုံသတ်၍သေရတတ်ပါ၏။ ယခုအမှုတွင်လည်း လူယုံဖြစ်သူ ကျော်မင်း၏ လုပ်ကြံဖန်တီးမှုကြောင့် သက်ကြီးရွယ်အိုများနှင့် မိန်းမပျိုလေးတို့ဘဝက သေခြင်းမလှဖြစ်ခဲ့ရချေပြီ။ ကျော်မင်း၏ယုတ်မာမှုကို ပုံနှိုင်းရလျှင် အသားထဲကလောက်ထွက် ဆိုသလိုဖြစ်နေပါ၏။ ဘယ်သူသေသေ ငတေမာပြီးရောဆိုသူတို့၏ဖြစ်စဉ်ကို ရှေ့ဆက်ချင်ပါသည်။

ရက်သတ္တတစ်ပတ်ခန့်အကြာ ကျော်မင်းသည် ဇင်နောင်ဝင်းအိမ်သို့ ရောက်ရှိလာပြီး ရွှေထည်ပစ္စည်းများရောင်း၍ရရှိခဲ့သော ငွေကျပ် ၁၂ သိန်းကို ဇင်နောင်ဝင်းသို့ ပေးအပ်ခဲ့သည်။ ဇင်နောင်ဝင်းက ၎င်းထံတွင်ရှိနေသော ငွေများအနက် အတိုးအပွားရရှိစေရန် ငွေကျပ် ၁၆ သိန်းကို ကျော်မင်း၏ငွေဟုပြောဆို၍ မိခင်ဖြစ်သူအား ပေး၏။ မိခင်ဖြစ်သူမှ ထိုငွေ ၁၆ သိန်းကို တူမဖြစ်သူ မအိုက်ဘီ(ခ)မအဏ္ဏဝါလင်းဦးထံသို့ ၆ ကျပ်တိုးဖြင့်ပေးအပ်ထားသည်။ ရရှိသောအတိုးငွေများကို ကိုယ်တိုင်လည်း သုံးစွဲ၍ ဇနီးသည်ကိုလည်း ထောက်ပံ့ခဲ့ကြောင်း ဇင်နောင်ဝင်းက ထွက်ဆိုပြသည်။

''အဲဒီ . . . ငွေ ၁၆ သိန်းက မင်းအစ်မဝမ်းကွဲမှာ ရှိသေးလား''

စုံထောက်စံထူး၏ အမေးကို တရားခံဇင်နောင်ဝင်းက–

''မရှိတော့ပါဘူး''

''ဘယ်ရောက်သွားလို့တုန်း''



www.burmeseclassic.com

"ကျွန်တော် ... မလေးရောက်သွားတော့ ဟိုမှာက အလုပ်အကိုင်အဆင်မပြေဘူး၊ အဲဒါကြောင့် ..ငွေ ၁၆ သိန်းကို ကျွန်တော့်ကိုပြန်လွှဲပေးဖို့ အစ်မဆီက ပြန်တောင်းခဲ့ရလို့ပါ"

"မလေးမှာ မင်းဘယ်လောက်ကြာခဲ့သလဲ"

"တစ်နှစ်လောက်ရှိမယ် ထင်ပါတယ်"

အခင်းဖြစ်ပြီး တစ်လခန့်အကြာ ဇင်နောင်ဝင်းသည် ဒဂုံမြို့သစ်မြောက်ပိုင်း ၄၁ ရပ်ကွက်၊ မဟာမြိုင်အိမ်ယာတိုက်ခန်းကို တစ်လ ၃၀,၀၀၀/- ဖြင့် ၆ လစာ ၁၈၀,၀၀၀/၊ ပွဲ ၂၀၀,၀၀၀/ စုစုပေါင်း ၃၈၀,၀၀၀/- ဖြင့် ငှားရမ်းနေထိုင်ခဲ့သည်။ ထို့ပြင် မိခင်ဖြစ်သူ ... ရန်ကင်း...နေအိမ်တွင် တပ်ဆင်ထားသော အများသုံးတစ်ဆင့်ခေါ်ဖုန်းအားတိုက်ရိုက် ခေါ်ဆိုရရှိနိုင်ရေးအတွက် ကုန်ကျငွေသုံးသိန်းကို မိခင်အား ထုတ်ပေးခဲ့သည်။ ထို့နောက် ငွေကျပ် ၇ သိန်းအကုန်အကျခံကာ မလေးရှားနိုင်ငံသို့ အလုပ်သွားလုပ်ရန် ဆောင်ရွက်ခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဇင်နောင်ပ... မလေးရှားနိုင်ငံသို့ ထွက်သွား...သည်။ ကြုံရာကျရာအလုပ်ကို ဝင်လုပ်ခဲ့သော်လည်း အဆင်မပြေ၊ ပါသွားသောငွေကလည်း သုံးစွဲ စားသောက်၍ ကုန်သွားခဲ့သည်။ သို့ကြောင့် အတိုးချထားသောငွေ ၁၆ သိန်းကို အစ်မ ဝမ်းကွဲတော်သူထံမှပြန်တောင်းခဲ့ရသည်။ တိုင်းတစ်ပါးတွင် ကိုယ့်စရိတ်ကိုယ်စားဖြင့် တစ်နှစ်နီးပါးနေထိုင်ခဲ့ရသော ဇင်နောင်ဝင်း၏အိမ်အပြန်ခရီးက အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်သာပြန်လာခဲ့ရကြောင်း၊ တရားခံဇင်နောင်ဝင်း(ခ)ဇောရိုးမှပြည့်စုံစွာ ဝန်ခံထွက်ဆိုပြသည်။

တရားခံဇင်နောင်ဝင်း၏ထွက်ဆိုချက်တွင် ဆက်နွယ်နေသော သက်ဆိုင်သူများကလည်း ဇင်နောင်ဝင်း ပြစ်မှုကျူးလွန်လာသည်ကို လုံးဝသိ၊ ကျန်ထွက်ဆိုဝန်ခံခဲ့သော အကြောင်းအရာများသည် မှန်ကန်ကြောင်း ထွက်ဆိုပြသည်။ ဒါတွင်မက မိခင်ဖြစ်သူမှ နေအိမ်တွင် တယ်လီဖုန်းတပ်ဆင်ရန် တရားခံဇင်နောင်ဝင်း ထုတ်ပေးခဲ့သောငွေသုံးသိန်းကိုပင် ပြန်လည်ထုတ်ပေး၍ လာဂ်အခံ သိမ်းဆည်း ရရှိခဲ့သည်။ သို့ကြောင့် တရားခံဇင်နောင်ဝင်းသည် တရားခံကျော်မင်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြောင်းကို လယ်ပြင်မှာဆင်သွားသလို အထင်အရှားရှိနေပါ၏။ ထို့ထက်ထင်ရှားသောသာဓကကို ပမာပြရလျှင် မည်သူတစ်ဦးတစ်ယောက်၏ ပယောဂမပါဘဲ တရားခံဇင်နောင်ဝင်း(ခ)ဇောရိုး၏ စိတ်ဆန္ဒအတိုင်း ဝန်ခံထွက်ဆိုခဲ့သော ဖြောင့်ချက်က အင်းစိန်မြို့နယ်တရားရုံးတွင် အထင်အရှားရှိနေပါတော့သည်။

အခန်း(၂၀)

လူမိုက်ဇင်နောင်ဝင်းအခန်းပြီး၍ လူသတ်သမား ကျော်မင်း ကဏ္ဍကို ဆက်ချင်ပါသည်။ ကျော်မင်းကလည်း ခေသူမဟုတ်၊ သူ၏လုပ်ကွက်ကိုမြှုပ်၍ ဇင်နောင်ဝင်းသို့ပုံချချင်သည်။ သို့သော် ဇင်နောင်ဝင်းအခန်းရှိ စီစီတီဗွီကင်မရာမှ ကျော်မင်းအခန်းရှိ တီဗွီဖန်သားပြင်ပေါ်သို့ ဇင်နောင်ဝင်း၏အရုပ်၊ အသံများက ထင်ရှားစွာ တွေ့မြင် ကြားသိနေရသည်။ ဒါကလည်း ပြစ်မှုကျူးလွန်သူနှစ်ဦးစလုံးကို ရုပ်သံဖြင့်ထိပ်တိုက်ရင်ဆိုင်ပေးခြင်းဖြစ်ပါ၏။ ဤအသွင်သဏ္ဍာန်ကြောင့် တရားခံကျော်မင်းက သူပြစ်မှုကျူးလွန်ခဲ့ပုံကို ဇင်နောင်ဝင်းထွက်ဆိုသည့်အတိုင်း ထောက်ခံထွက်ဆိုခဲ့သည်။ သို့သော် ကျော်မင်းနှင့်ဇင်နောင်ဝင်းတို့က ကွာခြားမှုရှိသည်။ ပြစ်မှုကို အတူတကွ ကျူးလွန်ခဲ့ကြသော်လည်း ပစ္စည်းခွဲဝေပုံနှင့် ထုခွဲပုံကမတူ၊ ဒါကိုရေရာသေချာသိရှိဖို့အတွက် အမှုစစ်အရာရှိ စုံထောက်စံထူးက တရားခံကျော်မင်းကို အမေးထုတ်...ည်။ တရားခံကျော်မင်းမှ သူရယူခဲ့သောသက်သေခံပစ္စည်းများ ထုခွဲရောင်းချမှုများနှင့် ပေးဆပ်ခဲ့သောအကြွေးငွေတို့ကို အောက်ပါအတိုင်းထွက်ဆိုပြသည်။

ဇင်နောင်ဝင်းကို ငွေကျပ်သိန်း ၅၀ နှင့် ရွှေလက်တစ်ဆုပ်စာခွဲဝေပေးခဲ့ပြီးနောက် ကျော်မင်းမှ ငွေကျပ်သိန်း ၇၀ ကျော်နှင့် ကျောက်မျက်ရတနာများပါရှိသော လက်ဝတ်ပစ္စည်းများကို ရယူခဲ့သည်။ ရွှေထည်များတွင်ပါရှိသော စိန် ၃၂ ပွင့်ကို ဖြုတ်ယူထားပြီး ကျန်ရွှေထည်များကို စမ်းချောင်းမြို့နယ်၊ ပဒုမ္မာပန်းခြံအနီးရှိ ရွှေပန်းတိမ်လုပ်သူကိုကျော်နိုင်ထံတွင် ရောင်းချခဲ့ရာ ငွေကျပ်သိန်း ၂၀ ရရှိခဲ့သည်။ ထို့ပြင် ဇင်နောင်ဝင်း အားပေးခဲ့သော ရွှေထည်များကိုလည်း ကိုကျော်နိုင်ထံ၌ပင် ရောင်းချပေးခဲ့ရာ ငွေကျပ် ၁၇ သိန်းရရှိခဲ့ပြီး ၅ သိန်းကို မိမိမှနုတ်ယူထား...ကာ ကျန်ငွေ ၁၂ သိန်းကို...ဇင်


www.burmeseclassic.com

www.burmeseclassic.com



နောင်ဝင်းသို့ပေးအပ်ခဲ့သည်။ ဘိန်းစားချင်းအတူတူ သူက တစ်လုံးပို့ရှုဆိုသလို လူဆိုးလူမိုက်အချင်းချင်း ဖြတ်စားဖြတ်ခုတ်သည့်အလုပ်က ရှိနေကြသေးပါ၏။

တရားခံကျော်မင်းအနေဖြင့် အခင်းဖြစ်နေအိမ်မှ စုစုပေါင်းငွေကျပ် ၁၂၇ သိန်းခန့် ရရှိခဲ့သည်။ အဆိုပါငွေများထဲမှ လောင်းကစား၍ဆုံးရှုံးခဲ့သော အကြွေးငွေသိန်း ၈၀ ကို ကြွေးရှင်ကိုတာကြီးထံသို့ ကိုကြီးစိုး(ခ)ကိုစိုးလှိုင်ထံမှတဆင့် ပေးဆပ်ခဲ့သည်။ ဖြုတ်ယူထားသော စိန်ပွင့် ၃၂ ပွင့်ကို ရန်ကင်းမြို့နယ်နေ မျိုးဝင်းပါအား ရောင်းချခိုင်းလိုက်ရာ မျိုးဝင်းပါမှလိမ်လည်သွားခဲ့သဖြင့် အမှုရင်ဆိုင်ခဲ့ရပြန်သည်။ သူခိုးလက်မှ သူဝှက်လုဆိုသလို ဖြစ်ရပြန်သည်။ ထိုအမှုတွင် ကျော်မင်းက အနိုင်ရ၍ တရားရုံးမှတစ်ဆင့် စိန် ၃၂ ပွင့်ကို ပြန်ရခဲ့သည်။ ထိုစိန် ၃၂ ပွင့်ကို ရွှေပန်းတိမ်ကိုကျော်နိုင်ထံတွင် ရောင်းခဲ့ရာ ငွေကျပ် ၃၂ သိန်းရရှိခဲ့သည်။ ပြစ်မှုကျူးလွန်၍ ရရှိခဲ့သောငွေများကို အိမ်စရိတ်အဖြစ် သုံးစွဲခြင်း၊ လောင်းကစားမှုပြုခဲ့ကြောင်း တရားခံကျော်မင်းမှ ဝန်ခံထွက်ဆိုခဲ့သည်။

"လက်ဝတ်ပစ္စည်းတွေ ... စိန်တွေဝယ်ခဲ့တဲ့ ကိုကျော်နိုင်က .. အခုဘယ်မှာနေသလဲ"

"စမ်းချောင်း ... ပဒုမ္မာကွင်းနားမှာပါ၊ ဒါပေမဲ့ .. သူက .. ၂၀၁၉ ခုနှစ်လောက်မှာ သေဆုံးသွားပါပြီ"

"မင်းဆီက ... စိန် ၃၂ ပွင့်လိမ်သွားခဲ့တဲ့ မျိုးဝင်းပါကကော ... ရှိသေးလား၊ သူက .. ဘယ်မှာနေလဲ"


"မျိုးဝင်းပါကတော့ .. ရန်ကင်းမှာနေပါတယ်"

"ပြီးတော့ ... လောင်းကစားလို့ ရှုံးတဲ့ငွေသိန်း ၈၀ ပေးဆပ်လိုက်ရတဲ့ ကိုတာကြီးတို့ ... ကိုစိုးလှိုင်တို့ကကော ဘယ်မှာနေသလဲ"

"ကိုစိုးလှိုင်ကတော့ ကျွန်တော်တို့ ရန်ကင်းမှာနေပါတယ်၊ ကိုတာကြီးကတော့ မင်္ဂလာတောင်ညွန့်မှာပါ"

တရားခံကျော်မင်း၏ထွက်ဆိုချက်မှန်၊ မမှန်ကို အထင်အရှားသိဖို့အတွက် သက်ရှိထင်ရှားရှိနေသော မျိုးဝင်းပါ ကိုစိုးလှိုင်နှင့် ကိုတာကြီးတို့ကို စစ်မေးကြည့်သည်။ သူတို့အားလုံးကလည်း တရားခံကျော်မင်း၏ထွက်ဆိုမှုကို မှန်ကန်ကြောင်း လက်ညှိုးထောင်၊ ခေါင်းညိတ်ကြသည်။ အကြွေးငွေသိန်း ၈၀ နှင့်ပတ်သက်၍ အသေးစိပ်မေးကြည့်ရာ ကျော်မင်းသည် နှစ်လုံးထီလောင်းကစားရာတွင် ၁၀ သိန်း၊ ဘောလုံးပွဲလောင်းကစားရာတွင် သိန်း ၇၀ အကြွေးတင်ရှိခဲ့သည်။ ထိုအကြွေးငွေသိန်း ၈၀ ကို အခင်းဖြစ်ပွားပြီးနောက် မကြာမီရက်ပိုင်းအတွင်းတွင် ကြွေးရှင်ဖြစ်သူ ကိုတာ(ခ)ဦးမြသွင်ထံသို့ ပေးဆပ်ခဲ့ကြောင်း အတိအကျသိရသည်။

ဒါကိုကြည့်လျှင် တရားခံကျော်မင်းသည် မိမိလောင်းကစားမှုကြောင့် ရှုံးနိမ့်ခဲ့သည့်ငွေကြေးကို ပေးဆပ်ရန်အတွက် ပြစ်မှုကျူးလွန်ခဲ့ကြောင်း မီးမောင်းထိုးပြသလို ရှိနေပါ၏။ မိမိမ



ပြစ်မှုကျူးလွန်သူ တရားခံ ကျော်မင်း



ပြစ်မှုကျူးလွန်သူ တရားခံ ဇင်နောင်ဝင်း(ခ)ဇောရိုး



www.burmeseclassic.com

ကောင်းမှုကို မိမိအသက်ဖြင့်မလဲဘဲ သူတစ်ပါးအသက်ဖြင့်လဲလှယ်ပေးခဲ့သည်။ ဘယ်သူမပြု မိမိမှုသာဖြစ်၍ ကိုယ်ဖြစ်လျှင်ကိုယ်ခံမည်ဟု သဘောသဘာဝ မရှိကြဘဲ မဆီမဆိုင် လက်ပံ့သားကို ဓားဖြင့်ချိုင်ခဲ့ကြသည်။ ပျက်သူများအတွက် ဝဋ်ကြွေးဟုဆိုရလျှင် သံသရာဒီဘဝ ဤမျှဖြင့်သာ အဆုံးသတ်စေချင်ပါသည်။ ပြုသူများအတွက် နောင်သံသရာအဆက်ဆက်တွင် အပါယ်ငရဲမှ ပယ်ထွက်နိုင်ပါတော့မည်နည်း။

နေအိမ်တွင် ပြစ်မှုကျူးလွန်ရာမှ ရရှိခဲ့သောငွေနှင့် ရွှေထည်ပစ္စည်းများ ရောင်းချ၍ရရှိသောငွေများဖြင့် ဝယ်ယူထားသော လက်ဝတ်ပစ္စည်းနှင့်အသုံးအဆောင်များရှိကြောင်း တရားခံကျော်မင်းက ဖွင့်ဆိုသည်။ ကျော်မင်း၏ဖော်ထုတ်ပေးအပ်မှုကြောင့် ကျော်မင်းနေအိမ်မှ ရွှေထည်ကျောက်မျက်ရတနာပစ္စည်း ၂၄ မျိုး၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၈ ရွက်၊ ရွှေထည်ကျောက်မျက်ရတနာ ရောင်းဝယ်ထားသည့် ဘောက်ချာ ၁၀ ရွက်၊ စုစုပေါင်း ခန့်မှန်းကာလတန်ဖိုးငွေကျပ် ၄၁ သိန်းကျော်ခန့်ကို သိမ်းယူရရှိခဲ့ပါတော့သည်။

## အခန်း(၂၁)

တရားခံကျော်မင်းနှင့် တရားခံဇင်နောင်ဝင်းတို့၏ ကျူးလွန်ခဲ့သောပြစ်မှုက လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားရှိနေပါ၏။ ဘယ်သူမပြု မိမိမှုဆိုသလို သူတို့ပြုခဲ့သော အမှုအခင်းအတွက် ပစ္စုပ္ပန်တွင်ခံစားရမည့် အရေးက တရားဥပဒေမှပေးသောပြစ်ဒဏ်ပင်ဖြစ်ပါ၏။ နောင်သံသရာတွင် အသက်တစ်ချောင်းသတ်သူအတွက် ဘဝပေါင်း ၅၀၀ အသတ်ခံရပေဦးမည်။ ဤသို့ မိုက်မဲကြသူများအတွက် မျက်မှောက်ခေတ် သေတွင်းများနှင့် အနာဂတ် အပါယ်တံခါးများက အချိန်ပြည့်ဖွင့်လှစ်ထားသည်။ တစ်ဘဝအတွက် သာယာမှုကိုကြည့်ပြီး အပါယ်ငရဲမကြောက်ကြသူများ၏ ဇာတ်လမ်းကို ရပ်တန့်၍ ပြစ်မှုကျူးလွန်ရခြင်း အကြောင်းရင်း Motive နှင့် ရယူသိရှိထားသင့်သော သင်ခန်းစာ Lesson တို့ကို ဆက်ချင်ပါသည်။

ဦးစွာပထမ၊ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်းကို ဖွင့်ဆိုချင်ပါ၏။ အခင်းဖြစ်ပွားမှုတွင် အဓိကကျသူမှာ တရားခံကျော်မင်းဖြစ်ပါ၏။ ကျော်မင်းသည် လောင်းကစားကို ဝါသနာပါသူတစ်ဦးဖြစ်၏။ မိမိတွင်ဥစ္စာပစ္စည်းပြည့်စုံ၍ လောင်းကစားမှုပြုသည်ကို အပြစ်မဆိုပါ။ လောင်းကစားမှုကြောင့် မိမိ၏စည်း စိမ်ဥစ္စာကုန်ဆုံးသွား၍ ရပ်တန့်သွားသည်ကိုလည်း အပြစ်မဆိုပါ။ ယခုမူ မိမိ၏ဝါသနာကို မစွန့်နိုင်ဘဲ ရှေ့ဆက်နွဲဖို့အတွက် သူတစ်ပါး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို ပျက်စီးဆုံးရှုံး အောင်ဖန်တီးပြုလုပ်ခဲ့သည်။ ဤသို့ ပြုကျင့်ခဲ့သူများမှာ လူကောင်း၊ သူကောင်းများမဟုတ်။ မိစ္ဆာ(မကောင်းဆိုးဝါး)ဘုံမှသက်ဆင်းလာကြသော မနုဿ(လူသား)များသာ ဖြစ်ကြပါ၏။ သို့ကြောင့် ပြစ်မှုကျူးလွန်ရခြင်း အကြောင်းရင်း Motive မှာ လောင်းကစားမှုကြောင့်သာဖြစ်သည်ဟု ဆိုချင်ပါ၏။

ဒုတိယအနေဖြင့် သိရှိထားသင့်သောသင်ခန်းစာကို ဆက်ချင်ပါသည်။ မြန်မာ့စကားပုံတွင် သင်ခန်းစာယူစရာစကားများ မြောက်များစွာရှိပါ၏ ထိုစကားစု စကားပုံများထဲမှ ယခုအမှုဖြစ်စဉ်ဖြင့် ကိုက်ညီသောစကားပုံများကို အသိပေးလိုပါ၏။ ဤသည်မှာ "ကိုယ်ကကျူး ကိုယ့်ဒူးမယုံရ" ဆိုသလို "ကျားရှေ့မှောက်လျက်လဲ" အဖြစ်ကဲ့သို့ "ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး" ပမာ "လူယုံသတ် သေတတ်" ဟူ၍သာ ဆိုချင်ပါ၏။ သို့ကြောင့် ဤဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းကို ပမာပြု၍ သတိတရားဖြင့် အသိပွားပေးချင်သည်က "စုံထောက်စံထူးနှင့် မိစ္ဆာဘုံက လူယုံများ" ဟူ၍ပင် ဖြစ်ပါပေတော့သတည်း။

စုံထောက်မောင်ရေ

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

**ညွှန်းဖွဲ့**

ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့သော
မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)
အောက်မြန်မာနိုင်ငံ
မှုခင်းတပ်ဖွဲ့မှူးရုံး
စစ်ဆင်ရေးနှင့် လုံခြုံရေးဌာနခွဲမှ
ရဲအုပ်တင်ဝင်းမောင်နှင့်အဖွဲ့အား
အမှုစစ်[...]ရှိ စုံထောက်စံထူးဟု
အမည်တ[...]ည်းဖြင့် နာမ်စားပြု၍
ကမ္ပည်းပြုရေးဖွဲ့ထားပါသည်။
ဤသို့ ရေးသီနိုင်အောင်
ကူညီပံ့ပိုးပေးခဲ့သော
မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)အား
* အထူးပင်ကျေးဇူးတင်ရှိပါကြောင်း
မှတ်တမ်းပြုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ရဲမှူးကြီးအဆင့် ရာထူးတိုးမြှင့်ပေးခြင်းနှင့် စုံထောက်(အရာရှိ)သင်တန်းအမှတ်စဉ်(၁၆၇/၂၀၁၃)ဖွင့်လှစ်ခြင်း



၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ မနက်ပိုင်းတွင် မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)၊ အောက်မြန်မာနိုင်ငံ မှုခင်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ အင်းစိန်၌ မင်္ဂလာနှစ်ရပ်ကျင်းပ ပြုလုပ်ခဲ့သည်။

ဦးစွာပထမ ဒုတိယရဲမှူးကြီးအဆင့်မှ ရဲမှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားပေးအပ်သော မင်္ဂလာကို စတင်ကျင်းပသည်။ ထိုမင်္ဂလာရှိသော အခမ်းအနားပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦး၊ ရဲမှူးကြီးစိုးမြင့်၊ ရာထူးတိုးမြှင့်ခြင်းခံရသော ဒုတိယရဲမှူးကြီး စိုးနိုင်ဦးနှင့် ဌာနခွဲရဲမှူးများ၊ ဒုတိယရဲမှူးများ တက်ရောက်ကြသည်။

ရာထူးအဆင့်တိုးမြှင့်ပေးခြင်း အခမ်းအနားတွင် မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်ဝင်းဦးမှ ''တပ်ဖွဲ့ဝင်ဘဝတစ်လျှောက်လုံးတွင် ရိုးသားမှု၊ ကြိုးစားမှု၊ အပြစ်အနာအဆာကင်းစင်မှုများကြောင့် ရာထူးအဆင့် တိုးမြှင့်ရရှိခဲ့၍ တပ်ဖွဲ့မှူးအနေဖြင့် ကာယကံရှင်ဒုရဲမှူးကြီး စိုးနိုင်ဦးကဲ့သို့ ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ အလားတူ ကျန်ရှိနေသေးသော တပ်ဖွဲ့ဝင်များမှာလည်း ဖွဲ့စည်းပုံတိုးချဲ့လာသည်နှင့်အမျှ ရာထူးအဆင့်များ တိုးမြှင့်ရရှိကြဦးမှာဖြစ်ကြောင်း၊ ရရှိလာသည့် ရာထူးအဆင့်အလိုက် တပ်ဖွဲ့၏ အောင်မြင်ရာအောင်မြင်ကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းတာဝန်များကို အထက်နှင့်အောက် လေးစားသမှုပြု၍ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ရာထူးအဆင့်အတန်းအလိုက် တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်ယူမှုများဖြင့် တိုးတက်အောင်ကြိုးစားကြရမှာဖြစ်ကြောင်း၊ ထို့အတူ ရာထူးအဆင့် တိုးမြှင့်ရရှိခဲ့ကြသော တပ်ဖွဲ့ဝင်များအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါ




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com





ကြောင်း'' ဖြင့် နှုတ်ခွန်းဆက် အမှာ စကားပြောကြားခဲ့ပါသည်။

ထို့နောက် မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦးကိုယ်တိုင် ရာထူးတိုးမြှင့်ခြင်းခံရသော ဒုတိယရဲမှူးကြီးစိုးနိုင်ဦးအား ရဲမှူးကြီးအဆင့်ရာထူးတံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်တပ်ဆင်ပေးခဲ့ပါသည်။ ရာထူးအဆင့်တပ်ဆင်အပြီးတွင် မှုခင်းရဲတပ်ဖွဲ့မှူးနှင့် အရာရှိများက ရဲမှူးကြီးစိုးနိုင်ဦးအား လက်ခုပ်ဩဘာဖြင့် ထောနောပြု၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့ကြပါသည်။

ဒုတိယမင်္ဂလာအခမ်းအနားဖြစ်သော စုံထောက်(အရာရှိ)သင်တန်း အမှတ်စဉ်(၁၆၇/၂၀၁၃) သင်တန်းဖွင့်ပွဲကို လေ့ကျင့်သင်ကြားရေးဌာနခွဲရှိ စုံထောက်သင်တန်းကျောင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦး၊ ရဲမှူးကြီးစိုးမြင့်၊ ရဲမှူးကြီးစိုးနိုင်ဦးနှင့် ဌာနခွဲရဲမှူးများ၊ ဒုတိယရဲမှူးများ၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသားအရာရှိများ စုံညီစွာတက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်ဝင်းဦးမှ သင်တန်းဖွင့်မိန့်ခွန်းမြွက်ကြားပြီး စုံထောက်သင်တန်းကို ဖွင့်လှစ်ပေးသည်။ အဆိုပါသင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသားအရာရှိ(၁၅၀)တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ(၁၂)ပတ်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အထက်က မင်္ဂလာနှစ်ရပ်ကျင်းပပြီး၍ သတင်းစကားရေးသားပြီးချိန်တွင် မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)အတွက် နောက်ထပ်မင်္ဂလာသတင်းစကားကို ကြားသိခဲ့ရပါသည်။ ထိုမင်္ဂလာသတင်းမှာ မှုခင်းရဲတပ်ဖွဲ့မှ ရဲမှူးအဆင့်သုံးဦးကို ဒုတိယရဲမှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းဖြစ်သည်။ ဒုတိယရဲမှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံရသူများမှာ ရုံးဦးစီးမှူး(ဦးရေးထောက်)မှ ရဲမှူးအောင်သူ၊ မှုခင်းသိပ္ပံနှင့် လေ့ကျင့်ရေးဌာနမှ အမျိုးသမီးရဲမှူးအေးအေးကျော်နှင့် ရဲမှူးမာမာတို့ ဖြစ်ကြသည်။

ဒုတိယရဲမှူးကြီးအဆင့်သို့ တိုး



www.burmeseclassic.com

www.burmeseclassic.com







မြှင့်ခြင်းခံရသော ရဲမှူးအောင်သူ၊ ရဲမှူး အေးအေးကျော်နှင့် ရဲမှူးမာမာတို့အား မှုခင်းရဲတပ်ဖွဲ့၊ မှုခင်းသိပ္ပံနှင့် လေ့ကျင့်ရေးဌာန ဌာနမှူး ရဲမှူးကြီးစိုးနိုင်ဦး ကိုယ်တိုင် ဒုတိယရဲမှူးကြီးအဆင့် ရာထူးတံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်တပ်ဆင်ပေးခဲ့ကြော သတင်းရရှိခဲ့ပါသည်။

စုံထောက်မောင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ထိုးဖော်ပြခဲ့ကြသည်။ ဟတ်ဆန်မြစ်
ကို အပေါ်စီးဖြင့်ကြည့်နေသော လူ
ကင်းမဲ့သည့်နေရာတစ်ခု၌ လူသေ
လောင်းတစ်လောင်းအား တွေ့ရှိခဲ့
သည်။ သေဆုံးသူအား သစ်ငုတ်တစ်
တွင် ကြိုးချည်ကာ ဓာတ်ဆီများ ရွဲ
အောင်လောင်းလျက် အရှင်လတ်လ
မီးရှို့ခဲ့ကြခြင်းဖြစ်သည်။ အလောင်း
ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် မီးလော
ကျွမ်းခဲ့သဖြင့်မည်သူမည်ဝါဖြစ်ကြော
ဖော်ထုတ်ရန်ခက်ခဲနေသည်။ မီးလော
ကျွမ်းခြင်းမခံရသော အင်္ကျီ လက်
စ၏ အစအနတစ်ခုသာ တစ်ခုတည်
သော သဲလွန်စဖြစ်ခဲ့သည်။

နယူးယော့မြို့၏အရှေ့တောင်ပိုင်းတွင်ရှိသော ကျွန်းတစ်ကျွန်းဖြစ်သည့် လောင်းအိုင်လန်းကျွန်းပေါ်မှ လူသူပြတ်လပ်သောလမ်းတစ်လမ်းပေါ်၌ စွန့်ခွာထားပစ်ခဲ့သည့် မော်တော်ယာဉ်တစ်စီးအား တွေ့ရှိခဲ့ရသည်။ ထိုနေ့သည် ၁၉၆၃ ခု၊ မတ်လ ၁ ရက်နေ့ ဖြစ်သည်။ မော်တော်ယာဉ်ထဲတွင် ဘောင်းဘီနှစ်ထည် ကျန်ရစ်ခဲ့သည်။ ဤဘောင်းဘီနှစ်ထည်သည် လက်ဗွေရာများအား ဖျောက်ဖျက်ပစ်ရန် အသုံးပြုခြင်းဖြစ်ပုံရသည်။ သေနတ်သမားများသည် မော်တော်ယာဉ်ကို ခိုးယူခဲ့ကြပြီး ဘဏ်မှငွေပို့သူတစ်ယောက်အား သတ်၍ ဒေါ်လာသန်း ၁၂,၀၀၀ကိုယူကာ ထွက်ပြေးသွားကြသည်။

မှုခင်းအတွက် တာဝန်ပေးအပ်ခြင်းခံရသော ရဲအုပ်အဒမ်ယူသည် ဘောင်းဘီနှစ်ထည်ကို လေ့လာရာ အစွန်းချွတ်တံဆိပ်အမှတ်အသားတစ်ခုကို တွေ့ရှိလိုက်ရလေသည်။ စိတ်ရှည်စွာဖြင့် ရဲအုပ်အဒမ်ယူသည် လောင်းအိုင်လန်းကျွန်းနှင့် နယူးယော့မြို့၏ မြူနီစပယ်မြို့များဖြစ်ကြသော ဘရုကင်းမြို့၊ ကွင်းမြို့များရှိ အပ်ချုပ်ဆိုင်ကြီးငယ်ဟူသမျှထံ လှည့်လည်စုံစမ်းခဲ့သည်။

ရက်သတ္တပတ်သုံးပတ်ကုန်ဆုံးခဲ့လေပြီ။ အမှုမှာ မျှော်လင့်ချက်ကုန်ဆုံးလုနီးနီး ဖြစ်နေချိန်တွင် အက်ဒမ်ယူသည် အပ်ချုပ်သမားတစ်ဦးအား တွေ့ရှိလိုက်သည်။ အပ်ချုပ်သမားသည် ဘောင်းဘီနှစ်ထည်ကို နောက်ဆုံးအစွန်းချွတ်ပေးခဲ့သူပင် ဖြစ်သည်။ အပ်ချုပ်သမားက ဘောင်းဘီများပိုင်ရှင်အား မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုပြောဆိုလိုက်ခြင်းသည် အမှုကို လျင်မြန်စွာ ဖော်ထုတ်ပေးနိုင်ခဲ့လေ၏။

ရက်အနည်းငယ်ကြာပြီးနောက် ရဲအုပ်အဒမ်ယူသည် အတွေးစိတ်ကူးတစ်ခုနှင့် သူ့အထက်အရာရှိထံလာခဲ့သည်။

မကြာသေးမီက သတင်းစာများ၏ မျက်နှာဖုံးစာမျက်နှာတွင် ထိတ်လန့်ဖွယ်ရာ လူသတ်မှုသတင်းကို မီးမောင်း

လုပ်ရိုးလုပ်စဉ်အတိုင်းဆိုလျှ
နယူးယော့မြို့၏ ၇၅ မိုင်ပတ်လည်
ရှိသော အပ်ချုပ်ဆိုင် ၁၁,၀၀၀ အ
အလောင်းကို မည်သူမည်ဝါဖြစ်သ
ဟု စုံစမ်းမေးမြန်းဖို့ လိုအပ်လိမ့်မ
ဖြစ်သည်။ ယခုမူ တံဆိပ်အမှတ်
သား ဗျူရိုကိုခေါ်ခဲ့ရာ သုံးနာရီအကြ
တွင် ရဲအုပ်အဒမ်ယူသည် အာဏာ
များအား ဘရွန်နက်တွင်ရှိသော အ
ချုပ်သမားတစ်ယောက်အား ညွှ
လိုက်သည်။ အပ်ချုပ်သမားသည် သ
စာအုပ်များကို စစ်ဆေးကြည့်ရှု
နောက် အသတ်ခံရသူမှာ မည်သူမ
ဝါဖြစ်ကြောင်း တစ်မုဟုတ်ချင်း ဖေ
ထုတ်ခဲ့သည်။

လောင်းအိုင်လန်းကျွန်းပေါ်
လောင်းဘိန်မြို့မှ ရတနာများ လ
လည်ရောင်းချတတ်သူတစ်ယောက်သ
ရိုက်သတ်ခြင်းခံခဲ့ရပြီး ရတနာမျ
ယူခြင်းခံခဲ့ရသည်။ အလောင်းကို လူ
ပြတ်လတ်သောကမ်းခြေပေါ်တွင် ထ

www.burmeseclassic.com

ခဲ့သည်။ အနီးအနားရှိ ချုံပုတ်များအောက်၌ မျက်နှာသုတ်ပုဝါငါးထည်ကိုလည်း ကောက်ယူခဲ့ရသေးသဖြင့် ရဲအုပ်အဒမ်ယူအဖို့ အလုပ်များခဲ့ရတော့သည်။ သူသည် ရဲတပ်ဖွဲ့ဝင်များအား လောင်းဘိန်မြို့ရှိ လိပ်စာတစ်ခုကို ညွှန်ပြလိုက်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ကိုယ်ရံတော်တပ်သားဟောင်းတစ်ဦးအား ဖမ်းဆီးခဲ့ကြသည်။ ကိုယ်ရံတော်တပ်သားဟောင်းကလည်း ပြစ်မှုကျူးလွန်ကြောင်း ထုတ်ဖော်ဝန်ခံခဲ့သည်။

ခဝါဆိုင်သို့ လျှော်ဖွတ်ရန်အဝတ်ထုပ်ရောက်သွားသည့်အခါ သို့မဟုတ် အထည်များ၊ ဝတ်စုံများ အစွန်းချွတ်သည့်အခါ အဝတ်အထည်တိုင်းတွင် ပိုင်ရှင်ကိုသိသာရန်အလို့ငှာ နံပါတ်တံဆိပ်အမှတ်အသားတစ်ခု ပေးရလေ့ရှိသည်။

ဝါရှင်တန်ဒီစီနှင့် နယူးယော့တောင်ပိုင်းမှ ဘင်တန်တန်မြို့များအတွင်းရှိ ခဝါလုပ်ငန်းနှင့် အစွန်းချွတ်လုပ်ငန်း ၄၅၀၀ ကျော်၏လက်ဗွေရာများကို ရဲအုပ်အဒမ်ယူသည် အံဆွဲများဖြင့် အပြည့်ထားရှိခဲ့သည်။ မီလာဒယ်ဖီးယားဆာခရင်တန်၊ နယူးယော့နှင့် အခြားမြို့ကြီးများသည် အဒမ်ယူ၏ ဗျူရိုပုံစံအတိုင်း စတင်လုပ်ဆောင်ဖို့ သူတို့အားကူညီရန် အဒမ်ယူအား အကူအညီတောင်းခံခဲ့ကြသည်။

ထို့အပြင် ကယ်လီဖိုးနီးယား၊ ဘော်ရီဂွန်၊ နယူးမက္ကစီကို၊ ဖလိုရီဒါနှင့် အခြားပြည်နယ်များရှိ ရဲတပ်ဖွဲ့အကြီးအကဲများထံမှလည်း သိလိုသောအချက်အလက်များ မေးမြန်းစုံစမ်းမှုများကို အဒမ်ယူလက်ခံရရှိခဲ့သည်။

များစွာသောအစွန်းချွတ်သူများနှင့် ခဝါသည်တို့သည် သာမန်မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော တံဆိပ်အမှတ်အသားများကို အသုံးပြုထားကြရလေကား။ ယင်းတို့အား ခရမ်းလွန်ရောင်ခြည်ဖြင့်သာ ဖော်ထုတ်နိုင်လေသည်။

၁၉၃၇ ခုနှစ်တုန်းကလည်း နယူးယော့မြို့ အစိတ်အပိုင်းဖြစ်သော သစ်တောတောင်ကုန်းများ၌ နေထိုင်ကြသည့် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူတို့သည် ဖမ်းဆီးရန်ခက်ခဲသော ဖောက်ထွင်းသမားတစ်ယောက်၏ ဒုက္ခပေးခြင်းကို ခံခဲ့ကြရသည်။ ဖောက်ထွင်းသမားသည် သားမွေးအဝတ်အထည်များမှစ၍ ပန်းပုရုပ်တုများပါမကျန် ခိုးယူလေသည်။ ရဲတပ်ဖွဲ့သည် သံသယရှိသူတစ်ယောက်အား ၂၄ နာရီလုံးလုံး စစ်ဆေးမေးမြန်းခဲ့ကြသော်လည်း ထိုသူသည် နေရပ်လိပ်စာကိုပင် ပြောဆိုရန် ငြင်းဆန်နေခဲ့သည်။ သို့ဖြစ်ရကား ရဲတပ်ဖွဲ့သည် ရဲအုပ်အဒမ်ယူအား ခေါ်ခဲ့ရလေတော့သည်။

အဒမ်ယူသည် သံသယရှိသူအား အင်္ကျီချွတ်ရန် ခိုင်းလိုက်သည်။ နံရံပလပ်ပေါက်တွင် မီးအပ်ပလပ်ကိုထိုး၍ အင်္ကျီအနားစများအား သူ၏ ခရမ်းလွန်ရောင်ခြည်ကြည့်သော ကိရိယာအောက်၌ထားကာ ကြည့်ရှုစစ်ဆေးလေသည်။ ဤနည်းဖြင့် သံသယရှိသူ၏အမည်နှင့် လိပ်စာကို ခဝါသည်ထံမှ ရရှိခဲ့လေ၏။ တစ်နာရီအတောအတွင်းမှာပင် ရဲတပ်ဖွဲ့သည် ဒေါ်လာ ၁၀,၀၀၀ တန်ဖိုးရှိသော ခိုးရာပါပစ္စည်းများအား သံသယရှိသူ၏အိမ်ထဲတွင် တွေ့ရှိခဲ့ကြသည်။ သို့ဖြစ်သော်ငြားလည်း ဖောက်

**အဒမ်ယူ၏ စိတ်ကူးစိစဉ်ချက်အား လက်ခံကျင့်သုံးခြင်း ခံခဲ့ရပါက အမေရိကတိုက်ရှိ သန်းပေါင်းများစွာသော ယောကျာ်း၊ မိန်းမနှင့် ကလေးသူငယ်တို့သည် သူတို့၏ အဝတ်အထည်များတွင် လျှို့ဝှက်တံဆိပ် အမှတ်အသားများအား ဆောလျင်စွာ ပြုလုပ်ကြပေတော့မည်မှာ အမှန်ပင်...**



www.burmeseclassic.com

ထွင်းခိုးသူသည် ဝန်ခံစကားမဆိုဘဲ ခိုးရာပါပစ္စည်းများအား ငေးစိုက်ကြည့်၍သာနေလေသည်။

ဤတွင် ရဲအုပ်အဒမ်ယူအား ထပ်မံခေါ်ရပြန်၏။

''ကျွန်တော်တို့ အလိုရှိနေတဲ့သူဟာ ဒီလူပဲ၊ ဒါပေမဲ့ ဒီလူဟာ ဒီစောင်တွေ . . . သားမွေးထည်တွေ . . . ခန်းဆီးဖျင်စတွေနဲ့ ကျန်တဲ့ပစ္စည်းတွေကို ဘယ်ကရတယ်ဆိုတာ မပြောဘူး၊ ကျွန်တော်တို့ ဒီပစ္စည်းတွေရဲ့ပိုင်ရှင်ကို ရှာချင်တယ်''

ခဝါသည်များနှင့် အစွန်းချွတ်သူများ တံဆိပ်အမှတ်အသားအညွှန်းဗျူရိုသည် တစ်ကြိမ်ထပ်မံ၍ လိုအပ်ချက်အား ဖော်ထုတ်ရပြန်လေသည်။

မှုခင်းများက ဗျူရို၏လုပ်ငန်းတိုးတက်မှုအား ဖြည့်ဆည်းပေးနေကြသကဲ့သို့ ပြည်သူများကလည်း ဗျူရို၏လုပ်ငန်းမှ အကျိုးကျေးဇူးများ ခံစားရရေးအတွက် ဗျူရို၏လုပ်ငန်းတိုးတက်မှုအား ဖြည့်ဆည်းပေးနေကြသည်။

''ခင်ဗျားတို့ရဲ့ . . အဝတ်အထည်တွေပေါ်မှာ ခဝါသည်တွေ . . အစွန်းချွတ်သူတွေရဲ့တံဆိပ်၊ အမှတ်အသားတွေ စွဲမြဲကျန်ရစ်အောင် ခွင့်ပြုကြတာဟာ ကောင်းတဲ့စိတ်ဓာတ်ပါပဲ၊ မတော်တဆ ဖြစ်ရပ်တစ်ခု ဘယ်အချိန်ဖြစ်မယ်ဆိုတာကို ခင်ဗျားတို့ ပြောနိုင်ကြမှာမဟုတ်ဘူး၊ ပြီးတော့ . . . တခြားဘေးအန္တရာယ်တွေ ကျရောက်တဲ့အခါမှာလဲ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဖော်ထုတ်ဖို့ အရေးကြီးလှပါတယ်''

ရဲအုပ်အဒမ်ယူကပြောပြခဲ့သည်။

ရေနစ်သေဆုံးသူတစ်ယောက်၏ အလောင်းကို ဗီလာဒယ်ဖီးယားမှ ချောင်းကလေးတစ်ခုထဲတွင် တွေ့ရှိခဲ့ရသည်။ စာရွက်စာတမ်း အထောက်အထားများမတွေ့ရ။ ရဲတပ်ဖွဲ့သည် သေဆုံးသူ၏အဝတ်အထည်ပေါ်မှ အစွန်းချွတ်သူ၏တံဆိပ်အမှတ်အသားအား ရဲအုပ်အဒမ်ယူထံသို့ ပို့လိုက်သည်။ အချိန် အနည်းငယ်အတောအတွင်းမှာပင် သေဆုံးသူ၏မိသားစုသည် သူတို့၏ဆွေမျိုးသားချင်း၏ဖြစ်ရပ်ကို သိရှိခဲ့ကြသည်။ သေဆုံးသူ၏ အသက်အာမခံငွေများကိုလည်း အချည်းနှီးမဖြစ်အောင် မိသားစုအတွက် စီမံပေးနိုင်ခဲ့ကြသည်။ သို့မဟုတ်လျှင် သေဆုံးသူ၏ အသက်အာမခံငွေများသည် အလဟဿဆုံးရှုံးမည်ဖြစ်သည်။

လွန်ခဲ့သော လအနည်းငယ်က ရွှန်းလဲ့တောက်ပသောမျက်လုံးအစုံနှင့် ငယ်ရွယ်သောမိန်းကလေးတစ်ယောက်သည် နယူးဂျာဆီရှိ တာရင်တန်မြို့၏ လမ်းများပေါ်တွင် ရည်ရွယ်ချက်မဲ့စွာ လှည့်ပတ်သွားလာနေသည်ကို တွေ့မြင်ခဲ့ရသည်။ အစောပိုင်းအချိန်များက တာရင်တန်မြို့ရဲတပ်ဖွဲ့အား အဒမ်ယူသည် ခဝါသည်များနှင့် အစွန်းချွတ်သူများ တံဆိပ်၊ အမှတ်အသားဗျူရိုကို တည်ထောင်ဖို့ အကူအညီမပေးခဲ့လျှင် သတိချို့ယွင်းနေသည့် ထိုအမျိုးသမီးငယ်အား နယူးယော့မြို့ရှိမိသားစုဆီ ပြန်လည်ရောက်ရှိရေးအတွက် ရက်သတ္တပတ်များစွာအချိန်ကုန်ဆုံးကြောင်း ကုန်ဆုံးပေလိမ့်မည်။

လွန်ခဲ့သောနှစ်က ဗျူရိုက ဖြေရှင်းပေးခဲ့သည့် မှုခင်းဖြစ်မှုပေါင်း ၅၂ ခုအနက် ၄၈ ခုကို တရားရုံးသို့တင်ပြပေးခဲ့သည်။ ထို့ပြင် ပျောက်ဆုံးသွားသော ပစ္စည်းပစ္စယများအား ပြန်လည်ပေးအပ်နိုင်သည့် မှုခင်းများအပါအဝင် သေးဖွဲ့သောမှုခင်းကိစ္စရပ်များကိုလည်း အကျိုးရှိစွာ ဖြေရှင်းပေးခဲ့သည်။

ဝါရှင်တန်တွင် လက်ဗွေဗျူရိုကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခဝါသည်များနှင့် အစွန်းချွတ်သူများ တံဆိပ်၊ အမှတ်အသားများကို အမျိုးအစားများ သတ်မှတ်ပိုင်းခြားကာ နိုင်ငံလုံးဆိုင်ရာ မှတ်ပုံ... မာသောအညွှန်း ဗျူရိုတစ်ခု တည်ထောင်ရန် ရဲအုပ်အဒမ်ယူသည် တင်ပြပြောဆိုခဲ့သည်။

အကယ်၍ အဒမ်ယူ၏စိတ်ကူးစီစဉ်ချက်အား လက်ခံကျင့်သုံးခြင်းခံခဲ့ရပါက အမေရိကတိုက်ရှိ သန်းပေါင်းများစွာသော ယောက်ျား၊ မိန်းမနှင့် ကလေးသူငယ်တို့သည် သူတို့၏အဝတ်အထည်များတွင် လျှို့ဝှက်တံဆိပ်အမှတ်အသားများအား ဆောလျင်စွာ ပြုလုပ်ကြပေတော့မည်မှာ အမှန်ပင် ဖြစ်သည်။

ဘန်...

၁၉၄၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ထုတ် ***The Reader's Digest*** စာစောင်မှ ***Stamley Ross*** ၏ ***Laundry Tag Detective*** ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com






ကြည့်စိမ်းနေသော မြစ်ရေ၊ ရှုမောစရာတောတန်းတို့ကို မဟူရာညအမှောင်သည် ကြောက်ခမန်းလိလိ ကြီးစိုးထားလေပြီ။ ကောင်းကင်ကို အလှဆင်ပေးကြသော ကြယ်စင်တို့သည်လည်း တိမ်စိုင်တို့၏နောက် ကွယ်၌ ပုန်းခိုငြိမ်ကုတ်နေသည်ဖြစ်၍ အမှောင်ထုထဲမှာကောင်းကင်သည် အလှပျက်ယွင်းနေ၏။ ဝန်းကျင် ပတ်ပတ်လည်ကို ကြီးစိုးဖုံးအုပ်ထားသော အမှောင်ထဲတွင် ပုစဉ်းရင်ကွဲတို့၏ ကြောက်စရာအသံများက ဟိုနားတစ်စ၊ သည်နားတစ်စဖြင့် ကျောချမ်းစရာဖြစ်နေသော ညသန်းခေါင်ယံ။



www.burmeseclassic.com

ရသေ့တစ်ပါးသည် တိတ်ဆိတ်ခြင်းကို အားအဖြစ်အသုံးပြုကာ စကြံသွားလျက် တရားမှတ်နေ၏။ သူတော်ကောင်းများအတွက် တိတ်ဆိတ်ခြင်းသည် အားဖြစ်၏။ ဆူညံသောအရပ်တို့သည် စိတ်ကို မငြိမ်သက်စေနိုင်။ ငြိမ်သက်နေသောစိတ်ကို ဆူပွက်စေ၏။ အေးမြနေသောစိတ်ကို ပူလောင်စေ၏။ အာရုံတရားတို့ကို လိုက်စားမှုမရှိဘဲ မေ့လျော့နေသောစိတ်ကို အာရုံတရားတို့လိုက်စားလာအောင် နှိုးဆော်ပေးတတ်၏။ တိတ်ဆိတ်သောအရပ်သည် အာရုံတရားအပေါ် ပြေးလွှားနေသောစိတ်ကို စုစည်းပေးတတ်၏။ ငြိမ်သက်နေသောစိတ်ကို တည်ကြည်စေ၏။ တရားအားထုတ်သော သူတော်ကောင်းတို့သည် တရားမှတ်ရန် ပထမဆုံးစိတ်ကို ကြည်ငြိမ်သက်အောင် ထိန်းချုပ်ကြရ၏။ ထို့ကြောင့် တိတ်ဆိတ်ခြင်းသည် အားတစ်အားဖြစ်နေခြင်းပင်။

ရသေ့သည် ပုဏ္ဏားမျိုးနွယ်စုက မွေးဖွားလာသူ။ ရသေ့၏မျိုးနွယ်အမည်မှာ ဥဒိစ္စကာသိတိုင်း၌ နေထိုင်၏။ ပုဏ္ဏားတို့ဖြတ်သန်းသောလမ်းစဉ်အတိုင်း ဘဝခရီးကို စတင်လျှောက်လှမ်းရင်းလောကခံ၏အနှ၊ အရင့်ဘဝတို့ကို ခံစားလာရသောအခါ လူတောထဲမှာ လူတစ်ယောက်အဖြစ် နေထိုင်ရမည်ကို စိတ်ကုန်ခမ်း ခြောက်သွေ့လာခဲ့၏။ စည်းစိမ်ဥစ္စာချမ်းသာများထက် တရားချမ်းသာကို တောင့်တလာခဲ့၏။ သို့ကြောင့် လူအဖြစ်ကိုစွန့်လွှတ်ကာ ရသေ့အဖြစ်ကိုခံယူခဲ့၏။ တရားမြတ်ဖြင့် အေးချမ်းစွာနေထိုင်ရန်အတွက် ဆိတ်ငြိမ်သောနေရာတစ်ခုကို ရွေးချယ်ခဲ့၏။ ရသေ့ရွေးချယ်သော ဆိတ်ငြိမ်အရပ်သည် မြစ်ကွေ့တစ်ခုတွင် တည်ရှိ၏။ တောတန်းတို့ဖြင့် ဝန်းရံထား၏။ ရသေ့သည် မိုးလုံလေလုံ သစ်ရွက်မိုးကျောင်းသခမ်းကလေးတွင် နေထိုင်၏။ ယခု ထိုကျောင်းငယ်ကလေးအနီးတွင် စကြံသွားလျက် တရားမှတ်နေခြင်းပင် ဖြစ်ပါသည်။

(၂)

ရသေ့သည် စကြံသွားလျက် တရားမှတ်နေစဉ် တစ်နေရာအရောက်တွင် ခြေလှမ်းများ ရပ်တန့်သွား၏။ ရသေ့၏ခြေလှမ်းတို့ကို ရပ်တန့်စေသောအရာမှာ လေအဝှေ့၌ ငှိုသံတစ်သံသည် ရသေ့၏နားအစုံသို့ ပူလောင်စွာ ရိုက်ခတ်လာ၏။ မသဲကွဲသောငိုသံဖြစ်၍ နားရှင်းသွားအောင် ရသေ့သည် ခြေလှမ်းများရပ်ပြီးသည်နှင့် မှတ်နေသောတရားကိုလည်း ရပ်လိုက်လေ၏။ စိတ်ကို လွတ်လွတ်ထားကာ နားစွင့်လိုက်တော့မှပင် လေအဝှေ့တွင် ကပ်ပါလာသောငိုသံကို ရှင်းရှင်းလင်းလင်း ကြားလာရ၏။ ငိုသံသည် မိန်းမတစ်ယောက်၏ငိုသံမဟုတ်၊ ယောကျ်ားတစ်ယောက်၏ငိုသံ။ လူမရောက်သောနေရာ၊ လူသူလေးပါး အနားယူအိပ်စက်နေသော အချိန်။ မည်သို့မျှ ဖြစ်နိုင်ချေမရှိသည့် ငိုသံသည် သတ္တိကောင်းသောသူတို့ကိုပင် ကြက်သီးမွေးညှင်းများ ထသွားစေနိုင်၏။ မကောင်းဆိုးဝါးများလား ဟူသော အတွေးက ကြီးစိုးသွားနိုင်၏။ ရသေ့သည် မိမိ၏စိတ်ကို သီလတရားဖြင့် ဆေးကြောထားသူဖြစ်၏။ ဘဝကို မေတ္တာတရား၊ ကရုဏာတရား တို့ဖြင့် တည်ဆောက်ထားသူဖြစ်၏။

သို့ဖြစ်၍ ထိတ်လန့်ကြောက်ရွံ့မှု ကင်းသောစိတ်ဖြင့် ငိုသံလာရာကို ခြေ ရာခံ၏။

ငိုသံသည် မြစ်ထဲကလာခြင်းပင်။ ငိုသံထဲတွင် သေဘေးမှကြောက်သော စိတ်၏အငွေ့အသက်တို့သည် ရော ထွေးလျက်ပါ၏။ ရသေ့သည် အခြေအ နေကို ဆင်ခြင်ကြည့်၏။ ညနေစောင်း ကမိုးသည် သည်းကြီးမည်းကြီးရွာခဲ့၏။ လေပြင်းများပါ ပါလာ၍ တောတန်းက သစ်ပင်များပင် ကျိုးသည့်အပင် ကျိုး၊ အမြစ်ကပင် ပြုတ်သည့်အပင် ပြုတ်၊ ပြင်းလွန်းသောရေ၏တိုက်စားမှုကြောင့် မြစ်ကမ်းတို့လည်း ပြိုကျခဲ့၏။ အသံပိုင် ရှင်သည် ကမ္ဘာပျက်သလို ကြမ်းတမ်း ခဲ့သောအဖြစ်အပျက်နှင့်ကြုံခဲ့၍ ဒုက္ခ ရောက်လာခြင်းဖြစ်ပေလိမ့်မည်။ ကရု ဏာရှင်တို့သည် ဒုက္ခရောက်နေသူတို့ကို သနားတတ်၏။ ကိုယ်ချင်းစာတတ်၏။ ဒုက္ခက လွတ်မြောက်အောင် ကူညီပေး တတ်၏။ ကရုဏာရှင်ဖြစ်သော ရသေ့ တွင်လည်း ကူညီချင်သောစိတ်သည် ဘွားခနဲပေါ်လာ၏။

"ငါကဲ့သို့ . . မေတ္တာကရုဏာနှင့် ပြည့်စုံသော ရသေ့အဖို့ ဤယောကျ်ား ၏သေခြင်းသည် မသင့်၊ ရေက . . . ထုတ်ဆယ်ပြီး ထိုယောကျ်ားအား အ သက်အလှူကိုပေးအံ့"

ရသေ့သည် ဤသို့တွေးကာ မြစ် ထဲသို့ ဆင်းခဲ့၏။ မြစ်ရေစီးသည် ကြောက်မက်ဖွယ်ပြင်းထန်၏။ မြစ်ထဲ၌ ရေစီးနှင့်အတူ သစ်တုံးများ၊ သစ်ပင် များ အမျိုးစုံမျောပါလျက် ရှိ၏။ ရေစီး နှင့်မမျောပါရအောင်လည်း ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို သိန်းရ၏။ မျောပါလာသော သစ်များနှင့် မထိရအောင်လည်း ရှောင်ရှား၏။ ခက်ခက်ခဲခဲပင် အသံပိုင်ရှင်ဆီသို့ ကူးခတ်လာခဲ့၏။ အသံပိုင်ရှင်သည် သစ်တုံးတစ်တုံးကို ဖက်လျက် မျောလာခြင်းဖြစ်၏။ သစ်တုံးကကြီး၏။ ရှည်၏။ သစ်တုံးကို ကမ်းနားသို့ရောက်အောင် ရသေ့ ရှိသမျှအားကို အကုန်ထုတ်ကာ ဆွဲယူရလေသည်။

သစ်တုံးထက်တွင် အသံပိုင်ရှင် တစ်ယောက်တည်းပါလာသည်မဟုတ်။ မြွေတစ်ကောင်၊ ကြွက်တစ်ကောင်၊ ကျေးတစ်ကောင်လည်း ပါ၏။ မိုးရေ၏ ရိုက်ခတ်မှုဒဏ်တို့ကြောင့် တုန်ရီနေကြ၏။ အားအင်တို့ ကုန်ခမ်းနေကြ၏။ ပြုသမျှ ခံရမည့်အနေထားဖြင့် အသနားခံနေကြ၏။ ကရုဏာရှင်ဖြစ်သော ရသေ့သည် အားလုံးကိုသနား၏။ ရသေ့၏ အသိစိတ်ထဲတွင် လူ၊ တိရစ္ဆာန်ဟူ၍ ခွဲခြားမှုမရှိတော့ပေ။ ဒုက္ခရောက်နေသူများဟု ထပ်တူပြုလိုက်၏။ အားလုံးကို ကျောင်းသင်္ခမ်းကလေးသို့ ကယ်ဆောင်လာခဲ့ပေသည်။

(၃)

ရသေ့သည် မီးမွေး၏။ မီး အတော်အသင့် တောက်လာသည်နှင့် မီးလှုံစေ၏။ မီးလှုံစေရာတွင် မြွေ၊ ကြွက်၊ ကျေးသားငယ်တို့ကို ဦးစွာ မီးလှုံခိုင်း၏။ နောက်မှ အသံပိုင်ရှင်ကို လှုံခိုင်း၏။ အသံပိုင်ရှင်သည် ရသေ့၏လုပ်ရပ်ကို သဘောမကျ။ အစာကျွေးသောအခါမှာလည်း တိရစ္ဆာန်တို့ကို ကျွေးပြီးမှ လူကို ကျွေး၏။ စားကြွင်းကို ကျွေးသည်တော့ မဟုတ်။ ဖယ်ချန်ထားသည်ကို ကျွေးခြင်းသာဖြစ်၏။ အသံပိုင်ရှင်သည် ထိုအခါမှာလည်း ရသေ့၏လုပ်ရပ်ကို သဘောမကျ။ တိရစ္ဆာန်နှင့်လူတွင် ဦးစားပေးကောင်းပေးရမည်ဆိုလျှင် လူကိုသာ ဦးစားပေးရမည်ဟု အသံပိုင်ရှင် တွေး၏။ ရသေ့ကမူ ထိုသို့မတွေး။ ခံနိုင်ရည်ရှိ/မရှိကို ဦးစားပေးတွေး၏။ မြွေ၊ ကြွက်၊ ကျေးသားငယ်တို့သည် အားအင်နည်းသူများ၊ လူသည် သတ္တဝါငယ်တို့နှင့်ယှဉ်လျှင် အားအင်ကြီးမား၏။ သတ္တဝါငယ်တို့ထက် ခံနိုင်ရည်ရှိ၏။ အားကြီးသူနှင့် အားနည်းသူတို့တွင် အားနည်းသူကို ဦးစားပေးရမည်ပင် မဟုတ်ပါလော။ အသံပိုင်ရှင်နှင့်ရသေ့သည် တွေးပုံချင်းကွာခြား၏။ အတွေးကွာ၍ အယူအဆလည်း ကွာ၏။ အယူအဆကွာ၍ လုပ်ဆောင်ချက်လည်း ကွာ၏။ သဘောထားလည်းကွာ၏။

"ဤ ... ကောက်ကျစ်သော ရသေ့သည် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ငါ ... မင်းသားကို မစဉ်းစား၊ တိရစ္ဆာန်တို့အား မြတ်နိုးခြင်းကိုပြု၏၊ သင်း ... နိုင်တုန်းပြုထားပေဦးပေါ့"

ဤသို့ ရန်ငြိုးကို စတင်ဖွဲ့၏။ တကယ်ဆိုလျှင် ရသေ့သည် ကျေးဇူးရှင်ဖြစ်၏။ ရသေ့သာမကယ်လျှင် သေပွဲဝင်ရမည်မှာ သေချာ၏။ ကျေးဇူးရှင်ကို ကျေးဇူးမတင်သည့်အပြင် ရန်ငြိုးဖွဲ့သည်မှာ အကျည်းတန်လွန်းလှ၏။ ယုတ်ညံ့သောစိတ်ထားကို ဖော်ပြခြင်းပင်ဖြစ်၏။ အသံပိုင်ရှင်သည် စိတ်ထားယုတ်ညံ့၏။ ယုတ်ညံ့သောစိတ်ကြောင့် ဤကဲ့သို့ ဒုက္ခရောက်ရခြင်းပင်။

အသံပိုင်ရှင်၏အမည်မှာ ဒုဋ္ဌကုမာရဖြစ်၏။ ဗာရာဏသီပြည့်ရှင်ဗြဟ္မဒတ်မင်း၏သားတော် ဒုဋ္ဌကုမာရမင်းသားသည် မွေ့ဟောက်ထက် ဒေါသပြင်း၏။ ကြမ်းတမ်း၏။ နားမချမ်းသာသော စကားတို့ဖြင့် လူတို့ကို ပြောဆိုဆက်ဆံ၏။ မဆဲရေးဘဲ စကားမပြော။ မပုတ်ခတ်ဘဲ စကားမပြော။ ဒုဋ္ဌကုမာရမင်းသားကို လူတိုင်းမုန်းကြ၏။ ဒုဋ္ဌကုမာရမင်းသား နန်းတော်ထဲက ထာဝရ ပျောက်သွားဖို့ကို လူတိုင်းလိုလားကြ၏။ လိုလားသည့်အတိုင်း ဒုဋ္ဌကုမာရမင်းသားရေချိုးနေစဉ် မိုးသည်းထန်စွာရွာလာသည်ဖြစ်၍ လူတို့သည် ဒုဋ္ဌကုမာရမင်းသားကို ရေထဲမျှောပစ်လိုက်ကြ၏။ မကောင်းသော စိတ်ကြောင့် ဒုက္ခရောက်ရသည်ကို ဒုဋ္ဌကုမာရမင်းသား မဆင်ခြင်ဘဲ ကျေးဇူးရှင်ကို ရန်ငြိုးဖွဲ့ဖို့သာ စဉ်းစား၏။ စိတ်ဖြင့် ရန်ငြိုးဖွဲ့ထားသည်ကို သူတော်ကောင်းရသေ့လေး မသိရှာပေ။

(၄)

ဒုဋ္ဌကုမာရမင်းသား၊ မြွေ၊ ကြွက်၊ ကျေးသားငယ်တို့သည် သစ်ရွက်မိုးသော ကျောင်းသင်္ခမ်းငယ်ကလေး၌ ရသေ့နှင့်အတူ နှစ်ရက်၊ သုံးရက်ကြာနေစဉ်အတွင်း ရသေ့ရှာကျွေးသော စားသောက်ဖွယ်ရာများကို စားသောက်ရင်း ခွန်အားမွေးကြသောအခါ ကုန်ခမ်းသွားသောအားအင်တို့သည် ပြည့်ဝလာကြ၏။ ညှိုးနွမ်းသောအဖြစ်မှ လန်းဆန်းသောအဖြစ်သို့ ရောက်လာကြ၏။ ရာသီဥတုလည်း သာသာယာယာ ရှိလာ၏။ ပြင်းထန်စွာစီးနေသောမြစ်ရေတို့သည်လည်း ပုံမှန်ဖြစ်လာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူပညာရှိတို့သည်
တိရိစ္ဆာန်နှင့်လူကို ခွဲခြားရာ၌
အသွင်သဏ္ဍာန်ကို အဓိကမထားကြ။
အသိတရားကို အဓိကထားကြ၏။
တိရိစ္ဆာန်တို့သည် အသိတရားကင်းမဲ့၏။
လူတို့သည် အသိတရားရှိ၏။
အသိတရားရှိ၍ "လူ" ဟုခေါ်၏



"အရှင်ဘုရား ... အရှင်ဘုရားသည် တပည့်တော်၏ကျေးဇူးရှင်ဖြစ်ပါ၏၊ တပည့်တော်သည် ဆင်းရဲသူ .. မဟုတ်ပါ၊ ဤမည်သောအရပ်၌ တပည့်တော်သည် ကုဋေလေးဆယ်ရှိသော ရွှေအိုးတို့ကိုမြှုပ်ထားပါ၏၊ အရှင်ဘုရားအား ရွှေအိုးဖြင့်ပြုလုပ်ရမည့်ကိစ္စရှိလျှင် တပည့်တော် ကုဋေလေးဆယ်လုံးကို ပေးပါမည်၊ တပည့်တော်နေသောအရပ်သို့လာ၍ 'မြွေ' ဟုသာ ခေါ်လိုက်ပါ"

အချိန်တန်လျှင် အိမ်ပြန်ရသည်မှာ ညှို့သည်တို့၏သဘောရိုးဖြစ်၏။ မြွေသည် ညှို့သည်ဖြစ်၏။ အိမ်ပြန်ရမည့်အချိန်သို့လည်း ရောက်နေပြီဖြစ်၏။ အိမ်ပြန်ရန် ရသေ့အား လျှောက်တင်ခြင်းဖြစ်၏။ လျှောက်တင်သောအခါ၌ ကျေးဇူးရှင်အား ကျေးဇူးဆပ်လိုသောဆန္ဒကိုလည်း ကြားလျှောက်၏။ မြွေသည် အစွဲတရား၏အကျိုးကို ခံစားနေရသူဖြစ်၏။ မြွေသည် လူဖြစ်ခဲ့စဉ်က ဗာရာဏသီပြည်ဝယ် ကုဋေလေးဆယ်ချမ်းသာသောသူဌေးတစ်ယောက်ဖြစ်ခဲ့၏။ ကုဋေလေးဆယ်လုံးကို မြစ်ကမ်းနားမှာ မြှုပ်ထားခဲ့၏။ ထိုဥစ္စာများအပေါ်မှာအစွဲတရားကို ငွေ့ရည်ဖွဲ့ခဲ့၏။ ဥစ္စာများကိုစွဲလျက် သေလွန်သောအခါ ဥစ္စာစောင့်မြွေဖြစ်လာခြင်းပင်။

စည်းစိမ်ဥစ္စာသည် လူ့လောက၌ ဝင်ဆန့်နိုင်၏။ စည်းစိမ်ဥစ္စာချမ်းသာသောသူတို့ကို လူတို့သည် အရေးပေးကြ၏။ အလေးအနက်ဆက်ဆံကြ၏။ ပျူပျူငှာငှာ ညှို့ခံတတ်ကြ၏။ လူ့လောက၌ စည်းစိမ်ဥစ္စာ၏မျက်နှာသည် ကြီးကျယ်၏။ ခန့်ညား၏။ စည်းစိမ်ဥစ္စာရှင်တို့၏စကား၊ လုပ်ဆောင်ချက်တို့



www.burmeseclassic.com

www.burmeseclassic.com



သည် အရေးပါ၏။ မှားသောစကား၊ မှားသော လုပ်ဆောင်ချက်တို့သည်ပင် နံသကဲ့သို့ ဖြစ်နေတတ်၏။ စည်းစိမ် ဥစ္စာတို့၏ လွှမ်းမိုးမှုအောက်တွင် ပုထု ဇဉ်အများစုသည် ဝပ်စင်း၍နေတတ်ကြ ပေသည်။

တန်ဖိုးရှိသော စည်းစိမ်ဥစ္စာတို့ကို တန်ဖိုးရှိအောင် အသုံးပြုကြရမည်မှာ ဥစ္စာရှင်တို့၏တာဝန်။ စည်းစိမ်ဥစ္စာတို့၏ ချက်နာဖြင့် အများအကျိုးကို ဆောင် ရွက်ခြင်းသည် တန်ဖိုးရှိအောင်အသုံး ပြုခြင်းမည်၏။ စည်းစိမ်ဥစ္စာတို့၏ မျက် နာဖြင့်အများအကျိုးကို ဖျက်ဆီးခြင်း၊ နှိပ်ကွပ်ချုပ်ချယ် ညှင်းဆဲခြင်းတို့သည် တန်ဖိုးမဲ့အောင် ပြုလုပ်နေခြင်းပါပေ။ တန်ဖိုးရှိသော စည်းစိမ်ဥစ္စာတို့ကို တန် ဖိုးမဲ့အောင်ပြုလုပ်နေသော သူတို့၏ ဘဝသည်လည်း လူအများ၏ကဲ့ရဲ့ခြင်း ကို ခံရ၏။ သူတစ်ပါးမုန်းတီးရွံရှာခြင်း ကို ... တန်ဖိုးရှိသောစည်းစိမ်ဥစ္စာတို့ကို တန်ဖိုးရှိအောင်ပြုလုပ်နေသောသူတို့၏ ဘဝသည် အကြည်ညိုခံရ၏။ တမလွန် တွင် ကောင်းသောဘဝသို့ရောက်ရ ၏။ မြွေသည် လူ့ဘဝဖြစ်စဉ်က စည်း စိမ်ဥစ္စာတို့ကို တန်ဖိုးရှိအောင် အသုံးမ ပြုခဲ့သလို တန်ဖိုးမဲ့အောင်လည်း အသုံး မပြုခဲ့ပေ။ တပ်မက်မောစွာမသုံးရက် ဖြုန်းရက် မလှူမတန်းရက်ဘဲ အလှ ကြည့်ကြည့်နေခဲ့၏။ မြတ်နိုးနေခဲ့၏။ တွယ်တာနေခဲ့၏။ စွဲလမ်းနေခဲ့၏။ စွဲ လမ်းခြင်းသည် အတ္တဖြစ်၏။ အတ္တ ... ဘဝလွန်ကဲမှုကြောင့်မကောင်းသော ... မြွေဘဝဖြစ်ရရှာ၏။

ကြွက်သည်လည်း လူ့ဘဝဖြစ်စဉ် က ငွေသုံးဆယ်ချမ်းသာသော သူ ဌေးတစ်ယောက်ပင်။ မြွေလိုပင် စည်း စိမ်ဥစ္စာများအပေါ်၌ မြတ်နိုးတွယ်တာ စွဲလမ်းတပ်မက်သောစိတ်ကြောင့် သေ လွန်သောအခါ ကြွက်ဘဝသို့ ရောက် နေရခြင်းဖြစ်၏။ ရသေ့၏သစ်ရွက်မိုး ကျောင်းသခ်ငန်းငယ်ကလေးထဲက မြွေ ထွက်သွားပြီးသည့်နောက် ဒုတိယ ထွက်သောသူမှာကြွက်။ ကြွက်သည် မြွေကဲ့သို့ပင် ကျေးဇူးရှင်ရသေ့အား ကျေးဇူးဆပ်လို၍ ပင့်ဖိတ်ကာ သွားလေ ၏။ ကျန်သော ကျေးသားငယ်သည် လည်း ရသေ့ထံသို့ချဉ်းကပ်၏။

"အရှင်ဘုရား . . . တပည့်တော် မှာ ဥစ္စာမရှိပါ၊ အရှင်ဘုရားအတွက် သလေးနီတို့ဖြင့် အလိုရှိလျှင် တပည့် တော်ဆီသို့လာ၍ 'ကျေးသား'ဟု ခေါ် တော်မူပါ၊ တပည့်တော်သည် ဆွေမျိုး တို့ကိုအကြောင်းကြားပြီး တစ်ရာမက သောလှည်းတို့ကို ပြည့်စေနိုင်သည့် သလေးနီတို့ကိုဆောင်၍ ပေးခြင်းငှာ စွမ်းနိုင်ပါ၏"

ဤသို့ ဖိတ်မန္တကပြုကာ ကျေး သားငယ်သည် နေရာအရပ်သို့ပြန်သွား ၏။ မြွေ၊ ကြွက်၊ ကျေးသားငယ်တို့ သည် စိတ်ရင်းစေတနာမှန်ဖြင့် ရသေ့ ကို ကျေးဇူးတင်ခဲ့ကြ၏။ ရသေ့အား ကျေးဇူးရှင်အဖြစ် အသိမှတ်ပြုသွားကြ ၏။ ကျေးဇူးဆပ်လိုသောစိတ်ဖြင့် ရသေ့ ကို ဖိတ်မန္တကပြုသွားကြ၏။ ဒုဋ္ဌကုမာရ မင်းသားကမူ ကျေးဇူးတရားကို မသိသူ ဖြစ်၏။ မာနနှင့် ရောစပ်ထားသော ဒေါသကို အစိုးလွှင့်ထားသူဖြစ်၏။ ဆင်ခြင်တတ်သောအသိတရားကို မြေ မြှုပ်နှင်းချေထားသူဖြစ်၏။ လူပညာရှိ တို့သည် တိရိစ္ဆာန်နှင့်လူကို ခွဲခြားရာ၌ အသွင်သဏ္ဍာန်ကို အဓိကမထားကြ။ အသိတရားကို အဓိကထားကြ၏။ တိရိစ္ဆာန်တို့သည် အသိတရားကင်းမဲ့ ၏။ လူတို့သည် အသိတရားရှိ၏။ အသိ တရားရှိ၍ 'လူ'ဟုခေါ်၏။ အသိတရား မရှိလျှင် လူမမည်ပေ။ အသွင်အားဖြင့် လူ ဖြစ်၏။ အသိတရားအားဖြင့် တိရိစ္ဆာန်ဖြစ်နေ၏။ ထို့ကြောင့် အသိ တရားမရှိသောလူကို လူ့တိရစ္ဆာန်ဟု ခေါ်၏။ အသိတရားရှိသောတိရိစ္ဆာန်ကို တိရိစ္ဆာန်လူဟုခေါ်ရမည်ဖြစ်၏။ မြွေ၊ ကြွက်၊ ကျေးသားငယ်တို့သည်တိရစ္ဆာန် လူများဖြစ်၏။ ဒုဋ္ဌကုမာရမင်းသား သည် လူ့တိရစ္ဆာန်ဖြစ်သတည်း။

"အရှင်ဘုရား . . . တပည့်တော် မင်းဖြစ်သောအခါ တပည့်တော်ဆီသို့ လာခဲ့ပါ၊ တပည့်တော်သည် အရှင် ဘုရားအား ပစ္စည်းလေးပါးဖြင့် လုပ် ကျွေးပါမည်"

ဒုဋ္ဌကုမာရမင်းသားသည် ထွက် နေသောဒေါသကို သိုဝှက်လိုက်၏။ ဖွဲ့ ထားသောရန်ငြိုးကို နှလုံးသားသီတိုင်၌ ချည်ထားလိုက်၏။ ဟန်ဆောင်အပြုံးတို့ ကို လုပစွာ တန်ဆာဆင်ကာထားသော် လည်း စိတ်ထဲကတော့ 'ရသေ့လာလျှင် အသေသတ်မည်'ဟု တေးထား၏။ ရသေ့ကို ဟန်ဆောင်ဖိတ်မန္တကပြုကာ ဗာရာဏသီသို့ထွက်လာခဲ့လေသတည်း။

(၅)

ဒုဋ္ဌကုမာရမင်းသား၊ မြွေ၊ ကြွက်၊ ကျေးသားငယ်တို့ဖြင့် စည်စည်ကား ကားရှိခဲ့သော သစ်ရွက်မိုးကျောင်း သခ်မ်းငယ်ကလေးသည် တိတ်ဆိတ် ငြိမ်သက်လေပြီ။ ရသေ့သည် တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်သက်နေသော သစ်ရွက်မိုး ကျောင်းငယ်လေးထဲမှာ တရားရှုမှတ်နေ၏။ ရသေ့၏စိတ်သည် တည်ငြိမ်မှုကို မရနိုင်။ ထွက်သွားလေပြီးသော သူတို့၏အရိပ်တို့က စိတ်ထဲမှာ ကြည်လင်စွာ ထင်ရှားနေ၏။ အထူးသဖြင့် ထိုသူတို့ပြုခဲ့သော ကတိစကားတို့က နားထဲမှမထွက်။ ရသေ့သည် ကတိစကား တည်/မတည် စုံစမ်းချင်၍ သစ်ရွက်မိုးကျောင်းငယ်ကလေးက ထွက်ခဲ့ပြီးလျှင် မြွေနေသောအရပ်သို့သွားကာ မြွေကိုခေါ်၏။ မြွေသည် ရသေ့၏အသံကို ကောင်းစွာမှတ်မိ၏။ တစ်ခွန်းတည်း ခေါ်လိုက်ရုံဖြင့်မြွေသည် ရသေ့ဆီသို့ ရောက်လာခဲ့လျက် ကတိပြုထားသည့်အတိုင်း ရွှေထားသောနေရာကို ပြ၏။ ရွှေကိုတူးခိုင်း၏။ လောဘသဏ္ဍာရတရားချုပ်ငြိမ်းနေသော ရသေ့သည် ရွှေကိုမတူးဖော်ပေ။ မြွေ၏တကယ့်စိတ်ရင်းကို သိရရုံဖြင့် ကျေနပ်လျက် မြွေကို နေရာသို့ပြန်ခိုင်းကာ ရသေ့သည် ကြွက်ရှိရာသို့ လာခဲ့၏။

ကြွက်သည်လည်းရသေ့တစ်ခွန်းခေါ်လိုက်သည်နှင့် ထွက်လာခဲ့၏။ ကတိပြုထားသည့်အတိုင်း ရွှေထားသောနေရာကို ပြ၏။ ရွှေကိုတူးဖော်ခိုင်း၏။ ရသေ့သည် ရွှေကိုမတူးဖော်ဘဲ ကြွက်ကို နေရာသို့ပြန်ခိုင်းကာ ကျေးသားငယ်ရှိရာသို့ လာခဲ့၏။ ကျေးသားငယ်နှင့်တွေ့၏။ ကျေးသားငယ်သည် သလေးနီစပါးတို့ကို ဆောင်ယူရန် ဆွေမျိုးတို့နှင့်အတူ ဟိမဝန္တာသို့သွားဖို့ပြင်၏။ ရသေ့သည် သလေးနီစပါးတို့ဖြင့် အလိုမရှိသေးကြောင်း အလိုရှိသောအခါ လာယူမည်ဖြစ်ကြောင်း ပြောကြား၏။ တိရစ္ဆာန်များဖြစ်သော်လည်း မြွေ၊ ကြွက်၊ ကျေးသားငယ်တို့သည် ကတိတည်ကြ၏။ မြတ်မြတ်နိုးနိုးတည်ကြည်လေးနက်စွာ ပြောဆိုခဲ့သော စကားတစ်ခွန်းကို တန်ဖိုးထားကြ၏။ မြွေစသည်တို့၏ စိတ်ရင်းမှန်ကိုသိရ၍ ရသေ့ကြည်နူးရ၏။ ကျောက်ဆောင်ထက်မက ခိုင်မြဲသောကတိစကားကို ချီးကျူးလျက် ဗာရာဏသီသို့ ခြေဦးလှည့်လာခဲ့လေသည်။

ဗာရာဏသီမြို့သို့ရောက်သည်နှင့် မင်းဥယျာဉ်မှာ သီတင်းသုံးလျက် မြို့၏အခြေအနေကို လေ့လာကြည့်သည့်အခါ ရသေ့ကယ်တင်ခဲ့သော ဒုဋ္ဌကုမာရမင်းသားသည် ဗာရာဏသီပြည်၏ဘုရင်ဖြစ်နေကြောင်း သိရ၏။ ရသေ့သည် မင်းဥယျာဉ်၌ တစ်ညကျိန်းစက်ပြီးနောက် မိုးလင်းသည်နှင့် ရသေ့၏အဝတ်အစားတို့ကို သပ်သပ်ရပ်ရပ် ပြည့်ပြည့်စုံစုံပြုပြင်ကာ ဗာရာဏသီမြို့သို့ ဆွမ်းခံဝင်၏။ ထိုအချိန်တွင် ဗာရာဏသီဘုရင် ဒုဋ္ဌကုမာရမင်းသည် ပရိသတ်ဗိုလ်ပါတို့ခြံရံလျက် မင်္ဂလာဆင်တော်ကိုစီးကာ မြို့ကို လက်ယာရစ်လှည့်လည်လာ၏။ ဗာရာဏသီမြို့သို့ ဆွမ်းခံဝင်လာသောရသေ့ကို ဒုဋ္ဌကုမာရမင်းမြင်သောအခါ–

''ဤ ... ကောက်ကျစ်သော ရသေ့သည် ငါ့အထံ၌ နေလို၍လာ၏။ အကြင်မျှလောက် ပရိသတ်အလယ်၌ ငါ့အားပြုဖူးသောကျေးဇူးကို မပြသေး၊ ထိုသို့မပြမီ ရသေ့၏ဦးခေါင်းကို ပြတ်စေအံ့''

ဤသို့တွေးကာမင်းချင်းယောက်ျားတို့ကို ကြည့်၏။ ဒုဋ္ဌကုမာရမင်းကို ဝန်း
ရံ၍လိုက်လာသော မင်းချင်းယောက်
တို့သည် မင်း၏ဆန္ဒကို မသိကြ
လည်း မင်းအကြည့်ကို မြင်ခြင်း
မင်းတစ်စုံတစ်ရာပြောချင်နေသည်
သိကြ၏။ ဒုဋ္ဌကုမာရမင်းအား
လျှောက်ကြ၏။

''မင်းမြတ် ... အလိုရှိရာ
တော်မူပါလော့''

''ဤရသေ့ယုတ်သည် ... ငါ့
က တစ်စုံတစ်ခုတောင်းလို၍ လာ
ရသေ့ယုတ်ကို ဖမ်းကြ၊ လက်ကို
နှင့်ချည်၍ လမ်းဆုံတိုင်းမှာပုတ်ခတ်
မြို့ပြင် သုသာန်သို့ ဆွဲထုတ်
သုသာန်မှာ ရသေ့ခေါင်းကိုဖြတ်
ကိုယ်ကို တံကျင်၌လျှိုကြစေ .. ငါ့
တစ်ချက်လွှတ်အမိန့်တော်''

ဤအမိန့်မျိုးသည် ရာဇဝ
ကျူးလွန်သူ၊ နိုင်ငံကို သစ္စာဖောက်
အပြစ်ကြီးသူတို့အား ပေးသောအ
မျိုး။ ရသေ့သည် အနည်းငယ်မျှအ
ရှိသူမဟုတ်။ သီလတို့ဖြင့် အပြစ်
ဆေးကြောထားသူ။ မေတ္တာ၊ ကရု
တရားတို့ဖြင့် လောကကို အလှဆင်
သူ။ ဒုဋ္ဌကုမာရမင်း၏အသက်ကို က
တင်ခဲ့သောကျေးဇူးရှင်။ ယနေ့ ဒု
မာရမင်းအဖြစ်ဖြင့် ရပ်တည်လာ
ခြင်းသည် ရသေ့ပေးလိုက်သော
သက်ကြောင့်ပင်။ မင်းစည်းစိမ်ကို ခံ
ရခြင်း၊ နေထွက်နေဝင်ကိုမြင်ရ
စိမ်းစိုသောရှုခင်းများကို ငေးမော
တို့သည် ရသေ့ပေးလိုက်သောအ
ကြောင့်ဖြစ်၏။ ဒုဋ္ဌကုမာရမင်း၏
လှမ်းတိုင်းတွင် ရသေ့၏ကျေးဇူး
ရှိ၏။ ထိုမျှလောက်ကျေးဇူးကြီးမား
ရသေ့အား ဒုဋ္ဌကုမာရမင်းကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ိုက်သည်မှာ သေဒဏ်။ မင်းချင်း ယောက်ျားတို့သည် ဒုဌကုမာရမင်းနှင့် သေ့ကြားရှိသောအကြောင်းတရားကို သိကြ။ မင်းစေခိုင်းသည့်အတိုင်း တာ န်ကို ကျေပွန်အောင်ထမ်းဆောင်ဖို့ ာ အားထုတ်ကြလေတော့သည်။

(၆)

ရသေ့ကို ဖမ်းကြ၏။ လက်နှစ် က်ကို ကြိုးဖြင့်နောက်ပြန်ချည်ကြ၏။ ထဲကနေ သုသာန်ရှိရာဘက်သို့ ဆွဲ တ်ကြ၏။ မြို့သူမြို့သားတို့သည် နာသောအကြည့်ဖြင့် ကြည့်သူများ ကြည့်ကြ၏။ ကဲ့ရဲ့သောအကြည့်ဖြင့် ကြည့်သူများကြည့်ကြ၏။ အံ့ဩသော ကြည့်ဖြင့်ကြည့်သူများ ကြည့်ကြ၏၊ င်းချင်းယောက်ျားတို့သည် လမ်းဆုံ မ်းခွရောက်တိုင်း ရိုက်နှက်ကြ၏။ င်းထန်သောရိုက်နှက်ချက်များ ဖြစ်၍ သေ့သည် နာကျင်မှုဝေဒနာကို သေ မတတ်ခံစားရ၏။

ရသေ့သည် လူမဆန်စွာနှိပ်စက် င်းပန်းခံနေရသော်လည်း ဒုဌကုမာရ င်သားကို အပြစ်မမြင်။ မိမိ၏ အ တ်ကံဝဋ်ကြွေးကို ပေးဆပ်နေရခြင်း ဖြစ်လိမ့်မည်ဟု တရားနှင့်ဖြေသည်။

ရသေ့သည်နာကျင်သောဝေဒနာ ကို ကြိတ်မှိတ်ခံ၏။ သို့သော် ငိုကြွေး င်းမပြု။ သေအံ့မူးမူးကာလ၌ အသိ တ်တစ်ခု ရသေ့၏ စိတ်အစဉ်တွင် ာ်ခနဲ အာရုံထင်လာ၏။ မိတ်ဆွေ တ်တို့သည် မြစ်ထဲကဆယ်ယူသော င်းခြောက်လောက်ပင်အကျိုးမရပေ။ င်းခြောက်တို့သည် ချက်ပြုတ်ရာ၌ သုံးကောင်း၊ အချမ်းအအေးတို့သက် သာရန် မီးလှုံရာ၌ လည်းကောင်း၊ ကျေးဇူးအထောက်အပံ့ကိုရ၏။ မိတ်ဆွေယုတ်သည် ကျေးဇူးအထောက်အပံ့ မရသည့်အပြင် ဒုက္ခပေးတတ်သေး၏။ ထိုသဘောကို ရသေ့ကောင်းစွာသဘော ပေါက်သွားပေပြီ။ သဘောပေါက်သော အချိန်သည်နှောင်းခဲ့ပြီ။ ပြုပြင်ချိန်သည် မရှိတော့။ မကြာခင်ရသေ့သည် ခေါင်း ပြတ်ကာဘဝနိဂုံးပြုရတော့မည်။ ရသေ့သည် လူတို့အကျိုးအတွက် မိမိအ သက်နှင့်ရင်းယူခဲ့ရသော အသိပညာ တစ်ခု မျှဝေခဲ့ချင်၏။ ထို့ကြောင့်–

"မြစ်၌မျောသောထင်းတုံးကို .. ဆယ်တင်ခြင်းသည် မြတ်၏၊ မိတ်ဆွေယုတ်ကို ဆယ်တင်ခြင်းသည် မမြတ် သည်သာတည်း၊ ဤသို့ . . . လောက၌ ပညာရှိတို့သည် မှန်သောစကားကို ဆို ကြကုန်၏၊ မှတ်သားကြပါကုန်"

ရသေ့သည် ဤစကားကို မင်းချင်းယောက်ျားတို့ ပုတ်ခတ်တိုင်းပြောဆို၏။ အကြိမ်ကြိမ်အခါခါ ပုတ်ခတ်၏။ ရသေ့သည်လည်း အကြိမ်ကြိမ်အခါခါ ရွတ်ဆို၏။ ရသေ့ရွတ်ဆိုသည်ကို မင်းချင်းယောက်ျားတို့ကြားကြ၏။ မင်းချင်းယောက်ျားထဲတွင် ပညာရှိများပါ၏။ ပညာရှိတို့သည် ရသေ့၏စကားတွင် အကြောင်း တစ်စုံတစ်ရာရှိသည်ကို သိကြ၏။

"အိုရဟန်း .. သင်သည် ကျွန်ုပ်တို့၏မင်းကြီးအားပြုအပ်သော ကျေးဇူးတရားရှိပါသလော"

ရသေ့သည် သစ်ရွက်မိုးကျောင်းငယ်ကလေး၏ အတိတ်အကြောင်းကို လုံးကျမကျန် အကုန်ဖွင့်ပြော၏။ ကြားရသူတို့သည် ဒုဌကုမာရမင်း၏ကျေးဇူးကန်းမှုနှင့် ရက်စက်ယုတ်မာမှုများကို သည်းမခံနိုင်။ မင်းချင်းယောက်ျားတို့သည် ရဲမတ်ဗိုလ်ပါအားလုံးအား ထိုအကြောင်းကိုတစ်ဆင့်စကား ပြောပြ၏။ သူတော်ကောင်းကိုစော်ကားသော သူယုတ်မာ၏လုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကြ၏။ ဒေါသပေါက်ကွဲလျက် လေးမြားလှံတို့ဖြင့် ဒုဌကုမာရမင်းကို သတ်ဖြတ်လိုက်ကြ၏။ အလောင်းကို ခြေထောက်ကကိုင်လျက် ကျုံးအပြင်၌ ပစ်စွန့်လိုက်ကြ၏။ ရသေ့ကို ရေချိုးပေးကြ၏။ နံ့သာတို့ဖြင့် လိမ်းကျံပေးကြ၏။ ဗာရာဏသီမင်းအဖြစ် ကြီးကျယ်ခမ်းနားစွာ ဘိသိတ်မင်္ဂလာပွဲကျင်းပကြ၏။ လူယုတ်မာ၏နေဝင်ချိန်သည် သွေးစွန်းညစ်ပေလျက်။ သူတော်ကောင်း၏နေထွက်ချိန်သည် ဖြူစင်သန့်ရှင်းလျက်။ စောစောက အုံ့ဖွဲ့နေသော ဗာရာဏသီမြို့၏ကောင်းကင်ယံသည် ယခုအခါ တိမ်စိုင်မြူမှုန်ကင်းလျက် ကြည်လင်နေပါ၏။ ဆူးညှောင့်လွှမ်းသော ကျေးဇူးရှင်ကို ပစ်မှားသူတို့၏သွားရာလမ်းနှင့် သူတော်ကောင်းတို့၏သွားရာ ပန်းခင်းလမ်းပင် ဖြစ်ပါသတည်း။

မမှာစရိယ-သန်းထွန်း

ကျမ်းကိုး

ဇာတကဋ္ဌကထာ

ဝရုဏဝဂ်၊ သစ္စံကိရဇာတ်



www.burmeseclassic.com

www.burmeseclassic.com



# လှရှိန်အောင်

## ဆက်လက် လူဖြစ်ခွင့်ပေးပါ


www.burmeseclassic.com

www.burmeseclassic.com



ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့နှင့်
မိုင်းမကပ်သဖြင့် ကိုဖိုးထောင်၏
ကိုယ်ပြားချပ်ချပ်လေးသည်
ပ်ရာထက်လဲချေပြီ။ ပက်လက်က
သေး အသက်ကိုတောင် ဟစိ ဟစိ
နေရတာ။

အာဟာရ၊ ဆေးဖိုးဝါးခအတွက်
သုံးဝင်လှသော ပိုက်ဆံသည် သူတို့
မတူမတန်သလို ဆက်ဆံနေတာ
ပြီ။ အခေါ်အပြောမညက်သဖြင့်
လို့ရှူစရာတောင်မရှိ။

အိပ်ရာထက်တွင် ပက်လက်လဲ
ရသော ကိုဖိုးထောင်သည် မျက်
ှင်းဟောက်ပက်၊ အရိုးငေါက်ငက်၊
သေခင်ကတည်းက မသာရုပ်ကို
ပိဖမ်းထားတာဆိုပါတော့။

မက်မက်စက်စက် သောက်သုံးခဲ့
သ္မ အရက်ပေါင်းစုံရဲ့ဒဏ်။ အလုပ်
မ်းတွေရဲ့ဒဏ်။ ရောဂါပေါင်းစုံရဲ့
ဏ်။ ဒဏ်ပေါင်းစုံသည် အတိုးပေါ်
တိုးဆင့်ကာ ကိုဖိုးထောင်၏ဘဝကို
ပ်စက်လေပြီ။

ဒီတစ်သက်နလန်ထူနိုင်ပါ့မလား။ သောက၊ ဒုက္ခတွေက ခါးသက်သက်၊ လမ်းပေါ်မှာတွေ့၊ လမ်းပေါ်မှာပင်ကြုံ သလို ညားခဲ့ရသော မယားမြမေသည် တဲတိုင်ကိုမှီကာ မြင်မြင်ရာကိုသောက မျက်လုံးတွေဖြင့် ငေးလို့၊ မြမေ၏ အကြည့်များသည် သူမဝတ်ဆင်ထား သောအဝတ်များလို နွမ်းဖတ်ဖျော့တော့ နေပါသည်။

မြမေ၏အသက်သည် ၂၅ နှစ် ပင် မကျော်သေး။ ကြည့်ပျော်ရှုပျော်ရှိ သော မြမေ၏ရုပ်သွင်သည် လောကဓံ ၏အထုအထောင်းကြောင့် ရှိရင်းစွဲအ သက်ထက် ရင့်ထော်နေလေပြီ။

**မြမေသည်**
**သူမ၏**
**သောကကို**
**ဒွိပင်ရင်ဖွင့်၏။**
**ရှက်ဖို့တောင်**
**အချိန်မရတော့ဘူး**
**ထင်ပါရဲ့။**
**အလကားဆိုတာတောင်**
**နိုးတဲ့ . . ။**
**ညီလို့ဆိုပဲ . . .**

လယ်ကွင်းတွေအလယ် ကွန်က ရစ်လမ်းကို မေးတင်ကာ ဖြစ်သလို ဆောက်ထားကြတဲ့ ကျူးကျော်တဲစု။ စက်မှုဇုန်မြေကွက်နေရာ။ စက်ရုံတွေ ဆောက်တာနှင့်ဖယ်ပေးရမှာ။ ဖြစ်သလို နေ၊ ဖြစ်လိုစား၊ စရိုက်စုံဆိုတော့ ရောဂါတွေက ထူသလားမမေးနဲ့။

ကြိုက်တဲ့ရောဂါပြော . . ။ ရယ်ဒီ အဆင်သင့်။ ဆဲနည်းအသစ်အဆန်း တွေကြားချင်လား။ နားစွင့်ထားလိုက်။ ရယ်ဒီပါဆို။ မြစ်ပေါင်းဆုံတဲ့ပင်လယ် ပြာမှာ ဗေဒါအမှိုက်ရှိနေတာ။ သတင်း ထူးမှမဟုတ်တာ။

ယိုင်နဲ့နဲ့တဲလေးတွေသည် ကာ လာကိုစုံလို့။ ဖြစ်သလိုမိုးတယ်။ ဆာ လာအိတ်တွေ၊ ကတ်ထူစတွေ၊ ရောင်စုံ ပလပ်စတစ်စတွေနဲ့ စိတ်ကူးတည့်သ လို ဒီဇိုင်းထုတ်ထားတာဆိုတော့ မြင် ကွင်းက အရမ်းကိုလှနေတာ။

အဲ သူတို့ဘဝတွေကတော့ လှခွင့် မသာခဲ့ပါဘူး။ မိုင်ကုန်ကိုခါးနေတာ လေ။ ဆာလာအိတ်အကြိုအကြားမှခုန် ချလာသော နေရောင် ကြတောက် တောက်သည် ဂီလာနကိုဖိုးထောင်၏ ဖျော့တော့သောမျက်လုံးကိုလာထောက် လေပြီ။

ကိုဖိုးထောင် ချောင်းဆိုးလေပြီ။ တဲကလေးမှာ သိမ့်ခနဲ၊ သိမ့်ခနဲ။ ချောင်းဆိုးတဲ့ဒဏ်ကိုမခံနိုင်။ နလိုက် တာ။

အရက်၊ ကွမ်း၊ ဆေးလိပ်တို့၏ ဆိုးကျိုးကြောင့် ကိုဖိုးထောင်၏ပါးစပ် သည် ပုတ်စော်နံနေ၏။ ကိုယ့်ပါးစပ် မသတီတော့။ ဖြစ်နိုင်လျှင်ပေါ့။ ခေါင်း ကိုဖြုတ်ကာ လွှင့်ပစ်လိုက်ချင်တာ။



www.burmeseclassic.com

ကိုဖိုးထောင်သည် ခန္ဓာကိုယ်ကို အားယူလူးလွန့်ကာ လေသံသေးသေး လေးဖြင့်–

''မြ ...မြမေ''

စိတ်လေနေသော မြမေသည် ခေါ်သံကိုကြား၏။ မထူး ..။ ဆီဝေးနေသော နီကြောင်ကြောင်ဆံပင်တို့ကို စိတ်ပျက်စွာကုပ်လို့။ နာတာရှည်ရောဂါသည်ကြီးကို စိတ်ကုန်နေတာကြာပါပြီ။

ဒုက္ခကိုဆွဲဆန့်ကာ အသက်ငင်နေမည့်အစား ခေါက်ခနဲသေသွားရင် ကောင်းမည်ဟု မြမေတွေးမိသည်။ ရက်စက်လွန်းသော အတွေးဟု တံဆိပ်ကပ်လိုပါသလား။ မြမေမှာလည်း သူ့သောကနဲ့သူလေ။

အရင်းပြုတ်လို့ ပဲပြုတ်မရောင်းရတာကြာပေါ့။ အရင်းလေးရမလားလို့။ အဝတ်အစား၊ အိုးခွက်ပန်းကန်တို့ကို ပေါင်ကာ နှစ်လုံးထိုး၏။ ဘာမှမထူး။ မီးဖိုပေါ်တွင် ဒန်အိုးအစုတ်တစ်လုံးသာ ကျန်တော့သည်။

လူမမာအတွက် ဆေးဖိုးခေါက်ထားလိုက်။ ဝါဝါးတောင်ကြောင်ကာ ဗိုက်မှောက်နေရတာကြာပေါ့။ လင်တော်မောင်ခေါက်ခနဲ သေသွားရင် အားလုံးအတွက် အဆင်ပြေမှာဟု မြမေဆက်တွေးသည်။

နာရေးကူညီမှုအသင်းကို အကူအညီတောင်းမည်။ ဖဲဝိုင်းထောင်မည်။ ဗိုက်ဆံတော့မြင်ရမည်။ ရက်လည်မှာ မုန့်ဟင်းခါးအဝကြိတ်ရမည်။ အကူငွေတွေရမည်၊ ပဲပြုတ်ပြန်ရောင်းနိုင်လျှင် ထမင်းမငတ်တော့။

မြမေသည် သူမ၏ စိတ်ကူးကို အကွက်ကျကျစီစဉ်နေ၏။ ခက်တာက ကိုဖိုးထောင်သည် မသေသေး။

''မြ ...မြမေ''

''ဘာလဲတော်''

မြမေသည် စိတ်မပါစွာပြန်ထူး၏။ ဘာမှမစားသောက်ရသေးသဖြင့်ကို ဖိုးထောင်၏ပါးစပ်သည် ခါးသက်နေပါသည်။

''ဆန် ...ဆန်ပြုတ်လေး သောက်ချင်လိုက်တာဟာ''

မြမေ၏ရင်ထဲတွင် နင့်ခနဲ။ လူမမာကို ဆန်ပြုတ်တောင်မတိုက်နိုင်တဲ့ဘဝ။ နှုတ်ကလာသောမျက်ရည်စတို့ကို ထဘီစဖြင့် ကြုံသလိုသုတ်ကာ–

''ပေါင်စရာဆိုလို့ ...ကျွန်မပဲရှိတော့တာ ...အလကားဆိုတာတောင် ညီလို့ နံလို့ မသတီလို့ဆိုပြီး အကပ်မခံတော့ဘူးကိုဖိုးထောင်ရဲ့ ...အဟင့်''

မြမေသည် သူမ၏သောကကို ဒွဲ့ပင်ရင်ဖွင့်၏။ ရက်ဖို့တောင်အချိန်မရတော့ဘူးထင်ပါရဲ့။ အလကားဆိုတာတောင် နီးတဲ့။ ညီလို့ဆိုပဲ။

ငိုပြီ ...။

အမှန်အကန်ငိုတာ ...။

လူမ မာကီလာနကြီးကိုဖိုးထောင် ငိုတာပါ။ မျက်ရည်က လုံးဝမထွက်။ မျက်ရည်မရှိ တော့လို့လား။

''အမေ''

''ဟင် ...သမီးလေး''

တဲအဝတွင် ဘွားခနဲပေါ်လာသော သမီးလေး မြရွှက်။ ရွှံ့အလူးလူးနဲ့။ နီးဖြင့်သီထားသော ငါးတွဲလေးကိုင်ထား၏။

''သမီး ...ကျောင်းမတက်ဘူးလား''

မြရွှက်ကလေးက အိပ်ရာပေါ်တွင်လဲနေသော လူမမာ ဖခင်ကို မျက်လုံးအပြူးလေးဖြင့်ကြည့်ကာ–

''ကျောင်းမှာ မပျော်ဘူး ...အမေ''

မြရွှက်သည် မိခင်ဖြစ်သူအား ငေးလို့။ မြမေ သမီးလေးကို မဆူရက်တော့ပါ။ ချို့တဲ့လွန်းသောသမီးလေးသည် ကျောင်းမှာမပျော်တာကြာပြီ။ သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်မှာ သေချာပါတယ်။

''ပျင်းတာနဲ့ ...သမီး ငါးပက်လာတာ''

မြရွှက်ကလေးသည် လွယ်အိတ်အနွမ်းလေးထဲမှ ဆန်ထုပ်ကလေးကို မိခင်ဖြစ်သူအား ပေးသည်။ နို့ဆီနှစ်ဘူးခန့်ရှိမည်။

''ဝယ်လာတာလား''

''လမ်းထိပ်ဆိုင်ကတောင်းလာတာ အမေ ထမင်းမစားရတာကြာပြီ''

မြမေသည် သမီးလေးမြရွှက်ကို ငေးလို့။ တူညီတာကတော့ သားအမိနှစ်ယောက်ရဲ့မျက်ဝန်းမှာမျက်ရည်စတွေနဲ့။

\+ + +

တဲ၏ အောက်ဘက်တွင် ထွက်ပေါက်ပိတ်နေသော မြောင်းသေကြီးရှိ၏။ မြောင်းပုတ်အနံ့တို့သည် အော်ဂလီဆန်နေ၏။ သွေးဆာ၍သောင်းကျန်းနေကြသော ခြင်ရိုင်းများ၏ဗီခေါ်သံများကို ကြားရ၏။

လရောင်သည် မြောင်းသေကြီးကို ရောင်ပြန်ဟပ်ကာ ကြမ်းကြိုကြမ်းကြားအပေါက်များမှတစ်ဆင့် တဲပေါ်သို့ ကုပ်တက်ဖို့ကြိုးစားနေကြ၏။ ဖယောင်းတိုင်မထွန်းနိုင်သော်လည်း တဲအတွင်းဝယ် မှောင်မနေ။ မလုံသော ခေါင်မိုးမှ


www.burmeseclassic.com

www.burmeseclassic.com



…လာသော လရောင် အစက်အ…ကြောက်တို့ကြောင့် တစ်ယောက်မျက်နှာ…စ်ယောက် ဝေဝါးစွာမြင်နေရ၏။

သမီးလေးမြရွက်သည် အိပ်ပျော်…လေပြီ။ ဆန်ပြုတ်သောက်လိုက်ရသ…ငြင်း ကိုဖိုးထောင် အနည်းငယ်အားရှိ…သွားပါတယ်။ ထိုင်တော့မထိုင်နိုင်သေး။ …က်လက်ကလေး။

''မြမေ''

မြမေသည် ဖက်ကြမ်းကိုဖွာကာ …င်တော်မောင်အား ငဲ့ကြည့်သည်။

''ပြောစရာရှိတယ်ဆို … ပြော…ကွာ''

ဆေးလိပ်ဖင်စီခံကို မြောင်းသေ…သို့ တောက်ထုတ်ပစ်လိုက်တယ်။ …င်မှိုးမှုဖြာကျနေသောလအလင်းတန်း…ဖျော့ဖျော့လေးကိုကြည့်ကာ မြမေက–

''အကြံတစ်ခုပေါ့''

ကိုဖိုးထောင်အားစိုက်ပြီး နား…ထောင်နေ၏။ မြမေရဲ့အသံက မသိမ…သာတုန်နေတာကိုး။

''အဲဒီအကြံက … ရှင့်အတွက်…တော့ အရမ်းကိုထိတ်လန့်ဖို့ကောင်းတာ…ပေမဲ့ … ကျွန်မထင်တာကတော့ …ဒီအကြံဟာ အကောင်းဆုံးပဲ ကို…ထောင်''

ကိုဖိုးထောင်သည် အသက်ကို…စ် ဟစ် ရှူကာ–

''ပြော … ပြောပါဟာ''

''ရှင့်ရဲ့ရောဂါကို ရှင်အသိဆုံးပါ၊ …တစ်သက် … ပြန်ကောင်းဖို့ဆိုတာ …လွယ်ဘူး၊ ပိုဆိုးလာဖို့ပဲရှိတယ်၊ သက်…လိုသက်သာငြား … ကုဖို့ဆိုတာ …လည်း ပိုက်ဆံမရှိဘူး … စားဖို့…တောင်မသေချာတာ''

မှန်တာတွေပြောနေပေမယ့် မြမေ၏ စကားလုံးများသည် အရမ်းကို ရက်စက်လွန်းလှပါသည်။ သို့သော် မြမေကို အပြစ်မတင်လိုပါ။

''ကိုဖိုးထောင်''

''မြ … မြမေ''

''ရှင်တို့ … ကျွန်မတို့ ဟောဒီ လူ့ဘဝထဲကထွက်မသွားခင် ကောင်းကောင်းမွန်မွန်မစားချင်ဘူးလား … တတ်နိုင်တဲ့ငွေလေးနဲ့ ဆေးထိုးဆေးသောက်လုပ်ပြီး စိတ်ပျက်စရာကောင်းတဲ့ … ဟောဒီ ကမ္ဘာကြီးထဲက ညင်ညင်သာသာနဲ့ … ထွက်မသွားချင်ဘူးလား''

မြမေပြောတာ သဘာဝကျပါတယ်။ စိတ်ပျက်စရာကောင်းတဲ့ အိပ်ရာထက်တွင် ပက်လက်ကလေးလှန်၊ မျက်လုံးကလေး ကလည် ကလည်နှင့် သေမင်းလာခေါ်တာကို စောင့်နေမှာလား။ ဖုတ်ဖက်ခါ မျက်နှာငယ်လေးနဲ့ လိုက်သွားမှာလား။

ဆေးမကုနိုင်၊ အာဟာရမမှီဝဲနိုင်သော ရောဂါပေါင်းစုံနှင့် ခန္ဓာကိုယ်သည် ပြန်မတ်နိုင်စရာအကောင်းမရှိ။ ခွေးလျှက်သောထန်းလျက်လို လုံးပါးပါးဖို့ဘဲရှိတော့တာ။ ဒါဆိုရှုံးမှာပေါ့။

စားချင်တာစား။ သောက်ချင်တာသောက်။ တတ်နိုင်သမျှ ဆေးကု။ ဖွတ်ခနဲ အသက်ထွက်သွားရင်ကော။ ဒါဆိုအရှုံးထဲက အမြတ်ပေါ့။ ကိုဖိုးထောင်သည် ပါးပြင်ပေါ်မှ မျက်ရည်ပူတို့ကို သုတ်ကာ၊ ဆုံးဖြတ်ချက်ကို ချလိုက်တယ်။

''မြ … မြမေ''

''ကိုဖိုးထောင်''

''ဦးဘဒင်နဲ့ သွားတွေ့လိုက်ပါဟာ''

ငွေလသည် တိမ်ကြားအတွင်းသို့ ရောက်သွားသဖြင့် လောကသည်မှောင်အတိကျသွားပါတော့သည်။

\+ + +

ကား အကောင်းစားကြီးသည် လယ်ကွက်များအလယ်တွင် ဖောက်ထားသော ကွန်ကရစ်လမ်းမကြီးအတိုင်းစောင်းဝင်လာသည်။

ကျူးကျော်အစုတွင် မှီတင်းနေထိုင်ကြကုန်သော ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမ၊ အလုပ်လက်မဲ့များသည် အံ့အားသင့်တဲ့မျက်လုံးကြီးတွေနဲ့ ဝိုင်းကြည့်လို့။ ကားအကောင်းစားကြီးပိုင်ရှင်ကို သိနေကြတာကိုး။

ဦးဘဒင်တဲ့။ ကားအကောင်းစားကြီးသည် ကိုဖိုးထောင်၏ တဲစုတ်ကလေးရှေ့တွင် တိခနဲရပ်လိုက်တယ်။ လက်မောင်းနှင့်ရင်ဘတ်တွင် အရုပ်များထိုးထားသော ဗလတောင့်တောင့်နှင့်လူတစ်ယောက်က ကားတံခါးကို တရိုတသေဖွင့်ပေးတယ်။

မိန့်မိန့်ကြီးပြုံးကာ ကားပေါ်က ခန့်ခန့်ကြီးဆင်းလာသော ဦးဘဒင်ကို မြမေက မျက်နှာမွဲအပြုံးလေးဖြင့် ကြို ဆိုသည်။

''ပါပု''

''ခင်ဗျာ .. ဆရာကြီး''

ဦးဘဒင်က တဲအတွင်းသို့ မျက်စပစ်ပြတယ်။ ပါပုဆိုသော ဂင်တိုတိုနှင့်ဝတီသည် တဲအတွင်းသို့ဝင်သွားသည်။ မြမေသည် မျက်နှာသေလေးဖြင့် ကပ်လိုက်သွားသည်။

အော်ဂလီဆန်ဖွယ်ကောင်းသော လူမမာအနံ့သည် ပါပု၏နှာခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com


ဆောင့်ကန်တယ်။ ပါပုသည် လူမမာကိုဖိုးထောင်အား ခွေးသေကောင်အလား မတူမတန်စွာကြည့်သည်။ ပြီးတော့နှာခေါင်းစွပ်ကို တပ်သည်။

မြမေသည် ငိုချင်စိတ်ကိုတတ်နိုင်သမျှထိန်းကာ မျက်ရည်ဝဲသောမျက်လုံးများဖြင့် ကြောင်တောင်တောင်ငေးလို့။

ပါပုသည် ကိုဖိုးထောင်၏မျက်တွင်းဟောက်ပက်ကိုဖြဲကြည့်သည်။ ပါပုတိက လက်အိတ်စွပ်ထားတာ။ လျှာထုတ်ပြနိုင်းတယ်။ ကိုဖိုးထောင်က မကြားသဖြင့် မြမေက ဝင်ပြောရတယ်။

ပါပုသည် ကိုဖိုးထောင်အသက်ရှူတာကို မသိမသာငေးကြည့်ကာ မှတ်တယ်။ ကျေနပ်အားရသောအထာဖြင့် လက်ကောက်ဝတ်ကိုကိုင်ကာ သွေးခုန်နှုန်းစမ်းသည်။ ပြီးပြီ။

ပါပုသည် တဲအပြင်သို့ထွက်လာသည်။ နှာခေါင်းစွပ်ကိုစွပ်ကာ အသက်ကို ဝအောင်ရှူလိုက်ပြီး ဦးဘဒင်အနားသို့ ကပ်သွားတယ်။ မြမေမကြားအောင် လေသံသေးသေးလေးဖြင့်–

''အလွန်ဆုံးခံလှ ၁၀ ရက်ပဲ ဆရာကြီး''

ပါပုရဲ့စကားကို ဦးဘဒင် ယုံတယ်။ ပါပုမှန်းရင်လွဲခဲတယ်လေ။ မလှမ်းမကမ်းတွင်ရပ်နေသော မြမေအား ခေါင်းဆတ်ကာခေါ်တယ်။ ပိုက်ဆံအိတ်အမည်းကြီးကိုဖွင့်ကာ တစ်ထောင်တန်တစ်ထပ်ကို ထုတ်ပေးတယ်။

မြမေရဲ့လက်ဖျားသည် တုန်လို့။ ပါးပြင်မှာမျက်ရည်တွေ။ ဦးဘဒင်က နှုတ်ခမ်းမွေးကိုသပ်ကာ ဖောင်ဒေးရှင်းထောင်ထားသည့်ဘောစိကြီးတစ်ယောက်၏အထာဖြင့်–

**မညာမတာ**
**ပြောကြေးဆိုလျှင်**
**စရန်ငွေပေးထားတဲ့**
**မသာကို လာကောက်တာ။**
**အလွဲကြီး..။**
**လူမမာကိုဖိုးထောင်က**
**မသာရုပ်မထွက်တော့ဘူး။**
**အလတ်ကြီးကို**
**ဖြစ်နေတာ**

...

'စရန်ငွေပေါ့ဟာ ...ကျန်တဲ့ပိုက်ဆံကို''

ဦးဘဒင်ရဲ့စကားသံတွေ တန့်သွားသည်။ မပြောရက်တာလား။ ပြောမထွက်တာလား။ မြမေသည် သောကကို မထိန်းချုပ်နိုင်တော့။ ကြုံကြုံပါအောင်ငိုကာ–

''ထူးရင် ...အကြောင်းကြားပါ့မယ် ..ဘကြီးရယ် ...အီး''

အဖိုးတန်ကားကြီးမောင်းထွက်သွားလေပြီ။ ပိုက်ဆံကိုင်ထားသော မြမေ၏လက်များသည် တုန်လို့။ မြမေအရုပ်ကြိုးပြတ်လဲကျသွားသည်။ တဲနီးချင်းများသည် မြင်ကွင်းကိုမကြည့်ရက်သဖြင့် မျက်နှာလွှဲကြလေပြီ။

\+ + +

ဦးဘဒင်ရဲ့အလုပ်ကိုသိချင်လား။ သိချင်ကြမှာပေါ့။ ကြိုပြောထားမယ်နော်။ မကြားချင်ရင်နားပိတ်ထား လိုက်ကြပါ။ မသာကန်ထရိုက်လေ ကျူးကျော်အစုမှာနေတဲ့ လူတွေရဲ့ ရေးအားလုံးနီးပါးကို တာဝန်ယူကန်ထ ရိုက်ဆွဲထားတာ ဆိုပါတော့။

အသုဘအတွက် မပူပါနဲ့။ သင့် ဘက်က သေပေးဖို့ပဲတာဝန်ယူလိုက်ပါ အဲသလိုပဲပြောရမှာ။

ဦးဘဒင်က ရယ်ဒီပဲ။ ရက်လည် မုန့်ဟင်းခါးကျွေးတဲ့အထိ တာဝန်ယူ တာ။ ညှိုးငယ်တဲ့စိတ်ထားနဲ့ကျန်ရစ်ရှာ တဲ့လူတွေခမျာလည်း ပူစရာကိုမလို တာ။ မျက်ရည်လေး တစ်ပေါက် နှစ် ပေါက်ကျပေး။ ဒါဆို အိုကေ။

ဦးဘဒင်ရက်လည်တဲ့အထိ ဖဲဝိုင်း ဖွင့်တာ။ ဒိုင်ကိုင်တာ။ ကြေးကြီးဝိုင်းတွေ နော်။ အဲဒီလိုနဲ့ ဦးဘဒင် မသာကန်ထ ရိုက်ဆွဲ သောင်သာနေတာကြာပေါ့။ ပြောစရာတော့ရှိမှာပေါ့။ ကိုဖိုးထောင် က မသေသေးဘူးလေ။

ဒါက ဒီလိုရှိပါတယ်။ မြမေက သူတို့အခက်အခဲကို ပြောပြတယ်လေ။ မကြားဝံ့ရင် ထပ်ပြီး နားပိတ်ထားကြ ပါလား။ စရန်ငွေတစ်ဝက်ပေးသွားတာ တဲ့။ ကိုဖိုးထောင် တကယ်သေပြီဆိုတာ နဲ့ ကျန်တဲ့ငွေထပ်ရမှာ။

မယုံဘူးလား။

မယုံလည်း နေကြပေါ့။

\+ + +

နံနက်ခင်းမို့ လယ်ကွင်းထဲတွင် နှင်းတွေ ဝေနေပါသည်။ မြောင်းသေ ကြီးတစ်ကြောနှင့် ကိုင်းတောအုပ် အ ထက်တွင် နှင်းမှုန်တို့သည် ဝေ့တက်လျက် ပါသည်။ တဲစုများမှ လူးလွန့်ထွက် လာသော မီးခိုးငွေ့တို့သည် လေဝယ်

www.burmeseclassic.com


…နှုန့်လွန်းလှူးလျက်။

ကျူးကျော်တဲအစုလေးသည် သူ့…ကြောင်းနှင့်သူ ဖြောင်းဆန်လှုပ်ရှား…နေပေမဲ့ ကိုဖိုးထောင်၏တဲစုတ်ကလေး…သည် လိုအပ်တာထက် ပို၍ တိတ်…ဆိတ်ငြိမ်သက်နေပါသည်။

တစ်ခုခုတော့ တစ်ခုခုပါပဲ။ လုံးဝ…ကို တိတ်ဆိတ်နေတာ။ တဲတံခါးကို စေ့…ထားသည်။ လှုပ်ရှားမှုကို လုံးဝ…တွေ့ရ။

တဲစုတ်ကလေး၏ရှေ့သို့–

"ကျွီ"

ကားတစ်စီး ထိုးရပ်လာတယ်။ …ားပေါ်ကဆင်းလာသော ဦးဘဒင်…သည် ခါးကိုထောက်ကာ၊ တဲကလေးကို…ကြည့်နေ၏။ ဒေါသတို့ ယယ်ထိပ်ကို…ဆောင့်သဖြင့် ဦးဘဒင်၏မျက်လုံး…များသည် စူးရဲတောက်ပနေ၏။

အရုပ်သည်ဗလကြီးတစ်ယောက်…သည် တဲတံခါးကိုသွားဖွင့်သည်။ ခေါင်း…ကာ အတွင်းသို့ လှမ်းကြည့်သည်။ …ဦးဘဒင်က–

"ထွက်ပြေးသွားကြပြီမို့လားကွ …တောက်"

အရုပ်သည်ဗလကြီးက ခေါင်းခါ…တယ်။ ဦးဘဒင်တဲရှိရာသို့လျှောက်…ခဲ့တယ်။ တဲအတွင်းသို့ လှမ်းကြည့်…က်တယ်။

"ဟင်"

အသက်ကင်းမဲ့နေသော ကိုဖိုး…ထောင်၏အလောင်းကို သားအမိနှစ်…ယောက် ဖက်ငိုနေကြတာ။ အဲသလို…ဆင်လိုက်ရင် မှားကိုမှားမှာ။ လူမမာ…ကိုဖိုးထောင်သည် ထူထူထောင်ထောင်…ကြီး။ တစ်လအတွင်းမှာ မထင်မှတ်နိုင်…အောင် ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာတာ။

ကြမ်းပြင်ပေါ်တွင် ပုံ့ပုံ့လေးထိုင်နေသော သားအမိ၊ သားအဖသည် အပြုံးဖျော့ဖျော့ဖြင့် ငေးလို့။ ဦးဘဒင်က အံကိုတင်းတင်းကြိတ်ကာ–

"ဒါက … ဘာသဘောလဲကွ … ဟေ"

ဦးဘဒင် ပေါက်ကွဲနေတာ။ ပေါက်ကွဲသင့်တာပေါ့နော။ မညှာမတာပြောကြေးဆိုလျှင် စရန်ငွေပေးထားတဲ့ မသာကိုလာကောက်တာ။ အလွဲကြီး။ လူမမာကိုဖိုးထောင်ကမသာရုပ်မထွက်တော့ဘူး။ အလတ်ကြီးကိုဖြစ်နေတာ။

စရန်ငွေဆုံးပြီ။ မသာအကြံပေးပါပုကို စိတ်အနာကြီးနာနေတာ။ ပါပုမပါလာလို့တော်သေး။ နို့မို့ဆို။ ဦးဘဒင်ရဲ့ဒေါသကြောင့် ပါပုမသာဖြစ်မှာ။ ကိုဖိုးထောင်က မဝံ့မရဲအသံလေးဖြင့်–

"ဦးလေးကို … ကျေးဇူးတင်နေတာခင်ဗျ"

ဦးဘဒင်သည်တဲကိုကိုင်လှုပ်ကာ–

"ဟေ့ကောင် … ကျေးဇူးအတွက်လာတာမဟုတ်ဘူး … မင်းရဲ့မသာကိုလာကောက်တာကွ"

တဲကလေးမှာ လူးလျက်။ ပါးကွက်ကြားလေးနှင့် သမီးလေးမြွက်မှာ မိခင်မြေမကို ကြောက်လန့်တကြားဖက်တွယ်ထား၏။ ကိုဖိုးထောင်က ခေါင်းကိုငုံ့ကာ–

"ဦးလေးပေးသမျှအပြစ်ကို ခံဖို့အသင့်ပါ … ဦးလေးကြိုက်သလို ဆုံးဖြတ်ပါခင်ဗျာ … အိပ်ရာထဲလဲ ကူရာမဲ့နေတဲ့ ကျွန်တော့်အတွက်တော့ ဦးလေးဆီကရတဲ့ပိုက်ဆံဟာ ကျွန်တော့်မိသားစုအတွက် တန်ဖိုးဖြတ်လို့မရပါ




www.burmeseclassic.com

ဘူး ‥ အဲဒီပိုက်ဆံနဲ့ အစားအသောက်တွေ ဝယ်စားခဲ့တယ် … ဆေးတွေ ဝယ်သောက်ခဲ့တယ်၊ အာဟာရ ဆေးဝါးတွေကြောင့် ကျွန်တော်ဟာ မထင်မှတ်ဘဲ ကျန်းမာလာခဲ့တယ်''

ကိုဖိုးထောင်သည် မဝံ့မရဲမော့ကြည့်၏။ ဦးဘဒင်၏ မျက်နှာတွင် ဒေါသငွေ့တွေရှိနေဆဲ။

''ကျွန်တော် … ကျန်းမာလာတယ်၊ မှန်တာကိုပြောရရင် ကျွန်တော် မသေချင်သေးဘူးဗျာ''

ကိုဖိုးထောင်၏စကားသံများတွင် ရှိုက်သံများပျော်ဝင်နေ၏။

''ဘာကြောင့်လဲဆိုတော့ … ကျွန်တော့်ဘဝလေးထဲမှာ ‥ ချစ်စရာကောင်းတဲ့မိန်းမရယ် … သမီးလေးရယ် ရှိနေလို့ပဲ''

ကိုဖိုးထောင် ခေါင်းငိုက်စိုက်ကျသွားတယ်။ ဦးဘဒင်ကို လည်စင်းပေးထားတဲ့သဘော။

''ကျွန်တော် အလုပ်လုပ်ပြီး ‥ အသက်ရှင်ချင်သေးတယ်ဦးလေးရယ်''

ဦးဘဒင်သည် အနားတွင်ရှိသော တပည့်လူမိုက်ရဲ့မျက်နှာကို အမှတ်တမဲ့ကြည့်မိတယ်။ ရုပ်ကြမ်းကြီးနှင့် တပည့်လူမိုက်၏မျက်လုံးတွင် မျက်ရည်စတွေနဲ့။ ဘာကြောင့်မှန်းမသိ။ ဦးဘဒင်၏ တင်းတင်းဆုပ်ထားသောလက်သီးသည် ပြေလုလု။

အပွဲပွဲနွှဲခဲ့က အောင်ပွဲခံလာတဲ့ ဦးဘဒင်ရဲ့ဘဝက သောက။ ရှေ့တိုးမှာလား။ နောက်ဆုတ်မလား။ ဒါမှမဟုတ် အသက်ပြင်းတဲ့လူမမာကို လည်ပင်းညှစ်သတ်ရမှာလား။

သေချာတာကတော့ ကျွံခဲ့သော စရန်ငွေသည် ပလုံပေါ့။

''ကျွန်တော့်ရဲ့ … အသက်ရှင်ချင်တဲ့ဆန္ဒဟာ ဦးလေးရဲ့စီးပွားရေးကို အများကြီး ထိခိုက်တယ်ဆိုတာ နားလည်ပါတယ်''

ကိုဖိုးထောင်ရဲ့စကားသံတွေက အဆက်မပြတ်။ ဦးဘဒင် ကြားတစ်ချက်၊ မကြားတစ်ချက် ဆုံးဖြတ်ရခက်နေသည်။

ကိုဖိုးထောင်သည် ဇနီးနှင့် သမီးကို ရီဝေစွာကြည့်တယ်။

''ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒတွေကို ပြောပြီးပါပြီ''

ဟုဆိုကာ မြမေကို အဓိပ္ပာယ်ပါပါကြည့်တယ်။ မြမေသည် သမီးလေး မြရွှက်ကိုဖက်ကာ ငိုလေပြီ။

''ကျွန်တော် ကတိတည်ပါ့မယ် ဦးလေး''

မြမေထံသို့ လက်ဝါးဖြန့်သည်။ မြမေက မကြည့်ဘဲပုလင်းလေးတစ်လုံး ပေးသည်။ ပင်နဆလင်ပုလင်းလေး။ မြမေသည် အရှုံးတစ်ယောက်နှယ် စိတ်ဖောက်ပြန်သွားတာလားမသိ။ ကိုဖိုးထောင်၏လက်ထဲက ပုလင်းလေးကို ပြန်လုသည်။ ဦးဘဒင်ကို ရှိခိုးသည်။ လက်အုပ်ချီသည်။ ခြေသလုံးကိုဖက်ကာ–

''ကြွက်သတ်ဆေးလေ ဘကြီးရဲ့ အဲဒါသောက်ပြီး … သူ့ကိုယ်သူ သတ်သေတော့မှာ … ကျွန်မတို့ဟာအကျိုးမပေးကောင်းလို့ အောက်ဆုံးအလွှာကို ရောက်နေပြီး ဆင်းရဲနေတာပါ၊ ဒါပေမဲ့ လူတွေပါ ဘကြီးရယ် … ဆက်ပြီး အသက်ရှင်ချင်ပါသေးတယ်''

''ကျွန်မ မုဆိုးမဖြစ်ချင်ဘူး ‥ သမီးလေးကိုလည်း ဖခင်မမဲ့စေချင်ဘူး ထွက်ပေါက်ပိတ်နေလို့ ကြံမိကြံရာမိတာကို ခွင့်မလွှတ်နိုင်ဘူးလား ဘကြီးရယ်''

မြရွှက်လေးက မျက်နှာငယ်လေးဖြင့်–

''ဘဘကြီးရဲ့အကြွေးကို ‥ သမီးအလုပ်လုပ်ပြီး ပြန်ဆက်မယ်လေ''

ထောင်ထွက်လူမိုက်ကြီး ဦးဘဒင် ဘာဖြစ်သွားသည်မသိ။ သူ့မျက်နှာတွင် ဒေါသအရိပ်အယောင်တွေ မရှိတော့။ မာကြောခက်ထန်သော ဦးဘဒင်၏ နှလုံးသားသည် အရည်ပျော်သွားပြီလား။

စရန်ငွေသည် ဦးဘဒင်အတွက် စာမဖွဲ့လောက်။ ဘီယာတစ်ဝိုင်းစာပင်မရှိ။ တစ်ဆက်ရှင်စာပင်မရှိ။ ဒါပေမဲ့ ထိုငွေသည် ကိုဖိုးထောင်တို့မိသားစုအတွက် တစ်ဘဝစာ။

ပြန်မလုန်နိုင်တဲ့ ကယ်ရာမဲ့ဘဝလေးတွေကို အနိုင်ယူနေလျှင် လူပီသပါ့မလား။ လူပီသပါ့မလား။

''မြမေ''

''ရှင် … ဘကြီး''

''အဲဒီ ပုလင်းကို … လွှင့်ပစ်လိုက်ပါတော့ကွယ်''

ဦးဘဒင် အပြုံးဖြင့် လှည့်ထွက်လာခဲ့တယ်။ ထိုအပြုံးကား လူပီသသောအပြုံးဟု ပြောချင်ပါတယ်။

လောကကြီးမှာ လူအချင်းချင်း လူလိုမြင်ကာ သနားသောလက်တွေက ကယ်ရာမဲ့ လက်ကလေးတွေကို ကြင်နာစွာဖေးကူပေးရင် ကမ္ဘာကြီးဟာ ထာဝရလှနေတော့မှာ …။

လူရှိန်အောင်


www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သေနတ်ပါလား"

မဂိုလမ်း(ယခုရွှေဘုံသာလမ်း)တစ်နေရာတွင် ရွှေထည်ပစ္စည်းများ ရောင်းနေသူက စိတ်ထဲမှပြောလိုက်သည်။

သူသည် သူ့ကို သေနတ်ဖြင့် ချိန်ရွယ်ထားသူကို ကြည့်လိုက်သည်။ လူကောင်ထွားထွား၊ မျက်နှာပေါက်ဆိုးဆိုး အသားနီစပ်စပ်။

"မင်းရော ... ဟိုနှစ်ယောက်ရော ... မင်းတို့ရဲ့ .. နောက်ကျောက အခန်းထဲကို အမြန်ဝင်ကြစမ်း"

တစ်ကိုယ်တော်သေနတ်သမားက သေနတ်ကို ဝှေ့ရမ်း၍ ပြောလိုက်ရာ ဆိုင်ထဲလူသုံးယောက်စလုံး သေနတ်သမားပြောသည့်အတိုင်း အခန်းထဲသို့ ဝင်သွားကြသည်။

သေနတ်သမားသည် အလွန်လျင်မြန်စွာဖြင့် အခန်းတံခါးကို ပိတ်လိုက်သည်။ အပြင်ဘက်မှဂျက်ကိုထိုး၍ ပိတ်လိုက်သည်။

ဆိုင်ထဲတွင် သူတစ်ယောက်တည်း။

သေနတ်သမားသည် မှန်ဘီရိုငယ်ထဲမှ ရွှေရတနာများကို အခြားလက်တစ်ဖက်ဖြင့် သိမ်းယူ၍ သူ၏ ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်သည်။ သုံးလေးခါသိမ်းကြုံးယူ၍ ဘောင်းဘီအိတ်ကြီးထဲ ထိုးထည့်ပြီးနောက် သေနတ်ကို သူ၏ အပေါ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီး ဆိုင်ပြင်သို့ ခပ်သွက်သွက် ထွက်သွားလေတော့သည်။

၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လရက်တစ်ရက် မွန်းတည့်ချိန်ဖြစ်သည်။ မဂိုလမ်း(ရွှေဘုံသာလမ်း)ပေါ်တွင် မိုးများရွာနေသောကြောင့်လူသွားလူလာပါး၏။

သေနတ်သမားသည် ခပ်မှန်မှန်လျှောက်လာပြီး လမ်းဆုံအရောက်၌ တစ်ဖက်သို့ဖြတ်ကူးစဉ် ရေအိုင်ငယ်လေးကို ရှောင်လိုက်သောအခါ သူနှင့် မျက်နှာချင်းဆိုင်မှ တုတ်တစ်ချောင်းထောက်၍ ထော့နဲ့ ထော့နဲ့နှင့် လျှောက်လာသော ကုလားအဖိုးအိုတစ်ယောက်နှင့် ဘေးချင်းတိုက်မိလေတော့သည်။

ကုလားအဖိုးအိုသည် သူတိုက်မိသူ၏ ဘောင်းဘီအိတ်နှင့်ခိုက်မိသွားရာ 'ချွင် ... ချွင်'ဟူသောမြည်သံကို ကြားလိုက်ရသည်။

ကုလားအဖိုးအိုမှာ တုတ်ကို ထောက်ထား၍သာ လဲမကျသွားခြင်းဖြစ်သည်။ သူနှင့်ဝင်တိုက်သူက 'ဘလက်ဒီဖူး'ဟု အင်္ဂလိပ်လိုဆဲသွားသည်ကို သူ ကြားလိုက်ရသည်။

+++

အခန်းထဲတွင် ပိတ်လှောင်ထားခြင်းခံရသော ရွှေဆိုင်ပိုင်ရှင်အပါအဝင် လူသုံးယောက်သည် တံခါးကို ထုသည်။ အပြင်ဘက်တွင် အသံတိတ်နေသည်။ နောက်ထပ်ထုသည်။ ခပ်ကြမ်းကြမ်းထုကြသည်။ အပြင်ဘက်မှ မည်သည့်အသံမျှမကြားရ။ အခန်းထဲမှ လူသုံးယောက်သည် ရှိသမျှခွန်အားများဖြင့် တံခါးကိုတွန်းဖွင့်ကြရာ တံခါးဂျက်ပျက်သွားသည်။ တံခါးပွင့်သွားလေတော့၏။

+++

"လူကောင်က ... အလွန်ထွားတယ်၊ အရပ်က .. ခြောက်ပေလောက်ရှိတယ်၊ မျက်နှာပေါက်က .. ဆိုးတယ်၊ မျက်နှာက .. နီစပ်စပ်"

ရွှေဆိုင်ပိုင်ရှင်က ကျွန်ုပ် မောင်စံပျော်အမှုထမ်းရာ ပန်းဘဲတန်းရဲစခန်းသို့လာ၍ တိုင်ချက်ဖွင့်သည်။

ကျွန်ုပ်နှင့် ကျွန်ုပ်၏အဖွဲ့သားများသည် ရွှေဆိုင်သို့သွား၍ ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ကြသည်။ ထို့နောက် ကျွန်ုပ်သည် ရွှေဆိုင်မှလူသုံးယောက်စလုံးကို အင်းစိန်စီအိုင်ဒီရုံးသို့ခေါ်သွားပြီး လူဆိုးများ၏ဓာတ်ပုံများကို ပြရာ သူတို့က ဓာတ်ပုံများကို ကြည့်ပြီး ခေါင်းခါကြသည်။

ထို့နောက် ကျွန်ုပ်သည် လူဆိုးလုယူသွားသော ရွှေထည်များစာရင်းကို အသေးစိတ် သူတို့ကို ပြုစုစေသည်။ လူဆိုးလက် ပါသွားသော ရွှေထည်များ၏တန်ဖိုးစုစုပေါင်းမှာ ငါးသိန်းဖိုးခန့်ဖြစ်သည်။

ကျွန်ုပ်သည် ရွှေထည်ပစ္စည်းစာရင်းနှင့် လူဆိုး၏ပုံပန်းသဏ္ဌာန်(ရွှေဆိုင်မှ လူများပြောသည့်အတိုင်း)ကို မိတ္တူများပွားပြီး ရန်ကုန်ခရိုင်အတွင်းရှိ ရဲဌာနများ၊ အပေါင်ဆိုင်များနှင့် လမ်းနံဘေး သူခိုးဈေးများမှ ကျွန်ုပ်၏လူယုံအချို့ထံ ဝေငှပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်သည် မဂိုလမ်းပေါ်တွင် ကျက်စားလေ့ရှိသော ကျွန်ုပ်၏တပည့်များအား ရွှေဆိုင်အလုခံရချိန် ဝန်းကျင်တွင်ရှိနေသူများထံမှ ထူးထူးခြားခြား သတင်းရရေးကြိုးပမ်းစေ၏။

လုယက်မှုဖြစ်ပွားပြီး နှစ်ရက်အကြာ–

"ဆရာ . . မဂိုလမ်းတစ်လျှောက်မှာ တောင်းစားနေတဲ့ . . ကုလားအဘိုးကြီးတစ်ယောက်က အဲဒီ . . . နေ့လယ်လောက်မှာ အရပ်မြင့်မြင့်နဲ့ လူတစ်ယောက် မဂိုလမ်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ရွှေဆိုင်တွေကို ကြည့်သွားတာ သူသတိပြုမိတယ်တဲ့၊ သူလည်း . . . လိုက်တောင်းရင်း မဂိုလမ်းနဲ့ ဖရေဇာလမ်း(ယခုအနော်ရထာလမ်း)လမ်းဆုံအရောက်မှာ ရေအိုင်ကိုရှောင်ရင်း အဲဒီအရပ်မြင့်မြင့်လူနဲ့ တိုက်မိတယ်တဲ့၊ ဒီလူ့ဘောင်းဘီအိတ်ထဲက 'ချွင် ချွင်'ဆိုတဲ့အသံတွေကြားလိုက်ရတယ်တဲ့၊ အဲဒီလူက သူ့ကို 'ဘလက်ဒီဖူး'လို့ အင်္ဂလိပ်လို ဆဲသွားတယ်တဲ့"

ကျွန်ုပ်၏တပည့် ဆာဂျင်စံဝက ကျွန်ုပ်ကို သတင်းပို့သည်။

"ငါတို့ . . . အဲဒီ ကုလားအဘိုးကြီးနဲ့ ထပ်တွေ့ရအောင်"

ကျွန်ုပ်နှင့် စံဝသည် အရပ်ဝတ်များဖြင့် မဂိုလမ်းသို့သွားပြီး ထိုကုလားအဘိုးကြီးကို ရှာသည်။ တွေ့သောအခါ သူ့ကို ကာကာလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ခေါ်သွား၍ ချောင်ကျသောနေရာတွင် ထိုင်ရင်းမေးသည်။

ရာဂျူးဟုခေါ်သော ထိုကုလားအဘိုးကြီးသည် စံဝကိုပြောသည့်အတိုင်း ကျွန်ုပ်ကိုပြောသည်။

"ဘလက်ဒီဖူးဆိုတာ . . . ဆဲတယ်လို့ ခင်ဗျားသိသလား"

ကျွန်ုပ်ကမေးသည်။

"ငါက . . လမ်းပေါ်မှာအနေများတာပဲ၊ လူပေါင်းစုံနဲ့တွေ့ရတယ်၊ အင်္ဂလိပ်လိုဆဲတာတွေကို ငါသိတာပေါ့"

သူက ပြောသည်။

**အိမ်အမှတ်**
**အမှန်မပေးခြင်းက**
**ပစ္စည်းကို**
**မတရားသောနည်းဖြင့်**
**ရထားသည့်**
**သဘောဖြစ်သည်။**
**ဤသည်မှာ**
**သူခိုး ဓားပြ၊**
**ဒုစရိုက်သမားတို့၏**
**လုပ်ရပ် ဖြစ်သည်**
**. . .**

"အဲဒီလူ . . . ဘာအဝတ် ဝတ်ထားသလဲ၊ ဘယ်လိုအဝတ်မျိုးလဲ"

ကျွန်ုပ်က မေးသောအခါ ရာဂျူးသည် ခေတ္တစဉ်းစားလိုက်သည်။

"ဘောင်းဘီရှည်ပဲ . . . ကာကီရောင်လို့ထင်တယ်၊ အပေါ်က အစိမ်းရောင်မိုးကာအကျႌ . . ဆံပင်နဲနဲရှည်တယ်"

ကျွန်ုပ်သည် ရာဂျူးထံမှ သဲလွန်စများရလိုက်သည်။ သူ့ကို ငွေနှစ်ကျပ်ပေးလိုက်သည်။

နောက်ထပ်ရက်အနည်းငယ်အကြာ (ခန့်မှန်းတစ်ပတ်ခန့်အကြာ၌)–

ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက်ဖြစ်သော တာမွေဈေးအနီးမှ အပေါင်ဆိုင်ပိုင်ရှင်က သူ့ဆိုင်တွင် မိန်းမတစ်ယောက်(အသက်အစိတ်ခန့်)ရွှေလက်ကောက် တစ်ဖက်လာပေါင်ကြောင်း၊ အသစ်စက်စက်ဖြစ်၍သူမသင်္ကာကြောင်း၊ သူ အပေါင်ခံထားကြောင်းဖြင့် အကြောင်းကြားရာ ကျွန်ုပ်သည် အလုခံရသော ရွှေဆိုင်ပိုင်ရှင်ကိုထွန်းအေးနှင့်အတူ ထို အပေါင်ဆိုင်သို့သွားရာ ကိုထွန်းအေးက အပေါင်ခံထားသော ရွှေလက်ကောက်ကိုကြည့်၍ သူ့ဆိုင်မှလုယူသွားသောရွှေလက်ကောက်ဖြစ်ကြောင်း သူက သူ့လျှို့ဝှက် အမှတ်အသားကိုထောက်ပြရင်း ပြောပါသည်။

ကျွန်ုပ်သည် လာပေါင်သော အမျိုးသမီး၏နေရပ်လိပ်စာကို မှတ်ထားလိုက်သည်။ ဗိုလ်စိန်မှန်ရပ်ကွက်ရှိ (ဗိုလ် . . . . )လမ်း၊ အိမ်အမှတ်( . . . ) ဟု မှတ်သားထားချက်အရ ကျွန်ုပ်သည် ကိုထွန်းအေးကို သူ့ဆိုင် ပြန်ခိုင်းပြီးနောက် အမျိုးသမီးလိပ်စာအတိုင်းသွား


www.burmeseclassic.com

www.burmeseclassic.com



ရောက်စုံစမ်းရာ အိမ်အမှတ်ကို အမှန်ပေးသွားခြင်းမရှိကြောင်း တွေ့ရသည်။ အိမ်အမှတ် အမှန်မပေးခြင်းက ပစ္စည်းကို မတရားသောနည်းဖြင့်ရထားသည့်သဘောဖြစ်သည်။ ဤသည်မှာ သူခိုးများပြ၊ ဒုစရိုက်သမားတို့၏လုပ်ရပ် ဖြစ်သည်။

ဗိုလ်စိန်မှန်ရပ်ကွက်မှာ ဗဟန်းရဲဌာနအပိုင်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဗဟန်းရဲဌာနမှူးနှင့် ဆက်သွယ်၍ အကူအညီတောင်းယူပါသည်။

ထိုညနေတွင် ကျွန်ုပ်သည်တပည့် စံဝ ဗဟန်းရဲဌာနမှ နယ်မြေခံတပ်ကြပ်ကြီးလှဋ္ဌေးနှင့်အတူ အရပ်ဝတ်များဖြင့် ဗိုလ်စိန်မှန်ရပ်ကွက်သူကြီးနှင့် ဆယ်အိမ်ခေါင်းအချို့နှင့် တွေ့ဆုံ၍ စုံစမ်းရာ ဆယ်အိမ်ခေါင်းတစ်ယောက်က သူ၏အပိုင် ဗိုလ် ... လမ်းတွင် လွန်ခဲ့သောသုံးလခန့်က ကပြားလင်မယားနှစ်ယောက် အိမ်တစ်လုံးငှား၍ နေနေကြောင်း၊ ယောက်ျားမှာ အရပ်မြင့်ကြောင်း၊ အပြင်သို့ထွက်ခဲကြောင်း၊ တစ်ခါတလေမှထွက်ကြောင်း၊ မိန်းမမှာ အသားခပ်ညိုညို၊ (အသက်အစိပ်ခန့်) ဟု ပြောသည်။ သူတို့နေသောလမ်းမှာ အပေါင်ဆိုင်မှ ကျွန်ုပ်ရသောလမ်းအသည်ဖြစ်ရာ ကျွန်ုပ်ပျော်သွားသည်။

''အဲဒီယောက်ျားရဲ့နာမည်ကို သိသလား''

ကျွန်ုပ်က ဆယ်အိမ်ခေါင်းကို မေးသောအခါ–

''သူ့မိန်းမက ..'ဂျော့ .. ဂျော့' လို့ခေါ်သံကြားတယ်လို့ ကျွန်တော့်မိန်းမက ပြောတာပဲ'' ဟု ဖြေပါသည်။

''ဒီလူသာ ... ရွှေဆိုင်လုသူမှန်ရင် သူ့မှာသေနတ်ရှိတော့ ... သတိထားရမယ်''

ကျွန်ုပ်သည် စိတ်ထဲမှပြောပြီးနောက် ဆယ်အိမ်ခေါင်းနှင့် သူကြီးတို့အား–

''ဒီကိစ္စ ..... နှုတ်လုံရမယ်၊ ခင်ဗျားတို့လည်း ဒီလူရဲ့လှုပ်ရှားမှုကို စောင့်ကြည့်ပါ၊ ကျွန်တော်တို့ဘက်ကလည်း စောင့်ကြည့်နေမယ်''ဟု မှာကြားပြီးနောက် ကျွန်ုပ်သည် စံဝနှင့် လှဋ္ဌေးတို့ကို တစ်လှည့်စီစောင့်ကြည့်ရန် တာဝန်ပေးထားလိုက်သည်။

အစီအစဉ်တစ်ခုကို ပြုလုပ်လိုက်သည်။

နောက်တစ်နေ့ညနေ ရေထမ်းသမား ထိုအိမ်တွင်ရေဖြည့်စဉ် ကျွန်ုပ်သည် သူကြီးနှင့်အတူ ထိုအိမ်ပေါ်သို့ ရုတ်တရက်တက်သွားကြသည်။ (ကျန်ကျွန်ုပ်၏အဖွဲ့သားများက အိမ်ပတ်ဝန်းကျင်၌ အသင့်စောင့်နေကြသည်။)

ထိုအချိန်တွင် အိမ်ရှေ့ခန်း၌ ကုလားထိုင်ပေါ်တွင် လူတစ်ယောက် ထိုင်နေသည်။

ကျွန်ုပ်တို့ကို တွေ့သောအခါ သူက–



နောက်တစ်နေ့ညနေတွင်စံဝက–

''ဆရာ ... ကျွန်တော် ဂျော့ကို ခဏတစ်ဖြုတ် မြင်လိုက်ရတယ်၊ သူ့အိမ်ထဲမှာ သူ ... လမ်းလျှောက်နေတုန်း အရပ်တော်တော်မြင့်တယ်၊ ညနေပိုင်းမှာ ညနေ ၄ နာရီလောက်မှာ ရေထမ်းသမားတစ်ယောက်ဟာ သူ့အိမ်ကို ရေသုံးထမ်း အမြဲပို့ပေးရတာကိုလည်း ကျွန်တော် စုံစမ်းလို့ရတယ်''

ဟု သတင်းပေးပါသည်။

ထိုသတင်းကို အခြေခံ၍ ကျွန်ုပ်သည် ဗဟန်းရဲဌာနမှူးနှင့် ညှိနှိုင်း၍

''ဘာကိစ္စလဲ''

ဟု မေးရာ ကျွန်ုပ်က–

''ကျုပ်က ... ရဲစုံထောက်တစ်ယောက်ပါ၊ ခင်ဗျားကိုမေးစရာရှိလို့ .. ခင်ဗျားဆက်ထိုင်နေပါ''ဟု ခပ်ထန်ထန်ပြောလိုက်ပြီး ကျွန်ုပ်သည်လွယ်အိတ်ထဲလက်ထည့်ပြီး ခြောက်လုံးပြူးသေနတ်ကိုသူ့ဘက်ချိန်ထားလိုက်သည်။

သူသည် ကျွန်ုပ်၏ မျက်နှာနှင့် ကျွန်ုပ်အမူအယာကိုကြည့်ပြီး ငြိမ်နေပါသည်။

သူကြီးက အိမ်ရှေ့ထွက်၍



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်၏လူများကို အချက်ပြလိုက်ရာ ကျွန်ုပ်၏လူသုံးယောက် အိမ်ပေါ်သို့ တက်လာကြသည်။

ထိုသူ၏မိန်းမသည် အိမ်ရှေ့ခန်းသို့ဝင်လာရာ သူ့ကိုလည်းသူ့ယောကျ်ား အနီးတွင် နေခိုင်းထားလိုက်သည်။

ကျွန်ုပ်သည် ရှာဖွေခွင့်အမိန့်ကို ပြ၍–

"ခင်ဗျားသေနတ် ... ဘယ်မှာထားသလဲ"ဟု ရုတ်တရက်မေးလိုက်သည်။

သူတို့လင်မယားနှစ်ယော် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။ သူတို့အကြောင်းကို ကျွန်ုပ် အကုန်သိနေပြီဟူ၍လည်း သဘောပေါက်သွားပုံ ရလေသည်။ ထို့ကြောင့် 'အိပ်ခန်းကုတင်ပေါ်က ဖျာအောက်မှာ ..' ယောကျ်ားက ပြောလိုက်သည်။

ဤတွင် ကျွန်ုပ်သည် သူကြီးကိုခေါ်၊ သူ့မိန်းမကိုခေါ်၍ အိပ်ခန်းထဲဝင်ရှာရာ ခြောက်လုံးပြူးသေနတ်ကို တွေ့ပါသည်။ သေနတ်ပေါ်တွင် လက်ဗွေများမပျက်ရန် ကျွန်ုပ်သည် သတိကြီးစွာဖြင့် သေနတ်ကိုသိမ်းလိုက်ရသည်။

ထို့နောက် ကျွန်ုပ်က–

"ခင်ဗျား .. လုယူထားတဲ့ပစ္စည်းတွေပေးပါ"ဟုဆက်ပြောရာ သူက သူ့မိန်းမကို "ထုတ်ပေးလိုက်ပါ"ဟု ပြောသောကြောင့် သူ့မိန်းမက သွားယူပေးပါသည်။

"လုပ်ရဲရင် ခံရဲရမယ်" သူက ပြောပါသည်။

သူ့အမည်အပြည့်အစုံမှာ ဂျော့မိုးဖြစ်သည်။ အင်္ဂလိပ်မြန်မာ ကပြားဖြစ်သည်။ မော်လမြိုင်ဇာတိ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးတွင် သူသည် အိန္ဒိယပြည်သို့ ဦးလေးတစ်ယောက်နှင့်အတူ ရောက်သွားသည်။ စစ်ကြီးဖြစ်သောအခါ အင်္ဂလိပ်တပ်ထဲ တပ်သားအဖြစ်ဝင်သွားသည်။

အင်္ဂလိပ်တပ်များ၊ ဖက်ဆစ်ဂျပန်တို့ကို အိန္ဒိယပြည်မှထိုးစစ်ဆင်သောအခါ ဂျော့မိုးလည်း လိုက်ပါလာသည်။ ဂျပန်တို့စစ်ရှုံးကာ မြန်မာပြည်ကို အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးလိုက်ရ၍ ဗြိတိသျှတပ်များ မြန်မာပြည်မှ ထွက်ခွာသွားသည့်အခါ–

ဂျော့မိုးသည် တပ်မှထွက်၍ မော်လမြိုင်တွင်ပြန်နေသည်။ မော်လမြိုင်တွင် မနှင်းကြည်နှင့် အိမ်ထောင်ကျသည်။

ဂျော့မိုး၏မိဘများမှာလည်း မရှိတော့။

တပ်ထွက်ဂျော့မိုးသည် ပင်စင်လစာလည်းမရ၊ ဝင်ငွေလည်းမရှိဖြစ်နေရာ မနှင်းကြည်က ဈေးရောင်းကျွေးသည်။

ဝင်ငွေမကောင်းသောကြောင့် ရန်ကုန်တွင်အလုပ်သွားလုပ်ကြမယ်ဟု လင်မယားနှစ်ယောက် တိုင်ပင်ပြီး ၁၉၅၀ မေလတွင် ရန်ကုန်သို့ ပြောင်းလာပြီး ဗိုလ်စိန်မှန်ရပ်ကွက်၌ အိမ်ငှားနေခြင်းဖြစ်သည်။

ပညာအရည်အချင်းမှာ ရှစ်တန်းသာရှိသော ဂျော့မိုးသည် လခစားအလုပ်မရဘဲရှိနေရာ ပါလာသောငွေများအကုန်တွင် စားရမဲ့သောက်ရမဲ့ဖြစ်လာသောကြောင့် စစ်အတွင်းက သူဝှက်ထားသော သေနတ်ဖြင့် တစ်ကိုယ်တော်ဓားပြတိုက်ခြင်းဖြစ်သည်။

သူ့အမှုကို စစ်ဆေးသောအခါ သူက အမှန်အတိုင်းထွက်ဆိုသွားပါသည်။

တရားသူကြီးက သူ့ကို လက်နက်မှုနှင့်လုယက်မှုတို့ဖြင့် ထောင်ဒဏ် ၉ နှစ် အပြစ်ပေးလိုက်လေ၏။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com



# ဉာဏ်ဦးစံ

## အကြိုက်နှင့် စရိုက်



www.burmeseclassic.com

www.burmeseclassic.com



သရက်ကုန်းရွာကြီးသည် အမည်နှင့်လိုက်အောင်ပင် အမျိုးပေါင်းစုံလင်လှသော သရက်ပင်ကြီးများဖြင့် အုံ့ဆိုင်းညို့မှိုင်းလျက်ရှိနေသည်။ အိမ်ခြေသုံးရာကျော်ရှိသောရွာကြီး၏ ခြံဝင်းတိုင်းတွင် သရက်ပင်မရှိသောခြံဟူ၍ မရှိပါချေ။ "အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာဝက်"ဟူသော စကားပုံက မည်သည့်အချိန်ကာလကစ၍ ပေါ်ပေါက်ခဲ့သည်မသိ။ သရက်သီးအလွန်ကြိုက်ခဲ့ပုံရသော သရက်ကုန်းရွာကြီး၏ ရှေးဘိုးဘွားကြီးများ စိုက်ပျိုးထားခဲ့သည်။ မြီးကျောက်၊ သလပ်ဖက်၊ သရက်ညို၊ မချစ်စု၊ ပုစွန်ထုတ် စသော သရက်ပင်ကြီးများက သီးကင်းမှစ၍ အသီးမှည့်သည့်တိုင် နောင်လာနောင်သားများ စားသောက်၍မကုန်နိုင်အောင်ပင် ရှိနေချေ၏။

လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ခန့်က ထိုသရက်ကုန်းရွာကြီးတွင် 'အသားမှာဝက်'ဟု တင်စားရသောဝက်သားကို အလွန်အမင်းကြိုက်နှစ်သက်ကြသည့် ရွာသားနှစ်ဦးရှိခဲ့ပါသည်။ တစ်ပိဿာဝက်သားတစ်တွဲဝယ်၍ ချက်စားရာ ဟင်းအိုးကို ယောင်းမဖြင့်မွှေ၍ အပေါ်အငန်မြည်းရင်း မီးဖိုခွင်ပေါ်တွင်ပင် ဟင်းတစ်အိုးလုံး တက်တက်ပြောင်အောင်စားခဲ့သော ဦးဖိုးဦးနှင့် ဝက်သားဝမ်းတွင်းသားတစ်ပိဿာချက်ခန့်ကို အရက်နှင့်မြည်းရာ အရက်မကုန်ခင် အမြည်းကကုန်သွားသဖြင့် "အမြီးကလည်း မလောက်မငနဲ့ကွာ"ဟု ငြီးတွားခဲ့သော ဦးနက်ကျော်နှင့် ဦးဖိုးဦးတို့ပင် ဖြစ်သည်။ ထိုနှစ်ဦးအကြောင်းပြောရမည်ဆိုလျှင်–

+++

ဦးဖိုးဦး ..။

အလုပ်အကိုင်နှင့်ပတ်သက်၍ သ
ရက်ကုန်းရွာကြီးတစ်ရွာလုံးက သူ့
စံနမူနာယူကြရသည်။ သူ့ကို ငှားရ
ဖူးသောလယ်ရှင်တိုင်း နောက်တစ်
ထပ်ငှားချင်ကြသည်။ သူရင်းငှားတ
ယောက်အနေဖြင့် တာဝန်ယူရသေ
လယ်လုပ်ငန်းတွင် အယိုအဖိတ်
ပျောက်အရှမရှိစေရန် အထူးဂရုစိ
သည်။ လယ်လုပ်ငန်းတွင်လုပ်ကိုင်
သော လယ်ထွန်ပျိုးနှုတ် ကောက်စိ
တလင်းကိုင် စသည့်အလုပ်များကို
သေသပ်သပ် လုပ်ကိုင်ပေးသည်။
လုပ်ကိုလည်း ရှိသေ၊ မခိုးတတ်မဝှ
တတ်၊ စာရိတ္တကောင်းမွန်သဖြင့် လ
ရှင်တိုင်းက ငှားရမ်းချင်ကြသည်မှာ
ဆန်းလှပါ။ သို့သော်လည်း သူလိုချ
တာလိုအပ်တာရှိလာခဲ့လျှင် ပွင့်ပွင့်လ
လင်း ပြောတတ် တောင်းတတ်သေ
ဉာဉ်ရှိသည်။

တစ်နှစ်တွင် တောင်ပိုင်းက
နှင့်ဘုန်းတော်ကြီးကျောင်းနေဖက်
သူငယ်ချင်း လယ်ရှင်ဦးစံလှဒွန်းမှ ငှ
ရမ်းသဖြင့် နှစ်ပေါက်သူရင်းငှား အလု
ဝင်ရသည်။ နှစ်ပေါက်သူရင်းငှား
သည်မှာ မိုးဦးကျလယ်လုပ်ငန်းမစခ
တစ်လလောက်အလိုကစ၍ အလုပ်
ရသည်။ လယ်လုပ်ငန်းစပြီဆိုသည်
အဆင်သင့်ဖြစ်နေစေရန် ထွန်တုံးထွ
တံကအစ စီစဉ်ပြင်ဆင်ထားရသည်
လုပ်ငန်းခွင်မဝင်မီ နွားတင်းကုတ်
နိမ့်နေလျှင် မြေဖို့၊ နွားများကို ဝလ
နေအောင် အစာရေစာ ကျွေး
သည့်တာဝန်များ ဆောင်ရွက်ရသည်
လယ်လုပ်ငန်းစသည်နှင့် ပျိုးထော



www.burmeseclassic.com

www.burmeseclassic.com



ယက် စိုက်ပျိုးပြီးစီးချိန်ဖြစ်သော
တုံးပိတ်ချိန်တွင်လည်း မြက်ရိတ်
ကျွေးအလုပ်များ၊ စပါးစိုက်ပျိုး
သောလယ်ကွက်များတွင် မြက်နှုတ်၊
သင်းဘောင်မြက်သိမ်း စသည့် အ
များ လုပ်ကိုင်ရသည်။ တန်ဆောင်
နတ်တော် စပါးများ ရင့်မှည့်လာ
အခါ ကောက်ရိတ်သားများရိတ်
သော ကောက်လှိုင်းများကိုစည်း၍
င်းသို့ နွားလှည်းဖြင့်တိုက်ယူကာ
နယ်၊ စပါးချွေလှေ့ လုပ်ကိုင်ရ
ည်၊ ချွေလှေ့ပြီးစီး၍ သန့်စင်ပြီးစပါး
ကို စပါးကျီထဲသွင်းပြီး တစ်နှစ်တာ
ပ်များပြီးမှသာ အလုပ်ထွက်ရ
ည်၊ နှစ်ပေါက်သူရင်းငှားများသည်
င်းတိုင်လယ်ရှင်တစ်ဦးထံတွင် ကိုး
နှ် ဆက်တိုက်အလုပ်လုပ်ရပြီး လုပ်
အဖြစ် နွေလေးဆယ်၊ မိုးလေး
ယ် စုစုပေါင်း စပါးတင်းရှစ်ဆယ်ရ
သည်။

ကဆုန်လတွင် ဦးဖိုးဦးအလုပ်စ
သည်။ လယ်ရှင် ဦးစံလှဒွန်းက
တင်းကုတ်မြေနိမ့်နေသဖြင့် မြေထပ်
အတွက် ဦးဖိုးဦးကို ပြောကာ
က်တစ်နေ့နံနက်အချိန် လှည်းတွင်
စ်ကောင်တပ်၍ သံတူရွင်း၊ ပေါက်
ပေါက်ပြားများလှည်းပေါ်တင်ပြီး
က်ကျင်းအနိမ့်ပိုင်းဆီသို့ မြေကြီး
တိုက်ရန် ထွက်ခဲ့ကြသည်။ ဦးဖိုးဦးက
လှည်းမောင်း၍ ဦးစံလှဒွန်းက လှည်း
နောက်တွင် ထိုင်လိုက်လာသည်။ "ဟဲ့
. . . ဟဲ့"ဟု နွားနှစ်ကောင်ကို ကြိမ်တို့၍
မောင်းလာသော ဦးဖိုးဦးမှာ နွားမောင်း
သည့်အလုပ်တွင် သူ့စိတ်ကမရှိ။ နံနက်
စောစောက တင်းကုတ်အတွင်းမှ နွား
နှစ်ကောင်ဆွဲထုတ်အလာ နောက်ဖေး
ရေကပြင်တွင် လယ်ရှင် ဦးစံလှဒွန်းက
တော် ဒေါ်ဖွားအုံချက်ပြုတ်ရန်အတွက်
ဝက်သားတစ်တွဲကို ရေဆေးခုတ်ထစ်
တုံးတစ်နေသည့်မြင်ကွင်းက မျက်စိထဲ
ကမထွက်။ တဝေ့ဝဲဝဲ။

နွားမောင်းရင်းနှင့် ဦးဖိုးဦးမနေ
နိုင်တော့။ နောက်ကထိုင်လိုက်လာသော
ဦးစံလှဒွန်းအားလှည့်ပြီး–

"စံလှဒွန်း"

"ဘာလဲ . . . ဖိုးဦး"

"မင်း . . . ဒီမနက် မြေကြီးဘယ်
နှစ်ခေါက်တိုက်မလဲ"

"အေးအေးဆေးဆေးပေါ့ကွာ၊
စားကောင်းသောက်ကောင်း . . . တစ်
ခေါက်ဆိုတော်ပြီပေါ့ ဖိုးဦးရာ"

"ဒီလိုလုပ်ကွာ . . စံလှဒွန်း၊ မင်း
ဘာမှဝင်မလုပ်နဲ့၊ သက်သက်သာသာ
ထိုင်နားနေ . . . ငါတစ်ယောက်ထဲလုပ်
မယ်၊ မြေကြီးကိုလည်း နေမွန်းမတည့်
ခင် နှစ်ခေါက်ရအောင် ငါတိုက်ပေး
မယ်၊ ဒါပေမဲ့ မင်း ငါ့ကို တစ်ခုတော့
ပြန်လုပ်ပေးကွာ"

"ငါ . . . ဘာလုပ်ပေးရမလဲ၊
ပြောပါဦးဖိုးဦးရဲ့"

"တို့အိမ်က ထွက်လာတော့ . . .
မင်း မိန်းမ မဖွားအုံ . . . ဝက်သားတစ်
ပိဿာချက်နေတာ တွေ့ခဲ့တယ်ကွ၊ တို့
နေ့လည်ထမင်းစားရင် ငါ့ကိုငါးဆယ်
သားချက်လောက်ခွဲကျွေးကွာ . . . ငါ
အဲဒီလောက်မှ အာသာပြေမှာမို့လို့ပါ
နော်"လို့ တောင်းဆိုဟော့ ဦးစံလှဒွန်း
ကလည်း အကြောင်းသိပြီးသား ငယ်
သူငယ်ချင်းပဲလေ။

"ကဲပါ . . . ဖိုးဦးရယ်၊ မင်းပြော
တဲ့အတိုင်းသာ လုပ်စမ်းပါ၊ တစ်ဝက်
မဟုတ်ဘူး . . . တစ်အိုးလုံးကျွေးမယ်"
ဆိုတော့မှသာ နွားလှည်းကို ခပ်သွက်
သွက်မောင်းနိုင်တော့သည်။

မြေနိမ့်ပိုင်းအောက်ကျင်းသို့ရောက်
သောအခါ လှည်းမှနွားများကိုဖြုတ်၍
စပါးညှောင့်နုပေါက်များစားရန် လှန်
ထားလိုက်သည်။ တစ်နွေလုံးလုံးပူထား
သော နေအပူရှိန်ကြောင့် မြေကြီးသည်
တစ်တောင်နှစ်တောင်ခန့် ပတ်လည်
အက်ကွဲနေရာ အောက်ကျင်းတစ်ခုလုံး
အပြည့်။ လှည်းပေါ်က သံတူရွင်းကြီး
ယူပြီး မြေပတ်ကြားအက်ကွဲထဲသို့ အင်
နှင့်အားနှင့် လေးဘက်လေးတန်ထိုး

**ဦးနက်ကျော်နှင့် ဒေါ်ဆုံ ဆိုသည်မှာ သရက်ကုန်းရွာတွင် နာမည်ကြီးလင်မယား။**
**အရက်ကလည်း ကြိုက်လိုက်သည်မှာ စိတ်တူကိုယ်တူ ပုလင်းတူဘူးဆို့။**
**လင်ဖြစ်သူက ကက်ပဲကစားရန်သွားပြီဆိုလျှင်**
**မယားကငွေကိုင်ပြီး နောက်ကလိုက်တော့သည် . . .**



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကော်ထုတ်လိုက်သောအခါ မြေကြီးတုံးကြီးများ ထွက်လာသည်။ မြေကြီးတုံးကြီးများကို မိမိဘာသာ တစ်ယောက်တည်း နိုင်နိုင်နင်းနင်းပင့်ထမ်းပြီး လှည်းပေါ်တင်နေသော ဦးဖိုးဦးအား ကုက္ကိုပင်အရိပ်အောက်မှ ထိုင်၍ကြည့်နေသော ဦးစံလှဒွန်းမှာ ခေါင်းတညိတ်ညိတ်နှင့် အလွန်သဘောကျနေချေ၏။ လှည်းပေါ်တွင် မြေကြီးတုံးများပြည့်သောအခါ ရွာက နွားတင်းကုတ်နံဘေးတွင် ပြန်တိုက်ချလုပ်လိုက်သည်မှာ နေမွန်းမတည့်ခင် နှစ်ခေါက်ရလိုက်ပါသည်။ နေ့လည်ထမင်းစားသောအခါ ဦးစံလှဒွန်းက သူ့ကတိအတိုင်း ဝက်သားတစ်အိုးလုံး ချကျွေးသော်လည်း ဦးဖိုးဦးက သူတောင်းဆိုထားသော ငါးဆယ်သားချက် အိုးတစ်ဝက်လောက်သာစားပါသည်။

''ကျန်တဲ့ငါးဆယ်သားချက်၊ မင်းအိမ်သားတွေ စားပါစေကွာ၊ ဒါပေမဲ့ငါ တကယ်စားရင် ကုန်တယ်နော်''

ဦးဖိုးဦးက ပြုံးစစနှင့် ပြောလိုက်ပါသေး၏။

ဦးဖိုးဦးက ထိုကဲ့သို့သောသူ။

+++

ဦးနက်ကျော်။

သရက်ကုန်းတစ်ရွာလုံး၏ ချဉ်ဖတ်အော့ကြောလန်။

အလုပ်ကလည်း လက်ကြောမတင်း။ ကတိမတည်၊ ကလိမ်ကကျစ်၊ ခြေဆော့လက်ဆော့၊ စာရိတ္တကလည်း ညံ့လေသဖြင့် တစ်ရွာလုံး၏ချဉ်ဖတ်ဖြစ်ရသည်မှာ သိပ်မဆန်းလှပါ။ ပျိုးနုတ်ပေး၊ ကောက်စိုက်ပေး၊ ကောက်ရိတ်ပေး ကြိုတင်ငွေများယူပြီး အလုပ်လုပ်ချိန်ရောက်သောအခါ လင်မယားနှစ်ယောက်လုံး ဘယ်ရှာရမှန်းမသိပျောက်နေတတ်သည်။ ဦးနက်ကျော်နှင့် ဒေါ်ဆုံဆိုသည်မှာ သရက်ကုန်းရွာတွင် နာမည်ကြီးလင်မယား။ အရက်ကလည်း ကြိုက်လိုက်သည်မှာ စိတ်တူကိုယ်တူပုလင်းတူဘူးဆို့။ လင်ဖြစ်သူက ကက်ဖဲကစားရန်သွားပြီဆိုလျှင် မယားကငွေကိုင်ပြီး နောက်ကလိုက်တော့သည်။ လင်ဖြစ်သူက နွားခိုးပေါ်ရန်ထွက်ပြီဆိုလျှင် မယားဖြစ်သူက ချိန်ခွင်ထည့်ထားသောခံတောင်းကိုရွက်ကာ နောက်ကလိုက်ချေပြီ။ အလွန်ဘက်ညီသော လင်မယားဖြစ်သည်။

ဦးနက်ကျော်၏ ကလိန်ကကျစ်ဝက်သားစားပုံအများကြီးထဲမှ တစ်ခုကသည်လို။

တစ်မနက်ခင်းတွင် ရွာဖျားကနေပြီး ''ဝက်သားဗျို့ . . ဝက်သား'' ဟု အော်လိုက်သောဝက်သားသည်၏ အသံသဲ့သဲ့ ကြားလိုက်ရသည်နှင့် ဦးနက်ကျော်က ''မဆုံရေ''ဟု နမိတ်ပြအချက်ပေးလိုက်သည်။ ချက်ဆို နားခွက်က မီးတောက်သော မယားဖြစ်သူဒေါ်ဆုံက အိမ်ရှေ့ဖိနပ်ချွတ်တွင် အဆင်သင့်ထိုင်ကာနေရာယူပြီးဖြစ်သည်။ ဦးနက်ကျော်ကလည်း ဓါးတစ်ချောင်း၊ ဇလုံတစ်လုံးနှင့် အိပ်ခန်းထဲဝင်၍နေရာယူကာ ဝက်သားသည်များ အိမ်ရှေ့အရောက်စောင့်ဆိုင်းနေကြတော့သည်။

ထိုအခါက တောရွာများတွင် ဝက်သားရောင်းကြပုံမှာ တစ်ပိဿာဝက်သားတွဲများကို ဝါးနီးကြိုးဖြင့်တွဲ၍ ထမ်းပိုးတစ်ချောင်းတွင် ရှေ့နောက်ချိတ်ပြီး တစ်ဦးကထမ်း၊ တစ်ဦးက ''ဝက်သား . . . ဝက်သား''ဟု အော်ဟစ်ကာ တုတ်တစ်ချောင်းနှင့် [illegible] မောင်း၊ ခွေးမောင်း နောက်က[illegible] ရောင်းကြသည်။ ဝက်သားတစ်တွဲ[illegible] ကျပ်ဖြင့် ဝက်သားမကုန်မချင်း ရွာ[illegible] လှည့်၍ ရောင်းကြသည်။

သည်လိုနှင့် ''ဝက်သားဗျို့ [illegible] ဝက်သား''အော်သံနှင့်အတူ အ[illegible] သည်နှစ်ဦး အိမ်ရှေ့ရောက်လာ[illegible] အခါ ဦးနက်ကျော်က အိမ်ခန်းအ[illegible] မှ အဖျားတက်နေသောလေသံဖြ[illegible]

''ဟင်း . . ဟင်း . . ဟင်း [illegible] ဟင်း . . . မဆုံရေ . . . ဝက်သား[illegible] လားကွ . . . ဟင်း . . ဟင်း''

အိမ်ရှေ့ဖိနပ်ချွတ်တွင်ထိုင်[illegible] နေသော ဒေါ်ဆုံက လေသံမာမာ[illegible]

''ဟုတ်တယ် . . ကိုနက်ကျော်[illegible] . . . ဘာလဲ ရှင် . . ဝက်သားစားဦး[illegible] လား၊ အဖျားတွေတက်နေတယ်[illegible] ကြည့်လဲလုပ်ဦး''

ဦးနက်ကျော်က–

''အေးပါဟဲ့ . . . ဟင်း . . [illegible] ဝက်သားကြိုက်တော့ ဝက်သာ[illegible] လည်းကြည့်ချင်သေးတယ်၊ ဟင်း[illegible] ဟင်း အဆင်ပြေရင်လည်း ဝယ်[illegible] ထား၊ ပြီးတော့ အဖျားကျရင် စ[illegible] တာပေါ့၊ တစ်တွဲလောက် ယူကြည့်[illegible] ရမလား . . . မေးကြည့်စမ်းပါအုံး[illegible] ဟင်း . . ဟင်း''

ဝက်သားသည်က အိမ်ရှေ့[illegible] တွင် ရပ်ပြီး နားစွင့်နေကြသည်။ [illegible] ဆုံက–

''ကဲ . . . ကလေးတို့ရေ . [illegible] တို့ဘကြီးက အဖျားတက်နေတော့ [illegible] စိမ်းမိမှာစိုးလို့ အပြင်မထွက်ဝံ့ဘူး၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



...တွဲလောက် ယူကြည့်လို့ရမလားတဲ့''

ဝက်သားသည်များက–

''ရပါတယ် ‥ ကြီးဒေါ်''

ထမ်းပိုးက ဖြုတ်ပေးသော ဝက်သားတစ်တွဲကို ဒေါ်ဆုံက ယူ၍ အိမ်...န်းထဲပို့ပေးသောအခါ ဦးနက်ကျော်က ...မ်းယူပြီး–

''ဟင်း … ဟင်း ကောင်းလိုက်တဲ့ဝက်သားကွာ''ဟုဆိုကာ မထင်မှတ်လောက်တဲ့ မသိနိုင်လောက်တဲ့နေရာက ...ကျပ်သား၊ တစ်ဆယ်သားခန့်လှီးယူ...ပြီး ဇလုံထဲထည့် ‥ ဝက်သားတွဲပြန်ပေးလိုက်သည်။ ထို့နောက်–

''နံရပ်သားလေးတစ်တွဲလောက်ကြည့်ပါရစေအုံး ‥ ဟင်း … ဟင်း''

''ပါးအိုသားလေးတစ်တွဲလောက်ကြည့်ပါရစေဦး ‥ ဟင်း … ဟင်း''

''ပေါင်သားလေး တစ်တွဲလောက်ကြည့်ပါရစေဦး … ဟင်း ‥ ဟင်း''

နှင့် ဝက်သား ငါးတွဲ ခြောက်တွဲယူကြည့်ပြီးသောအခါ လေးငါးဆယ်သားခန့် လှီးယူပြီးဖြစ်နေပြီ။

ထိုအခါကျမှ–

''ဟင်း … ဟင်း ‥ စိတ်မရှိပါနဲ့ ...ကလေးတို့ရယ် … ဝက်သားတွေကကောင်းပါတယ်၊ ဒါပေမဲ့ အဖျားတက်နေတော့ … မစားရဲသေးပါဘူးကွယ်၊ ...ယ်သေးဘူးနော် ‥ ဟင်း ‥ ဟင်း'' ဆိုတော့–

''ဟုတ်ကဲ့ … ရပါတယ် ဘကြီး ...စွမရှိပါဘူး''ဆိုကာ ''ဝက်သားဗျို့ ...က်သား'' အော်ပြီး ထွက်သွားသော ...က်သားသည်များ နောက်ကျောကွယ် ...သည်နှင့် လှီးယူထားသော ဝက်သား ...များကို လင်မယားနှစ်ယောက် ချက်ပြုတ်ကာ မြိန်ရည်ယှက်ရည် စားကြပါတော့၏။

ဦးနက်ကျော်က ထိုသို့သော ကလိန်ကကျစ် လူစား။

+++

သူတို့နှစ်ဦး စံချိန်တင်ဝက်သားစားသည့်ပွဲက သရက်ကုန်းရွာသူကြီး ဦးဖိုးမြ၏မြေးများ ရှင်ပြု၊ အလှူတော်မင်္ဂလာပွဲတွင် ဖြစ်သည်။ သူကြီးအလှူပွဲဖြစ်သဖြင့် အတော် စည်စည်ကားကား ရှိလှ၏။ ထည်ဝါခမ်းနားလှသော အလှူမင်္ဂလာမဏ္ဍပ်ကြီးအတွင်း ညှိခံဖျော်ဖြေနေသော ဟံသာတမြို့မှ နာမည်ကြီး ရွာစားကျော် စိန်တင်သန်း၏ မှန်စီရွှေချမင်္ဂလာဆိုင်း ပိုင်းကြီးက တခြိမ့်ခြိမ့်။ ကျယ်ဝန်းလှသော ထမင်းကျွေးရုံကြီးအတွင်းတွင် လာသမျှ ရပ်နီးရပ်ဝေး ဧည့်ပရိသတ်အား ဘဲဥဆံပတ်တုံးဝက်သားနီချက်၊ ငါးကြော်နှပ်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ငါးခြောက်ထောင်း၊ ငံပြာရည်ကျော်၊ ပဲချဉ်ပေါက် အတို့အမြှုပ်နှင့် အလှုံ့ယယ် ကျွေးမွေးသည်။ ထမင်းရည်ချောင်းစီး အလှူမို့ တစ်ရွာလုံးမီးခိုးတိတ်။ သရက်ကုန်းရွာနှင့် ပေါက်တန်းကြီးရွာ နှစ်ရွာပေါင်းထားသော လူငယ်ထမင်းကျွေး အဖွဲ့မှာလည်း ထမင်းလိုက်ဟင်းလိုက် ရသည်မှာ ချွေးပြိုက်ပြိုက်ကျ လက်မလည်နိုင်ကြချေ။



ဝက်သားတစ်ဝစားရန် မောင်းတင်လာကြသည့် ဦးဖိုးဦးနှင့် ဦးနက်ကျော်တို့နှစ်ဦး ထမင်းရုံကြီးအတွင်းသို့ ဝင်လာသည်နှင့် အကြောင်းသိ အလိုက်သိသော ထမင်းကျွေးအဖွဲ့က ဝက်သားလိုက်သည့်လက်ဆွဲဟင်းချိုင့်ကြီး တစ်ချိုင့်စီ သူတို့ဘေးနားတွင် ချထားပေးလိုက်ကြသည်။ နှစ်ဦးသား စိတ်ကြိုက်စားလိုက်ကြသည်မှာ နှစ်ပိဿာကျော် သုံးပိဿာခန့်ဝင်သည့် ဝက်သားဟင်းချိုင့်နှစ်ချိုင့် လုံး ဖင်ကပ်သာကျန်တော့သည်။

အလှူမင်္ဂလာမဏ္ဍပ်ကြီး အတွင်း ညှိခံဖျော်ဖြေနေသော ရွာစားကျော်စိန်တင် သန်း၏ သီချင်းကြီးသီချင်း ခန့်များ လက်စွမ်းပြတီး လုံးများ၊ နာမည်ကြီးဆိုင်း နောက်ထ လူရွှင်တော် ကြီးများဖြစ်သည့် ဦး ခေတ်ဖိုး၊ ဦးခေတ်မီး တို့၏ တဝါးဝါးတ ဟားဟား ရယ်ပွဲ ကျသောပြက်လုံး များ၊ နားထောင် ဖို့ ကြည့်ဖို့ နေနေသာသာ၊ ဝက်သားများ မချိမဆန့်စား...

www.burmeseclassic.com



“ဝက်သားများ ကြိုက်လို့ စားရင်တောင်မှ ဖိုးဦးလိုပဲ စားကြပါကွာ. . . နှက်ကျော်လိုတော့ မစားကြပါနဲ့တဲ့”

ထားသည့် ဝမ်းဗိုက်က မအီမသာဖြစ်လာ၊ ရင်တွေပူလွန်းမကပူလာချေသဖြင့် ရွာလယ် ချောင်းထဲဆင်းကာ ချောင်းစပ်တွင်ပေါက်နေသော ကုက္ကိုပင်အမြစ်ပေါ် ခေါင်းတင်၍ တစ်ကိုယ်လုံးရေစိမ်နေကြရတော့၏။ နှစ်ဦးသားမလှုပ်မယှက်၊ ဆန့်ဆန့်ကြီးနှင့် ချောင်းစပ်တွင် ရေစိမ်နေကြသည်မှာ ချောင်းရေပင်လျှင် သူ တို့ကိုယ်မှထွက်သော ဝက်ဆီများဝေ့နေချေတော့သည်။

မောင့်ကျက်သရေ ခေါင်းပေါင်းစတလူလူနှင့် ရွာသူကြီးဦးဖိုးမြကြ သပိတ်ပိုက်၍ ရှေ့ဆုံးမှဦးဆောင်ပြီး နောက်မှ သား၊ သမီး၊ ချွေးမ၊ သားမက်တို့က သပိတ်၊ သက်န်းတောင်းများ ကိုယ်စီပိုက်ကြကာ ရွာ၏အလှပဂေးသမီးပျိုလေးများက ကွမ်းတောင် ပန်းတောင် ကိုယ်စီ၊ မောင်ရင်လောင်းများကလည်း မြင်းကိုယ်စီနှင့် အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများဖြင့် စည်စည်ကားကား လှည့်လည်သော ရှင်လောင်းလှည့်ပွဲသို့ မလိုက်နိုင်ကြတော့ချေ။ ဘုန်းတော်ကြီးကျောင်းတွင် မောင်ရင်လောင်းများ ဆံချ၊ သင်္ကန်းတောင်း၊ သင်္ကန်းချည်ကြပြီးနောက် ကိုရင်လေးများထားခဲ့ကြကာ ပြန်လာကြသောညှော်ပရိသတ်များကို ညနေ ထမင်းထပ်ကျွေးသောအခါ နှစ်ဦးသား ချောင်းထဲမှတက်လာကြပြီး ငါးဆယ်သားချက်ခန့်စီ ထပ်စားကြသေး၏။ နောက်တစ်နေ့နံနက် ရှင်မယ်ခံတရားနာပြီး ထမင်းကျွေးသောအခါ သွားမစားနိုင်ကြတော့။ တစ်နေ့လုံး ရေထဲစိမ်၊ စားပိုးနင့်ပြီး ဖျားနေကြသဖြင့် အိပ်ရာပေါ်တွင် တုံးလုံးပက်လက်နှင် မထနိုင်ကြတော့ချေ။

သရက်ကုန်းရွာကြီးတွင် ဩဇ တိက္ကမကြီးမားပြီး တည်ကြည်ဖြော မတ်သဖြင့် သူကြီးမင်းဦးဖိုးမြပြီးလျှ တစ်ရွာလုံးက ခန့်ညားကြ၊ လေးစ ကြသော အဘိုးဦးခိုင်ဆိုသူ သက်ကြ ရွယ်အိုတစ်ဦးရှိပါသည်။ ရွာကာလသ ပေါက်များ လူစုမိပါက အရက်သေ များ လက်တည့်စမ်း၍ သောက်စားကြ ပြီး တစ်ရွာလုံးလှည့်ကာ ကြက်ခိုးချ စားကြသော သတင်း၊ တန်ဆောင်တို သူခိုးကြီးညတွင် ကာလသားပေါက်မျ ဟိုပစ္စည်းရွှေ့၊ သည်ပစ္စည်း ဟိုရွှေ့န ထင်ရာမြင်ရာ ပေါက်တတ်ကရ လု ကြသောသတင်းများ၊ အဘိုးဦးခိုင် နားသို့ပေါက်သွားလျှင် ရွာလူငယ်မျ ကို စုရုံးခေါ်ယူပြီး ဆုံးမစကားပြော တတ်ပါသည်။ လူငယ်များ လိမ္မာယ ကျေးစွာ နေထိုင်ကြရန် ခေါ်၍ ဆုံး စကားပြောကြားရင်း ထည့်သွင်းက ပြောလေ့ပြောထရှိသော စကားတ ခွန်းမှာ–

“ဝက်သားများကြိုက်လို့စားရ တောင်မှ ဖိုးဦးလိုပဲ စားကြပါကွာ . . . နှက်ကျော်လိုတော့ မစားကြပါနဲ့”တဲ့

သရက်ကုန်းရွာကြီးတွင် လူကြီး လူငယ်များကို ဆုံးမစကားပြောကြ ရာတွင် လက်ဆင့်ကမ်းပြောဆိုလာ ကြသော ထိုဆုံးမစကားမှာ ယနေ့ တိုင်အောင် မပျောက်မပျက်တည်ရှိ ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်အတိုဆုံးဝတ္ထု

ရဲမြလွင်သည် အလုပ်စားပွဲခုံကို အားနှင့်ဆောင့်ပိတ်လိုက်ပြီး ...

''တောက်''

သူ၏ လက်ရာကို ပိုင်ရှင်မပြရသေးဘဲ အလွယ်တကူဆုံးဖြတ်ခြင်းကို နာကျည်းမိသည်။ ထမင်းစားချိန်ဖြစ်သဖြင့် ရွှေပန်းထိမ်အလုပ်ခန်းထဲ၌ လူရှင်းနေသည်။ ရွှေဆိုင်ပိုင်ရှင် ဦးချစ်ခင်က ပြောသည်ဆိုလျှင် လက်ခံနိုင်ဖွယ်ရာရှိသည်။ ဦးချစ်ခင်မှာ ပန်းထိမ်အလုပ်သမားဘဝမှ ရွှေဆိုင်ပိုင်ရှင်ဖြစ်လာသူဖြစ်၏။

ခုပြောသူမှာ ဦးချစ်ခင်၏သား ကိုကျော်ဝင်းအောင်။

စီးပွားရေးဘွဲ့ရ ပညာတတ်တစ်ယောက်ဟုဆိုသော်လည်း ရွှေပန်းထိမ်လက်ရာများကို အသုံးလုံးပင် ကြေသူမဟုတ်။ မိဘ၏ ခနဂုဏ်ရှိန်ဝါဖြင့် ရွှေအရောင်းအဝယ်လုပ်နေပြီး မကြာသေးမီကာလက အပ်ထည်ပန်းထိမ်လက်ရာများကို ဝေဖန်ပြောဆိုနေသူဖြစ်သည်။ ရှင်းရှင်းဆိုရသော် ကိုကျော်ဝင်းအောင်သည် ပန်းထိမ်လုပ်ငန်း၏ အစ နန်းရိုက်ပညာကိုပင် တည့်မတ်အောင်လုပ်ကိုင်နိုင်သူမဟုတ်။

''ရဲမြလွင် မင်းလုပ်ထားတဲ့ ဆွဲကြိုးက ကြည့်စမ်းပါဦးကွာ။ မသေမသပ်နဲ့၊ ဒီလိုပုံစံမျိုးဆိုရင် ပိုင်ရှင်က ကြိုက်မှာမဟုတ်ဘူးကွ။ ဒီတော့ မင်း ပြန်ဖျက်ပြီး ပြန်လုပ်ချေ''

သည်လောက်ကောင်းသော လက်ရာမျိုးကို ပြန်ဖျက်ရမည်ဆိုတော့-



မိသားစုစားဝတ်နေရေးအတွက် ကြိုတင်ယူထားခဲ့မိသော ငွေများ၏ မျက်နှာကြောင့်သာလျှင် ရွှေဆွဲကြိုးကုံး တစ်စစီ ကြေပျက်မသွားခြင်းဖြစ်သည်။ သို့သော်လည်း ရဲမြလွင် ဆုံးဖြတ်လိုက်သည်။ အလုပ်စားပွဲခုံကို သော့ပိတ်လိုက်ပြီး သော့ကို အင်္ကျီအိတ်ထဲထည့်ကာ မြို့ထဲသို့ထွက်လာခဲ့သည်။ ဈေး၏ ချောင်ကျကျလက်ဖက်ရည်ဆိုင်သို့ဝင်ကာ လက်ဖက်ရည်တစ်ခွက်မှာသောက်ရင်း ဒေါသကို ဖြေလျှော့နေသည်။ လက်ဖက်ရည်ဆိုင်မှ ဗီဒီယိုမြန်မာရုပ်ရှင်ဇာတ်ကားပြနေရာ ဟာသဇာတ်လမ်းဖြစ်နေ၍ ပြီးခဲ့သော အဖြစ်အပျက်ကို တဒင်္ဂမေ့နေခဲ့သည်။

ညနေစောင်းမှရွှေပန်းထိမ်အလုပ်ခန်းသို့ ပြန်ရောက်သည်။ ဘဝတူ ပန်းထိမ်အလုပ်သမားအချို့မှာ ရွှေထည်များကို အလုပ်ရှင်ထံသွားအပ်နေကြပြီ။ ရွှေဆိုင်ပိုင်ရှင် ဦးချစ်ခင်မှာ ကျန်းမာရေးမကောင်းသဖြင့် ဆေးရုံတက်နေရာ သားဖြစ်သူ ကိုကျော်ဝင်းအောင်က လုပ်ငန်းကိစ္စများကို တာဝန်လွှဲယူထားသည်။ ရဲမြလွင်သည် သူ၏ အလုပ်စားပွဲခုံကို သော့ဖွင့်ကာ ဆွဲကြိုးကိုယူ၍ ရွှေဆိုင်ပိုင်ရှင်အိမ်ဘက်သို့ ကူးခဲ့သည်။ ရွှေဆိုင်ပိုင်ရှင်၏ အိမ်နှင့် အလုပ်ရုံကား တစ်ခြံထဲရှိသော်လည်း အနည်းငယ်လှမ်းကာ သီးသန့်စီရှိနေသည်။ အလုပ်ရုံဘက်သို့ ရွှေဆိုင်ပိုင်ရှင်က ကိစ္စကြီးငယ်ရှိမှသာ ရောက်လာတတ်သည်။

ရဲမြလွင်သည် ဆွဲကြိုးထည့်ထားသော ဘူးလေးအား ကိုကျော်ဝင်းအောင်လက်ထဲသို့ ထည့်ပေးလိုက်၏။ ကိုကျော်ဝင်းအောင်သည် ဘူးကိုဖွင့်

စိတ်
ခင်မောင်မြင့်
(ရွှေဆယ်မြေ)



www.burmeseclassic.com

လိုက်ပြီး ဆွဲကြိုးကိုထုတ်ယူကာ လက်ရာကိုသေချာစစ်နေသည်။

''ပျက်အစဉ် ပြင်ခဏပေါ့ကွာ၊ ဒီလိုပြင်လုပ်လိုက်တော့ ပိုင်ရှင်ကလည်း နှစ်သက်မှာပါ။ ရဲမြလွင်တို့က ပန်းထိ လုပ်သက်လည်း ၁၀ နှစ်ကျော်ခဲ့ပြီဆိုတော့ လက်ရာကောင်းပြီးသားပဲလေ။ အလုပ်ထဲမှာသာ စိတ်အာရုံနှစ်ပြီး လုပ်စမ်း

ရဲမြလွင်က ငြိမ်သက်စွာနားထောင်နေသည်။ ကိုကျော်ဝင်းအောင်က ရဲမြလွင်ကြိုတင်ယူထားသော ငွေကိုနှုတ် ကျန်ငွေကိုရှင်းပေးသည်။ သည်တစ်ကြိမ်ရရှိခဲ့သော ပန်းထိမ်လက်ခငွေသည် သူ၏ပညာနှင့် ထိုက်တန်သည်ဟု ရဲမြလ ခံယူရင်း သူ့ကိုစောင့်မျှော်နေရှာမည့် မိသားစုဆီသို့သာ ...။

ခင်မောင်မြင့်(ရွှေဆယ်

---



# ခေါက်ရိုး ငယ်လေးမောင်

(သပြေရုံ)

ကျွန်တော်တို့ ပင်စင်စားအဘိုးကြီး(၅)ဦး နံနက်တိုင်း လမ်းလျှောက်အပြန် လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ဆိုင်ကို အရင်ရောက်သူက လူမစုံမချင်း ထိုင်စောင့်နေလေ့ရှိသည်။ လူစုံမှ ကိုယ်ကြိုက်ရာကိုယ်မှာသောက်ရင်း ရောက်တတ်ရာရာ လူမှုရေး၊ စီးပွားရေး၊ ရပ်ရေးရွာရေး၊ နိုင်ငံရေး၊ ဘာသာရေး စသည်တို့ကို သူတစ်ပေါက် ကိုယ်တစ်ပေါက် ပြောဆိုဆွေးနွေးရင်း အချိန်တချို့ကို ကုန်ဆုံးစေခဲ့သည်မှာ နှစ်ကာလပင် အတန်ကြာခဲ့ပြီ ဖြစ်ပါသည်။

+++

ဒီနေ့တော့ ကျွန်တော်နှင့်ဦးတင် အရင်ရောက်နှင့်သည်။ ရေနွေးကြမ်းသောက်ရင်း ပြီးခဲ့တဲ့ညက ကန်သွားသည့် ပရီးမီးယားဘောလုံးအသင်းများအကြောင်းပြောရာမှ ဝန်ထမ်းများ၏ လစာငွေတိုးမြှင့်ခံစားခွင့်ရသည့်ကိစ္စအကြောင်းပြောဖြစ်ကြသည်။

''လစာတိုးတာနဲ့အတူ တာဝန်ပိုင်း စည်းကမ်းပိုင်းပါ ကျေကျေပွန်ပွန်လိုက်နာဆောင်ရွက်ဖို့ လိုသလို လာဘ်ပေးလာဘ်ယူကိစ္စကိုလည်း အထူးရှောင်ကြဉ်ဖို့လိုတယ် ဆရာရေ့'' လို့ ကျွန်တော်က စကားစလိုက်တော့ ဆရာတင်က ...

''ဒီကိစ္စ အတော်ခက်တယ်ဗျ။ လာဘ်ပေးလာဘ်ယူကိစ္စကို တာဝန်ရှိသူတွေက ကြပ်ကြပ်မတ်မတ် တင်းတင်းကြပ်ကြပ်ကိုင်တွယ်ကြပေမယ့် ဒီကိစ္စက ဝန်ထမ်းတွေအဖို့ ထမင်းစားရေသောက်သလိုဖြစ်နေပြီ။ နောက်ပြီး ခေတ်စနစ်တွေပြောင်းပေမယ့် အတွေး ကမပြောင်းနိုင်သေးဘူး။ အကျင့် သလိုဖြစ်နေတာ။ ဒီနေ့ ခေတ်စား တဲ့ စကားလုံးနဲ့ ပြောရရင် တော်တေ ခေါက်ရိုးကျိုးနေပြီလို့ ပြောရမှာပဲ''

ထိုအချိန်တွင် ဆရာမြိုင်နှ ဆရာခင်ဝင်လာသည်။ ကျွန်တော် စကား နားစွန်နားဖျားကြားလိုက်ပုံရ သည်။ ဆရာခင်က ...

''ကိုယ့်လူတို့ရယ် ခေါက်ရိုးကျ တာများ ဘာခက်တာမှတ်လို့။ မီးပူ ခပ်ပြင်းပြင်းဖိထိုးလိုက်ပေါ့ဗျာ'' ဟု ပြောလိုက်ရာ ဆရာမြိုင်က ...

''မီးပူနဲ့ ခပ်ပြင်းပြင်းဖိထိုးရုံ ဘယ်ရမလဲဗျ။ ရေလေးနည်းနည်းဖျန် ပြီးထိုးရင် ပိုအဆင်ပြေတာပေါ့'' ဟု ဆိုလိုက်ပါသည်။

နောက်ဆုံးဝင်လာတဲ့ ဆရာမျိုး က ..

''ကိုယ့်ဆရာတို့ရေ အကောင်း ဆုံးကတော့ တစ်ကနေပြန်စပြီး ရေနှစ် ပြန်ဖွတ်၊ မီးပူထိုးလိုက်ရင် ခေါက်ရိုး ကျိုးတာ ဘာခံနိုင်မလဲ။ တစ်ခါတည်း နဲ့ စန့်သွားမှာပေါ့'' လို့ ဆိုလိုက်ရာ ကျွန်တော်နဲ့ဆရာတင် နှစ်ယောက် လုံး အတွေးကိုယ်စီပွားရင်း ''ဟင်း'' ဆိုသော ဝေါဟာရတစ်ခု မတိုင်ပင်ပဲ မသက်မသာ ဗြုံ်င်တူထွက်သွားပါတော့ သည်။

ငယ်လေးမောင်(သပြေရုံ)



www.burmeseclassic.com

(က)

ပေါင်းနှမ်းနေပြီဖြစ်သော ကွန်ပါဘူးလေးကိုကိုင်လျက် အတိတ်ကို မှန်းမိသလိုလို။ ကွန်ပျူတာခေတ်မို့ ကွန်ပါသိပ်မလိုခဲ့။ မည်မျှခေတ်မီတိုးတက်ပါစေ နှလုံးသားနှင့် ဆက်စပ်ယှက်ရှိသော လက်ဖြစ်အနုပညာကတော့ ထာဝရရှေ့တန်းရောက်လျက်ရှိ၏ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ဒီဇိုင်းရေးခြင်းအလုပ်ဖြင့် ဘဝရပ်တည်ခဲ့သည်မှာ ကြာခဲ့ချေပြီ။

ကွန်ပါဘူးလေးပင် သက်တမ်းသုံးဆယ်ကျော်မျှရှိပေမည်။ သူက ကျွန်တော့်ဘဝရဲ့ ပထမဆုံးမိတ်ဆွေ၊ အနုပညာလောက ခြေချဖို့ သူ့ကျေးဇူးတ များလှ၏။

(ခ)

''မောင်သန်းဇော်''

''ခင်ဗျာ ‥ ဆရာ''

အဖေ့သူငယ်ချင်း ကျောင်းဆရာတစ်ဦး။ သူက ကျွန်တော်တို့အတန်းပိုင်။ အဖေက မူလတန်းကျောင်းရဲ့ ကျောင်းအုပ်။

''မင်း ဒီဇိုင်းရေးတဲ့ပညာနဲ့ သတင်းစာတွေ ကျူရှင်စာအုပ်တွေမှာ ရေးတယ်ဆို''

''ဟုတ်ကဲ့ ဆရာ''

''ဒါဆို ဆရာတို့ အထက်တန်းကျောင်းတံဆိပ်လေး မင်းရေးပေးနိုင်မလား''

လက်စွမ်းပြချင်နေတဲ့ကျွန်တော်။ အလိုလို ခေါင်းညိတ်ပြီးသားပါ။

ဒီဇိုင်းပြီးတော့ လက်ဖက်ရည်တိုက်သည်။ လက်ဖက်ရည်မကြိုက်တာရယ်၊ အဖေဆူမှာ ကြောက်တာရယ်ကြောင့် မသောက်ခဲ့။ ထိုဒီဇိုင်းကား စေတနာဒီဇိုင်း အခမဲ့ဒီဇိုင်း။

(ဂ)

ပန်းချီကျောင်းသားဘဝဖြင့် ငယ်ငယ်ရွယ်ရွယ်အိမ်ထောင်ကျခဲ့ပြီး ကျွန်တော့်သားကလည်း ကျွန်တော့်လို ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြန်တော့ သူ့သားပင် ပဉ္စမတန်းရောက်ပြီ။ ကျွန်တော်နေခဲ့တဲ့ အထက်တန်းကျောင်းမှာ မြေးကိုအပ်ထားသည်။

''ဘိုးဘိုး ‥ ကျောင်းဆံဆိပ်ဖိုးပေးပါ''

''ဒီနေ့ ‥‥ ဘိုးဘိုးမှာ သားအတွက် မုန့်ဖိုးပဲရှိတယ် မြေးရဲ့။ မနက်ဖြန်ကျ မှ အဘိုးပေးမယ်နော်''

ချစ်သောမြေးကို ဤသို့နှစ်သိမ့်ရသည်။

BURMESE CLASSIC .com

(ဃ)

''အဘိုး ‥‥ သားတို့ကျောင်းတံဆိပ်က ဒီမှာ''

ကလေးက ဝမ်းသာအားရ ထုတ်ပြသည်။ ထိုတံဆိပ်လေးမှာ ကျွန်တော်ကိုယ်တိုင်စေတနာအပြည့်ဖြင့် ဂုဏ်ယူစွာရေးပေးခဲ့သည့်တံဆိပ်။ ယနေ့တိုင်သုံးနေဆဲ။ နှစ်သုံးဆယ်မျှပင် ရှိရော့မည်။

''ဩော် ‥ ငါ စေတနာနဲ့ရေးပေးခဲ့တဲ့ တံဆိပ်ကို ငွေငါးရာနဲ့ ပေးဝယ်ရတာပါလား''

သားငယ် ဒီကျောင်းတက်တုန်းက တစ်ကြိမ်။


မြေးလေး ကျောင်းတက်ပြန်တော့ တစ်ကြိမ်။

ကျောင်းတံဆိပ်ကို ကိုင်ပြီး ဂုဏ်ယူကျေနပ်မိသလို စိတ်ထဲမှာ တစ်ခုခုလိုနေသလို ဟာတာတာဖြင့် မည်သို့သော ဝေဒနာမှန်းပင်မသိတော့ပေ။

ရွှေကျွန်းခိုင်သစ်

# ရွှေကျွန်းခိုင်သစ်

## အရိပ်ခွန်





www.burmeseclassic.com

# လမင်းသစ္စာ

## မျက်လုံးမကောင်းကြသူများ

"ဩော် .. လူတွေ .. လူတွေ၊ ဒီနေ့ခေတ်လူတွေ အတော်များများ မျက်လုံးတွေမကောင်းကြတော့တာ သတိထားမိတယ်"

"ရွှေဟသ်ာဈေး၊ မုဒုံမြို့ရဲ့ အထင်ကရဈေး၊ ရောင်းဝယ်ဖောက်ကားသူတွေ အလွှာစုံ၊ အရောင်စုံတွေနဲ့ အမြဲတမ်းစည်ကားနေတဲ့ဈေးပေါ့။ မငွေစီက ဒီဈေးထဲမှာ ဝက်အူချောင်း၊ ငါးအူချောင်း၊ အသားတုတွေ ရောင်းချနေသူ။ တစ်နေ့တော့ မငွေစီရဲ့ ဆိုင်ရှေ့ကို အဝတ်အစား ခပ်နွမ်းနွမ်း ဖရိဖရဲဝတ်ထားတဲ့ ကရင်အဘိုးကြီးတစ်ယောက်ကို တွေ့ရတယ်။ သူ့သွင်ပြင်ကြောင့် ဈေးထဲက ခွေးလေခွေးလွင့်တွေ ဝိုင်းဟောင်ကြသေးတယ်။ ဒီအချိန်မှာပဲ ရွှေလက်ကောက်တွေ တံတောင်ဆစ်လောက် ဝတ်ထားသူ၊ ဝတ်ကောင်းစားလှနဲ့ မိန်းမကြီးက မငွေစီကို ဝက်အူချောင်းတွေဈေး မေးလိုက်၊ နှာခေါင်းရှုံ့လိုက်၊ ငါးအူချောင်းတွေဈေး မေးလိုက်၊ နှုတ်ခမ်းရွဲ့လိုက်နဲ့ နောက်တော့ အသားတုတွေပဲဝယ်လို့။ မငွေစီကတော့ ...

"ရပါတယ် အစ်မကြီး၊ နောက်လည်း လာအားပေးနော်။ ဟင်း .. ဟင်း .. ဟင်း"နဲ့ အချိုပေါ် သကာလောင်းသံလေး တစာစာမြည်လို့။

ဈေးဝယ်တဲ့ မိန်းမကြီးထွက်သွားချိန်မှာပဲ ရပ်ကြည့်နေတဲ့ ကရင်အဘိုးကြီးကို ..

"ဟေ့ .. အဘိုးကြီး ဘာရပ်ကြည့်နေတာလဲ၊ ဘာမှ ပေးစရာမရှိဘူး .. သွား .. သွား" ဆိုပြီး မောင်း



ထုတ်တော့တယ်။ စောစောက လေသံနဲ့ အခုလေသံ ကာလာတုန်းကလည်း အပြောင်းအလဲမြန်သွားပုံက မျက်လုံးတွေ မီးဝင်းဝင်းတောက်လို့ပေါ့။ ဒီလိုအနေအထားမှာ ကရင်အဘိုးကြီးဟာ ဘယ်သူမှထင်မှတ်မထားတဲ့ အပြုအမူတစ်ခုကို လုပ်လိုက်ပါတယ်။ ငါးအူချောင်း၊ အသားတုတွေထင်ထားတဲ့ ဈေးခုံကို လှန်မှောက်ပြီး ကြိုးတန်းနဲ့ ချိတ်ဆွဲထားတဲ့ ဝက်အူချောင်းတွေကို ဆွဲဖြုတ်ပြီး ဈေးထဲက ခွေးတွေကို အို့ .. အို့ .. အို့ လို့ ခေါ်ပြီး ပစ်ချကျွေးလိုက်တယ်။ မငွေစီလည်း တုန်လှုပ်သွားပြီး ..

"အမယ်လေး လာကြပါဦး၊ ဒီမှာ ကျွန်မဆိုင်ကို ဖျက်ဆီးနေပြီ" ဆိုပြီး

အော်ဟစ်အကူအညီတောင်း
တော့ ဆေးတံခဲမပျက် အေး
ဆေးတည်ငြိမ်စွာနဲ့ပဲ ကရင်
အဘိုးကြီးက ..

"ဟေ့ .. အော်မနေ
နဲ့၊ ရော့ဒီမှာ လျော်ကြေး"
ဆိုပြီး ငွေကျပ်
၁၀၀၀ိ/ တန် တစ်အုပ်ကို
ပစ်ချပြီး လှည့်ထွက်သွား
ပါတော့တယ်။ ခွေးတွေက
တော့ အော်ဟစ်ဆူညံ ပျော်
လို့၊ မငွေစီလည်း အံ့သြဝမ်းသာ
ပျော်လို့။ ပြီးတော့ ကပျာကယာ
ဒူးတုပ်ထိုင်ချလိုက်ပြီး ...

"ကျွန်မ မှားပါတယ် အဖေကြီး
ရယ်" ဟု ပြောရင်း ဦးချကန်တော့
လိုက်ပါတော့တယ်။

+++

မငွေစီလို မျက်စိမကောင်းသူတွေကို ဘယ်မျက်စိပါရဂူနဲ့ပြပြ ရမှာမဟုတ်ဘူး။ သူတော်စင်သူတော်မြတ်တို့ရဲ့ သီလ၊ သမာဓိ၊ ပညာ၊ စာတို့နဲ့ ဖျော်စပ်ထားတဲ့ ဓမ္မရေစင်နဲ့ ဖျန်းပက်ပေးမှပဲ ပျောက်ကင်းလိမ့်မယ် ဆိုတာကို အကြွင်းမဲ့ယုံကြည်ရင်း ...

လမင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



# ပူးတွဲတင်ပြခြင်း

ပါဝါ(ဥက္ကလာ)

တိုက်ကြီးမြို့နယ်က ရွာတစ်ရွာ။ တိုက်နယ်ဆေးရုံရှိသည်။ အိမ်ခြေ ၂၀၀ ကျော်ရှိသည်။ တိုက်နယ်ဆေးရုံသည် ကျေးလက်တောရွာနေ ပြည်သူလူထု၏ ကျန်းမာရေးဗဟိုဌာနကြီးဖြစ်သည်။

တိုက်နယ်ဆေးရုံအတွက် ဆရာဝန်ကို အထက်ကျန်းမာရေးဌာနမှ ချပေးပါသည်။ သို့သော် တိုက်နယ်ဆေးရုံမှာ ဆရာဝန်မမြဲပါ။ ဟော ..တစ်ယောက် ..ဟော ..တစ်ယောက် ပြောင်းလဲသွားလိုက်တာလေ။ ငါးနှစ်အတွင်း ဆရာဝန်သုံးယောက် ပြောင်းသွားခဲ့ပြီ။ ကျေးလက်မှာ မွေးစက်မပျော်နိုင်ကြချေ။

ပထမဆရာဝန်က အသက် ၅၀ ကျော် အမျိုးသားဆရာဝန်။ ရွာနှင့် ပဏာရပါ၏။ ဆေးကုသမှု၌လည်း ကျွမ်းကျင်ပါ၏။ ရပ်ရေးရွာရေး ကိစ္စတွင်လည်း မဆိုင်သလို မနေဘဲ ပါဝင်ဆောင်ရွက်တတ်ပါ၏။ ထိုဆရာဝန်သည် နှစ်နှစ်ခန့်အကြာတွင် ပြောင်းသွားပါ၏။

ဒုတိယ အမျိုးသမီးဆရာဝန်။ အသက် ၄၀ ခန့်၊ အိမ်ထောင်ရှင်။ ရန်ကုန်မြို့ကဖြစ်သည်။ တိုက်နယ်ဆေးရုံရှိ ဆရာဝန်ဆောင်တွင် မနေချင်ဘူးဆို၍ အိမ်ငှားပေးရသည်။ တိုက်နယ်ဆေးရုံရှိသော ရွာနှင့် ရန်ကုန်၊ ပြည်ကားလမ်းမမှာ ငါးမိုင်ခန့်ဝေးသည်။ လှိုင်မြစ်ကို ဖြတ်ရသည်။ ကူးတို့ ကူးရသည်။ နွေရာသီတွင် စက်ဘီး၊ နွားလှည်းနှင့် သွားနိုင်သည်။ မိုးရာသီတွင် ပဲ့ထောင် ခေါ် မော်တော် (စက်တပ်လှေ)ဖြင့် သွားနိုင်၏။ (ထိုစဉ်က ဆိုင်ကယ်တွေမပေါ်သေး)

ကျေးလက်ဒေသတွင် အများဆုံးလူနာကတော့ မြွေကိုက်ခံရသောလူနာဖြစ်၏။ ပိုးထိသည်ဟု ခေါ်၏။ မြွေပွေး၊ မြွေဟောက်ကလည်း ပေါပါဘိ။ တစ်ချို့က မိမိကိုက်သော မြွေကိုပါ ရိုက်ပြီးယူလာ၏။ တစ်ချို့က မြွေမတွေ့လိုက်၍ ဘာမြွေမှန်းမသိ။ မြွေကိုရိုက်ယူလာသူ၊ မိမိကို ကိုက်လိုက်သော မြွေအမျိုးအစားကိုသိသူမှာ ဆေးကုသရတာ လွယ်ကူ၏။ အသက်ဘေးမှလည်း လွတ်မြောက်သွားကြသည်။



ကိုက်သောမြွေကို မသိသော လူနာမှာ စမ်းသပ်ဆေးထိုးနေရသဖြင့် အချိန်ကြာပြီး အဖိတ်အစင်များ၏။ ဆေးရုံနှင့်ဝေးပြီး မြစ်ကူးချောင်းခြား သွားလာခဲ့ရသော လူနာများမှာ အချိန်ကြာသွားသဖြင့် အသက်ဆုံးကြရလေသည်။

ဒုတိယအများဆုံးလူနာကတော့ မီးဖွားလူနာ၊ ဒါတောင်မှ ဆေးရုံမလာဘဲ အရပ်လက်သည်နှင့် မွေးလိုက်ကြတာက တစ်ပုံတစ်ပင်။

ဒုတိယမြောက် ဆရာဝန်မလည်း တစ်နှစ်ခွဲလောက်မှာ ထရန်စဖာကျလို့ဆိုကာ ပြန်သွားပြန်ပြီ။ ဟုတ်တာပေါ့လေ။ မပြည့်စုံတဲ့ တောရွာမှာ ဘယ်နေချင်ကြမလဲ။ ဆေးခန်းလည်း ဖွင့်မရ၊ အပိုဝင်ငွေလည်း ကင်းပ။ မိမိမိသားစုနဲ့လည်း အတူမနေရဆိုတော့ ...။

+++

တတိယရောက်လာတဲ့ ဆရာဝန်ကတော့ အသက် ၃၀ ကျော် လူပျိုလူလွတ် ဆရာဝန်သာဆိုတယ်။ ဆေးပေါ့လိပ်ကို ကြိုက်ပ။ သူ၏လက်ထက်တွင် မြွေကိုက်လူနာ အသေအပျောက်နည်း၏။ ခေါ်လျှင်လည်းလိုက်၏။ သူပြောလေ့ရှိသော စကားကတော့ ..။

“တစ်ခုခုလုပ်နေမှ အိမ်ကို သတိရတဲ့စိတ်ပျောက်မှာ” တဲ့လေ။

သူလည်းလေ လောကီသားပေမို့ ဆိုသလို အနှီဆရာဝန်လေးသည်လည်း တစ်နှစ်ကျော်ကျော်အကြာတွင် တစ်ခြားသို့ ပြောင်းသွားပြန်လေသတည်း။

“တို့ကျေးရွာတိုက်နယ်ဆေးရုံမှာ ဆရာဝန်တွေ ဘာကြောင့်ကြာကြာမနေချင်ကြပါလိမ့်။ မပျော်ကြပါလိမ့်” ဟု စဉ်းစားမိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးခိုင်လုံသော သတင်းအရ သိရှိရသည်ကား ထိုထိုဤဤ အလီလီသောဆရာဝန်တို့သည် အလုပ်ခန့်စာ အတူ ထွက်စာပါ ပူးတွဲတင်ခဲ့ကြလို့တဲ့။

ပါဝါ(ဥက္ကလာ

# အမေ့ထမင်းပွဲ

မောင်သင်

(ထောက်ရှာပင်ရေနံ)

"သားကြီး ထမင်းပွဲ ပြင်ပြီးပြီ"

အမေမှ ကျွန်တော့်အား ထမင်းစားဖို့ ခေါ်သည်။ နွေရာသီရောက်ပြီဆိုလျှင် ကျွန်တော် အမေရှိရာဇာတိဖြစ်သည့် အညာမြို့လေးသို့ ပြန်လာမြဲ ဖြစ်၏။ တပေါင်းလပြည့်နေ့၌ ကျင်းပသည့် ဘုရားပွဲကို ကျွန်တော် မပျက်မကွက် အရောက်လာသည်။ ၎င်းဘုရားပွဲမှာ အညာမြို့လေးအနီး ဖြတ်သန်းစီးဆင်းနေသည့် ချောင်းထဲ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည်။

အမေသည် ကျွန်တော်ပြန်လာမည့် တပေါင်းလကို အမြဲမျှော်နေရှာသည်။ ကေမုတ္တ မနုရကွေလို့ မေတ္တသုတ်မှာ ပါတယ်လေ။ တစ်ဦးတည်းသောသားအပေါ်ထားရှိသည့် မိခင်ရဲ့ မေတ္တာတဲ့။ မိခင်ရဲ့ မေတ္တာဟာ အနှိုင်းမဲ့ပါလား။ အဲဒီနေ့က အမေဟာ သူ့ရဲ့ အရောင်မှေးမှိန်နေသည့် ထမင်းစားပွဲဝိုင်းလေးမှာ ထမင်းပွဲပြင်နေသည်။ ငပိချက်နဲ့ တို့စရာသရက်သီးကင်း လက်ပံခေါင်းပြုတ်၊ လဲလူရွက်ဟင်းချိုတို့ကိုလည်း ထမင်းစားပွဲအနိမ့်မှာ ပြင်ထား၏။ အရောင်အဆင်းမရှိတော့သည့် စားပွဲဝိုင်းအနိမ့်လေးမှာ ကျွန်တော် ထိုင်လိုက်သည်။

"အမေ တစ်ခါတည်းဝင်စားလေ"


"အမေ မစားသေးပါဘူးသားရယ်။ သားတို့မြို့မှာလို ဆီပြန်ဟင်းတွေနဲ့ ဖွယ်ဖွယ်ရာရာ မကျွေးနိုင်တာ အမေစိတ်မကောင်းပါဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့ အမေရယ်၊ ကျွန်တော် အမေ့ရဲ့ ထမင်းပွဲကို နတ်သုဒ္ဓါနဲ့ မလဲနိုင်ပါဘူး"

အဲဒီနေ့က အမေ စိတ်မကောင်းပိုပြီးဖြစ်မှာစိုးသည့်အတွက် မပြောဘဲ ချန်ထားတာတစ်ခုရှိသည်။ အဲဒါကတော့ ကျွန်တော့်သူငယ်ချင်းဖြစ်သူမှာ ပွဲရုံလုပ်ငန်းဖြင့် အတော်အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင် ဖြစ်နေသည်။ ၎င်းမှ ကျွန်တော့်အား ညစာစားရန် ညွှန်ခံဖိတ်ကြားထားသည့် အစီအစဉ်ကို ဖျက်ပြီး အမေ့ရဲ့ ထမင်းဝိုင်းကို ထိုင်လိုက်ခြင်းဖြစ်သည်။ အမေ ကို ကွယ်လွန်သွားသည်အထိ ကျွ တော် ဖွင့်မပြောဖြစ်ခဲ့ပါ။

ရာသီစက်ဝန်း အလီလီပြောင်းလည်ပတ်နေသည်။ ယခုဆိုလျှ သရက်ဖူးရနံ့လေးများ လေထဲ၌မွှေး နေပြီး သရက်ကင်းလေးများလည် သီးစပြုနေသည်။ လက်ပံပွင့်များလည် တစ်ပင်လုံး ရဲရဲနီပွင့်နေကြပြီ။ ရာသီ တွေ ဘယ်လောက်ပဲလည်ပတ်ပြောင် လဲနေပါစေ၊ ကျွန်တော့်ရင်ထဲမှာ အမေ့ ထမင်းဝိုင်းလေးကို သတိရနေမှာပါ။

မောင်သင်(ထောက်ရှာပင်ရေနံ



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ(၃၂) မောင်ဉာဏ်စိန်မှစာဆက်

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုနှင့်အဖွဲ့သည် သတင်းအရ သက်သေများနှင့် မောင်ညို၏တဲသို့ ဝင်ရောက်ရှာဖွေရာ မောင်ညို၏ တဲအရှေ့ဖက် တံစက်မြိတ်သက်ကယ်မိုးအကြားမှ ကပ်နေသော အဝတ်စအနီကို တွေ့ရှိသိမ်းဆည်းရမိသည်မှာ ပေါ်လွင်ထင်ရှားကြောင်း၊ ယင်းတွေ့ရှိသောပစ္စည်းမှာ ဓာတုဗေဒ ပြန်စာအပါ ဘိန်းမည်းဖြစ်ကြောင်း၊ သက်သေခံပစ္စည်းတွေ့ရှိသော တဲတွင် ဒန်အိုးဒန်ခွက်၊ ခြင်းတောင်းများ တွေ့ရှိရခြင်းဖြင့် မောင်ညိုနေထိုင်သော တဲဖြစ်ကြောင်း ပေါ်ပေါက်နေခြင်းကြောင့် မောင်ညိုသည် ဘိန်းမည်းကို ၎င်း၏ လယ်တဲ၌ ဝှက်ထားကြောင်း တွေ့ရသည့်အပြင် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်သေများရှေ့တွင် ရှာဖွေခြင်းဖြစ်ကြောင်း၊ အယူခံတရားခံမောင်ညိုက ၎င်း၏ပစ္စည်းမဟုတ်ကြောင်းသာ ငြင်းဆိုနိုင်၍ ၎င်းကို အပြီးအပြတ်လွှတ်ခြင်းမှာ မှားယွင်းကြောင်းတင်ပြသည်။

ဒုရဲအုပ်သန်းအောင်(လိုပြ ၄)၊ ဦးကျော်ဝင်း(လိုပြ ၁)၊ ကိုထွန်းကြည်(လိုပြ ၂) တို့၏ ထွက်ဆိုချက်အရ မော်လိုက်ကလေးကျေးရွာ အရှေ့ဖက်ရှိ မောင်ညို၏ လယ်တဲအရှေ့ဖက် လူတစ်ရပ်ခန့်ရှိ သက်ကယ်မိုးကြားမှ အဝတ်စအနီကို တွေ့ရှိသိမ်းဆည်းပြီးနောက် စိစစ်ရာ ၎င်းအဝတ်စတွင် ဘိန်းမည်းကပ်နေကြောင်း သက်သေခံ (င) ဓာတုဗေဒ စိစစ်ချက်အရ ပေါ်လွင်သည်။ သို့ရာတွင် မောင်ညိုက အချင်းဖြစ်တဲသည် လယ်စောင့်တဲဖြစ်၍ ညည့်အချိန်တွင် နေထိုင်ခြင်းမရှိကြောင်း၊ ထို့အပြင် ၎င်းတဲမှာ ကောက်စိုက်သမများ၊ ပျိုးကြဲသူများ၊ လယ်သမားများ ခေတ္တတည်းခိုလေ့ရှိကြောင်း၊ လမ်းဘေးတွင်ရှိ၍ အများသူငှာတည်းခိုနိုင်သည့် နေရာဖြစ်ကြောင်း၊ အကာအရံမရှိကြောင်း၊ ၎င်းတဲတွင် မိမိမနေကြောင်း ခုခံထွက်ဆိုရာ ၎င်းအား ရဝတ ဥက္ကဋ္ဌ ဦးတင်မောင်(ခံပြ၂)၊ ဦးမောင်စိန်(ခံပြ ၃) တို့ သိရှိကြောင်း ထောက်ခံထွက်ဆိုသည်။ နေ့အချိန်တွင်သား မောင်ညိုကို ယင်းတဲ၌ နေထိုင်သည်ကိုမျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်းဖြင့် ၎င်းသက်သေ(၂)ဦးက ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

အမှုတွင် နှစ်ဖက် အငြင်းပွားသောအချက်မှာ ဘိန်းမည်းကပ်နေသည့်အဝတ်စကို မောင်ညိုပိုင် လယ်စောင့်တဲ၏ တံစက်မြိတ်သက်ကယ်မိုးကြားမှ တွေ့ရှိရခြင်းနှင့် ယင်းလယ်စောင့်တဲ၌ အမြဲမနေခြင်း၊ ထိုပစ္စည်းရှာဖွေစဉ်က ယင်းတဲ၌ မောင်ညို မရှိခြင်းတို့ပင်ဖြစ်သည်။ အကာအရံမဲ့လယ်စောင့်တဲသည် အများသူငှာဝင်ထွက်သွားလာနိုင်သောနေရာဖြစ်၍ ထိုတဲ၏ သက်ကယ်မိုးကြားမှ တွေ့ရှိသော ဘိန်းမည်းကပ်နေသည့် အဝတ်စသည် ထိုတဲ၏ ပိုင်ရှင်ဖြစ်သူ အယူခံတရားခံမောင်ညို ဝှက်သိမ်းထားသည့် ပစ္စည်းဖြစ်သည်ဟု မယူဆနိုင်ချေ။ မူလရုံးက ထိုအဝတ်စသည် မောင်ညို၏ လက်ဝယ်ရှိ ပစ္စည်းမဟုတ်ဟု ကောက်ယူသုံးသပ်ခြင်းမှာ မှားယွင်းမှုမရှိချေ။

အထက်ပါအတိုင်း သုံးသပ်ပြီးနောက် မော်လိုက်မြို့နယ် တရားရုံးက မောင်ညိုအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည့် အမိန့်အပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမခိုင်လုံသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တင်သွင်းသည့် အယူခံမှုကိုပလပ်ခဲ့သည်။ တစ်နည်းအားဖြင့် မူလရုံးက တရားခံအား အပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်ကို အတည်ပြုလိုက်ခြင်းပင်ဖြစ်သည်။

ဤအမှုကိုလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ညို(၁၉၉၆၊ မ.တ.စ စာ ၁၁၁)အဖြစ် စီရင်ထုံးပြုကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဉာဏ်စိန်

ရည်ညွှန်းစာအုပ်

၁။ တရားစီရင်ထုံးများ (၁၉၉၆ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

စုံထောက်အခန်းဆက်ဝတ္ထုရှည်

# မင်းမဟာကျော်ခေါင်

## ချစ်သောပန်ထွာ





www.burmeseclassic.com

www.burmeseclassic.com

ရဟန်းမြတ်ရဲ့ ဂမ္ဘီရတန်ခိုးနဲ့
ထပ်ပြီးမွမ်းမံစီရင်ပြီး သိဒ္ဓိတင်လိုက်ရင်
နတ်စစ်သည်တွေက
ဒေါသထိတပ်ကြီးတွေအဖြစ်
ဖန်ဆင်းပြီး ကျွန်ုပ်အလိုရှိတဲ့
တိုင်းနိုင်ငံအသီးသီးကို
အောင်မြင်စွာ
တိုက်ခိုက်သိမ်းပိုက်
ပေးလိမ့်မယ်တဲ့...





www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)
## ကြေကွဲစရာ အပြစ်ဒဏ်

နံနက်ခင်းသည် ရှင်းသန့်ကြည်လင်နေ၏။

သူရနှင့်ဥက္ကာ တပ်မှူးပါလကို တွေ့ချင်နေကြသည်။ သူတို့တွင် ပြောစရာတွေ ရင်နှင့်အပြည့်။ တပ်မှူးပါလနှင့် တိုင်ပင်ပြီးမှ မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို ဆုံးဖြတ်မည်ဟု သူတို့စိတ်ကူးထားကြသည်။

လာမည့်လာတော့ မြင်းတစ်စီးနှင့် လူစိမ်းတစ်ယောက်။ ရုတ်တရက် သူရနှင့်ဥက္ကာ အငိုက်မိသွား၏။ မမှတ်မိ။ လူစိမ်းက မြင်းပေါ်မှ ဆင်းလာပြီးနောက် သူတို့ကို ပြုံးပြတော့မှပင် ..။

"ဟင် .. အထိန်းတော်ကြီး ရှင်မိအူ"

"ဟုတ်တယ် ကိုသူရနဲ့ကိုဥက္ကာကို အရှင်က ဒီနေ့အခစားဝင်ဖို့ အမိန့်တော်မှတ်လိုက်ကြောင်း လာပြောတာ"

"ဩော် .. ရှင်မိအူရယ်၊ တပ်မှူးက ဘာလို့မလာတာလဲ"

"တပ်မှူးက အလုပ်များနေတယ်။ အရှင့်အမိန့်တော်တွေကို ဆောင်ရွက်နေရလို့ မအားဘူး။ ဒါကြောင့် အကျွန်ကိုယ်တိုင်ရုပ်ဖျက်ပြီး ထွက်ခဲ့တာ"

"ကောင်းပါပြီ ရှင်မိအူ၊ ကျုပ်တို့လာခဲ့ပါမယ်"

ရှင်မိအူက မြင်းပေါ်တက်၍ ပြန်လည်ထွက်ခွာသွား၏။ သူရနှင့်ဥက္ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။

တပ်မှူးနှင့်တိုင်ပင်ရန် ကိစ္စကို လက်လျှော့ရတော့၏။ အချိန်ဆွဲနေ၍ မဖြစ်။ သူတို့သိထားသည့် ရှင်တုရှင်ယောင်အကြောင်း အရှင့်ကို သံတော်ဦးတင်ဖြစ်အောင် တင်မည်ဟု အနိုင်အမာဆုံးဖြတ်လျက် ...။

+++

အရှင်က နန်းဥယျာဉ်ထဲမှာ အထိန်းတော်ကြီးရှင်မိအူနှင့်အတူ ကိုယ်တော်တိုင် သစ်ပင်စိုက်ပျိုးနေ၏။

သူရက မလှမ်းမကမ်းမှာ ဒူးထောက်ခစားလိုက်၏။

အရှင်က သူရကိုမြင်ပြီး ဥက္ကာကို မမြင်သဖြင့် ဟိုသည်ကြည့်လိုက်ရင်း ..

"ဥက္ကာငယ်ကော မပါဘူးလား"

"အလာတုန်းကတော့ ကျွန်တော်မျိုးတို့နှစ်ယောက်အတူ လာခဲ့တာပါ အရှင်၊ စံနန်းဆောင်အဝင်မှာ တပ်မှူးပါလနဲ့တွေ့ပြီး ခေါ်ထားလို့ ကျန်နေခဲ့ပါတယ်"

"အင်း သူ့မှာလည်း အရေးကြီးကိစ္စရှိလို့နေမှာပေါ့ကွယ်"

"အရှင် သစ်ပင်စိုက်နေတာဆိုရင် ကျွန်တော်မျိုး အရှင့်ကိုယ်စား စိုက်ပျိုးပေးပါ့မယ် အရှင်၊ ကျွန်တော်မျိုးက တောင်ယာသမားပါ"

အရှင်က ပြုံးတော်မူရင်းမှ ..

"ဟုတ်ပါတယ် .. နောင်ကြီးသူရရယ်၊ ကျုပ် ကောင်းကောင်း မှတ်မိပါတယ်ဗျာ။ ဟုတ်တယ်နော် နမလေး ရှင်မိအူ"

"မှန်တာပေါ့ မောင်ကြီးရယ်"

ဟား .. ဟား .. ဟား

အရှင်က သူရနှင့်စတွေ့စဉ်က လုလင်ငယ် အယောင်ဆောင်လာခဲ့ခြင်း ကို သတိတရဖြင့် အထိန်းတော်ကြီး ရှင်မိအူနှင့်အတူ ရယ်မောသည်။ သူရ ပင်လျှင် ပြုံးမိသွား၏။

အရှင်က ...

"အခု ကျွန်ုပ်စိုက်နေတာက ပေပင်ကလေးတွေပါ။ ပါရမီဖြစ်အောင် ဒီပေပင်ကလေးတွေကိုတော့ ကျွန်ုပ် ကိုယ်တိုင်ပဲ စိုက်ပျိုးလိုက်ပါ့မယ်။ ဒီ ပေပင်ကလေးတွေ ကြီးလာလို့ ပေဖူး ပေလွှာတွေရရင် မွေ့စာပေတွေ ပွံ့ဖြိုး အောင် သာသနာပြုတဲ့အနေနဲ့ ရှင် ရဟန်းတွေကို လှူဒါန်းရမယ်ကွဲ့"

သူရအဖို့ စကားထူးစကားဆန်း ဖြစ်၏။

"မောင်မင်းတို့ကိုလည်း ဆက် ပြောရဦးမယ်။ ကျွန်ုပ် ရက်သတ္တတ ပတ်တိတိ ဥပုသ်ဆောင်ဝင်မလို့ကွဲ့ ကျွန်ုပ် ဥပုသ်ဆောင်ဝင်နေတဲ့အချိန် ဗိဿနိုးထီးနန်းကို နန်းရင်းဝန်ကြီး ဒဿနနဲ့ ခဏလွှဲအပ်ထားမယ်။ မော မင်းတို့ကတော့ တပ်မှူးပါလနဲ့တိုင် ပြီး နန်းရင်းဝန်ကြီး ဒဿနလိုအပ် ကူညီပြီး အမှုတော်ထမ်းကြပေါ့ကွယ်

ဒဿနကို ထီးနန်းခေတ္တလွှဲအ မည်ဆိုသဖြင့် သူရစိတ်မှာ ကသိ အောက်ဖြစ်သွားသည်။ ဒဿနဆို က မယုံကြည်ထိုက်ကြောင်း မဆွက သူ သိနေခဲ့သည်။ သရေခေတ္တရာ ကြီး ကျူးကျော်ဝင်ရောက် အရှင်မက အရေးပေါ်ခေါ် သူတော် သည့် ညီလာခံတွင် သူနှင့် အ



www.burmeseclassic.com

www.burmeseclassic.com



အတင်ဖြစ်ခဲ့သည်များကို တွေးမိသဖြင့် စိတ်မှာလေးလေးလံလံခံစားလိုက်ရ၏။

သို့သော် အရှင့်အမိန့်တော်ဖြစ်သဖြင့် သူ့တွင် ငြင်းပယ်ခွင့်မရှိ။ အရှင့်ထံမှ နှစ်လိုဖွယ်အသံ ထွက်ပေါ်လာပြန်၏။

"အတုလစည်တော်ဟာ သိဒ္ဓိကျနေတယ်ဆိုတာကို မောင်မင်းတို့လည်း သိနေတယ်မဟုတ်လား။ တလောက တဘောင်စနည်းတွေ မြို့တွင်းမှာ ပျံ့နှံ့နေတာပဲ ကြည့်လေ"

"ဘာတဲ့ ‥ အဲဒီတဘောင်စနည်းက 'သောကြာကြယ်ကြီးလနဲ့နီး ပြည်ကြီးပျက်လတ္တံ့၊ စည်တော်အတုလသိဒ္ဓိကျ ကျွန်ဘဝရောက်မည်ပ' ဆိုတာလေကွယ်။ အဲဒီ အတိတ်တဘောင်နဲ့လည်း တိုက်ညီနေတဲ့ သောကြာကြယ်ကြီးဟာ လနဲ့နီးကပ်ခဲ့တာကို တစ်မြို့လုံးမှာရှိတဲ့ မြို့သူမြို့သားတွေ အားလုံးမြင်ကြတယ်။ ကျွန်ုပ်လည်း မြင်တယ်"

"အဲဒီကတည်းက ကျွန်ုပ်ရဲ့စိတ်မှာ စနောင့်စနင်းနဲ့ လေးလံထိုင်းမှိုင်းနေခဲ့ရတာ အခုချိန်ထိပဲဆိုပါတော့။ ဒါဟာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက တဘောင်စနည်းအဖြစ် ဖန်တီးပြီး ကျွန်ုပ်ကို သတိပေးတာပဲ ဖြစ်ရမယ်လို့လည်း ကျွန်ုပ် ယုံကြည်တယ်"

"အဲဒါကြောင့် အတုလစည်တော်ကြီးကို သိဒ္ဓိပြန်တင်ဖို့ ရဟန်းမြတ်က အမိန့်ရှိတာကို ကျွန်ုပ်လက်ခံလိုက်တာပေါ့။ ရဟန်းမြတ် စည်တော်ကြီးကို နက္ခတ်တာရာကိုက်ချိန်၊ အချိန်အခါ တွက်ချက်ပြီး မွန်းမံပြင်ဆင်တော့မှာမို့ ကျွန်ုပ်က ရက်သတ္တတစ်ပတ် ဥပုသ်ဆောင်ဝင်ရမယ်။ တိုင်းရေးပြည်ရေးကို ဘာမှလှည့်ကြည့်လို့မရဘူး။ ကျွန်ုပ် အဓိဋ္ဌာန်ပျက်မှာစိုးလို့ပေါ့ကွယ်"

"ဒါကြောင့် နန်းရင်းဝန်ကြီး ဒဿနနဲ့ လွှဲအပ်ထားခဲ့မှာဖြစ်တယ်။ မောင်မင်းတို့ နန်းရင်းဝန်ကြီးရဲ့ အမိန့်တော်အတိုင်း ဦးခေါင်းဆံမြွေ အမှုတော်ထမ်းရမယ်"

အရှင့်စကားကြောင့် သူရ တုန်လှုပ်လှုပ်ချောက်ချားရတော့၏။ သူ့နှုတ်မှလည်း အလိုလိုစကားလုံးတွေ ခုန်ပျံထွက်ကျသွားခဲ့၏။

"သည်းခံတော်မူပါအရှင်၊ ကျွန်တော်မျိုး နားကြားများလွဲသလားလို့ မေးလျှောက်ခွင့်ပြုတော်မူပါ။ အရှင့်ရဲ့ ဘုန်းကံရှိန်စော်ကြောင့် ရရှိပိုင်ဆိုင်ထားတဲ့ တန်ခိုးအရာမှာ အတုမရှိသော အတုလစည်တောမြတ်ကြီးကို နဂိုမူလအတိုင်းမဟုတ်မူဘဲ ပြင်ဆင်ကျက်မယ်လို့ အမိန့်တော်ရှိလိုက်တာလား အရှင်ရယ်"

"မှန်ပေတယ် သူရငယ်၊ အဖရသေ့မြတ်ဆီမှာ ရောက်နေတဲ့ တန်ခိုးရှင်ရဟန်းမြတ်က အတုလစည်တော်ရဲ့ သိဒ္ဓိအာနိသင်ကို မြှင့်တင်ဖို့ စွမ်းဆောင်နိုင်တယ်လို့ ဒဿနက အကြံပြုတဲ့အတွက် ကျွန်ုပ်က ရှင်ရဟန်းကို လျှောက်ထားမူပြုတဲ့အခါ လက်ခံတော်မူတဲ့အတွက် အတုလစည်တော်ကို အခုသိဒ္ဓိတင်တော့မယ်"

အံ့သြမင်တက်နေသဖြင့် အရှင့်စကားတွေက သူရနားမှာ မကြားတစ်ချက်ကြားတစ်ချက်။

အရှင်က ဆက်ပြောသည်။

"အတုလစည်တော်ဟာ ‥‥ အကြောင်းရှိလို့ ယခုအခါ တီးလိုက်ရင် ရန်ပယ်ချောင်းရေတွေ အဟုန်ပြင်းစွာ စီးဆင်းပြီး ဗိသနိုးကို ရန်ပြုသူတွေ ချောင်းရေစီးမှာ မျောပါစေတာလောက်သာရှိတယ်"

"ရဟန်းမြတ်ရဲ့ ဂမ္ဘီရတန်ခိုးနဲ့ ထပ်ပြီးမွမ်းမံစီရင်ပြီး သိဒ္ဓိတင်လိုက်ရင် နတ်စစ်သည်တွေက ခေါဘဏီတပ်ကြီးတွေအဖြစ် ဖန်ဆင်းပြီး ကျွန်ုပ်အလိုရှိတဲ့ တိုင်းနိုင်ငံအသီးသီးကို အောင်မြင်စွာတိုက်ခိုက်သိမ်းပိုက်ပေးလိမ့်မယ်တဲ့ကွဲ့"

"ဒါကြောင့် ဒီအစီအမံအောင်မြင်ထမြောက်သွားရင် ပန်ထွာဘုရင်မကြီးကို ဘယ်သူမှ မခန့်မငြားနဲ့ အံတုယှဉ်ပြိုင်ဝံ့တော့မှာမဟုတ်ဘူး ‥ ဟင်း ‥ ဟင်း ‥ ဟင်း"

ကြားရသည့် စကားများမှာ သူ့နားသူပင် မယုံချင်။ မူးမိုက်လဲကျမသွားရလေအောင် မနည်းပင်ထိန်းထားရ၏။

အရှင်၏ တစ်ဖက်သတ်အစွန်းရောက် ယုံကြည်မှုသည် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေကြောင်း သူရသိလိုက်သည်။ အရှင့်အနေဖြင့် အထင်ကြီးကိုးကွယ်ဆည်းကပ်နေသော ရဟန်းဆိုသူမှာလည်း လူလိမ်၊ လူညာ ရှင်တုရှင်ယောင်သာဖြစ်ကြောင်း သိထားပြီးသည့်အတိုင်း ဖွင့်ပြောမှ ဖြစ်တော့မည်။

သူရသည် ဒူးထောက်၍ ခစားနေရာမှ အရှင့်မျက်နှာတော်ကို ဝံ့ဝံ့စားစား မော့၍ ဖူးမြော်လိုက်ရင်း ‥

"ကျွန်တော်မျိုးကို လျှောက်တင်ခွင့်ပြုပါ အရှင်"

"ဘာလျှောက်တင်စရာရှိလို့လဲ သူရငယ်၊ တင်စရာရှိရင် တင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ကြက်ဥသဖွယ် တိမ်တောင်နှယ်ဆိုသကဲ့သို့ တိုင်းရေးပြည်ရေးဟာ အပေါ်ယံကြည့်လျှင် အေးချမ်းငြိမ်သက်သလိုရှိနေပေမယ့် ရန်သူဟာ ဗိသနိုးရဲ့အမှောင်ထဲမှာ စက်ပုန်းခုတ်ပြီး ခြေရှုပ်နေပါတယ်။ ဒီလိုအချိန်အခါမှာ အရှင့်ရဲ့ ဘုန်းကံကြောင့် ပိုင်ဆိုင်ခွင့်ရထားတဲ့ အတုလစည်တော်ကို ဖျက်ဆီးမပစ်သင့်ပါဘူး အရှင်"

သူရ၏ စကားကြောင့် အရှင့်မျက်နှာတော်က သွေးရောင်ဖြင့် ရဲခနဲနီသွားသည်။ နှုတ်တော်မှလည်း မိုးခြိမ်းသံကဲ့သို့ ..

"တော်စမ်း ... သူရ၊ မောင်မင်းရဲ့စကားတွေကို ဒီမှာပဲ ရပ်လိုက်တော့။ ငါက ကောင်းသည်ထက်ကောင်းအောင်လုပ်တာ၊ ဖျက်ဆီးတာမဟုတ်ဘူး"

သူရကလည်း ငြိမ်မခံနိုင်တော့။ အသက်နှင့်ရင်း၍ ပြောစရာရှိသည်ကို ပြောရတော့မည်။

"အရှင့်ရဲ့အာဏာကို သွေဖီခြင်းဟာ အသက်နဲ့ရင်းရနိုင်ဆိုတာ ကျွန်တော်မျိုးနားလည်ပါတယ်။ ဒါပေမဲ့ .."

"အရှင့်ရဲ့အကျိုး ဗိသနိုးမြို့တော်ကြီးနဲ့ ပန်ထွာနိုင်ငံတော်ကြီးရဲ့ ထီးရိပ်အောက်မှာ ခိုလှုံနေတဲ့ မြို့ရွာဇနပုဒ်ရှိ တိုင်းသားပြည်သူတွေရဲ့ အကျိုးအတွက် ကျွန်တော်မျိုးဆက်လက်လျှောက်ထားပါရစေဦး"

သူရက အရှင့်မျက်နှာတော်ကို ဝံ့ဝံ့စားစားကြည့်၍ ဆက်လက်လျှောက်ထားသံတော်ဦးတင်ပြန်သည်။

"မဟာဂန္ဓာရီအတတ်၊ နက္ခတ်ဗေဒင်အတတ်၊ ဂမ္ဘီရအတတ်၊ ဂါထာမန္တရားအတတ်နဲ့ တန်ခိုးပြာဋိဟာ အရာမှာ အတုမရှိတဲ့ ရဟန္တာအရှင်မြတ်လို့ အရှင်ထင်နေတဲ့ ပုဂ္ဂိုလ်ဟာ တကယ်တော့ သရေခေတ္တရာရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ သာမန် ပဥ္စမံတပ်သား သူလျှိုတစ်ယောက်ဖြစ်ပါတယ်"

သူရစကားလုံးတွေက ပြင်းထန်လာသည်နှင့်အမျှ အရှင်က သူရကို အံကြိတ်၍ စိမ်းစိမ်းကြည့်သည်။

အနီးမှာရှိနေသည့် ရှင်မိအူတစ်ယောက် မျက်စိမျက်နှာပျက်နေ၏။ ကြောက်လွန်းသဖြင့်လည်း တဆတ်ဆတ်တုန်နေ၏။ သူက ဆက်ပြော၏။

"အရှင် ယုံကြည်ကိုးစားလာအောင် သူရဇ္ဇနေမင်းရဲ့ အလင်းရောင်ကို တန်ခိုးတော်နဲ့ အမှောင်ချပြတယ်ဆိုတာလည်း ကမ္ဘာ့နိယာမတရားကို ခုတုံးလုပ်ပြီး လှည့်စားသွားတာပါ။ ဘာတန်ခိုး၊ ဘာဣဒ္ဓိပါဋိဟာမှ မဟုတ်ပါဘူး"

"ကျွန်တော်မျိုးတို့ သက်သေအခိုင်အမာပြနိုင်ပါတယ်။ ပြီးတော့ အခု အရှင် ခေတ္တထီးနန်းလွှဲအပ်မယ်ဆိုတဲ့ နန်းရင်းဝန်ကြီး ဒဿန .."

သူရက စကားကိုဖြတ်၍ လျှပ်တစ်ပြက်တိုးဝင်လာသည့် အတွေးအပိုင်းအစများကို ဆက်စပ်ကြည့်လိုက်သည်။

ဤရဟန်းတုရဟန်းယောင်ကို တောလည်ထွက်ရင်း တွေ့သည်ဟုဆို၍ ဒဿနခေါ်လာခြင်းဖြစ်သည်။ တန်ခိုးပြာဋိဟာပြရန်လည်း သူပဲတိုက်တွန်းသည်ဟု ဆို၏။ ယခုတစ်ခါ အတုလစည်တော်ကို နဂိုမူလရှိရင်းတိုင်းမဟုတ်ဘဲ အင်္ဂါချို့ယွင်းပြီး တန်ခိုးအာ

သင်ပျက်ပြယ်အောင် အသစ်ပြန်ကျ

ဖို့ ဒဿနကပင် အရှင့်ကို တိုက်တွ

အကြံပြုပြန်ပြီဖြစ်၍ ဒဿနနှင့် ရဟ

တုရဟန်းယောင်သည် ရည်ရွယ်ချ

ရှိရှိဖြင့် ကြိုတင်ကြံစည်လာခဲ့သ

အကြံတူညာဏ်တူ အပေါင်းပါများ

ကြောင်း တွေးမိလာ၏။

ဒဿနဆိုသူသည် ...

သူ့အတွေးက ရင်ထဲမျှ ပဖော

တစ်ခုကို အဖြေထုတ်ပေးလိုက်ပြန်

အခြားမဟုတ် ဂုဗ္ဗဂ ဟူသော ဂဏ

သုံးလုံးကို ရစ်ပတ်ထားသည့် နဂါး

မြွေတံဆိပ်ပြားကိစ္စ။

ဒဿနဟူသောအမည်မှာ စ

သားဖြစ်၍ မြွေနဂါးကို ကိုယ်စာ

သည်။ ထို့ပြင် စနေနံဒသည် ဂဏ

အားဖြင့် ဂ နှင့် သဿမှာ ကြာသပတေ

နံဂဏန်း ၆၊ န အက္ခရာမှာ စနေ

ဂဏန်း ဂ တို့ကို ပေါင်းလျှင် နဂါး

ရစ်ပတ်ထားသည့် ဂုဗ္ဗဂ တံဆိပ်ပြား

ဒဿန၏ လျှို့ဝှက်သင်္ကေတဖြ

ကြောင်း ပေါ်ပေါက်လာ၏။

သူရ မခံမရပ်နိုင်အောင် ဖြစ်

တော့၏။

ကိုယ့်အရှင်သခင်အပေါ် သစ္စ

ဖောက်၍ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်

ကိုယ့်အမျိုးသားတို့ကို လူမျိုးပြုတ်သု

သင်ရှင်းလင်းရန် အကြံပက်စက်သေ

ဒဿန၏ ယုတ်မာပက်စက်သေ

သစ္စာအကြံကို အသက်စတေးရ

ကာမှ ပေါ်ပေါက်အောင် ဖော်ထုတ်

ဆုံးဖြတ်လျက် ..။

"အရှင် .. ဒဿနနဲ့ရဟန်း

ရဟန်းယောင်ဟာ ဓစ်ကျိတ်တည်



www.burmeseclassic.com

www.burmeseclassic.com


ာစ်ညာဏ်တည်း ပူးပေါင်းပြီး ဗိသနိုး
နဲ့ အရှင့်ကို ဖျက်ဆီးဖို့ ကြံစည်ကြတာ
ပါ''

''တော်တော့ မင်း ဆက်မပြောနဲ့တော့''

အရှင့်အသံက မာကြောသည်။ ခက်ထန်သည့် မျက်လုံးအစုံသည်လည်း မီးဝင်းဝင်းတောက်လာ၏။

သူရကလည်း အရှင့်စကားကို နာခံ။ ဆက်ပြောသည်။

''ဗိသနိုးကို သရေခေတ္တရာရဲ့ ခြေဖဝါးအောက်ရောက်အောင် ကောက်ကျစ်စဉ်းလဲစွာ ကြံစည်တဲ့အကြံဖြစ်လို့ အတုလစည်တော်ကို မပြင်ဆင်ပါနဲ့ အရှင်''

''မင်း ‥ မင်းကို ဆက်မပြောနဲ့တော့လို့ ငါ အမိန့်တော်မှတ်ခဲ့တယ် မဟုတ်လား သူရငယ်၊ မင်းဟာ ငါ့အသက်ကိုကယ်ခဲ့ဖူးတဲ့ ကျေးဇူးကြောင့် ငါ သည်းခံနေတာကို မင်းက ရောင့်တက်ပြီး ငါ့ကို စော်ကားတာပေါ့လေ''

''မ ‥ မဟုတ်ပါဘူး အရှင်''

''ကဲ ‥ ဟယ်''

''ဖျန်း ‥''

အရှင့်လက်ဖဝါးက သူရပါးပြင်ပေါ် အရှိန်ပြင်းစွာ ကျရောက်လာခဲ့၏။ ပါးတစ်ဖက် ပူခနဲဖြစ်သွားသည်။ အရှင်က ကြောက်မက်ဖွယ် မီးတောက်နေသည့် မျက်ဝန်းများဖြင့် သူ့ကို ကြည့်၏။

အရှင့်ရဲ့ အထင်တော်လွဲခံရမှုအတွက် ယူကျုံးမရဖြစ်မိသည်။ အရှင်က …

''ငါ့အသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးကို ထောက်ထားပြီးဒီတစ်ခါ မင်းအသက်ကို ချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ မင်းကို ပေးအပ်ထားတဲ့ အဆောင်အယောင်နဲ့ တာဝန်ဝတ္တရားတွေကို နှုတ်သိမ်းလိုက်ပြီး ငါ့အတွက် ခစားစရာမလိုတော့ဘူး။ အသက်မသေချင်ရင် ငါ့ စံနန်းဆောင်ထဲက မင်း အလျှင်အမြန်ထွက်''

အရှင်က ခြေကိုဆောင့်လျက် ကျောခိုင်းသွားခဲ့ပြီ။ ရင်တစ်ခုလုံး ဟင်းလင်းပွင့်သွားလျက် နှလုံးသား ကွဲအက်ကြေမွသွားသလို ခံစားလိုက်ရ၏။

ထို့ထက်ပို၍ ဝမ်းနည်းကြေကွဲမိသည်ကား ပန်ထွာနိုင်ငံတော်ကြီး၏ အနာဂတ်ရေးမှာ သစ္စာဖောက်တို့၏ ချယ်လှယ်မှုကို ခံရတော့မည်မို့ တွေးဝံ့စရာပင် မရှိတော့ပါလေ။

+++

## အခန်း(၂၃)

### ဒွန်းစဏ္ဍားဘဏ္ဍာသိုက်

''အဲဒါပဲကွာ၊ ငါတော့ ဘယ်လိုမှ တားလို့မရတော့ဘူး။ ဘယ်သူမှလည်း တားစုံကြမှာမဟုတ်ဘူး။ တို့ရဲ့ ဗိသနိုးမြို့ကြီးတော့တစ်ခုခုဖြစ်တော့မယ် ထင်ပါရဲ့''

သူရက အရှင့်ကို ဝင်ရောက်ဖူးတွေ့စဉ် ကြုံခဲ့ရသည်များကို ဥက္ကာနှင့် ညီမလေးစိတ္တာကို ပြောပြသည်။ ဥက္ကာလည်း သူရနည်းတူ မခံမရပ်နိုင်ဖြစ်သည်။

•''အင်း ‥ မင်းပြောတဲ့အတိုင်း အတုလစည်တော်သာ ဖျက်ဆီးခံရရင်တော့ တို့ဗိသနိုးမြို့သားတွေရဲ့ ကံကြမ္မာကို ့တွေးဝံ့စရာတောင် မရှိတော့ဘူး''

စကားပြောနေရင်းမှ ဥက္ကာက တစ်စုံတစ်ခုကို သတိရသွားလျက် ‥

''ကဲ ‥ လာ မင်းကို ပြစရာရှိတယ်''

ဇရပ်ကြီးအတွင်းနံရံမှ လျှို့ဝှက်ခလုတ်တစ်ခုကို ဥက္ကာက နှိပ်လိုက်သည်။

ဝေါ ‥ ဂျိမ်း ‥ ဂျိမ်း

တဝေါဝေါ တဂျိမ်းဂျိမ်း အသံတွေ မြည်ဟည်းလျက် ကျောက်သားနံရံတစ်နေရာမှ ကျောက်ချပ်ကြီးတစ်ခုဘေးသို့ လျောထိုးရွေ့လျားသွားလျက် အခန်းကျယ်ကြီးတစ်ခန်းပေါ်လာသည်။

''ဟ ‥ ဒါ ‥ ဒါ ‥ ဘာလုပ်တဲ့ အခန်းကြီးလဲကွဟင်''

သူရ တအံ့တသြ တငေးတမော ကြည့်နေ၏။

ဥက္ကာက အခန်းကြီးအတွင်း လှမ်းဝင်လိုက်သည်။ သူရနှင့် စိတ္တာပါဝင်လိုက်သွား၏။ အောက်သို့ဆင်းသည့် ကျောက်သားလှေကားကြီးကို တွေ့ရသည့် ဥက္ကာက …

''လာ သူငယ်ချင်း အောက်ကို ဆင်းကြမယ်''

ကျောက်သားလှေကားထစ်များအတိုင်း မဆင်းမီစိတ္တာက နံရံကပ်ကညင်ဆီမီးတိုင်များကို ထွန်းညှိလိုက်သည်နှင့် ကျယ်ပြန့်သည့် မြေတိုက်ခန်းကြီးထဲမှာ အရိုးအိုးများနှင့် လက်မှုပညာရုပ်တုများပေါ်လာ၏။ ဥက္ကာက–

''ဒါကတော့ တို့ဒွစဏ္ဍားတွေရဲ့ လျှို့ဝှက်သိုင်းပေါ့ကွာ။ တို့တွေကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးခဲ့ဖူးဘူး။ မင်းဟာ ဒွန်းစဏ္ဍားမဟုတ်တဲ့ အပြင်လူထဲက ပထမဆုံးပဲ''


www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဒီလောက်တောင် လျှို့ဝှက်နေရတာလဲ"

"အင်း ... တို့တွေမှာ အယူသည်းတဲ့ ယုံကြည်မှုတစ်ခုရှိတယ်။ ဒီဘဝမှာ ဒွန်းစဏ္ဍားဘဝနဲ့ သေသူတွေရဲ့ ခေါင်းတလားတွေကို မီးရှို့သင်္ဂြိုဟ်ပေးရတယ်။ ပြီးတော့ အရိုးပြာကို အိုးနဲ့ထည့်ပြီး မြှုပ်နှံပေးရတယ်"

"လူ့အောက် သူ့အောက်ကျတဲ့ အလုပ်ကို အသက်မွေးဝမ်းကျောင်း အဖြစ်နဲ့လုပ်ကိုင်ရတဲ့ တို့ဒွန်းစဏ္ဍားတွေ ဒီဘဝက လွတ်မြောက်အောင် ရည်ရွယ်ပြီး အရိုးပြာအိုးထဲမှာ ရွှေစင်ရုပ်တုကလေးတွေထုလုပ်ပြီး အခြား အသုံးအဆောင်ပစ္စည်းတွေနဲ့အတူ ဒီမြေတိုက်ကြီးထဲမှာ မြှုပ်နှံရတယ်။ ဟောဒီမှာကြည့် ဒါဟာ ငါ့အဖနဲ့အမိရဲ့ အရိုးပြာအိုးပဲ"

ဉက္ကာဖွင့်ပြသည့် အရိုးအိုးနှစ်လုံးထဲတွင် သေသူ၏ အသုံးအဆောင်တချို့နှင့်အတူ ရွှေစင်ရုပ်တုကလေးတွေ တွေ့ရသည်။

"တို့အယူအဆက ဒွန်းစဏ္ဍားတစ်ယောက် လူလားမြောက်လာရင် ကြိုတင်ပြီး ရွှေစင်သွန်းလုပ်ထားရတယ်။ ဒါမှ သူသေရင် အဆင်သင့်ဖြစ်မှာပေါ့ကွာ။ အခုဆိုရင် ငါ့အရုပ်တောင် သွန်းလုပ်ပြီးပြီ"

ကျောက်စားပွဲပေါ်တွင် ဉက္ကာ၏ ပုံတူရွှေစင်ရုပ်ကလေးကို လက်ရာမြောက်စွာ တွေ့ရသည်။

"စိတ္တာအတွက်ကျတော့ကော"

"ညီမလေးအတွက်လည်း သွန်းလုပ်တော့မယ့်ဆဲဆဲပဲ"



"နေပါဦး ... မင်းတို့က ဒီရွှေတွေ ဘယ်ကရသလဲ။ ဒီလောက် ရွှေတွေရှိရဲ့သားနဲ့ ဘာဖြစ်လို့ သူများ မသဒ္ဒါရေစာစားရတဲ့ဘဝကို ခင်တွယ်နေရတာလဲ"

"ဟောဒီ တို့ဗိသနိုးမြို့တော်ကြီးရဲ့ မြေအောက်မှာ ရွှေကြောကြီးရှိတယ်ကွ။ ဒါပေမဲ့ တို့ဘိုးဘေးဘီဘင်တွေကစပြီး နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ တို့အထိ ဒီရွှေတွေကို တမလွန်အတွက် ရည်စူးပြီး အသုံးပြုတာကလွဲရင် ကိုယ်ကျိုးမသုံးပါဘူးလို့ ကတိသစ္စာပြုထားရတယ်"

"ဘာဖြစ်လို့လဲဆိုတော့ တို့တွေရဲ့ မျိုးဆက်မပြတ်ခင် ဒီရွှေတွေကို အတ္တစိတ်နဲ့လောဘတက်ပြီး အကုန်တူးဖော်ယူလိုက်ရင် နောင်လာနောက်သားတွေရဲ့ တမလွန်ခရီးအတွက် ရွှေမရှိတော့မှာစိုးလို့ ထိန်းထားတဲ့ သဘောလည်းဖြစ်ချင်ဖြစ်မှာပေါ့ကွာ"

"သြော် ..."

"ဒီအကြောင်းကို တို့ဒွန်းစဏ္ဍားထဲက တစ်ယောက်ယောက်က သစ္စာဖောက်လိုက်တဲ့အတွက် သရေခေတ္တရာဘုရင် ဒွတ္တဘောင် သိသွားပုံရတယ်။ မြို့ပြင်တစ်ဝိုက်မှာ သူ့တပ်သားတွေ အမျိုးမျိုးရုပ်ဖျက်ပြီး ခဏခဏ ရှာကြတယ်"

"ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒွတ္တဘောင်ဟာ တို့ဗိသနိုးကို တိုက်ကိုတိုက်မှာကွ။ တစ်ဖက်က ဘုရင်မကြီးကို သိမ်းပိုက်မှာဖြစ်သလို တစ်ဖက်ကလည်း တို့ရဲ့ ဒွန်းစဏ္ဍား ဘဏ္ဍာသိုက်ဖြစ်တဲ့ သံယံဇာတတွေကို ရှာဖွေဖော်ထုတ်ယူမယ်လေ"

ဉက္ကာက စကားအရှည်ကြီးရှင်းပြနေရာမှ တစ်နေရာကို လက်ညှိုးညွှန်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ မြေတိုက်ခန်းထဲကနေ ထွက်ပြီး ရှေ့တူးတဲ့လမ်းကြောင်းအတိုင်း လိုက်သွားရင် မြို့တံခါးအပြင်ဘက် အင်ကြင်းတောထဲကို ရောက်သွားလိမ့်မယ်။ ရန်သူ သရေခေတ္တရာမြို့သားတွေ ရှေ့ကြောရှိတယ်လို့ သံသယဖြစ်နေတာလဲ အဲဒီနားတစ်ဝိုက်ပဲ"

သူရက ဘုရင်မကြီးနှင့် ရှင်မိအူ တို့ လူဆိုးတွေအင်ကြင်းတောထဲမှာ တိုက်ခိုက်သည်ကို သတိရလိုက်၏။ သူရက ဥက္ကာ၏လက်ကို တင်းတင်း ဆုပ်ကိုင်လျက် ...

"အရေးရှိရင် ဒီလမ်းကို တို့ အသုံးပြုချင်ပြုရလိမ့်မယ် ဥက္ကာ"

+++

အခန်း(၂၄)

**ဗိဿနိုး၏ နောက်ဆုံးနေ့**

တစ်နေ့ဝင် တစ်မိုးချုပ်နှင့် အထီးကျန်ရက်များကို ပင်ပန်းဆင်းရဲစွာ ကုန်သန်းနေရ၏။ အချိန်ကို အလဟဿ မဖြုန်းတီးတတ်သူမို့ စိတ္တာ၏ ပုံတူ ရွှေစင်ရုပ်တုကလေးကို မြေတိုက်ခန်းထဲမှာ သူရသွန်းလုပ်သည်။

အရှင်၏ အပြစ်ပယ်ခံဘဝမှာ နေရသော်လည်း ဗိဿနိုးမြို့တော်အကြောင်းနှင့် အရှင့်အကြောင်းကို သူ နားစွင့်ထား၏။ ဥက္ကာက နံနက်လင်းသည်နှင့် နန်းတော်ထဲဝင်၍ တပ်မှူးပါလနှင့် တွေ့သည်။ လိုအပ်သည်တို့ကို အမှုတော်ထမ်း၏။ သို့ဖြစ်၍ အရှင့်သတင်းနှင့် ဗိဿနိုးမြို့တော်အကြောင်းမှာ သူရအတွက် အဆက်ပြတ်သည်ဟူ၍မရှိ။

အရှင်ဥပုသ်ဆောင်ဝင်သည့် သတင်း။ ယာယီထီးနန်းလွှဲအပ်ထားသည့် ဒသသနထံသို့ မျက်နှာစိမ်းတွေ နေ့စဉ် ဝင်ထွက်သွားလာနေသည့် သတင်း၊ ရှင်တုရှင်ယောင်က အတုလစည်တော်အား မွမ်းမံစီရင်နေသည့် သတင်း စသည်တို့ကို ကြားသိနေရ၏။

သူရတစ်ယောက် စိတ်ပြေလက်ပျောက် တကုပ်ကုပ်ဖြင့် မြေတိုက်ခန်းထဲမှာ စိတ္တာ၏ရုပ်တု ရွှေစင်ရုပ်ကလေးကို သွန်းလုပ်နေရာမှ အပြီးသတ်ပြီးချိန်တွင် ရွှေစင်ရုပ်ကလေးနှင့် စိတ္တာကို ယှဉ်ကြည့်သည်။ တစ်ထေရာတည်းပင်။

စိတ္တာ အံ့အံ့သြသြဖြစ်ရှာ၏။

"အစ်ကို့လက်ရာက တူလိုက်တာ"

စိတ္တာက သူ့ကိုယ်ပွား ရွှေစင်ရုပ်တုကလေးကို ရင်မှာ တယုတယပိုက်ကာ ပျော်ရွှင်နေသည်ကိုကြည့်၍ သူရ ပီတိဖြစ်မဆုံးတော့။ သည် ရုပ်တုကို သွန်းလုပ်နေစဉ် တစ်လျှောက်လုံး စိတ္တာက အနီးမှာ ရှိနေတတ်သဖြင့် စကားပြောဖော်ရသောကြောင့် သူရအဖို့ စိတ်သက်သာရာရသည်တော့ အမှန်။ စိတ္တာလေးကတော့ အနေနီးသဖြင့် သူရကို ပိုမိုခင်တွယ်နေပြီမှန်း သိသာလာ၏။

စိတ္တာမှာ အချစ်ဆုံးသူငယ်ချင်း၏ နှမလေးဖြစ်၏။ သူ့နှမလေးဟုဆိုလျှင်လည်း မမှားပေ။ သူ့ဘက်က မည်မျှစောင့်စည်းစေကာမူ ငယ်ရွယ်နုနယ်သော စိတ္တာအနေဖြင့် သူ့အပေါ် တိမ်းညွတ်လာမည်ကို သူစိုးရိမ်သည်။ မီးဟူသည် မလောင်မီတားရ၏။ သည့်မို့ ခွဲခွာဖို့ သူဆုံးဖြတ်ရလေသည်။

"စိတ္တာ"

"ရှင်"

ရွှေစင်ရုပ်ကလေးကို ယုယစွာ ပွေ့ပိုက်၍ ကလေးတစ်ယောက်လို ပျော်ရွှင်နေသော စိတ္တာကို မပြောရက်သော်လည်း ပြောမှဖြစ်မည်မို့ သူရက စကားစရတော့၏။

"မနက်ဖြန် အစ်ကိုသည်က သွားတော့မယ် စိတ္တာ"

"ဟင် .. အစ်ကိုက ဘယ်ကို သွားမှာလဲ"

စိတ္တာက အထိတ်တလန့် မေးသည်။

"အစ်ကို ယာခင်းတွေရှိတဲ့ တောင်ပေါ်အိမ်ကလေးကို ပြန်တော့မယ်"

"အို"

စိတ္တာ ကြေကြေကွဲကွဲ ခံစားရဟန်တူ၏။

"အဲဒီအိမ်က မရှိတော့ဘူးဆို။ မီးလောင်သွားခဲ့ပြီမဟုတ်လား။ မသွားပါနဲ့ အစ်ကိုရယ်။ ဒီမှာပဲ စိတ္တာတို့နဲ့ အတူနေလိုက်ပါလား"

"အစ်ကိုပြန်မှဖြစ်မှာပါ စိတ္တာရယ်"

စိတ္တာထံမှ တုံ့ပြန်သံအစား ရှိုက်သံများသာ ပြန်လွင့်လာခဲ့၏။

သူရက ဖြေပြောပြောသည်။

"တို့တွေ သိပ်ဝေးကြတာမှ မဟုတ်တာဘဲကွယ်။ အကြောင်းရှိရင် အချိန်မရွေးလာလို့ရတာပဲ။ အစ်ကို ဒီမှာ ကြာကြာနေလို့ မသင့်တော်မှန်း စိတ္တာလည်း သဘောပေါက်မှာပါ"

စိတ္တာက ခေါင်းကို သွက်သွက်ခါရမ်း၏။



www.burmeseclassic.com

www.burmeseclassic.com


"တခြားအကြောင်းတွေပြပြီး ထမင်းရေပူလျှာလွှဲမလုပ်ပါနဲ့ အစ်ကို။ တကယ်တော့ စိတ္တာတို့က လူအလွှာရဲ့ အနိမ့်ဆုံးဖြစ်တဲ့ ဒွစလ္လာတွေမို့ အစ်ကိုသည်မှာ ကြာကြာမနေချင်မှန်း ခုတော့ စိတ္တာသိပါပြီ"

"အင်းလေ .. စိတ္တာတို့က ဘဝအကျိုးပေးမကောင်းတဲ့ လူဆိုတော့ အစ်ကိုက ရှောင်ပြေးတာမဟုတ်လား။ ရှိပါစေတော့ .. အစ်ကိုရယ်"

စိတ္တာက ကြေကွဲစွာ တစ်ချက်ရှိုက်လျက် ကျောခိုင်းသွားသည်။ စိတ္တာကို နှစ်သိမ့်ပေးလိုသော်လည်း စိတ်ကိုဖြေသိမ့်လိုက်ရ၏။ သံယောဇဉ်ကြိုးကို ပို၍တင်းအောင် မြဲမြဲခိုင်ခံ့အောင် သူမလုပ်လိုတော့။ စိတ္တာက အထင်လွဲ၍ မုန်းချင်လည်း မုန်းပစေဟူ၍သာ ..။

ထိုစဉ် ...

သူရ ... သူရ

ဥက္ကာ မြေတိုက်ခန်းထဲ ပြေးဆင်းလာသည်။

သူရက ထိုင်ရာမှထရပ်လျက် ..

"ဥက္ကာပါလား .. ဘာဖြစ်လို့လဲ"

"တို့ .. တို့ ဗိသနိုးမြို့တော်ကို သရေခေတ္တရာသားတွေ ဝိုင်းရံနေပြီကွ"

"ဟာ .."

သတင်းဆိုးကြောင့် သူရခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွား၏။

"သိပ်လည်း မစိုးရိမ်ပါနဲ့ကွာ၊ ဘုရင်မကြီးစည်တော်တီးဖို့ ပြင်နေပါပြီ"

ဥက္ကာက မည်သို့ပင် ပူပန်မှုလျော့ပါးအောင် ပြောစေကာမူ အတုလစည်တော်သည် မသမာသူများ၏ ဖျက်ဆီးခံလိုက်ရပြီမို့ တန်ခိုးအာနိသင်ရှိတော့မည်မဟုတ်မှန်း သိနေသူများပီပီ အဆိုးဆုံးကိုရင်ဆိုင်ရန် ပြင်ဆင်ကြရတော့၏။ သူရက ...

"စိတ္တာ နှင့်ကိုနင် ရုပ်ဖျက်ထား၊ အရေးရှိလို့ ရှောင်တိမ်းရရင် ဘုရင်မကြီးနဲ့မှားပြီး နှင့်ကို အန္တရာယ်ပြုမှာစိုးရတယ်"

ပြောပြောဆိုဆို နှစ်ယောက်သား မြေတိုက်ခန်းထဲမှ ပြေးထွက်လျက် မြင်းကိုယ်စီနှင့် မြို့တော်ဆီ ဦးတည်စိုင်းနှင်၏။

ဗိသနိုးမြို့တော်ကြီးဆီမှ မီးခိုးလုံးတွေ မည်းတက်လာ၏။ ဆင်သံ၊ မြင်းသံ၊ ရဲမက်စစ်သည်တို့၏ ညာသံပေးသံများဖြင့်လည်းပွက်ပွက်ညံနေ၏။

"မြို့တံခါးပွင့်သွားပြီထင်တယ် ဥက္ကာ"

"အေး .. မြို့ကို ရန်သူစီးမိသွားပြီကွ။ တို့ဘာဆက်လုပ်ကြမလဲ"

"လာဟေ့ ဥက္ကာ၊ အရှင့်နန်းဆောင်ကို အမြန်ဆုံးရောက်အောင် သွားကြမယ်"

ဓားကိုယ်စီဆွဲထုတ်၍ တွေ့သမျှရန်သူကိုခုတ်၍ လမ်းရှင်းပြီးလျှင် အရှင့်နန်းဆောင်ဆီ ဦးတည်စိုင်းနှင်ခဲ့ကြ၏။

တစ်မြို့လုံး မီးဟုန်းဟုန်းတောက်နေပြီ။

သူ့ကျွန်မခံလိုသော ဗိသနိုးမြို့သားရဲမက်များကလည်း အသက်စွန့်၍ ခုခံနေကြ၏။ မြို့သူမြို့သားများ၏ အော်ဟစ်သံ၊ ငိုကြွေးသံ၊ နာကျင်စွာ ငြီးငြူသံများသည်လည်း ကြေကွဲဖွယ်ပုံတင်လျက်ရှိ၏။

အရှင့်နန်းတော်ဆီ ရန်သူရောက် မလာခင် လက်ဦးမှုယူ၍ အရှင့်ကို ကယ်တင်ရမည်ဖြစ်၏။ ဓားတစ်ကမ် အကွာရှိ ရန်သူတိုင်းကို ခုတ်သတ်၍ စံနန်းဆောင်ဆီ အရောက်ပြေးခဲ့၏။

စံနန်းဆောင်တံခါးကိုပိတ်လျက် သားတွေ့၏။ သည်တံခါးသည် တပ်မှူး ပါလတာဝန်ယူထားသည့်တံခါး။ သူ က တံခါးကို အရှိန်နှင့် လေမှာဝဲ ခုန်ကန်လိုက်သည်။

"ဝုန်း"

ပွင့်သွားသည့်တံခါးနှင့်အတူ သူ ဒလိမ့်ကောက်ကွေး အတွင်းရောက် သွား၏။ တပ်မှူးပါလက သူရကိုခုတ် ရန် ဓားကိုမြှောက်တင်လိုက်၏။

"တပ်မှူး .. လူမှားမယ် .. ကျုပ်ပါ"

"ဟော့ .. သူရ"

တပ်မှူးပါလက ခုတ်ရန် ရွယ် ထားသည့် ဓားကိုပြန်ချလျက် ...

"မင်းရောက်လာတာနဲ့ အတော် ပဲဟေ့။ တို့အရှင်အတွက် ဒီနေရာက ပြီး အသက်စွန့်ကာကွယ်ကြစို့"

သူရက ခေါင်းကို ခါရမ်းလို ရင်း ...

"အရှင် .. အရှင်က ခုဘယ်မှ လဲ တပ်မှူး"

"အရှင် .. အတုလစည်တေ တီးတာ မမြည်လို့ ပူဆွေးနေရှာတယ် စည်တော်စင်ပေါ်က အောက်ကိုဆ မလာတော့ဘူး"

တပ်မှူးပါလအသံက ငိုသံပါ ၏။ မျက်ဝန်းမှတဆင့် ပါးပြင်ပေါ် မျက်ရည်တွေ စီးကျနေသည်။ သူ စည်တော်စင်ဆီ ပြေး၏။


www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာနှင့် တပ်မှူးပါလ အရှင့်လုံခြုံရေးအတွက် ကျွံဝင်လာသည့် ရန်သူတွေကို ခုခံတွန်းလှန်ထား၏။

သူရ စည်တော်စင်ပေါ်ရောက်သွားသည်။ အရှင်က စည်တော်ကြီး၏ မျက်နှာဝဘေးမှာ ငေးကြောင်တွေဝေစွာရပ်လျက် ရှင်တုရှင်ယောင်ကြောင့် အသက်ပေါင်းများစွာ သေဆုံးနေရသော မီးဟုန်းဟုန်းတောက်နေသည့် ဗိသနိုးမြို့ကြီးကို ငေးကြည့်နေရှာ၏။

ထာဝရရွှန်းလက်တောက်ပနေသည့် အရှင့်မျက်ဝန်းတော်များက မှိုင်းမှုန်ပြာလဲ့နေ၏။ မာနနှင့် ရာဇမာန်ကြောင့် အစဉ်တင်းမာသယောင် အရှင့်ရုပ်လွှာသည် မှေးမှိန်ဖျော့တော့လျက်။ အသားတွေ တဆတ်ဆတ်တုန်နေ၏။ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းကို သွေးပေါက်မတတ် ဖိကိုက်ထားသဖြင့် ပုလဲရောင်ဝင်းမွတ်နေသည့် အရှင့်ပါးပြင်မှ အကြောစိမ်းကလေးများပင် တင်းထောင်နေ၏။

အရှင်သည် လက်ထဲမှာ တင်းကျပ်ဆုပ်ကိုင်ထားသောပတ္တမြားကျောက်စီဓားကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်၍ သူ့ကိုယ်သူ အဆုံးစီရင်ရန် ရွယ်လိုက်စဉ် သူရက ...

"အ .. အရှင် သတိထားတော်မူပါ"

အရှင့်အကြည့်တွေက သူရဆီ ချတ်ခနဲရောက်လာသည်။

သူရကို မြင်လိုက်သဖြင့် အရှင့်မျက်ဝန်းများက အားနည်းလွန်းစွာ တောက်ပလာ၏။ သူရက အရှင့်အနားပြေးကပ်လျက် လက်ထဲမှဓားကို လုယူလိုက်သည်။ အရုပ်ကြိုးပြတ်ဖြစ်သွားသည့် အရှင်က ...

"သင်းတို့ကတော့ အတုလ စည်တော်ကြီးကို ဖျက်ဆီးပြီး ဗိသနိုးကို မီးလောင်တိုက်သွင်းနေကြပြီပေါ့ကွယ်။ မင်းစကားတွေကို မယုံခဲ့မိလို့ ခုတော့ ဒုက္ခရောက်ရပြီပေါ့ သူရငယ်ရယ်"

"ငါဟာ သမိုင်းတွင်အောင် တိုင်းသူပြည်သားတွေ မရှုမလှသေကြေပျက်စီးစေတဲ့ အပြစ်ကြီးကို ကျူးလွန်မိပါပြီ။ အပြစ်မဲ့တဲ့ ငါ့တိုင်းသားပြည်သူတွေကို အသက်ဆုံးရှုံးစေခဲ့တဲ့ ငါ့ကို ခွင့်မလွှတ်ကြပါနဲ့။ ငါ့ကို သေခွင့်ပေးပါ သူရငယ်။ ငါ သေပါရစေ"

မိခင်က သားရင်ခွင်ကြား တိုးဝင်လျက် အားကိုးတကြီးဖြင့် ကြေကွဲစွာ တသိမ့်သိမ့် ရှိုက်ငိုသကဲ့သို့ပင် အရှင်က သူရ၏ ရင်ဘတ်ကျယ်ကြီးမှာ ခေါင်းအပ်၍ သိမ့်သိမ့်ရှိုက်၏။ သူရက အရှင့်ခန္ဓာကိုယ်လေးကို တယုတယ ပြန်ဖက်ထားရင်းမှ ..

"အချိန်မီတိမ်းရှောင်မှ ဖြစ်တော့မယ် အရှင်။ ကျွန်တော်မျိုးကို ခွင့်ပြုတော်မူပါ"

သူရသည် အေးစက်နေသည့် အရှင့်ကိုယ်ကလေးကို ယုယစွာ ပွေ့ယူလျက် စည်တော်ဆောင်ထက်မှ ပြေးဆင်းခဲ့၏။

တပ်မှူးပါလ၊ ဥက္ကာနှင့် ကိုယ်ရံတော်စစ်သည် ရဲမက်သွေးသောက်တစ်စုက • အသင့်အနေအထားဖြင့် စောင့်နေ၏။ သူရက အရှင့်ကို မြေပြင်ပေါ် ခေတ္တချပေးလိုက်သည်။

မသန့်ရှင်းသော မည်းညစ်သည့် မီးခိုးငွေ့များရောနှောပျော်ဝင်နေသည့် လေတွင် တဖျတ်ဖျတ်လှုပ်ခတ်နေသော မကြာမီက အရှင်ကိုယ်တော်တိုင် စိုက်ပျိုးခဲ့သည့် ပေပင်ကလေးများကို အရှင်က အံကြိတ်၍ ကြည့်လျက် ..

"ငါ၏ ဘုန်းသမ္ဘာကို အကြောင်းပြု၍ ငါကျိန်ဆိုပါ၏။ ငါ စိုက်ပျိုးခဲ့သည့် ဤပေပင်ငယ်များ၏ အဖူးအရွယ်သည် ရှင်တုရှင်ယောင် သီလကြောင်များအတွက် မဖြစ်ပါစေနှင့်။ ငါပြန်လာမှ ကြီး၍၊ ငါပြန်လာမှ သီးပါစေသား"

အရှင်သည် ပေပင်ကလေးများကို နာကြည်းစွာ စိမ်းစိမ်းကြည့်နေစဉ်မှာပင် ...

"သွားကြပါစို့ အရှင်"

"အထိန်းတော်ကြီး ရှင်မိအူကို မတွေ့ပါလား"

"အသက်မသေရင် ရှင်မိအူ တစ်နေရာရာမှာ ပုန်းအောင်းနေပါလိမ့်မယ်။ ရန်သူနဲ့ လွန်စွာနီးကပ်နေပါပြီ အရှင်။ ရှာဖွေဖို့ အချိန်မရတော့ပါဘူး"

သူရက အရှင့်ကို သူ၏ မြင်းညိုကြီးပေါ်သို့ ပွေ့တင်လျက် ...

"ဟေ့ .. အရှင့်အတွက် အသေခံဝံ့တဲ့ ရဲမက်တိုင်း ငါ့နောက်က လိုက်ခဲ့ကြ"

အရှင့်နန်းတော်အတွင်းမှ အရှေ့ပေါ်ထွက်လမ်းဆီ တပ်မှူးပါလက ရှေ့မှဦးဆောင်သွားသည်။

အမှောင်က တစ်စစလွှမ်းမိုးစပြု၏။ ထိုအမှောင်ကိုပင်အကာအကွယ်ယူလျက် ..

လျှို့ဝှက်လမ်းမှ ထွက်သည်နှင့် မြို့ရိုးအပြင်ရှိ ကျောက်မောင်းတွေဆင်ထားသည့်နေရာသို့ ရောက်လာ၏။ အရှင့်နန်းဆောင်နှင့် ဗိသနိုးမြို့တော်



www.burmeseclassic.com

ကြီးမှာ မီးတောက်မီးလျှံများ၏ အငြိုးကြီးစွာ ဝါးမျိုခြင်းကို မရှုမလှ ခံနေရရှာ၏။ ပန်ထွာနိုင်ငံတော်ကြီးမှာ ကမ္ဘာမြေပြင်ပေါ်မှ အချိန်အနည်းငယ်အတွင်းမှာပင် ပျောက်ကွယ်တော့မည်။

ရန်သူသည် နန်းတော်ကို ဝင်ရောက်စီးနင်းစဉ် ဘုရင်မကြီးကို မတွေ့သဖြင့် အမျက်ဒေါသပြင်းစွာ ထွက်၍ အရှင့်နန်းကို မီးတင်ရှို့လိုက်ဟန်တူ၏။

အားလုံး ကြိတ်မနိုင်ခဲမရဖြစ်သည်။ အံကြိတ်သံ၊ တက်ခေါက်သံတို့သည် အဟုန်ပြင်းစွာ ပြေးလွှားနေသည့် မြင်းခွာသံများနှင့်အပြိုင်ပင်။

ဆုတ်ခွာလာသည့်တပ်ကို ဥက္ကာက လမ်းပြ၍ ဒုတိယလျှို့ဝှက်လမ်းတည်ရှိရာ သူတို့နေထိုင်သည့် သုသာန်တစပြင်ကြီးဆီ ဦးတည်ခဲ့၏။ ရန်သူကို အဆင့်ဆင့် မျက်ခြေပြတ်နိုင်ရန်ဖြစ်သည်။ ရန်သူများထဲတွင် ဗိသနိုးမြို့သား သစ္စာဖောက်များပါဝင်နေသဖြင့် အရှင့်နန်းတော်တွင်တည်ရှိသည့် လျှို့ဝှက်လမ်းကြောင်း တစ်စွန်းတစ်စ သိသူများ ပါဝင်နိုင်သည်။ ထို့ကြောင့် ပို၍လုံခြုံစိတ်ချရသော ဥက္ကာတို့ သုသာန်သင်္ချိုင်းကြီး၏ မြေတိုက်ခန်းထဲမှ အင်ကြင်းတောထဲထိပေါက်သော လမ်းကြောင်းကိုသုံးရန် ရည်ရွယ်ခြင်းဖြစ်လေသည်။

သူရက ဘုရင်မကြီးကို ရင်ခွင်မှာ မှေးမှိစေလျက် မြင်းညိုကြီးကို အသော့နှင်၍လိုက်ခဲ့၏။ ကြယ်ရောင်ဖြိုးဖျမှာပင် သင်္ချိုင်းဇရပ်ကြီးသို့ ရောက်လာ၏။ မြင်းများရော လူများပါ ကျောက်ဇရပ်ကြီးအတွင်း ဝင်ခဲ့၏။ အားလုံး လျှို့ဝှက်မြေတိုက်ခန်းထဲ ရောက်ချိန်တွင် ဥက္ကာမြေတိုက်ခန်း ကျောက်တံခါးကြီးကို ပိတ်ပစ်လိုက်သည်။

သူရက ဘုရင်မကြီးကို ထွေးပွေ့ထားရာမှ အောက်ချပေးလိုက်၏။ အရှင်က တအံ့တသြဖြင့် မြေတိုက်ခန်းကြီးကို လှည့်ပတ်ကြည့်ရှု၏။

အခန်းထောင့်တစ်နေရာတွင် ကုပ်ကုပ်ကလေးရပ်လျက်ရှိသော ဆံပင်ဖြူဖြူ အသားမည်းမည်းနှင့် အရုပ်ဆိုးဆိုးမိန်းမကြီးသဏ္ဍာန် ရုပ်ဖျက်ထားသော စိတ္တာဆီသို့ မျက်လုံးအရောက်တွင် အကြည့်ရပ်တန့်သွား၏။ ဥက္ကာက ရပ်နေရာမှ ရှေ့တစ်လှမ်းတိုးလိုက်ရင်း ...

“သူက ကျွန်တော်မျိုးရဲ့ညီမ စိတ္တာပါ အရှင်၊ ကျွန်တော်မျိုးတို့ဟာ ဒီသုသာန်မှာနေတဲ့ ဒွန်းစဏ္ဍားမောင်နှမဖြစ်ပါတယ်”

အရှင်က ခေါင်းကို တဆတ်ဆတ် ညိတ်လျက် ...

“အင်း ဒွန်းစဏ္ဍားပင်ဖြစ်လင့်ကစား ငါ့အပေါ်သစ္စာစောင့်သိကြတဲ့အတွက် သင်းတို့တွေရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးကွယ်”

အရှင့်အသံက အားအင်ချိနဲ့လွန်းနေ၏။

ဥက္ကာက စိတ်ခတ်ကျနေရှာသည့် အရှင့်ကို အားပေးစကားပြော၏။

“အားတင်းထားပါ အရှင်၊ ဟောဒီမှာ ကျွန်တော်မျိုးတို့အတွက် လူသူလက်နက်စုဆောင်းဖို့ ရွှေတွေအများကြီးရှိပါတယ်။ ဒွတ္တဘောင်ကို တစ်နေ့လက်စားချေနိုင်မှာပါ”

ဘုရင်မကြီးက အားလုံး[illegible] ကျေးဇူးတင်မဆုံး မျက်လုံးတွေ[illegible] ကြည့်၏။ တပ်ဖွဲ့ဝင်တွေက ဒွန်းစဏ္ဍား ရတနာသိုက်မှ ရွှေများကို သယ်[illegible] သမျှ သယ်ခဲ့ကြ၏။

ထို့နောက် ...

အချိန်မဆိုင်းကြတော့ဘဲ လှ[illegible] မြောက်နယ်မြေဆီ ဦးတည်၍ ခရီးဆ[illegible] ကြသည်။ အပြင်းစိုင်းနှင်နေသည့် မြ[illegible] ခွာသံများက မြေအောက်ဥမင်လို[illegible] လမ်းမှာ ပဲ့တင်နေ၏။

အရှင့်ကို ဖေးကူ၍ မြင်းကိုစိ[illegible] နှင်ခဲ့သည့် သူရအဖို့ အရှင့်ကိုယ်သ[illegible] နံ့ကို ရှိုက်ရှူရင်း ပန်ထွာနိုင်ငံတေ[illegible] ကြီး၏ အရှင်သခင်အဖြစ်မှ လျော[illegible] ခဲ့ရှာသည့် နန်းကျဘုရင်မကြီးအတွ[illegible] ကြေကွဲမဆုံးပါလေတော့။

ဥမင်လိုဏ်လမ်းအဆုံးအင်ကြ[illegible] တောထဲသို့ ရောက်ချိန်တွင် အရှေ့မှ[illegible] ရောင်နီပျိုးလျက်ရှိပြီ။ မြင်းမဏိတော[illegible] တန်းကြီးက ဟီး .. အဝေးဆီမှာ မှ[illegible] ပျပျ။

မင်းမဟာကျော်[illegible]

ရှေ့လဆက်ရန်...



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



# ဘသက်ဆွေ
## အိုင်အိုချစ်ကောင်း နှင့် အတိတ်ဟောင်း





www.burmeseclassic.com

www.burmeseclassic.com


''တစ်လုံးပဲလား အစ်ကို''

''တစ်လုံးပဲပေါ့ဟ၊ ထုံးစံပေါ့ ..။ ...ကလည်း အဆန်းကြီးလုပ်ပြီး မေး ...ပြန်ပြီ ..ဟား ..ဟား ..ဟား''

အရက်ရောင်းသောကောင်မလေး ...သံနှင့်တဆက်တည်းလိုပင်ယောက်ျား ...စ်ယောက်၏အသံကို ကြားလိုက်ရ ...သည်။ အားရပါးရ ရယ်လိုက်သံမှာ ...ထဲစွဲသွားသည်။ အသံမှာ ပြာနှမ်း ...ဖြစ်သည်။ အကျင့်ပါနေသော နား ...မျက်စိအာရုံသည် လက်တို့ပြီးသား ...သွားပါ၏။

ကျွန်တော် နောက်ဘက်ကို ...သာလေး စောင်းငဲ့ကြည့်လိုက်မိ ...သည်။

□

အသက်(၃၀)ကျော်ခန့် လူတစ်ယောက်။ တောဆောင်းစစ်ဦးထုပ်အဟောင်းကို ခေါင်းမှာဆောင်းထားသည်။ ၄၀ ဝပ်အား လျှပ်စစ်မီးတစ်ပွင့်၏အလင်းရောင်ဖြင့်ပင် သေသေချာချာ မြင်နေရပါသည်။ တုတ်ခိုင်သော ကိုယ်လုံး၊ ဗလကောင်းကောင်းနှင့် ဂင်တိုတိုလူသည် စွေစောင်းသော မျက်လုံးအစုံဖြင့် အရက်ဆိုင် တဲကလေးထဲ ဝေ့ဝဲကြည့်နေသဖြင့် ကျွန်တော်က ပြန်ပြီးကျောခိုင်းလိုက်ရသည်။ လွယ်ထားသော လွယ်အိတ်အဟောင်းကလေးကို မသိမသာပြန်စမ်းကြည့်ပြီး အားငယ်သလို ခံစားလိုက်ရပါ၏။

အရက်ဆိုင်ကလေးမှာ သားသားနားနားမရှိပါ။ ဓနိတဲကလေးမျှသာ ဖြစ်သည်။

ကြမ်းပေါ်မှာ ဝိုင်းထိုင်ပြီးသောက်နေကြသော အသောက်သမားတချို့ ရှိသည်။ တစ်ဦးတည်းသောက်နေသူ၊ နှစ်ယောက်တစ်တွဲသောက်နေသူနှင့် ကျွန်တော်တို့သာ ရှိသည်။ ကျွန်တော်တို့ဆိုသည်မှာ ကျွန်တော်အဖော်ခေါ်လာသော သတင်းပေးတင့်မောင်နှင့် ကျွန်တော်သာဖြစ်သည်။

တောအရက်တစ်ပိုင်းမှာပြီး တင့်မောင်ကို ကျွန်တော်တိုက်နေခြင်းဖြစ်သည်။ တင့်မောင်က ဒုစရိုက်မှုဖြစ်တတ်သော နေရာတွေကို လှည့်ပြနေခြင်းဖြစ်သည်။

''ငါးကြော်ရှိသလား၊ ပေး .. ပေး တစ်ကောင်ပေးစမ်း ညီမလေး''

ကိုသံပြာ၏အသံ ထပ်ကြားရပြီး တဲထောင့်ဆီသို့ လျှောက်သွားသော ခြေသံကိုပါ ကြားရသည်။ မသိမသာ စောင်းငဲ့ကြည့်မိပြန်သည်။ သူက အကျအန တင်ပလ္လင်ခွေထိုင်ပြီး ရေတစ်ခွက်နှင့် အရက်ခွက်ကိုကိုင်လေပြီ။ ယမကာ၏ ရသနှင့် ထိုင်ရစ်တော့မည် ဖြစ်သည်။

''အဲဒီ ငနဲက ဘယ်သူလဲကွ''

တင့်မောင်ကိုခပ်တိုးတိုးမေးရသည်။

''ကြက်လှမောင်တဲ့ ဆရာ၊ ကြက် သမား ဖဲသမားပေါ့။ ကြက်ကို ဝါသနာ ပိုကြီးတယ်''

''ဘာအလုပ် လုပ်သေးလဲ''

''ဘာမှမလုပ်ဘူး၊ မိန်းမက ဈေးရောင်းတယ်။ သူက ဖဲဝိုင်းတကာ၊ ကြက်ဝိုင်းတကာ လိုက်နေတာပဲ''

လူဆိုသောသတ္တဝါသည်
မိမိကို ဒုက္ခပေးသွားသူအား
ဆယ်ကမ္ဘာခြားစေဦး၊
မေ့လွယ်ပျောက်လွယ်မရှိတတ်ပါ။
အမာရွတ်ကိုစမ်းကြည့်မိသော
ကေးဝင့်ပုဏ္ဏားကဲ့သို့ ...


www.burmeseclassic.com

www.burmeseclassic.com


"ဩော် ‥ ကြက်လှမောင်ဆိုတာကိုး"

"ဆရာသိသလား"

"မသိပါဘူး၊ ကြားဖူးသလားလို့ပါ။ ငါက ခုမှ ဒီကိုရောက်တာ ၆ ရက်ပဲရှိသေးတာကွာ၊ မင်း သိသားပဲ"

နောက်တစ်ကြိမ်ထပ်ကြည့်လိုက်သောအခါ တိုက်ဆိုင်ခြင်းပဲလားမသိ။ ကြက်လှမောင်နှင့် ကျွန်တော် မျက်လုံးချင်းဆုံသွားသည်။ ကျွန်တော်က မျက်နှာလွှဲလိုက်ရသည်။

သူ့အရက်ပုလင်း ထက်ဝက်ကျိုးသွားသည်ကိုလည်း သတိပြုမိသည်။ သည်ကောင်က အရက်ကိုခပ်မြန်မြန်သောက်လေ့ရှိသည်ပဲ။ ကျွန်တော် ပြုံးလိုက်မိသည်။

ကြက်လှမောင်တဲ့၊ လုပ်လိုက်ပြန်ပြီလား ငွတိုရယ်။ တတ်နိုင်ပါပေ့။ ဒါပေမဲ့ ရောက်လေရာမှာ အသက်မွေးဝမ်းကျောင်းဖြစ်သော ကျွမ်းကျင်ရာကြက်နှင့်ဖဲကိုတော့ သည်ကောင်မစွန့်လွှတ်နိုင်ရှာပါလား။ တစ်တန်းတန်း စွဲလမ်းလှပါချေ၏။

ကြုံမှကြုံ၊ ဆုံမှ ဆုံရလေခြင်း ငွတိုရယ်။

+++

လူဆိုသောသတ္တဝါသည် မိမိကိုဒုက္ခပေးသွားသူအား ဆယ်ကမ္ဘာခြားစေဦး၊ မေ့လွယ်ပျောက်လွယ်မရှိတတ်ပါ။ အမာရွတ်ကိုစမ်းကြည့်မိသော ကေးဝင်္ဂပုဏ္ဏားကဲ့သို့ ကျွန်တော် မချိပြုံးပြုံးမိရသည်။

လွန်ခဲ့သော ရှစ်နှစ်ခန့်က ဖြစ်သည်။

ကျွန်တော်က သင်တန်းဆင်းပြီး ဒု–လုံခြုံရေးမှူးကလေးဘဝ။ မနုမနပ်သေးသော စိမ်းဆတ်ဆတ်ရဲပေါက်စ။ အိုင်အိုချစ်ကောင်းသည် မြို့နယ်တစ်ခုမှာတာဝန်ကျခဲ့သည်။ နယ်ထိန်းအဖြစ်တာဝန်ယူခဲ့ရသည်။ သည်မှာပင် ငွတိုခေါ် ဖိုးမိုန်နှင့်ကျွန်တော် ဖူးစာဆုံခဲ့ရ၏။ ငွတိုမှာ နဂိုက အရက်သမား၊ ဖဲသမား ကြက်သမားမျှသာဖြစ်သည်။

လက်ရဲဇက်ရဲနှင့် မိုက်သည်ဟုလည်း ကျော်ကြားသည်။ သို့သော် အမှုကြီးများကို မကျူးလွန်ခဲ့ဖူးပါ။ အရက်ဝိုင်းမှာရိုက်မှု၊ ဖဲဝိုင်းမှာ မူးပြီးရမ်းမှု၊ ကြက်ဝိုင်းမှာ မိုက်ကြေးခွဲမှုစသည်တို့သာ ရှိသည်။

မိန်းမက အကြော်လှည့်ရောင်းပြီး ရှာဖွေကျွေးသည်။ က‌လေးမရှိပါ။ နှစ်ယောက်တည်းနေကြသည်။ တစ်နေ့တွင် ဖဲဝိုင်းမှာ ဓားထိုးမှုဖြစ်သည်။ အထိုးခံရသူမှာ ဆေးရုံအရောက် သေဆုံးသွားသည်။ ငွတိုက အဖမ်းမခံဘဲရှောင်နေသည်။ ကျွန်တော်တို့ (၃)လခန့်အပြင်းအထန်စုံစမ်းသည်။ သတင်းထောက်လှမ်းသည်။ ခြေရာပျောက်နေသည်။ ကျွန်တော်ခေါင်းခဲရသောအချိန်ဖြစ်ပါ၏။

ကံကောင်းသည်လို့ ဆိုရမလားမသိ။ တစ်ညတွင် ငွတိုသည် သူ့မိန်းမထံ အရက်မူးမူးနှင့် လာတွေ့သည်ဟုသတင်းအတိအကျရလိုက်သည်။

သတင်းရချိန်မှာ ည ၉ နာရီခန့်ရှိပြီ။ စခန်းမှူး၏ တာဝန်ပေးချက်အရ ကျွန်တော်နှင့်အဖွဲ့သည် သူ့အိမ်ရှိရာသို့ အလျှင်အမြန် ချဉ်းကပ်သည်။ ကင်းပုန်းဝပ်သည်။ သတိကြီးစွာနှင့် စောင့်သည်။

ည ဆယ်နာရီခန့်ကျော်ကျော်[illegible] ငွတိုနှင့် သူ့မိန်းမ မခင်မြအသံ တိုး[illegible] တိုးတိုးနှင့် ကျိတ်ပိုးထိုးသံ ကြာ[illegible] သည်။ ကျွန်တော်တို့က အိမ်ကိုဝိုင်း[illegible] ခေါ်ထုတ်သည်။ မရသည့်အခ[illegible] အတင်းဝင်သည်။ ကျွန်တော်ကံ[illegible] သည်။ ငွတိုမှာ ဆွဲနေသော ထရံ[illegible] ဆောင့်ကန်ပြီး နောက်ဖေးလမ်းကြာ[illegible] ခုန်ဆင်းပြေးသည်။

ညဥ့်အမှောင်က သူ့ကို အက[illegible] အကွယ်ပေးထားလိုက်ပုံရသည်။ ငွ[illegible] လွတ်သွားသည်။

ကျွန်တော်တို့အဖွဲ့မှ ရဲသားဝ[illegible] တင်မှာ ငွတိုဓားနှင့်တွတ်သွားသဖြ[illegible] လက်မောင်းမှာ ဒဏ်ရာရပြီး ကျ[illegible] သည်။ ကျွန်တော်လည်း အပိုင်ကြ[illegible] ဖြစ်လျက် ငွတိုကို မမိသောကြော[illegible] နာမည်ပျက်၍ မျက်နှာငယ်ခဲ့ရပါသည်[illegible]

မကြာမီ ယခုရှိနေသော မြို့နယ[illegible] ရဲစခန်းလေးသို့ အပြောင်းအရွှေ့ခံ[illegible] သည်။ ရာထူးတက်ဖို့ကား မစဉ်းစား[illegible] ပါ။ ဒုက္ခပေးသွားသော ငွတိုကို ကျ[illegible] တော်မကြာခဏ သတိရသကဲ့သို့ အ[illegible] မကျေဖြစ်ခဲ့ရပါ၏။

ယခုတော့ ငွတိုကို လွန်ခဲ့သော[illegible] ရှစ်နှစ်ကအတိုင်း ပြန်တွေ့ရပြီ။ မြို့နယ[illegible] ချင်းတော့ မတူတော့ပါ။ နယ်ကျော်ပြီး[illegible] ပြေးခဲ့ခြင်းဖြင့် လုံခြုံပြီဟု ထင်နေပုံ[illegible] သည်။ ရာဇဝတ်ဘေးကား နယ်ကျော်[illegible] သွားရုံနှင့် ပြေးလွတ်မည်ထင်လျှင် ငွတ[illegible] မှားခြင်းကြီးမှား မှားလေမည်။

လယ်ပြင်မှာ ဆင်နဲ့ကျား ဘွား[illegible] ခနဲ တွေ့ကြလေပြီ၊ ကျွန်တော်က ကျ[illegible] လား ‥ သူက ဆင်လား (သို့) ကျွန်[illegible] တော်က ဆင်လား ‥ သူက ကျားလား[illegible]


www.burmeseclassic.com

www.burmeseclassic.com


အင်း ‥ လွတ်အိတ်ကလေးစမ်း ဦး ရွှေအားငယ်ရသူက ကျွန်တော်။ ့ငါ့ဗလနှင့် ကျွန်တော့်ဗလမှာ ဆင်နှင့် ဆိတ်ဖြစ်သည်။ တစ်ခုပဲရှိသည်။ သူက ့နေသည်။

ကျွန်တော်က သောက်ထားသူ ပော့တ်။

ကျွန်တော်က ကြံနီးကီးစမ်းဟု ား‌ထင်ကို လက်ညိုးထောက်ပြီး စဉ်း ားဖို့ အချိန်မရမီမှာပဲ အနီးမှာ စွေ့ခနဲ င်ထိုင်သူကို လှည့်ကြည့်မိ၏။

လား ‥ လား မောင်မင်းကြီး သား ဂွတို၊ အဲလေ ‥ ကြက်လုမောင်၊ ညော် ‥ ပိုက်ကိုဝင်တိုးပြီပေါ့လေ။

သူက မျက်ထောင့်နီကြီးနှင့် ကျွန်တော့်ကို ကြည့်ပြီး ခပ်ထန်ထန်မေး သည်။

"မင်းကို ငါမြင်ဖူးတယ်။ ဘယ် ဝိုင်းမှာလဲ မသိဘူးကွ။ မင်း ဘယ်က လဲ"

အားပါး ‥ သူလူမှားပြီး ကျွန် တော့်ကို သူ့လိုပဲ ကြက်သမားဖဲသမား ထင်ပုံရသည်။ ကျွန်တော် ချော်လဲရော ထိုင်ရုံမက အိုင်ထဲက ရေကိုပါ ချိုးရ တော့မည်။

သို့ပေမယ့် ကျွန်တော် ချော်မလဲ ချင်တော့ပါ။ ဒေါသ ထောင်းခနဲထ သည်။ အတိတ်သည် ရှေ့ကရောက် လာသည်။



ထိုစဉ်က
ကျွန်တော့်
လွယ်အိတ်ထဲမှာ
နေ့စဉ်မှတ်တမ်း
စာအုပ်ကလေးပဲပါသည်။
လက်ထိပ်နှင့်
ကိုင်နေကျသေနတ်ကို
မယူဖြစ်ခဲ့ပါ။
နို့ လွယ်အိတ်ထဲကနေပြီး
ဘာကြီးနှင့်
ချိန်ဖမ်းတာလဲဟု
မေးပါပြား ကျွန်တော့်
လှို့ဝှက်ချက်ကို
ဖွင့်ပြောချိန်တန်ပြီ
ဖြစ်၍
...


www.burmeseclassic.com

www.burmeseclassic.com


''မင်း မမှတ်မိဘူးလား ဂွတို''

''ဘာကွ''

''ဂွတို ..ငြိမ်ငြိမ်ကလေး အဖမ်းခံပါ''

''ဟာ ..မင်း ..ရဲ ..ရဲ ..လား''

ကျွန်တော်က လွယ်အိတ်ထဲ လက်လျှိုလိုက်ရင်း ထမည်ပြုသည်။ ဂွတိုကလည်း မြန်သည်။ ခြေသလုံးမှာ ကပ်ပြီးပတ်ထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

ကျွန်တော်က သူ့ထက်လျှင်သည်။ လက်ဝါးစောင်းနှင့် သူ့လည်မျိုကို ဆတ်ဆတ်ကလေးပင် ခုတ်လိုက်သည်။ သူ့ခြေထောက်တစ်ဖက်ကလည်း ကျွန်တော့်ရင်ဝကို လာထိသည်။ သူ့ခြေကန်အား မပြည့်နိုင်ပါ။

ဂွတိုလက်ထဲမှဓားကို ဆုပ်ကိုင်ပြီး ပက်လက်လဲကျသွားသည်။

ကျွန်တော်က ထရပ်ပြီး လွယ်အိတ်ထဲမှပင် လှမ်းချိန်လိုက်ရသည်။ လက်ဆန့်ချိန်ရသည်။

''ဟော့ကောင် ဂွတို၊ တစ်ချက်တည်း အသက်ပျောက်သွားမယ်သိလား။ လက်ထဲကဓားကို ချလိုက်စမ်း''

လွယ်အိတ်ထဲက စူထွက်နေသော ပြောင်းဝကို သူကြည့်လိုက်ပြီး ငိုင်သွားသည်။ တွေဝေသွားသည်။

''ထဖို့ မကြိုးစားနဲ့၊ တစ်တောင့်တည်းပဲ။ မင်းရင်ထဲဝင်ပြီး မွှေ့သွားမယ်။ ဒီတစ်ခါ မင်းအလှည့်ပဲ တော်တော်ဒုက္ခပေးတဲ့ကောင်''

''ဟော့ မဆိုင်တဲ့လူတွေ ငြိမ်ငြိမ်နေ၊ ဂွတို လက်ထဲက ဓားချလိုက်''



တောက်ခေါက်သံတစ်ချက်နှင့် အတူ ဂွတိုလက်ထဲမှဓား ကျွန်တော့်ခြေရင်းကျလာသည်။ ဓားကိုလျှင်မြန်စွာ ကောက်ယူကာ ဂွတိုကို လက်ပြန်လိမ်ချုပ်ပြီး ဝမ်းလျားမှောက်ထားလိုက်သည်။

နာကျင်သဖြင့် အီးခနဲ အသံပင် သူ့ဆီမှ ထွက်သွားသည်။ ကျွန်တော့်အနီးမှ ကြိုးတန်းကို ဓားနှင့်ဆွဲဖြတ်လိုက်သည်။ နိုင်လွန်ကြိုးဖြစ်သည်။ အဝတ်လှမ်းကြိုးဖြစ်သည်။ ရုန်းလို့ကန်လို့ ပြတ်ထွက်ဖို့မလွယ်ပါ။

''ဟော့ ..သူ့လက်ကို သေသေချာချာချည်စမ်းကွာ''

တင့်မောင်ကို ချည်ခိုင်းရသည်။ တင်မောင်ကလည်း သေသေချာချာ လက်ပြန်ကြိုးတုတ်သည်။ ကြိုးတစ်စကို ကျွန်တော်ဆွဲပြီး ကျွန်တော့်လက်မှာ ပတ်ထားလိုက်သည်။

သည်တစ်ခါ ပြေးစမ်း ..ပြေးစမ်း။

''ခွေးကောင် ..မင်း ငါ့ကို မှတ်မိပြီမဟုတ်လား။ မြို့မရဲစခန်းတုန်းက ညကြီးမင်းကြီးလာဖမ်းတာ ငါပဲ။ အဲဒီတုန်းက မင်းကံကောင်းလို့ လွတ်သွားတာပေါ့ ဂွတိုရာ''

ဂွတို ခွန်းတုံ့မပြန်တော့ပါ။ ကျွန်တော်ပြုသမျှ နုနေရတော့သည်။

လွန်ခဲ့သော ရှစ်နှစ်ကာလမှ အကြွေးကို အခုမှ ကျွန်တော်ရလေတော့သည်။ ကျွန်တော် လောဘကြီးသည်ပဲဆိုဆို၊ အတိုးပါ လိုချင်နေပါသည်။ ထိုအတိုးမှာ ကျွန်တော့်နာမည်ကောင်းနှင့် ရာထူးတိုးခြင်းပဲ ဖြစ်ပါ၏။

+++

ဂွတို ထောင်(၁၀)နှစ်ကျပြီး ဘီးလင်းရဲဘက်စခန်းမှာ မိုက်ကြွေးကို ချေးဖြင့်ပေးဆပ်ရသည်။

ဂွတိုကို အရက်ဆိုင်လေးထဲမှာ ဖမ်းစဉ်ကာလက အဖြစ်ကို ပြန်တွေးမိတိုင်း ကျွန်တော် နောင်တဖြင့် ပြုံးမိရသည်။

ထိုစဉ်က ကျွန်တော့်လွယ်အိတ်ထဲမှာ နေ့စဉ်မှတ်တမ်းစာအုပ်ကလေးပဲပါသည်။ မြို့မရဲစခန်းရောက်ကာစ နယ်မြေလေ့လာရေးထွက်လာခဲ့ခြင်းသာဖြစ်၍ လက်ထိပ်နှင့် ကိုင်နေကျ သေနတ်ကို မယူဖြစ်ခဲ့ပါ။

နို့ လွယ်အိတ်ထဲကနေပြီး ဘာကြီးနှင့်ချိန်ဖမ်းတာလဲဟု မေးပါပြား ကျွန်တော့်လျှို့ဝှက်ချက်ကို ဖွင့်ပြောချိန် တန်ပြီဖြစ်၍ ပြောပါမည်။

''လက်ညှိုးကြီးပေါ့ဗျာ''

ဘသက်


www.burmeseclassic.com

www.burmeseclassic.com



# ထွန်းအောင်လှိုင်

## ဥပဒေဗဟုသုတပျိုးခင်း






www.burmeseclassic.com

ဥပဒေတစ်ခုကို ပြဋ္ဌာန်းမည်ဆိုပါက ပြဋ္ဌာန်းလိုက်သည့် ဥပဒေ၏ သဘောသဘာဝကိုလိုက်၍ ကင်းလွတ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားသည်များ ရှိတတ်ပါသည်။

အမှုကြီးတစ်ခုတွင် တရားခံအများအပြားပါဝင်ပတ်သက် ကျူးလွန်ခဲ့ကြပြီး အမှုမှန်ဖော်ထုတ်ရေးအတွက် အခက်အခဲရှိလျှင်သော်လည်းကောင်း၊ အမှုဖြစ်စဉ် အသေးစိတ်ကို သိရှိနိုင်ရန် တရားခံများအထဲမှ (၁)ဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၈ အရ ဖော်ကောင်ပြုလုပ်စေပါသည်။

၎င်းဖော်ကောင်သည် အမှုအဖြစ်အပျက်မှန်ကို အသေးစိတ်ထွက်ဆိုမည်ဆိုပါက အမှုပြီးဆုံးသည့်အခါ ၎င်းကျူးလွန်သည့် ပြစ်မှုအတွက် ကင်းလွတ်ခွင့်ရပါသည်။ တစ်နည်းဆိုသော် ၎င်းအား ဥပဒေအရ အရေးယူခြင်းမှ ခြွင်းချက်ပြု၍ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုခြင်းပင် ဖြစ်သည်။

ထို့အတူ ပြစ်မှုဆိုင်ရာဥပဒေ၊ အခြားသော ဥပဒေများတွင်လည်း ခြွင်းချက်ပြုထားသည့် ကင်းလွတ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားပေသည်။ အချို့သော ဥပဒေများတွင် ပြစ်မှုကျူးလွန်ခြင်းမမြောက်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသော်လည်း ၎င်းဥပဒေနှင့်ပတ်သက်သည့် အမှုများတွင် အမြင့်ဆုံးတရားရုံးချုပ်က ပြစ်မှုမမြောက်ဟု ဆုံးဖြတ်ထားသည့် စီရင်ထုံးများစွာရှိပါသည်။

ပြစ်မှုဆိုင်ရာဥပဒေတွင် အခန်းပေါင်း(၂၂)ခန်းရှိပြီး ပုဒ်မပေါင်း ၅၁၁ ခုရှိပါသည်။ ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီးဥပဒေ)သည် ပြစ်မှုဆိုင်ရာဥပဒေများအတွက် အများဆုံးအသုံးပြုသည့် ဥပဒေဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေ၏ အခန်း(၄၁) ပုဒ်မ ၇၆ မှ ၉၅ အထိ ပြဋ္ဌာန်းချက်များတွင် ကင်းလွတ်ရမြဲအချက်များကို ပြဋ္ဌာန်းထားပါသည်။ ယင်း ကင်းလွတ်ရမြဲအချက်များကို လေ့လာကြည့်မည်ဆိုပါက ပြဋ္ဌာန်းထားသည့် ဥပဒေများအရ အကျုံးဝင်လျှင် ပြစ်မှုမမြောက်ပါ။

အချို့ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းချက်အရပင် လုံးဝပြစ်မှုမမြောက်ဘဲ ကင်းလွတ်ခွင့်ပြုထားပါသည်။ သို့သော် အချို့သော ပြဋ္ဌာန်းချက်များတွင်မူ သတ်မှတ်ထားသည့် စည်းကမ်းဘောင်အတွင်း ကျရောက်မှသာ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။

ယင်းသို့သော ကင်းလွတ်ရမြဲအချက်များအနက်မှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုလုပ်မှုသည် ပြစ်မှုမမြောက် ကြောင်း ပြဋ္ဌာန်းချက်ကို တင်ပြလိုပါ သည်။

''စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ် အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့ သော သဘောရှိသည်ကိုလည်းကောင်း၊ ဥပဒေအရမမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်း ကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှု သည် ပြစ်မှုမမြောက်'' ကြောင်း ပြစ်မှု ဆိုင်ရာဥပဒေ ပုဒ်မ ၈၄ တွင် ပြဋ္ဌာန်း ထားသည်။ ယင်းဥပဒေပြဋ္ဌာန်းချက်၏


ဖော်ပြပါ
စီရင်ထုံးအရ
ပြစ်မှုကျူးလွန်သူသည်
စိတ်ပေါ့သွပ်သူ
ဖြစ်ကာမှုဖြင့်
ပြစ်မှုကင်းလွတ်ခွင့်
ရနိုင်မည်မဟုတ်ပါ။
ပြစ်မှုကျူးလွန်ချိန်၌
မိမိ၏ ပြုမှုမှုကို
မသိနားမလည်ဘဲ
ပြုလုပ်မှသာ
ကင်းလွတ်ခွင့်ရနိုင်မည်
ဖြစ်ပါသည်...



www.burmeseclassic.com

ည်းမွယ်ရင်းမှာ စိတ်ပေါ့သွပ်နေသဖြင့် ်ကို မိမိမသိနိုင်သည့်အတွက် ကျူးလွန်သည့်ပြစ်မှုမှ ကင်းလွတ်ခွင့် ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ်ဝေဒနာခံစားနေရသူ(စိတ်မနှံ့သူ) ပြုလုပ်မှုမှာ ပြစ်မှုမမြောက်ဟု ဆိုလို ်သည်။

ဤသို့ဆိုပါက စိတ်ပေါ့သွပ်သူ (ား)၏ ပြုလုပ်သော၊ ကျူးလွန်သော ်မှုသည် ပြစ်မှုမမြောက်ဟု ယူဆရန် ်တ်ပါ။ ဤနေရာတွင် ထပ်မံရှင်း




င်းရန် အချက်တစ်ချက်ကျန်ပါသေး ည်။ ဥပဒေအရရူးသွပ်သည်ဆိုခြင်း ဆေးဘက်ဆိုင်ရာ ရူးသွပ်ခြင်းနှင့် ူပေ။ ဆေးပညာသဘောတရား ရ မူရင်းအတိုင်း မရှိသည့်စိတ်ကို းသွပ်သည့်စိတ်ဟု ခေါ်ဆိုနိုင်မည်ဖြစ် ်လည်း ဥပဒေအရဆိုပါမူ ပြစ်မှု ူးလွန်စဉ် အချိန်၌ တရားခံသည်

ပုဒ်မ (၈၄)တွင် ပြဋ္ဌာန်းထား ည့်အတိုင်း စိတ်ချွတ်ယွင်းနေမှသာ းသွပ်နေပါသည်ဆိုသော ထုချေချက် ် တင်ပြနိုင်မည်ဖြစ်ပါသည်။ ပုဒ်မ (၈၄)နှင့် အကျုံးမဝင်ပါက ပြစ်မှုကျူး လွန်သူတရားခံသည် လူကောင်းတစ် ယောက်ဖြစ်သည်ဟု မဆိုနိုင်စေကာမူ ကင်းလွတ်ခွင့်မရနိုင်ကြောင်း ကန်လု နှင့် အစိုးရ(၁၉၁၄–၁၉၁၆) အတွဲ ၂၊ အထက်မြန်မာပြည်စီရင်ထုံး စာ–၂၈ တွင် လမ်းညွှန်ထားသည်။ ရူးသွပ်သူ မှာ ပြစ်မှုကျူးလွန်တိုင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၈၄ အရ ကင်းလွတ်ခွင့် ရနိုင်မည်မဟုတ်ပေ။

တရားခံဖြစ်သူသည် နစ်နာသူ၏ ခြံရှေ့တွင်ရပ်နေရာ နစ်နာသူက "ငါ့ ညီ ဒီနေရာမှနေကာ ပိုက်ဆံတောင်း ချင်ရင် ဟိုဘက်သွား" ဟု ပြောရာ တရားခံက မည်သို့မျှမပြောဘဲ အိမ်ခြံ ဝင်းထဲဝင်လာကာ ကတ်ကြေးဖြင့် ၃ ကြိမ်ထိုးကြောင်း တွေ့ရသည်။ နစ်နာ သူထံသို့ အခြားသောသူများ ရောက်ရှိ လာသည့်အခါ တရားခံဖြစ်သူက "မင်းတို့နဲ့မဆိုင်ဘူး ဝင်မရှုပ်နဲ့၊ မဆိုင် သူ ရှေ့မတိုးနဲ့" ဟု ပြောကာ ခြံထဲမှ ထွက်သွား၏။

ယင်းအမှုကို တရားရုံးချုပ်က ဆုံး ဖြတ်သည်မှာ အချင်းဖြစ်ချိန်က တရား ခံသည် စိတ်ဝေဒနာခံစားနေရသူဖြစ် ကြောင်း၊ သက်ဆိုင်ရာစိတ်ရောဂါ အထူးကုဆရာဝန်၏ ဆေးစာအား နည်းလမ်းတကျ တင်ပြနိုင်ခြင်းမရှိ သည့်အပြင် အချင်းဖြစ်ချိန်ကတရားခံ သည် စိတ်ဝေဒနာခံစားနေရသူတစ်ဦး ဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၈၄ အရ ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်မည်မဟုတ် ကြောင်း "ကိုသက်ဦးနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ်၊ မြန်မာ နိုင်ငံတရားစီရင်ထုံး စာ–၁၀၈ တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

အထက်ဖော်ပြပါ စီရင်ထုံးအရ ပြစ်မှုကျူးလွန်သူသည် စိတ်ပေါ့သွပ်သူ ဖြစ်ကာမျှဖြင့် ပြစ်မှုကင်းလွတ်ခွင့်ရနိုင် မည်မဟုတ်ပါ။ ပြစ်မှုကျူးလွန်ချိန်၌မိမိ ၏ ပြုမှုမှုကို မသိနားမလည်ဘဲ ပြုလုပ် မှသာ ကင်းလွတ်ခွင့်ရနိုင်မည်ဖြစ်ပါ သည်။ ထိုကဲ့သို့သော အမှုများတွင် ပြစ်မှုကျူးလွန်စဉ် တရားခံ၏ အပြု အမူ၊ ပြစ်မှုကျူးလွန်ပြီးနောက်တရားခံ ၏ ဆောင်ရွက်ချက်စသည်တို့ကို လေ့လာသုံးသပ်ပြီးမှ ကင်းလွတ်ခွင့်ပြု သင့်မပြုသင့်ဆုံးဖြတ်ရကြောင်း တင်ပြ အပ်ပါသည်။

**ထွန်းအောင်လှိုင်**




www.burmeseclassic.com

www.burmeseclassic.com

# ဗေယျမင်းသျှင်

## ဝိဇ္ဇာတောလား





www.burmeseclassic.com

(၁)

"မော်ဆရာတစ်ယောက် ‥ အခု ခေါ်ပဲ ဆေးရုံတိုက်မှာ ဆုံးသွားပြီတဲ့ ဆရာရေ့ ‥"

"ဟေ ... ဟုတ်ရဲ့လား ... ငါ့လူရာ"

စကားအဖြစ်မို့သာ မေးလိုက်ရခြင်းဖြစ်သည်။ 'မော်ဆရာ'ဟု ကျွန်တော်တို့က နှုတ်စွဲနှုတ်ပြဲနေကြသည့် မိတ်ဆွေကောင်းတစ်ယောက်တရှောင်ရှောင် နဲ့ ဆေးရုံတိုက်ရောက်ခဲ့ရာမှ အကော်ဖြစ်နေပြီဟု ကြားနေမိခဲ့သည်မှာ ကြာခဲ့သလိုပြီ။ နဲ့ကျောက်နဲ့ကျောက်ဖြင့် နေ့သေမလို ညသေမလို အခြေအနေ ရောက်ဆိုးနေပြီဟု သတင်းသဲ့သဲ့ကြားနေခဲ့ရသည်လည်း ခဏ ခဏ။

သို့နှင့်တိုင် သူ့ကို တကူးတက သွားမတွေ့ဖြစ်ခဲ့။ မတွေ့ဖြစ်ဆို သူရောက်နေသည်က ပြစ်ဒဏ်တိုက် Punishment cell ထဲမှာ အလုံပိတ်ပြစ်ဒဏ်ခံနေရပေသည်ကိုး။ ကျောက်ကြီးတို့၊ နွားကြီးနွားလေးတို့၊ ခေါ်တောတို့ လူသိုက်တွေနဲ့ တိုက်ကို မြေအောက်လှိုဏ်တူး၍ ထွက်ပြေးကြဖို့ လှုပ်ရှားကြရာမှာ အခါတော်ပေးမိ၍တဲ့။ ပဲလှော်ကြား ဆားညပ်လေသလား၊ ငြုပ်သီးနှင့်ပေါင်းမိ၍ပင် ရောအထောင်းခံရသည့် ကြက်သွန်ဖြစ်ရှာလေသလား မသိ။

'မော်ဆရာတစ်ယောက် တိုက်ထဲရောက်သွားပြီ'ပဲ ကြားလိုက်ရ၏။ ရောမပြဿနာပုံကြီးထဲ လုံးခြာပတ်လည် လိုက်နေရှာပြီပဲ သိလိုက်ရသည်။ သည့်အချိန်မျိုးမှာ သူနှင့် ခပ်ကင်းကင်းနေလိုက်ခြင်းသည်သာ အကောင်းဆုံးပဲဟု တွေးလျက် တမင်နေခဲ့လိုက်ခြင်းလည်း ဖြစ်သည်။

"အင်းပါလေ ... မော်ဆရာလို လူမျိုးဟာ အလကားနေရင်းကတောင် သူများတစ်တွေ မနေချင်ကြတဲ့ ကြိုးတိုက်အခန်းလွတ်ထဲကို တမင်တောင်းပြီး နေခဲ့ဖူးသေးတဲ့မောင်ပဲ။ ကိစ္စဝိစ္စတွေ အေးသွားမှ သွားတွေ့လိုက်တာပဲ ကောင်းမယ်ထင်ပါရဲ့"

စိတ်ထဲ၌ သည်သို့သာ ပေါ့ပေါ့တွေးထားမိခဲ့၏။ နောက် နိစ္စဓူဝထောင်သံသရာထဲမှာ ဖင်လှည့်ခေါင်းလှည့်ဖြင့် လုံးလည်ချာပြားလိုက်ရင်း မော်ဆရာကို မေ့သွားခဲ့မိပြန်သည်။

ယခုဖြင့်မူ သူမျှ သေရှာပြီတဲ့။ သေနိုင်ပြီး တစ်ကိုယ်လုံး ဖြန်းကနဲ ဖြစ်သွားလိုက်ချင်သေးသည်။

"ကျုပ်‥ ကံလမ်းကပြတ်နေပြီ ဆရာရဲ့၊ ဒီအထဲမှာ ... ကိစ္စငြိမ်းမှာ၊ အဲဒါကတော့ သေချာတယ်၊ မြေကြီး လက်ခတ်မလွဲပဲ"ဟု ကံသေကံမကျိန်း သေကြီး သူ့ကြမ္မာ သူဖတ်ခဲ့ဖူးသေး၏။ ကဲ ယခုဖြင့် သူပြောသည့်အတိုင်းချည်း ပါပဲကလား။

ဪ မော်ဆရာ မော်ဆရာ သတိရ ‥ိသေးတော့သည်။

(၂)

"ကျုပ်ကို ... တိုက်ထဲမှာပဲ ထားပေးပါ ထောင်မှူးကြီး၊ ဒီအတိုင်း အိပ်ထောင်မှ ‥ဆက်နေဖို့ ဘယ်လိုမှ မဖြစ်လို့ပါ၊ ပြကြီးခိုးပါရဲ့၊ ကျုပ်ကို ... ကြိုးတိုက်ခန်းအလွတ် တစ်ခုခုထဲမှာပဲ ထား ထားပေးပါ"

ရော ခက်ပဲခက်ရချည့်။ ထောင်ဆိုသည့်အရပ်မျိုး၌ မကြုံဖူးမကြားဖူးသည့် ‥ခင်းတွေတလော ဆန်းဆန်းကလေးများနှင့် ခုတင်ခုပက်ပင်းခလုတ်တိုက်မိလေ့ရှိတတ်ကြသော်လည်း ယခုလို ပုံနှယ် ကိုယ့်ဘာသာကိုယ် ဖွတ်အတင်း နေသားပါ‥တိုက်ထဲလိုက်ပို့ချင်နေသည့် ဒုံးပေကျွဲရေ့ ပေတိပေစုတ် သူ့ဇောက်တိဇောက်ထိုးမျိုးကိုကား မမြင်ဖူးခဲ့ရိုးအမှန်။

ဘယ့်နှယ်ခင်ဗျာ။

"ဟေ့ ... မိုက်တဲ့ကောင် လက်ညှိုးထောင်၊ ထောင်အပြင်တန်းမရှိဘူးဟေ့" ဆိုသည့် အာပေါ်အာရင်းသန်ချင်တတ်သည့် လူမိုက်ပဂေးကြီးများပင် ထောင်ထဲသို့ ဒုတ်ဒုတ်ထိရောက်ခဲ့လျှင် အလျား ၁၂ ပေ၊ အနံ ၈ ပေ



www.burmeseclassic.com

www.burmeseclassic.com



အမြင့် ၁၃ ပေ အုတ်တံတိုင်းလေးဘက်က အခန်းကျဉ်းကျုတ်ကျုတ်မှောင်မဲမဲလေးထဲမှာ နေ့ရှေ့ညည နှစ်ပွင့် ဖင်မလှည့်သာ ခေါင်းမလှည့်သာ နေရ၊ ထမင်းစားတော့လည်း သည်နေရာ၊ အိပ်တော့လည်းသည်ကြမ်းပြင်၊ မတ်တပ်ရပ်လည်း သည်အခန်း၊ ကျောခင်းမည်ကြံပြန်တော့လည်း သည်မှာပဲ (မရှိသေ့စကားခင်ဗျာ)ချေးယိုတော့လည်း သည်မှာ သေးပေါက်တော့လည်း ထိုနည်းလည်းကောင်း နှစ်ပတ်လုံးလည်း ချုပ်ပြားလိုက်နေသည့် တိုက်ခန်း cell များကို လက်တွေ့မျက်တွေ့ကမြင်ရပြီဆိုလေပါက သေးတွေ ချေးတွေ ဖြန်းဖြန်းကွဲထွက်ကျမလောက် ကြောက်ဒူးတုန်တတ်ကြရမြဲ။

သွားလေသူကျေးဇူးရှင် အင်္ဂလိပ်မင်းအစိုးရက နွားမ နို့ပိတ် ထိုးကြိတ်၍ အမွအမွေပေးပစ်ခဲ့သည့် ထောင်တည်းဟူသော နှိပ်ကွပ်ရေးယန္တရားကြီးတွင် အနီ နာခေါင်းပေါက်မျှလောက်သာကျယ်သည့် တိုက်ခန်းကလေးများကား အရေးပါပါ အသုံးတော်ခံခဲ့ကြဖူး၏။ သေဒဏ်အကျဉ်းသားများကို ထားသည့် ရင်ကွဲတိုက် Ordinary Cell အခြား အကျဉ်းသား၊ အချုပ်သားများနှင့် သီးသန့်ခွဲ၍ ချုပ်နှောင်ထိန်းသိမ်းထားရမည့်ပုဂ္ဂိုလ်များချည်း စံမြန်းရသည့် သီးခြားတိုက် Separate Cell ထောင်အတွင်းရောက်သည့်တိုင် မိုက်ဇာတ်မသိမ်းသေးဘဲ ချိုကလေးတမြမြနှင့် နောက်ထပ် ထောင်တွင်းပြစ်မှုများကျူးလွန်တတ်လွန်းသည့် ဆိုးပေမိုက်ခဲကြီးများအတွက် ကျကျနနကြီး ညှော်ဝတ်ကျေပေသည့် အလုံတိုက် Solitary Cell ခေါ် ပြစ်ဒဏ်တိုက် Punishment Cell အနာကြီးရောဂါသည် အကျဉ်းသားများနှင့် နှစ်ကြီးသမား လူနာများကိုထားသည့် ဆေးရုံတိုက် Hospital Cell စသည် စသည် တိုက်အမျိုးအစားအဖုံဖုံသည် မိုးကို ဒူးနှင့်တက်တိုက်မည့် ယောက်ျားဘသား လူဆိုးလူပေ လူတေလူရှုတ်ကြီးများကို ချေးချွတ်ဆုံးမအံ့သောငှာ အဆင်သင့်စောင့်နေကြကုန်၏။

ထောင်ကြီးထဲက ထောင်ကလေးအဲ အဝင်အထွက်သံတံခါးတစ်ပေါက်မှ လွဲ၍ လောကဝန်းကျင်နှင့် လုံးလုံးအဆက်ပြတ်ရာအရပ်ဒေသ။ ယုတ်စွအဆုံး မျက်စိတစ်ကမ်း လက်တစ်လှမ်းမှ နေနှင့်လ။ နေရောင်လရောင်များကိုပင် လျှင် မြင်သာမြင်ရ မကြင်ရသည့်ဘဝမျိုးမို့ 'တိုက် ... ပေ့'ဆိုသည်နှင့် ချေးချမ်းအောင် ကြောက်ဒူးတုန်လိုက်သည်ဖြစ်ခြင်း။

ယခုမူ ထောင်မှူးကြီး ကျွန်တော့်ရှေ့မှောက်၌ သူ့ကိုယ်ကို သူကြီးသမားများသာထားရသည့် ကြိုးတိုက်အခန်းလွတ်ထဲမှာ သူ့ကိုထားပါးချည်း နားပူနားဆာတိုက်နေသူသည် အဘယ်သို့သော သူကောင့်သားပေနည်း။

"နော .. ဆရာ ... နော"

အမယ်မင်း မောင်မင်းကြီးသားက ထပ်တွန့်၍ လောဆော်နေလိုက်ချေသေး။

အသက်က ၄၀ သာသာ။ လူပုံက ပိန်ချောင်ချောင်။ ကုန်းကိုင်းကိုင်း၊ ကြောင်တစ်ကောင်၏မျက်လုံးများလို စူးစူးတောက်တောက်။ တစ်ခါတစ်ခါ ကြောင်တောင်တောင်။ နက်မှောင်သော မျက်ဝန်းထဲမှာ သူငယ်အိမ်သည် ခ လိုက်ပျောက်လိုက်။ တည်တည်တ တင်းကြည့်ချင်သည့်အခါ ကြည့်တ သည်။ ရံဖန်ရံခါ မျက်ကြောတွေသေ သည့်နှယ် ကလယ် ကလယ် လုပ် လုပ်နေတတ်သည်။ သို့တိုင် သူ့အကြ တွေမှာ မာန်ပါလွန်းလှ၏။ သူတစ်ပ စိတ်ကို ဂယောင်ချောက်ချားဖြစ်အေ လုပ်တတ်လွန်းလှသည်။

သူကား ဝိဇ္ဇာသောင်း(ခ) ဆရာ(ခ)အူလူးသောင်းထွန်းပေတည်

သူ့အကြောင်းမသိသူမို့ သူနှင့် ခဏမျှ မတွေ့လိုက်မိပါစေနှင့်။ စိ ရောကိုယ်ပါ လေးလံထိုင်းမှိုင်းလာ လျှင် 'စိတ်နဲ့ .. ငါနဲ့ ... ညစ်တ ညစ်တယ်'ဖြစ်လာပေလိမ့်။ အာရုံခံ မှုများ ဖောက်ပြန်ယိုယွင်းသွားပေလိ ဒိဋ္ဌဓမ္မလောကနှင့် လောကမာတ် ကိုသာပဲ တမ်းတမ်းစွဲ ဖက်တွယ် ကိုင်ထားသူများပင်လည်း စုန်း၊ က တစ္ဆေလောက ဂမ္ဘီရတွေ ကောန်ရှိ ဟု ခေါင်းတညိတ်ညိတ် လက်ဖျား ခါဖြင့် လက်ခံသွားရချိမ့်။

လိမ်လည်မှု၊ ရာ-၄၂၀(ဖိုးတ တီး)နှင့် သာသနာညှိုးနွမ်းစေမှု( ၂၉၅)တို့ဖြင့် ထောင်နှင့်အိမ်၊ အိမ် ထောင် လမ်းသလားကူးကလန်ခတ် သော ထောင်လက်ကောက်အကြီး သမ္မာရင့်တစ်ဦးဖြစ်၏တည်း။

"ကဲ ... ကျုပ်လူရေ့ .. က လူက ဘာတွေအရှုးထပြီး ဘာ အရေးတော်ပေါ်လာလေသလဲ မသိ တဲ့ .. ကျုပ်မှာဖြင့် အလုပ်မအား တာတော့ အမှန်ပဲ၊ ဒီကနေ့ ပြီးမှ မယ့်အလုပ်တွေ တွေ့ငေလိုပုံနေတ



www.burmeseclassic.com

...တော့ ပြောလိုက်ရဦးမယ်၊ ကျုပ်တို့ ...ောင်အလုပ်မှာ ထူးခြားတဲ့ သီးသန့် ...မှုမရှိဘဲနဲ့ တိုက်ခန်းနားကို ယောင် ...ောင် သီချင်ကပ်ချင်လို့ ကပ်မရ ...ဘူး ဗျာရဲ့၊ ဒါ ... ခင်ဗျားရဲ့ အိမ် ...တ်ဘူး၊ ဟုတ်ပြီလား''

စိတ်ပေါက်ပေါက်ဖြင့် အငေါ်တူး ...ိုက်ရတော့သည်။

ဝိဇ္ဇာသောင်း ဝိဇ္ဇာသောင်းနှင့် ...ောင်ထဲမှာ နာမည်ကြီးလှပေမဲ့လည်း ...မှုပဲ နဖူးတွေ့ ဒူးတွေ့ ကြုံရပေ ...ည်၊ တွေ့တွေ့ချင်းမှာပင် 'အာဂလု' ... သြချချင်လာ၏။ သူ့လုပ်ပုံကြီးက ...တ်မှုမဟုတ်ပေဘဲကိုး။

''အဲဒါက ... ကလိုရှိပါတယ်၊ ...ုပ်ဆရာရယ် ... ကျုပ်ကို တိုက်ခန်း ...ထည့်ထားခြင်းအားဖြင့် ထောင်မှူး ...တို့ထောင်မှာ အကျိုးယုတ်စရာမရှိ ...ဘူး၊ အဲ ... အကျိုးတောင်ရှိချင်ရှိ ...လိမ့်ဦးမယ်''

''ရှိ ... တယ်စာတဲ့ဆိုပါကလား ... ... တဆိတ်လင်းပါဦး .. ကိုဗွေ ...ဇ္ဇာသောင်းကြီးရယ် ... ဘယ်လိုအ ...ကြောင်းတွေကြောင့်များ ခင်ဗျားကို ...ိုက်ခန်းထဲထည့်ထားခြင်းဟာ ကျေး ...ကြီးတဲ့ကိစ္စလည်းဆိုတာကို''

''တခြားလူတွေ ... ကျုပ်နဲ့ မ ...တွေ့ကြုံရ၊ ကျုပ်ကလည်း .. သူတို့တွေ ...ကို မကြုံကြရတော့ မဖြစ်သင့်တာတွေ ...ဖြစ်တော့ဘူးပေ၊ ကျုပ်ဆရာရယ်''

'အမယ်မယ် ... လာ .. လာ ...ချေသေး၊ ကိုင်း ... တွေ့တော့ဘာဖြစ် ...တုန်း၊ မတွေ့တော့ရော .. ဘာဖြစ်တုန်း ... ကဲ''

'အဲ ... အဲဒါက .. ဟိုဒင်းလေ အဲ .. အဲ''

ဝိဇ္ဇာသောင်း တမင်ဝေ့နေသလားမသိ။ ပြဿနာကလိုရင်းမရောက်ဘဲ တိုင်ပတ်နေသည်။ သူက သူ့လက်နှစ်ဖက်ကို အချင်းချင်းဆုပ်ကိုင်၍ လိမ်လျက်ရှိ၏။ အမှတ်မထင်ပြုမိနေခြင်းဖြစ်သော်မှ သူ့လက်တဖက်ဖက်က အမှတ်တမဲ့ လွတ်ထွက်သွားမည်ကို အရေးတကြီး အာရုံစိုက်ထားသကဲ့သို့ ပိပိစီးစီးရှိလွန်းလှ၏။ ကြားကြားနေရဖူးသည့် မော်ဆရာ၏ ခပ်ကြောင်ကြောင် စတိုင်ဖြစ်သတဲ့ ဗျာတို့။

သူသည် သူ့လက်နှစ်ဘက်ကို အမြဲတမ်း ဝှက်ထားတတ်သည်တဲ့။ သာမာန်လူတို့မှာ တွေ့ရခဲသည့် သူ့အမူအကျင့်မှာ အမြင်ကတ်စရာကောင်းလွန်းလောက်အောင်ပင် ထူးလှ၏တဲ့။ သူက သူ့လက်များဖြင့် တစ်ခုခုကို ထိမိကိုင်မိမည်ကို အလွန်စိုးသည်။ မလွှဲမရှောင်သာ ကိုင်ရတွယ်ရမည်ဆိုပါကလည်း သူလိုငါလို ဘာသာဘာဝ ကိုင်ပုံတွယ်ပုံနှင့် လုံးလုံးမတူ။ သူ့လက်များကို လူမြင်သူမြင်ခံ၍ လှစ်မထားဘဲ အင်္ကျီအိတ်ထဲ လက်နှိုက်၍သော်လည်းကောင်း၊ လက်ကိုချိုင်းကြားတွင်ညှပ်၍သော်လည်းကောင်း တစ်ဘက်နှင့်တစ်ဘက် ညှစ်လိမ်ဆုပ်ကိုင်၍သော်လည်းကောင်း ထားလေ့ရှိမြဲ။ အရိုးပဒေသာ သူ့လက်တို့ကို ဖျတ်ခနဲ ဖျတ်ခနဲ လှုပ်ရှား၍ ရွတ်ချည်းပင် နဂိုနေအတိုင်း ပြန်ရောက်သွားတတ်သည်တဲ့။

သူ့လက်တစ်စုံကိုအလိုအလျောက် လွတ်လွတ်လပ်လပ် သည်အတိုင်းထားလျှင် ထိုလက်တို့သည် သူ့ကို အာဏာဖီဆန်၍ မဟုတ်တာတစ်ခုခု လုပ်ဖြစ်တော့မည်လိုလို။ သူ့လက်များကြောင့်ရောမ ကြောက်စရာ့ အမှုအခင်းကြီး တစ်ခုခုကျူးလွန်မိတော့မယောင်ယောင်။ သည်အတွက် အစိုးရိမ်ကြီးစွာ သူ့လက်တွေကို ဖွတ်အတင်းသိမ်းထားဝှက်ထားရတော့သည်မို့ သူ့လုပ်နေပုံ အကဲပါလှချည်တဲ့။ ကြားဖူးနေခဲ့ရသည်။ ယခုဖြင့်မူ နာမည်ကျော် သင်းကြီး၏စတိုင်မလိုင်ကို ပက်ပင်းတွေ့နေရပြီ။

''ကျုပ် ... ကျုပ် .. သူတို့တွေကို တွေ့နေရရင် .. မြင်နေရရင် တစ်ခုခုလုပ်မိနေလိမ့်မယ်၊ မလုပ်ဘဲလည်း ဘယ်လိုမှမနေနိုင်ဘူး၊ ကျုပ်စိတ်ကို .. ကျုပ် အစိုးမရဘူး၊ ချုပ်တည်းထိန်းသိမ်းလို့မရဘူး၊ ပြီးတော့ .. ဒီထောင်ထဲမှာ တွေ့သမျှ ငတိတွေ .. ငနဲတွေ မှန်သမျှကလည်း စိတ်အခံအား ဝေလပါဝါ will power ပိတ်ပိတ်သားခမ်းနေတဲ့ သတ္တဝါတွေချည်း၊ အဲဒီတော့ ... ကျုပ် အစွမ်းပြချင်စရာ .. သနားစရာ ငနာတွေချည်း ဖြစ်နေတော့တာကိုး ဆရာကြီးရဲ့၊ အဲဒီမှာတင် နေမထိထိုင်မသာ ကျုပ်က ... ကျုပ်ရဲ့ပါဝါတွေကို ထုတ်သုံးလိုက်မိကရော .. ကံနည်းကံမဲ့ရှာတဲ့ ဖွတ်လဒီးတွေခများမှာ တောဖြစ်တောင်ဖြစ်တွေ လျှောက်ဖြစ်ကုန်ကြရော၊ ဆရာကြီးတို့ ထောင်မှာလည်း သောက်မှုတွေ ဗရပွေခတ်ကုန်ကရော၊ ကဲ ... မခက်ပေဘူးလား၊ အဲသာကြောင့် ... အဲသာကြောင့်''

ဝိဇ္ဇာသောင်းက ရပ်တည်ကြီးနှင့် ဆက်လိမ့်နေသည်။ 'သူ့အကြောင်းတွေလီကာလီတွေကို ကျွန်တော်ကြားထားဖူးပြီးဖြစ်သည်။ တစ်ခုခုလုပ်စရာရှိလျှင် သူ့လက်ကို ဖျတ်ခနဲ ရုတ်တ

www.burmeseclassic.com

www.burmeseclassic.com



ရက်ထုတ်၍ တရစပ်ဒယ်ဆက်သလို လုပ်သည်။ တွေဝေတုံ့ဆိုင်းမနေ။ သူ လုပ်ချင်ရာရာအလုပ်မှတစ်ပါး သူ့လက် တွေကို လျှောက်မလုပ်မိစေရန် တိတိ ကျကျ ထိန်းချုပ်ထားပုံရသည်။ သူ့ဩ ဇာ၊ သူ့အာဏာကို သူ့လက်တွေက ဖိ ဆန်မှာစိုးပုံရသည်။ ကိုင်စရာရှိလျှင် ဖျတ်ခနဲကိုင်လိုက်သည်။ ထိုးစရာရှိ လျှင်လည်း ဖိုးခနဲ ဖက်ခနဲ ထိုးလိုက် သည်။ ဘာလုပ်လုပ် သုတ်သီးသုတ်ပျာ ငါးရုံပြာလူး၊ သည်လိုလူစားမျိုး၏ပါးစပ် က တခြားတစ်ပါးသော ထောင်သူ ထောင်သားတွေကို သူ့လက်များအား သူစေစားပိုင်စိုးလေသည်မျိုး လွှမ်းမိုး ချုပ်ကိုင်၍ပဲရလေဟန် လေသံပစ်လာ သဖြင့် နားဝင်ခက်လှချည့်။

သို့ပင်ဖြစ်လည်း သည်လူကြီးကို လွတ်စိတ်ဝင်စားသွားမိရသည်။

''နို့ . . . နေစမ်းပါဦး ကျုပ်လူရဲ့၊ အဲသလိုမျိုးတွေ ဖြစ်ရလောက်အောင် ကျုပ်လူက ဘာမို့လို့လဲ၊ ဘာတွေများ ဒီလောက် ထူးနေသေးလို့လဲ . . . ကဲ''

''ခင်ဗျားမယ်ဆရာကြီး . . . ပြော ရမှာ သိပ်ခက်တယ်၊ ကိုယ့်အကြောင်း ကိုယ်ပြောပြီး 'ကိုယ့်ကိုယ်ကိုဖော် မသူ တော်'လုပ်ရမဲ့ဟာကသိပ်ကြောင်တာပဲ''

သူကပဲ တပြန်စီး ညည်းပြော ကလေးပြောနေလိုက်ချေသေးသည်။ 'အာဂလူပဲ'။

''ဒီလိုရှိတယ် . . . ထောင်မှူးကြီး၊ ကျုပ်မှာ တန်ခိုးရှိတယ်၊ ကြွဒ္ဓိပါဒ်ရှိ တယ်၊ ကျုပ်ဝမ်းထဲမှာ အရာရာကို ဆွဲ ဆောင်ဆွဲငင်နိုင်တဲ့ သတ္တိထူးတစ်မျိုးရှိ နေတယ်၊ ကျုပ်ဘာသာကျုပ် သိလွန်း လွန်းလို့ပြောနေဘာ၊ ကျုပ်ကြောင့် . .



သူတစ်ပါးတွေကို ဒုက္ခမများစေချင်ဘူ အဲဒါ . . .''

နက်ဝင်သည်လို သူ့တစ်ကိုယ် တဖိုးဖိုးတဖပ်ဖပ်တုန်နေပြီး သူ့လ နှစ်ဘက်ကိုလည်း သူ့ခါးပေါ်က ထော ပုံစံပုဆိုးခါးပုံစထဲ ဖွတ်အတင်းထိုးထ နေလေ၏။ ပုဒ္ဒေါရယ်တဲ့မှ မြတ် ထူးတွေတည့်အံ့ရာပါကလား။ ဘ နှယ် လူစင်စစ်က တန်ခိုးကြွဒ္ဓိပါတ် ဗိုက်တစ်လုံးအပြည့်ဆောင်ထားတဲ့ ကျဉ်းသားတစ်ယောက်ကို အရှင်လ လက်ကြီးတွေ့နေရပါလိမ့်မယ်။ စိ တွေဟင် အလိုလိုထွေချင်လာ၏။ လုင်တွေ ဗရပွေခတ်အောင် ရှုပ်နေ သည့်အထဲ သင်းကြီးကတမှောင့်ဟု လုံးစဝုဘုတုတုကြီး ဖြစ်ချင်လာတေ သည်။

''ဒီမယ် . . . ဝိဇ္ဇာသောင်း''

''ဟုတ်ဆရာ''

''အခု . . . ဒီအတိုင်းတိုင်း . . . ခင်ဗျား ပြောနေပုံအရဆိုရင်ကိုပဲ ခ ဗျားကို တိုက်ထဲပို့ဖို့ လုံလောက်သ လောက်ရှိနေပြီဗျို့''

''ခင်ဗျား . . . ထောင်မှူးကြီး''

''ခင်ဗျားမနေနဲ့ . . ကိုယ့်လူရေ ခင်ဗျားကိုပို့မယ့်တိုက်က ခင်ဗျားထ ချင်တဲ့ကြိုးတိုက် အခန်းလွတ်တော့ဖြ မဟုတ်ဘူး၊ ဆေးရုံတိုက် . . . ဆေ တိုက်ကိုပို့ရမှာ . . . ဟုတ်ပလား''

''ဟာဗျာ . . . ဘယ်လိုကြောင့်

''ခင်ဗျားမှာ . . . ရူပါပါဝါတွေ ပြည့်ပြီး ဂေါက်နေပြီလား၊ ဂေါက်မနေ သေးဘူးလားဆိုတာ သိရအောင် ဆေးစစ်ဖို့လို့ဗျို့ . . . ဆေးအကြည့် ကိုင်း . . . သိပလား . . . ကဲ''



www.burmeseclassic.com

www.burmeseclassic.com



''အောင်မလေးဗျာ''

ဝိဇ္ဇာသောင်းခမျာ မှန်းချက်နှင့် ...ွက်မကိုက်ခဲ့ပေ။ ထောင်မှူးကြီး ...စ်တော့်အမိန့်နှင့် ဆေးရုံလက်ပါး ...က် Leproey Cell ၏ ဘေးအစွန် ...ခန်းလွတ်သို့ ချက်ချင်းလက်ငင်း ...တင်းသုံး စံမြန်းသွားရလေတော့၏။ ...ကား ရောနန္တ ရူပါစွမ်းအားရှင်ကြီး ... ခင်ဗျ။ မှော်ဆရာ'ဝိဇ္ဇာသောင်း' ...တ်မှုဘဲ စိတ္တဇဝေဒနာရှင်အကျဉ်း ...းတစ်ဦးဖြစ်နေခဲ့သော် အိပေကိုယ် ...သောင်ကြီးမဟာအာဘွက် မခက်ပေ ...ား။

(၃)

''ဒီလိုရှိတယ် ... ဆရာထောင် ...ကြီး...့ ညို့ခေတ်ခိုတာကို ကြားဖူး ...တ်လား၊ လူမှာ ဆွဲငင်တတ်တဲ့ ...ရှိတယ်ဆိုတာကိုတော့ .. ယုံမှာပါ ... စိတ်ရောဂါအထူးကုဆရာဝန်ကြီး ...တောင် စိတ်ညို့ပြီး ဆေးကုကြ ...ပါလေ ... ဟုတ်တယ်နော်''

''လူတစ်ယောက်က ... သူ့စိတ် ...နိုင်းနဲ့ အခြားလူတစ်ယောက်ကို ...ညို့ အိပ်မွေ့ချပြီး အိပ်ပျော်သွား ...အောင် လုပ်လိုက်တယ်ဆိုတာဟာ ...က်အင်အားပါဝါကြီးတဲ့သူက .. စိတ် ...နိုင်းအားနည်းတဲ့ သူ့ရဲ့စိတ်ကို ခိုးယူ ...က်သလိုပဲလေ၊ ဆရာကြီးရဲ့ပိုက်ဆံ ...တ်ကို ခါးပိုက်နှိုက်က နှိုက်ယူလိုက်သ ...ပေါ့၊ တကယ်တမ်းကတော့ စိတ်ကို ...ဘယ်ဆိုတာ ဝိညာဉ်ကို အပိုင်စီး ...က်တာပါပဲ၊ သူ့ဘာသာ လုံလုံခြုံခြုံ ...နေတယ်လို့ထင်ထားတဲ့ သူ့စိတ်ထဲက ...ဉ့်ဝှက်ချက်တွေကို သူမသိအောင်

''ကျုပ် တစ်ကိုယ်လုံး
ဖြိုးခနဲ ဖျင်းခနဲ
ဓာတ်လိုက်သလိုမျိုး
ဖြစ်လာသဗျ၊
ဆံပင်တွေ မွေးညင်းတွေ
ထောင်ထလို့
ကျုပ်ကိုယ်ထဲက
အကြောတွေ••အချဉ်တွေကို
တစ်ခုခုနဲ့
ဆုပ်ဆွဲတုပ်နှောင်
ထားသလိုမျိုးချည်း၊
မွေးညင်းပေါက်၊
ဒွါရပေါက်တွေ
မှန်သမျှကလည်း
မီးခိုးငွေ့တွေလိုမျိုး
ခြောင်းခြောင်းခြောင်းခြောင်းနဲ့
အူထွက်လို့လာတော့တယ်''

တိတ်တိတ်ကလေး နှိုက်ယူလိုက်တာမျိုးပေါ့၊ အဲဒီလို စိတ်တန်ခိုးစွမ်းအားမျိုးများရှိခဲ့ရင် ဘယ်လိုနေမလဲ ကျုပ်ဆရာ၊ နည်းနည်းကလေး တွေးကြည့်စမ်းပါ''

မှော်ဆရာကဖြင့် ခပ်တည်တည် အပီကြီးကို ပြောချနေတော့သည်။

ဆေးရုံတိုက်ကို ပို့လိုက်ပြီးနောက် စောင့်ကြည့်ကာလသုံးရက်ထားကာ သူ့ကို စောင့်ကြည့်စေခဲ့သည်။ စိတ်ရောဂါအထူးကုဆရာဝန်ကြီးဖြင့်လည်း စမ်းသပ်စစ်ဆေးစေခဲ့သည်။ မည်သို့မျှ မထူးခြား။ ဝိဇ္ဇာသောင်းသည် လူရောစိတ်ပါ အကောင်းပကတိပဲတဲ့ခင်ဗျ။ သည်သို့ဆိုလျှင် ...။

''ထောင်မှူးကြီးရေ ... လူတွေရဲ့စိတ်အတွေးထဲမှာ ကြံနေ တွေးနေတတ်တဲ့ မအပ်မရာအကြံအတွေးတွေကိုများ သူတို့ဝှက်ထားတဲ့အထဲကနေ မရမကသိအောင် ကြိုးစားပြီး နှိုက်ထုတ်နိုင်ခဲ့ရင် ... ဘယ်ကလောက်ကောင်းလိုက်လေမလဲ၊ ကြောက်စရာကွေးလုံးကြီးဆိုပေတဲ့ လုံးလုံးကြီးမဖြစ်နိုင်ပါဘူးလို့လည်း မျက်စိမှိတ်မငြင်းရဲဘူးခင်ဗျ၊ စိတ်ရဲ့အကြောင်း ... စိတ်နဲ့ကြောင်းကျိုးဆက်နေတဲ့ အရာတွေရဲ့အကြောင်းကို ဂယနဏာသ်ခဲ့ရင် .. အဲ .. ပြီးတော့ ကိုယ့်ရဲ့ စိတ်စွမ်းအားကို တန်ခိုးအာနိသင်ရှိအောင်တည်ဆောက်ထားနိုင်ရင် ဖြစ်ရမယ်ဗျာ၊ ကိုင်း ... ဘယ်နှယ့်လဲ''

''ဟုတ်ပါ့မလား ... မောင်ကာဠူရဲ့''

ဒေါ်ထက်တောင်ပိုသေး ဆိုသလိုကျနေတော့သည်။ လိမ်လည်မှု၊ အယောင်ဆောင်မှုတော့ဇရုပွဲဖြင့် ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဉဒဟိုဝင်ခလုတ် ထွက်ခလုတ်ပြုနေသည့် ထောင်လက်ကောက်တစ်ဦးထံမှ စိတ်ပညာလက်ချာကြီးကို နာခံမှတ်သားနေရသည့် ကျွန်တော့်အဖြစ်နှယ် ဆိုပါဘိ။ ဤလို ထောင်မှူးကြီးမျိုး ရှိနိုင်သေးပါအံ့လော။ ယုံချင်ယုံ၊ မယုံချင်နေ၊ ထောင်အလုပ်ဆိုသည်မျိုးက ထောင်ကြီးရောအတွက် အမှန်တကယ် ဒုက္ခပေးရန်အလားအလာရှိသူ လက်တစ်ဆုပ်စာ လူလွန်မသား တစ်စု အကြောင်းကိုသာ ပိပိပြားပြားသိထားပြီဆိုလေ ကိစ္စပြီးစတမ်းပေကိုး။ ကြိတ်လိုက်ဟ ဝိဇ္ဇာသောင်းကြီးရေ့။

"ကိုယ့်ရဲ့ . . . စိတ်စွမ်းအင်ညို့ဓာတ်နဲ့ သူတစ်ပါးရဲ့လျှို့ဝှက်ဝိညာဉ်သိုက်၊ အဲလေ . . . ဟာဒယနှလုံးထဲက စိတ်အတွေးတွေကို ဘယ်လိုနှိုက်ယူနှိုက်ထုတ်မလဲ၊ အဲဒီအပိုင်းကျ ခက်တယ်နော့်၊ လူ့ရဲ့ . . . စိတ်အာရုံငါးပါးဆိုတာဟာ အမှန်တကယ်အားဖြင့်ဆိုရင်တော့ သိပ်ကို ပျော့ညံ့နုံ့နဲ့တဲ့ အသိမျိုးပဲ၊ ဘာကိုမှ စေ့စေ့စုံစုံသိအောင် လုပ်မပေးနိုင်ဘူး၊ တန်ခိုးအာနိသင်လည်း မရှိဘူး"

"အဲဒါမျိုးက . . . ဆဋ္ဌမအာရုံခေါ်တဲ့ သဘာဝလွန်စိတ်တန်ခိုးရှိနေရင်ဖြင့် ရေးတေးတေး နားလည်သလိုလိုရှိမယ်၊ စိတ်ကို စိတ်နဲ့ပဲဖမ်းနိုင်တယ်၊ သူ့စိတ် သူ့အတွေး သူ့အကြံအစည်တွေကို ထိန်းချုပ်စေစားနိုင်တယ်၊ သူတစ်ပါး စိတ်အကြံကို ကြိုပြီး သိနိုင်တယ်၊ အင်း . . . ပြောရရင် ကျုပ်မှာ အဲသလို စိတ်တန်ခိုးမျိုးရှိနေတယ်လို့ ဝန်ခံလိုက်ရတော့မှာပဲ"

ဗုဒ္ဓေါ ပြောရင်း ပြောရင်း ပိုကဲလာ၏။ သူ့မှာ တန်ခိုးတွေတောင် ရနေပေတဲ့။ ကြိတ်ဟ။

"အဲသလို . . . တန်ခိုးလိုလို ဘာလိုလိုဟာကြီးကို ရလာခဲ့တာဟာလည်း အတော်တော့ဆန်းသား၊ ကျုပ်လို . . လူမှန်းသိစ စကားပီ နားကြားကတည်းက ခိုး၊ ဆိုး၊ တိုက်၊ လု၊ လိမ်ဆိုတဲ့ ဒုစရိုက် တောခေါင်ခေါင်ထဲမှာ အတောင်အလက်စုံလာခဲ့ရတဲ့ လူတစ်ယောက်ဟာ မဟုတ်မဟပ်တာတွေကလွဲရင် အဖိုးတန်တန်ပညာရယ်လို့ ဘယ်မှာ လောက်လောက်လားလား သင်ခဲ့ဖူးခဲ့ရလို့တုန်း။ တကယ့် နလပိန်းတုံးပါခင်ဗျာ။ အဲသလိုနဲ့ပဲ ရဲအချုပ်တရားရုံးနဲ့ ထောင်ကို ဝလချီးလည်နေခဲ့တာရော။

"အဲ . . တစ်နေ့သားမှာတော့ နှလုံးသွေးပျက်ချင်စရာ ကိစ္စကြီးနဲ့ တည့်တည့်တိုးရော ဆရာကြီးရေ့ . . ကျုပ်တို့နေတဲ့ အိမ်ကုပ် အိမ်စုတ်ကလေးရဲ့ခေါင်းရင်းက ညောင်ပင်ကြီးကို မိုးကြိုးပစ်ချသလေ၊ ဟုတ်တယ် . . . ဟုတ်တယ် ကျုပ်က လေတွေ မိုးတွေ ကြမ်းလှရမ်းလှပါသကောရယ်လို့ အိမ်တံစက်မြိတ်ကနေ အပြင်ဘက်ကို ကဲအကြည့်မှာ ရုတ်တရက်သားကြီး ပစ်ချလိုက်တာ၊ ဘာပြောကောင်းမတုန်း . . ကျုပ်ဆရာရယ် 'ဂျိမ်း . . ဒလိန်း . . ဒလိန်း' ဆိုတဲ့ လျှပ်စစ်မိုးကြိုးသံကြီးကို မကြားလိုက်ရခင် တစ်မိုးလုံးဖွေးဖြူလင်းတောက်ပြီး စူးရှထိန်လင်းတဲ့ အလင်းရောင်တန်းကြီးတစ်ခုဟာ ညောင်ပင်ကြီးခွကြားကို စိုက်ခနဲ ထိုးဆင်းသွားတော့တာပဲ၊ ညောင်ပင်ကြီးဟာ ဟက်တက်ထက်ခြမ်းကြီးကွဲလို့ လောင်မီးကြီးတွေကျပြီး မီးလျှံမီး တောက်တွေ တရဲရဲ . . . မီးခိုးလုံးတွေ မှောင်နေတာပဲ ခင်ဗျ၊ ဟုတ်ပ . . . ကျုပ်ဖြစ်ပုံကို ပြောရဦးမယ်၊ မိုးကြိ လျှပ်စီးကြီး 'ဂျိမ်း' ခနဲလည်း ပစ်ချ လိုက်ကရော . . . ကျုပ် တစ်ကိုယ်လုံး ဖြိုးခနဲ ဖျင်းခနဲ ဓာတ်လိုက်သလိုမျိ ဖြစ်လာသဗျ၊ ဆံပင်တွေ မွေးညင်းတွေ ထောင်ထလို့၊ ကျုပ်ကိုယ်ထဲက အကြောတွေ . . . အချဉ်တွေကို တစ် ခုခုနဲ့ ဆုပ်ဆွဲတုပ်နှောင်ထားသလိုမျိ ချည်း၊ မွေးညင်းပေါက်၊ ဒွါရပေါက် တွေမှန်သမျှကလည်း မီးခိုးငွေ့တွေလိ မျိုး ခြောင်းခြောင်းခြောင်းခြောင်းနဲ့ အ ထွက်လို့လာတော့တယ်၊ နတ်ဝင်သည် လိုပဲ . . . ဒယီးဒယိုင်နဲ့တုန်နေရောဗျ ကျုပ် . . . မျက်လုံးထဲကိုလည်း မိုးကြိ လျှပ်စီးအလင်းရောင်တန်းကြီးက တန် ခနဲ တည့်တည့်ကြီး ထိုးဝင်သွားလိုက် တာများ . . . ဟာ . . . ရင်ဘတ်ကြီးထဲ အထိ ဒုတ်ဒုတ်ထိရောက်ရော . . မှတ် လိုက်ရသာပဲ၊ အဲ . . . ကျုပ်လည်း သတိရလာရော . . . အဲဒီ ထူးတဲ့ ဆန် တဲ့ကိစ္စကြီးတွေကို ကြုံရတော့တာပ ဆရာကြီးရေ့ . . အံ့ရော . . အံ့ရော"

"ဒီလိုလေ . . . ဘာမှန်းမသိတဲ အဲဒီစွမ်းအားတစ်မျိုးကိုစပြီး သိလိုက် တာကစတာ၊ ဗွေဆော်ဦးစပြီး အစွမ်း သတ္တိပြတာဟာ ကျုပ်ရဲ့ လက်ချော င် တွေကဗျ၊ လက်တွေက စ ဖြစ်တာ ကျုပ်မှ . . . တစ်ခုခုကို ယူချင်လို့ လက် မဆန့်လိုက်နဲ့၊ အဲဒီပစ္စည်းက သူ့အလို ကျုပ်ဆီကို တရွေ့ရွေ့နဲ့ ကျုပ် ရောက်တဲ့အထိ ရွေ့လျားလာ၊ သ လိုက်တုံးကို သံမှုန့်တွေ ပြေးကပ်လာ

www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး၊ တစ်ခုခုကို ကိုင်မယ်လို့ လက်မထုတ်လိုက်နဲ့ . . . ကိုင်ချင်တဲ့ပစ္စည်းက ကျုပ်လက်ဆီကို အလိုလိုရောက်လာတာခင်ဗျား၊ ကိုင်း . . . မဆန်းလား''

ဆန်းသည်။ အဟုတ်တကယ် ဆန်းပါပေသည်။ နားရှိ၍သာ ကြားလိုက်ရ၊ ဖြစ်နိုင်ဖို့ဖြင့် အလွန်အင်မတန် ဝေးလွန်းသည့်ကိစ္စ။ ဝိဇ္ဇာသောင်း အတည်ပြောနေသလား။ ကလီကမာ ဉာဏ်တာပါတေးပဲ လုပ်ပြော,ပြောနေပေသလား။ ပြောပုံပြောပေါက်ကဖြင့် အပီကြီး။ ငြိမ်သည်။ ပိပိရိရိ သေသေခွေခွေလည်း ရှိသည်။ ဘာပဲဖြစ်ဖြစ် ယုံနိုင်ဖို့ကား ခက်လွန်းလွန်း။

''ဟော . . . ကျုပ်ဆရာ . . ဇဝေဇဝါကြီး ဖြစ်နေတယ်ပေါ့ . . ဟုတ်စ၊ ဝိဇ္ဇာသောင်းတစ်ယောက်တော့ ငါ့ကို ပ်ချနေပြီလို့လည်း စိတ်ထဲက တွေးနေတယ်မဟုတ်လား၊ မငြင်းလိုက်ပါနဲ့လေ၊ ကျုပ်က . . သူများရင်ထဲက စိတ်အကြံကို အလိုလို သိနေပါတယ်ဆို၊ ကိုင်း ကျုပ်ဆရာရဲ့စိတ်ထဲက သရိုးသရီတွေ ပျောက်သွားရအောင်ဟာ လက်တွေ့ လက်ထိ လုပ်ကြည့်လိုက်ကြသာပေါ့ . . နော''

အလိုလေး မြတ်စွာဘုရား။

ကျွန်တော့်စိတ်ထဲက အတွေးကို တောင် သင်းကြီးက အတပ်ဟောနေပါတော။ မှန်သင့်သမျှကလည်း မှန်နေသည်။ သင်းကြီး ဘယ်လိုထွေထွေရာ ဝါစာကမာတွေကို ပေါက်တက်ကရ လုပ်ဦးမလို့ပါလိမ့်။

''ကဲ . . . ကြည့်နော် ကျုပ်ဆရာ၊ ဟောဟို . . ကျုပ်အခန်းထောင့်မယ် ကောက်တိုမယ်ရဆေးကလေးဝါးကလေးတွေ ထည့်ထားတဲ့ ပလပ်စတစ်ဗူးဖြူကလေးရှိတယ်၊ ဟောဟိုမှာ တွေ့လား၊ အဲ . . အဲဒီဗူးကလေးကို ကျုပ်က ထိုင်ရာမထဘဲ ကျုပ်ဆီရောက်လာအောင် ကျုပ် . . စိတ်တန်ခိုးနဲ့ပဲ ညို့ယူပြလိုက်မယ်၊ ကြည့်နေ . . . ကြည့်နေ''

ပြောနေရင်းကပင် သူ့အမူအရာသည် နက်ဝင်သည်ကဲ့သို့ ဖြစ်လာသည်။ သူသည် သူမဟုတ်တော့။ အခြားတစ်ယောက်လိုဖြစ်လာသည်။ သူ့ရင်ဘတ်တွင်ကပ်၍ ဝှက်ထားသော လက်တို့သည် လှစ်ခနဲ ထွက်လာ၏။ ထိုလက်နှစ်ဘက်မှာ ဓားအိမ်မှဆွဲထုတ်လိုက်သော ဓားနှစ်လက်ကဲ့သို့ ဘာမျှ မလုပ်ရသေးဘဲနှင့်ပင် ကြောက်မက်ဖွယ်အသွင်ကို ဆောင်နေလေသည်။

သူက ဆေးပုလင်းကလေးကို တကယ့် အဖိုးထိုက် အဖိုးတန် ရတနာပစ္စည်းကလေးအလား စိန်းစိန်းစားစား စူးစိုက်၍ ကြည့်နေ၏။ သူ့မျက်လုံးထဲမှ စိမ်းဖန့်ဖန့် လင်းလက်လက်လျှပ်ရောင်တွေပြက်နေသလို။ ဖျက်ခနဲ ဖျက်ခနဲ တောက်နေသလား ထင်ရသည်။

ဟောဗျ။ ဘာမျှသိပ်မကြာလိုက်။ ပုလင်းကလေးသည သူ့အတိုင်း မတ်မတ်ကလေးရှိနေရာမှ လေမတိုက်ဘာ မတိုက်ဘဲ ဖျောက်ခနဲ လဲကျသွား၏။ ပြီးလျှင် ရှေ့သို့ဆန့်ထုတ်ထားပြီး လက်ချောင်းကလေးများကို ကွေးချည်ဆန့်ချည်ပြုလျက် စူးစူးပြူးပြူးကြီး စိုက်ကြည့်နေသည့် မော်ဆရာရှိရာဆီ တလိမ့်လိမ့်ရွေ့လာတော့သည်။ လက်ထဲ ခုန်ဝင်မသွားရုံတမယ် လက်တလှမ်းစာ အလိုသို့ ဒုတ်ဒုတ်ထိရောက်လေမှ ဖတ်ကနဲ တည့်တည့်ကလေး ပြန်ထောင်ပြီး ဘာမျှမဖြစ်ခဲ့သလို ငြိမ်ငြိမ်ကလေးရှိနေပြန်လေ၏။

သူ့ရင်ထဲ မည်သို့ရှိလေသည်မသိ။ ကိုယ်တွေ့မျက်မြင် ကျွန်တော့်အဖို့ရာမှာဖြင့် လောလောလတ်လတ် တစ္ဆေခြောက်ခြင်းခံလိုက်ရသကဲ့သို့ လန့်လန့်ဖျပ်ဖျပ် ဖပ်သောဖပ်သပ်ကြီးဖြစ်၍ ရင်ထဲတလှပ်လှပ် တုန်လာတော့သည်။ မောင်မင်းကြီးသား ဝိဇ္ဇာသောင်းကဖြင့် ပြုံးတုံးတုံးကြီးလုပ်၍ ကျွန်တော့်မျက်နှာကို ဟန်ပါပါကြည့်နေချေပြီ။

''ဗုဒ္ဓေါရေ . . . ဘာတွေတုန်းဟ၊ ငါ့နှယ် အိပ်မက်များမက်နေလေရော့သလား၊ အံ့သြလွန်းလှ၍ ကိုယ့်အသားကိုကိုယ် တိတ်တိတ်ကလေး ဆွဲဆိတ်ကြည့်မိရသေး။

''ယုံရခက်နေသေးသလား . . . ဆရာ၊ အဝိဉာဏကဖြစ်တဲ့ သက်မဲ့အရာဝတ္ထုကလေးတွေကို ညို့ရတာများ ဘာဟုတ်သေးတုန်း၊ သက်ရှိတိရိစ္ဆာန်ကိုတောင် အသာကလေးညို့ပြလို့ရသေးတယ်၊ ဆရာ . . . ကြည့်နေ''

ဝေတိကြီး ဘာလုပ်ဦးမည်လဲမသိ။ ရင်တွေခုန်လှပြီ။

ဖလပ် ဖလပ်နှင့် ရှပ်ပြာ ရှပ်ပြာ ပြေးတတ်သည့် နီမကလေး၏ခြေသံကို တိုက်ခန်းအပြင်ဘက်နားဆီက ကြားနေရသည်။ နီမသည် ထောင်ဆေးရုံအုပ်ကြီး ဒေါက်တာဦးအေးချို၏အချစ်တော် ခွေးမကလေးဖြစ်သည်။ ဝိဇ္ဇာသောင်းက ခွေးမကလေးကို လေချွန်၍ ခေါ်လိုက်၏။ နီမသည် ဝမ်းပန်းတသာ အမြီးကလေးတနန့်နန့်ဖြင့် ကျွန်တော်တို့ရှေ့သို့ အူလျားဖားလျား ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကောင့်သားက လျှာကလေး တွဲလွဲချ၍ ဆောင့်ကြောင့်ကလေးထိုင်နေရှာသော ခွေးမကလေးကို စူးစူးဝါးဝါးကြီးစိုက်၍ ကြည့်နေပြန်၏။ ပထမသော် နီမခမျာ မနေတတ် မထိုင်တတ်ဖြစ်နေရှာဟန်တူသည်။ သူ့ကို စိမ်းစိမ်းကြည့်နေသည်ကို မခံ...။ မျက်နှာလွှဲ၍လွှဲ၍နေ၏။ သူ့စိတ်ထဲမှာ ...ကြောက်ရှာလွန်း၍ ဗလောင်ဆူနေလိမ့်မည် ထင်သည်။ တအင်အင် တအီအီညည်းရင်း တဆတ်ဆတ်တုန်။

ဝိဇ္ဇာသောင်းက သည်မျှနှင့်မရပ်။ စုန်းမကြီး၏လက်ကဲ့သို့ ကြုလိုပိန်ကပ်နေသည့် အကြောပြိုင်းပြိုင်းထ သူ့လက်ချောင်းများကို ဆဘ်ခနဲ ထုတ်လာပြန်သည်။ လက်ချောင်းများကလည်း အငြိမ်မနေ။ တစ်ခုခုကို ညို့ယူစုပ်ယူနေသည့်နှယ် ကွေးဟယ် ဆန့်ဟယ် တလှုပ်လှုပ် တရွရွ။ ဘျှပ်ရောင်ဝင်းပြက်စိမ်းဖန့်နေသော သူ့မျက်လုံးများကား နီမကလေး၏မျက်စိနှစ်လုံးမှ မခွာတမ်းစိုက်ကြည့်နေဆဲ။

ဟော ဟော သူ့လက်များဖြင့် ခွေးမကလေး၏ခေါင်းကို သပ်ချလိုက်သည်နှင့် ခွေးမကလေးသည် ရုတ်ချည်းပင် ကြောက်အားသည်းစွာ ...ကျယ်ကျယ်လောင်လောင်ကြီး အူလေကော့သည်။ ညဥ့်နက်သန်းခေါင်ဘို့ပင်။ သံရှည်ဆွဲ၍ ဆွဲ၍ အူနေလေရာ နားမချမ်းသာစရာကြီးဖြစ်တော့၏။

...ကော်ချင်းပင် ခွေးမကလေးသည် ဦးခေါင်းငုံ့က်စိုက်ကျလာသည်။ မျက်စိနှစ်လုံးကိုပိတ်၍ အိပ်တော့မည်ကဲ့သို့ရှိ၏။ နီမကလေးကို မှော်ဆရာက အလုံးစုံညှို့ငင်နိုင်ခဲ့ပြီ ထင်ပါသည်။

မှော်ဆရာဝိဇ္ဇာသောင်းသည် သူ့ချွေးသုပ်ပုဝါ မည်းညစ်ညစ်ကလေးကို လုံး၍ ဖျတ်ခနဲ ဗိုက်ခန်းအပြင် အုတ်လျှောက်လမ်းကလေးဆီ လှမ်းပစ်လိုက်သည်။ ၁၀ ပေ၊ ၁၅ ပေသာသာပဲရှိမည်။ နှင်းဆီဝါပန်းအိုးကလေး အခြေမှာ ပုံ့ပုံ့ကလေး အလုံးမပျက်ကျနေ၏။

ဆရာကြီးဝိဇ္ဇာသောင်းက သူ့အရိုးပဒေသာ လက်ချောင်းပိန်ပိန်သွယ်သွယ်များကို ကဏန်းလက်မများ လှုပ်ရှားနေဘိသို့ လှုပ်ရွ လှုပ်ရွ ဆုပ်ချည်ဖြန့်ချည်ပြုပြန်၍ ...ားမြှောင်သွားကို ဆန့်ထုတ်လိုက်သည့်နှင့် သူ့လက်ညှိုးရှည်ကြီးကို အပြင်ဘက်သို့ ညွှန်လိုက်၏။ ခွေးမကလေးသည် ဘုန်တုန်ခိုက်ခိုက်ဖြင့် မျက်စိမျှမဖွင့်နိုင်ရှာဘဲ တုံ့ဆွတုံ့ဆွ စမ်းတိစမ်းပါးဖြင့် ပုဝါကလေးဆီသွားသည်။ အင်အားချိနဲ့နေသည့် နာတာရှည်လူမမာသယ် လမ်းလျှောက်နေသလိုမျိုး၊ ခြေကျိုးနေသဖြင့် ထော့နဲ့ထော့နဲ့ ဖြစ်နေသည်မျိုး။ တော်တော်နှင့် သူကလေးသွားလိုရာသို့ မရောက်။ မနည်းကြီး စမ်းဝါး၍ သွားနေရရှာသည်။ သို့သော်လည်း ပုဝါကလေးကို ဖြင့် မရမက ကိုက်ချီ၍ ပြန်လာခဲ့နိုင်ပါ၏။ အိပ်ချင်မူးတူး ဒယိမ်းဒယိုင်နှင့် ယိမ်းထိုး ယိမ်းထိုး ရောက်လာခြင်း။

ကိုယ့်ဆရာက ခွေးမကလေး၏ ဦးခေါင်းပေါ်သို့ သူ့လက်ကြီးနှစ်ဘက်နှင့် ...တ်လိုက်သပ်လိုက် လုပ်နေပြန်၏။ အိပ်မွေ့ဖြေပေးနေပုံရသည်။

''ကိုင်း ... သမီးကလေးရေ .. ပြန်ပေဦးတော့၊ ငါ့သမီး တော်တော်ကလေး ပင်ပန်းသွားရှာမှာပဲ ဟီး .. ဟီး ဟီး ... ဟီး'' မြင်းအိုကြီးဟီသလို တဟီးဟီး ရယ်နေလိုက်သေး။ မုန်းမှ မုန်...
ချင်စရာ။

''ကဲ .. ဘယ်လိုလဲ ကျုပ်ဆရာ...
မြင်လိုက်ရဲ့မှတ်လား၊ စိတ်ညှို့ဓာတ်...
တာမျိုးဟာ အဲသလိုပဲနဲ့တူပါရဲ့၊ ကျု...
ဖြင့် ဒီလိုတန်ခိုးက္လဒ္ဓိပါဒ်မျိုးရှိမယ်မှ...
တောင်မသိခဲ့ဘူး၊ အဲ ... တိုက်တို...
ဆိုင်ဆိုင် ကျုပ်လိုလူမျိုးမှာမှ အဲဒါကြ...
က စွက်စွတ်ရွတ်ရွတ်ရောက်လာရ...
တယ်လို့ .. ကျုပ်ဖြင့် ... အံ့လည်...
အံ့သြတယ်၊ သဘာဝလောကရဲ့ လျှို...
ဝှက်ဆန်းကြယ်တဲ့ သဘောကိုလည်...
ရေးတေးတေးရိပ်မိသလို ရှိလာရ...
မ...

''အင်း ... အခုနေခါမှာ ကျု...
အဖိုးဆိုရင် ကျုပ်နဲ့မတန်တဲ့ အဲဒီ ..
ကြောက်စရာ တန်ခိုးအာနိသင်ကြီး...
ကျုပ်ကိုယ်ဟွင်းကို ရောက်နေတယ်...
အမျိုးအမည်မသိတဲ့ သတ္တဝါရိုင်းတ...
ကောင်ဝင်နေသလိုပဲ၊ အဲဒီအစွမ်းသတ္တိ...
တွေက ကျုပ်ကိုယ်တွင်းက ထွက်...
အောင် အတင်းကာရော တိုးခွေ့ရုန်း...
ကန်နေကြတယ်၊ ကျုပ်စိတ်အလိုဆ...
ကို အာခံနေတယ်၊ ကလန်ကဆန်လု...
နေတယ်၊ ကျုပ် ... အာရုံတွေ...
လိုက်ပြီး ဝါးပစ် စားပစ်နေတယ်၊ ကျု...
ဟာဖြင့် နဂိုက သောင်ထွန်းဆိုတဲ့ ကျု...
ရဲ့ ရှိရင်းစွဲဘဝဖြစ်လိုက်၊ ကျုပ် လုံး...
မသိခဲ့ဖူးတဲ့ လူတစ်ကောင်အဖြ...
အသွင်ပြောင်းပြီး သောင်းကျန်း...
လိုက်နဲ့။ အစွမ်းသတ္တိတွေက ကြာ...
လေ ပိုပိုထက်မြက်လာလေလေနဲ့လည်...
တူပါရဲ့၊

''ဘယ်အရာမဆို .. ကျုပ်ဆ...
ရင် ကျုပ်ဆီကို ဒီလိုပဲ ...ကြရတ...



www.burmeseclassic.com

www.burmeseclassic.com



ာက်မထုတ်ရဲဘူး၊ လက်မဆန့်ရဲဘူး၊ ...ဘာသဘောတွေလဲ၊ သံလိုက်ောတ်လား ... လျှပ်စစ်ဓာတ်လား .. ာတွေမှန်းလည်း ကျုပ်မသိဘူး၊ မသိတဲ့ လူတွေ၊ တိရစ္ဆာန်တွေ၊ အရာတ္ထုတွေကို ကျုပ်က စေစားလို့ရနေယ်၊ တစ်ခါ တစ်ခါ အဲဒီဟာကြီးကို ာ်ကုန်စိတ်ညစ်မိပေတဲ့ ကျုပ်ကိုယ်ိုင်လည်း အဲဒီ တန်ခိုးဆိုတဲ့ ဘာမှန်းသိတဲ့ဟာကြီးကို သာယာစွဲလန်းနေမိသေးလားပဲ၊

''ထောင်မှူးကြီး ... ကြည့်ဗျာ၊ ာရာ၊ တန်းစီး၊ ဘုတ်ကိုင်၊ စည်းကမ်းး်းဆိုတဲ့ 'ထောင်ထဲက အရာကျယ်ယ် အကောင်ကြီးကြီး အမြီးရှည်ည် မောင်တွေမှန်သမျှက ကျုပ်ကို ာကြောင့် မျက်နှာသာပေး အရေးပါေကြတယ်လို့ထင်သလဲ၊ ဟိုဟာပေး ဟာကျွေးနဲ့ မျက်နှာချိုသွေးနေကြ တယ်လို့ထင်သလဲ၊ ဒီထောင်ကို ကျုပ်ောက်ကာစတုန်းက ... ကန်ဟ .. ကျာက်ဟ .. ထဟ .. ထောင်းဟ .. နသားပါရလုပ်ခဲ့ဖူးတဲ့မောင်တွေက တယ်လို့ကြောင့် ကျုပ်အပေါ် အချိုးတွေ ပြောင်းကြီးပြောင်းပြီး နှလုံးကောင်း ်းပေါင်းနေကြသတဲ့လဲ၊ ကဲ .. သူတို့ ီသိ .. မသိသိ ကျုပ်ရဲ့ ဝေလ်ပါဝါ ာ်ကို မခံနိုင်ကြတော့လို့ခင်ဗျ၊ အဲဒါ ပွိုင့်ပဲ၊ အဓိကအချက်ပဲ''

ကျွန်တော်သည်ပင်လျှင် ရွေးေတွေ ပြန်ချင်သလိုလိုဖြစ်လာရတော့ ရာဇက္ကန္ဓြေပျက်စွာ လန့်၍ မအော်ိုက်ရလေအောင် မနည်းကြီး သတိးကာ ထိန်းနေမိရသည်။ ကြာလျှင် ်ရချည့်။ ရှုံးတောင်ရှုံးသွားနိုင်သည့် ကိန်း''

''တော်ပါတော့ ကိုယ့်လူရယ်၊ ဒီ လောက်နဲ့ပဲ ရပ်တန်းက ရပ်လိုက်ပါ တော့'' ကသောကမျောပင် ပြောမိ လိုက်ရ၏။

''ကဲ ... ခုလောက်ဆိုရင် ကျုပ် ဘာကြောင့် ကိုက်ထဲမှာ တစ်ယောက် တည်း အေးအေးဆောင်းဆောင်း နေ ချင်ရသလဲဆိုတာ ရိပ်မိရောပ .. နော ထောင်မှူးကြီး''

သူသည် သူ့လက်ချောင်းကြီးများ ကို သူ့အိတ်ထဲ သူထိုးထည့်ရင်း ကျွန် တော့်ကို စိမ်းစိမ်းစားစားကြီး ကြည့် နေ၏။ 'အင်း ...''ဟု အင်းရှည်ကြီး ဆွဲလျက် အသံပြုမိသေးသော်မှ ဘာ စကားမျှ ချက်ချင်းမပြောဖြစ်။

''အထူးသဖြင့် ကျုပ်အကြောက် ဆုံးက ... ကျုပ်ကိုယ်ကျုပ်ပဲ ခင်ဗျ၊ ကိုယ်နဲ့ .. ဘာမှမဆိုင်တဲ့ အဲဒီတန်ခိုး စွမ်းအားဆိုတာကြီး ကျုပ်ကိုယ်ထဲကို ရောက်လာပြီးကတည်းက ကစားစရာ အသစ်အဆန်းကလေးများ ရပြီးကာစ ခလေးများ စားလည်း ဒီစိတ် .. အိပ် လည်း ဒီစိတ်နဲ့ တစွဲလန်းလန်းဆော့ ချင်နေတော့သလို ... ကျုပ်လည်း ဟို ဟာလက်တည့်စမ်းလိုက်ချင် ... ဒီဟာ အစွမ်းပြလိုက်ချင်ဖြစ်လာလိုက်တာဟာ ကြာတော့ အဲဒါကြီးကို ဘိန်းစွဲသလို စွဲနေမိပေါ့ကိုး၊ ကျုပ်နာမည်တောင် အူ လူးသောင်းထွန်းဆိုတောင်ကနေ ဝိဇ္ဇာ သောင်းတဲ့၊ မှော်ဆရာတဲ့ ... တဖြည်း ဖြည်း ပြောင်းလာလိုက်တာသာကြည့် တော့၊ ပြောင်းဆို ... ကျုပ်ပါးစပ်က လွှတ်ခနဲ ... လွှတ်ခနဲ ထွက်ထွက် ကျလာတတ်တဲ့ စကားတွေကလည်း ဒက်ထိကွက်တိ မှန်နေတတ်တာကြီး ဆရာကြီးရဲ့၊ ဟဲ ... ဟဲ ... ဟဲ ကျုပ် က ဗေဒင်တွေ ... နက္ခတ်တွေတတ် လို့ မဟုတ်ပေါင်ဗျာ၊ ကျုပ်ဝမ်းထဲက အဲဒီ ဘာမှန်းမသိတဲ့ ဟာကြီးကြောင့် သာပါ၊ သြော် ... ကြုံတုန်းပြောလိုက် ရဦးမယ်ခင်ဗျ၊ ကျုပ်ဆရာ ဝမ်းသာပေ ရော့၊ ကျုပ်ဆရာရဲ့ အမျိုးသမီးက အခု မွေးမယ့် ဖွားမယ့် ကိုယ်ဝန်ဟာ ယောက်ျားကလေးဗျ၊ လာမဲ့ သောကြာ နေ့မှာ ဖွားလိမ့်မယ်၊ ကြီးပွားထွန်းကား ဦးမဲ့ကလေး ... စာပေ .. အနုပညာ ဘက်မှာ သိပ်ချွန်လိမ့်မဗျ၊ ပြီးတော့ ကျုပ်ဆရာကို မိလို ဖလို စောင့်ရှောက် ပေးနေတဲ့ ကျုပ်ဆရာရဲ့ ဆရာသမား ထောင်ပိုင်ကလေးဦးလူလှလည်း နက် ဖြန်သဘက် ပြောင်းမိန့်ရောက်လာလိမ့် မယ်၊ ဒီထက်ဒီတက်လမ်းရှိပြီး လူကြီး နားနီးနီးကို ပြောင်းရမှာ .. သိလား''

အလိုလေးဗျာ။ ဝိဇ္ဇာသောင်းက ဖြင့် လုပ်ချလိုက်ပြန်ပြီ။ ကံသေ ကံမ ကြီး။ မည်သို့မျှ မသေချာ မရေရာရှိလှ သည့် ဟိုးခပ်လှမ်းလှမ်းက အနာဂတ် ကိုပင် ဖမ်းဆွဲ၍ ဟောကိန်းထုတ်နေ ပြန်ပါပကော။

မည်သို့ပင်ဖြစ်စေ သည်တစ်ချီ လည်း မှော်ဆရာဝိဇ္ဇာသောင်းပဲ မှန်ခဲ့ ပြန်လေသည်။

သူပြောပြီး၍မှ တစ်ရက် နှစ်ရက် သာရှိသေး။ ထောင်ပိုင်လေး ဦးလူလှ တစ်ယောက် လက်ထောက်ညွှန်ကြား ရေးမှူးရာထူးတိုးမြှင့်၍ အင်းစိန်ဗဟို ထောင်ကြီးသို့ ပြောင်းရမတဲ့။ ပြောင်း မိန့်ရောက်လာခဲ့သည်။ အဲ ပြီးလျှင် ထိုအပတ်ထဲ သောကြာနေ့ နံနက်ဦး၌



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သားတော်မောင် ဖိုးလမင်းကို ဇနီးသည်က ဖွားမြင်ခဲ့ပြန်၏။ ကိုင်း ဘယ့်နှယ်ရှိစ။

မှန်နိုင်လွန်းသည် ကိုရွှေမှော်ဝိဇ္ဇာကြီးကိုကား ဆေးရုံတိုက်မှသည် လူသူလေးပါးနှင့် ဝေးနိုင်သမျှဝေးရာ တိုက်နီကြီးဟုခေါ်သည့် ၄ တိုက်(ကြိုးတိုက်) ဘေးအစွန်ခန်းသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး သူ့စိတ်တိုင်းကျ နားအေးပါးအေးနေစေခဲ့ရကြောင်းကိုကား သူနှင့်ကျွန်တော်မှလွဲ၍ သိသူမရှိခဲ့ပေ။

(၄)

ခက်တော့လည်း ခက်သား။

ဖြစ်ချင်တိုင်းလည်း မဖြစ်ရ။ မဖြစ်ချင်တာတွေလည်း ဖြစ်ရ။ သူ့ဘာသာသူ နားအေးပါးအေး ရေခဲနှင်းဆောင်းနေချင်၍မှ ကြိုးတိုက်ခန်းအလွတ်တွင် နေခွင့်ပြုပါရန် ကိုယ်တိုင်ဆန္ဒပြုခဲ့သူ ဝိဇ္ဇာသောင်းခမျာလည်း သူ စိတ်ကူးသလို ဖြစ်ခွင့်မကြုံရ။ သူမထင်တာတွေချည်း ဆက်တိုက်ကြုံလာရသည်။

သူနှင့် ပတ်သက်ဆက်နွယ်လေသမျှ ကိစ္စများသည်လည်း ထောင်လုံခြုံရေးကို တစ်နည်းတဖုံ ဂယက်ထစေခဲ့သည်ချည်း။

''ထောင်မှူးကြီးရေ . . . စိတ်ထဲဘယ်နှယ်မှမရှိနဲ့နော၊ ဟောဒီရက်ပိုင်းမှာ ကျုပ်တို့ထောင်ထဲ ဝမ်းကျဓာတ်ဘေးဒုက္ခကြီးရောက်လာလိမ့်မယ်၊ ကျုပ် . . အာရုံထဲမှာ ကြိုမြင်နေတယ်၊ အပျက်အစီး . . အသေအပျောက်လည်း ရှိတန်သမျှ ရှိမှာပဲ၊ ဘယ်သူမှ ကယ်မရနိုင်ဘူး၊ အဲ . . . ဆိုးဆိုးဝါးဝါး မဖြစ်လိုက်ဘဲနဲ့ သူ့အလိုလို အေးသွားမှာလည်း ရှိရဲ့၊ အဲသာ . . . ထောင်မှူးကြီးကြိုသိထားနှင့်အောင်ဟာ ကျုပ်က အသိပေးတာ၊ မပြောဘူးဖြစ်မှာစိုးလို့''

ဝိဇ္ဇာသောင်း သတိပေးဦးခင်၍သာ လိုအပ်ရာရာ ဆေးဝါး၊ ရိက္ခာ၊ အစီအမံများကို လက်မတင်ကလေးအပူတပြင်း ပြင်ဆင်စုဆောင်းခွင့်ရလိုက်၏။ ဘာမျှမကြာလိုက်။ ရက်ပိုင်းကလေးအတွင်းကလေး ကဘော်ချိုင့်ဝှမ်းဒေသရှိ ဘဝသစ်အလုပ်စခန်းများမှ ကိုယ်အလေးချိန် အလွန်အမင်း နိမ့်ကျနေသည့် BMI အကျဉ်းသားရဲဘက်များ အုပ်စုလိုက်ကြီး ပြန်ရောက်လာခြင်းနှင့်အတူ ဝမ်းရောဂါကပ်ဘေးကျခဲ့၏။ သေလိုက် ကျေလိုက်သည်မှ သောက်သောက်လဲ။ ဟောတစ်လောင်း ဟောတစ်လောင်း။ အတော်ကြီး ဖိဖိစီးစီး အင်တိုက်အားတိုက် ဝိုင်းကြဝန်းကြ နှိမ်နင်းကုသခဲ့ကြပါသော်မှ ပျက်စီးဆုံးရှုံးမှုနှုန်းက ချောက်ချားလောက်စရာ။ သုံး၊ လေး၊ ငါးရက် အသည်းအသန်ဖြစ်ပျက်လိုက်ပြီး ရုတ်ချည်း ရပ်တန့်ငြိမ်းအေးသွားခဲ့လေသည်။ ထောင်မှာဖြင့် သွေးပျက်လုခမန်း ပြူးတူးပြဲတဲဖြစ်၍ ကျန်ရစ်ခဲ့ရတော့၏။

ဝိဇ္ဇာသောင်းကျေးဇူးကြောင့် ကြိုတင်စီမံမှုလက်ဦးခဲ့သဖြင့် တစ်စုံတစ်ရာအရေးယူခြင်းမခံခဲ့ရ။ သည်လိုတော့လည်း ကိုယ့်လူက ဟုတ်တုတ်တုတ်။

''ကျုပ်ဆရာရေ့ . . . ကျုပ် ညကတစ်ညလုံး အိပ်လို့မရဘူး၊ ထောင်မှာသွေးထွက်သံယိုကိန်းတွေမြင်နေရတယ်၊ ထောင်ဆူထောင်ထတာမျိုး ဖြစ်လေဦးမလားမသိဘူး၊ အဲဒါ . . .''

အလိုလေးလေး ဝိဇ္ဇာသောင်း အာရုံရလိုက်သည်များ တကယ့်အ တော်ပုံကြီးနှင့်မှ ပက်ပင်းကြီးဖြစ် တယ်လို့ မည်သို့ပင်ဖြစ်စေ၊ 'ဆယ် တစ်ရေး ကိုးရေးတစ်ရာ'လို ရ မ ကြိုကြိုတင်တင်ပြုဖွယ်များကို စီမံ နှင့်လိုက်၏။ တစ်ရက် နှစ်ရက်။ ဘာ မျှမကြာ။ တုတ်တုတ်ကလေးတော မလှုပ်။ ဟော ဟင်းချမည်ကြံရုံရှိ နယ်အလုပ်စခန်းများသို့ပို့ရန် စု ထားသည့် ညွှဲရဲဘက်များနှင့် ကို ထောင်က လက်သမကျော် လူ ချပ်ပြား ထောင်မင်းသားများ ပုံစံပု အင်္ကျီ၊ ပုံစံဘောင် အရောင်းအဝ အပေါင်အနှံကို အကြောင်းပြု၍ လိုက် နှက်လိုက် သတ်လိုက် ဖြတ် ကြသည်များ တဖြုန်းဖြုန်းရယ်တဲ့မှ အုန်းအုန်း။ လူအသေအပျောက် သော်မှ ခေါင်းပေါက် ထိပ်ကွဲ အမြီး ဖင်စောင်းတွေနှင့် ထောင်ဆေးရုံရော လိုက်ကြသည်မှာ အောတိုက်လို့။

''ဆရာရေ့ . . မဟုတ်မဟပ် တွေကို မြင်နေရပြန်ပြီဗျာ၊ မကြ ကျုပ်တို့ကြိုးတိုက်က ကြိုးသမာ ယောက်ကိုကြိုးပေးဖို့ အမိန့်ရော လာလိမ့်မယ်၊ အင်း အုန်းထွန်းနဲ့ ဝင်းမြင့်ကောင်ကလေးတို့ဖြစ်မှ ကျုပ် မျက်စိထဲ သူတို့နှစ်ယောက် ထင်ထင်လင်းလင်းကြီး မြင်မြင် တယ်''

မှန်ပြန်တာပါပဲ။ ရက်တစ် အတွင်း မနှစ်မြို့ဖွယ် ထိုအရေးထို ကြီးကို စဉ်တိုက်ဆက်တိုက်ကြီး ရွက်ခဲ့ကြရသည်။ ထောင်တစ်ထော လုံးငြိမ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်သို့ဖြင့် ဝိဇ္ဇာသောင်း ကြို
ပြောလေသမျှ လွဲသည်မရှိသည့်
ခါ 'သူ့ဥစ္စာ ဟုတ်များဟုတ်လေရော့
လား'ဟု ဝေတေတေ မှောင့်မှောင့်
ရောင့်ရောင့်တွေ ဖြစ်လာရတော့သည်။
သောင်းတစ်ယောက် သူပြောသလို
တန်ခိုးစွမ်းအင်တွေ တကယ်ရနေ
သလား။

"အဲဒါ ...ခက်နေတာ ကျုပ်
ရာရဲ့၊ အခု ..ကျုပ် ထောင်ကျ,
လာသမျှက တစ်ခုမှ ကျုပ်လိမ်လည်
တာ၊ မဟုတ်မမှန် ပြောခဲ့ လုပ်ခဲ့တာ
တွ မပါဘူးရယ် ... ကျုပ် ဝမ်းဗိုက်ထဲ
သူ့အလိုလို သိနေတဲ့အတိုင်း ဒက်
ကွက်တိ လုပ်ခဲ့တာချည်းပဲ။ အဲ ..
ရားကောင်းတော့ စောင်းသလိုလို့
ပြောနေကြသလိုမျိုးပဲ ထင်ပ၊ ကျုပ်
ပြောတာတွေက သွေးထွက်အောင် မှန်
နေပြန်တော့ လူတွေက မယုံနိုင်
ပြန်ဘူး၊ လူဆိုတာမျိုးဟာ အဲသ
ာက်မမှန်ရဘူးတဲ့၊ ကဲ ...မခက်
ား၊ ကျုပ်ကပဲ တမင်အကွက်ချ လီ
ယ်လုပ်ကြံပြန်သတဲ့၊ အဲသာနဲ့ ..
ျုပ်လည်း ထောင်ထဲရောက်ရပြန်ရော
း ..ဟီး ...ဟီး"

"ခင်ဗျားကို ..ထောင်မချဘဲ
တ်ပစ်အောင် ရုံးမင်းကို စိတ်မညို့ခဲ့
းလား ...မော်ဆရာရဲ့၊ ခင်ဗျား
ပါဝါတွေကို အဲဒီလိုနေရာမှာ
ုံးဘဲ ဘယ်ချောင် သွားထိုးထား
တုန်း"

"ပြောရော့မယ် ...ကျုပ်ဆရာ
ကျုပ်ကိုယ်တိုင်ကလည်း လူတွေ
ဘွေနဲ့ဝေးဝေး ထောင်ထဲမှာနေရရင်
ာင်းရော့ အောက်မေ့လို့ မလုပ်ဖြစ်
ခဲ့သာလည်း တစ်ကြောင်းပလေ ...
နော၊ အဲ ... နို့ပေတဲ့ ..ကျုပ်မို့ စိတ်
မညို့မိစေနဲ့၊ ညို့များညို့မိပလားဆိုမှ
ဖြင့် အဲဒီအခေါက်မှာ တရားခွင်မှာတင်
အမှုပြတ်ပြီးတရားသေလွတ်တာချည်းပဲ"

ဟောဗျ။ ဟုတ်လည်းဟုတ်သည့်
ဝိဇ္ဇာသောင်းကြီးပါလား။ သူ့ဟာနှင့် သူ
တော့ ဟုတ်ပေ့ဖြစ်၍နေသည်။

ဤမျှသာပဲလားတဲ့၊ မဟုတ်သေး
ပါ။ အခြားထောင့်အရေး ထောင့်အရာ
ထွေလာကမာတွေမှာလည်း သည်
ကိုယ်တော်ကြီးကို ပြေး ပြေး အပူကပ်
ရသည်မျိုး ရှိခဲ့၏။

"ကျုပ် ..လူမော်ဆရာရေ့၊ ၂
တိုက်မှာ တိုက်ခန်းဖောက်ဖို့ ကြံနေသ
လိုလို သတင်းသိုးသိုးသန့်သန့် ကြား
တယ်၊ အဲဒါ ...ဘယ်သူတွေများ ဖြစ်
နိုင်မတုန်း။ လုပ်စမ်းပါဦး"ဟုတစ်မျိုး။

"ကိုင်း ...ဝိဇ္ဇာသောင်းရေ ..
ထောင်ကျနဲ့ အချုပ်ဆောင်တွေဘက်မှာ
နံပါတ်ဖိုးတွေ ဖြန့်နေသတဲ့ဗျို့၊ ဘယ်
အကောင်တွေရဲ့ လက်ချက်များတုန်း၊
အာရုံခံစမ်းပါဦး၊ ကျုပ်လူရေ့"ဟု တစ်
သွယ် ခုတစ်ခု ဒုက္ခပေးရလေ့ရှိမြဲ။
ဘယ်သောခါမျှ ညည်းညူငြူစူသည်
မရှိ။ ပြုံးဖြဲဖြဲ ရယ်ကျဲကျဲ သူ့နဂိုစတိုင်
ကြီးအတိုင်း ဒက်ခနဲ ဒက်ခနဲ မြင်
သမျှ တွေ့သမျှ ပြောချတတ်ဆဲ။ မှန်
လည်း မှန်နိုင်လွန်းပါပေ့။

တစ်ခါသားတွင်တော့ လူပါး ပု
လင်းထိ၊ ဒူးနှင့်မျက်ရည်သုတ်ကိန်းကြုံ
ခဲ့ရသည်။ ကျောက်ကြီး စိုးမြင့်၊ နွားကြီး
နွားလေး၊ ခေါ်တောတို့ လူသိုက် ပြစ်
ဒဏ်တိုက်ကိုဖောက်၍ ညအချိန် ထွက်
ပြေးကြဖို့ ကြံစည်ကြိုးပမ်းရာမှာ သင်း
ကြီးက အခါပေးခဲ့သတဲ့ဗျာတို့။ ထောင်
ပြေးမှုကြံရာပါ အားပေးကူညီမှုဖြင့် တ
ကယ့်အလုံတိုက်ထဲ ၁၄ ရက် ညောင်း
ခဲ့ရသည်။

၏"ကျုပ်လူရာ ...ခင်ဗျားမို့ပဲ
မဟုတ်ကဟုတ်က ရှာရှာဖွေဖွေ လုပ်
ရက်ပလေ၊ ဒီကိစ္စမျိုးကို ကြိုသိခဲ့ရင်
တောင်မှ ခင်ဗျားက ..ကျုပ်ကို ချက်
ချင်း လက်တို့လိုက်ရမှာ၊ အခုတော့
ကျုပ်လူကပါ အလိုတူအလိုပါ" ဟု
စိတ်ခပ်ပျက်ပျက်နှင့် အငေါ်တူးမိသည်
ကိုပင်လျှင် "သင်းတို့အကြံ ...မ
အောင်မြင်နိုင်ဘူးဆိုတာ ဒိဋ္ဌသိနေလို့ပါ
ထောင်မှူးကြီးရယ်၊ ပြီးတော့ ...ဒင်း
တို့ကို ဘယ်လိုတားတား ကျုပ်စကား
ကို နားမဝင်တဲ့အပြင် 'ဆင်သွားရင်
လမ်းဖြစ်'သတဲ့၊ ဒင်းတို့က ကျုပ်ကို
စိန်ခေါ်လိုက်သေးတယ်၊ အဲဒါနဲ့ပဲ အ
သာကြည့်နေလိုက်တာ၊ အလုံတိုက်ထဲ
ရောက်တော့လည်း ပိုပြီး နားအေးပါး
အေးနေရတာပ ...မှုတ်ဘူးလား"တဲ့။
ရယ်ကျဲကျဲဖြင့် နားဝင်လှအောင်
လျှောက်လဲချက်ပေးခဲ့သေးသည်။

ဟော ယခုဖြင့် အဲသည် ဝိဇ္ဇာ
သောင်းတစ်ယောက် သေရှာပတဲ့။

(၅)

"ဆရာရေ ...ဆရာ"

"ဟဲ့ ...အော်ကြီးဟစ်ကျယ်
နဲ့ ဘယ်လိုဖြစ်လာပြန်တာတုန်း
အကောင်ရဲ့၊ ငါက ...ဒီမှာ"

တပည့်ကျော် ကံလှိုင်တစ်ယော
သုတ်သီးသုတ်ပျာပေါက်ချလာပြန်သည်
ချွေးတလုံးလုံး ဘိုသီဘတ်သီဖြစ်လာပုံ
ထောက်လျှင် ကေန္တတော့ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခု ပေါက်တိပေါက်ရှာတွေ ပါလာခဲ့ပြီ။

"ဝိဇ္ဇာသောင်းလေ ... သိလား ဆရာ"

"အေးပါ ... ဟုတ်ပါပြီ၊ ဝိဇ္ဇာ သောင်းပဲ .. ရှောဘရားသားပြသွား တာ ဘာကြာသေးတုန်း၊ အဲဒီတော့"

"ဆရာ့အတွက် ... စာကလေး တစ်စောင်ရေးထားရစ်ခဲ့သတဲ့၊ ပြီးတော့ သူ့အိပ်ရာလိပ်ထဲက မှတ်စုရေးထားတဲ့ ဘုတ်အုပ်ကလေးတစ်အုပ်ကိုလည်း တွေ့ခဲ့ကြသတဲ့ ... ဆရာ၊ အဲဒါ ... ဒေါက်တာဦးအေးချိုက ဆရာ့ကိုပဲ ပေး လိုက်ပါဆိုပြီး ကျွန်တော်နဲ့ လူကြုံပါး လိုက်တယ်၊ ဒီမှာ ... ရော့"

ပြက္ခဒိန်စာရွက်ဟောင်း နောက် ကျောမှာ ခဲတံတုံးတုံးဖြင့် ဖိရေးထား သော ပဲညှောင့်ပေါက်လက်ရေး က ဘောက်တိကဘောက်ချာများကို မ နည်းကြီး ပြူးပြဲဖတ်ရ၏။ ဘာတဲ့ ..။

"ထောင်မှူးကြီး .. ရေ့ .. ဘာ တန်ခိုး ဘာသိဒ္ဓိတွေပဲရရ .. အချိန် တန်တော့လည်း အလောင်းကောင်ကြီး ဘဝ လက်ဗလာနဲ့ သေကြရတာချည်း ပါပဲဗျာ၊ ကျုပ်ပြောခဲ့သလို ကျုပ်လည်း ဒီထောင်ကြီးထဲမှာပဲ ကိစ္စငြိမ်းရပြီပေါ့၊ ကျုပ်အတွက် ရည်စူးပြီး သပိတ်သွပ် အမျှအတန်းဝေပေးဖို့ ကျုပ်ဆရာကိုပဲ အားကိုးလိုက်ပါရစေ၊

"အော် ... ဒါနဲ့ .. ကျုပ် မမာ နေတုန်းမှာ ကျုပ် .. အာရုံတွေက ပို ထက်မြက်လာသဗျ၊ ငြိမ်းကာနီးဆီမီး တိုင် ဟုန်းခနဲထတောက်သလိုနေမှာ ပေါ့လေ၊ အဲဒီမှာ ကျုပ် မြင်ခဲ့သိခဲ့ရသ မျှတွေကို ဘုတ်အုတ်ထဲမှာ ရေးထား တယ်၊ တစ်ဘဝကူးခါနီး ကျုပ်ရဲ့ လက် ဆောင်ပလေ ... နော"

ရင်ထဲမှာ ဘယ်လိုမှုမကောင်း။ ဆိုင်းဆိုင်းဆို့ဆို့ မှိုင်းမှိုင်းညှို့ညှို့ချည်း။ လက်တစ်ဝါးမရှိတရှိ မှတ်စုစာအုပ် နွမ်း နွမ်းဖတ်ဖတ်ကလေးကို တဖျပ်ဖျပ်လှန် ကြည့်နေမိ။

အလို အလို ဘာတွေပါလိမ့်။

ယခုလတ်တလော ထောင်အ တွင်းမှာ ဂိုဏ်းဖွဲ့ကျူးလွန်နေကြသည့် ဘိန်းအဖြူအမည်း၊ ဘောလုံး(ခ)စိတ် ကြွဆေးဖြန့်နေသည့် ထောင်ဂျပိုးများ၏ စာရင်း၊ ညတိုင် ညတိုင် ထောင်ကျ ဆောင် အချုပ်ဆောင် အိပ်စင်များ အောက်၌ ပုန်းလျှိုးကွယ်လျှိုး ညလုံး ပေါက်ဖဲကစားကြသည့် ညမင်းသား များစာရင်း၊ အိပ်ဆောင်အလိုက်မိလ္လာ ချောင် ကွန်ကရစ်ခုံကြီးရှိ အုတ်ချပ်များ ကိုခွာ၍ သိုဝှက်သိမ်းဆည်းထားသည့် သိန်းဂဏန်းချီသော ငွေမည်းများ၏ သိုက်စာအညွှန်း၊ တောင်ယာများအ တွင်း မြေကျင်းတူး၍ ဖွက်ထားသည့် တရားမဝင်ပစ္စည်းများနေရာ၊ ကြိုး တိုက်ခန်းမှ ထွက်ပြေးဖို့လျှို့ဝှက်သွင်း ထားသည့်ကြိုးနှင့် သံချိတ်များဝှက်ထား ရာနေရာ၊ ကြံစည်သူများအမည်။ အို သဗ္ဗန်ပေါင်း စုံတကာစေ့ပါလေရော။ နောက်ထပ်တစ်ပတ်နှင့် မီးခိုးကြွက် လျှောက် အရေးယူ၍မဆုံးတော့။ 'သင့် ခယူ မော်ဆရာဝိဇ္ဇာသောင်းရေ့'။

၆။

ကြာတောင်းကြာခဲ့ပါပြီ။

ဌာနရင်ခွင်က ခွာလာခဲ့သည် ပင်လျှင် ဆယ်စုနှစ်တစ်စု စွန်းစွန်းရှိ ရော့မည်။ ထောင်အကြောင်း ထွေထွေ ရာရာကလေးများကို စာတိုပေစရေး ရင်း ရင်ခွင်ဟောင်းကို အလွမ်းပြေ[...] ခဲ့မိရသည်ပင်ကြာပေါ့။

ဘဝတစ်ကွေ့၌ ကြုံခဲ့တွေ့ခဲ့ရ[...] သည့် အံ့အဲဘနန်း လူထူးဆန်းဝိဇ္ဇာ[...] သောင်းလို လူကြီးကို တစ်ခါ တစ်[...] လှစ်ခနဲ လှစ်ခနဲ သတိတရရှိလွန်း[...] သည်။ ဘာတဲ့ ..။

"ဒီမယ် ... ကျုပ်ဆရာ၊ ကျ[...] ဆရာ ဘယ်ကလောက် အားကြီးခ[...] လုပ်လုပ် ထောင်သက်က ကုန်နေ[...] ရောဗျ၊ ထောင်မှူးကြီးထက် ပိုမဖြ[...] နိုင်တော့ဘူး၊ ဒီနှစ်မကုန်ခင် ကျုပ်ဆ[...] ရင်ထဲမှာ ခွေထားခေါက်ထား ထိုးသိ[...] ပစ်ထည့်ထားရတဲ့ စာရေးဆရာဖြစ်[...] စိတ်ကူးကဖြင့် အဟုတ်တကယ် ဖြ[...] လာလိမ့်ဦးမယ်၊ ချမ်းတော့ချမ်းသ[...] မဖြစ်တောင် ဘဝသစ်မှာ ကျုပ်ဆ[...] ပျော်မှာပါ၊ အေးအေးချမ်းချမ်းရှိမှာ[...] ဟဲ ... ဟဲ ... ဟဲ"

သည်စကားကလေးက ဝိဇ္ဇာ[...] သောင်း ကျွန်တော့်ကို နောက်ဆုံးပြေ[...] ဖြစ်ခဲ့သည့်စကား။

မည်သို့ဖြစ်ဖြစ်၊ ဉမမယ် စာ[...] မြောက် စာရေးသမားဖြစ်ခွင့်ကြုံနေ[...] ဖြစ်၍လည်း ဝိဇ္ဇာသောင်းကြီးကို လွ[...] လိုက်မိရသေး။ 'အင်း ... ဒီလူကြ[...] ဘယ်ဘဝရောက်ပြီး ဘာတွေဖြစ်[...] လေတယ်မသိ"။

ကောင်းရာသုဂတိလားပါစေသ[...] ဝိဇ္ဇာသောင်းရေ့ ..။

မေတ္တာဖြင့်[...]

ဇေယျမင်း[...]



www.burmeseclassic.com



## ကျစ်တွင်းမာယာ

တောတောင်တို့ဟူသည်ကား ပင်
ယ်သမုဒ္ဒရာတို့ကဲ့သို့ မာယာများ
ဘ်ကြသလို ရာသီအလိုက် သူ့
ဘာဝနှင့်သူတို့ ရှိနေတတ်ကြသည်
တ်ပါလား။

ကျွန်တော်တို့အဖွဲ့က တော
ောင်များအတွင်းရှိ သားကောင်တို့ကို
က်လံပစ်ခတ်နေကြသည့် မုဆိုးများ
ကြသည့်အတွက် တောထဲတွင် နေ
ထိုင်ကျက်စားကြသည့် သတ္တဝါတစ်မျိုး
ချင်းစီ၏ စရိုက်၊ သဘာဝ၊ နေထိုင်
ကျက်စားပုံ၊ သွားလာလှုပ်ရှားပုံစသည်
တို့ကို လေ့လာမှတ်သားပြီး ကျင်လည်
လှုပ်ရှားသွားလာနေထိုင်တတ်သည့်
နေရာကို လိုက်လံပစ်ခတ်ကြရပေ
သည်။ ထိုသို့ လိုက်လံပစ်ခတ်သည့်
ကျွန်တော်မုဆိုးအတွက် မှတ်မှတ်ရရ
ဂမ္ဘီရဆန်သောသားကောင်တို့ကို တွေ့
ကြုံပစ်ခတ်ခဲ့ရာမှ မှတ်မှတ်ရရ ထူး
ခြားဆန်းကျယ်သည့် ကျတ်ဆိုသည့်
အကောင်မျိုးနှင့် ကြုံဆုံခဲ့ရပုံကလေးကို
ရေးသားတင်ပြလိုပေသည်။



www.burmeseclassic.com

ကျွန်တော် တောတောင်များ
အတွင်း သားကောင်များကို ပစ်ခတ်ခဲ့
ရာတွင် ကျတ်ဆိုသည့်စကားလုံးနှင့်
ပတ်သက်ပြီး ၂ မျိုးရှိနေသည်ကို
သတိပြုမိသည်။ တစ်မျိုးက တော
တွင်းကျင်လည်ကျက်စားသည့် သား
ကောင်ဖြစ်ပြီး နောက်တစ်မျိုးက သူရဲ
တစ္ဆေမကောင်းဆိုးဝါးတို့နှင့်ယှဉ်တွဲနေ
သည့် ဂမ္ဘီရဆန်မကောင်းဆိုးဝါးတို့နှင့်
ယှဉ်တွဲနေသည့် ဖြစ်ရပ်ကို ခေါ်ဆိုသုံး
စွဲကြခြင်းဖြစ်သည်ကို သတိပြုလိုက်မိ
သည်။ မှဆိုးတစ်ယောက်ဖြစ်သည့်အ
တွက် ထိုနှစ်မျိုးစလုံးနှင့် ကျွန်တော်နှင့်
မစိမ်း။ မရင်းနှီးခဲ့ပေမဲ့ ကြုံခဲ့ဆုံခဲ့ဖူး
သည်။ ထိုနှစ်မျိုးစလုံးကိုလည်း အမဲပစ်
ခရီးတစ်ခုထဲတွင် ကြုံတွေ့လိုက်ရခြင်း
ပင် ဖြစ်ပေသည်။

+++

ခရီးက ဝေးလှသည်တော့ဖြင့်
မဟုတ်။ ပဲခူးရိုးမကြီးအတွင်း ဦးကျန်
ဆုံဆင်စခန်းရယ်သာ။ ထိုဆင်စခန်းက
ရန်ကုန်မှမဝေးဘီ။ မြောင်းတကာ၊ ဖူး
ကြီးနှင့် တိုက်ကြီးမြို့အလွန် ရိုးမကြီး
အတွင်းပိုင်းတစ်နေရာပင် ဖြစ်သည်။

ထိုစခန်းသည် နိုင်ငံတော်၏ သစ်
ထုတ်လုပ်ရေးလုပ်ငန်းတွင် အဓိကကျ
သော စခန်းတစ်ခုဖြစ်ပေသည်။ ထို
ဆင်စခန်းသည် ဝါးစွပ်ကွင်းရွာကလေး
အနီးဖြစ်သည်။ ရိုးမကြီးကို တောင်
မြောက်တန်းနေသည့် တောင်ကြီးအ
ကြားတွင်ရှိပြီး ထိုတောင်တန်းကြီး
အောက်တွင် သရက်ချောင်း၊ ငါးမြွေ
ချောင်း၊ မျိုချောင်းအပြင် အခြားသော
အမည်ဖော်လို့မရသည့် ချောင်းများ
လည်းရှိသည်။ ထိုချောင်းတို့အကြား
တွင် မြောင်များလည်း ရှိသည်။ သည့်
ကြားထဲ ကျောက်ဖျားအိုင်၊ ကျောက်
တစ်လုံးအိုင်၊ ထိုးကျကြီး၊ ထိုးကျလေး
စသည့် အိုင်နှင့် မြောင်များ ဝိုင်းထား
သည့်စခန်း။

တောင်ကုန်းများအကြား မြောင်
များလည်းရှိနေသလို ထိုအိုင်များတွင်
ငါးတို့ အလွန်ပေါများပြီး ရိုးမကြီး
အတွင်းပိုင်းလည်းဖြစ်၊ သားကောင်တို့
ပေါများ ကျက်စား နိုအောင်းရာလည်း
ဖြစ်သည်။

ဦးကျန်ဆုံဆင်စခန်းမှ ဆင်အုပ်
ကြီး 'ဦးမြတ်မင်းဟန်'မှာ အရပ်က
ထောင်ထောင်မောင်းမောင်းနှင့် ဗလ
ကောင်းသူဖြစ်သည်။ ငယ်ရွယ်စဉ်ကပင်
ဖခင် ဆင်အုပ်ကြီး ဦးဝင်းနိုင်၊ ဒေါ်မြ
မြအေးတို့မှ ဆင်းသက်လာသူ ဆင်
သမားမျိုးနွယ်ဖြစ်သည့်အတွက် 'ဆင်ပဲ့
ချိတ်၊ ပဲ့စီး၊ ဦးစီး၊ ဆင်ခေါင်း၊ ဆင်
အုပ်မှဆင်အုပ်ကြီး 'အဆင့်ရောက်
သည့်တိုင် တောတောင်များအတွင်း
ဆင်များဖြင့် ဘဝမျိုးစုံဖြင့် ကျင်လည်
လုပ်ကိုင်လာခဲ့ရာ ယခုအခါတွင်
အသက်အရွယ်ကလည်း ကြီးလာသလို
သားသမီးများဖြစ်ကြသော 'မောင်ညို
မဝိုင်း၊ မောင်သိန်းဝင်း၊ မောင်မြဦး၊
မောင်တင်ထွန်းတို့အပြင် သမီးငယ်
လေးမေမေ'တို့နှင့် အငြိမ်းစားယူပြီး
ရွှေပြည်သာတွင် အခြေချအနားမယူမီ
အချိန်တွင် သားကောင်ပေါသောသူ၏
ဆင်စခန်းရှိရာသို့ လာရောက်ပစ်ခတ်
ပါရန် အကြိမ်ကြိမ် ဖိတ်ကြားခေါ်ယူ
သည့်အတွက် ကျွန်တော်တို့ သွား
ရောက်ကြခြင်းပင်။

ကျွန်တော်တို့ ၃ ဦးသား သူတို့
မိသားစုနေထိုင်ရာစခန်းဆီရောက်တော
ဝမ်းသာအားရ ဆီးကြိုကြသည်။ ဆင
စခန်းတဲတစ်လုံးတွင် နားနေအိပ်စ
ရန် နေရာချထားပေးသော်လည
လွတ်လပ်စွာနေလိုကြသော ကျွန်တော
တို့မှာ ဆင်စခန်းအပြင်တွင် တ
ဆောက်ထားသောညှိသည်များ နာ
ရာတဲတွင် အထိုင်ချလိုက်သည်။ သို့အ
တွက် သားတော်မောင်များကို လက်
လက်တောင်းခိုင်းရန်နှင့် အမဲပစ်
တွင် လမ်းပြအဖော်အဖြစ် အတူလို
ပါနေစေခဲ့သည်။

နားနေအိပ်စက်မည့်တဲများသည
'ဘန်ဂလို'ပုံစံမျိုး ဆောက်ထားပြီး
ကို ဝါးများဖြင့်ကာရံထားပြီး ခြံတံ
အဖွင့်အပိတ်နှင့် ထမင်းဟင်းချက်ပြု
ရန်အတွက် သူ၏တပည့်လင်မယား
သော ငစောနှင့် ခင်အုန်းမြင့်တို့လ
မယားနှစ်ယောက်ကိုပါ ထားပေးသည
ခင်အုန်းမြင့်ဆိုသည်က သူ့ဆင်စခန်
ပဲ့ကိုင်တစ်ယောက်၏ဇနီး ကရင်လူ
အစပ်၊ အသားဖြူပြီး လုံးကြီးပေါက်
အသက်က ခပ်ကြီးကြီး၊ လင်ဖြစ်
ဆင်ကောက်သွားစဉ် ယခုလင်ဖြစ်
ငစောဆိုသူနှင့် ဖောက်ပြန်နေသည့်အ
တွက် သူ့ခင်ပွန်း ပဲ့ချိတ်ကိုဆင်နင်းအ
သတ်ခံလိုက်ရပြီး သူနှင့် ဖောက်ပြန်
ခဲ့သည့် ငစောကိုကောက်ယူလိုက်သ
အမျိုးသမီးတစ်ယောက်ပင်ဟု ဆ
အုပ်ကြီးသားဖြစ်သူ သိန်းဝင်းက ကျွ
တော်တို့ကို အသိပေးပြောကြားထ
သည်။ သို့အတွက် ဆင်အုပ်ကြီး
ဆင်ထိန်းမခိုင်းတော့ဘဲ စခန်းတ
တောက်တိုမယ်ရခိုင်းထားသူဖြစ်သည

ငစောဆိုသူမှာ အသုံးမရှိသဖြ



www.burmeseclassic.com

www.burmeseclassic.com


…းသည့်အချိန်တွင် ဒူးလေးတစ်လက် …ိုင်ပြီး တောထဲဝင်၍ သားကောင်ပစ် …ာ အပိုဝင်ငွေရှာသလို ထောင် ချောက်ဆင်ဖမ်းသည့်အလုပ်ကိုလည်း …ပ်သူတစ်ဦးပင်။

ယခုလည်း ကျွန်တော်တို့ စခန်း …ကိုရောက်ပြီး တောထဲထွက်သွားရာ …အပြန်တွင် ငှက်ငန်း ၃ ကောင်နှင့် …တစ်ကောင်ပါလာသည့်အတွက် ညနေစာ ကြော်လှော်ချက်ပြုတ်နေစဉ် ကျွန်တော်တို့က ပါလာသည့်အရက် …လင်းကိုဖွင့်ကာ ငါးခြောက်ထောင်း ကြော်နှင့်စားသောက်နေစဉ် ဆင်အုပ် ကြီးသားတော်မောင် ၄ ယောက်က ကျွန်တော်တို့နှင့် ဝိုင်းထိုင်စကားပြော နေစဉ် အစ်ကိုကြီးဦးသိန်းလွင်က–

“နေကြစမ်းပါဦးကွ၊ မင်းတို့ ညီ အစ်ကိုတွေ နာမည်ကလေးတွေ ပြော …ကြပါဦး .. ငါတို့သိအောင်လို့ပေါ့”

ထိုသို့မေးလိုက်စဉ် ခပ်သွက်သွက် လူငယ်တစ်ယောက်ဖြစ်သော မောင် သိန်းဝင်းက–

“ကျွန်တော့်နာမည်က .. သိန်း ဝင်း၊ သူက .. ညီမှိုင်း၊ သူက .. မြဦး …ပြီး .. ဟိုကောင်က .. တင်ထွန်းလို့ ခေါ်ပါတယ် ... ခင်ဗျာ”

“အော် ... အေးပါကွာ၊ ဒါနဲ့ သိလို့မေးရဦးမယ်၊ မင်းတို့ညီအစ်ကို ၄ ယောက်ထဲမှာ ဘယ်သူကအကြီးလဲ၊ …ငယ်က ဘယ်သူလဲကွ၊ တစ်ရွယ်ထဲ …တွေဆိုတော့ ငါတို့ ဘယ်သူက ကြီး …ငယ်တယ်ဆိုတာ မသိလို့ မေးတာ …နော”

“ဟုတ်ကဲ့အဘ ... ကျွန်တော် …ညီအစ်ကို ၄ ယောက်ကို တစ်ချိန်ထဲ တစ်ပြိုင်ထဲ အမေကမွေးလိုက်တာဆို တော့ .. လက်သယ် ဒေါ်ခါဒေါင်းကြီး တောင် မခွဲတတ်ဘူးခင်ဗျ၊ ညီမလေး မော်မော်ကတော့ ကျွန်တော်တို့ ညီ အစ်ကိုတွေ တစ်ပြိုင်ထဲမွေးပြီး နှစ်နှစ် လောက်ကြာမှမွေးတော့ .. သူက အငယ်ဆုံးပါခင်ဗျာ”

မောင်သိန်းဝင်းဆိုသူ လူငယ်ဖြေ လိုက်သည့်စကားကြောင့် ကျွန်တော်တို့ တအံ့တဩဖြစ်သွားကြရင်း အဘ ကောင်းက–

“ဟုတ်ရဲ့လား ... မောင်သိန်း ဝင်းရယ်၊ ဒါဆို .. မင်းအမေက တစ် ပြိုင်ထဲ ငါးမွှာပူးမွေးတယ်၊ တစ်ကြိမ်ထဲ လေးယောက်ကိုမွေးပြီး နောက်နှစ်နှစ် ကြာမှ သမီးလေးတစ်ယောက်ထပ်မွေး တယ်ဆိုတော့ အံ့ဩစရာပဲနော်၊ မွေး အားကောင်းလိုက်တဲ့မိန်းကလေးကွယ်၊ ပြောရင် ယုံကြမှာတောင်မဟုတ်ဘူး၊ ဟောကောင်တွေ ဟုတ်ကော ဟုတ်ရဲ့ လားကွ၊ မင်းတို့လေးတွေနဲ့ ပြောရတာ ကွာ အနောင့်မလွတ်၊ အသွားမလွတ်”

အဘကောင်း ပြောလိုက်သည့် စကားကြောင့် မောင်ညီမှိုင်းဆိုသည့် လူငယ်က–

“အဘကောင်းမယုံရင် .. ကမ္ဘာ့ စံချိန်ဝင် ဂင်းနစ်မှတ်တမ်းတွေထဲမှာ မြန်မာအမျိုးသမီးတွေ မွေးအားကောင်း ပြီး ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိ နေတဲ့ မှတ်တမ်းကိုသွားဖတ်ကြည့်ဗျာ၊ တော်ပြီ .. အဘ၊ ထမင်းကျွေးပြီး နား ခိုင်းလိုက်ပါ၊ မနက်မှ တောလည်မယ့် ကိစ္စပြောကြတာပေါ့”

ညနေလည်းစောင်းပေပြီမို့ အ မှောင်ဘက်ကိုလှလာသလို ကျေးငှက် သာရကာတို့ အိပ်တန်းလုအော်မြည်သံ၊ တောကြက်ဖတို့ တွန်ကျူးသံများ ကြား လာရသည်။ ဖယောင်းတိုင်မီးများထွန်း ညှိလိုက်ကြပြီး ညနေစာကိုလူငယ်များ နှင့် ရောနှောကာ စားသောက်လိုက်ကြ သည်။ ဟင်းကားရစ်သားကို မျောက် ချေးခါးနှင့်ရောချက်ထားသလို ချောင်း ငါးကို မက်လင်ချဉ်သီးနှင့် ရောချက် ထားပြီး ကြိမ်ခါးဖူးပြုတ်အတို့နှင့် မြိန်စား လို့ကောင်းလှပေသည်။

စားသောက်ကြလို့အပြီး ပင်ပန်း လာခဲ့ကြသည်မို့ အိပ်စက်အနားယူ လိုက်ကြပေသည်။ မိုးလင်းတော့ ကျေး ငှက်သံတစာစာနှင့်အတူ နိုးထလာခဲ့ ကြသည်။

ဦးကျွန်ဆုံဆင်စခန်းဝန်းကျင်တွင် ကျေးငှက်သာရကာများအပြင် သား ကောင်များလည်းလွန်စွာပေါများသည်။ ဦးကျွန်ဆုံဆင်စခန်းရှိသည့် နေရာသည် တောကိုမှီပြီး လုပ်ကိုင်စားသောက်ကြ သည့်သူများအတွက် လိုအပ်သော ပစ္စည်းများကို စုံလင်စွာဝယ်ယူရရှိသည့် နေရာဖြစ်သလို ဆင်စခန်းမိသားစုများ နေထိုင်ရာဖြစ်သည်မို့ လူကစုံသည်။

ဦးကျွန်ဆုံဆင်စခန်းရှိရာမှ မဟာ မြိုင်တောင်တန်းကြီးရှိရာဆီသို့ တပြန့် တပြောကျယ်ဝန်းနက်ရှိုင်းသော ရိုးမ ကြီးအတွင်းကျသော အပိုင်းမို့ ပေါက် ရောက်နေကြသည့် သစ်ရိုင်းပင်ကြီးတို့ ကလည်း မသေးလှ။ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ ဘန့် မွှေးတို့မှအစ ကြွက်နွယ်တော၊ ဒေါင့်ဒ လောင်တော၊ နွယ်ပေါက်တောကြီးတို့ အပြင် ရေငန်းတော၊ ကြိမ်တော၊ ကိုင်း တော၊ ကျူတောနှင့် ဝါးရိုးတောကြီး


www.burmeseclassic.com

များ၊ ချုံနွယ်တောကြီးတို့ကလည်း သားကောင်များ ပုန်းခိုနားနေအိပ်စက်ကြရန်အတွက် အားဖြည့်ထားကြပြီး ရိုးမတောနက်ကြီးအင်္ဂါရပ်နှင့်ပြည့်စုံနေသလို ကျောက်ပြန့်အိုင်ကြီးများ ချောင်းငယ်မြောင်းငယ်တို့ကလည်း ရှိနေကြပြန်သေးသည်။

ကျွန်တော်က ကောက်ညှင်းကို လက်နှင့်အဆုပ်ဖြစ်အောင်လုံး၊ ငါးကြော်နှင့်စားရင်း အဖန်ရည်ကိုသောက်နေမိလိုက်သည်။ နွေကာလ၏ နံနက်ခင်းဆိုသော်လည်း ရိုးမကြီးအတွင်းပိုင်းမို့ နှင်းတို့ကျဆင်းနေသည့်ဝန်းကျင်ဆီမှ ချေဟောက်သံ၊ ဆတ်တစ်သံ၊ မျောက်အော်သံ၊ တောကြက်တွန်သံ၊ ဘွတ်အီသံတို့ကို ကြားနေရသည်။ ဝေဟင်တွင် အိပ်တန်းထကျေးငှက်တို့က သူ့အုပ်စုနှင့်သူ စားပင်များရှိရာဆီသို့ ပျံသန်းနေကြသည်။ ထိုစဉ် ဆင်အုပ်ကြီးသား မောင်သိန်းဝင်းက–



"ကဲ ... အဘတို့ ဘယ်လိုစီစဉ်ကြမလဲ၊ တောပုန်းချောင်းပစ်ကြမှာလား၊ ဒါဆိုရင် ကျွန်တော်တို့ညီအစ်ကိုတွေ လမ်းပြလုပ်ပေးပြီး နောက်ကလိုက်မယ်၊ ကိုငစောကြီးလည်း ရှိတယ် လုပ်ချင်တာကို ပြောကြပါ"

ထိုသို့ ပြောလိုက်စဉ် မောင်ညိုမှိုင်းဆိုသည့်လူငယ်က–

"မြဦးနဲ့ သိန်းဝင်းတို့က အဘကောင်းနဲ့ အဘသိန်းလွင်ကိုခေါ်ပြီး ရေပြာစမ်းဘက်ကို တောပုန်းပစ်ထွက်ကွာ၊ ငါနဲ့တင်ထွန်းက ဦးဘိုလေးနဲ့တွဲပြီး လဟာမငယ်ဘက်ကို တောဆိပ်နဲ့ကွဲ ရိုင်း ပစ်ထွက်မယ်ဟေ့"

ထိုစဉ် ငစောဆိုသည့်ဆင်သမားမုဆိုးက–

"အဘတို့ကို မင်းတို့ခေါ်သွားကြကွာ၊ ငါက ... ထောင်ချောက်တွေဆင်ထားတဲ့ဆီကို သွားလိုက်မယ်လေ"

သူတို့ လူစုခွဲသည်ကို အဘကောင်းက လက်ခံသည်မို့ သေနတ်များကိုယူပြီး ထွက်ခွာမည်ပြုစဉ် ညကစားထားသည့် မက်လင်ချဉ်သီးနှင့် ချောင်းငါးတို့ရောချက်ထားသည့် ချဉ်ရည်ဟင်းက အစွမ်းအစပြလာသည်။ ဗိုက်ကရစ်ပြီး နာလာသည်မို့ မောင်တင်ထွန်းဆိုသူလေးကို လှမ်းကြည့်လိုက်ရင်း မေးလိုက်မိသည်က–

"မင်းတို့ ... ဒီစခန်း ဘယ်နေရာမှာ တောထိုင်ကြသလဲကွ"

မုဆိုးတို့ပြောသည့် စကားအရ (တောထိုင်သည်ဆိုသည်က) အပေါ့အလေး(ကျင်ကြီးကျင်ငယ်)စွန့်သည့်နေရာကို ဆိုလိုခြင်းဖြစ်ပေသည်။ အချို့ အတွေ့အကြုံမရှိသူများက တောနက်ကြီးထဲရောက်နေသူအဖို့ ဘယ်နေရာမဆို လူသူမရှိသည့်အတွက် ကျင်ကြီးကျင်ငယ်ကို မည်သည့်နေရာမဆို စွန့်လို့ရသည်ဟု ထင်ကောင်းထင်ကြပေမည်။ ထိုသို့ ထင်မြင်ကြသူများကိုလည်း အပြစ်ဆိုလို့မရပါ။ အဘယ့်ကြောင့်ဆိုသော် တောအကြောင်းတောင်အကြောင်း မသိသူတွေက လုပ်ခဲ့ကြခြင်းမို့ပင် သူတို့လုပ်ခဲ့ကြသည့်နေရာတွင် ဘာမှမဖြစ်ခဲ့ကြပေမဲ့ ကျွန်တော်တို့က တောထဲ တောင်ထဲ လိုက်လံအမဲသားကောင်တွေကို ပစ်ခတ်နေကြသူများမို့(တောလမိုင်း တောင်လမိုင်း တင်မြှောက်ပသတောင်းခံ)ပြီး ပစ်ခတ်ကြသူများမို့ ထိုကိစ္စကို အလေးထားသတိထားကြသူများဖြစ်သည့် အတွက်ကြောင့်ပင် ဖြစ်ပေသည်။

ကျွန်တော်တို့အဖွဲ့ တောထဲဝင်ရောက်ပြီး အမဲသားကောင်များကိုပစ်ခတ်ကြလေတိုင်း တောပိုင်တောင်ပိုင်များကို တင်မြှောက်ပသတောင်းခံပြီးမှ ပစ်ခတ်ကြသူများ ဖြစ်ပေသည်။ အကြမ်းအားဖြင့် ကျွန်တော်တို့သိရှိထားသည်က ပသီမောင်နှမပိုင်သည့် နယ်မြေ၊ အဘိုးပြေစာပိုင်သည့်နယ်မြေ စသည်များအပြင် အချို့သောနေရာတို့သည် တစ်ပွဲစား (...)မည်သူပိုင်သောနယ်မြေ၊ ဘယ်ရက္ခစိုးအပိုင်နယ်မြေ၊ ဘယ်နတ်အပိုင် စသည် စသည်တို့ရှိနေကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ဤ စကြဝဠာကမ္ဘာကြီးသည် တောတောင်သမုဒ္ဒရာ၊ မြင့်မိုရ်တောင် စသော သက်မဲ့အဝိညာဏကဝတ္ထုတို့၏တည်ရာကြီးဖြစ်သကဲ့သို့ ထွေနတ်ပြဟ္မာ စသော သက်ရှိဝိညာဏက



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဖြစ်ရာ တည်ရာ ကျင်လည် ကျက်စားရာလည်း ဖြစ်သည်ဆိုသည်ကို ဖတ်ဖူးမှတ်ဖူးသည်။ ရှင်တော်ဘုရားကလည်း ဟောကြားတော်မူခဲ့သည်ကို သိရှိထားခဲ့သည်။ သို့အတွက် မသိမ့်မြင်မလုပ်ရဲ။

''ဦးဘိုလေး ... တောထိုင်တဲ့နေရာက နောက်ဖေးက ဝါးရုံတောကြီးထဲမှာပါ။ လိုရမယ်ရ သေနတ်ယူသွားနော်''

''ဟေ ... သေနတ်ယူသွားရမယ် ... ဟုတ်လား''

မောင်တင်ထွန်းပြောလိုက်သည့်စကားကြောင့် ကျွန်တော်က တအံ့တသြမေးလိုက်ရင်း နှစ်လုံးပြူးသေနတ်ကိုဆွဲကာ ဝါးရုံတောဆီ ခပ်သွက်သွက်လှမ်းခဲ့သည်။ ဗိုက်ကနာလာပြီကိုး။ ဦးကျွန်ဆုံဆင်စခန်းရှိရာသည် ရိုးမကြီးအတွင်းကျသည့်နေရာလည်းဖြစ်၊ သားကောင်များ ခိုအောင်းရာလည်းဖြစ်ပြီး၍ မထင်မှတ်ဘဲ အချိန်မရွေးတိုးနိုင်သဖြင့် ယခုကဲ့သို့ တောထိုင်သွားရင်းပင် သေနတ်တစ်ခုခုဆောင်သွားရန် မောင်တင်ထွန်း သတိပေးခြင်းဖြစ်မည်ဟု တွေးရင်း လျှောက်လှမ်းလာခဲ့ပေသည်။

ထိုဝန်းကျင်သည် သားကောင်ပေါသလို မြွေဆိုးများလည်း ပေါများဟန်ထင်။ သို့အတွက် တောထိုင်ရန်နေရာကို ဝါးရုံတောကြီးအတွင်း ရွေးချယ်စီစဉ်ထားပြီး ဆောင့်ကြောင့်ထိုင်ရန်ကောင်းသော ဝါးပင်နှစ်ပင်ကို ခါးဆစ်လောက်မှညီတူဖြတ်ပြီး ထိုဝါးနှစ်ခုပေါ်တက်၍ ဆောင့်ကြောင့်ထိုင်၊ ဝါးကိုင်းကိုကိုင်ပြီး ကိုယ့်ကိစ္စကိုယ် ဖြေရှင်းရပေသည်။

သို့အတွက် လက်စွဲတော်နှစ်လုံးပြူးသေနတ်ကို ဝါးကိုင်းတွင်ချိတ်ဆွဲကာ ဝါးလုံးပြတ်နှစ်ခုပေါ်တက်၊ ဆောင့်ကြောင့်ထိုင်ရင်း အတွင်းအားတွေကို ညှစ်ထုတ်ပစ်လိုက်ပေသည်။

အတန်ကြာတော့ ကိုယ်ပိုင်အတွင်းပစ္စည်းများ ပြုဆင်းသွားသည်နှင့်အတူ လန်းဆန်းပေါ့ပါးသွားသည်။ ဝန်ထုပ်ဝန်ပိုးတစ်ခု ရှင်းလင်းသွားသည်မို့ နံနက်ခင်း၏ ထွက်ပြူစ နေရောင်ခြည်ထွေးထွေးနှင့်အတူ လန်းဆန်းပေါ့ပါးသွားသည်။ စိတ်ကလည်း ကြည်နူးရိပ်သန်းနေပြီမို့ တောပုန်းခြောင်းပစ်ရန်ကလေးတွေနှင့် သွားဖို့တွေးနေစဉ်–

''ဦးဘိုလေး ... ဦးဘိုလေး''

ဝါးလုံးပြတ် ၂ လုံးပေါ်ထိုင်ကာ ဖိမ်ယူတွေးတောနေချိန် အလန့်တထိပ်အသွင်မျိုးနှင့် နောက်ပိုင်းတိုးဝင်လာသည့်ဘက်ဆီမှ ကျွန်တော့်နာမည်ကို ခေါ်သံကြားလိုက်ရသဖြင့် အသံလာရာဆီကို လှမ်းကြည့်လိုက်မိသည်။ မည်သူ့ကိုမျှ မတွေ့ရ။ နံနက်ခင်းဆိုပေမဲ့ နှင်းတို့ကကွဲပြီး ရောင်ခြည်တို့ကထိုးဝင်နေပြီ။ သို့သော်လည်း ဘာကိုမှမတွေ့ရ။ မျက်လုံးကို ပွတ်သပ်ကြည့်ရှုရှာဖွေနေမိပြန်သည်။ ထိုစဉ်–

''ဦးဘိုလေး ... ဦးဘိုလေး''

နောက်တစ်ကြိမ် ထပ်မံခေါ်သံကို ကြားလိုက်ရပြန်သည်။ အသံက လျှာလိပ်သံကြီးနှင့် ကုလားစကားပြောသည့်အသံမျိုး ဩဩကြီးနှင့် အသံလာရာဆီသို့ လိုက်လံကြည့်ရှုရင်း စဉ်းစားနေလိုက်မိသည်။ ကျွန်တော်တို့ မုဆိုးအဖွဲ့တွင် ၇ ဦးရှိသည်။ ယခုထွက်ခဲ့သည့်ခရီးတွင် (၄)ဦး လိုက်မလာနိုင်ခဲ့ကြသဖြင့် ကျွန်တော်တို့ အသက်ကြီးသည့် ၃ ဦးထဲသာ ထွက်ခဲ့ကြသည့်ခရီးပင်၊ အဖွဲ့သားအားလုံးနှင့် သွားရောက်ပစ်ခတ်ခဲ့ကြသည့် ရွာခံမုဆိုးတို့ကလည်း ကျွန်တော့်ကို ဘိုလေး ဟူ၍သာ ချစ်စနိုးခေါ်ကြသည်။ ယခု ခေါ်နေသည့်အသံသည် ကုလားကြီး သန်းညွန့်အသံဖြစ်နေသည်က ဆန်းနေသည်။ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ကလည်း လူငယ်တွေနှင့် တောပုန်းခြောင်းထွက်သွားကြပေပြီ။ စခန်းချရာ ဘန်ဂလိုတွင် ကျွန်တော်အပြင် လူငယ်များဖြစ်ကြသော မောင်ညိုမှိုင်းနှင့် မောင်တင်ထွန်းအပြင် ထမင်းချက်ပေးသည့် ငစော၏ဇနီး ခင်အုန်းမြင့် တို့သာရှိသည်။ သူမခင်ပွန်းက ထောင်ခြောက်များဆီသွားခဲ့ပေပြီ။ သို့ဆိုလျှင် ထိုအသံသည် မည်သူ့အသံဖြစ်နိုင်သနည်းဟူသော အတွေးဖြင့် လတ်တလောကိစ္စကို ဖြတ်ချလိုက်ပြီး ချိတ်ဆွဲထားသည့်သေနတ်ကိုယူ၍ လုံခြုံရေးမောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့လိုက်ပြီးပစ်ခတ်ရန်အနေအထားဖြင့် တိုးထွက်လာခဲ့သည်။ စဉ်းစားလိုက်မိသည်ကလည်း ကျွန်တော့်မုဆိုး ၇ ယောက်လုံး၏အသံကို မှတ်မိနေခြင်း၊ လွဲနိုင်စရာအကြောင်းကမရှိ။ သူတို့၏ အသံ၊ အနံ့၊ သူတို့ပစ်ချက်တို့က ကျွန်တော်တို့အတွက် လူမမှားဖို့က အဓိကအချက်ပင် မဟုတ်ပါလား။ ယခု နာမည်ခေါ်သူက ကုလားကြီးသန်းညွန့်အသံပင်။

နောက်တစ်ချက်စဉ်းစားနေလိုက်မိသည်က တောတောင်များအတွင်း သားကောင်တို့ကို လိုက်လံပစ်ခတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ တစ်ဦးနှင့်တစ်ဦး နာမည်များ မခေါ်ကြရ။ အဘယ့်ကြောင့်ဆိုသော် တောတို့သဘာဝမကောင်းဆိုးဝါးများက နာမည်ကို အတုခိုးခေါ်ဝေါ်ကာ လှည့်စားတတ်သည်ဟူသော အယူအဆရှိသည်။ သို့အတွက် လူအူသံပေးပြီး အဆက်အသွယ်လုပ်ကြရပေသည်။ ယခု ကျွန်တော်ကြားနေရသည့်အသံသည် တောနက်ကြီးဆိုပေမဲ့လည်း စခန်းချရာဆီတွင်ဖြစ်နေသည့်အတွက် စဉ်းစားကာ လှျောက်လှမ်းခဲ့စဉ်–

"ဗျော"

လက်ဝဲဘက် တောင်စွန်းပင်ကြီးထက်ဆီမှ အသံကြီးကို ကြားလိုက်ရသည့်အတွက် သေနတ်နှင့်ထိုးချိန်လိုက်ရင်းကြည့်လိုက်ရာ တောင်စွန်းရွက်များကို ထပ်ပြီး အထုပ်ဖြစ်အောင်လုပ်ထားသည့် ခါချဉ်ထုပ်ကြီး တစ်ထုပ်မှာ သစ်ကိုင်းများတွင် တွယ်ကပ်ထားသည့်ကပ်ပါးများကွာလျက် သစ်ကိုင်းဖျားရှိ အထုပ်ကြီးကပြုတ်ကျပြီး အမှီအတွယ်ကင်းကာ တွဲလောင်းကြီးယိမ်းထိုးလှုပ်ရှားယမ်းခါလျက် ခါချဉ်ကောင်များ မြေပြင်သို့ တဖွဲဖွဲပြုတ်ကျပြီးအတွင်းမှ လှုပ်လှုပ်ရွရွဖြစ်နေသဖြင့် ပစ်ချလိုက်ပေတော့သည်။

ဒိုင်းခနဲ မည်ဟိန်းပေါက်ကွဲသွားသည့် သေနတ်သံကြီးနှင့်အတူ ခါချဉ်ထုပ်ကြီးမှာ ဝုန်းခနဲ မြေပြင်သို့ဖွဲအိတ်ကြီးပြုတ်ကျသည့်အသံမျိုးဖြင့် ကျလာပြီး အထုပ်ကြီးအတွင်းမှ သွေးများယိုဆင်းလာကြသလို ခါချဉ်ကောင်များလည်း အများအပြား တိုးထွက်လာရင်းက ခုန်ဆွခုန်ဆွဖြစ်နေသည်ကို အံ့သြဖွယ်တွေ့မြင်ရပေသည်။ ထိုစဉ်နောက်ကျောဘက်မှ မောင်ညိုမှိုင်းအသံထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟား သေနတ်သံကြားလို့ ဘာကောင်ပစ်လဲဆိုပြီး အပြေးအလွှား လာကြည့်မိပါတယ်၊ မှဆိုးကြီးက ခါချဉ်ထုပ်ပစ်ချရတယ်လို့ ခပ်ရှားရှား ... မှဆိုးကြီးပါပဲ .. ဟဲ .. ဟဲ .. ဟဲ"

မလောက်လေး မလောက်စားကလေးက မြင်ကွင်းကိုကြည့်ပြီး လှောင်ပြောင်ပြီး မလေးမခန့်ပြောလိုက်သည့်စကားကြောင့် ဒေါပွသွားသဖြင့် နောက်ကျောအသံကြားရာဆီကို လှမ်းကြည့်လိုက်ရာ မောင်တင်ထွန်းတစ်ယောက်ကလည်း ကိုင်းခုတ်ဓားတစ်လက်ကိုကိုင်ပြီး စိတ်မချသဖြင့် ပြေးလိုက်လာသည်ကို တွေ့လိုက်ရသည်။ ထိုစဉ်–

"ဟိုမှာ .. ခါချဉ်ထုပ်ကြီးဖြစ်နေပုံလည်းကြည့်ပါဦး ... ဝှါနာမည်လည်းခေါ်သေးတယ်၊ ခုန်ဆွ ... ခုန်ဆွနဲ့ သွေးတွေလည်း ပန်းထွက်နေတာကို"

ကျွန်တော့်အပြောကြောင့် သူတို့နှစ်ဦး ခါချဉ်ထုပ်ကြီးဖြစ်နေပုံကို ကြည့်လိုက်ရင်း–

"ဟာ ... ဟုတ်ပါရဲ့၊ အထုပ်ထဲဘာကောင်ဝင်နေလဲမသိဘူး"

သွေးသံရဲရဲနှင့် ခါချဉ်ထုပ်ကြီးကို ကြည့်လျက် မောင်တင်ထွန်းက ပြောလိုက်သလို လက်တွင်ကိုင်ဆောင်ထားသည့် ကိုင်းခုတ်ဓားဖြင့် ပြေးကာ ပိုင်းချလိုက်ရာ အထုပ်အတွင်းမှထွက်လာသည့်အကောင်ကို ၃ ဦးသား ကြည့်လိုက်ရင်းမှ–

"ဟာ ... သင်းခွေချပ်ကြီးပါလားဟ"

မောင်ညိုမှိုင်းက တအံ့တ[...]
ပြောလိုက်ပေသည်။ ဖြစ်တောင့်ဖြ[...]
ကိစ္စမျိုးမို့ ကျွန်တော်ပင် အတော်အံ့[...]
သွားမိသည်ကအမှန်။ သင်းခွေချပ်[...]
ကို စခန်းသို့သယ်ဆောင်ခဲ့ကြပြီး
ဦးသား ခေါင်းချင်း ဆိုင်လိုက်ကြသ[...]
ဖြစ်ပျက်ပုံကို ဆန်းစစ် တွေးတေ[...]
အပြေထုတ်လိုက်တော့ 'သင်းခွေ[...]
ဆိုသည့်အကောင်တို့သည် လူ[...]
စကားပြောသည့်ပုံစံကို အတုခိုး[...]
လိုက်လံစကားပြောကြပေသည်။ ဥပ[...]
လှည်းမောင်းသမား တစ်ဦးသည် [...]
နွားကို အလိုမကျသဖြင့် ကြိမ်နှင့်[...]
ကာ ...

"ငနီနော် ... ငါလုပ်လိုက်ရ[...]
သေသွားမယ်၊ ဆွဲပါဟ"

သူ့နွားကို သခင်က မာန်မဲသ[...]
စကားဆိုပေမဲ့ ထိုနေရာဆီသို့ရောက်[...]
သည့် သင်းခွေချပ်ကကြားပြီး '[...]
နော် ... ငနီ" ဆိုသည့်စကားကို [...]
နားတွင်စွဲကာ ထိုအတိုင်း အော်ကြ[...]
သည်။ ထိုသို့ အော်ဟစ်နေစဉ် အနီး[...]
လူများရောက်ရှိသွားကြပါက မကော[...]
ဆိုးဝါးရှိသည်၊ လူမရှိဘဲ စကားပြေ[...]
သည်ဟူသော တစ်ဦးနှင့်တစ်ဦး [...]
ဖြန့်လိုက်ကြသည့်အတွက် သတင်[...]
ကာ ထိုနေရာ သရဲခြောက်သ[...]
မကောင်းဆိုးဝါးရှိသည်ဟု တော[...]
တောင်သားတို့ပါးစပ်ဖျား သတင်[...]
သွားပေတော့သည်။ ယခု ကျွန်တေ[...]
ဖြစ်ရပ်ကလည်း ထိုနည်းသဏ္ဍာန်[...]

တောထိုင်မည့်နေရာ ဘယ်[...]
သည်ကိုမေးလိုက်စဉ် မောင်တင်ထွ[...]
က–

"ဦးဘိုလေး ... တောထိုင်[...]



www.burmeseclassic.com

www.burmeseclassic.com


နေရာက နောက်ဖေးဝါးရုံတောကြီးထဲမှာပါ၊ လိုရမယ်ရသေနတ်ယူသွားနော်''

ထိုကဲ့သို့ မောင်တင်ထွန်း လှမ်းပြောလိုက်သည့်စကားကို သတ္တဝါကောင်သည် အနီးကိုရောက်နေသည့် ထိုသတ္တဝါကောင်သည် ကြာသွားဟန်ရှိသည်။ ထိုမှတစ်ဆင့် အစာစားရန်ကောင်စွန်းပင်ပေါ်ရှိ ခါချဉ်ထုပ်ရှိရာဆီသို့ တက်ရောက်နေစဉ် ကျွန်တော်က သူ့အောက်မှဖြတ်သွားပြီး ဝါးရုံတောကြီးအတွင်း တောထိုင်နေစဉ် သူမှတ်မိထားသည့် ကျွန်တော့်နာမည်ကို မောင်တင်ထွန်းလေးခေါ်လိုက်သည့်အတိုင်း နာမည်ကိုအော်လိုက်ခြင်းပင်။ သူအော်လိုက်သည့်အသံက ကျွန်တော်တို့အဖွဲ့သား ကုလားကြီးသန့်ညွှန့် အော်ခေါ်သံဟုထင်ကာ တွေးတောထွက်လာစဉ် ခါချဉ်ထုပ်ကို ဖောက်ပြီး အတွင်းဝင်ကာ အားပါးတရစားနေရင်း အကိုင်းဖျားတွင် တွယ်ကပ်ထားသော ကပ်ပါးတို့က သူ့ခန္ဓာကိုယ်ကို မထိန်းနိုင်သဖြင့် ပြုတ်မကျမီသစ်ကိုင်းဖျား တွဲလောင်းဖြစ်ကာ လှုပ်ယမ်းနေသည်ကို ကျွန်တော်ပစ်ချလိုက်သဖြင့် အောက်ကို ပြုတ်ကျလာသည့်အဖြစ်မျိုးပင်။

''သွေးတွေထွက်ကုန်တော့ . . . နဲနဲပဲရတော့မယ်၊ နမျောစရာကြီး . . အဘရယ်''

မောင်ညိုမှိုင်းက သင်းခွေချပ်ကို ကြည့်ရင်းပြောလိုက်သည်မို့ ကျွန်တော်က . . .

''ဘာဖြစ်လို့တုန်းကွ၊ သွေးက ဘာကောင်းလို့လဲ''

''သူ့သွေးကို . . . အရက်နဲ့ရောသောက်ရင် အားရှိတယ်တဲ့လေ''

''မင်းကို . . . ဘယ်သူပြောတာလဲကွ ဟင်''

''စခန်းထဲမှာရှိတဲ့ ဆင်လုပ်သားတွေ ပြောကြတာပဲလေ''

သင်းခွေချပ်က သိပ်ကြီးလှသည်တော့မဟုတ်။ ရေချွေးအိုးသာသာပင်ရှိပေမည်။ ကျွန်တော်တို့ ထိုအကောင်ကို စခန်းဆီသို့ယူခဲ့ပြီး ထမင်း ဟင်းချက်သည့် ခင်အုန်းမြင့်လက်ကို အပ်လိုက်သည်။ သူမကလည်း ထိုအကောင်ကို မြင်လိုက်တော့ အားရဝမ်းသာရှိနေသည်။

''ငါတို့အဖွဲ့ . . . ဟင်းစားရပြီဆိုတော့ အဘကောင်းနဲ့ အစ်ကိုကြီးတို့အဖွဲ့တွေကို စောင့်ကြမယ်၊ သူတို့ရောက်တော့မှ ဘာလုပ်ကြမလဲမေးပြီး လှုပ်ရှားကြတာပေါ့''

ကျွန်တော်ပြောလိုက်သည့်အတွက် လူငယ်နှစ်ဦးက ဘာမှပြန်မပြောဘဲ ငြိမ်နေကြသည်။ အတန်ကြာတော့ မောင်တင်ထွန်းက–

''အဘ ဦးဘိုလေး''

''ဟေ . . . ဘာလဲကွ . . မောင်တင်ထွန်း''

''စားပင်ထိုင်ပြီး . . . ငှက်နွေးသွားပစ်ကြရအောင်လေ''

''ဘာစားပင်လဲကွ''

''သပွတ်သိန်ပင်လေ . . . အသီးတွေကို လာစားကြတာ တအားပဲ၊ အလကားထိုင်စောင့်နေရင်း . . စားပင်ထိုင်စောင့်ပစ်ရတာတော့ . . ကောင်းပါတယ်၊ ဒါပေမဲ့ ငှက်ပစ်သေနတ်ပါမလာဘူးကွ၊ ဘာနဲ့ပစ်မလဲ''

''အဘ . . သေနတ်နဲ့ပစ်လို့ မရဘူးလားဟင်''

''ရတော့ရတာပေါ့ကွာ . . . အုပ်လိုက်ကိုပစ်ရရင်တော့ မဆိုးဘူးပေါ့၊ တစ်ကောင်ချင်းပစ်ရမယ်ဆိုရင် . . . ကျည်မဖြုန်းနိုင်ဘူးလေ၊ ကျည်ရှားတယ်ကွ''

''အုပ်ကိုပစ်ရမှာအဘရဲ့ . . တစ်ကောင်ချင်းဆို ကျွန်တော့် လောက်လေး ခွနဲ့ပစ်မယ်လေ၊ လာပါ . . အဘရယ် . . . သိပ်မဝေးပါဘူး''

ငှက်အုပ်ကိုပစ်ရမည်ဆိုသည့် အတွက် ကျွန်တော် စိတ်ဝင်စားသွားသည်။ အဘယ့်ကြောင့် ယခု ကျွန်တော်တို့ထွက်လာခဲ့ကြသည့်ခရီးသည် သားကောင်ကြီးများနောက်ကိုလိုက်ကြရန် ထွက်ခဲ့ကြသည့် ခရီးဖြစ်သည့်အတွက် သေနတ်ကလေးများကို မယူဆောင်လာခဲ့ကြ။ ဟင်းစားအတွက်ပစ်ခတ်ရန်မှာ ကျွန်တော်ကိုင်သည့်လက်စွဲတော်နှစ်လုံးပြူးသေနတ်သာ ယူဆောင်လာခဲ့သည်။

ယခု ကျွန်တော်တို့အဖွဲ့က အမဲကြီးနောက် လိုက်လံပစ်ခတ်ကြမည်မို့ ငှက်ပစ်ကျည်ဆံက သိပ်များများပါမလာခဲ့ကြ။ ယခု သူပြောသည်က ငှက်နွေးအုပ်ကို ပစ်ရမည်ဆိုသည့်အတွက် သိပ်မဆိုးလှ။ ပစ်ပျော်သည်။

ငှက်နွေးဆိုသည့်အကောင်မျိုးက တစ်ကောင်လျှင် အလေးချိန် (၃၅ ကျပ်သား) ၃ ကောင်ပေါင်းလျှင် ၁ ပိဿာ ပိုနည်းနည်း လိုနည်းနည်း၊ အချို့အရပ်ဒေသက ထိုငှက်ကို ရှန်းပတီဟုခေါ်သည်။ အချို့အရပ်ကျပြန်တော့ ပိန်းထူးမဟုခေါ်ကြသည်။ မည်သို့ပင်ခေါ်စေကာမူ အရောင်အဆင်း၊ နေထိုင်စားသောက်ပုံ၊ ကိုယ်အလေးချိန်


www.burmeseclassic.com

အတူတူပင် ဖြစ်သည်။ ထိုငှက်၏အသားမှာ စနိုက်ငှက်(ဘိုစားငှက်)ကဲ့သို့ ပေါင်းပြီးစားလျှင် အလွန်နူးညံ့ပျော့ပျောင်းကာ စားလို့ကောင်းသည်။

မှတ်ချက်-

တောနေလူတန်းစားတို့သည် ယခုအချိန်ထိတိုင် ထိုငှက် ၃ ကောင် ပေါင်း ၁ ပိဿာရှိသည့်အလေးချိန်ကို အတည်ပြုချိန်တွယ်နေကြတုန်းပင် ရှိသည်။

မောင်တင်ထွန်းက လေးသီး (လောက်စာလုံး) ထည့်ထားသည့် လွယ်အိတ်ကိုလွယ်ကာ တစ်ဖက်မှကိုင်းခုတ်ဓားကို ကိုင်သလို ကျွန်တော်ကလည်း သေနတ်ကို လွယ်ကာ နှစ်ဦးသား စားပင်ရှိရာဆီသို့ ထွက်ခဲ့ကြပေသည်။

ကျွန်တော်က သေနတ်ဘယ် ပြောင်းအတွင်း ၉ လုံးကျည်ကို ထည့်ပြီး ညာပြောင်းအတွင်း ၄၀ ကျည်တစ်တောင့်ကို ထည့်ကာ လုံခြုံရေး မောင်းခလုတ်ကို ပိတ်လိုက်ပြီး ကိုင်ဆောင်ကာ သွားနေလိုက်သည်။

တောနက်ကြီးအတွင်းမှ ဖြတ်သွားဖြတ်လာ သားကောင်များနှင့်တွေ့ပါက ပစ်ခတ်ရန်နှင့် ညာပြောင်းတွင်ထည့်ထားသည့် ကျည်က စားပင်ဆီသို့ ရောက်လျှင် မောင်တင်ထွန်းပြောသည့် ငှက်နွေးအုပ်ကို အသင့်ပစ်ခတ်ရန် အသွင်မျိုးနှင့် ငါးဖာလုံခန့် လျှောက်လှမ်းလိုက်တော့-

"ဝပ်ထရိန်း ... ဝပ်ထရိန်း"

နွားသိုးကြီးများ အော်ဟစ်တွန်သံမျိုးဖြင့် ငှက်နွေးတို့တွန်သံကို ကြားလိုက်ရသည့်အတွက် မောင်တင်ထွန်းက ကျွန်တော့်အား ခြေသံလုံလုံနင်းကာ လျှောက်လှမ်းရန် အချက်ပြလိုက်သည်မှ ခေါင်းညိတ်ပြလိုက်ပြီး ဝါးရုံတောများအကြားမှ အသာတိုးကပ်သွားရင်းကြည့်လိုက်ရာ တောင်သရက်



ပင်ကြီးကို နွယ်တက်နေသည့် သပွတ်သိန်ပင်ကြီးထက်တွင် မှဲ့ရွဲနေသော သပွတ်သိန်သီးများကို စားနေကြရင်း နွားသိုးကြီးများကဲ့သို့ တွန်သံပေးနေသည့် ငှက်နွေးအုပ်ကြီးကို တွေ့မြင်လိုက်ရသည်။ အကောင် ၅၀ ကျော်မည်ဟု ခန့်မှန်းလိုက်သည်။ သို့အတွက် ပစ်ကွင်းကောင်းကိုကြည့်လိုက်ရာ အကိုင်း

ခြောက်ကြီးတစ်ခုပေါ်သို့ နားလိုက်အသီးတွေကိုသွားစားလိုက် လုပ်သည်ကို တွေ့လိုက်ရသဖြင့် ကျည်လမ်းကြောင်းကို ရှာဖွေကာ တိုးလိုက်ပြီး ညာဘက်မောင်းခလုတ်ကို ဖြုတ်ချလိုက်ပေတော့သည်။

"ဒိုင်း"

ပေါက်ကွဲမြည်ဟိန်းသံကြီးအတူ သစ်ကိုင်းခြောက်တွင် နားလိုက်စားလိုက်လုပ်နေကြသည့် ငှက်နွေးများမှာ ထွေးအောက်ကိုပြုတ်ကျသွားသလို အချို့အကောင်များကလည်း အဝေးသို့ တထိတလန့် ပျံသန်းပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။

မောင်တင်ထွန်းကအားပါးတရအပင်အောက်ကို ပြေးလွှားကာ ငှက်များကိုကောက်ယူစုပုံပြီး တွက်ကြည့်လိုက်တော့ စုစုပေါင်း ၂၈ ကောင်ပပုဆိုးကိုချွတ်ကာ တစ်ဘက်စကို နွယ်ကြိုးနှင့်စည်းလိုက်ပြီး အတွင်းသို့ငှက်များထည့်ကာ နှစ်ဦးသား စခန်းဆီသို့ ပြန်ခဲ့ကြပေသည်။ အဘကောင်းဆတ်တစ်ကောင်ပစ်ခဲ့သလို အစ်ကြီး ဦးသိန်းလွင်ကလည်း ဝက်ဝံကောင်ပစ်ခဲ့သဖြင့် အားလုံး အလုပ်သွားကြသည်။ ထောင်ချောက်ဆင်မှုငစောက ချေတစ်ကောင်မိလိုက်သည်။

\+ + + + +



www.burmeseclassic.com

www.burmeseclassic.com



''ဒီနေ့အဖို့တော့ ... ရထားတဲ့ ကောင်တွေကို ဖျက်ကြ၊ ဆားနယ်၊ ခမ်းစိမ်းပက်၊ နေလှမ်းကြရမှာမို့ နေ နက်နားလိုက်ကြရအောင် ... ညကျ တော့ မီးလယ်ကြမလား၊ လင့်ထိုင် ကြမလား၊ လင့်ထိုင်တာကတော့ ကျစ် ပဲ၊ အခြောက်အလှန့်တော့ရှိတယ်၊ ဝင်စားရင်ပေါ့၊ ကျွန်တော် ဆင် မားတစ်ယောက်ထည့်ပေးလိုက် မယ်''

ဆင်အုပ်ကြီးဦးဝင်းနိုင်က တပည့် ယောက်နှင့်ရောက်လာပြီး ကျစ်တွင်း သို့ သွားရောက်ပြီး လင့်စောင့်လို သူစီစဉ်ပေးမည်ဟုပြောလာသည့် အတွက် ကျွန်တော်က စိတ်ဝင်စားသွား သည့်အတွက်–

''ဘယ်လိုကျစ်တွင်းမျိုးလဲ ... ဦးဝင်းနိုင်၊ ဆားငံတွင်း စားပင်လား''

''ဆားငံတွင်းဗျ .. ကျပ်မြောင် လေ၊ အခြောက်အလှန့်ရှိတယ် စဉ်း စားကြပါ၊ ကျွန်တော့်ဆန္ဒကတော့ မ သွားစေချင်ဘူး၊ မီးလယ်မယ်ဆိုလည်း ပြီးပြစီစဉ်ပေးပါ့မယ်''

''အဲဒီ ... ကျစ်တွင်းကို .. ကျုပ် သွားမယ်၊ ဦးဝင်းနိုင် စီစဉ်လိုက်ဗျာ''

ကျွန်တော့်စကားကြောင့် အစ်ကို ကြီးဦးသိန်းလွင်က တအံ့တသြ စိတ် နိုင်စွာနှင့်–

''ဘယ်လို ... ညီလေး၊ အဲဒီ ကျစ်တွင်းကို ထိုင်မဲ့လင့်ကို မင်းသွား မယ် ဟုတ်လား''

''ဟုတ်ကဲ့ ... ကျွန်တော်သွား မယ် .. ဘာပြုလို့လဲ''

''ဒါဆို ... ငါလည်းလိုက်မယ်၊ စိတ်မချလို့ပေါ့ကွ၊ ဆင်အုပ်ကြီး အဲဒီ လင့်မှာ ဘယ်နှစ်ယောက်ထိုင်နိုင်မလဲ''

သုံးယောက်လောက်တော့ ချောင် ချောင်ချိချိ ထိုင်နိုင်ပါလိမ့်မယ်''

''ဒါဆို ... ကျွန်တော်တို့ နှစ် ယောက်နဲ့ထိုင်ကြမယ် စီစဉ်လိုက်ဗျာ၊ ဘယ်အချိန်လဲ''

''ညနေစောင်းလောက်ပါဗျာ၊ ဒါ ဆို ... ခင်ဗျားတို့နှစ်ယောက်လာခဲ့ကြ၊ ကျွန်တော့်ဆီကိုပေါ့ ... ဆင်ဝိုင်းထဲ မှာပါပဲ''

ရသည့်သားကောင်များကို အ ရည်ချ၊ ဝမ်းတွင်းသားကိုထုတ်၊ ခုတ် ထစ်ပိုင်းဖြတ်ပြီး ဆင်အုပ်ကြီးအတွက် နှင့် အဖွဲ့သားတို့ကို ဟင်းစားပေးလိုက် ပြီး ပြန်သွားကြသည်မို့ အစ်ကိုကြီး ဦးသိန်းလွင်နှင့် ကျွန်တော် စားသောက် အနားယူလိုက်ကြပြီး သေနတ်များကို တိုက်ချွတ်ဆီကြွေးပြင်ဆင်နေစဉ်–

''ညီလေး ... ကျည်ပြန်ပါသေး လားကွ''

''ဘာလုပ်မလို့လဲ အစ်ကိုကြီး''

''ကျစ်တွင်းဆိုတော့ ... လိုရ မယ်ရ ယူသွားရအောင်ပေါ့ကွာ''

သူပြောသည့် ကျည်ပြန်ဆိုသည် က သားကောင်တို့ကို ပစ်ခတ်လိုက် သောအခါ အရည်ချအသားများကို ခုတ်ထစ်ပိုင်းဖြတ်စဉ် သားကောင်သေ ၏ကိုယ်ထည်အတွင်း နစ်မြုပ်နေသည့် ကျည်ခဲလုံးကို ကျည်ဆံအတွင်းထည့် သွင်း ပြန်လည်ပစ်ခတ်သည့်ကျည်ကို ဆိုလိုခြင်းပင်။ ထိုကျည်ဆံနှင့်ပစ်ခတ်ပါ ကမကောင်းဆိုးဝါးများ အလွန်ကြောက် သည်ဟု ရှေးမုဆိုးကြီးတို့ပြောစကား အရ ဆောင်ထားခြင်းပင်။ ထိုကျည်ဆံ ကို နှစ်လုံးပြူးသေနတ်သမားတို့သာ

ထိုအသံကြောင့်
ကျွန်တော့်မှာ
ကြက်သီးဖြန်းဖြန်း
ထသွားသလို ခေါင်းမှ
ဆံပင်မွေးတို့ကလည်း
ထိုးထိုးထောင်ထောင်
ဖြစ်သွားသည်။
လိုက်လံရှာဖွေ
ကြည့်တော့လည်း
ဘာမှမထူး...



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သုံးစွဲလို့ရသည့်အတွက် ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်သည်။ သူတို့ကိုင်ဆောင်သည့် သေနတ်များက ကျည်ချွန်များဖြစ်သည့်အတွက်ကြောင့်ပင် မဟုတ်ပါလား။

''တစ်တောင့်တော့ . . . ပါလာတယ်၊ ကျည်ခါးပတ်ထဲမှာရှိတယ်''

''အေး . . . ယူလာခဲ့ကွာ''

လင့်ထိုင်ရန်အတွက် လိုအပ်မည့် အသုံးအဆောင်များကို စီစဥ်ဆောင်ရွက်ကြပြီး ညနေစာကို စားသောက်လိုက်ကြကာ နှစ်ဦးသား ဆင်အုပ်ကြီး ဦးဝင်းနိုင်ရှိရာဆီသို့သွားလိုက်ကြသည်။ လင့်အတူထိုင်မည့် ဆင်သမားကိုလည်း ခေါ်ထားပြီး အသင့်စောင့်နေကြသည်။

ကျွန်တော်တို့ရောက်သောအချိန်သည် ဆင်ဝိုင်းအတွင်းရှိ ခိုင်းဆင်များကို လွှတ်ကြောင်းချိန်မို့ ဆင်သမားနှင့် ဆင်တို့ ထွက်ခွာနေကြသည့်အချိန် သစ်ပင်မြင့်ထက်တွင် မျောက်တံစာတို့ အော်ဟစ်သံများကိုလည်း ကြားနေရသည်။ ဦးဝင်းနိုင်က အရက်ပုလင်းနှင့် ဝံသားချက်ကို ချပေးရင်းက–

''မုဆိုးကြီးတို့နဲ့ အတူလိုက်ပါမယ့် ပဲ့ချိတ်ငပိန်ဆိုတာ သူပဲဗျ၊ တောအတွေ့အကြုံများပြီး စိတ်ချရတဲ့ ကျွန်တော့်တပည့်ပါ၊ လိုအပ်တာ . . သူ့ပံ့ပိုးပါလိမ့်မယ်နော်''

ကျွန်တော်တို့ ဝံသားကိုစား၊ အရက်ကိုအနည်းငယ်စီသောက်လိုက်ကြပြီး လင့်ထိုင်မည့်နေရာဆီသို့ ထွက်ခဲ့ကြပေသည်။

ကျပ်မြောင်ဆိုသည့်နေရာက ဆင်ဝိုင်း၏နောက်ဘက်ဆီတွင် ဆားငံတွင်းအရှေ့ဘက်တွင် အလေ့ကျပေါက်နေသော လူကြီးနှစ်ဘက်စာခန့် ညောင်မုတ်ဆိတ်ပင်ကြီးထက်တွင် ထိုးထားသည့် လင့်ဟောင်းထက်ဆီရောက်ပြီးလက်မှ နာရီကိုကြည့်လိုက်တော့ ၅ နာရီသာသာပင်။ ပါလာသည့်သေနတ်များကို ကျည်ဖြည့်ကာ မောင်းခလုတ်ကိုပိတ်၍ ဓာတ်မီးကို အသင့်ဘေးတွင် ချထားလိုက်ကြပြီး ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်ကြည့်နေလိုက်မိသည်။

လင့်မှာ ညောင်မုတ်ဆိတ်ပင်ကြီးထက် ၁၂ ပေသာသာခန့် ခွဆုံကိုင်းတွင် သစ်လုံးတို့ကို ကြိမ်ကြိုးနှင့်တုပ်နှောင်လျက် အခိုင်အမာ ချည်နှောင်ထားပြီး ဝါးတို့ကိုဆင့်စီကာ ဝါးပိုးဝါးကို ကြမ်းခင်းလုပ်ထားသဖြင့် ခိုင်ခန့်ပြီး ဆင်သမားများညအိပ်ပြီး စောင့်ကြည့်နေရာမို့လား။ မသိအတန်ငယ်ကျယ်ဝန်းသည်။ ကျွန်တော်ကအလယ်တွင်ဖြစ်ပြီး အစ်ကိုကြီး ဦးသိန်းလွင်နှင့် ဆင်သမားငပိန်က ဘေးတစ်ဘက်တစ်ချက်စီတွင်။

တောင်လေအဝှေ့တွင် ဝါးရွက်နှင့် သစ်ရွက်တို့ထံမှ တရှဲရှဲမြည်သံနှင့်အတူ ပုဇဉ်းရင်ကွဲတစ်အုပ်၏ ကျည်ခနဲ စူးရှကျယ်လောင်စွာ ဝိုင်းဝန်းအော်ဟစ်လိုက်သံတို့ကြောင့် ဝါးရုံပင်များထက် အိပ်တန်းတက်ကြမည့် ဝါးယောင်ငှက်တစ်အုပ်ကလည်း အားကျမခံ ပြန်အော်လိုက်သလို အောင်ချင်းငှက်တို့အော်သံကိုလည်း ကြားလိုက်ရသည်။ အတန်ကြာတော့ ကညင်ပင်ထိပ်ဖျားထက်ဆီမှ–

''ယောက်ဖခွေးခေါ် . . သူတော်လေးထမ်း''

ယောက်ဖခွေးခေါ် ငှက်မောင်နှံတစ်ပြန်တစ်ကျော့တေးဆိုသံကို ကြား[...] လိုက်ရသည်နှင့်အတူ အိပ်တန်း[...] တောကြက်ဖတို့ တွန်ကျူးသံကိုလည်း[...] ဟိုအနား သည်အနားဆီတို့မှ ကြား[...] လာရသည်။ သုံးဦးသား ထူးခြား[...] မည့်အခြေအနေကို စောင့်စားနေလို[...] ကြပေသည်။

လသည် ထိန်ထိန်သာသလို [...] ချိန်ကလည်း ည ၇ နာရီပင်ကျော်ခဲ့[...] ပြီ။ ညအစာရှာငှက်တို့ ပျံသန်း[...] အော်မြည်သံကို ကြားနေရသည်။ ဖ[...] (သစ်တက်ဖား)ကလေးတွေ အော်မြ[...] သံများကို ကြားလာရသလို အ[...] ဘက်ကိုလည်း လုလာသည်။ ကော[...] ကင်ထက် သာနေသောလ၏ ငွေ[...] ငွေမှုံတို့ သွန်းကျဲထားသည်မို့ ကြယ်[...] ရာအစက်အပျောက်ကလေးတို့က [...] မပို့။ စိတ်ချမ်းမြေ့ဖွယ်ရာ လေပြည်[...] ၏ညှို့သက်သောအထိအတွေ့ကြော[...] စိမ့်ခနဲအေးသည်ဟု စိတ်ကထင်[...] တုန်း။ အစ်ကိုကြီးဦးသိန်းလွင်က လွ[...] အိတ်ထဲမှ ပုလင်းပြားကိုထုတ်ပြီး [...] နေသည်ကို လရောင်ဖြင့်မြင်တွေ့လို[...] ရပေသည်။

ကျွန်တော်တို့ ၃ ဦးသား အရ[...] အနည်းငယ်စီမော့လိုက်ကြသည့်အတွ[...] အတန်ငယ် နွေးထွေးသွားသည်။ [...] ဆန်း ၇ ရက်မို့ သာနေသောလကြီး[...] တဖြည်းဖြည်း ညဥ့်နက်လာသည်[...] အမျှ အမှောင်ဖုံးလာသည်။ သို့အတွ[...] အမှောင်က ကြီးစိုးလာသည်မို့ စော[...] ပိုင်းက် လင်းထင်းစွာ မြင်နေရသ[...] ကျစ်တွင်းကိုပင် သစ်ရွက်တို့ အ[...] ကြားမှ ထိုးထွက်လာသည့် အလ[...] ရောင်ကို အားပြုကာ မှန်းကြည့်[...]



www.burmeseclassic.com

သည်။ ထိုအချိန်တွင် အတော်ဝေးသည့်နေရာဆီမှ စောင်းတီးသံသဲ့သဲ့ကို ကြားလာရသည်နှင့်အတူ–

နန်းကြာညိုကျော့ ... ပျော်စံယံ ... နတ်ကဲ ... ဖြူပြာမှုယာ .. တုန်နည်း .... နတ်ရေးငယ်ရွှေစာ .... ပန်းပါဘိလေး ...။

သီချင်းက နန်းကြာညိုကျော့ တေးသွားပင်။ အတီးအစောင်းနှင့် ဖြစ်ပြီး အတီးတစ်ကျော့၊ အဆိုတစ်ကျော့နှင့် သီဆိုတီးခတ်သံကို ကြားလိုက်ကြရသည်။ ဘယ်သဘောကို ဆောင်နေသည်တော့ဖြင့်မသိ။ သီဆိုတီးခတ်သည့်အသံက မနီးမဝေးဆီမှ ပျံ့လွင့်လာသည်။ သို့အတွက် လင့်ထက်တွင်ရှိသည့် ကျွန်တော်တို့ ၃ ဦးသား တစ်ဦးကိုတစ်ဦး တံတောင်နှင့်တို့ထိသတိပေးလိုက်ကြရင်း သေနတ်တို့ကို ကောက်ကိုင်လိုက်စဉ် အသံက ပြတ်သွားသည်။ ကျွန်တော် ခန့်မှန်းမိသည်က ဆွဲဆောင်အားကောင်းသည့် မိန်းကလေးတစ်ဦး၏အသံဆိုသည်ကိုပင်။

ထိုအသံပြတ်သွားသဖြင့် နောက်ထပ် ဘယ်လိုထူးခြားလာမည်ကို တိုင်ပင်မထားကြဘဲ ကျွန်တော်တို့ အသက်ပင်ပြင်းပြင်းမရှူဘဲ ငြိမ်သက်စောင့်စားနေလိုက်စဉ် နောက်ထပ်နီးနီးကပ်ကပ် ကျစ်တွင်းနားမှ ကြားလိုက်ရသည့်အသံက–

"ဆွမ်းတော်ဗျို့ ... ဆွမ်းတော်ပါခင်ဗျာ့"

"ဒူဝေဝေ ... ဒူဝေဝေ"

မျက်နှာမူရာပစ်ကွင်း(ကျစ်တွင်း)ဆီမှ လူငယ်တစ်ဦး၏အော်ဟစ်သံနှင့် ကြေးစည်ရိုက်သံကြားလိုက်ရပြန်သည်။ အသံကြားရာဆီသို့ လရောင်၏အစက်အပျောက်တို့ကြားမှ ရှာဖွေကြည့်လိုက်ကြသော်လည်း ထူးခြားမှုကိုမတွေ့ရ။ ထိုအသံကြောင့် ကျွန်တော့်မှာ ကြက်သီးဖြန်းဖြန်းထသွားသလို ခေါင်းမှဆံပင်မွေးတို့ကလည်း ထိုးထိုးထောင်ထောင်ဖြစ်သွားသည်။ လိုက်လံရှာဖွေကြည့်တော့လည်း ဘာမှမထူး။ သို့အတွက် ဘေးနှစ်ဘက်ရှိ သူတို့နှစ်ဦးကို တံတောင်နှင့် တို့ထိကာ သဘောထားတောင်းလိုက်တော့ ငပိန်ကလေသံနှင့် ပြောလိုက်သည်က–

"အသာ စောင့်ကြည့်လိုက်ကြရအောင်"

"အေး ... မင်း မီးကိုင်ကွာ၊ ငါထိုးခိုင်းမှထိုး"

ကျွန်တော်က လေသံနှင့် ပြန်ပြောလိုက်သည်မို့ လက်နှိပ်ဓာတ်မီးကို ကိုင်လိုက်သည်။ အောက်ဘက်ဆီမှ စောစောက ကြားလိုက်ရသည့်အသံလည်း ပျောက်သွားသည်။ အတန်ကြာကြာစောင့်လိုက်ကြသော်လည်း မထူးခြား။ ခပ်လှမ်းလှမ်းဆီမှ ခွေးအူသံများကိုသာ ကြားနေရသည်နှင့်အတူ ..

"အူ .. ဝါး .. ဝါး .. ဝါး"

လင့်ထိုင်ရာအထက် ညောင်မုတ်ဆိတ်ပင်ကြီး ကိုင်းဖျားထက်ဆီမှ ကြောက်ခမန်းလိလိ အော်ဟစ်သံကြီးကို ကြားလိုက်ရသည့်အတွက် တထိတ်တလန့်ဖြင့် သေနတ်နှင့်ထိုးချိန်လိုက်စဉ် ဆင်သမားငပိန်ကလှမ်းတားလိုက်ရင်း–

"အောင်ဝါဒုက်ကြီး အော်သံဗျ"

သူပြောလို့သာ ဒုက်အော်သံမှန်း သိလိုက်သည်။ အသံကြီးက ဒုက်အော်သံနှင့်ပင်မတူ။ ရင်များပင် တုန်လှုပ်သွားမိသည်ကအမှန်။ အစ်ကိုကြီး ဦးသိန်းလွင်က–

"မီးထိုးကြည့်ကွာ ... ကျစ်တွင်းကို"

ငပိန်က ကိုင်ဆောင်ထားသည့် လေးခဲထိုးဓာတ်မီးဖြင့် ကျစ်တွင်းရှိရာကို လှမ်းထိုးလိုက်သည်။ ကျစ်တွင်းဆိုသည်က (ဆားငံတွင်း)ကိုခေါ်ခြင်းဖြစ်သည်။ သဘာဝအလောက် ထိုမြေသည်ငံသည့်အတွက် တောတွင်းနေသားကောင်တို့က ယခုကဲ့သို့ နွေကာလအချိန် သောက်သုံးရန်အတွက် ရေရှားပါးမှုကြောင့် ကျစ်တွင်းရှိရာ ထိုမြေကြီးကို လာရောက်စားသောက်ကြရင်း အတွင်းကစီးရေနှင့် ရေငတ်ပြေကြသည့်နေရာဖြစ်သည်။

ကျစ်တွင်းသည် တောင်ကမ်းပါးယံအခြေတွင်ရှိနေသည်မို့ ဘယ်အချိန်ကာလကတည်းက ထိုမြေကို စားထားမှန်းမသိ။ ဂလိုင်ကြီးသဖွယ် ဖြစ်နေသည်။ ချေနှင့် ဒရယ်တို့လို အချိန်(၁၀ နှင့် ၂၅)လောက်ရှိသည့် အကောင်မျိုးလာစားလျှင် ဂလိုင်ခေါင်းကြီးအတွင်း ဝင်ရောက်စားကြရသည်မို့ ကျွန်တော်တို့ ထိုင်နေကြသည့်လင့်ထက်ကပင် မတွေ့မြင်နိုင်သည့်အနေအထား။

လေးခဲထိုးဓာတ်မီးအလင်းရောင်တန်းသည် အမှောင်ထုကို ဖောက်ထွင်းလျက် ကျစ်တွင်းရှိရာဆီသို့ ဖြာဆင်းသွားသည်။ ဂလိုင်ပေါက်ကြီးကိုသာ တွေ့နေရသည့် မြင်ကွင်းက ရှင်းပြီး ဘာကိုမှမတွေ့ရ။ ငပိန်က ကျေနပ်ဟန်မရှိ၊ ဝန်းကျင်အနှံ့ကို လိုက်လံထိုးကြည့်ရှာဖွေပြန်သည်။ ဘာကိုမှ မတွေ့ရသဖြင့် ပါးစပ်ကလည်း–

www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်"

"ဘာသေချာတာလဲကွ"

"အခြောက်ခံနေရတာလေ"

ငပိန်ပြောလိုက်သည့်စကားကြောင့် ကျွန်တော်တို့နှစ်ဦး ကသိကအောင့်နိုင်သွားသည်။ သို့သော် ဘာကိုမှ ပြန်မပြောလိုက်တော့။ ပစ်ခတ်ရန်အနေအထားမှ စိတ်ကိုလျှော့ချလိုက်ရင်း သေနတ်ကို ပေါင်ပေါ်တင်ထားလိုက်သည်။ ထိုစဉ် အစ်ကိုကြီးက–

"အေး ... မှောက်ရင် လှန်ပစ်ရမှာပေါ့ကွာ၊ စောင့်ကြည့်ပေါ့"

ကျွန်တော်က သေနတ်ဇက်ကို ချိုးလိုက်ပြီး ညာပြောင်းအတွင်းမှ ၆ လုံး ကျည်ကိုထုတ်ပြီး ခါးပတ်အတွင်းမှ ကျည်ပြန်နှင့် ပြောင်းလဲလိုက်သည်ကို ငပိန်က ကြည့်နေသည်။ ဘာလုပ်သည်ဆိုသည်ကိုတော့ သိဟန်မတူ။

လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်တော့ အမှောင်ထုကပြန်လည်ကြီးစိုးလာပြန်သည်။ ညအစာ ငှက်များအသံတို့ကို ကြားနေရသည်။ တောင်ပံ တဖြုံးဖြုံးရိုက်လျက် အိပ်တန်းထ တောကြက်ဖငယ်တို့အသံကို ကြားနေရပေပြီ။ နာရီဝက်သာသာစောင့်စားနေလိုက်စဉ် တိတ်ဆိတ်လျက်ရှိသော တောကြီးကို နှိုးလိုက်သလို အသံတစ်ခုကို ကြားလိုက်ရသည်။ ဝေးဝေးလံလံကတော့မဟုတ်။ စောစောက မီးထိုးကြည့်ထားကြသည့် ကျစ်တွင်းဆီကပင် အသံကိုကြားလိုက်ခြင်းအားဖြင့် တောကောင်၏အသံဆိုသည်ကို သိလိုက်သည်။ အသံက မြှူဆွယ်များခေါ်နေသည့်အသံမျိုး။

"တရိန် ... တရိန် .. တရိန်"

ဆတ်တစ်သံပင်။ သို့အတွက် ငပိန်က တံတောင်နှင့်တို့ထိကာ မီးထိုးရမည်လားဟု ခွင့်တောင်းနေသည်။ ကျွန်တော်က မီးထိုးမခိုင်းသေး။ အဘယ့်ကြောင့်ဆိုသော် စောစောကကြားလိုက်ရသည့်အသံသည် ဟင်းမျိုးအသံဖြစ်ပြီး ထိုနေရာမှပင် ဆတ်တစ်သံကို ထပ်မကြားရသည့်အတွက် မထိုးခိုင်းရခြင်းပင်။

ကျားဆိုသည့်အကောင်မျိုးက ပရိယာယ်အများသား။ အစာရှာစားဖို့အတွက်ကို ပရိယာယ်အမျိုးမျိုးဖြင့် ဖမ်းဆီး စားသောက်တတ်ကြသည်။ ပြောရလျှင် သူတို့အရောင်အဆင်းနှင့် လိုက်ဖက်သည့် သစ်ပင်ချုံနွယ်များအတွင်း ပုန်းခိုကာ သားကောင်အလစ်အငိုက်ကိုစောင့်တတ်သည်။ နောက်တစ်ချက်က လူတွေချောင်းဆိုးသံမျိုးကိုလည်း ပြုလုပ်ကြသည်။ အရက်သမားမူးပြီး အော့အန်သံမျိုးကိုလည်း ပြုလုပ်အော်မြည်တတ်ကြသည်။ ယခုကဲ့သို့ အသံတုပြုလုပ်ပြီး သားကောင်တွေကို မြှားခေါ်သည့်အသံတုပြုလုပ်ရာတွင် ယနေ့လူတွေထဲတွင် အသံတုပြုလုပ်ပြကြသည့်(ရဲမြင့်လေး၊ ချန်ပီယံ တင်ညွန့်၊ ရဲတင့်လေး)စသည့် အသံတုသမားများပင် အဘခေါ်လောက်ရသည့်အနေအထားမျိုး။

ယခုလည်း ကျစ်တွင်းဆီသို့ လာစားကြမည့်သားကောင်တို့ကို ဆတ်တစ်သံမျိုးပေးပြီး မြှားခေါ်နေသည်။ မီးကိုယခုအချိန်ထိုးလိုက်ပါက သူ့ကို မီးအလင်းတန်းအောက်တွင် မတွေ့နိုင်။ အဘယ့်ကြောင့်ဆိုသော် ချုံပုတ်တစ်နေရာရာတွင် ဝပ်စင်းကာ ပုန်းအောင်းနေမည်ကအမှန်။ သို့အတွက် ကျွန်တော်က မီးမထိုးဖို့တားလိုက်ခြင်းရယ်သာ။

အတန်ကြာကြာ စောင့်ကြည့်သော်လည်း ပုရစ်အော်သံ၊ ပုဇဉ်းရင်ကွဲအော်သံတို့မှအပ ထူးခြားမလာ။ အေးမြလာပြီမို့ အရက်ပုလင်းကိုဖွင့်ကာ မော့နေလိုက်ကြစဉ် အောက်မှ လှုပ်ရှားသံသဲ့သဲ့ကိုကြားလာရပြန်သည်။ သို့အတွက် နှစ်ဦးသား သေနတ်ကို ကောက်ကိုင်လိုက်သလို ငပိန်ကလည်း လက်နှိပ်မီးကိုကိုင်ပြီး ဖြစ်ပေသည်။

သစ်ရွက်ခြောက်တို့မှာ နှင်းရည်တို့ကြောင့် ပျော့ဖတ်နေသည့်အတွက် လှုပ်ရှားလိုက်ပါကာ ထွက်ပေါ်လာသည့်အသံက ရှပ်တိုက်သံမျိုးနှယ်သာပင်။ သို့အတွက် ကြားနေရသည့်အသံကလည်း ကျစ်တွင်းနားဆီမှ ရှပ်တိုက်နင်းလာသံ။ သို့အတွက် ရင်ဆိုင်ကြရန်လည်း ကျွန်တော်တို့ အသင့်အနေအထားပြင်ဆင်ပြီး ငပိန်ကို တံတောင်နှင့်တို့ပြီး အထာပြလိုက်မိပေသည်။

ဆင်သမားငပိန်ထိုးလိုက်သော မီးအလင်းတန်းက ကျစ်တွင်းရှေ့အသံကြားရာဆီသို့ စူးစူးရှရှထိုးဖောက်သွားသည့်အလင်းတန်းအောက်တွင် တွေ့လိုက်ရသည့်မြင်ကွင်းက ကျွန်တော်တို့ နှလုံးသားကို ရုတ်တရက်ပြုတ်ထွက်သွားစေမည့်မြင်ကွင်း။ ရုတ်တရက်မို့ သွေးခုန်နှုန်းမြန်သွားစေသလို ခေါင်းမွေးများပင် ထောင်သွားကြပေသည်။

မီးအလင်းတန်းတွင် တွေ့မြင်လိုက်ရသည်က ထိုင်နေသောအရိုးကြီးသုံးခုအား မတ်တပ်ရပ်အနေအထား အရိုးစုကြီးတစ်ခု လူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ကျွန်တော်တို့ရှိရာ လင့်ဆီသို့ လက်ညှိုးထိုးပြကာနေသလို ထိုင်ပြီး ခါခံနေသည့် အရိုးစုသုံးခုကလည်း လင့်ထက်ကို မော့ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ အမိန့်ကိုနာခံနေသည့် အသွင်မျိုး။ သို့အတွက် မထူးတော့ပြီမို့–

''ဒိုင်း ..ဒိုင်း ...ဒိုင်း''

နှစ်ဦးသားပစ်လိုက်သော သေနတ်ပေါက်ကွဲသံကြီးတို့နှင့်အတူ တွေ့မြင်နေရသော ထိတ်လန့်ဖွယ် အရိုးခြောက်များမှာ အပိုင်းပိုင်းကျိုးပြတ်လျက် မြေပြင်သို့ပုံကျပြီး ကြောက်မက်ဖွယ်ရာ အော်သံကြီးများပြုလျက် နီးစပ်ရာတောချုံများအတွင်း တိုးဝင်ပျောက်ကွယ်သွားကြပေတော့သည်။

''အဖြစ်က ...ပြောရင် ယုံနိုင်ရောတောင်မရှိဘူး၊ ကျည်ပြန်အစွမ်းကဒီလို ...အမှောင့်ပယောဂနဲ့ပတ်သက်ပြီး အတော်စွမ်းတာ လက်တွေ့ပဲဟေ့''

အစ်ကိုကြီး ဦးသိန်းလွင်က ပြောလိုက်သည်။ ကျွန်တော် ကျည်နှစ်တောင့်ပစ်သည့်အထဲတွင် တစ်တောင့်က ကျည်ပြန်နှင့် ပစ်ခတ်လိုက်သည် မဟုတ်ပါလား။ ကျွန်တော်တို့ပြောနေသည့် ကျည်ပြန်ဆိုသည့်ကိစ္စကို ငပိန်က မေးသဖြင့် ရှင်းပြနေရသေးသည်။

သေနတ်များကို ကျည်ဖြည့်လျက် နောက်ထပ်ဖြစ်ပေါ်လာမည့် အခြေအနေကို စောင့်စားနေလိုက်ကြသည်။ နောက်ထပ် ထူးခြားမှုက ရှိမလာ။ အိပ်ချင်စိတ်က မင်းမူလာကြသည့်အတွက် ငိုက်မြည်းရင်း လင့်ထက်တွင် မှေးခနဲအိပ်ပျော်သွားကြသည်။



''အောက် အီး အီး ..အွတ်''

တောကြက်ဖတို့၏တွန်သံများနှင့်အတူ ကျေးငှက်သံ၊ မျောက်အော်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သံတို့ကို ကြားလာရသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ မိုးလင်းပြီမို့ ရောင်နီပင်ပျိုးနေခဲ့ပေပြီ။

တစ်ညလုံး ချောက်ချားစရာအတိနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကျစ်တွင်းရှိရာဝန်းကျင်သည် ယခုအခါ ညပိုင်းကဖြစ်ပျက်ပြီးခဲ့သော အရာအားလုံးတို့သည် သူနှင့်မသက်ဆိုင်တော့သလို မာယာဆောင်လျက် သိက္ခာအပြည့်နှင့်။ သူ့တို့နှစ်ဦးကို ကြည့်လိုက်တော့ အိပ်မောကျကာ ဟောက်၍များပင် နေလိုက်ကြသေး။ သို့အတွက် လက်နှင့်ပုတ်နှိုးလိုက်တော့ အစ်ကိုကြီး ဦးသိန်းလွင်က–

''ဟာ ...ညီလေးရယ် ..အိပ်မက်ကောင်းနေတုန်း ...လာနှိုးရတယ်လို့ကွာ''

အိပ်မှုန်စုံဖွားနှင့် ကယောင်ကတမ်းပြောနေသည်မို့ ကျွန်တော်က ပြုံးနေလိုက်မိသည်။ ထိုစဉ် ငပိန်က ထထိုင်လိုက်ရင်း ဝန်းကျင်ကို လိုက်လံကြည့်ရှုလျက်–

''ဟာ ...ကျားကြီးတစ်ကောင်ပစ်လိုက်တာတောင် ကျွန်တော်တို့ မနိုးကြဘူး၊ အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်ကြတာ''

ငပိန်အသံကြောင့် ခပ်ကြောင်ကြောင်ဖြစ်သွားသော ကျွန်တော်တို့နှစ်ယောက်က–

''မင်း ...အိပ်မက်မက်နေတယ်နဲ့တူတယ်၊ ငါ ...ဘာကောင်မှမပစ်ဘူးလေကွာ''

''ဟာဗျာ ...မုဆိုးကြီးမပစ်ဘူးသာဆိုတယ်၊ ဟိုမှာ ...ကျားကြီးတစ်ကောင် သေနတ်ဒဏ်ရာဗလပွနဲ့ သွေးအိုင်ထဲမှာ ဘေးတိုက်လဲသေနေတာ မတွေ့ဘူးလား''

သူ လက်ညှိုးညွှန်ပြရာ လင့်အောက်ဆီသို့ ကျွန်တော်တို့နှစ်ယောက် လှမ်းကြည့်လိုက်တော့ ...

''ဟယ် ...ဗုဒ္ဓေါ''

ဟူ၍ပင် ပြိုင်တူ အာမေဋိတ်သံများ ထွက်သွားကြပေသည်။ မြေပြင်တွင် သေနတ်ဒဏ်ရာများနှင့် သွေးအိုင်အတွင်း အသက်ပျောက်ဘေးတိုက်လဲကျနေသည့် ကြီးမားသောကျားသေကြီးတစ်ကောင်ကို တွေ့မြင်လိုက်ကြရသည့်မြင်ကွင်းကြောင့်ပင် ဖြစ်တော့သတည်း။

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# နေဇိုးဒေါ်

## ရှေ့နေမလေး မေစံရှား

နှင့်

## ပန်းကာလဲ့ဓား



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

ပိတောက်မြိုင်မှာ အမှုတစ်ခု ဖြစ်ပွားသွားခဲ့သည်။ ဖောက်ထွင်းမှု ပြီးတော့ လူသတ်မှု။ အသတ်ခံရသူမှာ ပိတောက်မြိုင်အိမ်ရှင် ကျော့ယဉ်ဆွေ ဖြစ်သည်။

ကျော့ယဉ်ဆွေသည် ကျောက်ပွဲစား ဦးရောင်နီ၏ ဇနီးချောလေးဖြစ်၏။ ပိတောက်မြိုင်ဆိုသည်မှာ အိမ်ဂေဟာအမည်ဖြစ်ပြီး ဦးရောင်နီက ပေးထားခြင်းဖြစ်၏။ ခြံထဲမှာ ပိတောက်ပင်ကြီးသုံးပင် ထီးထီးမားမား ဝင့်ဝင့်ထည်ထည်ရှိနေသောကြောင့် ပိတောက်မြိုင် အမည်နှင့် ခြံကြီးမှာ လိုက်ဖက်လှ၏။

ပိတောက်ပင်ကြီးများအပါအဝင် သစ်ပင်ကြီးများ ဝန်းရံပေါက်နေသောကြောင့် ဦးရောင်နီ၏ တစ်ထပ်တိုက်ဟောင်းလေးမှာ ဘေးပတ်ဝန်းကျင်နှင့်ပင် ကင်းကွာသလို ဖြစ်နေ၏။ ထို့ကြောင့်ပင်လျှင် မကောင်းမှုကျူးလွန်မည့်သူကို လမ်းဖွင့်ပေးသလို ဖြစ်နေခဲ့သည်ဟု ဆိုရမည်။

ပြီးတော့ အိမ်မှာလူနည်းလှသည်။

ဦးရောင်နီရယ်၊ ကျော့ယဉ်ဆွေရယ်၊ အိမ်ဖော် ဒေါ်မိရယ်။ ဒေါ်မိကလည်း ပိတောက်မြိုင်မှာ ရံဖန်ရံခါမှသာ အိပ်သည်။ ပုံမှန်အားဖြင့် သူ၏ အိမ်ရှိရာ ဒဂုံတောင်သို့ ပြန်အိပ်တတ်သည်။ သည်တော့ ညညဆိုလျှင် ဦးရောင်နီနှင့် ကျော့ယဉ်ဆွေသာ။

နောက်တစ်ချက်က ဦးရောင်နီသည် သူ၏အလုပ်သဘောအရ မကြာခဏ ခရီးထွက်ရသည်။ သူသည် ကျောက်ပွဲစားဆိုသော်လည်း အကြီးသမားမဟုတ်။ သာမန်ပွဲစားမျှသာဖြစ်၏။ ပြီးတော့ ကျောက်ထက်ပို၍ ရှေးဟောင်းပစ္စည်းရောင်းဝယ်မှုက သူ့အတွက် ပိုပဓာနကျသည်။ ထို့ကြောင့် ပစ္စည်းရှာရန် ခရီးခဏခဏထွက်ရ၏။

ထိုသို့ ဦးရောင်နီ ခရီးထွက်လျှင် အိမ်ဖော်ဒေါ်မိက ကျော့ယဉ်ဆွေအဖော်ရရန် အိမ်မပြန်ဘဲ ညအိပ်ပေးရတတ်သည်။

ထိုညကတော့ . . .

ဦးရောင်နီက ခရီးထွက်နေသည်။

ဒေါ်မိက ယောက်ျားနေမကောင်း၍ ခွင့်ယူပြီး အိမ်ပြန်သွားသည်။

မီးကပျက်၍ လက မိုက်သောည။

လူဆိုးသည် ခြံတွင်းဝင်လာကာ တိုက်၏ ပြတင်းတံခါးကို အပြင်မှထုခွဲပြီး တံခါးချက်ကိုဖွင့်သည်။ တံခါး၏ သံတိုင်များမှာ သံချေးစား၍ ပြတ်လုလု ဖြစ်နေရာ ဆွဲကလန့်လိုက်သောအခါ အခြေမှ ပြတ်ထွက်သွားသည်။ သို့ဖြင့် လူဆိုးသည် အိမ်တွင်းသို့ အလွယ်တကူ ဝင်နိုင်ခဲ့၏။

တံခါးမှန်ကွဲသံနှင့် သံတိုင်ကို ဆွဲ... ဖြုတ်သံကြောင့် အိပ်ပျော်နေသော... ကျော့ယဉ်ဆွေ နိုးလာပုံရသည်။

လူဆိုးသည် ပစ္စည်းခိုးယူရန် ထ... လာသည်မှန်သော်လည်း အိမ်ရှင်နိုး... သောအခါ အိမ်ရှင်ကိုပါ အန္တရာယ်ပြု... တတ်သည်မှာ ဓမ္မတာ။ ကျော့ယဉ်ဆွေ... သည် လူဆိုး၏ သေနတ်နှင့် ပစ်သတ်... ခြင်းခံရသည်။ သေနတ်ပစ်ချက်နှ... ချက် ဖြစ်သည်ဟု ဆို၏။ ကျော့ယဉ်... ဆွေ နေရာတွင်ပင် ပွဲချင်းပြီး ဆုံးပါး... သည်။ ပတ်ဝန်းကျင်က သေနတ်သံ... ကြားလိုက်ရသည်ဟု ဆိုသည်။

လူဆိုးသည် အခန်းတွင်းမှပစ္စည်း... မွှေနှောက်လျက် ကျော့ယဉ်ဆွေ... လက်ဝတ်ရတနာများနှင့် ငွေများကို ယူ... ငင်ပြီး ထွက်သွားသည်။

နံနက် ဒေါ်မိ အိမ်ကိုရောက်လာ... မှအဖြစ်အပျက်ကိုတွေ့သည်။ ရပ်ကွက်... အဖွဲ့အစည်းများကို အကြောင်းကြား... သည်။ ပြီးတော့ ရဲစခန်းကို တိုင်ကြား... သည်။

ရဲများအလုပ်ရှုပ်သွားသည်။

ဦးရောင်နီက သုံးရက်ကြာမှ ပြန်... ရောက်သည်။ ဇနီးချောလေး၏ အဖြ... ဆိုးကြောင့် ဦးရောင်နီ ရူးမတတ်ခံစား... ရ၏။

''ကျွန်တော့်ဇနီးကို သတ်တဲ့... ဆိုးကို မိအောင်ဖမ်းပေးကြပါဗျာ'' ... ငိုလျက် အကူအညီတောင်းခံသံ... ကြားရသူတိုင်း စိတ်ထိခိုက်ရသည်...

အိမ်ဖောက်ထွင်း လူသတ်သွား... သူသည် မည်သူနည်း။

ရဲများ အပူတပြင်း ရှာဖွေခဲ့ကြ... သို့သော် တရားခံကိုမမိ။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည်မှာ လူဆိုးသည် သေနတ်ကို သုံးခဲ့၏။ ဒသမ သုံးနှစ်နိုဗာ သေနတ်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သော်လည်း သေနတ်လည်းပျောက် လူဆိုးလည်းပျောက်နေခဲ့သည်။

မထင်ကောင်းထင်ကောင်း ရဲများက ဦးရောင်နီကို သံသယရှိခဲ့သည်။ သို့သော် ဦးရောင်နီပါဟု ထောက်ပြစရာ သက်သေအထောက်အထားဘာမျှမရှိ။

+++

ကျော့ယဉ်ဆွေသည် မေစံရှား၏ ငယ်ပေါင်းငယ်ရင်း သူငယ်ချင်းမဟုတ်သော်လည်း ငယ်ပေါင်းသူငယ်ချင်းလိုပင် ခင်မင်ရသည့် မိတ်ဆွေတစ်ဦးဖြစ်သည်။

မေစံရှားနှင့် ကျော့ယဉ်ဆွေ စတင်ရင်းနှီးခဲ့ရသည်မှာ နွေဦးပေါက်ကမှဖြစ်သည်။ မေစံရှားသည် မိမိ၏ နေထိုင်ရာ အိမ်ရာဆီသို့ ကားမှတ်တိုင်မှ ခြေကျင် လျှောက်ပြန်လာသော နွေတစ်နေ့တွင် ကျော့ယဉ်ဆွေနှင့် တွေ့ဆုံရင်းနှီးခဲ့ခြင်းဖြစ်၏။

ထိုနေ့က ကျော့ယဉ်ဆွေသည် သူ၏ ခြံဝင်းထဲမှ တစ်ထပ်တိုက်ကလေး၏ ရှေ့မှ ပန်းခြံထဲတွင် ရေလောင်းနေသည်။ မေစံရှားက လမ်းအတိုင်း လျှောက်လာရင်း ရောင်စုံပန်းများဖြင့် တန်ဆာဆင်လှပနေသော ပန်းခြံကလေးကို စိတ်ဝင်စားမိသဖြင့် ရပ်၍ ငေးမိသည်။ မေစံရှား ရပ်ငေးနေသည်ကို တွေ့သွားသော ကျော့ယဉ်ဆွေက ..

''ညီမ ဘာငေးနေတာလဲ၊ ပန်းကလေးတွေ သဘောကျလို့လား။ လာလေ .. ဝင်ခဲ့ပါ'' ဟု ရေလောင်းနေရာမှ လှမ်းခေါ်သည်။

တစ်ဆက်တည်းပင် ရေပိုက်ကို ပိတ်ကာ ခြံဝင်းတံခါးရှိရာသို့ လျှောက်လာပြီး တံခါးကိုဖွင့်သည်။

''မေစံရှားထင်တယ်နော်''

ဟူသော ခန့်မှန်း ပဋိသန္ဓာရစကားဖြင့် မိတ်ဖွဲ့သည်။

''ဟုတ်ပါတယ်၊ ကျွန်မ မေစံရှားပါ''

''တွေ့ရတာ .. ဝမ်းသာတယ်။ လာပါ .. ဝင်ခဲ့ပါဦး။ မိတ်ဖြစ်ဆွေဖြစ် ကော်ဖီလေးသောက်ပါဦး''

ရိုးသားမှု အရင်းခံမျက်နှာပေါ်တွင် ဖော်ရွေမှုနှင့် နှစ်လိုမှု ပေါင်းစပ်ထားသောအပြုံးဖြင့် လိုလိုလားလား ဖိတ်ခေါ်နေသဖြင့် မေစံရှား သူမနောက်သို့ ပါခဲ့ရသည်။

သူမဖျော်ခဲ့သော နက်စ်ကော်ဖီမွှေးမွှေးက သူမလိုပင် နှစ်သက်ဖွယ်ကောင်းလှ၏။

''မမနာမည်က ကျော့ယဉ်ဆွေပါ''

အသက်အရွယ်မှာ မကွာခြားလှဟု ခန့်မှန်းမိသော်လည်း သူက သူမကိုယ်သူမ မမဟု ခေါ်ဝေါ်သုံးနှုန်းသဖြင့် မေစံရှားကလည်း အလိုက်တသင့်ပင် ကျော့ယဉ်ဆွေကို မမဟု ခေါ်ဝေါ်လိုက်သည်။

''မမက ကျွန်မကို သိနေတယ်လား''

''ဆိုပါတော့ .. ၊ မမရဲ့ မိတ်ဆွေတစ်ဦးက ပြောပြလို့ပါ။ သူ့အမှုတစ်ခုမှာ မေစံရှားက ပါဝင်ကူညီဆောင်ရွက်ပေးဖူးတယ်တဲ့။ အမှန်တရားကို မြတ်နိုးပြီး ကူညီတတ်တဲ့သူ၊ အတ္တကို ရှေ့တန်းမတင်တဲ့သူ။ သဘောထားပြည့်ဝတဲ့သူလို့ချီးမွမ်းတယ်။ တစ်နေ့ မေစံရှား ဒီရှေ့က ဖြတ်သွားတော့ သူပြတာနဲ့ မမက မေစံရှားကို တွေ့ဖူးလိုက်တယ်။ တွေ့လိုက်တော့လည်း မြင်မြင်ချင်း ညီအစ်မလိုပဲ စိတ်ထဲမှာ ခံစားမိခဲ့တယ်။ တစ်နေ့ကျရင် မိတ်ဖွဲ့မယ်လို့ စိတ်ကူးထားမိခဲ့တယ်။ ဒီနေ့တော့ တိုက်တိုက်ဆိုင်ဆိုင် မမဆန္ဒတွေ ပြည့်ဝခဲ့ပြီ''

ထိုနေ့က ကျော့ယဉ်ဆွေနှင့် စကားအတော်ကလေး ပြောဖြစ်ခဲ့သည်။ တကယ်တမ်း ပြောသူမှာ

**မမတို့က အမှန်အတိုင်းဝန်ခံရရင် ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်းအဆင့်ထက် ပိုခဲ့ပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာ မမက အိမ်ထောင်သည်ဖြစ်နေပြီး ကာမေသုမိစ္ဆာစာရကံကို မမ ဘယ်တော့မှမကျူးလွန်ဘူးဆိုတာ မမ ပြောရဲပါတယ်...**



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေမလေး မဟုတ်ဘဲ အိမ်ရှင် ကျော့ယဉ်ဆွေကသာဖြစ်၏။ သူမအနေနှင့် အထီးကျန်ဆန်ကာ အပေါင်းအဖော်မဲ့နေပုံလည်းရသည်။

သူမ၏ခင်ပွန်း ဦးရောင်နီက အလုပ်ကိစ္စဖြင့် ခရီးသွားနေသည်က များကြောင်း၊ လင်မယားအသက်ကွာကြောင်း၊ ဦးရောင်နီမှာ ယခင်က အိမ်ထောင်ရှိခဲ့ဖူးကြောင်း၊ ထိုအိမ်ထောင်ဆုံးပါးသွားပြီးနောက် ကျော့ယဉ်ဆွေနှင့် လက်ထပ်ဖြစ်ခဲ့ကြောင်း၊ အစ်ကိုကြီးသဖွယ် အားကိုးရကြောင်း၊ သို့သော် ဦးရောင်နီက ဝန်တိုတတ်သူဖြစ်ပြီး အခြားယောကျ်ားများနှင့် စကားပြောသည်ကိုပင် မကြိုက်တတ်ကြောင်း၊ ပတ်ဝန်းကျင်နှင့်လည်း အရောတဝင်နေလေ့မရှိကြောင်း၊ ထို့ကြောင့် ကျော့ယဉ်ဆွေသည် တစ်ယောက်တည်းဖြစ်နေကာ ပန်းပင်များနှင့်သာ အဖော်ပြုနေရကြောင်းတို့ကို မေစံရှားသိခဲ့ရ၏။

ကျော့ယဉ်ဆွေလိုက်ပြသဖြင့် ကျော့ယဉ်ဆွေ၏ ပန်းခြံထဲကိုလည်း မေစံရှားရောက်ခဲ့ရ၏။ မေစံရှားမသိသော ပန်းအမျိုးအစားတွေ များလှသည်။ မေစံရှားသည် ပန်းကိုမြတ်နိုးသော်လည်း စိုက်ပျိုးရန်နေရာမရှိသဖြင့် တိုက်ခန်းရှေ့ ဝရန်တာတွင် ကစ်မီကွစ် ပန်းအိုးအချို့နှင့် သစ်ခွအချို့စိုက်ပျိုးထားသည်မှအပ များများစားစားစိုက်ပျိုးနိုင်ခြင်းမရှိပါ။ ကျော့ယဉ်ဆွေကမူ နိုင်ငံခြားမှပျိုးပွားဝယ်ယူထားသော ပန်းများကိုပင် စိုက်ပျိုးထားရှိသူဖြစ်သည်။ နှင်းဆီ၊ သစ်ခွ၊ ပိန်းပန်းတွေပင်မက မေစံရှား မမြင်ဖူးသော ပန်းအမျိုးအစားများကိုပါ တွေ့ရ၏။ ပန်းရောင်အဆုပ်ယွင်းများနှင့် ခြောက်သပန်းပင် (hydrangea) ကိုလည်းကောင်း၊ ပေါင်ဒါပန်း (pansy)၊ ပျိုနီပန်းပင် (peony)၊ နီလာပန်းပင် (violets)၊ ခေါင်းလောင်းသဏ္ဍာန်အဖြူရောင်၊ အပြာရောင်များပွင့်သည့်အပင် (bluebell)၊ နှဲပန်း (petuina) တို့ကို အသစ်အဆန်းအဖြစ် မေစံရှားတွေ့ရသည်။

''နောက်လည်းလာပါ မေစံရှားရယ်''

ကျော့ယဉ်ဆွေက တဖွဖွမှာလိုက်သည်။

+++

ကျော့ယဉ်ဆွေမှာသော်လည်း မေစံရှားက အလုပ်များသူမို့ မကြာခဏမရောက်ဖြစ်။ လမ်းကြုံလျှင်တော့ ဝင်တတ်သည်။ ဝင်သည့်အခါတိုင်း ကျော့ယဉ်ဆွေက ဖက်လဲတကင်းရှိလှ၏။ ထမင်းကျွေးတတ်သည်။ အစားအသောက်ကောင်းများ စီစဉ်ကျွေးမွေးတတ်သည်။ စကားတွေပေါင်နေအောင်ပြောတတ်သည်။

တစ်ကြိမ်တွင်သာ ကျော့ယဉ်ဆွေ၏ခင်ပွန်း ဦးရောင်နီကို တွေ့ရ၏။

ကျော့ယဉ်ဆွေက မိတ်ဆက်ပေးသည်။

အရောင်းအဝယ်သမားပီပီ ဦးရောင်နီက အပြောချိုချိုဖြင့် ...

''ကျွန်တော့်ဇနီးက အဖော်မဲ့တယ်ဗျ။ ကျွန်တော်က ခရီးသွားနေတာများတယ်။ ပြီးတော့ သူ့ဆွေမျိုးတွေက ဒီမှာမရှိဘူး။ နယ်မှာ ..။ နောက်တစ်ခုကလည်း ကျွန်တော်တို့ပတ်ဝန်းကျင်နဲ့ သိပ်အရောတဝင်မနေတတ်ဘူးဗျ။ ဒါကြောင့် ကျော့ယဉ်ဆွေမှာ အဖေ ကောင်းလိုတယ်။ ဒေါ်မေစံရှားနဲ့မိ ဆွေဖြစ်နေတာ ဝမ်းသာတယ်။ အ ပဲဝင်ပါ ထွက်ပါဗျာ'' ဟု ဆိုလေသည်

အပေါ်ယံသဘောမဟုတ်ဘဲ စိ ရင်းနှင့်ပြောခြင်းဖြစ်ဟန်ရှိသည်ဟု စံရှားအကဲခတ်မိ၏။ ဇနီးဖြစ်သူ ကျေ ယဉ်ဆွေကိုလည်း အတော်ပင်ဂရု စိုက်ရှိလှ၏။ ကြင်နာမှုလည်း အတို ထက်အလွန်ဟုပင် မေစံရှားသတိပြု ၏။

သို့ဖြင့်ပင် ...

မေစံရှားသည် ကျော့ယဉ်ဆွေ ညီအစ်မမကျ၊ သူငယ်ချင်းမက ခင် မှုရရှိခဲ့သည်ဟု ဆိုရမည်။

သို့သော် ...

တစ်ရက်တွင်တော့ ကျော့ယ ဆွေအိမ်သို့အဝင်တွင် ကျော့ယဉ် နှင့်အတူ အမျိုးသားတစ်ဦးကိုပါ ရှားတွေ့ရ၏။

ဧည့်ခန်းထဲတွင် သူတို့နှစ် စကားပြောနေကြခြင်း ဖြစ်သော်လ မေစံရှား ရောက်သွားသောအခါ သူ က ပြောလက်စ စကားအား ဖြတ် လိုက်ကြသည်ကို မေစံရှားတွေ့ရသ

ကျော့ယဉ်ဆွေက မေစံရှာ ကြိုဆိုပြီး ထိုသူနှင့်ပါ မိတ်ဆက် သည်။

''ဒါ ကိုမျိုးအောင်တဲ့။ မ ကျောင်းနေဖက်ပေါ့။ မတွေ့တာကြာ တစ်လောကမှ ရန်ကုန်ထဲက ဈေး ခုမှာ အမှတ်မထင်ဆုံပြီး ပြန်တွေ့တ အခု အိမ်လာလည်တာလေ''

''ဟုတ်ကဲ့ .. သိရတာ ဝမ်းသ ပါတယ်။ ကျွန်မ မေစံရှားပါ''




www.burmeseclassic.com

www.burmeseclassic.com



**လူဆိုတာ ကိုယ်က မှန်နေတယ် ထင်ရုံနဲ့ မပြီးသေးဘူးနော်။ အများအမြင် ရှင်းဖို့လည်း လိုအပ်တယ်...**



ကိုမျိုးအောင်သည် မေစံရှား ရောက်ပြီးနောက် ခဏအကြာတွင် နှုတ်ဆက်ပြန်သွားခဲ့သည်။

ကိုမျိုးအောင်နှင့် ကျော့ယဉ်ဆွေ တို့၏ ရင်းနှီးမှုမှာ အဘယ်အတိုင်း အတာရှိပါသနည်း။ ကျောင်းနေဖက် သူငယ်ချင်းဆိုသော အဆင့်ထက် ပိုခဲ့ ပါသလား။

မေစံရှားခေါင်းထဲတွင် ရှိနေသော အတွေးများကို ကျော့ယဉ်ဆွေကလည်း ရိပ်မိပုံရသည်။

''မေစံရှား၊ ကိုမျိုးအောင်နဲ့မမကို တစ်မျိုးမထင်နဲ့နော်။ မမတို့က အမှန် အတိုင်းဝန်ခံရရင် ငယ် စဉ်က ကျောင်းနေ ဖက်သူငယ်ချင်း အဆင့်ထက် ပို ခဲ့ပါတယ်..။ ဒါပေမဲ့ ယခု အချိန်မှာ မမက အိမ်ထောင်သည် ဖြစ်နေပြီး ကာ မေသုမိစ္ဆာစာရ ကံကို မမ ဘယ် တော့မှမကျူးလွန် ဘူးဆိုတာ မမ ပြောရဲ ပါတယ်။ စိတ်ချပါ ညီမ ရယ်။ မမ ..မမှားစေရ ပါဘူး''

ကျော့ယဉ်ဆွေ ၏ စကားကြောင့် မေစံရှား ကြည်နူး ကျေနပ်သွားသည်။

''ဒီလိုကြားရတာ ဝမ်းသာပါတယ် မမ။ ဒါပေမဲ့ တစ်ခုတော့ ရှား သတိပေးချင် ပါသေးတယ်။ ဦးရောင်နီက သဝန်တို တတ်တာ မမ ပြောလို့ ရှားသိထား တယ်လေ။ ဦးရောင်နီဘက်က အမြင် ရှင်းဖို့ မမ သတိထားနေသင့်တယ်လို့ ရှားထင်တယ်''

''ကျေးဇူးပါပဲ မေစံရှားရယ်။ မမ ဆင်ခြင်ပါ့မယ်''

ကျော့ယဉ်ဆွေကို ယုံကြည်ပါ၏။ ကျော့ယဉ်ဆွေကလည်း သူမ၏ ကတိ အတိုင်း ဆင်ခြင်မှုရှိခဲ့ပါ၏။ သို့သော် ပတ်ဝန်းကျင်က တစ်ဆိတ်ကိုတစ် အိတ်လုပ်တတ်ကြသည့် သဘာဝရှိခဲ့ သည်ကို မမေ့အပ်ပါ။

တစ်ချိန်တွင် ကိုမျိုးအောင်ကိစ္စ နှင့် ပတ်သက်၍ ကျော့ယဉ်ဆွေနှင့် ဦး ရောင်နီတို့ စကားများခဲ့ကြရ၏။ သို့သော် ကျော့ယဉ်ဆွေဖြေရှင်းကောင်း သောကြောင့် ပြဿနာအကြီးအကျယ် မဖြစ်ခဲ့ဘဲ ပြေငြိမ်းသွားခဲ့သည်။

''အစ်ကိုကြီးကျေနပ်အောင် မမ မနည်းဖြေရှင်းခဲ့ရတယ်ကွယ့်။ မေစံရှား သတိပေးခဲ့တာကို ကျေးဇူးတင်ကြောင်း မမ ထပ်ပြောပါရစေ။ မေစံရှားသတိ ပေးခဲ့တာကြောင့် မမ ပိုပြီး သတိထား နိုင်ခဲ့တာပါ။ အင်း.. လူဆိုတာ ကိုယ် က မှန်နေတယ် ထင်ရုံနဲ့ မပြီးသေးဘူး နော်။ အများအမြင်ရှင်းဖို့လည်း လို အပ်တယ်ဆိုတာ မမ အခုသဘော ပေါက်သွားပြီ''

ကျော့ယဉ်ဆွေက ထိုသို့ သုံးသပ် ပြခဲ့၏။

မေစံရှား သက်ပြင်းချခဲ့ပါသည်။ သို့သော် မေစံရှား၏ သက်ပြင်းသည် အမှန်တကယ်ပြေငြိမ်းခြင်း ဟုတ်မှ



www.burmeseclassic.com

ဟုတ်ပါလေစဟူသော စနောင့်စနင်း မှုကလေး ပါဝင်နေခဲ့သည်မှာ အမှန်။

ယခုတော့ ...

ကျော့ယဉ်ဆွေလည်း တစ်စုံတစ်ယောက် ပယောဂဖြင့် လူ့လောကမှ ထွက်ခွာသွားခဲ့ရပြီ။ အမှန်တကယ် ဖောက်ထွင်းမှု၊ လူဆိုးလက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရခြင်းလား။

+++

တာဝန်ရှိရဲများက ကျော့ယဉ်ဆွေ အိမ်ဖောက်ထွင်းခံရမှုနှင့် ကျော့ယဉ်ဆွေ အသတ်ခံရမှုအတွက် အပြင်းအထန် ကြိုးစားရှာဖွေ ဖော်ထုတ်ခဲ့ကြသည်။ သို့သော် လက်ရာခြေရာ မကျန်ခြင်းကြောင့်လည်းကောင်း၊ ဖြစ်ရိုးဖြစ်စဉ် ပြစ်မှုမျိုး ဤနေရာဝန်းကျင်တွင် မရှိခဲ့ဖူးခြင်းကြောင့်လည်းကောင်း၊ လူသတ်လက်နက်မှာ ရှားရှားပါးပါး သေနတ်ဖြစ်နေခြင်းကြောင့်လည်းကောင်း တရားခံသည် အစပျောက်လျက်ရှိ၏။

သို့ဖြင့်ပင် ...

ရက်မှလ ..၊ လမှနှစ်သို့ ကူးပြောင်းသွားသည်။

တရားခံ ရှာမရခဲ့။

ဦးရောင်နီသည် ဇနီးသည် အသတ်ခံရမှုကြောင့် စိတ်ဆင်းရဲသောကဖြစ်ရသည်ဟုဆိုကာ ပိတောက်မြိုင်ကိုရောင်းလျက် ပြောင်းသွားခဲ့သည်။ နောက်ထပ်ရောက်လာသူ အိမ်ရှင်များမှာ မေစံရှားအဖို့ သူစိမ်းများဖြစ်၍ မေစံရှားသည်လည်း ပိတောက်မြိုင်နှင့် ဝေးကွာခဲ့ရ၏။

ပိတောက်မြိုင်ရှေ့မှ ဖြတ်သည့်အခါတိုင်း ကျော့ယဉ်ဆွေကို မေစံရှားသတိရသည်။ ကျော့ယဉ်ဆွေ ပြုစုပျိုးထောင်ခဲ့ရာ ပန်းဥယျာဉ်လေးမှာမူ နောက်အိမ်ရှင်များက ဆက်လက်ပျိုးထောင်ဂရုစိုက်ခဲ့သဖြင့် လှပမြဲလှပနေခဲ့လေသည်။

နွေဦးရာသီ တစ်ညနေခင်းမှာ မေစံရှား ပိတောက်မြိုင်ရှေ့မှ အဖြတ်တွင် ...

"မမက ဒေါ်မေစံရှားလားဟင်"

ပိတောက်မြိုင်၏ ပန်းဥယျာဉ်လေးထဲမှ လှမ်း၍မေးလိုက်သံ ကြားရ၏။ မေစံရှား လှည့်ကြည့်လိုက်သောအခါ ပန်းပင်များရေလောင်းနေသော ပျိုမျစ်နုနယ်ချစ်စဖွယ် မိန်းကလေးတစ်ဦးကို တွေ့ရ၏။ သူမက အပြုံးဖြင့် ကြည့်နေသည်။

"ဟုတ်ပါတယ်"

"ညီမလေးက မမကို ခင်ချင်လို့ပါ"

မိန်းကလေးက ရေပိုက်ကို ပိတ်ကာ ခြံတံခါးကို ဖွင့်၍ ကြိုသည်။

မေစံရှားက ကျော့ယဉ်ဆွေကို သတိရလွမ်းဆွတ်နေသူဖြစ်၍ ကျော့ယဉ်ဆွေ၏ ပန်းခြံလေးကို အလွမ်းပြေကြည့်ရန် ခြံတွင်းဝင်လိုက်သည်။

"ညီမလေးနာမည်က ပိုးပိုးပါ။ မမရဲ့ အကြောင်းတွေကို ဆရာနေစိုးသော်ရေးတဲ့ ဝတ္ထုတွေထဲမှာ ဖတ်ရတယ်။ ညီမလေးရဲ့ အဒေါ်က မမဟာ ရှေ့နေ ဒေါ်မေစံရှားပဲလို့ ပြဖူးတာနဲ့ ညီမလေးက မမကို ခင်ချင်နေတာပါ"

"မမကလည်း ခင်တတ်ပါတယ်။ ဒီအိမ်ရှင်ဖြစ်ခဲ့တဲ့ ကျော့ယဉ်ဆွေနဲ့ဆို မမက သူငယ်ချင်းဖြစ်ခဲ့တာပဲပေါ့"

"ညီမလေးသိရတာက အဲဒီ မမ ကျော့ယဉ်ဆွေက လူဆိုးအိမ်ထဲဖောက်ဝင်ရင်း သေနတ်နဲ့ပစ်ခဲ့လို့ သေဆုံးခဲ့ရတာတဲ့။ ဟုတ်လားဟင်"

"ဟုတ်ပါတယ်"

"လူဆိုးကို မိလားဟင်"

"ခုထိ မမိသေးပါဘူး ညီမလေးရယ်"

"မမက မမကျော့ယဉ်ဆွေကို သတ်ခဲ့တဲ့ လူဆိုးကို ဖမ်းမပေးနိုင်ဘူးလားဟင်"

ပိုးပိုး၏ အမေးကြောင့် မေစံရှား ပြုံးမိ၏။

"မမက စုံထောက်လည်းမဟုတ် ရဲလည်းမဟုတ်တဲ့ ရှေ့နေပါ ပိုးပိုးရယ်"

ပိုးပိုးကမူ လက်လျှော့ပုံမရ။

"မမ အမှုတွေဖော်ခဲ့တာ အများကြီးပဲ။ မမ သူငယ်ချင်းအတွက် မမ ကြိုးစားရင် အမှုက ပေါ်လာမှာပါ။ ပိုးပိုးကတော့ မမ ဖော်ထုတ်လို့ရနိုင်မယ်လို့ မျှော်လင့်ပါတယ်"

သူမကို အလွန်အမင်းအထင်ကြီးနေသော ပိုးပိုး၏စကားကြောင့် သေဆုံးသူ ကျော့ယဉ်ဆွေအတွက် တာဝန်မကျေသလို ခံစားမှုမျိုးကို မေစံရှား ရုတ်တရက်ခံစားလိုက်ရသည်။

မေစံရှား သက်ပြင်းရှိုက်ရင်း–

"ပိုးပိုးပြောမှ ကျော့ယဉ်ဆွေက မမကို ကြည့်နေသလိုမျိုး မမ အာရုံထဲမှာပေါ်လာတယ်။ မမ ကြိုးစားပါ့မယ် ပိုးပိုးရယ်" ဟု ပြောပြီး ပိုးပိုးကို နှုတ်ဆက်ကာ အနားရှိ ခြောက်လပန်းပင် (hydrangea) မှ ပန်းတစ်ပွင့်ကို လှမ်း၍ ဆွတ်ခူးပြီး ထွက်လာခဲ့သည်။


ခြံဝမှ ထွက်မည်ပြုပြီးမှ ကျော့ယဉ်ဆွေစိုက်ခဲ့သော ခြောက်လပန်းပင်



www.burmeseclassic.com

www.burmeseclassic.com





ydrangea) မှ ခူးခဲ့သော ပန်းပွင့်ဆီ သတိဖြင့် ကြည့်မိကာ ခြေလှမ်း းရပ်တန့်သွားသည်။

ပန်းပွင့်လေးက အပြာရောင်။

''အပြာရောင်''

မေစံရှားနှုတ်မှ လွှတ်ခနဲထွက် းသောစကား။ ပိုးပိုးက မေစံရှား၏ တ်တရက်ပြောင်းလဲသွားသော အမူ ရာကြောင့် နားမလည်စွာ လှမ်း ည့်နေ၏။

မေစံရှားက (hydrangea)ခြောက် ပန်းပင် ပန်းချုံကို ပြန်လှည့်ကြည့် က်သည်။ အပြာရောင်အပွင့်တွေ ဝေ ဆာဆာ ရှိနေပါတကား။ မနှစ်က ကျော့ယဉ်ဆွေနှင့် မေစံရှား စတင်ဆုံ တွေ့စဉ်က ခြောက်လပန်းပင် (hydran- ) သည် ပန်းရောင်အပွင့်အဆုပ် တွေနှင့်ပါ။ ယခု အပြာရောင်ဖြစ်နေပါ တကား။

''မမ ။ ။ ဘာဖြစ်လို့လဲ''

ပိုးပိုးက လှမ်းမေးသည်။

''ဒီပန်းပင်တွေက အပြာရောင်တွေ ပွင့်လို့ပါလား''

''ဟုတ်တယ် မမ၊ အပြာရောင်အပွင့်တွေလေ''

''မနှစ်တုန်းက ဒီပန်းပွင့်က ပွင့်တာ ပန်းရောင်ပါ''

သည်မှာပင် ကျော့ယဉ်ဆွေနှင့် လာရောက်၍ စကားပြောခဲ့စဉ် တစ်ရက်က ကျော့ယဉ်ဆွေက သူမစိုက်ပျိုးထားသော ပန်းပင်များနှင့် ပတ်သက်၍ ပြောခဲ့ဖူးသော စကားတစ်ခွန်းကို မေစံရှားပြန်လည်ကြားယောင်လိုက်သည်။

''ဒီ (hydrangea)ပန်းပင်က တစ်မျိုး မေစံရှားရဲ့၊ သူ့ရဲ့ အပွင့်က ပန်းရောင်ပဲ။ ဒါပေမဲ့ အပြာရောင်ပွင့်ချင်ရင် ပင်ခြေမှာ သံဖြစ်ဖြစ်၊ အလူမီနီယမ်ဖြစ်ဖြစ် မြှုပ်ထားလိုက်ရတယ်။ အဲဒါဆို အပွင့်က အပြာရောင်ဖြစ်သွားရော''

မေစံရှားခေါင်းထဲတွင် လက်ခနဲ အလင်းရောင်တစ်ချက် ဝင်းပြက်သွားသည်။

ဦးရောင်နီကို ကျော့ယဉ်ဆွေ သတ်မှုဖြင့် ဖမ်းဆီးနိုင်ခဲ့၏။

ကျော့ယဉ်ဆွေကို သတ်ခဲ့သော ဒသမသုံးနှစ်ရီဗိုဗာ သေနတ်ကို ရှာဖွေတွေ့ခဲ့သည်လေ။ သေနတ်တွင်းမှာ ကျည်ဆန်က နှစ်တောင့်လျော့နေသည်။ ရှိနေသော ကျည်ဆန်များနှင့် ကျော့ယဉ်ဆွေ ကိုယ်ထဲမှ ရရှိခဲ့သော ကျည်ဆန်ခွံက တထပ်တည်း။ သေနတ်တစ်ခုတည်းဖြစ်ကြောင်း သက်သေပြနေခဲ့၏။

ကျော့ယဉ်ဆွေကပင် တရားခံကို ဝိညာဉ်ဘဝဖြင့် ဖော်ထုတ်ခဲ့သည်ဟု ပြောရမလား။ မေစံရှား၏ အတွေးကောက်ချက်ကပင် ကွက်တိကျမှန်ကန်ခဲ့သည်ဟု ပြောရမလား။ ရဲအရာရှိကပင် မေစံရှား၏ စကားကို အကြွင်းမဲ့ ယုံကြည်မှုရှိခဲ့သောကြောင့်ဟု ပြောရမလား။

ကျော့ယဉ်ဆွေကို ပစ်သတ်ခဲ့သော ဒသမသုံးနှစ်ရီဗိုဗာ သေနတ်အား ခြောက်လပန်းပင် (hydrangea) ခြေရင်းတွင် တူးဖော်တွေ့ရှိခဲ့ရပေသည်။


နေစိုးသော်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စနှင့် ပတ်သက်ပြီး ကြိုးသမားဖြစ်သူ အောင်ဇော်ခမျာ မိမိတစ်ကိုယ်လုံး သူရဲဝင်ပူးသလိုလို လှုပ်မရ အော်မရဖြစ်နေခဲ့ရာမှ ရုတ်တရက်လန့်ဖြန့်အော်ဟစ်လိုက်စဉ် အသံက ကျယ်လောင်စွာ ထွက်ပေါ်သွားခဲ့လေသည်။

''အောင်မလေး . . ကြောက်ပါပြီဗျ''

''ဟေ့ . . ဟေ့၊ ဘာတွေဖြစ်နေတာလဲကွ''

ဆေးသမားတွေဟာ
သုံးနေကြ
ဆေးပြတ်သွားတဲ့အခါမှာ
လူရဲ့ခန္ဓာကိုယ်တစ်ခုလုံးမှာ
ကိုက်ခဲနာကျင်ပြီး
နာရည်တွေ
ယိုစီးကျလာတယ်။
နောက်တစ်ကိုယ်လုံး
ချွေးသီးချွေးပေါက်တွေ
ထွက်လာတယ်။
ဝမ်းကလည်း
ခဏခဏသွားချင်ပြီး
ဘိန်းဝမ်းသွားလာတယ်။
လူကလည်း
. . .

ကြိုးတိုက်ခန်းလေးအတွင်းဝယ် ထောင်ကျရုံးမှ တာဝန်ခံထောင်မှူးလေးနှင့်အတူ အယူခံမောင်ကျောက်တံတို့ ရောက်ရှိနေလေသည်။

''အောင်ဇော် . . မင်း ညက ဘယ်လိုဖြစ်ပြီး ဂူးဂူးဝါးဝါးနဲ့ ထအော်သောင်းကျန်းနေခဲ့တာလဲ''

''ဆရာရယ် . . ညကြီးမိုးချုပ် အခုလို ဆောင်းတွင်းကြီးထဲမှာ ခိုက်ခိုက်တုန်အောင် ချမ်းနေရတဲ့အထဲ ကြောက်လွန်လွန်းလို့၊ ကျွန်တော့်တစ်ကိုယ်လုံး ဇောချွေးတွေပြန်နေခဲ့တယ်''

''ဆိုစမ်းပါဦး၊ မင်းအဖြစ်က ဘယ်လိုဖြစ်ပျက်ခဲ့တာလဲ''

ထောင်ကျရုံး ထောင်မှူးလေးက ညဘက်အချိန်ကြီးမှာ တိုက်ခန်းလေးထဲဝယ် အိပ်မက်မှ လန့်နိုးလာသကဲ့သို့ ဂူးဂူးဝါးဝါး အော်ဟစ်ပြီး ယောင်နေသော ကြိုးသမားအောင်ဇော်အား ကြိုးတိုက်တန်းစီးဖြစ်သူ တစ်ကျွန်းပြန်ဖိုးမှန်က သတင်းပို့၍ ကြားသိလာခဲ့ခြင်းဖြစ်သည်။

ညဘက် ကြိုးတိုက်ညစော
တာဝန်ကျဝန်ထမ်းဖြစ်သူသည် အ
ဘက်မှ ပြေးဝင်လာကာ အခြေအ
မှန်ကို သိလိုသောကြောင့် မေးမြန်း
ခဲ့ခြင်းဖြစ်ပါသည်။

ယင်းမှာ ကြိုးသမားအောင်
သည် ညဘက် အိပ်ချိန်ပေးပြီးချိန်
မိမိနေထိုင်ရသော တိုက်ခန်းလေး
ကွပ်ပျစ်အနိမ့်လေးပေါ်တွင်လဲလျော
နေရင်း မိမိကျူးလွန်လာခဲ့သော ဖြ
ကြီးအတွက် အမှုဖြစ်ပွားလာခဲ့
ကို တွေးတောစဉ်းစားနေစဉ်ဖြ
သည်။

တကယ်တော့ လောဘတရား
သူ့အပေါ်ဝယ် စိတ်ရိုင်းများဝင်လာ
ရန် ဖန်တီးလှုံ့ဆော်ပေးနေခြင်းကြော
ဖြစ်သည်။ သူနှင့် သူ့အပေါင်းအသ
အုပ်စုတို့မှာ မူးယစ်ဆေးဝါးကို မှီဝဲ
စွဲလာခဲ့ကြရင်းမှ စတင်ကာ အဖြ
သားကောင်များဘဝကို သံယော
တွယ်လာခဲ့ကြခြင်းဖြစ်ပါသည်။

အမှန်တော့ အစရှိအနေ
နောင်ဆိုသလိုပါပဲ။ သူငယ်ချင်း မ
(ခေါ်) အေးမောင်ဆိုသူ၏ စ
စည်းရုံးသိမ်းသွင်းခြင်းနောက်ကို
စွဲကာ ကောက်ကောက်ပါအောင်လိ
ပါမိခြင်းဖြစ်သည်။

အစကတော့ သူငယ်ချင်းအ
တွေချင်း ညဘက်အချိန်မှာ ဂစ်တ
ကာ သီချင်းဆိုပျော်ပါပြီး လူငယ်
စီးကရက်တစ်ဖွာနှစ်ဖွာကို ဖွာရှိုက်
ခဲ့ကြသည်။

နောက်ပိုင်း အေးမောင်
ယောက် မည်သည့်နေရာမှရရှိလ
သည်မသိသော စီးကရက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝိုင်းလှည့် သောက်ကြဖွာကြရင်း တစ်စတစ်စ တန်းတန်းစွဲ ဖြစ်လာခဲ့ကြသည်။

မည်သို့ပင် မိမိစိတ်ကို ချုပ်တည်းထားခဲ့ပေမယ့်လည်း အချိန်ကျလာသောအခါ ဆေးဝါးကို မသုံးစွဲရမနေနိုင်သောအဆင့်ရောက်လာသည်။ သူတို့ကိုစည်းရုံးသိမ်းသွင်းပေးခဲ့သော မန်းနီး၏ စီးကရက်ထဲမှာ မူးယစ်ဆေးဝါးပါဝင်သည့် အာနိသင်က စွဲဆောင်မှုရှိသွားကာ တမ်းတမ်းတတ ဖြစ်လာခဲ့ကြသည်။

''ဩော် ‥ ဒါဆို မင်းတို့က မူးယစ်ဆေးဝါး သုံးစွဲရာကနေ လုယက်လုသတ်မှုနဲ့ သေဒဏ်ကျခံလာခဲ့ကြတာပေါ့။ နေစမ်းပါဦး ထောင်ထဲရောက်နေချိန်မှာကော ဆေးမသုံးရရင် နေနိုင်ရဲ့မလား''

''အဲဒါပေါ့ ဆရာရယ်၊ ကျွန်တော်တို့က ဆေးစွဲနေတာ ကြာလာတော့ ရုတ်တရက် ဆေးဖြတ်ခံလိုက်ရသလို ဖြစ်လာပြီး စိတ်တွေက ဂဏှာမငြိမ် ချုပ်ထိန်းလို့မရနဲ့ ယင်းထလာခဲ့တာပေါ့ ဆရာ''

''မင်းတို့ အဲဒီလို ဆေးပြတ်ပြီး ယင်းထလာတဲ့အခါ ဘယ်လို လက္ခဏာတွေ ပြလာသလဲကွ''

''ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ ဆေးသမားတွေဟာ သုံးနေကြ ဆေးပြတ်သွားတဲ့အခါမှာ လူရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ကိုက်ခဲနာကျင်ပြီး နှာရည်တွေ ယိုစီးကျလာတယ်။ နောက်တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေ ထွက်လာတယ်။ ဝမ်းကလည်း ခဏခဏ သွားချင်ပြီး ဘိန်းဝမ်းသွားလာတယ်။ လူကလည်း ဆောက်တည်ရာ မရသလိုလို အငြိမ်မနေနိုင်အောင် ဖြစ်နေတယ် ဆရာ''

''ဟင်‥ မင်းတို့ ဆေးသမားတွေရဲ့ ဝဋ်ဒုက္ခကလည်း မသေးလှပါလားကွာ။ ဒါနဲ့ ဘယ်လိုဖြစ်ပြီး လန့်အော်တဲ့အခြေအနေထိ ဖြစ်သွားရတာလဲ''

''ဒါ ဒီလိုပါ ဆရာ၊ လူတစ်ကိုယ်လုံး မနေနိုင်မထိုင်နိုင်ဖြစ်လာပြီး ဆေးကို အငမ်းမရတမ်းတရင်း ဒေါသတွေပေါက်ကွဲထွက်လာတယ်။ တစ်ချိန်တည်းမှာ စိတ်ဓာတ်တွေ ကျဆင်းသွားသလိုဖြစ်လာပြီး စိုးရိမ်စိတ်လွန်ကဲလာပြန်တယ်။ နေရင်းထိုင်ရင်းကနေ တသမ်းသမ်းတဝေဝေဖြစ်လာပြီး မျက်ရည်ပူတွေ တားမရအောင် စီးကျလာပြန်တယ်။ ညဘက်အိပ်တော့လည်း အိပ်မပျော်နိုင်ဘဲ ဗိုက်ထဲက တလိပ်လိပ်နာလာတယ်။ နောက် မျက်စိသူငယ်အိမ်ကျယ်လာသလိုဖြစ်ပြီး ကြောင်တောင်တောင်ကြီးဖြစ်နေတယ် ဆရာ''

''အင်း ‥ ဒါကြောင့် ကြောက်ပြီးလန့်အော်ခဲ့တာက ဆေးကြောင်လို့ ဖြစ်မှာပေါ့ကွာ''

''ဟင့်အင်း မဟုတ်ဘူး ဆရာရဲ့၊ အဲဒီလို ဆေးပြတ်ပြီး ရောဂါ ဝေဒနာခံစားနေရချိန်မှာ လူကအိပ်မရဘဲ စိတ်တွေကလည်း ပုံမှန်မဟုတ်သလို ကယောင်ချောက်ချားဖြစ်ပြီး အိပ်ပျော်သလိုလို မပျော်သလိုလို ဖြစ်နေတုန်းမှာ‥''

ကြိုးသမားအောင်ဇော်က ညဘက်ကြီး ဆေးပြတ်ပြီး ယင်းထနေသောအချိန်မှာ ကြုံတွေ့လာခဲ့ရသောသူဖြစ်စဉ်နှင့် ပတ်သက်ပြီး အောက်ပါအတိုင်း ပြောပြနေသည်။

+++

ကြိုးသမားအောင်ဇော်သည် မိမိအား ချုပ်နှောင်ထားခဲ့သော တိုက်ခန်းအမှတ်(၈)လေးထဲဝယ် မိမိတို့၏ မိုက်ပြစ်ဒဏ်အတွက် နိုင်ငံတော်မှ တရားစီရင်ချက် ချမှတ်ခံခဲ့ရသော ကြိုးသမားတစ်ဦးအဖြစ် ရောက်ရှိနေခြင်းဖြစ်ပါသည်။

မိမိတို့လို ကြိုးသမားများ၏ ဘဝကား ကြိုးစင်ပေါ်သို့ လျှောက်လှမ်းရမည့်လမ်းကို မဝံ့မရဲ စောင့်မျှော်ရင်း မီးဇာကုန်ဆီခမ်းမည့်ဘဝအခြေအနေမျိုးဖြစ်ပေါ်နေသည်။

ကြိုးတိုက်ခန်းထဲကို ရောက်လာခဲ့ကြသော သေဒဏ်ကျခံနေရသည့် ကြိုးသမားများသည် (၇)ရက်အတွင်း အယူခံဝင်ရောက်ပြီး မိမိတို့ဘဝကို ရှင်လိုရှင်ငြား ရုန်းကန်ရင်ဆိုင်နေကြရသည်။ အထက်တရားရုံးအဆင့်ဆင့်ကို အယူခံဝင်ရောက်နိုင်ခွင့်ရှိသောကြောင့် အသက်ရှင်ရမည့် ကာလတာရှည်နေခဲ့ရခြင်းဖြစ်ပါသည်။

အမှန်တော့ မိမိပင်ကိုယ်စရိုက်ကိုက အေးအေးချမ်းချမ်းနှင့် တည်တည်ငြိမ်ငြိမ်နေထိုင်တတ်သူဖြစ်သည်။ သို့သော်လည်း အပေါင်းအသင်းမှားခဲ့သဖြင့် ယခုလို ဒုက္ခဘေးနှင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရသောအခါ ဘုရားမှတပါး ကိုးကွယ်ရာမရှိ ဖြစ်လာခဲ့၍ ဘုရားရှိခိုးဝတ်ပြုခြင်းအမှုကို နေ့စဉ်နေ့တိုင်း ကျင့်ကြံပွားများအားထုတ်လာနေသည်။

သည်လို ဘုရားကို ဝတ်ပြုကိုးကွယ်နေစဉ်ခဏတာပဲ စိတ်ကိုထိန်း



www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်ခဲ့သော်လည်း ဘုရားရှိခိုးခြင်း အမှုကိစ္စများ ပြီးဆုံးသွားသည်နှင့် စိတ်အတွေးက ယောက်ယက်ခတ်နေပြန်တော့သည်။ သည်လို အိပ်ပျော်ချင်သလိုလို အိပ်မပျော်ချင်သလိုလို ယောက်ယက်ဆန်အောင် ဖြစ်ပေါ်ခံစားနေစဉ်မှာပဲ ...

''ဟေ့ကောင် .. အောင်ဇော်၊ အောင်မာ မင်းက ဇိမ်ကျပြီးတော့ အေးအေးဆေးဆေး အိပ်မယ်ကြံနေတာလားကွ။ ဟေ့ .. ဟေ့ ထစမ်းကွာ။ ငါနဲ့အရင်လို စကားတွေ ထိုင်ပြောကြရအောင် ထစမ်းပါကွ''

မိမိကို တစ်စုံတစ်ဦးကနေ လှုပ်နှိုးနေသလိုလို အိပ်မက်လိုလိုစိတ်ထဲမှာ ဇဝေဇဝါဖြစ်နေစဉ် အိပ်ချင်မူးတူးဖြင့် မျက်လုံးကို သေသေချာချာပွတ်သပ်ကြည့်နေမိသည်။

မိမိနေထိုင်သော တိုက်ခန်းထဲဝယ် ဘယ်အချိန်ကများ တံခါးဖွင့်ဝင်ရောက်လာနေခဲ့သည်မသိ အဖြူရောင်အရိပ်သဏ္ဌာန်လိုလို၊ လူတစ်ယောက်ကို အမှတ်မထင် လှမ်းမြင်ခဲ့ရလေသည်။ ထိုလူ၏ ပုံသဏ္ဌာန်ကို တိုက်ခန်းထဲမှ မီးအလင်းရောင်ဝါကျင်ကျင်အောက်မှာ ပြက်ပြက်ထင်ထင် မြင်လိုက်ရသည့် ခဏမှာပဲ ခေါင်းနပန်းကြီးသွားအောင် တုန်လှုပ်ချောက်ချားကြောက်ရွံ့သွားခဲ့လေတော့သည်။

''ဟာ .. ဟေ့ကောင်၊ အောင် .. အောင်ဒင် .. မင်း .. မင်း''

''ဟား .. ဟား .. မင်းက ငါ့ကိုတောင် မမှတ်မိတော့ဘူးလား။ မင်းနဲ့ မျက်နှာချင်းဆိုင်အခန်းမှာနေတဲ့ စကားပြောဖော် အောင်ဒင်လေ''

အမှန်တကယ် အောင်ဇော်၏ စိတ်ထဲဝယ် အောင်ဒင့်ပုံသဏ္ဌာန်ကို မျက်စိရှေ့မှာ ဝိုးတိုးဝါးတား ပြန်မြင်နေရသလို စိတ်စွဲနေမိသည်။

တကယ်တမ်းမှာ အောင်ဒင်သည် မိမိတို့လို ကြိုးတိုက်ခန်းဝယ် သေဒဏ်ကျခံနေခဲ့ရသော ကြိုးသမားတစ်ဦးဖြစ်သည်။ လူပုံက အသားဖြူဖြူချောချော၊ နွဲ့နွဲ့နှောင်းနှောင်းဖြင့် ရုပ်ရည်ချောမောသူတစ်ယောက်ဖြစ်ပါသည်။

လူကသာအေးပုံအေးပန်းရှိသော်လည်း သူ ကျူးလွန်လာခဲ့သည်ကား မထင်မှတ်စရာ ပြစ်မှုကြီးများကို ရက်ရက်စက်စက် ကျူးလွန်ခဲ့သည်။ သူ့အမှုမှာ ဓားပြတိုက်၊ လုယက်၊ လူသတ်မှုများဖြင့် သေဒဏ်ကျခံလာခဲ့ရသူဖြစ်သည်။

တကယ်တော့ ကြိုးသမားအောင်ဒင်နှင့် အောင်ဇော်တို့သည် မျက်နှာချင်းဆိုင် အခန်းချင်းကပ်နေသော်လည်း တစ်ဦးကိုတစ်ဦး မမြင်နိုင်ပေ။ အကြောင်းမှာ ကြိုးတိုက်ခန်းထဲရှိ တိုက်ခန်းများသည် တစ်ဦးနှင့်တစ်ဦး မမြင်နိုင်အောင် ဒလွယ်ခုတ် တည်ဆောက်ထားခြင်းဖြစ်သည်။

နေ့စဉ်နေ့တိုင်း ကြိုးသမားရေချိုးထုတ်ချိန်မှာသာ ခေတ္တလှမ်းမြင်တွေ့နိုင်ပြီး ညဘက်တိုက်ခန်းတံခါးများ ပိတ်ထားစဉ် လူကို မမြင်ဘဲ အသံဖြင့်သာ လှမ်း၍ စကားပြောနေကြရသည်။

ယခုလို သေဖော်သေဖက်ခြင်း ကြိုးတိုက်ခန်းထဲရောက်မှ စကားစမြည်ပြောဆိုကြရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးသိကျွမ်းနေခဲ့ကြခြင်းဖြစ်ပါသည်။

ကြိုးတိုက်ခန်းအမှတ်(၁၃)တွင် နေထိုင်သော ကြိုးသမားအောင်ဒင် ကြိုးတိုက်ခန်း(၈)တွင် နေထိုင်သော ကြိုးသမားအောင်ဇော်တို့သည် ရေ ထုတ်ချိန်မှာသာ တစ်ဦးကိုတစ်ဦး မြ တွေ့ခွင့်ရခဲ့ကြသည်။ ကျန်အချိန် မှာ တစ်နေ့တာလုံး တိုက်ခန်းထဲ သေ ပိတ်ခတ်ထားခြင်းခံခဲ့ရလေသည်။

''ဟေ့ကောင် အောင်ဒင်၊ မ ကို မနေ့မနက်တုန်းကပဲ ကြိုးစင် မှာ ကြိုးပေးသတ်ခံရလို့ သေသွား မဟုတ်လား''

ကြိုးသမားအောင်ဇော်က မယုံ စိတ်ဖြင့် ဝေခွဲမရသလို ထစ်ထစ် ငေါ့ မေးမြန်းစူးစမ်းနေခြင်းဖြစ်သ

''ဟား .. ဟား . ဟုတ်တယ် ကွာ၊ ငါ့ကို မနေ့မနက်ကပဲ ကြိုး သတ်ခဲ့ကြလို့ မနက်အစောကြီး တိုက်ထဲကနေ ခေါ်ထုတ်သွားခဲ့တ ကြိုးစင်ပေါ်လည်းရောက်ရော ဒေ ဖြုတ်သတ်ခဲ့ကြတယ်လေ''

''ဒါဆို .. မင်းက ဘယ်လို ရောက်လာရပြန်တာလဲ''

''ဟား .. ဟား .. ငါ့အမှုတွေ တသီတသန်းကြီးဆိုတော့ သေဒဏ် ခံရတဲ့အမှုက သေဒဏ်ကျခံရပြီ တချို့အမှုက ထောင်ဒဏ်တစ်သ တစ်ကျွန်း ချခံထားရတယ်လေ။ ကြောင့် လူကသာ သေသွားခဲ့ပေ ငါ့အဝတ်အစားတွေက ငါနေတဲ့အ မှာ ဆက်ချုပ်ခံနေရသေးတယ်ကွ

အမှန်တော့ ကြိုးသမားအေ ဒင်သည် သေဒဏ်ကျခံခြင်းနှင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်မျ တပေါင်းတည်းကျခံစေ အ ချမှတ်ထားခြင်းခံခဲ့ရသူဖြစ်သည်။



www.burmeseclassic.com

"ဒါကြောင့် ငါ့ခန္ဓာကိုယ်ကြီးကို ာ ကြိုးပေးသတ်ခြင်းခံရပေမယ့် ိဉ်ဉာဉ်ကတော့ မကျွတ်မလွတ်သေး ့ တိုက်ခန်းလေးထဲမှာပဲ ဆက်လက် ျုပ်နှောင်ထားဆဲပဲကွ။ ဒီတော့ ငါ့ ူငယ်ချင်းဆီကို ပြန်လာပြီး ငါနဲ့ အတူတူထွက်ပြေးရအောင် လာခေါ် ာလေကွာ"

"ဟာ ..မ ..မနောက်ပါနဲ့ သူငယ်ချင်းရယ်။ ငါလည်း မင်းလိုပါပဲ တစ်နေ့ ကြိုးပေးခံရမယ့် ကောင်ပါ။ ဘယ်နေ့ဘယ်ရက်ဆိုတာ မသိနိုင်သေးပေမယ့် လောလောဆယ် ဟိုမှာတော့ အယူခံရှုံးသွားပြီကွာ"

"ဟား ..ဟား ..မင်းက မင်းအမှုအတွက် အားငယ်ကြောက်ရွံ့နေသလား။ လာစမ်းပါ ..ငါတစ်ယောက်လုံးရှိတယ်။ မင်းကို ဒီအထဲကနေ လွတ်အောင် ငါခေါ်သွားပါ့မယ်ကွ"

"ဟာ..မဖြစ်ပါဘူး သူငယ်ချင်းရယ်။ မင်းသာ လွတ်ရာကျွတ်ရာ လျှောက်သွားပါတော့ကွာ။ ငါကြောက်တယ်၊ မလိုက်ချင်ဘူး ..သွား ..သွား"

"ဒီလိုဘယ်ဖြစ်မလဲကွ၊ မင်းနဲ့ငါက သေဖော်သေဖက်ချင်းပဲကွာ။ တစ်ယောက်သေရင် ကျန်တစ်ယောက်က လိုက်သေရမှာပေါ့ကွာ။ ကဲ ..ကဲ ..လာ ..လာ ခပ်မြန်မြန်၊ လစ်ကြမယ် ..သွားစို့"

အောင်ဒင်က သူ၏ လက်ကြီးကို ဆန့်တန်းကာ အနီးသို့ ချဉ်းကပ်လာနေသည်။ အောင်ဇော်မှာ ရင်ထဲဝယ် မွန်းကြပ်သလိုလိုဖြစ်လာကာ ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် တစ်ကိုယ်လုံး ချွေးစေးများ ပြန်နေလေသည်။

"မလိုက်ဘူး ..မလိုက်ဘူး၊ သွား ..သွား အမယ်လေး ကြောက်ပါပြီဗျ"



"ဟော့ ..ဟော့ ..ဘာဖြစ်နေတာလဲကွ"

အော်ဟစ်မေးမြန်းသံနှင့်အတူ ကြိုးတိုက်ခန်းလေးထဲသို့ တခွပ်ခွပ်နှင့် ပြေးဝင်လာနေသော ခြေသံများကို ကြားနေခဲ့ရလေသည်။

သည်တော့မှ ကြိုးသမားအောင်ဇော်သည် မိမိအိပ်ပျော်နေရာမှ ရုတ်တရက်လန့်နိုးသွားလေသည်။

"အင်း ..ဒါဆို မင်းပြောသလို ဆေးကြောင်ပြီးထအော်တာနေမှာပေါ့"

ထောင်ကျရုံးထောင်မှူးလေးက ကြိုးသမားအောင်ဇော်၏ အမှုအခင်းဖြစ်စဉ်ကို ဆက်လက်မေးမြန်းကြည့်နေမိသည်။ ကြိုးသမားအောင်ဇော်မှာ ကြိုးတိုက်ခန်းလေးထဲဝယ် မိမိအမှုဖြစ်စဉ်နှင့်ပတ်သက်၍ အယူခံလွှာတင်သွင်းထားခဲ့သော်လည်း ဗဟိုတရားရုံးမှနေ၍ အယူခံကို ပလပ်ခဲ့လေသည်။

ဒါကြောင့် မိမိအယူခံကိစ္စနှင့်ပတ်သက်၍ စောဒကမှုကို ဆက်လက်တင်ထားဆဲဖြစ်လေသည်။

"မင်းပြောပုံဆို မင်းတို့ အမှုကြီးကလည်း သေဒဏ်ကျခံတဲ့အထိ ရက်ရက်စက်စက်ကျူးလွန်လာခဲ့ကြလို့ဖြစ်မှာပေါ့"

"ဟုတ်ပါတယ် ..ဆရာ၊ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်စလုံး ဒီလုယက်လူသတ်မှုနဲ့ ထောင်ထဲကို သေဒဏ်ကျခံလာခဲ့ရတာ၊ အဓိကတရားခံကတော့ မူးယစ်ဆေးဝါးစွဲခဲ့ရလို့ပါပဲ"

"အေးကွာ ဖြစ်နိုင်မယ်ဆို၊ မင်းအမှုဖြစ်စဉ်လေး ပြောပြပါဦး"

"ကျွန်တော်တို့ ဒီအမှုကို ကျူးလွန်လာခဲ့ရတာက ဒီလိုပါ ဆရာ"

ဟု အစချီလျက် ကြိုးသမားအောင်ဇော်သည် သူ၏ အမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်းပြောပြနေခဲ့လေသည်။ အောင်ဇော်နှင့်အတူ သူ၏ သူငယ်ချင်းများဖြစ်ကြသော နိုင်ဝင်းနှင့် မန်းနီး (ခေါ်) အေးမောင်တို့သည်

www.burmeseclassic.com

သေဒဏ်ကျခံလာခဲ့ကြရသောကြောင့် ကြိုးတိုက်ခန်းလေးထဲဝယ် သီးခြားစီ ခွဲထားခဲ့ကြလေသည်။

+++

ကျွန်တော်သည် အဖဦးလှအောင်၊ အမိ ဒေါ်ချစ်မေတို့မှ မွေးဖွားလာသူဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက ယနေ့အချိန်ထိ ရွှေဆိုင်တန်းဝယ် ရွှေကြိုမျှားအဖြစ် လုပ်ကိုင်စားသောက်နေထိုင်လာခဲ့သည်။ မိဘများမှာ ရွှေဆိုင်တန်းမှ အသိမိတ်ဆွေများနှင့် ရင်းနှီးခင်မင်နေသောကြောင့် ရွှေဆိုင်တန်းသို့ ရောင်းချရန်လာသူများကို ဖောက်သည်ဆိုင်သို့ ခေါ်ယူစပ်ဟပ်ပေးသည်။

ထိုအခါ ရွှေဆိုင်ပိုင်ရှင်များထံမှ ဈေးဖိုးအဖြစ် ငွေကြေးအသင့်အတင့် ထောက်ပံ့မှုရလေသည်။ ကျွန်တော်တို့လို ကလေးများသည် ရွှေဆိုင်တန်းပတ်ဝန်းကျင်မှာသာ ကျင်လည်ကျက်စားနေကြသည်ကများသည်။

လူကြီးများလုပ်ကိုင်သလို ရွှေရောင်းလာသူ၊ ရွှေဝယ်လာသူများကို အသိမိတ်ဆွေ ရွှေဆိုင်တန်းရှိရာဆီ သူ့ထက်ငါ ဦးအောင်စည်းရုံးပြီး ခေါ်ဆိုသွားကြသည်။ ရွှေဆိုင်များမှ ပေးကမ်းထောက်ပံ့သော အသပြာငွေကြေးဖြင့် မိမိတို့ ဝယ်စားချင်သော အစားအသောက်များကို ဝယ်စားကာ ပျော်ရွှင်နေကြသည်။

ကျွန်တော်တို့ အုပ်စုများမှာ များသောအားဖြင့် ညဘက်အချိန် ရွှေဆိုင်ပတ်ဝန်းကျင်နားရှိ ဗာဒံပင်ရိပ်ရှိ အုတ်ခုံများပေါ်မှာသာ အိပ်နေကြသည်က များသည်။ မိုးတွင်းအခါ မိုးရွာသွန်းလာလျှင် နီးစပ်ရာတိုက်ခန်းများ၏ လှေကားရင်းမှာ ဝင်ခိုကပ်ကာ ငုတ်တုတ်ထိုင် မိုးလင်းခဲ့ကြရသည်။

ကျွန်တော်တို့ အတူတူပေါင်းသင်းနေထိုင်လာသော ဘဝတူသူငယ်ချင်းလေးများသည် ဤနေရာဤပတ်ဝန်းကျင်မှာပဲ ကျင်လည်နေထိုင်ရင်းကြီးပြင်းလာခဲ့ကြရသည်။ အရွယ်ရောက်လာသောအခါ မိမိတို့ ဝမ်းစာကိုသာ မိမိတို့ဘာသာ ရှာဖွေစားသောက်ကြရသည်။ အလုပ်နားသည့် ညဘက်လူခြေတိတ်ချိန်ဝယ် ဗာဒံပင် အုတ်ခုံမှာထိုင်လျက် ဂီတာစုတ်လေးတီးကာ သီးချင်းဆိုနေတတ်ကြသည်။

တစ်နေ့ ညဘက်တွင် ကျွန်တော်တို့လူစုသည် ဂီတာတီးရင်း သီချင်းသီဆိုကြရန် စုရုံးနေကြသည်။ ကျွန်တော်တို့ဟု ဆိုရာ၌ ကျွန်တော်၊ မန်းနီး(ခေါ်) အေးမောင်၊ နိုင်ဝင်းနှင့် အောင်မြင့် သူတို့ လေးဦးသာဖြစ်သည်။

ကျွန်တော်တို့သည်အရွယ်ရောက်နေကြပြီးသော ကာလသားများပီ နံနက်ပိုင်းတွင် ရွှေကြိုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေကြပြီး ညဘက်တွင် အလုပ်မှ အားလပ်နေသဖြင့် မိမိတို့ ဝါသနာပါရာ ဂီတာတီးရင်း သီချင်းသီဆိုကာ ပျော်ရွှင်ကြည်နူးနေခဲ့ကြသည်။

"ဟေ့ .. အောင်ဇော်၊ မင်းသောက်နေတဲ့ ဒူးယားကြီး လွှင့်ပစ်လိုက်စမ်းပါကွာ"

"ဘာဖြစ်လို့လဲကွ .. မန်းနီးရ"

"ဘာဖြစ်ရမလဲကွ၊ ဟောဒီမှာ ငါတို့ အန်ကယ်အိမ်က နှိုက်ယူလာတဲ့ မာဘိုလိုနိုင်ငံခြားစီးကရက်ကွ .. သောက်ကြည့် အနံ့မွှေးမွှေးလေးကွ"

ကျွန်တော်လည်း ဖင်စီခံနား ရောက်လုပြီဖြစ်နေသော ဒူးယားစီးကရက်ကို လွှင့်ပစ်လိုက်ကာ မန်းနီးထံမှ စီးကရက်ကို လှမ်းယူပြီး မီးညှိဖွာရှိုက်ကြည့်လိုက်သည်။ ရင်ထဲတွင် အေးခနဲခံစားသွားရပြီးနောက် မီးခိုးများကို မှုတ်ထုတ်ကြည့်လိုက်သောအခါ သင်းပျံ့ပျံ့ အနံ့လေးဖြင့် မွှေးသွားလေသည်။

**ဆေးကို မှီဝဲလာခဲ့သည့် သက်တမ်းရင့်လာကြသူများဖြစ်လာသောအခါ ဆေးဝယ်ရန် လိုအပ်သောငွေကြေးကို ခက်ခက်ခဲခဲ ရှာဖွေနေရတော့သည်။ မိမိတို့အုပ်စုထဲမှ စီးပွားရေးပြေလည်သော နိုင်ဝင်းသည်လည်း အိမ်မှအဖိုးတန်ပစ္စည်းများကို လူကြီးများအလစ်မှာ ခိုးယူရောင်းချလာခဲ့သဖြင့် အိမ်မှာ တန်ဖိုးကြီးပစ္စည်းမရှိသလောက် ဖြစ်လာလေသည်**

...



www.burmeseclassic.com

www.burmeseclassic.com



''ဟာ ‥ အောင်ရေ၊ ဒီ စီးက ရက်မီးခိုးငွေ့က မှတ်မထုတ်ရဘူးကွ။ ဒီစပ်ထဲမှာပဲ မှုင်းမှုင်းလေး မှတ်ထုတ်သလို မှိုချရတယ်ကွ''

မန်းနီးကတော့ ကျွန်တော်တို့ လူသိုက်ထဲတွင် ဆရာကြီးလို သွန်သင်ညွှန်ပြပေးနေသည်။ ကျွန်တော့်နည်းတူ ကျန်သူငယ်ချင်းများလည်း တစ်ယောက်တစ်ဖွာစီ လှည့်လည်ကာ ဖွာရှိုက်နေခဲ့ကြလေသည်။ အားလုံးမှာ ဆူဆူပူပူအသံများကို မလုပ်လိုတော့ဘဲ အုတ်ခုံလေးပေါ်လှဲကာ မှိန်းနေချင်ကြလေသည်။

ဤသို့ဖြင့် ကျွန်တော်တို့သူငယ်ချင်းများသည် ယင်းဆေးလိပ်ကို အာသာငမ်းငမ်းသောက်ချင်စိတ် ပြင်းပြလာခဲ့ကြသည်။ မိမိတို့ နေ့လယ်ဘက် ရှာဖွေရရှိလာသော ငွေကြေးများကို စုဆောင်းကာ မန်းနီးထံ အပ်နှံခဲ့ကြသည်။

အကြောင်းမှာ ယင်းစီးကရက်ကို ဝယ်ယူရရှိနိုင်မည့် အဆက်အသွယ်မှာ မန်းနီးတစ်ဦးတည်းသာလျှင် သိနိုင်သောကြောင့်ဖြစ်သည်။ ၎င်းစီးကရက်ကို ဆိုင်များတွင် ပေါ်ပေါ်ထင်ထင် ဝယ်ယူ၍မရနိုင်ဘဲ မန်းနီးမှတဆင့် ဆက်သွယ်ဝယ်ယူနေရသောကြောင့် ဖြစ်သည်။

အချိန်ကြာမြင့်လာခဲ့သည်နှင့်အမျှ မိမိတို့မှာ ငွေကြေးပြည့်စုံအောင် ရှာဖွေနိုင်ရန် ခက်ခဲလာသည်။ သက်ဆိုင်ရာမှလည်း သတင်းအစအနရလာသဖြင့် အဖမ်းအဆီးများလာသောကြောင့် ဆေးဝယ်ရန် အခက်ကြုံနေရသလို ဈေးလည်းကြီးမြင့်လာသည်။

မိမိတို့အားလုံးမှာလည်း ဆေးကို မှီဝဲလာခဲ့သည့် သက်တမ်းရင့်လာကြသူများဖြစ်လာသောအခါ ဆေးဝယ်ရန် လိုအပ်သောငွေကြေးကို ခက်ခက်ခဲခဲ ရှာဖွေနေရတော့သည်။ မိမိတို့အုပ်စုထဲမှ စီးပွားရေးပြေလည်သော နိုင်ဝင်းသည်လည်း အိမ်မှ အဖိုးတန်ပစ္စည်းများကို လူကြီးများအလစ်မှာ ခိုးယူရောင်းချလာခဲ့သဖြင့် အိမ်မှာ တန်ဖိုးကြီးပစ္စည်းမရှိသလောက် ဖြစ်လာလေသည်။

မိမိမှာလည်း လက်လုပ်လက်စား မိဘများသာရှိသောကြောင့် လိုအပ်သောငွေကြေးကို လုံလုံလောက်လောက် မရှာဖွေနိုင်ပေ။ နေ့လယ်ဘက် ရွှေကြိုသည့်အလုပ်မှာလည်း ဟုတ်တိပတ်တိ မဖြစ်စလောက် ငွေကြေးသာ ရရှိနေသည်။ မန်းနီးကတော့ ပစ္စည်းအဆက်အသွယ်ရှာပေးသူဖြစ်၍ သူ့အတွက် ထည့်တွက်စရာမလိုပေ။

သို့သော်လည်း လည်လည်ဝယ်ဝယ်ပါးပါးနပ်နပ်ရှိသော မန်းနီးထံမှ သတင်းထူးတချို့ ရရှိခဲ့လေသည်။ ယင်းမှာ မိမိတို့ ရွှေဆိုင်တန်းဝယ်လာရောက်ရောင်းချသော ရွှေတို့ရွှေစများကို လက်စလက်နမပေါ်နိုင်စေရန် ရွှေကျိုသည့် လုပ်ငန်း လုပ်ဆောင်ပေးသော ပန်းတိမ်ဖိုတစ်ခုရှိလေသည်။

ယင်းနေရာမှာ ငါးထပ်တိုက်အပေါ်ဆုံးထပ်မှာ ရှိပြီး ရွှေဆိုင်အချို့မှ ဖောက်သည်များသည် မိမိတို့ ဝယ်ယူရရှိလာသော လက်ကောက်၊ လက်စွပ်၊ ဆွဲကြိုးစသည်များကို အတုံးအခဲအဖြစ် ပြုလုပ်ရန် ရွှေကျိုသည့်အိမ်မှာ သွားရောက် အပ်နှံ ကြလေ့ရှိသည်။

''နေပါဦးကွ မန်းနီးရ၊ မင်းအကြံအစည်က ဘယ်လိုလဲ''

''ဒီလိုလေကွာ၊ ငါတို့ ရွှေဆိုင်တန်းက အောင်မေတ္တာရွှေဆိုင်ကို သိတယ်မဟုတ်လား''

''သိတယ်လေကွာ၊ ရွှေငွေလက်ဝတ်ရတနာပစ္စည်းတွေကို ထုခွဲရောင်းချပေးနေတဲ့ ဆိုင်ပဲ''

''အေး ‥ ဟုတ်တယ်၊ အဲဒီဆိုင်က ရွှေကြိုချာတိတ်လေးတစ်ယောက် နေ့လယ်နှစ်နာရီလောက်ဆို ရွှေကျိုမယ့် လက်ဝတ်လက်စားတွေကို အိတ်ကလေးထဲ လုံခြုံအောင်ထည့်ယူသွားပြီး ဟောဟိုက ငါးထပ်တိုက်ပေါ်မှာ ရွှေသွားကျိုလေ့ရှိတယ်ကွ''

''သူ့ဘာသာသူ ရွှေသွားကျိုတဲ့ ဥစ္စာ၊ ငါတို့က လိုက်ပို့ပေးရမှာလားကွ''

''ဟာ ‥ တုံးပါ့ အောင်ဇော်ရာ၊ အဲဒီကောင်လေးနောက်ကို ငါတို့တွေ ထက်ချပ်မကွာ ကပ်လိုက်သွားပြီး လူသူကင်းရှင်းတဲ့ တိုက်အပေါ်ထပ်မှာ ရှင်းပစ်နိုင်ရင် လက်သည်မပေါ်ဘဲ လုပ်ကြံလို့ရတယ်ကွ။ သူ့လက်ထဲက ရွှေထုပ်ကို အသာလေး လစ်ယူကြရုံပဲ''

''အေးကွ၊ မင်း ပြောတဲ့အကြံအစည်က မဆိုးပါဘူး။ ငါ့အိမ်ကလည်း ခိုးလို့ရတာမရှိနိုင်တော့ ဒီလိုပဲလုပ်ရအောင် မဟုတ်ဘူးလား အောင်ဇော်''

''ဟုတ်ပါပြီ နိုင်ဝင်းရာ၊ ဒီကိစ္စကို ဘယ်သူဖြေရှင်းမှာလဲ''

''ငါတော့ မလုပ်ရဲဘူး အောင်ဇော်ရာ၊ မင်းက သတ်ရဲဖြတ်ရဲလုပ်ရဲတဲ့ လူဆိုတော့ မင်းပဲဦးဆောင်စီစဉ်ပေါ့ကွာ။ ငါတို့လည်း ဝင်ကူမှာပေါ့



www.burmeseclassic.com

"ကောင်းပြီ ဒီအကြံအစည်ကို အကောင်အထည်ဖော်ဖို့ သန်ဖက်ခါ ထမင်းစားပြီး ဒီဗာဒံပင်အုတ်ခုံမှာ ဆုံကြမယ်ကွာ"

ဤကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲနေကြသော လူငယ်များသည် မိမိတို့ သုံးစွဲနေကြ ဆေးပြတ်လပ်သွားသောအခါ မကြံကောင်းမစည်ရာ ကြံစည်လာခဲ့ကြလေသည်။

သတ်မှတ်ချိန်းဆိုထားသော နေ့လယ်ဘက်တွင် ဗာဒံပင်ရိပ်အုတ်ခုံပေါ်မှာ ထုံးစံအတိုင်း ရွှေကြိုလုပ်ငန်းကို ညှိသည်စောင့်နေသလို ထိုင်စောင့်ရင်း တိုင်ပင်နေကြလေသည်။

ထိုစဉ် အသားဖြူဖြူ ပိန်ပိန်ပါးပါး အသက်နှစ်ဆယ်ခန့်ဝန်းကျင် လူငယ်လေးတစ်ယောက်သည် ဟင်းနံဘက်အိတ်ကလေးကို ပခုံးပေါ်မှာ



လွယ်လျက် အောင်ဇော်တို့အုပ်စုရှေ့မှ ဖြတ်လျှောက်သွားသည်။

အောင်ဇော်တို့ သူငယ်ချင်းသုံးဦးသည် ခေါင်းချင်းဆိုင်လိုက်ကာ လုပ်ဆောင်မည့် အစီအစဉ်ကို ဆွေးနွေးတိုင်ပင်လျက် ရှိနေကြသည်။ ယင်းမှာ မိမိက ဦးဆောင်လျက် အပေါ်ထပ်ထိ တက်လိုက်သွားပြီး နောက်မှခွာလျက် နိုင်ဝင်းက လိုက်တက်လာပြီး မန်းနီးက အောက်ခြေလှေကားအရင်းမှ လူသွားလူလာ စောင့်ကြည့်နေရန်ဖြစ်သည်။

ရှေ့မှ ရွှေကျိုရန်သွားနေသော ချာတိတ်ကလေးမှာလည်း မိမိ နေ့စဉ်နေ့တိုင်း သွားလာလုပ်ဆောင်နေကြကိစ္စဖြစ်သောကြောင့် ခါတိုင်းလို ရွှေကျိုရမည့် လက်ဝတ်ရတနာပစ္စည်းများကို ဟင်းနံဘက်အိတ်လေးထဲထည့်ကာ ပခုံးမှာ လွယ်လျက် ငါးထပ်တိုက်ဆီ လျှောက်လာနေသည်။

မြို့တော်ရန်ကုန်မြို့၏ လူနေမှုစရိုက်ဆိုသည်မှာလည်း သိတော်မူသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ခင်ခင်မင်မင်ဖြင့် မရှိကြဘဲ တစ်မိုးပြင်ပြင်လို နေထိုင်တတ်ကြသည်က များသည်။

မိမိတို့နေထိုင်ရာ တိုက်ခန်းလေးထဲမှာပဲ တံခါးပိတ်ကာ တိတ်တိတ်ဆိတ်ဆိတ် အေးအေးလူလူနေထိုင်ကြသည်က များလေသည်။ ဒါကြောင့် မြို့ထဲရှိ တိုက်ခန်းများတွင် နေထိုင်ကြသူများသည် အိမ်နီးနားချင်းဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး မသိသလို နေထိုင်တတ်ကြသည်။

ဒါကြောင့်လည်း ဒုစရိုက်မှုကို ကျူးလွန်တတ်ကြသူများသည် ခ ဆိတ်ကွယ်ရာ နေရာမျိုးမှာ ဒုစရိုက် များကို ကြိုတင်ကြံစည်ကြကာ ကျူး လွန်လေ့ရှိကြသည်။

ယခုလည်း ပေးငါးဆယ်ခန့် မြင့် မားသော တိုက်တန်းကြီးမှာ လူသွား လမ်းလှေကားများခြားလျက် အခန်း များကို ဖွဲ့စည်းထားတည်ဆောက်ထား ခြင်းဖြစ်သည်။ မိမိတို့ သွားရောက်လို သော အခန်းများသို့ လှေကားမှတဆင့် တက်ရောက်သွားရလေသည်။

များသောအားဖြင့် နေ့လယ်နေ့ ခင်းချိန်ဖြစ်သော်လည်း မိမိတို့နေထိုင် ရာ တိုက်ခန်းများတွင် အခန်းတံခါး ဂျက်ထိုးပိတ်ထားကာ နေထိုင်လေ့ ကြသည်။ တစ်ခါတရံ ညှိသည်လာ တံခါးခေါက်မှသာထလာပြီး ဖွင့်ပေး တတ်လေသည်။

စောစောက ရွှေကျိုရန် သွားနေ သော လူငယ်လေးသည် ငါးထပ်တိုက် ပေါ်ရှိ ရွှေကျိုပေးသည့် ပန်းထိမ်ဖိုဆီ လှေကားမှတဆင့် တက်ရောက်သွား နေသည်။ အောင်ဇော်တို့လူသိုက်မှာ လည်း မိမိတို့လုပ်ဆောင်မည့် ကိစ္စကို ကြိုတင်စီစဉ်ထားခဲ့သည့်အတိုင်း နေရာအသီးသီးခွဲဝေယူကြကာ လူစုခွဲ လိုက်ကြသည်။

နာရီဝက်ခန့်အကြာတွင် အောင် ဇော်သည် လူငယ်လေးနောက်မှ ခပ် သုတ်သုတ်လိုက်သွားနေသည်။ နိုင်ဝင်း ကလည်း ဆယ့်ငါးမိနစ်ခြားပြီး နောက် မှ ထပ်ချပ်မကွာ လိုက်လာနေခဲ့သည်။ မန်းနီးကတော့ ခပ်လှမ်းလှမ်းကွမ်းယာ ဆိုင်မှ ဖာလာအာမွှေးနှင့် ကွမ်းယာ ကို မှာစားပြီး လှေကားခြေရင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]တဲ့တွေးထွေးနေသလိုလို မယောင်မလည် လုပ်နေလေသည်။

မိမိ၏ ဘဝက်ကြမ္မာကို မသိရှာသော လူငယ်လေးမှာလည်း ခါတိုင်းလို သွားရိုးသွားစဉ်လုပ်ငန်းဖြစ်နေသောကြောင့် ပတ်ဝန်းကျင်ကို စောင်းငဲ့မျှ မကြည့်ပဲ အေးအေးဆေးဆေးတက်သွားနေလေသည်။

နောက်ဆုံး တတိယထပ်ကို ဖြတ်ကျော်လိုက်ချိန်ဝယ် လှေကားကွေ့နား ရောက်စဉ် မိမိနောက်မှ လူတစ်ယောက် ကပ်လိုက်လာသည်ကို အမှတ်မထင် တွေ့မြင်သွားလေသည်။

ထိုအခါ အပေါ်ငါးထပ်ဆီသို့ ရောက်ရန် မိမိခြေလှမ်းကို အရှိန်မြှင့်၍ လေးထပ်လှေကားထစ်ဆီ လှမ်းတက်လိုက်ချိန်ဝယ် နောက်မှနေ ကပ်လိုက်လာသူ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။ မိမိပခုံးမှ ဟန်းဘက်အိတ်ကို အတင်းဆွဲလုသဖြင့် ပြန်လည်လုယူ ရုန်းကန်နေစဉ် ...

"ဟေ့ နိုင်ဝင်း၊ ဒီကောင့်ပါးစပ်ကို မအော်နိုင်အောင်ပိတ်ထား"

နောက်မှကပ်ပါလာသော နိုင်ဝင်းကလည်း အောင်ဇော်နှင့် လူငယ်တို့ ရွေထည့်လာသော ဟန်းဘက်အိတ်ကို ဖွတ်အတင်း လုယူနေစဉ် အတင်းရုန်းကန်နေသဖြင့် တစ်ဦးနှင့်တစ်ဦး ဆွဲလားရမ်းလား ဖြစ်နေသည်။

ဒါကြောင့် လူငယ်လေး၏ ကိုယ်ကို နောက်မှဝင်၍ ချုပ်ကိုင်လိုက်ပြီး ပါးစပ်ကိုပိတ်ရန် ပြင်နေစဉ် လက်ကို သွားဖြင့်ကိုက်လိုက်သောကြောင့် ...

"အား .. လား .. လား . ခွေးမသားလေး"

"ကယ်တော်မူကြပါ"

ရုတ်တရက် လူငယ်နှုတ်မှ စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြောင့် အောင်ဇော်မှာ ထူပူသွားကာ ခြေသလုံးမှာ ချိတ်တွယ်ထားသော အိတ်စွပ်ထဲမှ ချွတ်ခေါ် သံစူးကို ထုတ်ကာ လူငယ်၏ ပါးစပ်ကို တစ်ဖက်မှပိတ်လျက် ကျန်တစ်ဖက်မှ ချွတ်ဖြင့် ဝမ်းဗိုက်ဆီ လေးငါးချက် ဆင့်ထိုးချလိုက်သည်။

လူငယ်၏ နာကျင်အော်ဟစ်သံသည် ပါးစပ်ပိတ်ထားသဖြင့် အပြင်သို့ ထွက်မလာဘဲ အသံတိတ်သွားသလို လူမှာလည်း အရုပ်ကြိုးပြတ်သလို ပျော့ခွေလဲကျသွားလေတော့သည်။

သို့သော်လည်း စောစောပိုင်းက လူငယ်၏ ကြောက်ရွံ့စွာ အော်ဟစ်လိုက်သံသည် အနီးအပါးမှ တိုက်ခန်းတချို့ ကြားလိုက်ဟန်တူသည်။ တိုက်ခန်းတံခါးကို ဖွင့်ကြည့်လိုက်သောအခါ တိုက်လှေကားပေါ်ဝယ် လူငယ်များ ရုန်းရင်းဆန်ခတ်ဖြစ်သလို ရန်ဖြစ်သလိုပုံစံဖြစ်နေသည်ကို မြင်သောအခါ...

"လာကြပါဗျို့၊ ဒီမှာ ရန်ဖြစ်နေကြတယ်"

ဆိုသော အော်ဟစ်လိုက်သံသည် ငါးထပ်လှေကားဆီမှတဆင့် အောက်ခြေထိ ကျယ်ကျယ်လောင်လောင် ကြားလိုက်ကြရလေသည်။ တိုက်လှေကားရင်းမှာ စောင့်နေသော မန်းနီးကလည်း မိမိလူများ၏ အခြေအနေမဟန်မှန်း ရိပ်မိသွားသဖြင့် ထိုနေရာမှ ရှောင်ထွက်သွားသည်။

အောင်ဇော်နှင့်နိုင်ဝင်းတို့နှစ်ဦးမှာလည်း ဟန်းဘက်အိတ်ကိုလွယ်လျက် တိုက်သုံးထပ်အပေါ်မှ အောက်ခြေကို ဝရုန်းသုန်းကား ဆင်းပြေးသောနေခဲ့ကြသည်။

ယင်းသို့ ပြစ်မှုကြီးတစ်ရပ်ကို ကျူးလွန်လာခဲ့ကြသော အောင်ဇော်တို့အား လမ်းသွားလမ်းလာများမှ မသင်္ကာသဖြင့် ဝိုင်းဝန်းပိတ်ဆို့ကာ ဖမ်းဆီးထားခဲ့ကြလေသည်။ မကြာမီ တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပို့တိုင်တန်းချက်ကြောင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ လက်ထိပ်ခတ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရလေသည်။

ထိုသို့ အမှုအခင်းဖြစ်ပွားလာခဲ့သော အချိန်ကာလသည် စင်ခုံရုံးဖြင့် စစ်ဆေးနေသော အချိန်ကာလဖြစ်လေသည်။ ဒါကြောင့် အမှုကို စင်ခုံရုံးသို့ တင်ပို့ စစ်ဆေးခဲ့ရလေသည်။

မကြာမီသောကာလမှာပင် အောင်ဇော်အပါအဝင် နိုင်ဝင်း၊ မန်းနီးခေါ် အေးမောင်တို့သုံးဦးအား စစ်ခုံရုံးမှ စစ်ဆေးခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် လုယက်မှု၊ လူသတ်မှုများဖြင့် တရားစွဲတင်ကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ အရ သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

ဒါကြောင့် အောင်ဇော်နှင့်အမှုတွဲနှစ်ယောက် ပေါင်းသုံးယောက်စလုံး သေဒဏ်ကျခံခဲ့ရသဖြင့် ကြိုးသမားအဖြစ် ကြိုးတိုက်ထဲ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

+++

"ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ကွာ။ ကိုယ်က ကြီးလေးတဲ့ ပြစ်မှုကြီးကို ကျူးလွန်လာခဲ့ကြပြီဆိုတော့ ကိုယ်ပြုတဲ့



www.burmeseclassic.com

ပဲ့တင်သံကလည်း အနေးနဲ့အမြန် ရောက်လာကြမှာပဲကွ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့ဟာ လူညွန့်တုံးစေမယ့် မူးယစ်ဆေးဝါးကို မှီဝဲခဲ့ကြတော့ မူးယစ်ဆေးနဲ့မသေဘဲ သေဒဏ်ဆိုတဲ့ ကြိုးမိန့်နဲ့ပဲ သေကြရတော့မှာပါ"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲကွာ၊ လူဆိုတာ မှားမှန်းသိလာချိန်မှာ ဆင်ခြင်တတ်ဖို့ပဲလိုတယ်။ ကိုယ်မှားခဲ့တဲ့အမှားအတွက် တမလွန်မှာ ဘဝကူးကောင်းအောင် ဘာသာရေးကို ကျင့်ကြံပွားများနေရမယ်ကွ"

"ဘယ်လိုများ ကျင့်ကြံနေထိုင်ရမလဲ ဆရာ"

"ဒီလိုကွာ ..နမောတဆိုတဲ့ ဂါထာရသလား၊ မရရင် ငါ ရေးပေးမယ်။ အဲဒီဂါထာကို အချိန်ပြည့်ရွတ်ဖတ်သရဇ္ဈာယ်နေရင်း အန္တရာယ်က အနည်းနဲ့အများ လွတ်ကင်းသွားနိုင်ပါတယ်"

"ကျေးဇူးပါဘဲ ဆရာရယ်"

ထောင်ကျရုံး ထောင်မှူးလေးသည် ကြိုးတိုက်ခန်းလေးထဲဝယ် သေမိန့်ကို စောင့်မျှော်နေရရှာသော ကြိုးသမားအောင်ဖော်ဆိုသူအား ၎င်း၏ အမှုဖြစ်စဉ်လေး မေးမြန်းပြီး ကရုဏာ သက်ဝင်ကာ ပြောဆိုဆုံးမနေခြင်းဖြစ် သည်။

သို့သော်လည်း ကြိုးသမားတို့ မည်သည် အနာဂတ်ပျောက်ဆုံးနေ ကြသူများမဟုတ်ကြောင်းကို လွတ်ငြိမ်း ချမ်းသာခွင့်အမိန့်က သက်သေပြသွား လေသည်။ နောင် ခြောက်နှစ်ခန့်ကြာ သော် ကြိုးတိုက်ခန်းထဲမှ အောင်ဖော် တို့အမှုတွဲသုံးယောက်စလုံး လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ထောင်မှလွတ်မြောက် သွားကြလေသတည်း။

စိုး

# စုံထောက်ပွင့်သစ်

## မျက်ရည်

မျိုသိပ်ခြင်းမှာပဲ
မွန်းကျပ်နာကျင်နေတဲ့
ရင်တစ်စုံရဲ့ စာမျက်နှာတွေကို
ချစ်သူရဲ့မျက်ဝန်းရှေ့မှာသာ
စိတ်လိုလက်ရ ပြသခွင့်ရှိမယ်ဆိုရင်
ငြိုငြင်ရာမဲ့ နားလည်မှုများစွာနဲ့အတူ။

ကြည်ဖြူစွာစိမ်းလန်းလှပနေမယ့်
မြတ်နိုးမှုနေ့ရက်တွေမှာ ..ကြင်နာစွာ
နွေးထွေးယုယကာ
တို့နှစ်ယောက်အတူတူမခွဲမခွာ
အခုတော့ ဒီအကြင်နာ ဒီအိပ်မက်
ရှေ့ဆက်ရန် လမ်းမရှိတော့တဲ့
တစ်ခန်းရပ်ပြဇာတ်တစ်ပုဒ်လို။



ကိုယ်ကိုယ်တိုင် ပြန်လည်ရုပ်သိမ်းထားရတဲ့
ကိုယ်ရဲ့ချစ်ခြင်းများနဲ့အတူ
ဒီလူဟာ ..ဝေဒနာရှည်နွေနေ့ဆိုးတွေရဲ့ကြား
နှလုံးသားကိုဆေးခါးခပ်ထားပြီး
အရှုံးတရားကို ထွေးဖက်ထွက်သွားခဲ့ပါပြီ။ ။

မင်းသစ်ခိုင်(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com


မောင်ယဉ်ကျော်

# စုံထောက်နိုင်ယာရီ

## အချစ်ကို မာတ်ခွဲကြည့်ခြင်းနှင့် နှလုံးသားကို ဘောလုံးကစားသလို ကစားခဲ့ကြတဲ့ကမ္ဘာကျော်ဘောလုံးသမားနှစ်ဦး

### အသက် (၈၀) ကျော်မှ တကယ့်အချစ်ပေါ်တယ်ဆိုတဲ့ ပလေးဘွိုင်သူဌေးကြီး



(၁)

အချစ်ဆိုတာ သစ်ပင်လေးတစ်ပင်လောက်မှ စိတ်မချရပါဘူး။ ဘာဖြစ်လို့လဲသိလား . . .၊ သစ်ပင်မှာ အမြစ်ရှိပေမယ့် အချစ်မှာအမြစ်မရှိလို့ အချိန်မရွေး လဲသွားနိုင် ယိုင်သွားနိုင်လို့ပါ။

အချစ်ဆိုတာ နေတစ်စင်းလိုပါပဲ။ မထွက်ခင်တော့ နေထွက်တာကို မျှော်နေမိခဲ့ပေမယ့် တကယ်လည်းထွက်လာရော ပူလွန်းလို့ မြန်မြန်ပြန်ဝင်စေချင်ကြတယ်။

အချစ်ဆိုတာ အငြိမ့်ထဲက လူပျက်နဲ့ မင်းသမီးလိုပါပဲ။ အတိုင်အဖောက်ညီနေကြရင်တော့ အားလုံးအဆင်ပြေနေကြပြီး အတိုင်အဖောက်မညီတဲ့အခါကြရင်တော့ စိတ်သဘောထားချင်းမတိုက်ဆိုင်ပဲ ကွဲကွာသွားကြတာပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာမှုမရှိတဲ့ အချစ်နဲ့ အိမ်ထောင်ရေးထူထောင်ထားကြတဲ့ လူတွေဟာ မွေးကတည်းက အင်္ဂါမစုံဘဲ မွေးလာကြတဲ့လူတွေလို ပျော်ရွှင်ရာအပြည့်အဝမရှိနိုင်ပါဘူး။

ဒီနေ့အထိ သေသွားကြတဲ့လူတွေ ဘယ်လောက်များနေပြီဆိုတာ ကမ္ဘာမှာ မသိကြရသလို သေသွားကြတဲ့လူတိုင်းဟာ အချစ်ဆိုတာ ဘာလဲလို့ သိမသွားကြပါဘူး။

– အချစ်ဆိုတာ လူကို အသေမသတ်သေးဘဲ ဘဝကို အရှင်သတ်ကြတာများပါတယ်။

– အချစ်ဆိုတာ ဘယ်တော့မှ အသက်မကြီးဘူး။ လူတွေကသာ အသက်တွေကြီး ရောဂါတွေဖြစ်ပြီး သေသွားကြတာပါ။

– အချစ်ဆိုတာ တကယ်တော့ ဘာမှအဆန်းတကြယ်မဟုတ်ပါဘူး။ မိန်းမနဲ့ယောက်ျား အကြောင်းတစ်ခုခုနဲ့ ဆုံတွေ့ကြ၊ သဘောကျပြီး ကြိုက်ကြ သဘောတူကြတဲ့အခါ ပေါ်လာတဲ့ စိတ်လှုပ်ရှားမှုတွေကို အချစ်လို့ခေါ်တာပါ။

– အချစ်ဆိုတာ ပြဒါးလိုပဲ ကိုယ့်လက်ထဲမှာ ငြိမ်အောင် ဘယ်လိုမှထိန်းထားလို့ရတဲ့အရာမဟုတ်ပါဘူး။

– ရေထုက ကမ္ဘာကြီးကို သုံးပုံနှစ်ပုံလွှမ်းမိုးထားတာကို လူတွေက ကြီးကျယ်တယ်လို့ ထင်နေကြတာ။ အဲဒါကို အချစ်က ရယ်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူက တစ်ကမ္ဘာလုံးကို လွှမ်းမိုးထားတာကိုး။

– တစ်ယောက်နဲ့တစ်ယောက် အပြစ်မမြင်နိုင်လောက်အောင် ဖြစ်နေတာကို အချစ်လို့ ပြောကြတယ်။ အဲဒါမှားတယ် ..

အဲဒါ အချစ်မဟုတ်ဘူး မှုန်နေတဲ့ရောဂါဖြစ်နေတာ။ ဒါပေမဲ့ တာရှည်မဟုတ်ဘူး။

– အချစ်ဆိုတာ ကမ္ဘာမှာတည်ဆောက်ထားတဲ့ ရေအေးစက်ရုံကြီးလိုပဲ။ ဘယ်လိုမှမထွက်ဘူး။ ကမ္ဘာထဲရောက်လာရင် အဲဒီရေအေးနံ့ကို ရှူမိကြတာချည်းပဲ။

– အချစ်ရဲ့ဆေးလိပ်ဟာ အတူတူပဲ။ အငွေ့ထွက်တာကုန်သွားရင် ပြန်ပြီး မီးညှိမှ၊ မညှိရင် ဘာမှအဓိပ္ပာယ်မရှိတော့ဘူး။

– အချစ်ဟာ ငွေချေးလို့ရတဲ့နေ့နဲ့အတူတူပဲ။ အရမ်းပျော်နေတတ်ကြသလို အကြွေးပြန်ဆပ်ကြရမယ်ဆိုရင်တော့ အရမ်းကို စိတ်ဆင်းရဲနေတတ်ကြတာပါ။

– အချစ်ဆိုတာ ရေဝင်နေတဲ့ လှေလိုပဲ။ မကြာခင် ဒုက္ခပေးတော့မယ့် ရေတွေကို အချိန်မီပက်ပစ်နိုင်မှသာ အချစ်လှေရှေ့ဆက်သွားလို့ရမှာပါ။

– ငွေဆိုတာ အချစ်ကို ဦးစီးနေတဲ့ ညွှန်ကြားရေးမှူးပဲ။ လူသားတွေရဲ့ အချစ်ကို မျက်စိနဲ့နားက ဖန်တီးပေးတာဖြစ်သလို အချစ်ကို ဖျက်ဆီးတာလည်း မျက်စိနဲ့နားပဲဖြစ်ပါတယ်။

– အချစ်ဆိုတာ တကယ်တော့ ဒုစရိုက်သမားတစ်မျိုးပါပဲ။ သူ့အကြောင်းတွေမပေါ်ခင်တော့ ထင်ထင်ပေါ်ပေါ်သွားလာလို့ရပေမယ့် သူ့အကြောင်းတွေပေါ်သွားရင် ပုန်းလျှိုးကွယ်လျှိုးသွားကြရတာများပါတယ်။

– အချစ်ဆိုတာ ရေခဲရေလိုပါဘဲ သောက်တုန်းသာအေးပြီး ဝမ်းထဲရောက်သွားရင် ဖောက်ပြန်ပြီး ပူသွားတတ်ပါတယ်။

– အချစ်ဟာ ယာဉ်ထိန်းရဲမရှိတဲ့နေရာနဲ့ မီးပွိုင့်မရှိတဲ့နေရာမှာ သွားချင်သလိုသွားနေတဲ့ ကားတစ်မျိုးပါပဲ။ အချိန်မရွေးလူနဲ့တွေ့ရင် ဒုက္ခပေး... ပါတယ်။

– အချစ်ကို နမူနာပြဖြစ်အောင်ကြိုးစားပြမယ်ဆိုတဲ့လူဟာ ... ကလေးမရနိုင်တဲ့ အမြုလင်မယား... ကလေးရရင် ဘယ်လိုနာမည်ပေးမ... လို့ စိတ်ကူးယဉ်အလုပ်ကို ပြောပြ... တာနဲ့တူပါတယ်။

– အချစ်ရယ် မူးယစ်ဆေး... ရယ်၊ ဝက်သားတုတ်ထိုးရယ် အတူ... ပါပဲ။ အချစ်ကြောင့် ဒုက္ခရောက်သွား... သူတွေ မူးယစ်ဆေးဝါးကြောင့် ထော... ကျသွားသူတွေ၊ ဝက်သားတုတ်ထိုး... ကြောင့် ဆေးရုံရောက်သွားသူ... အများကြီးပါ။

– အချစ်ဆိုတာ အလိုက်က... ဆိုးမသိတဲ့ ကလေးလိုပဲ။ တစ်ခါတစ်... မိဘရဲ့ အခြေအနေကို မသိဘဲ ဖွ... ဖြစ်ချင်တာကို ပူဆာတတ်တာမျိုးပါ...

– အချစ်ဆိုတာ လိပ်ပြာ... ပုရွက်ဆိတ်လိုပါပဲ။ လိပ်ပြာတွေဟာ... ဝတ်ရည်ပေါတဲ့ ပန်းပွင့်မှာနားလေ့ရှိ... လို ပုရွက်ဆိတ်တွေကလည်း အချိုရှိ... နေရာမှာသာ ပျော်တတ်ကြတာပါ။

– အချစ်ဆိုတဲ့ တံခါးတွေ ဘ... လော့က်ခိုင်ပါတယ်၊ လုံခြုံပါတယ်... အာမခံထားပေမယ့် ငွေဆိုတဲ့သော့... ဖွင့်လိုက်ရင် အားလုံးပွင့်...တာပါ...

– အချစ်ဟာ ဘယ်လောက်...



www.burmeseclassic.com

www.burmeseclassic.com



လေးလေး ငွေရှိတဲ့လူက ခေါ်ရင် ကြားတယ်။ အချစ်ဟာ ဘယ်လောက်အိပ်ပျော်ပျော် ငွေရှိတဲ့လူနှိုးရင် နိုးတယ်။ ဒါကြောင့် ငွေဆိုတာ စွမ်းအားရှင်တစ်မျိုးပဲ။

– ခတ်မီးဆိုတာခတ်ခဲကြောင့် သင်းနေတာပါ။ အချစ်ဆိုတာ ခတ်မီးဖြစ်စေပြီး ငွေဆိုတာ ခတ်ခဲဖြစ်ကြောင်းသဘောပေါက်ထားကြရင် မီးပျက်လည်း မီးစက်အားကိုးစရာမလိုပါဘူး။

– အချစ်ဆိုတာ ပေါ်ဦးပေါ်ဖျားရာသီစာတစ်မျိုးပဲ။ ကဖြည်းဖြည်းနဲ့ကြာလာလေ ပေါလာဒလဖြစ်ရင် တန်ဖိုးနည်းသွားတတ်ပါတယ်။

– အချစ်ရဲ့ပွဲစားဟာနားနဲ့မျက်စိပါ။ အချစ်ရဲ့ တရားသူကြီးဟာ နားနဲ့မျက်စိပါ။

– တချို့က လူတွေက မဆာပေမယ့် ဖိတ်ရင် ဝင်းစားတတ်ကြသလို တွေ့လို့ကြုံလို့ ဝင်အားပေးတတ်ကြတဲ့ အချစ်နဲ့ ချစ်ကြတဲ့လူတွေလည်းရှိတယ်။ သတိထားစရာပါ။

– ချစ်လို့ယူပြီးမှ အိမ်ထောင်ရေးအဆင်မပြေကြတဲ့လူတွေဟာ အိပ်မပျော်လို့ အမြန်ဆုံးမိုးလင်းပါစေလို့ ဆုတောင်းနေကြတဲ့လူတွေများပါတယ်။

– အချိန်အခါ ရာသီမရွေး စဖြစ်နိုင်တဲ့ အရာနှစ်ခုရှိပါတယ်။ အဲဒါ အချစ်နဲ့စစ်ပဲ။

– အချစ်နဲ့ငရုတ်သီးဟာ အတူတူပါပဲ။ ဘယ်အရွယ် ဘယ်အချိန်ပဲဖြစ်ဖြစ် စားကြည့်ရင် စပ်နေမှာပါ။

– အချစ်ဟာ တင်ဒါလိုပါပဲ။ ဈေးပိုပေးနိုင်တဲ့လူလက်ထဲ ပါသွားတာများပါတယ်။

– အမုန်းဆိုတာ အချစ်ရဲ့ ငယ်သူငယ်ချင်းပါ။ အမုန်းရဲ့ အချက်ပေးသံကို အမြဲနားစွင့်နေတတ်ပါတယ်။

– လူတွေဟာ အရွယ်ရောက်လာတာနဲ့ အချစ်ကျောင်းက ခေါင်းလောင်းမထိုးခင်ကတည်းက ကျောင်းတက်ဖို့ လှုပ်လှုပ်ရွရွဖြစ်နေတာများပါတယ်။

– အချစ်ကျောင်းတက်ပြီးရင်လည်း အချစ်သင်ခန်းစာနဲ့ ပို့ချချက်တွေ ညည်းငွေ့ပြီး ကျောင်းဆင်းခေါင်းလောင်းသံကိုမျှော်နေကြပြန်ရာ။

– အချစ်ဟာ ငွေရဲ့ အစေအပါးဖြစ်သလို လူဟာလည်းအချစ်ရဲ့ အခိုင်းအစေဖြစ်ပါတယ်။

– အချစ်နဲ့လေဟာ လူတွေသေတဲ့အထိ ဖမ်းဆုပ်နိုင်စွမ်းမရှိတဲ့အရာပါ။

– အချစ်ကို ထာဝရရှင်သန်စေတဲ့မြေသြဇာက ငွေနဲ့ဂုဏ်ပကာသနပါ။

– အကြွေးဝယ်ဖို့ကြိုးစားရင်း ယနေ့ အကြွေးမရောင်းပါဆိုတဲ့ ဆိုင်းဘုတ်ကိုကြည့်ပြီး ပြန်သွားကြတဲ့လူတွေဟာ ရည်းစားမရှိတဲ့ လူပျိုကြီးအပျိုကြီးတွေပါ။

– ကမ္ဘာမှာ ဟန်ဆောင်အကောင်းဆုံးရွှေတံဆိပ်ဆုရင်ဟာ အချစ်ပဲ။

– လူသားနှစ်ယောက် မတော်တဆတိုက်မိပြီး ထတောက်တဲ့မီးက အချစ်မီးပဲ။

– အချစ်ဆိုတာ ဘူတာရုံလိုပဲ လူသားတွေဟာ အချစ်ဘူတာရုံထဲမှာ ဆုံပြီး ဒီဘူတာရုံကသာ ထွက်ခွာမသွားကြဘူးဆိုရင် ဒီဘူတာထဲမှာ လူသစ်ဆိုတာ ရှိတော့မှာ မဟုတ်ဘူး။

– အချစ်ဆိုတာ အကြာကြီးမခံအောင် စိမ်ဖန်တီးထားတဲ့ ကစားစရာတစ်မျိုးပါပဲ။

– အချစ်ဆိုတာ လူသားတွေအတွက် ဆိုင်ပေါ်တင်မရောင်းတဲ့ ရောင်းကုန်တစ်မျိုးပါပဲ။

– အချစ်ဟာ မုန့်လုပ်တဲ့ ကုန်ကြမ်းတစ်မျိုးလိုပဲ။ ရောင်းတဲ့လူပေါ်မှာမူတည်ပြီး အမျိုးမျိုးဖြစ်ပေါ်တတ်တာမျိုးပါ။

(၂)

အချစ်ဆိုတာ ချိန်ခွင်နဲ့ ချိန်လို့မရသလို ပေကြိုးနဲ့လည်း တိုင်းလို့မရဘူး။ ပြီးတော့ အချစ်ဆိုတာ အရွယ်နဲ့မဆိုင်သလို လူပျိုအပျို မုဆိုးဖို တခုလပ်တို့နဲ့လည်း မဆိုင်ဘူး။ ဘာနဲ့ဆိုင်သလဲဆိုတော့ အချိန်နဲ့ဆိုင်တယ်။

ခုကြည့်လေ ...

ကမ္ဘာမြေ လူ့လောကထဲကို ၈၆ နှစ်စောပြီး ရောက်ခဲ့တဲ့ PLAY BOY မဂ္ဂဇင်းသူဌေးကြီး ဟက်ဖ်ဟက်မနာနဲ့ သူဌေးကြီးထက် နှစ်ပေါင်း ၆၀ နောက်ကျပြီးမှ လူ့လောကထဲရောက်လာတဲ့ ခရစ္စတယ်လ်ဟဲရစ် တို့ ဖူးစာဆုံသွားတာကြည့်။

ဟက်ဖ်ဟက်မနာဟာ သူ့ချစ်သူလေး လူ့လောကထဲရောက်လာရင် ကင့်တောင်းတင့်တယ်နေနိုင်ဖို့အတွက် ကြိုပြီး စီးပွားကြိုရှာနေခဲ့တာပေါ့။

သူတို့နှစ်ယောက်စတွေ့တဲ့အချိန်ဒါမှမဟုတ် ဖူးစာရေးနတ်က ၂၀၀၉ ခုနှစ်မှာ ဟက်ဖ်ဟက်မနာကို မင်းရဲ့ဖူးစာ



www.burmeseclassic.com

www.burmeseclassic.com





ဖက် လက်တွဲဖော် လူ့ဘဝမှာ ရောက်နေပြီဆိုတာကို အသိပေးလိုက်ပြီး ပေးတွေ့တာ။ သူ့ကိုတွေ့တွေ့ချင်း သူ့နှလုံးသားအရမ်းတုန်ခါသွားပြီး လှကလည်း တကယ်ကိုလှတော့ သူ့ရဲ့ ၂၀၀၉ ခုနှစ်ထုတ် PLAY BOY မဂ္ဂဇင်းရဲ့ တစ်လတာအလှဆုံး PLAY MATE မိန်းမချောလေးအဖြစ် ခေါ်ပြီးပေးလိုက်တယ်။ အဲဒီကစပြီး သူတို့နှစ်ယောက် အရွယ်မတူပေမယ့် တကယ်ယူကြည့်ဖို့ ဆုံးဖြတ်ကြပြီး ၂၀၁၁ ခုနှစ်မှာ စီစဉ်လိုက်ကြသေးတယ်။

ဒါပေမဲ့ မနာလိုသူတွေရဲ့ သွေးထိုးမှုကြောင့် အစီအစဉ်ပျက်သလိုဖြစ်သွားသေးတယ်။ ဖူးစာဖက်ဆိုတာ ပျက်တာနည်းပါတယ်။ ခေတ္တခဏသာ အချိန်ဆွဲထားနိုင်တာပါ။ ဟုဂျ်ဟက်မနာက သူနဲ့မတွေ့ခင် အိမ်ထောင်နှစ်ဆက်ရှိခဲ့ဖူးတယ်။ လူပျိုအစစ်မဟုတ်ပေမယ့် သူ့ကိုချစ်တဲ့အချစ်က အချစ်စစ်ဆိုတာ သိသွားတဲ့အခါကြတော့ တရားဝင်လက်ထပ်ဖို့ မီးစိမ်းပြပြီး ခုတော့လက်ထပ်လိုက်ကြပါပြီ။ သူဌေးကြီးက ငွေပေါတယ်။ ငွေပေါတော့ ကြိုက်တဲ့အမျိုးသမီးတွေ ပေါပေမယ့် ၁၉၅၉ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ သူ့အချစ်တွေ သိုသိပ်ထားနိုင်ခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ဖူးစာရေးနတ်ရဲ့အလိုတော်ကျ အသက် ၈၆ နှစ်အရွယ် အဘိုးကြီးနဲ့ အသက် ၂၆ နှစ်အရွယ် ကောင်မလေးတို့ အိမ်ထောင်ကျသွားတော့ သွားလေရာမှာ မနာလိုသူတွေနဲ့ အားကျသူတွေ ဝိုင်းဝိုင်းလည်ပဲဆိုပါတော့။

အားကျစရာနော် ...

(၃)

ဘောလုံးလောကမှာ အလှည့်အပတ်တွေနဲ့ ကန်ချက်ပြင်းတယ်လို့ နာမည်ကြီးခဲ့သလို အိမ်ထောင်ရေး အချစ်ရေးမှာလည်း အရှုပ်အထုတ် နာမည်ကြီးနေတာ မန်ယူဘောလုံးသမား ဂစ်ညီအစ်ကို။

သူ့သားတွေကြောင့် မိဘဆွေမျိုးရိုးတွေပါ နာမည်ပျက် ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်မှာ ပက်လက်မျောနေရတဲ့ဘဝဖြစ်နေလို့ ဆက်ပြီးမရေး အကြောင်း မိခင်ကြီးက မျက်ရည်စက်လက်နဲ့ တောင်းပန်ရတဲ့ ကမ္ဘာကျော် အိမ်ထောင်ရေး အရှုပ်အပုတ်သတင်း

သူတို့ဆီမှာ အချစ်ကိုတန်ဖိုး ထားသလို အိမ်ထောင်ရေးဆိုတာလည်း ပိုကာဆွဲသလိုပဲတဲ့။ ကမ္ဘာကျော် ဘောလုံးသမား ရိုင်ယန်ဂစ်ဆိုတာ လူတိုင်းသိကြပါတယ်။ မန်ယူအသင်းရဲ့ ဝေးလ်တောင်ပံကစားသမား။ သူ့ရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုနဲ့ သူ့ရဲ့ ဇနီး အိမ်ထောင်ရေးဖောက်ပြန်မှုတို့က ဘောလုံးဘောပွဲလိုပဲ။ နှစ်ဖက် အပြိုင် အိမ်ထောင်ရေးဘောလုံးကွင်း ထဲမှာ အချစ်ဖလားလုပွဲကစားနေကြ သလိုပါပဲ။

ဂစ်ဟာ သူ့မိန်းမအလစ်မှာ ဝေးလ်အလှမယ်ဟောင်း အိုမာဂန် သောမတ်စ်နဲ့ အချစ်မှောင်ခိုကူးခဲ့ကြ တာ ဖုံးရင်းဖုံးရင်းနဲ့ ပေါ်လာခဲ့ တယ်။ သူက ဒါဟာ မီဒီယာတွေကြောင့် ပေါ် လာရတာပါတဲ့။

ဒါက မီဒီယာသမားတွေ သူတို့ အလုပ် သူလုပ်တာလေ။ ပြီးတော့ သူ က မိန်းမဖော်တွေနဲ့ ပျော်တာကလည်း မနည်းဘူး။

သူ့ညီ ရိုဖရီကစ်ဆိုတာလည်း ရှိသေးတယ်။ သူ့လိုပဲ ရှုပ်တာပဲတော ပဲတဲ့။ သူတို့အကြောင်းတွေကို မီဒီယာ

www.burmeseclassic.com



သမားတွေက အားမနာတမ်း အမှန်တွေကြီးဖော်ပြနေကြတယ်။ သတင်းနဲ့ ပတ်သက်လာရင် ဈေးကွက်ဝင်ပုဂ္ဂိုလ်တွေပဲ။ သူတို့ညီအစ်ကိုက ဒီလိုကိစ္စမျိုးနဲ့ ပတ်သက်လာရင် အစ်ကိုနဲ့ ပတ်သက်တာ ညီနဲ့ပတ်သက်တာတွေ စည်းမစောင့်ကြဘူး။

ရိုင်ယန်ဂစ်ဟာ ညီဖြစ်သူ ရိုဖရီဂစ်ရဲ့ဇနီး နာတာရှာနဲ့လည်း အိမ်ထောင်ရေးဖောက်ပြန်တာပဲ။ ရိုင်ယန်ဂစ်က နာတာရှာနဲ့(၈)နှစ်တိုင်အောင် ဇာတ်လမ်းတွေရှိခဲ့ပြီး ရိုဒရီဂစ်နဲ့ တရားဝင်လက်ထပ်ပြီးပေမယ့် ရိုင်ယန်ဂစ်နဲ့ သည်းမပြတ်ဘူး။ ဒီသံယောဇဉ်မပြတ်တဲ့ကြားက နောက်ကြားရတဲ့သတင်းထွက်ရတဲ့သတင်းက ပိုဆိုးစေခဲ့တယ်ပေါ့။ နာတာရှာဟာ ရိုဒရီဂစ်နဲ့ လက်မထပ်ခင် (၂)ပတ်လောက်အလိုမှာ ရိုင်ယန်ဂစ်နဲ့ရခဲ့တဲ့ ကိုယ်ဝန်ကို ဖျက်ချစေလိုက်တဲ့အကြောင်းပဲ။

ရိုင်ယန်ဂစ်က သူ့ရဲ့ကလေးကို ဖျက်ချပေးဖို့အတွက် နာတာရှည်ကို ပေါင် ၅၀၀ ပေးလိုက်တယ်တဲ့။ ဒီလိုပေးတာတင်မကဘူး ဒီကိစ္စတွေ နှာစေးနေဖို့ သူ့ညီ ရိုဒရီဂစ်ကို ပေါင် ၅၀၀၀၀ ပေးပြီး နှုတ်ပိတ်လိုက်တာလည်း ဟိုးလေးတကျော်ကျော် ပေါ်လာတော့တာပဲ။

ဒါတင်မကသေးဘူး။ ပုပ္ပွန်းနွေး ပြောဆိုတာက နာတာရှာဟာ သူ့ရဲ့ ခဲအိုနဲ့တင်မကဘူး မန်ယူဘောလုံးသမား ထုံးယောက်နဲ့လည်း ဖောက်ပြန်ခဲ့တယ် ဆိုတာပါပဲ။

သီးတွေ ရှုပ်ပွေခဲ့တဲ့ အပုပ်နံ့တွေကြောင့် မိဘတွေနာမည်ပျက်၊ အမျိုးတွေ သိက္ခာကျဖြစ်နေလို့ မရေးကြဖို့၊ ရေးနေတာတွေ ရပ်ပေးဖို့ မျက်ရည်ကျပြီး လိုက်တောင်းပန်နေရရှာတယ်။

အမေကြီးက သနားစရာ ရှက်လွန်းလို့ပါတဲ့။ သူတို့ညီအစ်ကိုနှစ်ယောက်ကို ဘောလုံးလောကမှာ ကိလေသာသောင်းကျန်းရှုးသမားတွေလို့ နာမည်ပေးကြတယ်။ ခပ်ရှောင်ရှောင်နေကြတယ်တဲ့။

မိခင်ကြီးရဲ့ တောင်းပန်စကားနဲ့ ပြောစကားတွေကြားရတော့ သူတို့ ညီအစ်ကို ဒီရာဂစိတ်တွေပျောက်အောင် ကုသဖို့ ဆရာဝန်တွေနဲ့ တိုင်ပင်နေပြီကြားရသလို မပြီးဆုံးသေးတဲ့ နောက်ဆက်တွဲဇာတ်လမ်းကလေး။ သူ့ညီဖြစ်တဲ့ ရိုဖရီဂစ်နဲ့ ခယ်မဖြစ်သူ နာတာရှာနဲ့ဇနီးဖြစ်သူ စတေဆီလိုရဲ့ လေးပွင့်ဆိုင်အချစ်ဇာတ်လမ်းအရှုပ်က ဗြိတိန်မီဒီယာလောကအတွက် အဟုတ်ကို စိတ်ဝင်စားစရာ အချစ်သတင်းကုန်ကြမ်းတွေပါပဲလို့။

အိမ်ထောင်ရေးဖောက်ပြန်ခြင်းသည် အကျင့်စာရိတ္တချို့ယွင်းမှုထဲတွင် အဆိုးဝါးဆုံး ချို့ယွင်းမှုဖြစ်သဖြင့် လူနဲ့လူ့ပတ်ဝန်းကျင်က လက်ခံမှုအားအနည်းဆုံးကိစ္စဖြစ်တယ်။

စာဖတ်သူများဗဟုသုတပြည့်စုံ
ကျန်းမာကြပါစေ။
မောင်ယဉ်ကျော်






www.burmeseclassic.com

## အားတင်းထား

အိုကေလားဆိုမှ
မစိုပြည်နိုင်တဲ့ ဘဝတစ်ခု
လမ်းမကြီးရဲ့နံဘေး ပြားပြားမှောက်လျက် ...။

အမေ မရှိလို့လား
အဖေ မရှိလို့လား
နေစရာအိမ် ကင်းမဲ့လို့လား
သိပ်သည်းမှုနည်းတဲ့ မိုးရေတစ်စက်
မာကျောတဲ့ကမ္ဘာထဲ စိမ့်ဝင်ခဲ့ပြီ
ဥတ်နဲ့ဝီရိယပေါင်းစပ်ပြီဆိုတော့
လူ့ရဲ့တန်ဖိုး တက်နေပြီပေါ့ ...။



အလုပ်ရှိမှ တန်ဖိုးရှိမယ်
လူဖြစ်ပြီဆိုတော့
အရာရာဖြေရှင်းနိုင်ပြီပေါ့ ...။

ကဲ ...
ဟေး .. လူသား
အားတင်းထား ...။ ။

ချစ်လူ(တက္ကသိုလ်)

---

**အမှတ်စဉ်(၁၃၀) ဩဂုတ်လအတွက်**
**ရွေးကဗျာစာရင်း**

| | | | |
|---|---|---|---|
| ၁။ | ဇော်နောင် | - | ရုပ်ရှင်ကြည့်ခြင်း |
| ၂။ | သွေးစက်သစ် | - | သားတို့ခေတ်က ရွှေဘ |
| ၃။ | တောင်တွင်းမောင်သင်းကျော် | - | သူဌေးခြံရှေ့ဖြတ်လျှောက်မိခြင်း |
| ၄။ | မောင်သန်းစိုး(ချောက်) | - | နိုင်ငံရေး |
| ၅။ | ရိုးမြင့်(လယ်ဝေး) | - | မြင့်မိုရ်တောင်ထိပ်က သစ်တစ်ပင် |
| ၆။ | မိုးဟိန်းထက် | - | ကဗျာဆရာ - ၃ |
| ၇။ | ဝင်းယုမောင် | - | အနတ္တကမ္ဘာ |
| ၈။ | ခိုင်လွင်ကောင်းဖံ | - | အလွမ်းဖိုင် |
| ၉။ | မင်းထက်သားညီ(တောင်ငူ) | - | ဘဝဟာ မြားလှဲ့နေပါစေ |
| ၁၀။ | လွမ်းသျှင်နောင်(မဟာသာရွာ) | - | ပုံတူများကို စကားပြောခြင်း |


www.burmeseclassic.com

www.burmeseclassic.com





## နွေလယ်အိပ်မက်



သခင့်ရဲရာ
ရှေ့ရှုရင်ပေး
ဝေဝနာဝေ
တသောသောသောရှင် ..။

မြင်မြင်ရာလွမ်း
နွေဝေန်မှာ
ရွှေရာကာစ်ပျောက်
အိုင်လေညှင်းရွှေကြိုက်ပြီ ..။

စိတ်ရှောင့်ရီဝေ
ရွှေမပြေဘူး
ရှေ့ဦးသခင်
သင်ဘယ်မှာလဲ ..။

ကြေကွဲရစိတ်
တိတ်တိတ်ရိုက်ရဲ့
တွန့်တွန့်မှုကြေ
အိပ်မက်တွေ ..။ ။

ဂိုမှာ(ဆုံမိမြို့)

## အနှ

ရောနေတယ် ..
တော်တော်များများရောနေတယ်
ယဉ်ကျေးမှုတွေရောတယ်
အနုပညာတွေရောတယ်
ဒီအရောတွေထဲမှာ
(ရွှေ)ပါးပဲ မပါတဲ့ အော်တစ်စင်ရောဂါဟာ
ဓမ္မကောင်းစကားလေးဝေယ်တွေထဲ အတင်းအဓမ္မဝင်ရောနှောတယ်
မြဘဝင်လီယာနိုတွေရဲ့ခေါင်းဆောင် ဒေသဂီတလည်းအမြူးအကြွ
ခွကျိုတိုးလုံးတွေနဲ့ ရောနှောတယ်
ရှာက ကျွမ်းတောင်ကိုင်အမြွေလည်း ဆံပင်ကို
အနီရောင်အရောအနှောနဲ့ ဟိုက်လိုက်တောက်တယ်
တစ်သက်လုံးဝတ်ခဲ့တဲ့ ရင်ဖုံးအကျီအစား
လည်ဟိုက်လက်ပြတ်ခပ်ပါးပါးနဲ့
ပေါင်ပေါ်ကတော်တိုဝတ်တဲ့အထိ သူ့ကိုယ်သူရောနှောတယ်

ရောနေတယ် ..
မိုးထဲမှာ နွေတွေရောနေတယ်
နွေထဲမှာ မိုးတွေရောနေတယ်
အတုတွေကြားမှာ အယောင်တွေရောနေတယ်
ဒါပေမဲ့ ...
အစစ်တွေကြားမှာ အမှန်တွေပဲ
ရောစေချင်တယ် ..။ ။


သုံးမင်းညို(တောင်တွင်း)





www.burmeseclassic.com

www.burmeseclassic.com
စုံထောက်ဘာသာပြန်






www.burmeseclassic.com

www.burmeseclassic.com


□

၁၉၉၇ ခု၊ ဩဂုတ်လ၏ တစ်ညနေ ...။

အန်တိုနီယိုတိုနီမင်းဒက်စ် (၅၇) နှစ်သည် ဇနီးသည်နှင့်အတူ မေရီလန်းရှိ ယာခင်းအိမ်သို့ ပြန်အလာတွင် တံခါးဝ၌ညှပ်ထားသော စာတစ်စောင်ကို တွေ့လိုက်ရသည်။

''ဘယ်သူ့ဆီကလဲ''

ဂျူနာက မေးလိုက်တော့ ...

''ဗဟိုထောက်လှမ်းရေး ညွှန်ကြားရေးမှူးဆီကစာကွ၊ အင်း .. မယုံနိုင်စရာဘဲ''

မင်းဒက်စ်က စာဖတ်ရင်း ပြန်ဖြေလိုက်၏။

စာက မင်းဒက်စ်အား စီအိုင်အေ နှစ်ငါးဆယ်ပြည့် ရွှေရတုပွဲ၌ စွမ်းအားရှင်အဖွဲ့ဝင်တစ်ယောက်အနေဖြင့် ဂုဏ်ပြုဆုချီးမြှင့်ခံရန် ဖိတ်ကြားလိုက်ခြင်းဖြစ်ပါသည်။ မင်းဒက်စ် ဝမ်းသာလုံးဆို့ပြီး တစ်ညလုံး အိပ်မပျော်။

အိမ်နီးချင်းတွေကြားမှာတော့ မင်းဒက်စ်က အငြိမ်းစားအရာရှိတစ်ယောက်နှင့် ဆုရပန်းချီဆရာ လူအေးတစ်ဦးအဖြစ် ဇာတိရုပ်ကို ဖုံးကွယ်ထားခဲ့သည်။

ခုတော့ .. စီအိုင်အေက (၂၅) နှစ်လုံးလုံး သူလျှိုလုပ်ခဲ့သော သူ့ဘဝကို ဖော်ထုတ်လိုက်ပါလေပြီ။

ရောမကြေးတံဆိပ်ကြီးကို ကိုင်ရင်းမှ တစ်ခုသော ဆောင်းရာသီက အမေရိကန်လူမျိုး ၆ ယောက်ကို အသက်စွန့်ကယ်တင်ခဲ့သော ဖြစ်ရပ်ကို ပြန်ပြောင်းအမှတ်ရမိလိုက်တော့၏။

၁၉၇၉ ခု၊ နိုဝင်ဘာလအတွင်း အယာတိုလာခိုမေနီ၏ နောက်လိုက်များက တီဟီရန်ရှိ အမေရိကန်သံရုံးကို ဝင်စီးပြီး အမေရိကန် ၆၀ ကျော်ကို တန်ဆာခံဖမ်းဆီးထားလိုက်သည်။

ခိုမေနီက သမ္မတ ဂျင်မီကာတာအား နယူးယောက်မြို့တော်တွင် ဆေးကုသခွင့်ပေးထားသော ရှားဘုရင်အား အမှုရင်ဆိုင်ရန် အီရန်သို့ ပြန်ပို့ဖို့ ရာဇသံပေးခဲ့သည်။ တန်ဆာခံတွေနှင့် ရှားဘုရင် လဲလှယ်ရေးအစီအစဉ်ပင်။

ထိုအတောအတွင်း အဖမ်းခံရသူများအနက် ကောင်စစ်ဝန်ရုံးမှ အမေရိကန် ၆ ဦး ထွက်ပြေးခဲ့ရာမှ ကနေဒါသံရုံးထဲသို့ ဝင်ပုန်းနေခဲ့သည်။

ဒီဇင်ဘာလကုန်ရက် စီအိုင်အေ၊ အီရန်ဌာနခွဲ တာဝန်ခံ နေ့ဘ်ဂါးရက်က မင်းဒက်စ်ကို အရေးပေါ်ခေါ်တွေ့သည်။

ဂါးရက်က ခုလိုပြောသည်။

''အခြေအနေကတော့ တကယ့်အကျပ်အတည်းဆိုက်နေပြီ။ အမေရိကန် ၆ ယောက် ထွက်ပြေးပုန်းအောင်းနေကြတာကို သတင်းထောက်တွေ အနံ့ရပြီး လိုက်စုံစမ်းနေကြပြီ။ ဒီသတင်းပါလာလို့ကတော့ ကနေဒါသံရုံးကလူတွေ၊ အမေရိကန်တွေ ဒုက္ခရောက်ကုန်လိမ့်မယ်''

မင်းဒက်စ်ကား စီအိုင်အေအဖွဲ့ကြီး၏ ရုပ်ဖျက်ပိဇ္ဇာဖြစ်၏။ ၁၉၆၅ ခုနှစ်ကတော့ သူ့ဆရာ ဒင်ဗာရှိ မိသားစုကို အနိုင်နိုင်ရှာကျွေးနေရသူ ဒီဇိုင်းဆရာ ပန်းချီဆရာ လူငယ်လေး [illegible] ''ပန်းချီဆရာ [illegible]'' [illegible] တော်ထမ်းရသည်။

ရုပ်ဖျက်ပညာရှင်များအနေဖြင့် စီအိုင်အေ အေးဂျင့်များလိုအပ်သလို အသုံးပြုရန် တကယ်အစစ်နှင့် ခွဲမရသော နှာခေါင်းတု၊ နားရွက်တုနှင့် မျက်နှာတစ်ခုလုံးပင် လုပ်ပေးကြရသည်။

၁၉၇၉ နှစ်ဦးပိုင်း၊ ရှားဘုရင် အီရန်မှထွက်ခွာလာပြီးနောက် မင်းဒက်စ်သည် ခိုမေနီ၏သစ္စာခံ နာမည်ဝှက် ရက်ပ်တာဖြင့် သတင်းပို့နေသော စီအိုင်အေသူလျှိုတစ်ယောက်ကို တီဟီရန်သို့ သွားကယ်ခဲ့ရဖူး၏။ ရက်ပ်တာအား ပုန်းအောင်းနေရာမှ ပတ်စ်ပို့အတုအတိုင်း ရုပ်ဖျက်ပေးပြီး တီဟီရန်မာရာဘတ်လေဆိပ်မှ ခိုးထုတ်ခဲ့ခြင်းလည်းဖြစ်၏။

ယခုလည်း စီအိုင်အေက သံ့ပန်းပြေး ၆ ယောက်ကို ကယ်ပေးဖို့ မင်းဒက်စ်ကို တာဝန်ပေးခဲ့ပြန်လေပြီ။

သို့ပေမယ့် ခုလူတွေက လေ့ကျင့်ပြီး ဝါရင့်သူလျှိုတွေမဟုတ်။ သံရုံးအ


www.burmeseclassic.com

ထမ်း သာမန်အရပ်သားတွေဖြစ်၍ အခက်အခဲရှိသည်။

ကောင်စစ်ဝန်ရုံး အရာရှိများဖြစ်သော ရောဘတ်အန်ဒါးစ်(၅၄)နှစ်၊ မတ်ခ်လိုင်ဂျက်စ်(၂၉)နှစ်နှင့် သူ့ဇနီး ကိုရာ(၂၅)နှစ်၊ စိုက်ပျိုးရေးလက်ထောက် ဟင်နရီလီရှက်ဖ်(၃၁)နှစ်တို့က မြို့ဆင်ခြေဖုံး ရှမ်မီရန်ရပ်ကွက်ရှိ ဂျွန်နှင့် ဇီနာတို့အိမ်တွင် ခိုလှုံလျက်ရှိပြီး အမေရိကန်ကောင်စစ်ဝန် ကျိုးဇက်

**စပိုင်မှန်းတီးရေးဝါဒ ပြန့်ပွားနေသော တီဟီရန်တွင် ရုပ်ဖျောက်ဖို့ တကယ်မလွယ်ပါ။ မလွယ်တဲ့ကြားကပင် မရရအောင်ပုံပြောင်းပြီး စွန့်စားကြံခဲ့ခြင်းဖြစ်သည်။ သူ့စီမံကိန်း အခိုင်အမာတည်ဆောက်ဖို့ မင်းဒက်စ် လော့စ်အိန်ဂျလိစ်သို့ ပြေးပြီး ...**

စတက်ဖိုးဒ်(၃၀)နှစ်နှင့်သူ့ဇနီး ကက်သလင်း(၂၈)နှစ်တို့က ကနေဒါသံအမတ်ကြီး ကင်းတေလာ၏ နေအိမ်တွင် ပုန်းအောင်းနေကြသည်။

ခိုမေနီကလည်း အမေရိကန်သံရုံးကို သူလျှိုဌာနချုပ်အဖြစ် ကြေငြာထားပြီး သူလျှိုလုပ်ငန်းနှင့်ကင်းရှင်းသော တန်ဆာခံများကိုသာ လွှတ်ပေးမည်ဟု အမိန့်ထုတ်ထားသည်။

**တီဟီရန်**

ဒီဇင်ဘာလ၊ မြူဝေနှင်းဆိုင်း မှုန်မှိုင်းမှိုင်း ညတစ်ည။

သံအရာရှိကတော်လေး ကိုရာက စာလုံးစီ ကစားပွဲကို စိတ်ဝင်တစား ကြည့်နေမိသည်။

ဂျွန်ဇီနာရှာရီဒွန်း တစ်အိမ်လုံးမှာ ပြတင်းတံခါး လေတိုးသံများမှလွဲ၍ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

အမေရိကန်ဝရမ်းပြေးတွေမှာ ၈ ပတ်လုံးလုံး စားပွဲဝိုင်းကစားနည်းများ ဖြင့်သာ အချိန်ဖြုန်း အပျင်းပြေနေကြ ရသည်။

ပြီးတော့ လှိုင်းတိုရေဒီယိုငယ်လေးမှ နိုင်ငံရေးသတင်းတွေကိုသာ နားစွင့်နေကြရသည်။

"တို့ ဒီငရဲက ဘယ်တော့များမှ လွတ်ကြပါ့မလဲ"

ကိုရာက ရောဘတ်အန်းဒါးစ် ဖဲချပ်တွေကလဖန်ထိုးနေသည်ကို ငေးကြည့်ရင်း တွေးဆမိခြင်းပါ။

ရက်ရှည်လများ တံခါးပိတ်၊ အခန်းအောင်းနေရသည်မှာ ကြာတော့ သည်းမခံနိုင်စရာ။

ဒါပေမဲ့ အနီးရှိ တပ်စခန်းတစ်ခု မှ တော်လှန်ရေးအစောင့်တပ်သားတ ဦး လမ်းသလားနေသည်ကိုတွေ့ပြီး စားထွက်ပြေးဖို့ မလွယ်မှန်းလည်း လည်လိုက်ပါသည်။

+++

အမေရိကန် ၆ ဦးကို ကယ်ထု ရေးအတွက် အယောင်ဆောင်ဖ လမ်းတွေ စဉ်းစားကြသည်။

အမေရိကန်အစိုးရပိုင်းကအလု ရှာထွက်လာသော အလုပ်လက် ကျောင်းဆရာတွေအဖြစ် အယောင် ဆောင်ဖို့ ကြံခဲ့သည်။ ဒါကို မင်းဒက်စ် က ဘဝင်မကျဘဲ ပယ်ချလိုက်သည်

အော့တာဝါမှ တာဝန်ရှိပုဂ္ဂိုလ် များကလည်း အီရန်ရွာတွေကို သုတေ သနခရီးထွက်လာသော အာဟာရ ဖြိုးရေးပညာရှင်တွေအဖြစ် ဖန်တီး အဆိုပြု၏။ ဒါပေမဲ့ ဆောင်းတွင်းကြီး လာကြတယ်ဆိုတာ ယုတ္တိမရှိ။

မင်းဒက်စ်အနေနှင့် ကနေဒါနိုင်င သားတွေယောင် ဆောင်တာတော့ လက်ခံသည်။ ဒါပေမဲ့ သူတို့ ဘယ်သ ဘယ်ပုံ တီဟီရန် ရောက်ခဲ့ကြတာလ ဟူသော အကြောင်းပြချက်ကောင်း ကောင်းကို ရှာဖို့အရေးကြီးသည်ဟု သဘောပေါက်သည်။

ရုတ်တရက် ဟောလီးဝုဒ်မှ ပါရမီ ရှင် မိတ်ကပ်ဆရာကြီး ဂျွန်ချိန်ဘားကို သွားတွေးမိလိုက်သည်။ ဂျွန်ချိန်ဘား က မျောက်ဝံကမ္ဘာဟူသော ကမ္ဘာကျော် ကားဖြင့် မိတ်ကပ်အကယ်ဒမီရခဲ့သူ နောက်ပြီး သူက မင်းဒက်စ်အား ရုပ် ဖျက်နည်းပညာတွေ ကူညီသင်ကြား ပေးခဲ့ဖူးသည်။

မင်းဒက်စ်သည် ချိန်ဘားနှင့်တွဲ


www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ကုမ္ပဏီများသို့ ဝင်ထွက်ပြီး ကျကူးထုတ်လုပ်ရေးလုပ်ငန်းတွေကို အဆုံး လေ့လာဖူးသည်။

အီရန်နိုင်ငံတွင် ရိုက်ကူးလေ့လာ အဖွဲ့လွှတ်ပြီး တန်ဆာခံပြသနာ ငြိမ်းအေးစေမည့်အလုပ်ကို ကနေဒါ ရုပ်ရှင်ကုမ္ပဏီတစ်ခုအနေဖြင့်တော့ လုပ်ပေးမည်မထင်ပါ။

မင်းဒက်စ် ချိန်ဘားထံ ဖုန်း ဆက်လိုက်သည်။

''ဂျွန်ရေ ရိုက်ကွင်းလေ့လာရေး အဖွဲ့တစ်ဖွဲ့မှာ လူအင်အားဘယ် လောက်ပါတတ်သလဲ''

''ခြောက်ယောက်လောက်တော့ ပါတတ်တာပဲ''

ချိန်ဘားက ပြန်ဖြေသည်။

မင်းဒက်စ်ပျော်သွားသည်။ ချိန် ဘားပြောသမျှ လိုက်မှတ်သည်။

''ရိုက်ကွင်းမန်နေဂျာ၊ အခမ်း အနားပြင်ဆင်ရေးဓာတ်ညွှန်းရေးဆရာ၊ ဘယ်ယူပို့ဆောင်ရေးမန်နေဂျာများ'' မင်းဒက်စ်က စစ်ဆင်ရေးစီမံကိန်း သုံး လုံးခွဲလိုက်သည်။

ပြည်ထောင်စုအစိုးရနှင့် ကနေဒါ အစိုးရ၏ အယောင်ဆောင်ဓာတ်လမ်း များနှင့် သူ့စိတ်ကြိုက် ရုပ်ရှင်ရိုက်ကူး ရေးအဖွဲ့တို့၏ လှုပ်ရှားမှုများပင်ဖြစ် သည်။

သူ့စီမံကိန်းအရ စီအိုင်အေ အနေဖြင့် ရုပ်ရှင်ကုမ္ပဏီတစ်ခု ဖန်တီး မည်။ ကနေဒါ ၆ ယောက်ကို ခန့် ထားရမည်။

စပိုင်မုန်းတီးရေးဝါဒ ပြန့်ပွားနေ သော တီဟီရန်တွင် ရုပ်ဖျောက်ဖို့ ကယ်မလွယ်ပါ။ မလွယ်တဲ့ကြားက ပင် မရရအောင်ပုံပြောင်းပြီး ခွန့်စား ကြံခဲ့ခြင်းဖြစ်သည်။

သူ့စီမံကိန်း အခိုင်အမာတည် ဆောက်ဖို့ မင်းဒက်စ်လော့စ်အိန် ဂျလိစ်သို့ ပြေးပြီး ချိန်ဘားနှင့် ဆွေးနွေး သည်။

သူတို့က ကိုလံဘီယာ ပစ်ချား ကုမ္ပဏီကြီး၏ လက်ခွဲ စတူဒီယိုဆစ် မှ ရုပ်ရှင်ရိုက်မည်။ ဇာတ်ကားနာမည် က အာဂို။

၁၉၈၀ ခု၊ ဇန်နဝါရီလ ၁၆ ရက် နေ့ထုတ် ဟောလီးဝုဒ်သတင်းထောက် စာစောင်တွင် အာဂိုရုပ်ရှင်ကားရိုက် မည့်အကြောင်း မျက်နှာပြည့်ကြော်ငြာ ခဲ့သည်။ ''စကြဝဠာကြီးကို မီးလောင် တိုက်သွင်းပစ်မယ့် အာဂို'' အား လာ မည့်မတ်လတွင် စရိုက်တော့မည်။

ထို့နောက် မင်းဒက်စ်သည် ဝါရှင် တန်မှ စီအိုင်အေအကြီးအကဲများနှင့် တွေ့ပြန်သည်။ စတူဒီယိုခြောက်မှ ရုပ်ရှင်ကားသစ်တစ်ကားကို ငွေကုန် ကြေးကျ အမြောက်အမြားခံ၍ ရိုက်ကူး ထုတ်လုပ်မည့် သတင်းအား ရုပ်ရှင်မြို့ တော် ဘီဗာလီဟီးလ်ရှိ စားသောက် ဆိုင်တိုင်းကို ပျံ့နှံ့နေပြီဖြစ်ကြောင်း တင် ပြသည်။

တခြားပုဂ္ဂိုလ်တွေက သူ့စီမံချက် ကို အခြေအတင်ဆွေးနွေးသော်လည်း အရှေ့ဖျားဌာန လက်ထောက်ညွှန်မှူး က ပြုံးပြုံးလေးနှင့် ...

''တကယ့်အကောင်းဆုံး အကြံ ပဲ'' ဟု ထောပနာပြုခဲ့သည်။

မကြာမီကပင် ကနေဒါဝန်ကြီး ချုပ် ဂျိုးကလာ့ခ်က လူ ၆ ယောက် အတွက် နာမည်တုတွေဖြင့် တရားဝင် ပတ်စ်ပို့တွေ ထုတ်ပေးလိုက်၏။

စီအိုင်အေပညာရှင်တွေကအချိန် ပြည့်ဝင်ခွင့်ဗီဇာတွေ အတုလုပ်ပေး သည်။ ကနေဒါမြင်းစီးရဲတပ်ဖွဲ့မှ လိပ်စာအတုပါသော ဒရိုင်ဘာလိုင်စင် တွေ ထုတ်ပေးသည်။ ပြီးတော့ ပိုပြီး သဘာဝကျအောင် ကနေဒါနိုင်ငံသုံး မီးခြစ်ဘူးများ၊ ချက်လက်မှတ်များ၊ အပျော်တမ်းကလပ်အသင်းဝင်ကတ် ပြားများ စသဖြင့် ထောက်လှမ်းရေး နယ်ပယ်သုံး အိတ်ဆောင်ပစ္စည်းတွေ လိုလေသေးမရှိ ဖန်တီးခဲ့ကြသည်။

ထို့အပြင် စတူဒီယိုဆစ် နဖူး စည်းဖြင့် လိပ်စာကတ်ပြားများကို စီအိုင်အေကွန်ပျူတာ ဂရပ်ဖစ်ဌာနက ရိုက်ပေးသလို အာဂိုရုပ်ရှင်ဇာတ်ညွှန်း နှင့် စတူဒီယိုသုံး စာရွက်စာတမ်း မှတ် စုမျိုးစုံကိုလည်း အခြားဌာနတစ်ခုက ဖန်တီးပေးသည်။

မင်းဒက်စ်က သူ့မိတ်ဆွေပညာ ရှင်များ ရေးဆွဲပေးသော ဇာတ်လမ်း ရိုက်ကွင်းပုံကြမ်းများကို အထက်အရာ ရှိများကို ပြသရင်းက ...

''စတားဝါးဒ်နဲ့ အာရေဘီယံနိုက် ရုပ်ရှင်နှစ်ကားကို ရောမွှေထားတာပေါ့ ဗျာ'' တဲ့။

တီဟီရန်ရှိ ကနေဒါသံအမတ်ကြီး တေလာက အော့တာဝါမှ အထူးလျှို့ ဝှက်ကြေးနန်းစာကို ဖတ်နေမိသည်၊

တစ်ပတ်အတွင်း စီအိုင်အေအဖွဲ့ တစ်ဖွဲ့ တီဟီရန်သို့ရောက်မည်။ နောက် တစ်နေ့၌ သူ့လက်ထောက်ဈေးကျာလုစီ နှင့် ဧည့်သည်များ တီဟီရန်မှထွက် မည်။

တေလာနှင့် ကျန်အဖွဲ့ဝင်သုံးဦး



www.burmeseclassic.com

www.burmeseclassic.com



က အမေရိကန် ၆ ယောက်နှင့်အတူ တစ်နေ့တည်းထွက်ခွာရန်စီစဉ်ထားသည်။

ထိုနေ့ကား ၁၉၈၀ ခု၊ ဇန်နဝါရီလ ၂၀ ရက်၊ တနင်္လာနေ့။

+++

ဇန်နဝါရီ ၂၃ ရက် ..။

မင်းဒက်စ်သည် ဥရောပရှိ စီအိုင်အေရုံးတစ်ရုံး၌ စစ်ဆင်ရေးအမိန့်ကို စောင့်နေ၏။ မကြာမီ သံကြိုးရောက်လာ၏။

''သမ္မတကြီးက အတည်ပြုသည်။ အောင်မြင်ပါစေ''တဲ့။ နောက်ညမှာတော့ မင်းဒက်စ်တစ်ယောက် အာဂိုရုပ်ရှင်ကား၏ ထုတ်လုပ်သူငွေရှင်အဖြစ် ဟန်ဆောင်ထားသော စီအိုင်အေအရာရှိ အက်ဒ်နှင့်အတူ ဥရောပသားအသွင်ဖြင့် တီဟီရန်သို့ ဆိုက်ရောက်လာပါပြီ။

ကနေဒါတပ်မတော် အစောင့်တပ်ဖွဲ့ဝင်တစ်ဦးက သူတို့ကို လာကြိုပြီး ရှမ်မီရန်းသို့ ကားမောင်းပို့သည်။ အမေရိကန် ၆ ယောက်နှင့် တွေ့ဆုံရသည်။ မင်းဒက်စ်က သူ့စီမံချက်ကို စားပွဲပေါ်ခင်းပြီး ရှင်းပြသည်။

သူက လွတ်မြောက်ရေးလမ်းသုံးသွယ်ကို တင်ပြသည်။ ပြီးတော့ ရုပ်ရှင်အဖွဲ့သုံးမည့် စီမံချက်အရောက်၌ အာဂိုရုပ်ရှင်ကားကြော်ငြာများကို ထုတ်ပြပြီး ..

''ရုပ်ရှင်ဇာတ်လမ်း တာရီဆာ့ဟဲရစ်စ်၊ အဲဒါ မင်းပဲ တာရီဆာ''

ကိုရာအမ်ဆန်းလိုင်ဂျက်စ်ကို ပြုံးပြရင်း ပြောလိုက်သည်။ သူမ ပုံပါသော ကနေဒါပတ်စ်ပို့ကိုလည်း ဖွင့်ပြလိုက်သည်။

''ဟောလီးဝုဒ်က . တို့စတူဒီယိုဆစ်ကိုဘယ်သူပဲ ဖုန်းဆက်ဆက် တာရီဆာဟဲရစ်စ်ဟာ အရှေ့အလယ်ပိုင်းမှာ ရိုက်ကွင်းလေ့လာရေးခရီးထွက် ေနတယ်လို့ ဖြေပေးကြမှာပဲ''

ထိုညမှာတော့ ခိုလှုံသူ ၆ ယောက်စလုံးက ရုပ်ရှင်အဖွဲ့ယောင်ဆောင်သွားမည့် အစီအစဉ်ကို တစ်ညီတစ်ညွတ်တည်း ရွေးချယ်လိုက်ကြတော့သည်။

+++

သံအဖွဲ့ဝင် ၆ ယောက်က ရုံးပိတ်ရက်များတိုင်အောင် သူတို့၏ လံကြုပ်ဒီပနီများကို လေ့လာကျက်မှတ်ကြသည်။

ကနေဒါသံအမတ်ကြီးက အီရန်လူဝင်မှုပုံစံများကို ထုတ်ပေး၍ အမေရိကန်များက သူတို့၏ လိပ်စာတုများနှင့် နာမည်တုတွေ လက်မှတ်ထိုးလိုက်ကြသည်။

ရောဘတ်ဒန်ဒါးစ်က ရက်ဂျီနာမှ ရောဘတ်လီဘိတ်ကာဖြစ်သွားသည်။ အလုပ်အကိုင် ရိုက်ကွင်းမန်နေဂျာ ကိုရာလိုင်းဂျက်စ်က ဇာတ်ညွှန်းရေးဆရာမ တာရီဆာဟဲရစ်စ်ပေါ့။

မင်းဒက်စ်က အမေရိကန်များအား ဗီဇာအဝါရောင်မိတ္တူစာရွက်ကို ပတ်စ်ပို့ထဲ၌ သိမ်းထားရန်ပြောပြီး အဖြူရောင်မူရင်းစာရွက်ကို မီးရှို့ဖျောက်ဖျက်ပစ်လိုက်သည်။

''ဒါဖြင့် လေဆိပ်မှာ ကျွန်တော်တို့မိတ္တူတွေကို သူတို့မူရင်းနဲ့ ဘယ်သူကမှ တိုက်မကြည့်ကြတော့ဘူးလား''

''အချင်ယောင်သာဆောင်ပြီး အသာပါးစပ်ပိတ်နေကြပါ။ သူတို့ရဲ့မူရင်းစာရွက်တွေ ဘာဖြစ်ကုန်တယ်ဆိုတာ ဘယ်သူသိတာလိုက်လို့''

ဒီနောက် ရော့ဂျာလူစီက အီရ[illegible]တော်လှန်ရေးအစောင့်တင်အရာရှိ[illegible]ယူနီဖောင်းဖြင့် ရောက်လာသည်။ သူက အမေရိကန်တစ်ယောက်ချင်းကို[illegible]ဟိန်းဟောက်ပြီး စစ်ဆေးသည်။

''မင်း ဒီဗီဇာဘယ်ကရတာလဲ[illegible]ဘယ်တုန်းကလဲ''

သူက တကယ့်ဖာရစီလေသံဖြင့်[illegible]အပြတ်ဖြဲခြောက်ခြင်းဖြစ်ပါသည်။ ပြီး[illegible]တော့ အသံပြကြီးနှင့် အော်ငေါက်လို့[illegible]

''အမေနာမည်၊ အဖေ့မွေးနေ့[illegible]မင်းလူလိမ်၊ မင်းစပိုင်ပဲ''

ပဏာမစစ်ဆေးမှု မအောင်သူ[illegible]များ နောက်တစ်ကြိမ်ထပ်အစစ်ခံရ[illegible]သည်။ စီအိုင်အေအဖွဲ့ဝင်များက စိတ်[illegible]တိုင်းမကျမချင်း အထပ်ထပ်စစ်ဆေး[illegible]သည်။

တနင်္ဂနွေ ညနေပိုင်းမှာတော့ မင်းဒက်စ်က သူ့ရုပ်ဖျက်လုပ်ငန်းကို စသည်။ မတ်စ်လိုင်းဂျက်၏ ရွှေရောင်မှတ်ဆိတ်များကို အနက်ရောင်ဆိုးပစ်[illegible]သည်။

ကက်သလင်းစတက်ဖို့ဒ်၏ ဆံပင်ရှည်များကို နောက်လှန်သိမ်းပြီး ဆံညှပ်တွေနှင့် ထိုးပေးသည်။ ကော်ကိုင်းမျက်မှန်ထူကြီးဆင်သည်။

ရောဘတ်အန်ဒါးစ်၏ မျက်နှာကို တီဟီရန်တွင် လူတိုင်းလိုလို သိကြသ[illegible]ဖြင့် နဂိုရုပ်ဖျောက်ပစ်ဖို့ မနည်းကြိုးစားရသည်။ ဒါပေမဲ့ အန်ဒါးစ် ရေချိုးခန်းထဲသို့ ပြန်ဝင်လာသောအခါ မင်းဒက်စ်အားရကျေနပ်သွားသည်။ သူက အပြာရောင် ပိုးအကျီလည်ဟိုက်နှင့် ရင်ဘတ်

www.burmeseclassic.com



ည်း ရွှေပြားဆွဲကြိုးကြီးဆွဲလျက် ရွှေရောင်ဆံပင်တွေကိုလည်း ပုံစံ င်းထားလိုက်ပါပြီ။ အန်ဒါးစ်ကား ပြီလောက်စရာကောင်းအောင် လီးဝုဒ် ရုပ်ရှင်မင်းသားတစ် ယောက်ပုံ အပီအပြင်ပြောင်းနေပါပြီ။

"ခင်ဗျား တကယ် ရုပ်ရှင်ရိုက် လို့တောင် ရတယ်"

မင်းဒက်စ်က ဖွင့်ဟလိုက်ရသည် သိ။

+++

နောက်တစ်နေ့ မွန်းလွဲ ၃ နာရီ ပြီးကတည်းက မင်းဒက်စ် လေဆိပ် ကြိုရောက်နေသည်။ အခြေအနေ အကဲခတ်ရင်း အဖွဲ့ကို လာစောင့် မိခြင်းပါ။

သူတို့စီးရမယ့် ဆွစ်လေကြောင်း ယာဉ်ကြီးကလည်း အသင့်ရောက် တာ တွေ့ရသည်။

မင်းဒက်စ်က ဂိတ်ဝင်လမ်းတစ် တွင် စုရုံးနေကြသော အမေရိကန် ယောက်ကို အချက်ပြလိုက်သည်။ သူတို့က စိုးရိမ်တုန်ရီနေသော လက် တွေဖြင့် ကနေဒါတံဆိပ်တွေကပ်ထား သော လက်ဆွဲအိတ်များကို ကျစ်ကျစ် အောင်ဆုပ်ရင်း ဝင်လာကြသည်။

စတူဒီယိုတာဝန်ခံပုံဖမ်းလျက် က်နှာခပ်တင်းတင်းဖြင့် အဖွဲ့ကို ဦး ဆောင်လာသည်။ သူ့အပေါ်ရုံကုတ် ကို ပခုံးပေါ်တင်ပြီး ခပ်တည် ည်ဝင်လာပုံက တကယ့်ရုပ်ရှင် အိုက် င်အပြည့်။

မင်းဒက်စ်နှင့် အက်ဒ်တို့က သူတို့ နောက်မှရောဝင်ရင်း အီရန်ထောက်လှမ်း များကို မသိမသာရှာဖွေလာသည်။

ထိုအချိန်က လေဆိပ်ထဲ၌ အီရန် လူမျိုးတွေ အများအပြားရှိနေသလို ကို ရာလိုင်းဂျက်စ်ကို အသဲအမဲ လိုက်ငမ်း ကြသည်။

ကက်သလင်းစတက်ဖို့ဒ်က တေ ပတ်လည်ကို မျက်စိကစားရင်း ဣန္ဒြေ မပျက်အောင် ထိန်းနေသည့်ကြားမှ သူ့ ရုံးသို့ ဗီဇာလာလျှောက်ဖူးသော အီရန် တစ်ယောက်ကို တွေ့ပြီး တုန်လှုပ်သွား မိ၏။

မင်းဒက်စ်က လက်မှတ်ကောင် တာနှင့်အကောက်ခွန်အရာရှိများကို ဖြတ်ကျော်ပြီး အခက်ခဲဆုံး နိုင်ငံကူး ပတ်စ်ပို့ဌာနရှိရာ စကြံလမ်းသို့ ဝင်သွား သော ရှက်ဇ်ကို အကဲခတ်ကြည့်နေခဲ့ သည်။

ရှက်ဇ်က သူ့ပတ်စ်ပို့ကို ကောင် တာပေါ် တင်လိုက်သည်။ လူဝင်မှု ကြီး ကြပ်ရေးအရာရှိက တော်လှန်ရေးတပ် ဖွဲ့ယူနီဖောင်းဝတ်ထား၏။ သူက ရှက်ဇ် ၏ ပတ်စ်ပို့ကို အကြာကြီးစစ်ဆေး ပြီး ...

"ဒါ ခင်ဗျားဓာတ်ပုံ အစစ်ပဲ လား"

အေးစက်မာကြောသော လေသံ ဖြင့် မေးသည်။

"ဟုတ် .. ဟုတ်ပါတယ် အစစ် ပါပဲ"

ရှက်ဇ်က အထစ်ထစ်ဖြင့် ပြန် ဖြေသည်။

အရာရှိလုပ်သူက ထိုင်ရာမှထပြီး နောက်ခန်းတံခါးကို ဖွင့်ဝင်သွားသည်။

"ဒုက္ခပါပဲ .. သူ ငါ့ရဲ့ အဝင်ဗီဇာ လက်ခံမှုရင်းကို သွားကြည့်ပြီနဲ့တူ တယ်"

ရှက်ဇ် အတွေးဆိုးများဖြင့် ရင် ထိတ်နေမိ၏။

အရာရှိ ပြန်ထွက်လာသည်။ ပတ်စ်ပို့ကို ကမ်းပေးရင်း ...

"[illegible] ခင်ဗျားနဲ့သိပ်မတူ ဘူး" [illegible]

[illegible]

[illegible]

[illegible] တံဆိပ်ရိုက်ပြီး [illegible] တင်ပေးလိုက်သည်။

နောက်လူတွေ [illegible] သူက အထဲပြန်ဝင်သွားသည်။ [illegible] ဖက်ရည်တစ်ခွက်သောက်ရင်း ပြန်ထွက် လာသည်။

ကက်သလင်းစတက်ဖို့ဒ်ခမျာ သူ့ ရှေ့မှာ အီရန်မိသားစုကို အကြီး အကျယ်မေးခွန်းထုတ်နေပုံကို တွေ့ပြီး မျက်စိတွေ စုံမှိတ်ထားမိသည်။ ဘုရား တနေဟန်တူသည်။

ထို့နောက် လူဝင်မှုအရာရှိ အား ကုန်ပြီး ပင်ပန်းသွားသလို ကနေဒါ ပတ်စ်ပို့များကို ဆက်တိုက် တံဆိပ်ထု ပြီး လွှတ်ပေးလိုက်တော့သည်။

မင်းဒက်စ်နှင့် အက်ဒ်က သံရုံး ဝန်ထမ်း ၆ ယောက်စလုံး လေယာဉ် ကွင်းထဲမဝင်ရမချင်း သူတို့က စစ်ဆေး ရေးဌာနတွေကို မသွားသေး။

"တို့ အန္တရာယ်စက်ကွင်းက မ လွတ်သေးဘူး"

ကိုရာက သူ့ကိုယ်သူ စိတ်ထဲမှာ ပြောရင်း အတွင်းချွေးပြန်နေရှာသည်။ အီရန်ရဲတွေ ဖြန်းခနဲ ရောက်လာပြီး



www.burmeseclassic.com

ဝရမ်းပြေးတွေဆိုပြီးများ ဝင်စစ်ဆေးလေမလား။

တစ်ယောက်ယောက်ကများ အစစ်ခံရင်း နာမည်အမှန်ကို ယောင်များပြောမိခဲ့လေသလား။

ဒါဆိုရင် တို့လေယာဉ်ကို ထွက်ခွင့်မပေးဘဲ တားထားနိုင်တာပဲ။

ပူပန်စိတ်တွေနှင့် တွေးမိတွေးရာ လျှောက်တွေးနေမိခြင်းပဲဖြစ်ပါသည်။ ထိုအချိန်မှာပင် အသံချဲ့စက်မှ ကြေငြာလိုက်ပါသည်။

''ဆွစ်အဲယားလေကြောင်းခရီးစဉ်အမှတ် ၃၆၃ ဟာ လေယာဉ်စက်ချွတ်ယွင်းမှုကြောင့် သတ်မှတ်ချိန်ထက်နောက်ကျပြီးမှ ထွက်နိုင်ပါလိမ့်မယ်'' တဲ့။

နောက်ကျမှုကြောင့် အထွက်လမ်းမှာ လူတွေပြည့်ကြပ်လာပါတော့သည်။

တော်လှန်ရေးအစောင့်တပ်သားတစ်ယောက်က ခက်ထန်ထန်မျက်နှာထားနှင့် ဝင်လာပြီး စာရွက်စာတန်းတွေ လိုက်စစ်သည်။

ကိုရာက စိုးရိမ်စိတ်ဖြင့် သူ့ခင်ပွန်းနား တိုးကပ်ထားသည်။

ကျိုးစတာက်ဖို့ဒ်က သတင်းစာတစ်စောင်ကိုယူ၍ ခေါင်းစိုက်ဖတ်ချင်ယောင်ဆောင်နေ၏။

ဘုရားသခင် …။

ကိုရာ ဘုရားတလိုက်သည်။ ကျိုးဖတ်နေသည့်သတင်းစာက မဂိုဘာသာဖြင့် ရေးထားတဲ့ သတင်းစာ။ ကနေဒါရုပ်ရှင်သမားတစ်ယောက် ဘယ်လိုမှ ဖတ်တတ်မှာမဟုတ်တဲ့စာ။

မင်းဒက်စ်က လေယာဉ်ပျံသန်းမှုသတင်းကို စောင့်မျှော်နားစွင့်ရင်းက တော်လှန်ရေးအစောင့်တပ်သားတွေ လှုပ်ရှားမှုကို မသိမသာအကဲခတ်နေမိသည်။ ဒီကောင်တွေ ရွှေမှောင်ခိုတွေကို လိုက်ရှာနေတာပဲဖြစ်ပါစေလို့လည်း ဆုတောင်းမိပါသည်။

နောက်ဆုံးတော့ အသံချဲ့စက်က–

''ဆွစ်အဲယား လေယာဉ်ခရီးစဉ် ၃၆၃ ထွက်ခွာပါတော့မယ်။ ခရီးသည်များ လေယာဉ်ပေါ်သို့ တက်နိုင်ကြပါပြီရှင်''

လို့ ကြေညာသံထွက်လာသည်။

အမေရိကန် ၆ ယောက်နှင့် စီအိုင်အေသိုးထိန်းများ ဂျက်လေယာဉ်ကြီးပေါ်သို့ ရောက်သွားကြပါပြီ။

လေယာဉ်ကြီး အီရန်လေကြောင်းပိုင်နက်မှလွတ်သွားသည်နှင့် မင်းဒက်စ်က နောက်လှည့်ပြီး သံတမန်အဖွဲ့ဝင်များကို သွားအဖွေးသား ပြုံးပြလိုက်ရာ အောင်မြင်ခြင်းအထိမ်းအမှတ်ဖြင့် လက်မထောင်ပြလိုက်ပါတော့၏။

+++

၁၉၈၀ ခုနှစ်၊ မေလတွင် တိတ်တိတ်ပုန်းကျင်းပသည့် အခမ်းအနားတစ်ခု၌ မင်းဒက်စ်ကို စွန့်စားကယ်တင်မှုအတွက် ထောက်လှမ်းရေးကြယ်တစ်ပွင့်ဆုကို အပ်နှင်းခဲ့သည်။

သူက နောက် ၁၁ နှစ်တိုင် အမှုထမ်းပြီး အဆင့်မြင့်ရာထူးတက်ခဲ့ရသလို လျှို့ဝှက်တာဝန်တွေ ထမ်းဆောင်ခဲ့ပါသည်။

ထိုမှ ၁၇ နှစ်အကြာတွင် လီရှက်ဖ် နှင့် သူ့ဇနီး။ သားငယ်တစ်ဦးတို့က မင်းဒက်စ်၏ ပန်းချီခန်းသို့ လာလည်ကြ၏။ မင်းဒက်စ်နှင့် ရှက်ဖ်တို့ကတော့ တီဟီရန်မှ သည်းထိတ်ရင်ဖို စွန့်စားခန်းကို နှစ်ကိုယ်ကြား စမြုံပြန်လို့မဆုံး။

နောက် ‥ မင်းဒက်စ်က ရှက်ဖ်၏ ဇနီးနှင့်သားကို ကြည့်ပြုံးပြီး …

''လီ ‥ မင်းကတော့ မိသားစုတွေ တပြုံကြီးနဲ့ ပျော်စရာကြီးပေါ့ကွာ'' တဲ့။

၁၉၉၇ ခု၊ စက်တင်ဘာ ၁၈ ရက်၌ စီအိုင်အေညွှန်ကြားရေးမှူး ဂျော့ချ်တင်းနက်က မင်းဒက်စ်ကို အောင်ပွဲရသူရဲကောင်းဆု ချီးမြှင့်ခဲ့ပြန်သည်။

တင်းနက်၏ ဂုဏ်ပြုသဝဏ်လွှာတွင် …

''သင့်ရဲ့ တာဝန်ထမ်းဆောင်မှုကို အမေရိကန်ပြည်သူများသာသိကြလျှင် အကြီးအကျယ်ကျေးဇူးတင်ကြမည်သာ ဖြစ်ပါကြောင်း'' ဟု ထည့်သွင်းရေးသားထားပါတော့သည်။

ညီညီနိုင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


□

"ဒေါက် .. ဒေါက် .. ဒေါက်"

အသံကြားရာဆီသို့ မြလေးနွယ် နားစွင့်လိုက်သည်။ တစ်ခုခုကို အချက်ပေးကာခေါက်နေသောအသံဖြစ်သည်။ နောက်ထပ်ခေါက်သံကြားရသည်။ သေချာပါသည် ..။ အချက်ပေးခေါ်သော အသံဖြစ်သည်။ မျက်ခုံးနှစ်ဖက်ကို အတွင်းဘက်သို့စုကာ မျက်မှောင်ကြုတ်လိုက်သည်။ စိတ်ညစ်သော အသွင် စိတ်မရှည်သောအသွင်ကို မြလေးနွယ်၏မျက်နှာပေါ်တွင် အထင်းသား တွေ့ရမည်။

"ကဲ .. ခဏလေးနော်၊ ခေါ်နေတာကြာရင် တစ်မျိုးထင်နေဦးမယ်"

အနားတွင်ရှိသော အဖော်အား ပြုံးချိုသောမျက်နှာနှင့် စကားကို ဖြေသိမ့်ပြော ပြောလိုက်သည်။ ထိုင်နေရာမှထပြီး အခန်း၏ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ လုံးဝအဖွင့်ကြီးဖွင့်ခြင်းမဟုတ်။ အလင်းရောင်ဝင်ရုံလောက်သာ ခပ်ဟဟလေး ဖွင့်လိုက်သည်။

"ဟင်း .. သွားလိုက်ဦးမှ"

သက်ပြင်းချလိုက်ပြီး ပုံသဏ္ဌာန်ပျက်နေသောခေါင်းမှဆံပင်ကို သပ်သပ်ရပ်ရပ်ပြုလုပ်လိုက်သည်။ အင်္ကျီနှင့် ထဘီကိုလည်း ပြန်လည်ကာ ပြင်ဝတ်လိုက်ပြီး အခန်း၏တံခါးကို ဖွင့်ကာ ထွက်လာခဲ့သည်။

"ပြန်မယ်ဆိုလည်း ပြန်လိုက်တော့"

အတွင်းဘက်သို့လည်း လှည့်ကာ ပြောလိုက်သည်။ အခန်းတွင်းရှိသူက မြလေးနွယ်၏စကားကို လက်ခံသည့်အလား ခေါင်းညိတ်ပြီး အခန်းထဲမှ ခြံအပြင်ဘက်သို့ ထွက်သွားသည်။ ထိုသူ၏ လှုပ်ရှားမှုပုံသဏ္ဌာန်ကို အိမ်ကြီးအပေါ်ထပ်မှ တစ်ဦးတစ်ယောက်က ကြည့်နေသည်။ ကြည့်နေသောသူ၏ မျက်နှာတွင် ရွံရှာမုန်းတီးသော အရိပ်သဏ္ဌာန်ကို တွေ့မြင်နိုင်သည်။ မြလေးနွယ်တစ်ယောက် အိမ်အောက်ထပ်မှ အပေါ်ထပ်တက်ရန် လှေကားမှ အပြေးကလေးတက်လာသည်။ အသက်အရွယ်အားဖြင့် သုံးဆယ်ဝန်းကျင်[...] ရှိသေးသော မြလေးနွယ်၏ လှုပ်ရှား[...] မှာ သမင်ပျိုမလေးခုန်ပေါက်မြူးတူး[...] သည့်ပမာ။

အသွင်သဏ္ဌာန်က မြူးထူးသွ[...] လက်သလို ကိုယ်နေဟန်ကလည်[...] ကျော့ရှင်းလှပသည်။ ကြည်လဲ့[...] ကြည်သော မျက်လုံးအစုံရှိသည်[...] မျက်လုံးအစုံထက်က ကော့ရွန်းသော[...] မျက်တောင်အလှကို ထပ်ဆင့်[...] အလှပြုထားသည်က နက်မှောင်[...] ထူထဲသောမျက်ခုံးနှစ်ဖက်က နှာတံ[...] ပေါ်၊ နှင်းဆီငုံနှုတ်ခမ်းဖူးဖူး[...] အတွက် ပိုမိုလှပစေသည်။ ညိုစိမ့်[...] အသားအရေက ညက်စင်ကာ [...] မွတ်နေသည်။ ထိုလှမျိုးစု၏ ပိုင်[...] မှာ မြလေးနွယ်မဟုတ်။ သူ့အလှ[...] တကယ်ပိုင်စိုးထားသူက ...။

"ဟာ .. အစ်ကိုကြီးနိုးပြီလာ[...] နွယ်လေးလည်း ခြံထဲဆင်းပြီး ဘု[...] ပန်းခူးနေတာ။ အပေါ်ထပ်က အစ်[...] ကြီး အချက်ပေးသံကြားလို့ အ[...] တက်လာရတာ မောလိုက်တာ"

ဦးရာဇာမင်းဒင်က အပေါ်[...] သို့ အပြေးတက်လာသည့် မြလေးန[...] ၏ စကားကို ပြုံးကာနားထောင်လို[...] သည်။

"ဖြည်းဖြည်းတက်လာပါက[...] ရယ်၊ အစ်ကိုကြီးနိုးနေပြီဆိုတာ[...] ဘဲလ်အချက်ပေးလိုက်တာ။ ဒီမှာ [...] ကြီးလည်းရှိသားပဲ။ အစ်ကိုကြီးကို[...] ကုလားထိုင်ပေါ် တင်ပေးခဲ့တာ"

"အို အစ်ကိုကြီး နိုးနေပြီ[...] လေးနွယ်က အနားမှာ[...]ဖြစ်မှာ[...]


www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယောက်ျားကို ကိုယ်ပဲပြုစုမှာပေါ့''

မြလေးနွယ်က ချစ်စဖွယ်အပြုံးနှင့် ဦးရာဇာမင်းဒင်အနားသို့လာကာ ဘီးတပ်ကုလားထိုင်အနားတွင် ခုံပုတစ်လုံးဆွဲကာထိုင်လိုက်သည်။

''ဦးလူဝကြီးကော အစ်ကိုကြီး''

''သူ့ကို ကိစ္စလေးတစ်ခုရှိလို့ ခြံထဲလွှတ်လိုက်တယ်''

''ဒါဆို မြလေးနွယ် ဘာလုပ်ပေးရမလဲ။ အစ်ကိုကြီးအတွက် မြလေးနွယ်က လုပ်ပေးရမှာ။ ကဲ . . အစ်ကိုကြီး ဘာစားချင်သလဲ။ ဒေါ်ထုံကြီးကို ခိုင်းဘဲ မြလေးနွယ်ကိုယ်တိုင် လုပ်ပေးမယ်လေ''

''သူက ဈေးသွားပြီလေ။ ညထဲက ဈေးဖိုးယူထားတာလေ မေ့နေတာလား''

''အို . . ဟုတ်ပါရဲ့၊ မြလေးနွယ် မေ့သွားလို့။ ဒါဆို မြလေးနွယ် အစ်ကိုကြီး ကြိုက်တဲ့ ကြက်ဥနဲ့သီးစုံထမင်းကြော်လိုက်မယ်။ နောက်ပြီး မောမစ်ပူပူလေး ဖျော်လာခဲ့ပေးမယ်''

အနားမှထပြီး မီးဖိုချောင်ထဲသို့ ခြေလှမ်းသွက်သွက်နှင့် လှမ်းဝင်သွားသည်။ မြလေးနွယ်၏ခန္ဓာကိုယ်နောက်ပိုင်းအလှကို ဦးရာဇာမင်းကြည့်ကာ သက်ပြင်းချမိသည်။ နာရီဝက်လောက်ကြာလျှင် ပူပူနွေးနွေး အငွေ့ထနေသော ပြောင်းဖူး၊ မုန်လာဥနီ၊ ပဲသီး၊ ကြက်ဥတို့နှင့်ကြော်ထားသော ထမင်းကြော်ပန်းကန်ကိုင်ကာ ဦးရာဇာမင်းဒင်အနားသို့ ရောက်လာသည်။

''ကလေးလည်း အစ်ကိုကြီးအတွက်နဲ့ ပင်ပန်းနေပြီ''

''ဒါလောက်လေးလုပ်ရတာ ပင်ပန်းတယ်လို့ မထင်ပါဘူး အစ်ကိုကြီးရယ်။ အစ်ကိုကြီးရဲ့ ကျေးဇူးတွေက မြလေးနွယ်အပေါ်မှာ ဆပ်လို့တောင် မကုန်နိုင်ပါဘူး''

''ကျေးဇူးတရားတွေ . . ကျေးဇူးတရားတွေလို့ မပြောပါနဲ့ ကလေးရယ်။ အခု အစ်ကိုကြီးက ခြေမသန်၊ လမ်းမလျှောက်နိုင်တဲ့ ဒုက္ခိတတစ်ယောက်ဖြစ်နေပြီ''

''အစ်ကိုကြီးရယ် . . ပြုစုထိုက်လို့ ပြုစုခွင့်ရတာကိုပဲ မြလေးနွယ်က ကျေနပ်လှပါပြီ''

ဘီးတပ်ကုလားထိုင် လက်တန်းဘေးမှ အရှင်လုပ်ထားသည့် သစ်သားပျဉ်ပြားကို တခြားလက်တန်းပေါ်သို့ လှည့်တင်လိုက်သည့်အခါတွင် အစားအသောက်တင်စားနိုင်သည့် စားပွဲသဖွယ်ဖြစ်သွားသည်။ မြလေးနွယ်သည် ထမင်းကြော်ပန်းကန်ကို အပူသက်သာအောင်လုပ်ပေးပြီး ပန်းကန်ပြားတွင် ဇွန်းနှင့်ခရင်းထားပေးကာ တစ်တောင်ပတ်လည်အဖြူရောင်အဝတ်သန့်သန့်ကို ရင်ဘတ်မှစပြီး အောက်ဘက်သို့ ဖြန့်ခင်းပေးလိုက်သည်။

အနားတွင် စကားလည်းပြောရင်း လိုအပ်တာလည်း ပြုလုပ်ပေးနေသည်။ ဦးရာဇာမင်းဒင် အားရပါးရစားနေပုံကို မြလေးနွယ်သဘောကျစွာ ကြည့်နေသည်။

''အစ်ကိုကြီး အခုလို အားရပါးရစားတာကို မြင်ရတော့ မြလေးနွယ် ဝမ်းသာလိုက်တာ''

''ကလေးကော အစ်ကိုကြီးနဲ့ အတူတူစားပါလား''

''နောက်မှပဲ စားတော့မယ်။ မြလေးနွယ်ပါ အစ်ကိုကြီးနဲ့ အတူတူစားရင် အစ်ကိုကြီးကို သီးသန့်မပြုစုနိုင်ဘူးပေါ့။ မြလေးနွယ် နောက်မှပဲ ထမင်းကျက်မှစားတော့မယ်''

ပါးစပ်တွင် ထမင်းစေ့၊ ဟင်းဆီတို့ပေနေသည်ကို မြလေးနွယ်က သူ့လက်ဖဝါးနုနုလေးဖြင့် ဦးရာဇာမင်းဒင်ကို သုတ်ပေးလိုက်သည်။ ဖြူလွလွစက္ကူမွမွလေးဖြင့် တယုတယသုတ်ပေးခြင်းဖြစ်သည်။ မိမိလက်တွင် ပတ်ထားသော နာရီကို မြလေးနွယ် မသိမသာကြည့်လိုက်သည်။ ရင်ထဲမှ သက်ပြင်းကို တိတ်တခိုးချလိုက်သည်။

''အစ်ကိုကြီး . . ဟောဒီမှာ မောမစ်ပူပူနွေးနွေးလေးပါသောက်လိုက်ဦးနော်''

ဇွန်းတပ်ထားသော လက်ဖက်ရည်ပန်းကန်ထဲမှ မောမစ်အရည်ကို မွှေလိုက်ပြီး ဦးရာဇာမင်းဒင်အား ပေးလိုက်သည်။ အားလုံးသောက်ပြီးမှ ဦးရာဇာမင်းဒင်အား အိပ်ခန်းဝအထိ ဘီးတပ်ကုလားထိုင်ကို ရွှေ့ထားပေးလိုက်သည်။

''အစ်ကိုကြီး စားပြီးရင် မြလေးနွယ်ရေချိုးဖို့ ပြင်လိုက်ဦးမယ်။ နေရတာ ငြိုးစိစိကြီးဖြစ်နေလို့''

''ဩော် . . . အေး . . . အေး ကလေးသွား၊ အစ်ကိုကြီးလည်း နားလိုက်ဦးမယ်''

မြလေးနွယ် လှေကားအတိုင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဦးရာဇာမင်းဒင်အနားမှ ခွာခဲ့လေတိုင်း



www.burmeseclassic.com

**မြလေးနွယ်သည် ချောသည်။ တုဖက်ပြိုင်ကင်းသော အလှရှိသည်။ စီးပွားရေးအတွက်သာမက ဇနီးသည်အပေါ် လွှမ်းငွေ့ပြေအောင် ဦးရာဇာမင်းဒင် ခရီးထွက်သည်။ တည်းခိုခန်းတစ်ခုတွင် မြလေးနွယ်နှင့် အမှတ်မထင်ဆုံသည် . . .**

မိမိ၏ ရင်ထဲတွင် မွန်းကြပ်သလို ခံစားရသည်။ မချစ်သော်လည်း အောင့်ကာနမ်းရသည်ဆိုသည့် စကားမှာ သူ့အတွက်များလေလား။

အောက်ထပ် ညေ့ခန်းတွင်းရှိ ကုလားထိုင်တစ်ခုပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ရင်ထဲတွင် မောဟိုက်ကာ မွန်းကြပ်လွန်းလှသည်။ မြလေးနွယ်တစ်ယောက် သူ့ဘဝကို စဉ်းစားမိကာ ရင်မောမိသည်။ ဦးရာဇာမင်းဒင်အကြောင်းကို ပြန်ပြောင်းကာ စဉ်းစားမိသည်။

သိင်္ဂီနဒီဆိုသည့်ခြံနှင့် ယှဉ်တွဲ ကာ ဦးရာဇာမင်းဒင်ကိုပါ လူတိုင်းသိကြသည်။ သိင်္ဂီနဂီခြံကြီးမှာ ကေနှစ်ဆယ်နီးပါး ကျယ်ဝန်းသော ခြံကြီးဖြစ်သည်။ မြင်းမွေးသည်၊ နို့စားနွားမွေးသည်။ တချို့နေရာတွင် နေကြာပန်းအခင်းတွေ မြင်ရသည်။ လိုအပ်သော လုပ်ငန်းများအတွက် အလုပ်သမားများထားရှိသည်။ ခြံနှင့်ခပ်လှမ်းလှမ်းတွင် နှစ်ထပ်တိုက် ခိုင်ခိုင်ခန့်ခန့်ကြီးက ထည်ဝါလှသည်။ ထိုတိုက်အိမ်ကြီးတွင် ဦးရာဇာမင်းဒင်နေသည်။ ဦးရာဇာမင်းဒင်တွင် ပထမအိမ်ထောင်ရှိသည်။ ထိုစဉ်က ဦးရာဇာမင်းဒင်၏ ဘဝတွင် ချမ်းသာကြွယ်ဝမှုက မစသေးပေ။ မည်သည့်နေရာမှလာမှန်းမသိသော်လည်း သိင်္ဂီနဒီမြို့လေးသို့ ရောက်လာပြီး မကြာမီ ဒေါ်သန့်ဇင်နှင့် အိမ်ထောင်ကျသည်။ ခြံမြေပိုင်ရှင်တစ်ဦး၏ သမီးဖြစ်သူ ဒေါ်သန့်ဇင်သည် အချစ်တစ်ခုကိုသာ ကိုးကွယ်အားထားရာအဖြစ် သတ်မှတ်ထားသည်လားမသိ။ မိဘများထံတွင် ဦးရာဇာမင်းဒင်[…]
လက်ထပ်ဖို့အရေးကို မရရအောင်[…]
ပူစာကာလက်ထပ်ယူခဲ့သည်။

ဦးရာဇာမင်းဒင်ကလည်း အသက်[…]
သုံးဆယ်ကျော်အရွယ်သာရှိသေး[…]
ယောက္ခမတို့၏ သဘောအကြိုက်[…]
လိုက်နိုင်ပြီး အလုပ်ကိုများများလုပ်[…]
လိုက်သည်။ သုံးလေးနှစ်အတွင်းမှာပ[…]
ခြံမြေတစ်ခုလုံးကို ဦးရာဇာမင်းဒ[…]
ကွပ်ကဲရသလို ငွေကြေးကအစ စီ[…]
ခွင့်ရလေသည်။ အသက်အရွယ်ကြီး[…]
လာသော ယောက္ခမနှစ်ဦးလည်း မီးတ[…]
ကုန်ဆီခမ်းကာ ကွယ်လွန်သွားကြပြီ[…]
အသားလတ်လတ်၊ အရပ်မြင့်မြင့်[…]
ကိုယ်နေဟန်ထွားကြိုင်းသော ဦးရာဇာ[…]
မင်းဒင်အဖို့ သူဌေးဆိုသည့် ဘွဲ့ဂုဏ်[…]
ထူးနှင့် လွန်စွာမှ လိုက်ဖက်ညီလှသည်[…]
ချစ်၍ ရအောင်ယူထားသည့် မယား[…]
ဒေါ်သန့်ဇင်အပေါ်တွင်လည်း အချိုး[…]
ပြောင်းလာသည်။ သားသမီးလည်း မ[…]
ထွန်းကားသဖြင့် ဒေါ်သန့်ဇင်ဘဝတွင်[…]
အထီးကျန်ဆန်လာသည်။

မကြာမီဒေါ်သန့်ဇင်ကွယ်လွန်[…]
သည်။ ရုတ်တရက်ဦးနှောက်သွေးကြော[…]
ပြတ်၍ ကွယ်လွန်သွားသည်ဟု ဆိုကြ[…]
သည်။ ဦးရာဇာမင်းဒင်က ကြေကွဲလှ[…]
စွာဖြင့် ချစ်ဇနီး၏အမည်ကို တသသဆို[…]
ကာ မျက်ရည်ဝဲပြသည်။ မီးသင်္ဂြိုဟ်ပြီး[…]
သည်အထိ ဦးရာဇာမင်းဒင်မှာ လွမ်း[…]
တေးမဆုံးသေး။

မြလေးနွယ်နှင့် တွေ့သည့်အချိန်[…]
သူ့နှလုံးသားတို့မှာ အချစ်အတွက်လွှမ်[…]
ရသည့်ဒုက္ခက အနည်ထိုင်စပြုနေပြီ[…]
မြလေးနွယ်သည် ချောသည်။ တုဖက်[…]



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ကင်းသော အလှရှိသည်။ စီးပွားရေးအတွက်သာမက နီးသည်အပေါ် လွှမ်းငွေ့ပြေအောင် ဦးရာဇာမင်းဒင် ရေးထွက်သည်။ တည်းခိုခန်းတစ်ခုတွင် မြလေးနွယ်နှင့် အမှတ်မထင်ဆုံသည်။ မြလေးနွယ်က ထိုတည်းခိုခန်းက ည့်ကြိုဝန်ထမ်းတစ်ဦးဖြစ်သည်။ တစ်ကြိမ်တစ်ခါ မြင်ရုံနှင့် ဦးရာဇာမင်းဒင်၏ နှလုံးသားကို လှုပ်ရှားစေရန် ဆွဲဆောင် မှုပြုလိုက်သည်။ မြလေးနွယ်တွင် မိဘမရှိ၊ မိဘမဲ့ဂေဟာမှ နေ အထက်တန်းပညာအောင်ပြီး ယခုလို ဧည့်ကြိုဝန်ထမ်း သာလုပ်ခြင်းဖြစ်သည်။

''ကလေးကို အစ်ကိုကြီး လက်ထပ်ပါရစေ''

မြလေးနွယ်မျှော်လင့်ထားသည့် စကားတွေကြားရ သည်။ ဆင်းရဲတွင်းမှ ချမ်းသာသည့် ကုန်းမြေပေါ်သို့ လှမ်း တက်ချင်ပြီ။ နှလုံးသားနှင့် ရင်းထားသော ချစ်သူရည်းစား တော့ ရှိသည်။ နှုတ်ခမ်းပွဲ့ချင်းသာဖြစ်သည်။ သူကလည်း သစာနည်းသော ယာဉ်မောင်းသမားတစ်ဦး။ ဦးလေးတစ် ယောက်၏ ကူညီမှုဖြင့် ယာဉ်မောင်းအတတ်ကိုသင်ပြီး ယာဉ်မောင်းကာ ဝမ်းရေးကို ဖြည့်နေရသူဖြစ်သည်။

''နွယ့်ဘဝမှာ ဆင်းရဲတွင်းမှာပဲ မနစ်မွန်းချင်တော့ဘူး။ အချစ်နဲ့ဘဝ ကို တည်ဆောက်ရတာ ပင်ပန်းလွန်းပါတယ် မောင်ရယ်''

ချစ်သူသည် မြလေးနွယ်အား နားလည်ခွင့်လွှတ်လိုက် သည်။ သို့နှင့်ပင် ဦးရာဇာမင်းဒင်ဆိုသော အသက် နှစ် ဆယ်နီးပါးကြီးသည့် သူ့ကို မြလေးနွယ်လက်ထပ်လိုက်သည်။ အကြီးအကျယ်လက်ထပ်ပွဲမလုပ်တော့ဘဲ ရုံးတက်လက်မှတ် ထိုးကာ လင်မယား အရာမြောက်ရသည်။

လက်ထပ်ပြီး နှစ်လသုံးလပေါင်းလာသည့်တွင် အိမ် ထောင်သည်ဘဝ၏ လိုအပ်ချက်ကို မြလေးနွယ်သိလာသည်။ အချင်း ရင်ထဲက အချစ်မရှိသော အိမ်ထောင်ရေး။ အိမ်တွင်း က အိမ်ပြင်မထွက်ရသောဘဝ။ အစစအရာရာ ချုပ်ချယ်မှု။ ကျူးနှံ့မှုတွေကို တန်းစီခံစားပြီး ဇနီးမယားပီသစွာပြုစုရသည်။ အိမ်တွင်ရှိ ဒေါ်သင်းထုံ၊ ဦးလူဝတို့မှာ ဦးရာဇာမင်းဒင်၏ ဆင်သွေး၊ တစ်သံ၊ တစ်မိန့်ကိုသာ နာခံကြသူတွေဖြစ်သည်။ မြလေးနွယ်အတွက် အပေါ်စက်၊ အောက်စက်က အစ ကြည့်ရှု စရာအမျိုးမျိုးကို ရှာပေးထားသည့် ဦးရာဇာမင်းဒင်က ခြံထဲ



BURMESE CLASSIC .com

သို့သာ အသွားများသည်။ မြင်းတွေရှိရာ၊ နွားမ တွေရှိရာသို့ နေ့စဉ်သွားသည်။ တစ်ခါတစ်ရံ သူ့စိတ် ကြိုက် မြင်းတစ်ကောင်ပေါ်တွင် ကုန်းနှီးတင်ခိုင်းပြီး လျှောက်စီးတတ်သည်။

ကံကြမ္မာသည် ကမူးရှူးထိုး ဝင်လာသည်၊

တစ်နေ့ . . . ဦးရာဇာမင်းဒင် မြင်းစီးသွားစဉ် မြင်းပေါ်မှကျသည်။ ခါးရိုးနာသွားသည်ဟု ဆိုသည်။ ဆေး ခန်းပြ၊ ဆေးကုခြင်းမပြု၊ ဦးလူဝဖော်သော ဒေါ်ကြေဆေးနှင့်သာ ကျပ်စည်းသည်၊ ထို့နောက် အောက်ပိုင်းသေသွားသည်။ ဘီးတပ်ကုလားထိုင်နှင့်သာ သွားလာလှုပ်ရှားနိုင်တော့သည်။ မြလေးနွယ်တစ်ယောက် ဒုက္ခ သည်လင်အား အချိန်နှင့်အမျှ ပြုစုရာမလိုသော် လည်း ဦးရာဇာမင်းဒင်ခေါ်လျှင် အချိန်မရွေးရောက် လာရ သည်။

မြလေးနွယ်တို့ အိမ်ကြီးသို့ လူတစ်ဦးရောက်လာ သည်။ သူက ဝဏ္ဏမောင်။ အိမ်တွင်ကားမောင်းရန်ဖြ

www.burmeseclassic.com

သည်။ ဦးရာဇာမင်းဒင်က ကားမောင်းလို့ မရတော့သဖြင့် အပြင်သို့ အလုပ်ကိစ္စအဝဝရှိလျှင် သွားနိုင်ရန် ယာဉ်မောင်းသမားကို ခန့်ထားရခြင်းဖြစ်သည်။ မြလေးနွယ်အတွက် စကားပြောဖော်ရလာသည်။ သူ့အတွက်လည်း အထီးကျန်မဆန်တော့ပေ။ ဝဏ္ဏမောင်က စကားပြောချိုသာသည်။ တစ်ဖက်သားအပေါ် အားနာတတ်သည်။

BURMESE CLASSIC .com

ဝဏ္ဏမောင်အတွက် သည်နေရာသည် ဘူမိနက်သန်နေရာ ဖြစ်ချင်မှဖြစ်မည်။ သို့သော် သူ ပျော်သည်။ ကျေနပ်သည်။ အထူးသဖြင့် မြလေးနွယ်အား အဖော်ပြုရ၍ဖြစ်သည်။ သူနေရသည်က အိမ်မကြီး၏ တောင်ဘက်တွင်ရှိသော မြင်းစောင်းနှင့်ကပ်နေသည့် အိမ်လေးတွင်ဖြစ်သည်။ သွားစရာ ခိုင်းစရာရှိမှ အိမ်ကြီးရှိရာသို့ လာရသည်။ လစာကောင်းကောင်းပေးထားသည်။ မြလေးနွယ်တစ်ယောက် ညှိခန်းတွင် ထိုင်နေရင်းက ဖြစ်စဉ်အားလုံး ကြုံလာခဲ့ရသမျှကို ပြန်လည်စဉ်းစားတွေးနေမိသည်။

"နွယ်"

ခေါ်သံတစ်ခုကြောင့် တွေးလက်စပြတ်ကာ အနည်းငယ် ကိုယ်လေးတုန်လှုပ်သွားသည်။ အနားရောက်လာသူကို မော့ကြည့်လိုက်သည်။

"ဟင် ‥ ကိုဝဏ္ဏပြန်လာပြီလား။ သူတို့ကို သွားပို့တာလား"

"ဟုတ်တယ်နွယ်၊ ဦးလှုဝနဲ့ ဒေါ်သင်းထုံကို အလုပ်ထဲလိုက်ပို့လိုက်တာ။ နွယ် ဘာလုပ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး။ နွယ်တို့အကြောင်းကို စဉ်းစားနေတာပါ။ ကံကြမ္မာက ညင်းဆဲလိုက်တာ၊ ရက်စက်လိုက်တာ"

မျက်နှာလေးညှိုးလျက်ကာ စိတ်ပျက်အားငယ်နေသည့် မြလေးနွယ်အပေါ် သနားမိသွားသည်။

"ဦးရာဇာမင်းဒင်ကို ဖြစ်သမျှအကြောင်းအားလုံးကို ဖွင့်ပြောလိုက်ပါလား နွယ်ရယ်။ သူနဲ့ တရားဝင်ကွာရှင်းပြီးရင် မောင်တို့ ထင်ထင်ပေါ်ပေါ် လက်ထပ်ကြရအောင်"

"သူ နွယ့်ကို ကွာရှင်းခွင့်ပေးမှာ မဟုတ်ဘူး။ နောက်ပြီး အခုလို ဒုက္ခိတဘဝမှာ သူ့အတွက် နွယ်က လိုအပ်နေတယ်"

"သူဟာ နွယ့်ဘဝကို ငွေနဲ့ပိတ်လှောင်ပိတ်ထားတာ။ ချုပ်နှောင်ထားတာ။ မတရားလွန်းတယ်"

"နွယ့်အပြစ်ပါ။ နွယ်က ချမ်းချမ်းသာသာနေချင်တာကိုး။ သူ့ကို အပြစ်မဆိုပါနဲ့။ နွယ့်ဘဝနဲ့နွယ် ရှိပါစေတော့မောင်"

"ဒါဆို ‥ ကိုယ်ပြန်တော့မယ်။ ဦးရာဇာမင်းဒင်နဲ့ နှစ်ယောက်တည်းနေရမှာဆိုတော့ ဖြစ်ပါ့မလား။ အိုအလကား မောင်က တွေးနေတာ။ သူက နွယ့်ရဲ့လင်ယောက်ျားပဲ"

ဝဏ္ဏမောင် အိမ်ထဲက ထွက်သွားသည်။ မြလေးနွယ် အိမ်တံခါးပြတင်းပေါက်စသည်တို့ကို သေသေချာချာစစ်ဆေးပြီး လိုက်ပိတ်သည်။ ဆည်းဆာအရောင်က ညှိုမှောင်သန်းလာပြီ။

ဒေါက် ‥ ဒေါက် ‥ ဒေါက်

"'လာပြီ ‥ လာပြီ၊ အောက်ထ[...] တံခါးတွေ ပိတ်လိုက်ဦးမယ်"

အပေါ်ထပ်မှ အချက်ပေးခေါ်[...] ကို လှမ်းပြီး အသံပြုလိုက်သည်[...] အောက်ထပ်တွင် မီးတစ်ပွင့်ကိုသာ [...] သည်။ ထို့ကြောင့် အောက်ထပ်တစ်[...] လုံးတွင် တံခါးပေါက်တွေ ပိတ်ထာ[...] သဖြင့် အလင်းရောင်အားနည်းကာ[...] ခပ်မှောင်မှောင်မှိန်ပျပျဖြစ်နေသည်[...] မြလေးနွယ် အပေါ်ထပ်တက်လာ[...] သည်။ အရှေ့ခန်းတွင် ဦးရာဇာမင်းဒ[...] ကို မတွေ့။ ပြတင်းပေါက်များအားလုံ[...] ပိတ်ထားသဖြင့် အခန်းတစ်ခုလုံ[...] မှောင်နေသည်။

"အစ်ကိုကြီး ‥ အစ်ကိုကြီး"

အသံပေးကာ ခေါ်လိုက်သည်[...] ပြန်ပြီးထူးသံမကြားရ။ အိပ်ခန်းထဲသ[...] ဝင်ပြီးရှာသည်။ မီးအလင်းရောင်မ[...] ၍ အမှောင်ထဲတွင် စမ်းတဝါးဝါးဖြ[...] နေသည်။ မြလေးနွယ် မိမိ၏ အိပ်ခ[...] ထဲသို့ ဝင်ရှာပြန်သည်။ ဦးရာဇာမင်းဒ[...] နှင့် မြလေးနွယ်တို့ သီးသီးသန့်သ[...] ခွဲအိပ်ခဲ့သည်မှာ ကြာပြီ။ စာကြည့်ခ[...] ထဲတွင်လည်းမရှိ။ ဘုရားခန်းထဲတွ[...] လည်း မတွေ့ရ။ နေဝင်ပြီး ညအမှော[...] ရောက်လာသည်နှင့် သိင်္ဂီနဒီ၏ ခြံ[...] အိမ်ကြီးမှာ အမှောင်ထုက စိုးမိုးလာ[...] သည်။ ရာသီဥတု အနေအထား[...] တောင်ကုန်းမြင့် ရပ်ဝန်းတို့၏ ဒေ[...] အတိုင်း ချမ်းစိမ့်စိမ့်အေးလာသည်[...] အိမ်အောက်ထပ်ရှိ မီးလင်းဖိုတွင် [...] ထည့်ကာ အနွေးဓာတ်ယူဖို့ စဉ်းစား[...] အပေါ်ထပ်မှ ပြန်ဆင်းလာခဲ့သည်[...]



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ဝင်လိုက်သည်။ ထိုအခါတွင် မီးလင်းဖိုဏ်အရှေ့၌ လူတစ်ယောက် တစ်ကိုယ်လုံး အနက်ရောင်ဝတ်ကာ မျက်နှာကိုလည်း မျက်နှာဖုံးစွပ်ထားသည်။ မြလေးနွယ်လျှောက်လာသည်ကို နောက်လှည့်ကြည့်လိုက်ပြီး . . . ။

+++

"တောက်"

တောက်ခေါက်သံက ကျယ်လွန်းလှသည်။ အခန်းထဲရှိလူတွေ တစ်ဦးတစ်ယောက်မှ စကားသံတစ်လုံးမှ ထွက်မလာ။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပါးစပ်တွေကို ပိတ်ထားကြသည်။ မျက်နှာပေါ်တွင် စိုးရိမ်သော အသွင်သဏ္ဌာန်တွေနှင့် ရှိနေသည်။

"သူ ဘယ်ကိုသွားမယ်ဆိုတာကို ရိုးတိုးရိပ်တိတ်တောင် ပြောမသွားဘူးလား။ ကဲ . . ပြောကြပါဦး။ ဝဏ္ဏ မင်းကို ဘာပြောသွားလဲ"

"ဟင့်အင်း . . ကျွန်တော့်ကို ဘာမှမပြောဘူး။ မနေ့က ကျွန်တော် ဦးလူဝတို့ ဒေါ်သင်းထုံတို့ကို ပို့ပြီး ပြန်လာတယ်။ သူ့ဒွေးကတော်ကို အကျိုးအကြောင်းပြောပြီး ကျွန်တော့်အခန်း ကျွန်တော်ပြန်လာခဲ့တာပါ"

"ကျွန်မနဲ့ ဦးလူဝလည်း အခုမှပြန်ရောက်ပြီး ဆရာကြီးခေါ်လို့ ပြောပြမှ သိကြရတာပါ"

"အင်း . . ကျုပ်မှာ ဒုက္ခတဆိုတော့ ဘယ်လိုမှ စိတ်သွားတိုင်းကိုယ်မပါနိုင်ဘူး။ ညကလည်း သူ့အခန်းတံခါးကိုသွားခေါက်တော့ အိပ်နေပြီလားမသိဘူး။ အသံမကြားရဘူး။ ဒီမနက်မိုးလင်းလို့ မျက်နှာသစ်ပြီး အပေါ့အပါးသွားချင်လို့ အချက်ပေးခေါ်တာ တက်မလာဘူး။ တစ်ခြံလုံးရှာကြစမ်း"

အမိန့်အတိုင်း သုံးယောက်စလုံး အိမ်ထဲမှ ထွက်သွားကြသည်။ ဦးရာဇာမင်းဒင်၏ မျက်နှာမှာ ပြေမလွယ်သော ဒေါသအရှိန်ကြောင့် နီမြန်းနေသည်။ တစ်နာရီခန့်အကြာတွင် သုံးယောက်စလုံးပြန်ရောက်လာကြသည်။

"ဂိုထောင်ထဲရော ခြံထဲကနေရာ မှန်သမျှ ရှာတာနှံ့နေပြီ။ ဘယ်မှာမှ မတွေ့ဘူး။ ကျွန်တော်တို့ ကားဂိတ်နဲ့ ဘူတာရုံမှာ သွားစုံစမ်းရမလား"

"ဒီသတင်းကို အပြင်မပေါက်ကြားစေချင်ဘူး။ နောက်လင်နောက်လိုက်ပြေးသလားဆိုပြီး ပြောနေကြမယ်။ ငါ့သိက္ခာတော့ အကျမခံနိုင်ဘူး"

အားလုံး စကားဆက်မပြောဘဲ နှုတ်ဆိတ်နေကြသည်။

ခြံထဲရှိ သရက်ပင်ကြီးတစ်ပင် အောက်တွင် ဝဏ္ဏမောင် ထိုင်လိုက်သည်။ သရက်ပင်ခြေတွင် သစ်သားတန်းခုံများကို ပတ်လည်ရိုက်ထားသည်။ ခြေနှစ်ဖက်ကို တင်ထိုင်ပြီး စဉ်းစားကာ ငေးကြည့်သည်။ မနေ့က ညနေစောင်းအထိ သူ မြလေးနွယ်ကို တွေ့ခဲ့ စကားပြောခဲ့ရသေးသည်။ ယနေ့မနက်ရောက်သည်တွင် မြလေးနွယ်တစ်ယောက် အိမ်တွင်မရှိတော့ပေ။ သည်မြို့ သည်နယ်မြေတွင် မြလေးနွယ်နှင့် ရန်းငြိုးခင်မင်သောသူမရှိ။ ပြောသံလည်းမကြားရ၊ စကားတောင်မှ မစပ်မိ။ မြလေးနွယ်တစ်ယောက် ဘာကြောင့်များ မပြောမဆို





www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ် ခြေရာပျောက်၍ သွားရပါသနည်း။ တွေးလေတွေးလေတဖြည်းဖြည်း ဝေးဝေးသွားသည်။

''ဒေါ်ကြီးသင်းထုံ မီးသင်းဖို မီးထည့်ဦးမလား''

အိမ်ထဲပြန်ဝင်လာကာ ဒေါ်သင်းထုံအား မေးလိုက်သည်။

''အေး ..ထည့်မယ်။ နည်းနည်းအေးလာပြီ။ ဒါမှ အပေါ်ထပ်ကိုလည်း အပူငွေ့ရမှာ''

ဝဏ္ဏမောင် မီးဖိုနားသို့ လျှောက်လာသည်။ မီးကျွင်းမီးစလေးတွေ ကျန်သေးသည်။ ထင်းတုံးများ တစ်ခုနှစ်ခု ထည့်ရန် ထင်းပုံထားသည့် နေရာမှ ယူလိုက်သည်။

''ဟင် ..နှင်းဆီပန်းပွင့် ညှပ်ကလစ်လေး''

ထင်းပုံနားတွင် ဆံပင်ညှပ်ကလစ်ပန်းနုရောင်တစ်ခုအား ပွင့်ဟလျက် တွေ့ရသည်။ ထိုဆံညှပ်ကလေးကိုကောက်ယူပြီး ဝဏ္ဏမောင်စဉ်းစားလိုက်သည်။ မြလေးနွယ်ကို သူ အမှတ်တရပေးထားသည့် ဆံညှပ်ကလစ်လေး။ ဦးရာဇာမင်းဒင်နှင့် အိမ်ထောင်မကျခင်ကတည်းက ချစ်သူတို့ဘဝတွင် ပေးခဲ့သော ချစ်လက်ဆောင်မွန်ဖြစ်သည်။

''နွယ့်အတွက် ထာဝရအမှတ်တရပါ။ အမြဲတမ်း နွယ့်ခေါင်းမှာ တပ်ထားပါ့မယ်''

ပြောသည့်အတိုင်းပင် မြလေးနွယ်၏ ခေါင်းတွင် သူနှင့်ပြန်ဆုံစဉ်က ညှပ်ထားသည်ကို တွေ့ရသည်။ ယခု ထိုဆံညှပ်ကလစ်လေးမှာ အဘယ်ကြောင့် ထင်းပုံနေရာတွင် ရောက်ရှိနေပါသနည်းဟု တွေးမိသည်။

သူ့အခန်းရှိရာသို့ ပြန်လာပြီး တွေးရင်းတွေးရင်း စဉ်းစားနေသည်။

''မောင်ဝဏ္ဏရေ ..ခဏလာပါဦးကွယ်''

အိမ်ကြီးဆီမှ ဒေါ်သင်းထုံလှမ်းခေါ်သံကို ကြားရသည်။ ဝဏ္ဏမောင် အိမ်ကြီးဘက်ဆီသို့ လျှောက်လာသည်။ အိမ်ဝတွင် ဒေါ်သင်းထုံက ရပ်လျက်။

''လာကူပါဦး မောင်ရယ် ..။ ဦးရာဇာက အိမ်ပေါ်ကနေ အောက်ထပ်အခန်းမှာ ဆင်းနေမယ်တဲ့။ မြလေးနွယ်မရှိလို့ အပေါ်ထပ်မှာနေရတာ။ မနေချင်ဘူးဆိုတာနဲ့ အဒေါ်လည်း သူ့အတွက် အခန်းရှင်းပြီးပြီ။ အဲဒါ ကိုလူဝနဲ့ မင်းနဲ့ သူ့ကိုချီပိုးပြီး အောက်ချပေးဖို့ပါ''

''ဩော် ..ရပါတယ်၊ ကျွန်တော်လုပ်ပါ့မယ်''

ဦးရာဇာမင်းဒင်အား ဝဏ္ဏမောင် တစ်ယောက် ပခုံးပေါ်တွင် ထမ်းပိုးကာ အောက်ထပ်အခန်းထဲသို့ သယ်လာခဲ့သည်။ ဘီးတပ်ကုလားထိုင်အား ဦးလူဝက ယူချလာသည်။

''မောင်ဝဏ္ဏရေ ..ဟောဒီမှာ ဆရာကြီးရဲ့ ခြေအိတ်တစ်ဖက် ကျကျန်ရစ်နေတယ်။ လာယူပါဦး''

ဒေါ်သင်းထုံထံမှ ခြေအိတ်တစ်ဖက်ကို သွားယူသည်။ ခြေအိတ်မှာ နီညိုရောင်။ ညာဘက်ခြေအိတ်ဖြစ်သည်။ ခြေအိတ်ကို လက်နှင့် ကိုင်လာရင်းက တစ်စုံတစ်ခုကို စမ်းမိသွားသည်။ ပိုပြီးသေချာအောင် ခြေအိတ်ကို ကြည့်လိုက်သည်။ တွေ့ရပါပြီ။ ဝဏ္ဏမောင် အနည်းငယ်တော့ စဉ်းစားခန်းဝင်သွားသည်။ အခန်းထဲရောက်သည်နှင့် ဘီးတပ်ကုလားထိုင်ပေါ်တွင်ထိုင်နေသော ဦးရာဇာမင်းဒင်အား ကျန်သည့် ညာဘက်ခြေထောက်အား ယူလာသောခြေအိတ်ကို စွပ်ပေးလိုက်သည်။ ခြေထောက်နှစ်ဖက်စလုံးအား သေသေချာချာပွတ်သပ်နှိပ်နယ်ပေးလိုက်ပြီး အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။ စဉ်းစားစရာ၊ တွေးစရာတွေ ဝဏ္ဏအောင်၏ ခေါင်းထဲတွင် များစွာပါလာသည်။ မြလေးနွယ်တစ်ယောက်ကလည်း မပြောမဆို မည်သည့်နေရာကို သွားနေသည်မသိ။ ဦးရာဇာမင်းဒင်အတွက် ကရုဏာသက်စရာဖြစ်နေသည်။

မြလေးနွယ်အိမ်ကထွက်သွားသည်မှာ တစ်ပတ်ပင်ပြည့်တော့မည်။ သတင်းအစ၊ အဆက်အသွယ် တစ်စွန်းတစ်စမှ မကြားရ။

''ဟော ..ဒေါ်သင်းထုံ ဘာလုပ်နေတာလဲ''

''ဒီအခန်းထဲမှာ ကြွက်သေနေလားမသိဘူး။ ကြွက်ပုပ်စော်နံ့ရသလိုဘဲ။ အဲဒါကို လိုက်ရှာနေတာ''

ဒေါ်သင်းထုံက လက်ထဲတွင် စပရေးဘူးကို ကိုင်ပြီး အခန်းတွင်းရှိ နေရာ၊ ချောင် စသည်တို့ကို အနံ့ခံရင်း ဝဏ္ဏမောင်ကို ပြောလိုက်သည်။

''မင်း ဘယ်ကပြန်လာတာလဲ ဝဏ္ဏ''

''ကျွန်တော် မြို့ထဲမှာသူငယ်ချင်းတစ်ယောက်ကို သွားတွေ့တာ၊ အရင်



www.burmeseclassic.com

www.burmeseclassic.com



က သူနဲ့ကျွန်တော်က အထက်တန်းကျောင်းအထိ ကျောင်းအတူတူတက်ခဲ့တာ။ သူက ဝန်ထမ်းဝင်လုပ်ပြီး အခု သိဂီနဒီမြို့လေးကို တာဝန်နဲ့ပြောင်းလာတာ။ ကဲ ‥ ကျွန်တော်လည်း လိုက်ရှာပေးမယ်''

စတိုခန်းမှ ပစ္စည်းတွေကို ဖယ်ကွင်းပြီးရှာသည်။ ဦးရာဇာမင်းဒင်လာတော့ သူ အခန်းထဲတွင်ရှိသည်။ သူ အလိုရှိမှ ဝင်ကြရသည်။

''တစ်အိမ်လုံးလည်း နံ့နေပြီ။ ဒီထင်းပုံကို ဖယ်ကြည့်ရအောင်''

ပြောပြောဆိုဆို ဖရိုဖရဲဖြစ်နေသော ထင်းချောင်းတွေစုပုံထားသည့်နေရာကို ဖယ်ကာရှွေ့လိုက်သည်။

''ဒေါ်သင်းထုံ ...ဒါကဘာလဲ''

သံလက်ကိုင်ကွင်းတပ်ထားသော အံဖုံးသံတံခါးတစ်ခုကို သော့ခတ်လျက်တွေ့ရသည်။ အံဖုံးမှာ သံချေးအထပ်ထပ်တွေရှိနေသော်လည်း သော့မှာ အနည်းငယ်သစ်နေသေးသည်။

''အေးဟဲ့ ‥ အဖုံးတစ်ခုဘဲ၊ ငါလည်း မသိဘူး''

''အပုပ်နံ့က အဲဒီအောက်ကအနံ့ပိုထွက်တယ်''

''အောက်ထပ်မှာ ကြွက်တွေများသေနေသလား''

''ဒါဆို ဒေါ်သင်းထုံ ဆရာကြီးဆီမှာသော့ရှိလိမ့်မယ်။ သော့တောင်းပြီး ဖွင့်ကြည့်တာပေါ့''

ဒေါ်သင်းထုံ အခန်းထဲဝင်သွားသည်။ မကြာခင်ပြန်ထွက်လာသည်။

''သူ့မှာ သော့မရှိဘူးတဲ့''

''အဲဒီလိုဆိုလည်း သံတူရွင်းနဲ့ ရိုက်ဖွင့်ကြတာပေါ့''

ခြံထဲရှိ သံတူရွင်းတစ်ခုကိုယူကာ ဦးလှဝနှင့်အတူ အံဖုံးတံခါးအား ရိုက်ကာဖွင့်နေသည်။



''ဟော့ ‥ ဟော့ မဖွင့်နဲ့ ‥ မဖွင့်နဲ့''

ဘီးတပ်ကုလားထိုင်ကို အမြန်တွန်းကာ ဒေါသတကြီး အော်ပြောကာ ဦးရာဇာမင်းဒင် အခန်းထဲမှ ထွက်လာသည်။ စိတ်ဇောများသဖြင့် ကုလားထိုင်မှာ လဲကျသွားသည်။ ဦးရာဇာမင်းဒင်မှာ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ အံဖုံးတံခါးနားသို့ အပြေးအလွှား ရောက်လာသည်။

''ဖွင့်ခွင့်ပေးလိုက်ပါ ဦးရာဇာမင်းဒင်၊ ဝဏ္ဏမောင်က ဒီထင်းပုံနားက မြလေးနွယ်ရဲ့ ဆံညှပ်ကလစ်တွေ့ရပုံ၊ ခင်ဗျားရဲ့ ခြေအိတ်မှာ ပြာမှုန်တွေနဲ့ ဆင်းမီးသွေးတွေက ခြေအိတ်မှာ ကပ်နေတာပေါ့။ နောက်ပြီး ဇနီးတစ်ယောက်သုံး ပျောက်နေတာတောင် ဆိုင်ရာကို သတင်းပို့အကြောင်းမကြားဘဲ နေတာတွေကို မသင်္ကာတာနဲ့ ကျွန်တော်တို့ ရဲစခန်းကို တိုင်ကြားပြီး အကူအညီတောင်းခဲ့တာပါ။ အံဖုံးတံခါးကို ဖွင့်ခွင့်ပြုပါ။ ရှာဖွေပုံစံနဲ့ ဝရမ်းလည်း ကျွန်တော်တို့မှာ ပါပါတယ်။ ဒီ မြေအောက်ထဲက အပုပ်နံ့ဟာ သာမန်ကြွက်သေနံ့ဆိုရင် တစ်မျိုးပေါ့။ အကယ်၍ မြလေးနွယ်ရဲ့ ခန္ဓာကိုယ်မှ ထွက်လာတဲ့ အပုပ်နံ့ဆိုရင်တော့ အောက်ပိုင်းသေသလို ဟန်ဆောင်ထားတဲ့ ဦးရာဇာမင်းဒင်အတွက် အခြေအနေ တစ်မျိုးပြောင်းသွားရတော့မယ်''

တာဝန်ရှိ ဒုရဲအုပ်ကျော်ကျော်ထွန်း၏ စကားအဆုံးတွင် အဖြေပြန်ပေးရန် စကားတစ်လုံးမှ ပြောမထွက်တော့ဘဲ ဦးရာဇာမင်းဒင် ခေါင်းကို သာငုံ့လျက် ...။

မြကျိုင်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com